[illegible]

ဦးမြင့်ဆွေ

မဟာဝိဇ္ဇာ (ပါဠိ)

"ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏" [မဃဒေဝ]

ပုံနှိပ်ခြင်း

ပထမအကြိမ်။ ။၁၉၇၇ ခု၊ မေလ

အုပ်ရေ

၂၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံ

ပန်းချီ စံတိုး

ဘလောက်

ဘသစ်နှင့်သားများ

အဖုံးရိုက်

ချင်းတွင်း

ဦးချစ်အောင် [၀၂၀၇-နှင့် ၀၁၅၂၂]၊ လုပ်အားပုံနှိပ်တိုက်နှင့် နှလုံးလှ စာပေတိုက်၊ အမှတ်၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်က ရိုက်နှိပ်ထုတ်ဝေသည်။

၉၉၆၂

နှလုံးလှ ဘာသာရေးစာစဉ်

# ဓမ္မပဒ

ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ လန်ဒန်)

[ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၉၀၄၀ အရ ထုတ်ဝေသည်]

နှလုံးလှစာပေဖြန့်ချိရေး၊ အမှတ် ၅၊ လမ်း ၁၀၀၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း-၁၂၉၇၁

# မာတိကာ


နိဒါန်း

[၁] ယမကဝဂ်

၁။ စက္ခုပါလမထေရ် ၃၃
၂။ မဋ္ဌကုဏ္ဍလီ နတ်သား ၃၄
၃။ တိဿမထေရ် ၃၆
၄။ ကာဠီဘီလူးမ ၃၇
၅။ ကောသမ္ဗီရဟန်းများ ၃၉
၆။ မဟာကာလ မထေရ် ၄၁
၇။ ဒေဝဒတ်ရဟန်း ၄၃
၈။ သာရိပုတ္တရာမထေရ် ၄၄
၉။ နန္ဒမထေရ် ၄၆
၁၀။ စုန္ဒ ဝက်သတ်သမား ၄၉
၁၁။ ဓမ္မိက ဥပါသကာ ၅၀
၁၂။ ဒေဝဒတ် မြေမျိုခြင်း ၅၂
၁၃။ သုမနဒေဝီ သူဌေးသမီး ၅၆
၁၄။ မိတ်ဆွေရဟန်းနှစ်ပါး ၅၇

[၂] အပ္ပမာဒဝဂ်

၁၅။ သာမာဝတီ မိဖုရား ၅၉
၁၆။ ကုမ္ဘဃောသကသူဌေး ၆၃
၁၇။ စူဠပန်မထေရ် ၆၅
၁၈။ ဗာလနက္ခတ်ပွဲ ၆၇

၁၉။ မဟာကဿပ မထေရ် ၆၀
၂၀။ မိတ်ဆွေရဟန်းနှစ်ပါး ၆၉
၂၁။ မာဃသိကြွားမင်း ၇၀
၂၂။ ရဟန်းတပါး ၇၁
၂၃။ တိဿမထေရ် (နိဂုံးနေ) ၇၂

## [၃] စိတ္တဝဂ်

၂၄။ မေဃိယ မထေရ် ၇၄
၂၅။ ရဟန်းတပါး ၇၅
၂၆။ သူဌေးသား ရဟန်း ၇၇
၂၇။ သံဃရက္ခိတ ရဟန်းငယ် ၇၈
၂၈။ စိတ္တဟတ္ထမထေရ် ၇၉
၂၉။ ရဟန်းငါးရာ ၈၁
၃၀။ တိဿမထေရ် (ကိုယ်ပုပ်သူ) ၈၂
၃၁။ နန္ဒနွားကျောင်းသား ၈၃
၃၂။ သောရေယျ သူဌေးသား ၈၄

## [၄] ပုပ္ဖဝဂ်

၃၃။ ရဟန်းငါးရာ ၈၇
၃၄။ ရဟန်းတပါး (တံလျှပ်ရှုသူ) ၈၈
၃၅။ ဝိဋ္ဋူဍဘမင်း ၈၉
၃၆။ ပတိပူဇိကာ ဒါယိကာမ ၉၃
၃၇။ မစ္ဆရိယ ကောသိယ သူဌေး ၉၄
၃၈။ ပါဝေယျ တက္ကတွန်း ၉၆
၃၉။ ဆတ္တပါဏိ ဥပါသကာ ၉၈
၄၀။ ဝိသာခါ ကျောင်းအမ ၉၉
၄၁။ အာနန္ဒာ၏ နံ့သာအမေး ၁၀၄
၄၂။ မဟာကဿပ မထေရ် ၁၀၅
၄၃။ ဂေါဓိက မထေရ် ၁၀၇
၄၄။ ဂရဟဒိန္နသူကြွယ် ၁၀၈

## မာတိကာ

## [၅] ဗာလဝဂ်


၄၅။ ယောကျ်ားတဦး ၁၁၂
၄၆။ မဟာကဿပမထေရ်၏ တပည့် ၁၁၄
၄၇။ အာနန္ဒာသူဌေး ၁၁၅
၄၈။ ခါးပိုက်နှိုက် နှစ်ဦး ၁၁၆
၄၉။ ဥဒါယီမထေရ် ၁၁၇
၅၀။ ပါဝေယျက ရဟန်းသုံးကျိပ် ၁၁၈
၅၁။ သုပ္ပဗုဒ္ဓ လူနူ ၁၁၉
၅၂။ လယ်သမားတဦး ၁၂၀
၅၃။ သုမနပန်းသည် ၁၂၁
၅၄။ ဥပ္ပလဝဏ် ထေရီမ ၁၂၃
၅၅။ ဇမ္ဗုက မထေရ် ၁၂၄
၅၆။ မြွေပြိတ္တာ (အဟိပေတ) ၁၂၇
၅၇။ သဋ္ဌိကူဋ ပြိတ္တာ ၁၂၈
၅၈။ စိတ္တသူကြွယ် ၁၂၉
၅၉။ တိဿ သာမဏေ (တောနေ) ၁၃၁


## [၆] ပဏ္ဍိတဝဂ်


၆၀။ ရာဓမထေရ် ၁၃၅
၆၁။ အဿဇိ ပုနဗ္ဗသုက ရဟန်းများ ၁၃၆
၆၂။ ဆန္နမထေရ် ၁၃၇
၆၃။ မဟာကပ္ပိန မထေရ် ၁၃၈
၆၄။ ပဏ္ဍိတ သာမဏေ ၁၄၀
၆၅။ ဘဒ္ဒိယ မထေရ် (ပုက္ကုသူ) ၁၄၂
၆၆။ ကာဏမာတာ ဥပါသိကာမ ၁၄၂
၆၇။ ရဟန်းငါးရာ ၁၄၄
၆၈။ ဓမ္မိက မထေရ် ၁၄၅
၆၉။ တရားနာသူများ ၁၄၆
၇၀။ ရဟန်းငါးရာ (အာဂန္တုက) ၁၄၇

## [၇] အရဟန္တဝဂ်


၇၁။ ဇီဝကဆေးသမား၏ အမေး ၁၄၈
၇၂။ မဟာကဿပမထေရ် ၁၅၉
၇၃။ ဗေလဋ္ဌသီသ မထေရ် ၁၅၀
၇၄။ အနုရုဒ္ဓါမထေရ် ၁၅၀
၇၅။ မဟာကစ္စည်း မထေရ် ၁၅၂
၇၆။ သာရိပုတ္တရာ မထေရ် ၁၅၃
၇၇။ တိဿမထေရ်၏ သာမဏေ ၁၅၄
၇၈။ သာရိပုတ္တရာမထေရ် ၁၅၅
၇၉။ ရေဝတသာမဏေ (ရှားတောနေ) ၁၅၆
၈၀။ မိန်းမတဦး ၁၅၈


## [၈] သဟဿဝဂ်


၈၁။ တမ္ဗဒါဌိက ခိုးသူသတ်သမား ၁၅၉
၈၂။ ဗာဟိယ ဒါရုစိရိယ ၁၆၀
၈၃။ ကုဏ္ဍလကေသီ ထေရီမ ၁၆၃
၈၄။ အနတ္ထပုစ္ဆက ပုဏ္ဏား ၁၆၅
၈၅။ သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏား ၁၆၆
၈၆။ သာရိပုတ္တရာ၏တူ ပုဏ္ဏား ၁၆၇
၈၇။ သာရိပုတ္တရာ၏မိတ်ဆွေ ပုဏ္ဏား ၁၆၇
၈၈။ အာယုဝဍ္ဎန သတို့သား ၁၆၈
၈၉။ သံကိစ္စ သာမဏေ ၁၇၀
၉၀။ ခါဏုကောဏ္ဍညမထေရ် ၁၇၂
၉၁။ သပ္ပဒါသ မထေရ် ၁၇၃
၉၂။ ပဋာစာရီ ထေရီမ ၁၇၄
၉၃။ ကိသာဂေါတမီ ထေရီမ ၁၇၇
၉၄။ ဗဟုပုတ္တိကာ ထေရီမ ၁၇၉

# မာတိကာ

## [၉] ပါပဝဂ်


| | | |
|---|---|---|
| ၉၅။ | ကောသာဋ္ဌကပုဏ္ဏား | ၁၈၀ |
| ၉၆။ | သေယျသက မထေရ် | ၁၈၂ |
| ၉၇။ | လာဇာနတ်သမီး | ၁၈၂ |
| ၉၈။ | အနာထပိဏ်သူဌေးကြီး | ၁၈၃ |
| ၉၉။ | ရဟန်းတပါး (ပရိက္ခရာ မသိမ်းသူ) | ၁၈၅ |
| ၁၀၀။ | ဗိဠာလ ပဒက သူဌေး | ၁၈၅ |
| ၁၀၁။ | မဟာဓန ကုန်သည်ကြီး | ၁၈၇ |
| ၁၀၂။ | ကုက္ကုဋမိတ္တ မုဆိုး | ၁၈၈ |
| ၁၀၃။ | ကောက ခွေးမုဆိုး | ၁၉၀ |
| ၁၀၄။ | တိဿမထေရ် (ကျောက်သွေးသမား၏ဆရာ) | ၁၉၁ |
| ၁၀၅။ | ပုဂ္ဂိုလ်သုံးမျိုး | ၁၉၃ |
| ၁၀၆။ | သုပ္ပဗုဒ္ဓမင်းကြီး | ၁၉၅ |


## [၁၀] ဒဏ္ဍဝဂ်


| | | |
|---|---|---|
| ၁၀၇။ | ဆဗ္ဗဂ္ဂီ ရဟန်းများ | ၁၉၇ |
| ၁၀၈။ | ဆဗ္ဗဂ္ဂီ ရဟန်းများ | ၁၉၈ |
| ၁၀၉။ | သူငယ်များ | ၁၉၈ |
| ၁၁၀။ | ကောဏ္ဍဓာန မထေရ် | ၁၉၉ |
| ၁၁၁။ | ဥပုသ်သည်များ | ၂၀၁ |
| ၁၁၂။ | စပါးကြီးမြွေ ပြိတ္တာ | ၂၀၂ |
| ၁၁၃။ | မောဂ္ဂလ္လာန် မထေရ် | ၂၀၃ |
| ၁၁၄။ | ဗဟုဘဏ္ဍိက ရဟန်း | ၂၀၅ |
| ၁၁၅။ | သန္တတိ အမတ်ကြီး | ၂၀၆ |
| ၁၁၆။ | ပိလောတိက တိဿမထေရ် | ၂၀၈ |
| ၁၁၇။ | သုခ သာမဏေ | ၂၀၉ |

## [၁၁] ဇရာဝဂ်

၁၁၈။ ဝိသာခါ၏ အဖော်မိန်းမများ ၂၁၁
၁၁၉။ သိရိမာ ပြည့်တန်ဆာမ ၂၁၂
၁၂၀။ ဥတ္တရာ ထေရီမ ၂၁၄
၁၂၁။ အဓိမာနိက ရဟန်းများ ၂၁၅
၁၂၂။ ရူပနန္ဒာ ထေရီမ (ဇနပဒ ကလျာဏီ) ၂၁၆
၁၂၃။ မလ္လိကာ မိဖုရား ၂၁၈
၁၂၄။ လာဠုဒါယီ မထေရ် ၂၂၀
၁၂၅။ ဘုရားရှင်၏ ဥဒါန်း ၂၂၁
၁၂၆။ မဟာဓန သူဌေးသား ၂၂၁

## [၁၂] အတ္တဝဂ်

၁၂၇။ ဗောဓိမင်းသား ၂၂၃
၁၂၈။ ဥပနန္ဒာ မထေရ် ၂၂၄
၁၂၉။ ပဓာနိက တိဿမထေရ် ၂၂၆
၁၃၀။ ကုမာရ ကဿပ၏ မိခင် ၂၂၇
၁၃၁။ မဟာကာလ ဥပါသကာ ၂၂၈
၁၃၂။ ဒေဝဒတ် ရဟန်း ၂၂၉
၁၃၃။ ဒေဝဒတ် သံဃာ သင်းခွဲခြင်း ၂၃၀
၁၃၄။ ကာလ မထေရ် ၂၃၁
၁၃၅။ စူဠကာလ ဥပါသကာ ၂၃၂
၁၃၆။ အတ္တဒတ္ထ မထေရ် ၂၃၂

## [၁၃] လောကဝဂ်

၁၃၇။ ရဟန်းငယ်တပါး ၂၃၄
၁၃၈။ သုဒ္ဓေါဒနမင်းကြီး ၂၃၅
၁၃၉။ ရဟန်းငါးရာ (ဝိပဿနာပွားသူ) ၂၃၆

မာတိကာ


၁၄၀။ အဘယ မင်းသား ၂၃၇
၁၄၁။ သမ္မဇ္ဇန မထေရ် ၂၃၈
၁၄၂။ အင်္ဂုလိမာလ မထေရ် ၂၃၉
၁၄၃။ ရက္ကန်းသည် မကလေး ၂၃၉
၁၄၄။ ရဟန်း သုံးကျိပ် ၂၄၁
၁၄၅။ စိဥ္စမာဏ ၂၄၁
၁၄၆။ အသဒိသဒါန အလှူကြီး ၂၄၃
၁၄၇။ ကာလ သတို့သား ၂၄၅


## [၁၄] ဗုဒ္ဓဝဂ်


၁၄၈။ မာဂန်ဒီ၏ သမီးသုံးဦး ၂၄၈
၁၄၉။ နတ်ပြည်မှ ဆင်းတော်မူခြင်း ၂၄၉
၁၅၀။ ဧရကပတ္တ နဂါးမင်း ၂၅၁
၁၅၁။ အာနန္ဒာ၏ ဥပုသ်အမေး ၂၅၃
၁၅၂။ ရဟန်းငယ်တပါး (ငြီးငွေ့သူ) ၂၅၄
၁၅၃။ အဂ္ဂိဒတ္တ ပုဏ္ဏား ၂၅၅
၁၅၄။ အာနန္ဒာ၏ အာဇာနည် အမေး ၂၅၆
၁၅၅။ ရဟန်းများ ၂၅၇
၁၅၆။ ကဿပ ဘုရား၏ ရွှေစေတီ ၂၅၈


## [၁၅] သုခဝဂ်


၁၅၇။ ဆွေမျိုးတို့၏ ခိုက်ရန်ငြိမ်းခြင်း ၂၅၉
၁၅၈။ မာဂန်ဒီ ၂၆၀
၁၅၉။ ကောသလမင်း စစ်ရှုံးခြင်း ၂၆၁
၁၆၀။ သတို့ သမီးငယ်တဦး ၂၆၂
၁၆၁။ နွားကျောင်းသားတဦး ၂၆၃
၁၆၂။ ကောသလမင်းကြီး ၂၆၄
၁၆၃။ တိဿမထေရ် ၂၆၄
၁၆၄။ သိကြားမင်း ဘုရားရှင်အား လုပ်ကျွေးခြင်း ၂၆၅

## [၁၆] ပိယဝဂ်


၁၆၅။ မိ, ဘ, သား ရဟန်းသုံးပါး ၂၆၇
၁၆၆။ သူကြွယ်တဦး ၂၆၈
၁၆၇။ ဝိသာခါ ကျောင်းအမ ၂၆၉
၁၆၈။ လိစ္ဆဝီမင်းသားများ ၂၆၉
၁၆၉။ အနိတ္ထိဂန္ဓ သတို့သား ၂၇၀
၁၇၀။ ပုဏ္ဏားတဦး ၂၇၁
၁၇၁။ သူငယ်ငါးရာ ၂၇၂
၁၇၂။ အနာဂါမ် မထေရ် ၂၇၃
၁၇၃။ နန္ဒိယ ဥပါသကာ ၂၇၃


## [၁၇] ကောဓဝဂ်


၁၇၄။ ရောဟိနီ မင်းသမီး ၂၇၅
၁၇၅။ ရဟန်းတပါး ၂၇၆
၁၇၆။ ဥတ္တရာ ဥပါသိကာမ ၂၇၇
၁၇၇။ မောဂ္ဂလ္လာန် မထေရ် ၂၇၉
၁၇၈။ ဘုရားရှင်၏ ဖခင်ပုဏ္ဏား ၂၈၀
၁၇၉။ ပုဏ္ဏာ ကျွန်မ ၂၈၁
၁၈၀။ အတုလ ဥပါသကာ ၂၈၂
၁၈၁။ ဆဗ္ဗဂ္ဂီရဟန်းများ ၂၈၄


## [၁၈] မလဝဂ်


၁၈၂။ နွားသတ်သမား၏ သား ၂၈၅
၁၈၃။ ပုဏ္ဏားတဦး (စရပ်ဆောက်သူ) ၂၈၇
၁၈၄။ တိဿမထေရ် ၂၈၈
၁၈၅။ လာဠုဒါယီ မထေရ် ၂၈၉
၁၈၆။ အမျိုးသား တဦး ၂၉၈

## မာတိကာ


၁၈၇။ စူဠသာရိ ရဟန်း ၂၉၀
၁၈၈။ ဥပါသကာ ငါးရာ ၂၉၁
၁၈၉။ တိဿရဟန်းငယ် ၂၉၂
၁၉၀။ ဥပါသကာ ငါးဦး ၂၉၃
၁၉၁။ မေဏ္ဍက သူဌေးကြီး ၂၉၄
၁၉၂။ ဥဇ္ဈာနသညီ မထေရ် ၂၉၆
၁၉၃။ သုဘဒ္ဒ ပရိဗိုဇ် ၂၉၆


### [၁၉] ဓမ္မဋ္ဌဝဂ်


၁၉၄။ တရားသူကြီးအမတ် ၂၉၈
၁၉၅။ ဆဗ္ဗဂ္ဂီ ရဟန်းများ ၂၉၉
၁၉၆။ ဧကုဒါန ရဟန္တာ ၂၉၉
၁၉၇။ ဘဒ္ဒိယ မထေရ် (ပုက္ကုသူ) ၃၀၀
၁၉၈။ ရဟန်းများ ၃၀၁
၁၉၉။ ဟတ္ထက ရဟန်း ၃၀၂
၂၀၀။ ပုဏ္ဏားတဦး ၃၀၃
၂၀၁။ တိတ္ထိများ ၃၀၄
၂၀၂။ အရိယာ တံငါသည် ၃၀၅
၂၀၃။ ရဟန်းများ (သီလ စသည် ရှိသူ) ၃၀၅


### [၂၀] မဂ္ဂဝဂ်


၂၀၄။ ရဟန်းငါးရာ ၃၀၆
၂၀၅။ အနိစ္စလက္ခဏာ ၃၀၈
၂၀၆။ ဒုက္ခလက္ခဏာ ၃၀၉
၂၀၇။ အနတ္တလက္ခဏာ ၃၀၉
၂၀၈။ တိဿရဟန်း (အပျင်းထူသူ) ၃၁၀
၂၀၉။ ဝက်ပြိတ္တာ ၃၁၁
၂၁၀။ ပေါဋ္ဌိက ရဟန်း ၃၁၂
၂၁၁။ ရဟန်းအိုကြီး ငါးပါး ၃၁၃

၂၁၂။ ရွှေပန်းထိမ်သည် ရဟန်း ၃၁၄
၂၁၃။ မဟာဓနေ ကုန်သည်ကြီး ၃၁၅
၂၁၄။ ကိသာဂေါတမီ ထေရီမ ၃၁၆
၂၁၅။ ပဋာစာရီ ထေရီမ ၃၁၇

## [၂၀] ပကိဏ္ဏကဝဂ်

၂၁၆။ ဘုရားရှင်၏ ရှေးကံ ၃၁၈
၂၁၇။ မိန်းမနှင့်ကြက်မ ရန်ငြိုး ၃၂၀
၂၁၈။ ဘဒ္ဒိယ ရဟန်းများ ၃၂၂
၂၁၉။ ဘဒ္ဒိယမထေရ် (ပုက္ကုသ) ၃၂၃
၂၂၀။ ထင်းလှည်းသမား၏ သားငယ် ၃၂၃
၂၂၁။ ဝဇ္ဇီတိုင်းသားရဟန်း ၃၂၅
၂၂၂။ စိတ္တသူကြွယ် ၃၂၆
၂၂၃။ စူဠသုဘဒ္ဒါ ၃၂၇
၂၂၄။ ဧကဝိဟာရီ မထေရ် ၃၂၈

## [၂၂] နိရယဝဂ်

၂၂၅။ သုန္ဒရီပရိဗိုဇ်မ ၃၂၉
၂၂၆။ ဒုစရိုက်ကျိုးခံရသူများ ၃၃၀
၂၂၇။ ဝဂ္ဂုမုဒါမြစ်ကမ်းနေရဟန်းများ ၃၃၁
၂၂၈။ ခေမက သူဌေးသား ၃၃၂
၂၂၉။ ဒုဗ္ဗစရဟန်း (အပြောရခက်သူ) ၃၃၃
၂၃၀။ မနာလိုသူ မိန်းမတဦး ၃၃၃
၂၃၁။ ရဟန်းများ ၃၃၄
၂၃၂။ နိဂဏ္ဌ တက္ကတွန်းများ ၃၃၅
၂၃၃။ တိတ္ထိတပည့်များ ၃၃၆

## မာတိကာ

### [၂၃] နာဂဝဂ်

၂၃၄။ ဘုရားရှင် အဓိကရုဏ်းငြိမ်းခြင်း ၃၃၇
၂၃၅။ ဆင်ဆရာရဟန်း ၃၃၈
၂၃၆။ ပုဏ္ဏားအိုကြီး ၃၃၉
၂၃၇။ ကောသလမင်းကြီး ၃၄၁
၂၃၈။ သာနုသာမဏေ ၃၄၁
၂၃၉။ ပါဝေယျကဆင် ၃၄၃
၂၄၀။ ရဟန်းငါးရာ ၃၄၄
၂၄၁။ မာရ်နတ် ၃၄၅

### [၂၄] တဏှာဝဂ်

၂၄၂။ ကပိလ ရွှေငါးကြီး ၃၄၇
၂၄၃။ ဝက်မကလေး ၃၄၉
၂၄၄။ ရဟန်းလူထွက် ၃၅၀
၂၄၅။ ဗန္ဓနာဂါရ (နှောင်အိမ်) ၃၅၁
၂၄၆။ ခေမာထေရီမ ၃၅၂
၂၄၇။ ဥဂ္ဂသေနသူဌေးသား ၃၅၃
၂၄၈။ စူဠ ဓနုဂ္ဂဟ လေးသမား ၃၅၄
၂၄၉။ မာရ်နတ် ၃၅၅
၂၅၀။ ဥပက တက္ကတွန်း ၃၅၆
၂၅၁။ သိကြားမင်း၏ အမေးလေးထွေ ၃၅၇
၂၅၂။ အပုတ္တက သူဌေး ၃၅၈
၂၅၃။ အင်္ကုရနတ်သား ၄၅၉

### [၂၅] ဘိက္ခုဝဂ်

၂၅၄။ ရဟန်းငါးရာ ၃၆၁
၂၅၅။ ဟံသာသတ်သော ရဟန်း ၃၆၂

၂၅၆။ ကောကာလိကရဟန်း ၁၆၃
၂၅၇။ ဓမ္မာရာမ မထေရ် ၁၆၃
၂၅၈။ ဂိုဏ်းတပါးနှင့် ဆက်ဆံရသော ရဟန်း ၁၆၄
၂၅၉။ ပဉ္စဂ္ဂဒါယကာ ၁၆၅
၂၆၀။ ရဟန်းကိုးရာ ၁၆၆
၂၆၁။ ရဟန်းငါးရာ ၁၆၈
၂၆၂။ သန္တကာယ မထေရ် ၁၆၉
၂၆၃။ နင်္ဂလမထေရ် ၁၇၀
၂၆၄။ ဝက္ကလိ မထေရ် ၁၇၁
၂၆၅။ သုမန သာမဏေ ၁၇၂


## [၂၆] ဗြာဟ္မဏဝဂ်


၂၆၆။ ရဟန္တာ အလွန် ကြည်ညိုသူ ၁၇၄
၂၆၇။ ရဟန်းသုံးကျိပ် ၁၇၅
၂၆၈။ ရဟန်းသုံးကျိပ် ၁၇၅
၂၆၉။ မာရ်နတ် ၁၇၅
၂၇၀။ အာနန္ဒာ မထေရ် ၁၇၆
၂၇၁။ ပုဏ္ဏားရဟန်းတဦး ၁၇၇
၂၇၂။ သာရိပုတ္တရာ မထေရ် ၂၇၇
၂၇၃။ မဟာပဇာပတိဂေါတမီ ၁၇၈
၂၇၄။ သာရိပုတ္တရာမထေရ် ၁၇၉
၂၇၅။ ဆံကျစ်ထုံး ပုဏ္ဏား ၁၈၀
၂၇၆။ ကောက်ကျစ်သော ပုဏ္ဏား ၁၈၀
၂၇၇။ ကိသာဂေါတမီ ထေရီမ ၁၈၁
၂၇၈။ ပုဏ္ဏားတဦး ၁၈၁
၂၇၉။ ဥဂ္ဂသေန သူဌေးသား ၁၈၂
၂၈၀။ ပုဏ္ဏားနှစ်ဦး ၁၈၃
၂၈၁။ ဘာရဒွါဇပုဏ္ဏား (ဆဲတတ်သူ) ၁၈၃
၂၈၂။ သာရိပုတ္တရာမထေရ် ၁၈၅
၂၈၃။ ဥပ္ပလဝဏ် ထေရီမ ၁၈၅

# မာတိကာ


၂၈၄။ ပုဏ္ဏားတဦး ၃၈၆
၂၈၅။ ခေမာ ထေရီမ ၃၈၇
၂၈၆။ တိဿ မထေရ် (လိုဏ်ဂူနေ) ၃၈၇
၂၈၇။ ရဟန်းတပါး ၃၈၉
၂၈၈။ သာမဏေ လေးပါး ၃၉၀
၂၈၉။ မဟာပန် မထေရ် ၃၉၁
၂၉၀။ ပိုလိန္ဒဝစ္ဆ မထေရ် ၂၉၁
၂၉၁။ မထေရ်တပါး ၃၉၂
၂၉၂။ သာရိပုတ္တရာ မထေရ် ၃၉၃
၂၉၃။ မောဂ္ဂလ္လာန် မထေရ် ၃၉၄
၂၉၄။ ရေဝတ သာမဏေ (ရှားတောနေ) ၃၉၄
၂၉၅။ စန္ဒာဘ မထေရ် ၃၉၅
၂၉၆။ သီဝလိ မထေရ် ၃၉၆
၂၉၇။ သုန္ဒရ သမုဒ္ဒ မထေရ် ၃၉၇
၂၉၈။ ဇဋိလမထေရ် (သူဌေး) ၃၉၈
၂၉၉။ ဇောတိကမထေရ် (သူဌေး) ၄၀၀
၃၀၀။ ကချေသည်မ၏သား ၄၀၃
၃၀၁။ ကချေသည်မ၏သား ၄၀၃
၃၀၂။ ဝင်္ဂီသ မထေရ် ၄၀၄
၃၀၃။ ဓမ္မဒိန္နာ ထေရီမ ၄၀၅
၃၀၄။ အင်္ဂုလိမာလမထေရ် ၄၀၆
၃၀၅။ ဒေဝဟိတ ပုဏ္ဏား ၄၀၇


ဤတွင် ဓမ္မပဒဝတ္ထုပေါင်း ၃၀၅ ဝတ္ထု မာတိကာပြီး၏။

# နိဒါန်း

“ဓမ္မပဒ”ဟူသည် “ဓမ္မ”နှင့် “ပဒ” ပုဒ်နှစ်ခုကို ပေါင်းထားသည့် အမည် ဖြစ်သည်။ “ဓမ္မ”၏ အဓိပ္ပာယ်များအနက် “တရား” ဟူသော အများသိ အဓိပ္ပာယ်သည် အဓိက ဖြစ်သည်။ “တရား”ဟူသည် “အမှန်တရား၊ တရား ဒေသနာ၊ ဗုဒ္ဓ၏တရား (ဗုဒ္ဓဓမ္မ)၊ ဘာသာတရား၊ ကျင့်စဉ်တရား” တို့ကို ဆိုလိုသည်။ “ပဒ” ဟောသော “ခြေ၊ ခြေရာ၊ အခြေခံ၊ လမ်းကြောင်း၊ ဂါထာ၊ အစု”ဟူသည်တို့သည် ဤ၌ အလျဉ်းသင့်သလို ယူနိုင်သည့်အဓိပ္ပာယ် များ ဖြစ်ကြသည်။ သို့ဖြစ်၍ ယင်းအဓိပ္ပာယ် နှစ်ခုကို ပေါင်းစပ်လျှင် “ဓမ္မပဒ”၏ အဓိပ္ပာယ်မှာ “ဘာသာတရား(ဝါ) ဗုဒ္ဓ၏ အခြေခံ၊ ဘာသာ တရား၏ ကျင့်စဉ်၊ ဘာသာတရား၏ ဂါထာစု၊ ဗုဒ္ဓ၏ တရားဂါထာစု၊ တရားညွှန့်ပေါင်း” ဟူ၍ ဖြစ်သည်။ ယင်း အဓိပ္ပာယ်များကို ကြည့်လျှင် “ဓမ္မပဒကျမ်း” သည် ဗုဒ္ဓ ဟောကြားခဲ့သော အဆီအနှစ် တရားစုများ ပါဝင်သည့် ကျမ်းဖြစ်ကြောင်း ထင်ရှားပေသည်။

ဗုဒ္ဓ ဟောကြားခဲ့သည့် တရားတော်တို့၏ အဆီအနှစ် အကျဉ်းချုပ်ကို တစုတပေါင်းတည်း ဤကျမ်းတွင် လေ့လာ တွေ့ရှိနိုင်သည်။ ဤကျမ်းကို ဖတ်ရှု လေ့လာပါလျှင် “ကောင်းမှုနှင့် မကောင်းမှု၊ တရားမှားနှင့် တရားမှန်၊ အယူမှားနှင့် အယူမှန်၊ လူမိုက်နှင့် ပညာရှိ” စသည်တို့ကို ခွဲခြား နားလည် နိုင်ပေမည်။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်လာမည်။ ဤဘဝသာမက နောင်ဘဝကိုပါ ထည့်တွက်ပြီး ရေရှည် အကျိုးစီးပွား ဖြစ်ထွန်းအောင် ကြံစည် ပြောဆို ပြုမူလာမည်။ ဥစ္စာချမ်းသာမှုနှင့် စိတ်ချမ်းသာမှု၊ လောကီ တာမဂ္ဂဏ်ချမ်းသာနှင့် လောကုတ္တရာချမ်းသာ နှစ်မျိုး နှစ်စားတွင် မည်သည် က ကောင်းမြတ်ကြောင်း ချိန်ဆနိုင်ပေမည်။ တဏှာ (လောဘ)နှင့် အဝိဇ္ဇာ (မောဟ) တရား နှစ်ပါးတို့သည် သတ္တဝါတို့ကို ‘ကန်း’ အောင် လုပ်ပြီး၊ သံသရာဝဋ်ဆင်းရဲတွင်းသို့ ကျရောက်စေတတ်ကြောင်း သိမြင်လာပေမည်။

လောက၌ မိမိကိုယ်ကို မိမိ အချစ်ဆုံးဖြစ်၏။ မိမိကိုယ်ကို တကယ် ချစ်သည် မှန်လျှင် မိမိအား ယခုဘဝ တလျှောက်လုံး နောင်ဘဝအဆက်ဆက် ဆင်းရဲတွင်းသို့ တွန်းချမည့် မကောင်းမှု ဒုစရိုက်တို့ကို မပြုမိစေရန်၎င်း၊ ဆင်းရဲခြင်းအမှန်နှင့် ချမ်းသာခြင်းအစစ်ကို သဘောပေါက်ပြီး မိမိမဆင်းရဲအောင် မိမိချမ်းသာအောင် လုပ်ပေးမည့် တရားမှန် တရားကောင်းတို့ကို ပြုကျင့်ရန်၎င်း မိမိကိုယ်ကို လေ့ကျင့် ဆုံးမပေးရပေမည်။ "ဘယ်သူမပြု၊ မိမိမှု"၊ "မိမိသည်သာအားကိုးရာ"၊ "ကိုယ်မိုက်ကိုယ်ခံ၊ ကိုယ်ကောင်းကိုယ်စံ" "လောက၌ ကယ်တင်ရှင် မရှိ"၊ "မိမိဆင်းရဲမှု၊ မိမိ၏ချမ်းသာမှုတို့ကို မိမိကပင် ဖန်တီးသည်" ဤသို့ စသည့် သဘောတရားမှန်တို့ကို ဤကျမ်းဖတ်က သိနားလည်ပေမည်။ ဤသို့သော တရားသဘောတို့သည် ဤကျမ်း၌ တစုတဝေးတည်း ပါဝင်နေပေသည်။ တဖန်တုံ လောကဓံကြောင့် စိတ်ဆင်းရဲတိုင်း၊ ဒုက္ခရောက်တိုင်း ဤကျမ်းကို ဖတ်ပါ။ ဧကန်မုချ စိုးရိမ်ကင်းပျောက် စိတ်ချမ်းသာခြင်းသို့ ရောက်ပေမည်။

"ဓမ္မပဒကျမ်း"သည် "ဇာတ်တော် ငါးရာ့ငါးဆယ်" ကျမ်း ကဲ့သို့ပင် ကမ္ဘာ့စာပေနယ်အတွင်းသို့ထိုးဖောက် ဝင်ရောက်လျက် အလွန်လျှင် ထင်ရှားကျော်ကြားပေသော ကျမ်းတကျမ်း ဖြစ်ပေသည်။ ဤကျမ်းနှစ်ခုလုံးပင် ဘုရားရှင်နှင့် ဆက်စပ်နီးနွယ်နေသည့် အဖြစ်အပျက် ပုံဝတ္ထုများပါဝင်သဖြင့် အလွန်ဖတ်ချင်စဘွယ် စိတ်ဝင်စားဘွယ်ကောင်းသည့် ကျမ်းများဖြစ်ပေသည်။ "ဇာတ်တော်ငါးရာ့ငါးဆယ်"တွင် ပါဝင်သည့် ဇာတ်ဝတ္ထုများမှာ သဗ္ဗညုဘုရားဖြစ်ရန် ကမ္ဘာအသင်္ချေတိုင် ပါရမီဖြည့်ခဲ့စဉ်အတွင်း ဘုရားလောင်းဘဝများက တွေ့ကြုံခဲ့သည့် ရှေးအတိတ်အဖြစ်အပျက်များဖြစ်ပေသည်။ယင်းသို့သော ဇာတ်ဝတ္ထုပေါင်း ၅၄၇ခု ပါဝင်သည်။ ဓမ္မပဒကျမ်းတွင်ကား ဗုဒ္ဓလက်ထက်၌ပင် ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက် ဝတ္ထုပေါင်း ၃၀၅ ပုဒ်နှင့်တကွ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား သံသရာမှ လွတ်မြောက် နိဗ္ဗာန်ရောက်အောင် ဟောကြားခဲ့သည့် တရားဒေသနာတို့ အစုလိုက်အပြုံလိုက် ပါဝင်ပေသည်။

ဤသို့လျှင်"ဇာတ်တော် ငါးရာ့ငါးဆယ်"ကျမ်းသည် အသွင်အပြင်အားဖြင့် တရားသဘောထက် တန်ဆာပလာ ဇာတ်ဝတ္ထုများက လွှမ်းခြုံနေပေသည်။ ဤဓမ္မပဒကျမ်းမှာမူ ဗုဒ္ဓဟောကြားခဲ့သည့် နိဗ္ဗာန်ပေါက် တရားအဆီအနှစ်တို့အပြည့်အနှက် ပါဝင်နေသဖြင့် တရားနာပုဂ္ဂိုလ်များအကြောင်း ဝတ္ထုများကို လွှမ်းမိုးထားလေသည်။ ထို့ကြောင့်ပင် ကျမ်းအမည်က ဖော်ပြ

သည့်အတိုင်း''ဓမ္မပဒ''ဟုဆိုလျှင် ယေဘုယျအားဖြင့် ဗုဒ္ဓ၏ တရားတော်များ ဟု နားလည်ကြပေသည်။

ဗုဒ္ဓ၏ တရားဒေသနာများသည် ကောင်းပင် ကောင်းငြားလည်း ပညာ ဗဟုသုတ၊ ဘာသာရေး အသိဉာဏ်နည်းပါးကြသည့် ပုထုဇဉ်ပုဂ္ဂိုလ်များအဖို့ မကြားချင် မနာချင် အလွန်လျှင် ငြီးငွေ့ပျင်းရိဘွယ်ကောင်းသည့် တရား စကားတို့ ဖြစ်ကြပေသည်။ ဗုဒ္ဓ၏ တရားတော်ကို သူ့ချည်းသက်သက် ဟောပြောလျှင် ငြီးငွေ့ပျင်းရိဘွယ် ကောင်းသည်နှင့်အမျှ သိနားလည်ရန် လည်း အလွန်ပင် ခဲယဉ်းလှသည်။ စိတ်ပါဝင်စားမှု၊ အာရုံစူးစိုက်မှုမရှိလျှင် ဘယ်အရာမှာ မဆို ခရီးပေါက်ရောက်သည် ချည့်ပေတည်း။ ထို့ကြောင့် ဗုဒ္ဓကိုယ်တိုင်ပင် လောကီအာရုံ ကာမဂုဏ်နယ်ထဲ၌ လူးလာလှုပ်ရှား လှည့် ပတ်သွားနေကြသည့် ပုထုဇဉ်လူသားတို့အား တရားရေအေး တိုက်ကျွေးရာ တွင် တရားတော်ကို စိတ်ဝင်စားစွာ အာရုံစူးစိုက်နိုင်လေအောင် ဥပမာ ဥပမေယျ၊ ပုံတိုပတ်စ၊ ဝတ္ထုကလေးများဖြင့် ဝေဝေဆာဆာ တန်ဆာဆင်ပြီး ဟောခဲ့ရပေသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သာသနာ့ဝန်ထမ်း ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းတော်တို့သည်လည်း သာသနာ ပြန့်ပွားအောင် လုပ်ဆောင်ရာတွင် ဆရာသခင် ဘုရားရှင်နည်းတူ လောကီနယ်ထဲ ပျော်ရွှင်မြူးတူး လှုပ်ရှားသွား လာနေကြသည့် ပုထုဇဉ် သတ္တဝါထုကြီးအား "ဘုရား၊ ဘုရားလောင်း၊ ဗုဒ္ဓ၏ တပည့်ရဟန်းများ၊ ဗုဒ္ဓသာသနာ၏ လှူဒါယကာများ၊ တရားထူး တွေ့ရှိ၍ ချမ်းသာသုခ ရကြသူများ၊ တရားကို ဖီလာပြု၍ ဒုက္ခတွေ့ကြသူ များ" အကြောင်း ထုပ္ပတ္တိတို့ဖြင့် ဝေဝေဆာဆာ တရားဟောကြရရှာ သည်။ ဤသို့ ပုထုဇဉ်အကြိုက် လူ့စရိုက်လိုက်ပြီး တရားဟောပြသာသနာပြု ကြရာတွင် ဖော်ပြပါ "ဇာတ်တော် ငါးရာ့ငါးဆယ်" နှင့် "ဓမ္မပဒ"ကျမ်း နှစ်ဆူတို့သည် သာသနာပြု ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ လက်စွဲကျမ်းများ ဖြစ် ကြပေသည်။

"**ဓမ္မပဒ**" ကျမ်းသည် ဗုဒ္ဓ ဟောကြားခဲ့သော တရားဒေသနာတို့၏ အဆီအနှစ်များ တစုတပေါင်းတည်း အပြည့်အနှက် ပါဝင်နေသဖြင့် ဗုဒ္ဓ၏ တရားတော်များကို လေ့လာလိုသူတိုင်း လက်လွတ်၍ မရသောကျမ်း ဖြစ် ပေသည်။ ဤကျမ်းမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန် စသည့် ဥရောပတိုက် သုံး ဘာသာစကား အမျိုးမျိုးသို့ အကြိမ်များစွာ ပြန်ဆိုထားလေရာ ဥရောပတိုက်သုံး ဘာသာစကား အမျိုးမျိုးသို့ အကြိမ်များစွာ ပြန်ဆိုထား

လေရာ ဥရောပတိုက်၌ လူသိအများဆုံး အစောဆုံး သိ်ု ကြသည့် ကျမ်းများအနက် တခုအပါအဝင်ဖြစ်ပေသည်။ အာရှတိုက်အဖို့မှ ၁ ဆိုဘွယ်မရှိပြီ။ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ၊ တရုတ် စသည့် ဗုဒ္ဓဘာသာ ဒေ ဂုက်လေရာ နိုင်ငံတိုင်း ဘာသာစကားများစွာတို့ဖြင့် ပြန်ဆိုကြပြီး လေ့လ ၁ လိုက်စားခဲ့ကြပေသည်။

အိန္ဒိယပြည်တွင် ရှေးသုံး ဘာသာစကားများ ဖြစ်သ ၁ည့် ဗြာဟ္မဏသုံး သက္ကတဘာသာ၊ ဗုဒ္ဓဘာသာသုံး မိဿကသက္ကတဘာသ ၁၊ လူများစုသုံး ပြာကတဘာသာတို့ဖြင့် ဤကျမ်းကို ရှေးခေတ်ကပင် ပြန်ဆို ရေးသားအသုံးပြုခဲ့ကြပေသည်။ တရုတ်ပြည်တွင်လည်း အေဒီ ၃ ရာစု အစောပိုင်းမှ စ၍ တရုတ်ဘာသာသို့ အကြိမ်ကြိမ် ပြန်ဆိုခဲ့သည့်ပြင် တရုတ် ဗုဒ္ဓစာပေပညာရှင်တို့သည် အခြားဗုဒ္ဓစာပေကျမ်းဂန်များမှကောင်းနိုးရာ ဗုဒ္ဓတရားတော် အတိုချုပ်များကို ပူပြင် ထည့်သွင်းရေးသားက ၁ ဤကျမ်းဂန်ကို ချဲ့ထွင်၍ပင် အသုံးပြုခဲ့ကြပေသည်။ သို့ရာတွင် ဖော်ပြပါ ''သက္ကတ၊ မိဿကသက္ကတ၊ ပြာကတ'' ဟူသော ရှေးသုံး အိန္ဒိယဘာသာ ၃ မျိုးနှင့် တရုတ်ဘာသာတို့ဖြင့် ရေးက တည်ရှိခဲ့သော ဓမ္မပဒကျမ်းစာမူ ၄ ခုတို့သည် ယခုပါဠိ ဓမ္မပဒကျမ်းနှင့် အချို့တူ၍ အချို့ ကွဲပြား ခြားနား နေသည်ကို တွေ့ရှိရပေသည်။

မည်သို့ပင်ဖြစ်စေ ပါဠိဓမ္မပဒကျမ်းသည် သမိုင်းနှင့်ချီ၍ တိကျမှန်ကန်ကြောင်း အခိုင်အမာ မှတ်ယူရပေမည်။ ဘီစီ ၃ ရာစုအသော ၁ကမင်းကြီးလက်ထက်သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာ စတင် ရောက်ရှိ လာခဲ့ရာ ထိုအခါမှစ၍ ထိုကျွန်း၌ ခေတ်တလျှောက်လုံး သာသနာ ထွန်းကား လာခဲ့စဉ် အတွင်း ပါဠိပိဋကတ်သုံးပုံကို အဖွင့် အဋ္ဌကထာများနှင့် တကွ လေ့လာ လိုက်စားထိန်းသိမ်းခဲ့ကြသည်ကို တွေ့ရှိရသဖြင့် ဓမ္မပဒ ကျမ်း၏ လက်ရှိ ပါဠိမူသာမူမှန်ဖြစ်သည်ကို ဗုဒ္ဓစာပေ မြတ်နိုးသော ပညာရှင် သုတေသီများကလက်ခံခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင်လည်း ရှေးအခါမှ စ၍ ယခုခေတ်တိုင် ဤပါဠိဓမ္မပဒကျမ်းကို သီဟိုဠ် ရဟန်းတော်တို့ ရိုသေမြတ်နိုးစွာ လေ့လာကြပြီး၊ တကျမ်းလုံးကို အရကျက်နှုတ်တက်အာဂုံပင် ဆောင်ထားကြသည်။ သီဟိုဠ်ကျွန်းတွင် သာမဏေများသည် ပဉ္စင်း (ရဟန်း) ဘဝသို့ မရောက်မီဤဓမ္မပဒကျမ်းကို နှုတ်တက် အာဂုံရထားရသည်။ ယင်းသို့ နှုတ်တက်ရပြီးမှ ပဉ္စင်းဘဝသို့ ရောက်ကြရသည်။ ဤအကျင့် တောင်းလေစွ။

ဤ ''ဓမ္မပဒ'' ကျမ်းသည် တစုံတယောက်အား ဗုဒ္ဓဘာသာ၊ ဗုဒ္ဓတရားတော်၌ သက်ဝင် ယုံကြည် အလေးအမြတ် ပြုလာအောင် ဆွဲဆောင်နိုင်

သော ကျမ်းဖြစ်ပေသည်။ သာမန် ဗုဒ္ဓဘာသာဝင်ကို မဆိုထားဘိ အမှန်တရားကို လိုလားမြတ်နိုးစွာ ရှာဖွေသည့် အခြား ဘာသာဝင်များကိုပင် စစ်မှန်သည့် ဗုဒ္ဓ တရားတော်ကို လက်ခံလာအောင် ဤကျမ်းက ဆွဲဆောင်နိုင်ခဲ့သည့် သာဓက များကို တွေ့ရှိရပေသည်။ ဤတွင် ဆရာ ပါရဂူ၏ "သာသနာ့ခရီးသည်" ဆောင်းပါးမှ အီတလီ ဘုန်းတော်ကြီး ကမ္ဘာလှည့် ဓမ္မကထိက ဦးလောကနာထ မိန့်ဆိုခဲ့သည့် စကားကို အနည်းငယ် ကောက်နုတ်တင်ပြလိုပါသည်။

> "ဆယ့်ငါးနှစ်အလွန်က ကျွန်ုပ်သည် ရိုမန်ကက်သလစ် (ခရစ်ယန်) ဖြစ်ခဲ့သည်။ ယနေ့ ကျွန်ုပ်သည် အနောက်နိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းကားရေးကို ထက်သန် လိုလား နေသည့် ဘုရား သားတော် ဗုဒ္ဓဘာသာ ရဟန်းတော်တပါး ဖြစ်နေပြီ။ ဓမ္မပဒ စာအုပ်က ကျွန်ုပ်ဘဝကို ပြောင်းလဲပေးလိုက်ပါသည်။ မည်သူမျှကျွန်ုပ်ထံ ဗုဒ္ဓဘာသာ တရားဟောရန် မလာခဲ့။ အကယ်၍ ကျွန်ုပ်သည် ဓမ္မပဒ စာအုပ်ကို မဖတ်မိလျှင် ကျွန်ုပ်သည် ယနေ့ထက်တိုင် ရိုမန်ကက်သလစ်အဖြစ်နှင့် ရှိနေဦးမည်။ ဓမ္မပဒ၏ အသွင်ဖြင့် ရှိနေသော ရှင်တော်ဗုဒ္ဓသည် ကျွန်ုပ်၏ဘဝကို ပြောင်းလဲပေးသော ထိပ်တန်း သာသနာပြုဖြစ်လေသည်။
>
> ကျွန်ုပ်သည် အီတလီ၌ မွေးဖွားသည်။ အမေရိကန် နယူးယောက်မြို့၌ ကြီးပြင်းသည်။ ကျွန်ုပ်သည် ဝိဇ္ဇာနှင့် သိပ္ပံပညာ နှစ်ရပ်လုံးကို သင်ကြားသည်။ ဘီအက်စ်(ဓာတုဗေဒ)ဘွဲ့ကို ရရှိခဲ့သည်။ ကျွန်ုပ်၏ သိပ္ပံပညာအသိသည် ကျွန်ုပ်၏ အမြင်ဟောင်းဖြစ်သည့် ရိုမန်ကက်သလစ်အမြင်နှင့် တိုက်ခိုက်တော့သည်။ ချက်ခြင်း သိပ္ပံပညာက အပေါ်စီးရသွားသည်။ ကျွန်ုပ်၏ ဘာသာတရားသည် တဖြည်းဖြည်း သိပ္ပံပညာ၏ ဘာသာတရားဖြစ်လာခဲ့သည်။
>
> အမေရိကန်၌ တနေ့တွင် ကျွန်ုပ်သည် စက်ရုံကြီးတခု၏ ဓာတ်ခွဲခန်း၌ ဓာတ်ခွဲသည့် အလုပ်ကို အာရုံစိုက်နေစဉ် မိတ်ဆွေ ဓာတုဗေဒ အရာရှိတဦးက စာအုပ်ကြီး တအုပ်ကို ပေးသည်။ ထိုစာအုပ်ထဲ၌ အခြားစာများအပြင် ပါမောက္ခမက်စ်မူလာ ဘာသာပြန်ထားသည့် ဓမ္မပဒ နှင့် အဿဃောသရေး ဗုဒ္ဓဝင်ပါရှိလေ၏။ ယင်းတိုတိုဖတ်၍ ကျွန်ုပ်သည် ခရစ်ယန် အဖြစ်က ပြောင်းလဲ[illegible] သည်။ ကျွန်ုပ်သည် သိပ္ပံနည်းကျသော [illegible]

အစဉ်တစိုက် စူးစမ်းလာခဲ့သည်။ နောက်ဆုံး၌ ဗုဒ္ဓဘာသာကို တွေ့ရလေ၏။ ဗုဒ္ဓစာပေကျမ်းဂန် အမျိုးမျိုးကို စိတ်အားထက်သန်စွာဖြင့် ဖတ်သည်။ ကျွန်ုပ်သည် ဗုဒ္ဓ၏ တရားတော်ကို သက်ဝင်ယုံကြည်သည်။ သို့ဖြစ်၍ လောကီကို စွန့်လိုက်သည်၊ အိန္ဒိယသို့လာခဲ့၏၊ မြန်မာပြည်၌ ရဟန်းပြုလိုက်၏။"

## ဓမ္မပဒကျမ်း၏အသွင်

ဗုဒ္ဓဟောကြားခဲ့သည့် တရားဒေသနာ များသာ ပါရှိသော "ဓမ္မပဒပါဠိတော်" ကျမ်းသည်ပဉ္စမမြောက် ခုဒ္ဒကနိကာယ်၏ ဒုတိယ ကျမ်းစာ ဖြစ်သည်။ ပါဝင်သည့် တရားစကားတို့မှာ စကားပြေ မဖက်၊ ဂါထာပုံစံနှင့်သာ ရှိသည်။ ဂါထာပေါင်း ၄၂၄ ဂါထာသာ ပါဝင်သည်။ အကြမ်းဖျင်းအားဖြင့် တဂါထာလျှင် စာ ၂ ကြောင်း၊ ၂ ကြောင်းသာ သာမျှ ရှိသဖြင့် ၉၀၀ ခန့်မျှ ရှိပေသည်။ ယင်းဂါထာ လေးရာကျော်ကို အကြောင်းအရာ အလိုက် ဝဂ္ဂ (ဝဂ်) ခေါ် အခန်းငယ်များ ခွဲခြားထားရာ အခန်းငယ်ပေါင်း ၂၆ ခု ပါရှိပေသည်။ ဇာတက ပါဠိတော်ကဲ့သို့ပင် ဤဓမ္မပဒ ပါဠိတော်မှာလည်း ဂါထာများနှင့် တပါတည်း တွဲဖက်၍ ယင်းဂါထာများ ဟောရခြင်း အကြောင်း စကားပြေဝတ္ထုဇာတ်လမ်းများ မပါဝင်ပေ။

ဇာတကပါဠိတော်ကို ဇာတ်ဝတ္ထုများနှင့် တွဲဖက်ကာ အဖွင့်အဋ္ဌကထာကျမ်းကို အဋ္ဌကထာ ဆရာကြီး ရှင်မဟာဗုဒ္ဓဃောသ ရေးသားခဲ့ပေသည်။ ယင်းဆရာကြီးပင် ဓမ္မပဒ ပါဠိတော်ကိုလည်း ကျမ်းလာ ဂါထာအသီးသီးကို မည်သည့် ရဟန်း နတ်လူနှင့် ပတ်သက်၍ ဗုဒ္ဓဟောခဲ့ကြောင်းများနှင့်တကွ ဖော်ပြပါရှိသော "ဓမ္မပဒအဋ္ဌကထာ" ခေါ် အဖွင့်ကျမ်းကို ရေးသားခဲ့ပေသည်။ အမှန်စင်စစ် ရှင်မဟာဗုဒ္ဓဃောသသည် ယင်း "ဇာတက၊ ဓမ္မပဒ" ပါဠိတော်တို့၏ အဖွင့် အဋ္ဌကထာကျမ်းများကိုပထမဦးဆုံး ကိုယ်တိုင်တီထွင် အသစ်စက်စက် ရေးသားခဲ့ဟန်မတူပေ။

အသောကမင်းကြီး (ဘီစီ ၃ ရာစု) လက်ထက် သီဟိုဠ်ကျွန်း ဗုဒ္ဓဘာသာ စတင်ထွန်းကားသည်မှ စ၍ သီဟိုဠ် ရဟန်းတော်တို့သည် ပိဋကပါဠိတော်များနှင့် အဖွင့် အဋ္ဌကထာ ကျမ်းများကို မိမိတို့၏ သီဟိုဠ် အက္ခရာဖြင့် အသီးသီး ရေးမှတ်လေ့လာခဲ့ကြရာ ယင်း အဋ္ဌကထာများကို တိုက်ဆိုင်

ကြည့်ရှုလေ့လာ၍ မူမှန် စနစ်ကျသော အဋ္ဌကထာ ကျမ်းများကို ပါဠိဘာသာဖြင့် ပြန်လည် ရေးသားခဲ့ခြင်း ဖြစ်ဘွယ်ရှိသည်။ ဤကား အိန္ဒိယ၊ သီဟိုဠ်ပါဠိပညာရှင်တို့ အခိုင်အမာ ယူဆချက်ဖြစ်၏။ ဥရောပ တိုက်သားသုတေသီတို့ကား ယင်း အဋ္ဌကထာ များ၏ ကျမ်းပြုသူနှင့် ပတ်သက်၍ တယောက်တမျိုး သံသယဖြင့် ရေးသားကြပေသည်။ သတိပြုစရာပင်။

ဖော်ပြပါ "ဓမ္မပဒ အဋ္ဌကထာ" ကျမ်းမှာ ၂ တွဲရှိပြီး၊ ဆဋ္ဌမူ စာမျက်နှာပေါင်း ၉၀၀ ခန့်ရှိပေသည်။ ယင်းအဋ္ဌကထာ၌ ရှေးဦးစွာ မြတ်စွာဘုရားသည် မည်သည့် ဒေသတွင် နေတော်မူစဉ် မည်သူ့ကို အကြောင်းပြု၍ မည်သည့် တရား ဂါထာကို ဟောကြောင်း နိဒါန်းပျိုးထား၏။ နောက်ဆိုင်ရာ ပုဂ္ဂိုလ်၏ ဝတ္ထုကြောင်းကို ဖော်ပြ၍၊ ယင်းပုဂ္ဂိုလ်အား ဘုရားရှင်ဟောသည့် ဂါထာ၊ ဂါထာများကို အနက်အဓိပ္ပာယ် အဖွင့်နှင့်တကွ ဖော်ပြသည်။ အချို့သော ဝတ္ထုကြောင်းများတွင် "ဇာတ်တော် ငါးရာ့ငါးဆယ်" ကျမ်းလာ ဇာတ်ဝတ္ထုကြောင်းများကို ကြားညှပ် ထည့်သွင်း ဖော်ပြထားသည်။ နောက်ဆုံးတွင် ဆိုင်ရာ ပုဂ္ဂိုလ်သည် တရားကိုနာရ၍ တရားထူးရကြောင်းဖော်ပြထားသည်။

တဖန် ယင်း ဓမ္မပဒအဋ္ဌကထာထဲ၌ ပါရှိသော အသိခက်ခဲသည့် ပုဒ်များကို ရှင်းလင်းဖော်ပြထားသည့် ဋီကာကျမ်းကို ပါဠိဘာသာဖြင့် မြန်မာနိုင်ငံ ရေစကြိုမြို့ ဦးဝရသမ္ဘောဓိ ဆရာတော်က "ဓမ္မပဒမဟာဋီကာ"အမည်ဖြင့် ရေးသားခဲ့သည်။ ထို့ပြင် ဓမ္မပဒကျမ်းလာဂါထာများကို အဓိပ္ပာယ် ရှင်းလင်းဖော်ပြကာ ပါဠိဘာသာဖြင့်ပင် "ဓမ္မပဒအဋ္ဌကထာဂါထာယောဇနာ" အမည်ဖြင့် ရန်ကုန်မြို့ မင်္ဂလာဇေယျုံတိုက် သီရိသုမင်္ဂလမထေရ်က ရေးသားခဲ့သည်။

## ဓမ္မပဒ မြန်မာပြန်ဝတ္ထုများ

ဖော်ပြပါ ဓမ္မပဒအဋ္ဌကထာကို မြန်မာဘာသာဖြင့် ရေးသားခဲ့ကြသည့် "ဓမ္မပဒဝတ္ထုတော်ကြီး"ကျမ်းမျိုး ၃ ခု ရှိပေသည်။ ၁။ ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်းတိုက် ဆရာတော်အရှင်စန္ဒိမာရေးသည့် ဓမ္မပဒ ဝတ္ထုတော်ကြီး။ ၅ တွဲရှိ၏။ စာမျက်နှာပေါင်း နှစ်ထောင်ခန့် ရှိသည်။ ဘာသာပြန်ရာတွင် မူလပါဠိစာသွားအတိုင်း မဟုတ်ဘဲ ကာရန်နဘေထပ်များဖြင့် စီကုံးရေးသားထားသည်။ ၂။ ညောင်လေးပင်မြို့၊ တောရကျောင်း ဆရာ

တော်ရေးသားသည့် ဓမ္မပဒ ဝတ္ထုတော်ကြီး။ ၄ တွဲ ရှိ၏။ စာမျက်နှာပေါင်း ၁၇၅၀ ခန့် ရှိသည်။ အဋ္ဌကထာကျမ်းရင်းအတိုင်း ရိုးရိုးပင် ဘာသာပြန်ထားသည်။ ၃။ နောက်ဆုံး မန္တလေးမြို့ ဝိဇိတာရုံတိုက် ဦးဝိစာရိန္ဒမထေရ် ရေးသားသည့် ဓမ္မပဒဝတ္ထုတော်ကြီး။ ၄ တွဲရှိ၏။ စာမျက်နှာပေါင်း နှစ်ထောင်ခန့် ရှိသည်။ ရေးပုံထူး၏။ မူရင်း စာသွားတိုင်းမဟုတ်။ ဝတ္ထု၏ နောက်ဆုံး၌ ပါရှိသည့် ဗုဒ္ဓဟောတရားဂါထာကို ရှေ့သို့ ပို့ပြီး ဘာသာပြန်ထား၏။ ယင်းနောက်လည်း တရားအဓိပ္ပာယ်ကို မြန်မာလင်္ကာဖြင့် ရေးထည့်လိုက်သေး၏။

## ဓမ္မပဒ အကျဉ်းချုပ်ကျမ်းများ

သင်္ဂဇာဆရာတော်ကြီးသည် ဝတ္ထုအကျဉ်းချုပ်နှင့်တကွ တရားဂါထာများကို နိသျနည်းဖြင့် ဘာသာပြန်ပြီး "ဓမ္မပဒပါဠိတော် နိသျ"အမည်ရှိ ကျမ်းကို ရေးသားခဲ့သည်။ ဒီမိုင်း ၁၀ ချိုးအရွယ်၊ စာမျက်နှာ ၂၄၀ ပါရှိသည်။ ယင်းကျမ်းတွင် ရှေးဦးစွာ ဝတ္ထုကြောင်းအကျဉ်းချုပ်ကို ဖော်ပြပြီး နောက်ပါဠိဂါထာမူရင်းကိုပါ ထည့်သွင်း၍ ပါဠိနှင့်မြန်မာ လုံးချင်းပြန် နိသျနည်းဖြင့် ဘာသာပြန်ထားသည်။ ဝတ္ထုနှင့် ဂါထာအရေအတွက်များကို အစမှအဆုံးအထိ အစဉ်အတိုင်းနံပါတ်တပ်ထားသည်။အရှာရလွယ်ကူ၍ကောင်း၏။ ယင်းကျမ်း၌ ဆင့်မူစသည့် အခြားပါဠိမူများနှင့် ကွဲလွဲနေချက်ကို တွေ့ရသည်။ "ကဿပဘုရား၏ ရွှေစေတီ"(နံပါတ် ၁၅၆)ဝတ္ထုနှင့် ဂါထာ ၂ ခုကို ချန်ထားသဖြင့် ဝတ္ထုပေါင်း ၃၀၄ ခုသာ ပါရှိ၏။ ဂါထာအရေအတွက်မှာမူ ၂ ဂါထာလျော့သင့်လျက် မလျော့ဘဲ ၄၂၄ ဂါထာ အပြည့်ရှိ၏။ ဖြစ်ပုံမှာ-"သိကြားမင်း ဘုရားအား လုပ်ကျွေးခြင်း"(နံပါတ် ၁၆၄)ဝတ္ထု၌ ဆင့်မူလာ ဂါထာရှည် ၂ ခုကို ၃ ခု ခွဲလိုက်သည်(ညောင်လေးပင်ဆရာတော်မူနှင့် တူ၏)။ နောက် "ဒေဝဒတ် သံဃာသင်းခွဲခြင်း"(နံပါတ် ၁၃၃) ဝတ္ထု၌ ဘုရားရှင်၏ ဥဒါန်း ဂါထာတခုကို ထပ်ထည့်ထားသည်(ယင်းဂါထာသည် ဥဒါန်းပါဠိတော်လာ ဂါထာဖြစ်ပြီး ဓမ္မပဒကျမ်း၏ ဂါထာမဟုတ်ဟု ညောင်လေးပင် ဆရာတော်က မှတ်ချက်ရေးသည်)။

ထို့နောက် စာရေးဆရာ ဦးသော်ဇင်က "ဓမ္မပဒ ဘာသာပြန်"အမည်ဖြင့် အလားတူ ရေးသည်။ ဝတ္ထုကြောင်းအတိုချုပ်နှင့်တကွ ပါဠိမဖက်၊ မြန်မာစကားပြေသက်သက်ဖြင့် ၁၉၆၇ ခုနှစ်က ရေးထုတ်ခဲ့သည်။ ခေတ်

ပေါ်ဝတ္ထုဆိုက် ၁၆ ချိုးအရွယ်ဖြင့် ၂၂၅ မျက်နှာ ပါရှိသည်။ ဝတ္ထုအရေအတွက်ကို အခန်းအလိုက်သာ နံပါတ်တပ်ထားသည်။ ဂါထာများကို မူရင်းပုံစံအတိုင်း နံပါတ် လုံးဝ တပ်မထားသဖြင့် ဝတ္ထုကြောင်းစာနှင့် ရောထွေးနေပြီး ဂါထာပါတရားစာမှာ ပုံမပေါ်ဘဲ ဖြစ်နေသည်။ ဝတ္ထုကြောင်းမှာလည်း သင်္ဂဇာဆရာတော်၏ မူကဲ့သို့ အလွန်ပင် တိုတောင်းလှသည်။ ဂါထာများကို ဘာသာပြန်ရာတွင် မူရင်းစာသွားအတိုင်း တိတိကျကျ မဟုတ်ဘဲ အဓိပ္ပာယ်ပေါ်ရုံမျှ ခေတ်ရေးနည်းဖြင့် ပြန်ဆိုရေးသားထားသည်။ အချို့နေရာများ၌ အဓိကဖြစ်သည့် ဗုဒ္ဓ၏ တရားတပုဒ်တည်းကိုပင် ၂ ပိုင်း၊ ၃ ပိုင်း ခွဲပစ်သဖြင့် ပုံပျက်သွားသည်။ မည်သို့ပင်ဖြစ်စေ ဓမ္မပဒကျမ်း၏ မူရင်းစာသွားကို အဓိကမထားလိုသူ၊ ခေတ်ဆံဆံကြိုက်သူများအတွက် သင့်တော်ကောင်းမွန်သည့် ကျမ်းတခုပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် ဖော်ပြခဲ့သော စာမျက်နှာ ၁၀၀၀ ခန့်ရှိ မူရင်း ဓမ္မပဒ ဝတ္ထုကြီးများနှင့် အကျဉ်းချုပ်များ ၂ မျိုးလုံး၏ အခြေအနေကို ချိန်ဆကြည့်ပါသည်။ သာမန် ဗုဒ္ဓစာပေ ဖတ်ရှုသူတို့ဘက်ကကြည့်၍ (၁)စာမျက်နှာ ၁၀၀၀ ခန့်ရှိ မူရင်းကျမ်းကြီးများကို ဖတ်ရှုရန် ဝန်လေးမည်မှာ အမှန်ဖြစ်ပေသည်။(၂)ဝတ္ထုကြောင်းတိုလွန်းခြင်း၏ အပြစ်များကို တွေ့မိသည်။ (၃) ပါဠိပါဠိသားတွေ ရောထွေးပါနေလျှင်လည်း စာဖတ်သူ အများစုအတွက် ရင်လေးမိသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ယင်း သာမန်ဗုဒ္ဓစာပေလေ့လာသူများအတွက် ခရီးလည်းရောက်၊ သင့်လည်းသင့်တော်၊ စာသားလည်း ပြောင့်ဖြူးမွန်ကန်သည့် ဓမ္မပဒစာအုပ်ကို ရေးရန် ဆန္ဒပြင်းပြခဲ့သည်။ အများကလည်း တိုက်တွန်းသည်။

ဓမ္မပဒကျမ်း၌ ဝတ္ထုကြောင်းနှင့် တရားဂါထာတို့သည် အချင်းချင်း ကျေးဇူးပြုနေကြသည်။ ဝတ္ထုကြောင်းကို အတော်အတန် ‘လိပ်ပတ်လည်အောင်’နားလည်ပါမှ တရားဂါထာတို့၏ သဘောအဓိပ္ပာယ်များကို နားလည်နိုင်မည်။ စာအရသာလည်း ပိုရှိလာမည်။ ဝတ္ထုကြောင်းပါ စကားရပ်တို့သည် ဂါထာများ၏ အဓိပ္ပာယ်ကို ဖွင့်ပြနေသကဲ့သို့ ရှိပေသည်။ ဝတ္ထုကြောင်းထဲတွင် ဗုဒ္ဓသည် ဟောလိုသည့်တရားကို စကားပြေဖြင့် ဟောပြောပြီးမှ နောက်ဆုံးဂါထာဖြင့် ယင်းတရားကို ဟောခြင်းဖြစ်သည်။ “ဂါထာ” ဟူသည် မြန်မာ “လင်္ကာ”ကဲ့သို့ပင် ကာရန်နှင့်တကွ စကားလုံးအရေအတွက် ကန့်သတ်ထားရသဖြင့် လိုသလောက် ပြောခွင့်မရ။ လိုတိုး ပိုလျှော့လုပ်ရ၏။

ရုံခါ အချို့စကားလုံးများကို ချန်ခဲ့ရပြီး ရံခါ အပိုစကားလုံးများကို ညှပ်ထည့်ပေးရသည်။ ရံခါ အဓိပ္ပာယ်တူစကားလုံးများကို ထပ်သုံးရသည်။ မည်သို့ပင်ဖြစ်စေ တရားတပုဒ်ကို စကားပြေနှင့် ဂါထာ ၂ မျိုးလုံးဖြင့် ဖတ်ရှုလျှင် ဆိုလိုသည့်အဓိပ္ပာယ်ကို မတိမ်းမစောင်း တိကျစွာ နားလည်မည်မှာ သေချာသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် မူရင်းစာသွားကို အခြေပြု၍ မွမ်းမံပြုပြင်ပြီး နားအလည်လွယ်ဆုံးဖြစ်အောင် စီရင်ပါသည်။ ဝတ္ထုကြောင်းကိုလည်း အလွန်အမင်း အကျဉ်းမရုံးဘဲ လိုအပ်သမျှကို အပြည့်အစုံ ရေးပါသည်။ ဝတ္ထုကြောင်း အချက်အလက်များစွာတို့သည် စိတ်ဝင်စားဘွယ် ကောင်းသည်သာမက ဂါထာလာ "တရားသား"ကိုပင် အသက်ဝင်စေသည်။ ဤသို့လျှင် ကျွန်ုပ်သည် အထက်ပါအကြောင်းအချက်များနှင့် လျော်ညီစွာ ဝတ္ထုကြောင်းများကို လိုအပ်သလောက် ထည့်ရေးပြီး ဂါထာများကိုလည်း "မရှိုးလွန်း မဆန်းလွန်း" အလယ်အလတ် သင့်တော်ရုံဖြစ်သည့် ရေးနည်းဖြင့် ပြန်ဆိုထားပါသည်။ ဝတ္ထုကြောင်းများနှင့် တရားဂါထာများကိုလည်း အရှာရ လွယ်ကူစေရန် အစမှအဆုံးအထိ အစဉ်အတိုင်း နံပါတ်တပ်ထားပါသည်။ ကျမ်းအဆုံးတွင်လည်း ဝတ္ထုအမည်များကို အက္ခရာစဉ်ဖြင့် ဖော်ပြထားပါသည်။ နိဂုံးချုပ်အားဖြင့် ဒီမိုင်း ၈ ချိုးအရွယ် စာမျက်နှာ ၃၀၀ ကျော်ရှိ၍ ဓမ္မပဒစာအုပ်ကို ဝတ္ထုကြောင်းနှင့်တကွ အဓိပ္ပာယ်ပေါ်တွင် မှန်ကန်သော ဗုဒ္ဓတရားတော်များကို လေ့လာလိုသူတို့ နှစ်သက်ကြမည်ဟု မြော်လင့်ပါသည်။

ယခု ဓမ္မပဒကျမ်းလာ 'ဝဂ်' ခေါ်သော အခန်းငယ်ပေါင်း ၂၆ ခု အသီးသီးတွင် ပါဝင်သည့် တရား အမျိုးအစားနှင့်တကွ ဂါထာပေါင်း မည်မျှ ပါဝင်ကြောင်း အောက်တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

၁။ ယမကဝဂ်=အစုံအစုံ တရားစု။ ။ဂါထာ ၂၀။ ဝတ္ထု ၁၄။

ကုသိုလ်နှင့် အကုသိုလ် ရန်ငြိုးဖွဲ့ခြင်းနှင့် မဖွဲ့ခြင်း၊ အကောင်းနှင့်အဆိုး၊ အယူမှားနှင့် အယူမှန် စသည်ဖြင့် ဆန့်ကျင်ဘက် စုံတွဲတရားများကို ဖော်ပြသည်။

၂။ အပ္ပမာဒဝဂ်=မမေ့ မလျော့ခြင်း တရားစု။ ။ဂါထာ ၁၂။ ဝတ္ထု ၉။

မေ့လျော့ခြင်း၏ အပြစ်နှင့် မမေ့လျော့ခြင်း၏ အကျိုးများကို ရှင်းပြသည်။ ပညာရှိသည် ကောင်းမှု၌ မမေ့မလျော့၍ ချမ်းသာကြီးပွားပုံနှင့် လူမိုက်သည် ကောင်းမှု၌ မေ့လျော့၍ ဆင်းရဲဒုက္ခရောက်ပုံကို ဖော်ပြသည်။

၃။ စိတ္တဝဂ်=စိတ်တရားစု။ ။ဂါထာ ၁၁။ ဝတ္ထု ၉။

စိတ်အကြောင်း သိကောင်းစရာများကို ဖော်ပြထားသည်။ စိတ်သည် မကောင်းမှု၌ရှင်း၊ လောကီအာရုံ ကာမဂုဏ်၌ရှင်း ပျော်မွေ့တတ်၏။ တည်ငြိမ်မှု မရှိ။ ထိုထိုအာရုံတို့ကို ဝင်ထွက်ပြေးလွှား ကျက်စားတတ်၏။ စိတ်အလိုကို လိုက်သူသည် ဆင်းရဲရပြီး စိတ်ကိုချုပ်တီး ဆုံးမသူသည် ချမ်းသာရ၏။

၄။ ပုပ္ဖဝဂ်=ပန်းဥပမာ တရားစု။ ။ဂါထာ ၁၅။ ဝတ္ထု ၁၂။

ပန်းနှင့် တင်စားပြီး ဟောကြားသည့် တရားများ ပါဝင်သည်။ အဆင်းသာရှိ၍ အနံ့မရှိသော ပန်းကဲ့သို့တရားဟောပြီး တရားမကျင့်သူသည်အကျိုးမရှိ အချည်းနှီးပင် ဖြစ်၏။ပန်းကလေးများကဲ့သို့ တင့်တယ်လှပသည့် ကာမဂုဏ် အာရုံများကို လိုက်စားသူသည် ဆင်းရဲတွင်းသို့ အဖန်ဖန် ကျရောက်ရ၏။

၅။ ဗာလဝဂ်=လူမိုက် တရားစု။ ။ဂါထာ ၁၆။ ဝတ္ထု ၁၅။

ပညာမဲ့ လူမိုက်အကြောင်း မှတ်သားဘွယ်များ ပါဝင်သည်။ လူမိုက်သည် ကောင်းကျိုးမပေး ဆိုးကျိုးကိုသာ ပေးတတ်၏။ သူနှင့် မပေါင်းနှင့်။ လူမိုက်သည် မကောင်းမှုတို့ကို အမြဲမပြတ်ပြုလုပ်ကာ မိမိကိုယ်ကို ဝဋ်ဆင်းရဲသို့ အဖန်ဖန် ပစ်ချနေသဖြင့် မိမိသည်ပင် မိမိ၏ ရန်သူ ဖြစ်နေသည်။

၆ ။ ပဏ္ဍိတဝဂ်=ပညာရှိ တရားစု။ ။ဂါထာ ၁၄။ ဝတ္ထု ၁၁။

တရားသိပြီး တရားရှိသူသာ ပညာရှိ (ဝါ) လူတော်လူကောင်း ခေါ်ထိုက်ကြောင်း ဖော်ပြသည်။ ပညာရှိမည်သည် မိမိကောင်း

တ

အောင် ဆုံးမနေထိုင်ပြီး သူတပါးအားလည်း ကောင်းကျိုးပေး
တတ်၏ ထိုသူနှင့် ပေါင်းသော။

၇။ အရဟန္တဝဂ်=ရဟန္တာ တရားစု။ ။ဂါထာ ၁၀။ ဝတ္ထု ၁၀။

တဏှာ ကိလေသာ အာသဝေါ ကုန်ခန်းသဖြင့် ဘဝ သံသရာ ပြတ်ပြီးထာဝရ နိဗ္ဗာန် ချမ်းသာသို့ ကြွလှမ်းတော့မည့် ရဟန္တာ ပုဂ္ဂိုလ်အကြောင်း ဖော်ပြထားသည်။

၈။ သဟဿဝဂ်=တထောင် တရားစု။ ။ဂါထာ ၁၆။ ဝတ္ထု ၁၄။

အရေအတွက်နှင့် အရည်အချင်း မည်မျှ ကွာခြားကြောင်း ဆန်းစစ်ပြထားသည်။ အကျိုးမရှိသော စကား အခွန်း တထောင်သည် အကျိုးရှိသော စကား တခွန်းလောက် တန်ဘိုးမရှိ။ လူတထောင်ကို အကြိမ်တထောင်တိုင်တိုင် တိုက်ခိုက်အောင်မြင်သူသည် တဦးတည်းသော မိမိကိုယ်ကို ဆုံးမနှိမ်နင်းအောင်မြင်သူလောက် မမြတ်။ လူမိုက်အဖြစ်နှင့် အနှစ်တရာ အသက်ရှည်ခြင်းထက် လူလိမ္မာအဖြစ် တရက်မျှအသက်ရှည်ရခြင်းက မြတ်၏။

၉။ ပါပဝဂ်=မကောင်းမှုတရားစု။ ။ဂါထာ ၁၃။ ဝတ္ထု ၁၂။

ဆိုးကျိုးကိုသာ ပေးတတ်သည့် မကောင်းမှုတို့အကြောင်း ဖော်ပြထားသည်။ မကောင်းမှုကို အဆိပ်ကဲ့သို့ သဘောထားရာ၏။ "ငါ့မကောင်းမှုကား မပြောပလောက်" ဟု အထင်မသေးရာ။ အနည်းငယ် ပြုဖန်များသော် အများချည်း ပြုသည် မည်၏။ လူမိုက်တို့သည် ဆိုးကျိုးကို မတွေ့ရသေးသရွေ့ မကောင်းမှုကို ပြုခြင်း၌ နှစ်သက်ရွှင်လန်းကြ၏။

၁၀။ ဒဏ္ဍဝဂ်=ဒဏ်တရားစု။ ။ဂါထာ ၁၇။ ဝတ္ထု ၁၁။

ကိုယ်ချင်းစာတရား၊ မေတ္တာတရား ထားရှိသင့်ပုံကို ဖော်ပြသည်။ ရဟန္တာမှတပါး သတ္တဝါအားလုံးသည်မိမိတို့အသက်ကို ချစ်မြတ်နိုးကြသဖြင့် ပုတ်ခတ်သတ်ဖြတ်ဒဏ်ခံရခြင်းကို ကြောက်ကြသည်

သာ။ ထို့ကြောင့် သတ္တဝါတို့သည် မိမိကဲ့သို့ သဘောထားပြီး မနှိပ်စက်၊ မညှဉ်းဆဲ၊ မသတ်ဖြတ်ရာ။

၁၁။ ဇရာဝဂ်=အိုခြင်းတရားစု။ ။ဂါထာ ၁၁။ ဝတ္ထု ၉။

သတ္တဝါမှန်သမျှ "မွေးပြီးအို၊ အိုပြီး နာ၊ နာပြီး သေ" ကြရသဖြင့် ဘဝအနှစ်သာရ နှံ့နှံ့မျှ မရှိကြောင်း၊ ထို့ကြောင့် မာန တထောင်ထောင်နှင့် မိုက်တွင်းမနက်သင့်ကြောင်း သတိပေးဖော်ပြထားသည်။

၁၂။ အတ္တဝဂ်=မိမိကိုယ် တရားစု။ ။ဂါထာ ၁၀။ ဝတ္ထု ၁၀။

လောက၌ ဘယ်လိုပင်ပြောပြော၊ မိမိသည်သာ မိမိအားကိုးရာဖြစ်၏။ သူတပါးမဟုတ်။ မိမိသည်သာ မိမိ၏ အချစ်ဆုံးဖြစ်၏။ သူတပါး မဟုတ်။ စဉ်းစားကြည့်လော့။ မိမိကိုယ်ကို တကယ်ချစ်လျှင် မိမိ၏ အားကိုးရာ ဖြစ်လော့။ မိမိမဆင်းရဲအောင် မကောင်းမှုကို မပြုလင့်။ မိမိချမ်းသာအောင် ကောင်းမှုကို ပြုလော့။ "ဘယ်သူမပြု၊ မိမိမှုတည်း" သတိပေးထားသည်။

၁၃။ လောကဝဂ်=လောကတရားစု။ ။ဂါထာ ၁၂။ ဝတ္ထု ၁၁။

လူ့လောကကြီးကို ဉာဏ်နှင့်ယှဉ်၍ ကြည့်စမ်းလော့။ လောကကြီးကား မိုက်ကန်းနေ၏။ ကိုယ့်ဘဝ ကိုယ်မြင်သူ မရှိသလောက်နည်း၏။ လောကကြီးကား မိုက်ကန်းသူတို့၏ နစ်မြုပ်ပျက်စီးရာရာ ဌာနကြီးတည်း၊ သုသာန်အကြီးစားတည်း။ ပုထုဇဉ် ငမိုက်သားတို့ကား "ဆင်ကန်းတောတိုး" ပျော်ရွှင် မြူးတူးကာ ကိုယ့်ဒုက္ခ ကိုယ်ရှာနေသည်။ မဟုတ်လော။ သတိပေးပြန်သည်။

၁၄။ ဗုဒ္ဓဝဂ်=ဘုရားရှင်တရားစု။ ။ဂါထာ ၁၈။ ဝတ္ထု ၉။

ကမ္ဘာကုဋေ သိန်းပေါင်းများစွာအတွင်း ဘုရားရှင်၊ ဘုရားသာသနာနှင့် တွေ့ကြုံရန် ခဲယဉ်းလှ၏။ ယင်းသို့ ကြုံတောင့်ကြုံခဲလှသော ဘုရားသာသနာအတွင်း၌ သံသရာ ဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် အယူမှန်ကို ယူ၍ ဘုရားရှင်၏ တရားဓမ္မကို လေ့လာမှတ်သားပြီး ကျင့်သုံးသင့်ကြောင်း ဖော်ပြထားသည်။

၁၅။ သုခဝဂ်=ချမ်းသာခြင်း တရားစု။ ။ဂါထာ ၁၃။ ဝတ္ထု ၈။

ချမ်းသာခြင်း အစစ်ကား အဘယ်နည်း။ ဥစ္စာ စည်းစိမ် ကာမဂုဏ် ခံစားခြင်းလော။ ပြူစင် သန့်ရှင်း ဆင်းရဲ ကင်းသည့် ချမ်းသာခြင်းလော။ ချမ်းသာခြင်းအတုနှင့် အစစ်ကို ခွဲခြား သိရာ၏။ မတည်မြဲသော ချမ်းသာခြင်း အတု၌ နှစ်မွန်း မနေသင့်ကြောင်း ဆုံးမထားသည်။

၁၆။ ပိယဝဂ်= ချစ်ခြင်းတရားစု။ ။ဂါထာ ၁၂။ ဝတ္ထု ၉။

အချစ်၊ ချစ်ခြင်းဟူသည် အဘယ်နည်း။ ရာဂမီးတည်း။ အပူဆုံးဖြစ်၏။ ခြစ်ခြစ်တောက် ပူလောင်၏။ အချစ်ကို ရှောင်လော့။ ရှောင်လျှင် ချမ်းသာအံ့။ ဝတ္ထု ပစ္စည်း သတ္တဝါတို့၌ ချစ်ခင် စွဲလမ်း တပ်မက်ခြင်းတို့ကား စင်စစ် စိတ်ပူလောင် ဆင်းရဲခြင်းကိုသာ ဖြစ်စေသည်။ ကာမဂုဏ်စည်းစိမ်ကား မီးခဲပြာဖုံးတည်း။

၁၇။ ကောဓဝဂ်=အမျက်ဒေါသ တရားစု။ ။ဂါထာ ၁၄။ ဝတ္ထု ၈။

မိမိကိုဖျက် မိမိအမျက်တည်း။ မိမိကိုယ်ကိုဒေါသမီး မလောင်စေလင့်။ မေတ္တာရေဖြင့် ပက်ဖျန်းလော့။ ဒေါသပယ်၍ မေတ္တာစိတ် ပွားလော့။ "အမုန်းနှင့် အပြုံး၊ မီးနှင့်ရေ" အလွန်ခြားနားသည်။

၁၈။ မလဝဂ်=အညစ်အကြေးတရားစု။ ။ဂါထာ ၂၁။ ဝတ္ထု ၁၂။

"သံကိုသံဖျက် သံချေးတက်"ဟူသကဲ့သို့ အညစ်အကြေး၊ ချေးဟူသည် ပျက်စီးခြင်း၏ အကြောင်းတည်း။ လောဘ၊ ဒေါသ၊ မောဟ၊ ဒုစရိုက် တရားတို့ကား စိတ်ပျက်စီးကြောင်း အညစ်အကြေးတို့တည်း။ စိတ်ပျက်စီးလျှင် တကိုယ်လုံး၊ တဘဝလုံး ဘဝအဆက်ဆက် ပျက်စီးဆင်းရဲမည်သာ။ ထိုအညစ်အကြေးတို့ကို မိမိ၏ စိတ်သန္တာန်မှ ဖယ်ရှားသုတ်သင် သန့်စင်စေလော့။

၁၉။ ဓမ္မဋ္ဌဝဂ်=တရားရှိခြင်း တရားစု။ ။ဂါထာ ၁၇။ ဝတ္ထု ၁၀။

တရားရှိသူ၊ တရားသိသူသည် ဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဤ၌ ရှင်းပြထားသည်။

၂၀။ မဂ္ဂဝဂ်=လမ်းခရီးတရား။ ။ဂါထာ ၁၇။ ဝတ္ထု ၁၀။

လမ်းမှန်လျှင်နန်းစံရမည်။ လမ်းမှန်မှ ပန်းတိုင်ရောက်မည်။ နိဗ္ဗာန်နန်းသို့ သွားရောက်လိုသူသည် အမှန်ဆုံး အမြတ်ဆုံးသော 'မဂ္ဂင်' လမ်းကိုသာ ရောက်ရာ၏။ သွားရာ၏။ တခြားလမ်းမရှိ။ ကိုယ်သွားမှလည်း ကိုယ်ရောက်၏။ ထမ်းခေါ်သွားမည့်သူ မရှိ။ ရှိ၏ဟု ထင်လျှင်မှားမည်။

၂၁။ ပကိဏ္ဏကဝဂ်=အထွေထွေ တရားစု။ ။ဂါထာ ၁၆။ ဝတ္ထု ၉။

အခြား အခန်းများ၌ ဖော်ပြမထားသည့် တရားဆိုင်ရာ မှတ်ဘွယ်များကို ဤတွင် ဖော်ပြထားသည်။

၂၂။ နိရယဝဂ်=ငရဲတရားစု။ ။ဂါထာ ၁၄။ ဝတ္ထု ၉။

"နိရယ-နိရယ်-နရယ်-ငရယ်-ငရဲ-(ဆင်း)ရဲ"။ ငရဲဟူသည် ဆင်းရဲတည်း။ အကြီး အငယ်သာ ကွာ၏။ ငရဲ၊ ဆင်းရဲခြင်း၏ အကြောင်းတရားများကို ဤတွင်ဖော်ပြထားသည်။

၂၃။ နာဂဝဂ် = ဆင် ဥပမာ တရားစု။ ။ဂါထာ ၁၄။ ဝတ္ထု ၈။

ဆင်ကိုကြည့်လော့။ ရိုင်းလျှင် အန္တရာယ် များ၏။ ယဉ်လျှင် အသုံးဝင်၏။ အကျိုးများ၏။ ဆင်ကိုယဉ်အောင် ထောင်းထု၊ ထိုးနှက်ရသကဲ့သို့ မိမိ၏ စိတ်ရိုင်းကို ချိုးဖဲ့နှိမ်နင်း ဆုံးမလော့။ ယဉ်လာလျှင် အသုံးကျတော့ သင့်ကို ဆင်းရဲ ကင်းစေပြီး ချမ်းသာစေသို့ ပို့ဆောင်လတံ့။

၂၄။ တဏှာဝဂ် = တဏှာတရားစု။ ။ဂါထာ ၂၆။ ဝတ္ထု ၁၂။

သတ္တဝါတို့ကို အချုပ်သတ်၊ သတ်သည့်တရားကား တဏှာတည်း။ အချုပ်ပေးပြီး အဆိပ်ကျွေးသည်။ သတ္တဝါတို့ကို ဆွဲခေါ်ပြီး မမောမပန်း မရပ်မနား နှိပ်စက်၏။ ဆင်းရဲစေ၏။ သတ္တဝါတို့ကား နာရမှန်း၊ မှုန်းရမှန်းမသိကြ။ တဏှာ ရေသောက်မြစ်ရှိနေသမျှ ဆင်းရဲခြင်း ပင်စည်သည်စည်ပင်နေမည်သာ။ တဏှာ အမြစ်ကိုဖြတ်မစ်မှသာ ထာဝရ ချမ်းသာကို ရနိုင်မည်။

၂၅။ ဘိက္ခုဝဂ် = ရဟန်းတရားစု။ ။ဂါထာ ၂၃။ ဝတ္ထု ၁၂။

ခေါင်းတုံး တုံးပြီး သင်္ကန်း ဝတ်ရုံနှင့် ရဟန်း မမည်သေး။ ရဟန်းကျင့်ဝတ်နှင့်တကွ တရားကို ကျင့်ပြီး ဆင်းရဲကင်းအောင် လုပ်မှ ရဟန်းစစ်မည်၏ ဟု ရဟန်းများအား ဆုံးမထားသည်။

၂၆။ ဗြာဟ္မဏဝဂ် = ပုဏ္ဏားတရားစု။ ။ဂါထာ ၄၂။ ဝတ္ထု ၄၀။

ပုဏ္ဏားမျိုး၌ဖြစ်ကာမျှဖြင့် ဗြာဟ္မဏပုဏ္ဏား မမည်သေး။ အမျိုးဟူသည် အမည်မျှသာ။ အကျင့်သာပဓာန။ ဆင်းရဲကင်းအောင် တရားမှန်ကျင့်မှ ဗြာဟ္မဏစစ်မည်ကြောင်း၊ အမျိုးမာန်၊ ပညာမာန်ထောင်လွှားသည့် "ငပုဏ္ဏား" တို့အား ချိုးနှိမ်ဆုံးမထားသည်။

[redacted]

# [ ၁ ] ယမကဝဂ်

## ၁။ စက္ခုပါလမထေရ်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ 'မဟာပါလ'မည်သော သူဌေးသားသည် ဘုရားရှင်ထံ၌ ရဟန်းပြု၍ ဇေတဝန်ကျောင်း၌ ငါးဝါမျှ နေပြီးသော် အသက်ကြီးမှ ရဟန်းပြုသူဖြစ်၍ ပိဋကတ်စာပေ သင်ယူခြင်းဟူသော 'ဂန္ထဓုရ'ကို အားမထုတ်နိုင်တော့ရကား ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာ အားထုတ်ခြင်းဟူသော 'ဝိပဿနာဓုရ'ကိုသာ ကျင့်ဆောင်လိုသဖြင့် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူပြီး ရဟန်း ၆၀ နှင့်အတူ ခရီးထွက်ရာ ရွာကြီးတရွာသို့ ရောက်လေ၏။ ထိုရဟန်းများအားလုံး ထိုရွာကြီး၌ပင် ဆွမ်းခံပြီး ရွာသားများ ဆောက်ပေးသည့်ကျောင်း၌ ဝါဆိုနေလျက် တရားအားထုတ်ကြ၏။ မဟာပါလမထေရ် မအိပ်မစက် မလျောင်းဘဲ ပြင်းပြင်းထန်ထန် တရားအားထုတ်သော် တလကြာလျှင် မျက်စိများ ပေါက်ကွဲမတတ် နာကျင်ကိုက်ခဲပြီး မျက်ရည်တသွင်သွင် ယိုစီးလာ၏။ သူသည် မျက်စိရောဂါကိုဂရုမစိုက်ဘဲ အိပ်စက်လဲလျောင်းခြင်း မပြု။ တရားအားထုတ်သော် မျက်စိရောဂါမှာ ဆိုးသည်ထက် ဆိုးလာ၏။

"ငါသည် ငါ့မျက်စိများ ပေါက်ကွဲပျက်စီးသွားကြပစေ၊ ငါ့မျက်စိများကို မကြည့်ဘဲ ဘုရားရှင်၏ အဆုံးအမကိုသာ ကြည့်၍ ကျင့်ဆောင်အံ့။ ဝါတွင်း သုံးလပတ်လုံး မအိပ်တော့ပြီ"ဟု ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် ပြင်းထန်စွာ တရားအားထုတ်သော် နောက်တနေ့၌ မျက်စိများ ကွယ်သည်နှင့်တပြိုင်နက် ကိလေသာကုန်ခန်း ရဟန္တာအဖြစ်သို့လည်း ရောက်လေ၏။ မထေရ်သည် မျက်စိကွယ်သွားသဖြင့် 'စက္ခုပါလ'မထေရ်ဟု တွင်၏။ တပည့်ရဟန်း၆၀ တို့လည်း စက္ခုပါလမထေရ်အား ဆွမ်းစသည် ဝတ်ကြီးဝတ်ငယ် ပြုစုလျက်

မထေရ်၏ အဆုံးအမကို နာယူပြီး တရားအားထုတ်ကြသော် ဝါကျွတ် ခါနီးတွင် ရဟန္တာဖြစ်ကြလေ၏။ မထေရ်နှင့်တကွ ထို ရဟန်းအားလုံး ဝါကျွတ်လျှင် မြတ်စွာဘုရားကို ဖူးမြင်ရန် ဇေတဝန်ကျောင်းသို့ သွားကြ၏။ စက္ခုပါလမထေရ်သည် ကျောင်းငယ်တခု၌ သီတင်းသုံး၏။ နောက်တနေ့တွင် ရဟန်းတို့သည် စက္ခုပါလမထေရ်နှင့် ပတ်သက်၍ "ရဟန္တာ ဖြစ်ပါလျက် အဘယ့်ကြောင့် မျက်စိကွယ်ရပါသနည်း"ဟု လျှောက်ထားကြ၏။

ထိုအခါ မြတ်စွာဘုရားက "စက္ခုပါလသည် ရှေးအတိတ်ဘဝ ဆေးဆရာဖြစ်စဉ်က မျက်စိရောဂါဖြစ်သော မိန်းမတဦးအား 'ပျောက်လျှင် ကျွန်ခံပါမည်'ဟူသော ကတိဖြင့် ဆေးကု၏။ အစွမ်းထက်သည့် ဆေးကို တကြိမ်ခတ်ပေးကာမျှဖြင့် မျက်စိရောဂါ ပျောက်၏။ ဆေးဆရာက 'ဘယ်လို နေသနည်း'ဟု မေးသော် ထိုမိန်းမက ကျွန်မခံလိုသဖြင့် 'ငါ့မျက်စိတို့သည် ယခု တိုး၍ပင် နာကျင်ကုန်၏'ဟု ဆို၏။ ထိုအခါ ဆေးဆရာက 'ဘာမျှ မပေးလို၍ လိမ်ပြောသည်'ကို အမျက်ထွက်ပြီး အိမ်မှ လောင်ကျွမ်းစေသည့် မျက်စဉ်းကို သွားယူ၍ ခတ်လိုက်သော် ထိုမိန်းမ၏ မျက်လုံးတို့သည် လောင်ကျွမ်း၍ စုံလုံးကန်းလေ၏။ ဤမကောင်းမှုကံသည် သူ့နောက်သို့ အစဉ် လိုက်သဖြင့် မရေတွက်နိုင်သော ဘဝတို့၌ မျက်စိကွယ်ခဲ့ရ၏။ မကောင်းမှုကံ မည်သည်–'လှည်းကိုရုန်းသည့် နွား၏ ခြေရာနောက်ကို အစဉ်လိုက်သည့် လှည်း ဘီး ကဲ့သို့' မကောင်းမှုပြုသူနောက်သို့ အစဉ်လိုက်တတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁။ "နာမ်တရားတို့ကား စိတ်သာလျှင် ဦးဆောင်မှု ရှိကုန်၏၊ စိတ်သာ လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်စီရင်သည့်အတိုင်း ဖြစ်ရကုန်၏။ ထို့ကြောင့် တစုံတယောက်သည် မကောင်းသော ပြစ်မှားလိုသည့် စိတ်ဖြင့်နှုတ်ပြောဆိုလျှင် ပြုမူလျှင်–'လှည်းဘီးသည် လှည်းကိုရုန်းသည့် နွား၏ ခြေရာနောက်သို့ အစဉ်လိုက်သကဲ့သို့' ဆင်းရဲဒုက္ခသည် ထိုသူ့ နောက်သို့ ထက်ကြပ်မကွာ အစဉ်လိုက်တတ်လေ၏။"

## ၂။ မဋ္ဌကုဏ္ဍလီ နတ်သား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ သူတပါးအား ဘာမျှ မပေးလှူဘူးသဖြင့် 'အဒိန္နပုဗ္ဗက' ဟု ခေါ်တွင်သော ချမ်းသာကြွယ်ဝသည့် ပုဏ္ဏားတဦးသည် မိမိ၏ တဦး တည်းသော သားအား အလွန် ချစ်မြတ်နိုးသော်လည်း ဝတ်ဆင်စရာ

နားချောင်းတန်ဆာကို လက်ခကုန်မည်စိုး၍ ကိုယ်တိုင်လုပ်ပြီး ဆင်ပေး၏။ ထိုသားသည် ပြေပြစ်ပြောင်ချောသော နားချောင်းတန်ဆာကို ဝတ်ဆင်၍ 'မဋ္ဌကုဏ္ဍလီ'ဟု ခေါ်တွင်၏။ ထိုသားသည် အရွယ်ရောက်သော် တနေ့သ၌ ဖျော့တော့ရောဂါစွဲကပ်၏။ ဖခင်သည် ဆေးဘိုးကုန်မည်စိုး၍ ဆေးမီးတိုဖြင့် ကုသဖြင့် သူ့သားသေတော့မည်ကို သိလျှင် အိမ်ဦးပြင်၌ ထား၏။ ထိုနေ့ နံနက်စောစော မြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သည့် သတ္တဝါတို့ကို သိမြင်ရန် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုသော် 'ထိုပုဏ္ဏားကြီးနှင့် သားတို့ ငါဘုရားထံ ရောက်လာ၍ တရားနာရလျှင် သောတာပန် ဖြစ်လတံ့'သည်ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်း သံဃာအပေါင်း ခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွရာ ထိုပုဏ္ဏားကြီး၏ အိမ်တံခါးဝသို့ ရောက်သော် မဋ္ဌကုဏ္ဍလီထံသို့ ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ မဋ္ဌကုဏ္ဍလီသည် လှည့်ကြည့်၍ မြတ်စွာဘုရားကို ဖူးမြင်ရသော် "ငါသည် အဖမိုက်ကြောင့် ဘုရားရှင်အား ကိုယ်တိုင် သွားရောက်ဖူးမြင်၍ အလှူပေးခြင်း တရားနာခြင်းကို လုပ်နိုင်စွမ်းမရှိ"ဟု ကြံ၍ စိတ်ဖြင့်သာ ကြည်ညိုရရှာ၏။ မြတ်စွာဘုရားလည်း "ဤမျှဖြင့် တော်သင့်ပြီ"ဟု ဖဲကြွတော်မူ၏။ မဋ္ဌကုဏ္ဍလီလည်း မျက်စိတဆုံးကြည့်၍ မြတ်စွာဘုရားအား ကြည်ညိုသောစိတ်ဖြင့် စုတေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ ဖခင် ပုဏ္ဏားလည်း ငိုကြွေးလျက် သားအလောင်းကို မီးသင်္ဂြိုဟ်၏။ သူသည် နေ့တိုင်း သုသာန်သို့သွား၍ သား၏ မြေပုံကို လှည့်ပတ်ကာ ငိုကြွေး၏။ ထိုအခါ မဋ္ဌကုဏ္ဍလီ နတ်သားသည် ဆင်ခြင်၍ ဖခင်မိုက်ကို သိမြင်သော် မဋ္ဌကုဏ္ဍလီလုလင်အသွင်ဖြင့်လာ၍ တနေရာ၌ ငိုကြွေးကာနေ၏။ဖခင်ပုဏ္ဏားက လာ၍မေးသော်....(ဤသို့ စသည် မဋ္ဌကုဏ္ဍလီဇာတ်အတိုင်း သိလေ)။

ထိုနောက် နတ်သားအသွင်ဖြင့် "ငါသည် သင့်သားဖြစ်၏။ မြတ်စွာဘုရားအား ကြည်ညိုသောစိတ်ဖြင့် စုတေပြီး နတ်ပြည်၌ ဖြစ်၏။ သင်သည် မြတ်စွာဘုရားအား ပင့်ဖိတ်၍ အလှူကြီးကို ပေးလော့"ဟု ဆိုဆုံးမပြီး ပျောက်ကွယ်၏။ ပုဏ္ဏားကြီးလည်း ပင့်ဖိတ်၍ နောက်တနေ့၌ ဘုရားရှင်နှင့်တကွ သံဃာအပေါင်းအား ဆွမ်းဖြင့် လုပ်ကျွေး၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသော် ထိုပုဏ္ဏားက "အို ရှင်ဂေါတမ၊ သင်တို့အား မပေးမလှူ မပူဇော်ဘဲ၊ တရားမနာဘဲ စိတ်နှင့် ကြည်ညိုရုံမျှဖြင့် နတ်ပြည်၌ ဖြစ်ကြသူများ ရှိသလော"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "မဋ္ဌကုဏ္ဍလီ နတ်သားက ထို

အကြောင်းကို သင့်အား ပြောပြီးပြီ မဟုတ်လော”ဟု နောက်ဖြစ် အလုံးစုံကို မိန့်ကြားတော်မူပြီး “အိုပုဏ္ဏားး ငါဘုရား၌ စိတ်ဖြင့် ကြည်ညို၍ နတ်ပြည်၌ ဖြစ်ကြသူတို့ကား မရေတွက်နိုင်အောင် များလှ၏”ဟု မိန့်တော်မူ၏။ ထို နောက် “မဋ္ဌကုဏ္ဍလီ နတ်သား၊ဗိမာန်နှင့်တကွ လာစေသတည်း”ဟု အဓိဋ္ဌာန် သော် နတ်သားသည် ဗိမာန်နှင့်တကွ ချက်ခြင်းရောက်လာပြီး ဗိမာန်မှဆင်း၍ မြတ်စွာဘုရားအား ရှိခိုးကာ နေ၏။

မြတ်စွာဘုရားက မေးသဖြင့် ထိုနတ်သားက “တပည့်တော်သည် မြတ်စွာ ဘုရားအား ကြည်ညိုသည့်စိတ်ဖြင့် စုတေ၍ နတ်ပြည်၌ဖြစ်သည် မှန်ပါ၏”ဟု လျှောက်၏။ ထိုနောက် မြတ်စွာဘုရားက“ကုသိုလ်ကံ, အကုသိုလ်ကံ ပြုခြင်း တွင် စိတ်သာလျှင် ရှေ့သွားဖြစ်၏။ စိတ်သာ အဓိက ဖြစ်၏။ ကြည်ညိုစိတ် ဖြင့်ပြုသော ကောင်းမှုကံသည် နတ်ပြည်, လူ့ပြည်သို့ သွားသောသူကို ‘အရိပ်ကဲ့သို့’ မကွေမကွာ ထက်ကြပ်လိုက်ပေ၏”ဟု မိန့်တော်မူပြီး ဂါထာ ဖြင့် ဤသို့ ဟောတော်မူ၏။

> ၂။ “နာမ်တရားတို့ကား စိတ်သာလျှင် ဦးဆောင်မှု ရှိကုန်၏၊ စိတ်သာလျှင် အကြီးအမှူး ရှိကုန်၏၊ စိတ်စီရင်သည့်အတိုင်း ဖြစ်ရကုန်၏။ ထို့ ကြောင့် တစုံတယောက်သည် ကြည်ညိုကောင်းမြတ်သော စိတ်ဖြင့် ပြောဆို ပြုမူလျှင် ‘အရိပ်သည် ထိုအရိပ်ရှင်နောက်ကို အစဉ်လိုက်သကဲ့ သို့’ချမ်းသာသုခသည် ထိုသူနောက်သို့ ထက်ကြပ်မကွာ အစဉ်လိုက်၏။”

ဤတရားကို ကြားနာရသော် ထိုနတ်သားနှင့် ပုဏ္ဏားတို့ သောတာပန် ဖြစ်ကြလေ၏။

## ၃။ တိဿမထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တိဿမထေရ်ကား မြတ်စွာဘုရား၏ ဦးရီးတော်၏ သားဖြစ်ပြီး အသက် ကြီးရင့်မှ ရဟန်းပြု၍ မြတ်စွာဘုရားအား လှူအပ်သည့် လာဘ်ပူဇော်သက္ကာ ကို သုံးဆောင်ရသဖြင့် ဝဝဖြိုးဖြိုးဖြစ်၏။ သူသည် သက်နိုးကောင်းများကို ဝတ်ရုံလျက် များသောအားဖြင့် ကျောင်းအလယ်၊ ခစားရာ၊ စည်းဝေးရာ စရပ်၌ နေ၏။ သူသည် တဝါမျှ မရသေးဘဲလျက် ဘုရားရှင်ကို ဖူးမြင်ရန် လာကြသည့် အာဂန္တုရဟန်းတို့က သူ့အား “မထေရ်ကြီး”ဟု ထင်မှတ်ပြီး ဝတ်ကြီးဝတ်ငယ်ပြု၍ အရိုအသေပြုကြသည်ကို ဆိတ်ဆိတ်နေပြီး သာယာ၏။

ထိုအခါ ရဟန်းငယ်တပါးက "ဘယ်နှစ်ဝါ ရှိပြီနည်း"ဟု မေးလိုက်၏။ တိဿမထေရ်က "တဝါမျှ မရသေး၊ အသက်ကြီးမှ ရဟန်းပြု၏"ဟု ပြန်ပြောသော် ထိုရဟန်းငယ်က "သင် ရဟန်းကြီးကား မိမိ၏ ပမာဏကိုမျှ မသိ။ ဤမထေရ်ကြီးများကို မြင်လျက် ဝတ်ကြီးဝတ်ငယ် ရှိသေမှု မပြုဘဲ ထိုမထေရ်ကြီးတို့က ပြုသည်ကိုပင် သာယာနေဘိ၏"ဟု ရှုတ်ချပြောဆို၏။

ထိုအခါ တိဿမထေရ်သည် မင်းမျိုးမာန်ဖြင့် ထောင်လွှားပြီး "သင်တို့ ငါ့ကို ဘယ်လိုပုဂ္ဂိုလ် ထင်မှတ်ကြသနည်း။ သင်တို့ သိကြရအံ့"ဟု ပြောဆို ငိုယိုလျက် မြတ်စွာဘုရားထံ သွား၏။ ထိုအာဂန္တုက ရဟန်းတို့လည်း လိုက်သွားကြ၏။ မြတ်စွာဘုရားက မေးမြန်းတော်မူပြီးသော် "တိဿ၊ ဝါကြီးသော မထေရ်တို့အား ဝတ်ကြီးဝတ်ငယ် အရိုအသေ ပြုအပ်၏။ ဤသို့မပြုသော ရဟန်းသည် ကျောင်းအလယ်၌ မနေသင့်။ သင့်မှာသာ အပြစ်ရှိ၏။ ထိုရဟန်းတို့အား ကန်တော့လော့"ဟု မိန့်တော်မူ၏။ ထိုအခါ တိဿမထေရ်က "ထိုရဟန်းတို့သည် တပည့်တော်ကို ဆဲရေးကြ၏။ တပည့်တော် မကန်တော့နိုင်ပါ"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "တိဿ၊ ရဟန်းမည်သည် 'ဤသူ ဤသူသည် ငါ့ကို ဆဲရေး၏၊ ငါ့ကို ရိုက်ပုတ်၏၊ ငါ့ကို အောင်၏၊ ငါ့ဥစ္စာကို ခိုး၏'ဟူ၍ မကြံစည်ထိုက်။ ဤသို့ ကြံစည်သောရဟန်းမှာ ရန်စသည် မငြိမ်းနိုင်။ ဤသို့ ရန်ငြိုးမဖွဲ့သော သူမှာသာ ရန်ငြိမ်း၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူပြန်သည်။

၃။ "ဤသူသည် ငါ့ကို ဆဲရေးလေ၏၊ ဤသူသည် ငါ့ကိုသတ်ပုတ်လေ၏၊ ဤသူသည် ငါ့ကို အောင်လေ၏၊ ဤသူသည် ငါ့ဥစ္စာကို ခိုးလေ၏–ဟူ၍ စိတ်ထဲ၌ ရန်ငြိုးထားကြသော သူတို့အဖို့ ရန်သည် မပြေငြိမ်းနိုင်ပေ။

၄။ "ဤသူသည် ငါ့ကို ဆဲရေးလေ၏၊ ဤသူသည်ငါ့ကို သတ်ပုတ်လေ၏၊ ဤသူသည် ငါ့ကိုအောင်လေ၏၊ ဤသူသည် ငါ့ဥစ္စာကိုခိုးလေ၏–ဟူ၍ စိတ်ထဲ၌ ရန်ငြိုးမထားကြသော သူတို့အဖို့ ရန်သည် ပြေငြိမ်း၏။"

## ၃။ ကာဠီ ဘီလူးမ

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်။

သူကြွယ်တဦး၏ မယားသည် မြုံ၍ "အမျိုးအနွယ်ပြတ်စေတဲ့ မိန်းမ"ဟု စွန့်ပယ်ခံရမည် စိုးသဖြင့် မိမိအလိုသို့လိုက်မည့် သတို့သမီးငယ်တဦးကို ရှာဖွေဆောင်ယူ၍ မိမိလင်အား ပေး၏။ နောက် သူမသည် "ဤမိန်းမ ကလေး

ရလျှင် လင့်ဥစ္စာအားလုံးကို ပိုင်ဆိုင်သွားမည်”ဟု ကြံမိသဖြင့် ထိုသတို့သမီး အား “ကိုယ်ဝန်ရလျှင် ငါ့ကိုပြော”ဟု ဆို၏။ နောက် ထိုသတို့သမီးကိုယ်ဝန် ရ၍ ပြောသော် ထိုမိန်းမမြုံသည် ကိုယ်ဝန်ကျဆေးကို ယာဂု စသည်နှင့် ရော၍ ထိုသတို့သမီးအား တိုက်ပြီး ကိုယ်ဝန်ကို ဖျက်ဆီး၏။ နောက်တကြိမ် ရှေးနည်းတူ ပြော၍ ကိုယ်ဝန်အဖျက်ခံရသဖြင့် ထိုသတို့သမီးသည် နောက် တခါ ကိုယ်ဝန်ရသော် မပြောတော့ပေ။ ကိုယ်ဝန်ရင့်မာပေါ်လွင်လာသော် ထိုမိန်းမမြုံသည် ထိုသတို့သမီးအား မေးလျော့ခိုက် ဆေးကို ဖော်စပ်ပြီး ပေး၏။ ကိုယ်ဝန်သည် မလျော့ကျဘဲ သူငယ်သည် ကန့်လန့်အိပ်လျက် ဝေဒနာဖြင့် သားအမိ နှစ်ဦးလုံး သေဆုံးကြ၏။

သတို့သမီးငယ်သည် သေခါနီးတွင် “ငါသေလျှင် ဘီလူးမဖြစ်၍ ဤ မိန်းမမြုံ၏ သားငယ်တို့ကို စားနိုင်သူ ဖြစ်ရစေသား” ဟု ဆုတောင်းပြီး သေသော် ထိုအိမ်၌ပင် ကြောင်မ ဖြစ်၏။ ထိုအကြောင်းကို သိ၍ လင်က ပုတ်ခတ် ထောင်းသတ်သဖြင့် ထိုမိန်းမမြုံ ဒဏ်အနာဖြင့် သေသော် ထိုအိမ်၌ ကြက်မ ဖြစ်၏။ ကြောင်မလည်း ထိုကြက်မဥတိုင်း သုံးကြိမ်တိုင် လာ၍ ဥတို့ကို စား၏။ ကြက်မလည်း “ငါသေလျှင် ဤကြောင်မကို သားသမီးနှင့် တကွ စားရပါလို၏”ဟု ဆုတောင်းပြီး သေသော် တော၌ သစ်မ ဖြစ်၏။ ကြောင်မကား သမင်မ ဖြစ်၏။ သစ်မသည် ထိုသမင်မ သားဖွားချိန်၌ လာ၍ သုံးကြိမ်တိုင် သားငယ်တို့ကို စား၏။ သမင်မသည် “ငါသေလျှင် ဤသစ်မ၏ သားငယ်တို့ကို စားရပါလို၏” ဟု ဆုတောင်းပြီး သေသော် (ကာဠိ) ဘီလူးမဖြစ်၏။သစ်မလည်း သေသော် သာဝတ္ထိပြည်၌ အမျိုးသမီး ဖြစ်၏။

အမျိုးသမီးသည် သာဝတ္ထိမြို့နားရှိ ရွာတရွာ၌ အမျိုးသားတဦးနှင့် အိမ်ထောင်ကျပြီး သားကို ဖွားသော် ထိုဘီလူးမသည် မိတ်ဆွေမဟန် ဆောင် ၍ သားဖွားခန်းထဲဝင်ပြီး ကလေးကို ကြည့်လေဟန်ဖြင့် ယူငင်၍ ဝါးစား ပြီး သွား၏။ နောက်တကြိမ်လည်း ရှေးနည်းတူ ဖြစ်၏။ အမျိုးသမီးသည် နောက်တကြိမ် ကိုယ်ဝန်ရင့်မာ ရှိလေသော် လင်ကို ခေါ်၍ မိဘ အိမ်သို့ သွားပြီး သားဖွား၏။ ထိုအချိန်၌ ထိုဘီလူးမသည် ဝေဿဝဏ်နတ်မင်းထံ၌ လေးငါးလမျှ အမှုထမ်းနေရ၏။ တာဝန်ပြီးသော် ထိုအမျိုးသမီးကို စုံစမ်း ရှာဖွေ၏။ အမျိုးသမီးလည်း သားကို အမည်ပေးပြီး၍ လင်နှင့်အတူ ရွာသို့ ပြန်လာရာ ဇေတဝန်ကျောင်းအနီးရောက်လျှင် ရေကန်၌ သားကို ရေချိုး ပေးပြီး နို့တိုက်နေ၏။ လင်ကား ကန်၌ ရေချိုးနေ၏။ ထိုအမျိုးသမီးသည်

ဘီလူးမကိုမြင်လျှင် မှတ်မိသဖြင့် ဇေတဝန်ကျောင်းသို့ ပြေး၍ တရားဟောနေသည့် ဘုရားရှင်၏ ခြေဖမိုးပေါ်၌ သားကို ထားပြီး "ဤကလေးကို အရှင်ဘုရားအား လှူပါ၏။ သားအား အသက်ကယ်တော်မူပါဘုရား" ဟု လျှောက်၏။

ထိုဘီလူးမကို ကျောင်းတော် တံခါးမုခ်၌ စောင့်နေသော နတ်က ဝင်ခွင့်မပေးချေ။ မြတ်စွာဘုရားက အာနန္ဒာအား ထိုဘီလူးမကို သွားခေါ်စေ၏။ ဘီလူးမရောက်လာ၍ ရပ်နေသော် မြတ်စွာဘုရားက "အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း။ ငါဘုရားရှေ့သို့ သင်တို့နှစ်ဦး မရောက်လာလျှင် ကျီးနှင့် ဇီးကွက်ကဲ့သို့ သင်တို့၏ ရန်ငြိုးသည် တကမ္ဘာပတ်လုံးတည်ပေအံ့။ အဘယ့်ကြောင့် ရန်ကို ရန်တုံ့မူဘိသနည်း။ ရန်မည်သည် ရန်တုံ့မမူခြင်းဖြင့်သာ ငြိမ်း၏။ ရန်တုံ့မူခြင်းဖြင့် မငြိမ်း" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၅။ "ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းဖြင့် ဘယ်တော့မှ မငြိမ်းကုန်၊
ရန်တုံ့မမူခြင်းဖြင့်သာ ငြိမ်းကုန်၏– ဤသဘောသည် ရှေးရိုးစဉ်လာ
တရားပေတည်း။"

ဤတရားကို ကြားနာရပြီးကော် ဘီလူးမသည် သရဏဂုံ၌တည်၍ အမျိုးသမီးသည် သောတာပန်ဖြစ်ပြီး အချင်းချင်း ချစ်ခင်ကာ ရန်စဆုံးလေ၏။

## ၅။ ကောသမ္ဗီ ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ အခြံအရံရဟန်းငါးရာစီရှိသော ဝိနည်းဓိုရ်နှင့် ဓမ္မကထိက ရဟန်းနှစ်ပါးတို့ နေကြ၏။ တနေ့သ၌ ထိုရဟန်းနှစ်ပါးသည် မပြောပလောက်သည့် ဝိနည်းကိစ္စနှင့် ပတ်သက်၍ ငြင်းခုန်ကြရာမှ နောက်လိုက်တပည့် တဖက် ငါးရာစီတို့ အချင်းချင်း ငြင်းခုန် ရန်ဖြစ်ကြသည့်အထိ ပဋိပက္ခ ကြီးထွားလာ၏။ နောက် ထိုရဟန်းနှစ်ပါး အသီးသီးအား ကိုးကွယ်ကြသည့် ဒါယကာတို့သည်၎င်း၊ ယင်းတို့၏ အဆုံးအမကို ခံယူကြသည့် ရဟန်းမတို့သည်၎င်း နှစ်သင်း ကွဲကုန်ကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်း အလုံးစုံကို ကြားသိတော်မူ၍ ထိုရဟန်းများထံ ညီညွတ်ကြရန် သုံးကြိမ်တိုင် စေလွှတ်၍ မိန့်တော်မူသော်လည်း မရပေ။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းများထံ ကြွ၍ "ချစ်သားတို့၊

ခိုက်ရန် မပြုကြလင့်” ဟု အစချီလျက် ခိုက်ရန်ပြုခြင်းကြောင့် ပျက်စီးကြပုံနှင့် ပတ်သက်၍ ‘လဋ္ဋကိကဇာတ်၊ ဝဋ္ဋကဇာတ်’ တို့ကို ဟောကြား ဆုံးမတော်မူ၏။

ထို့နောက်လည်း “ရှေးအခါက ကောသလမင်း၏ သားဖြစ်သူ ဒီဃာဝုမင်းသားသည် မိမိ၏ မိဘများကိုသတ်ပြီး ထီးနန်းကိုသိမ်းယူသည့် ဗာရာဏသီမင်းထံ၌လက်စားချေလို၍ မထင်ရှားသော အသွင်ဖြင့် ခစားအမှုထမ်းလျက်နေရာ တနေ့သ၌ သမင်လိုက်သွားစဉ် မိမိ၏ရင်ခွင်ထဲ၌ ဦးခေါင်းချအိပ်နေပျော်သော ဗာရာဏသီမင်းကို သန်လျက်ဖြင့် ပိုင်းဖြတ်မည်ပြုစဉ် မိဘတို့၏ အဆုံးအမကို သတိရပြီး မသတ်ဘဲ ခွင့်လွှတ်၏။ ဤသို့ ရန်စမရှည်အောင် လူတို့ခွင့်လွှတ်နိုင်ကြသေးလျှင် ရဟန်းတို့သည် အချင်းချင်း သည်းခံ၍ ခွင့်လွှတ်သင့်သည်သာဖြစ်၏” ဟု ဆုံးမတော် မူ၏။ သို့ရာတွင် ထိုရဟန်းတို့ မနာယူ၊ မညီညွတ်ကြကုန်။ ထိုအခါ မြတ်စွာဘုရားသည် “ဤရဟန်းတို့သည် ငါ၏ စကားကို မလိုက်နာကြကုန်။ ငါတပါးတည်း နေရမှုကား ကောင်းလေစွ” ဟု ကြံတော်မူ၍ ပါလိလေယတောသို့ ကြွသွားပြီး ပလလည်း (ပါလိလေယ) ဆင်မင်း၏ လုပ်ကျွေးမှုကို ခံတော်မူလျက် ဝါတွင်းသုံးလပတ်လုံး တပါးတည်း နေတော်မူ၏။

ထိုအကြောင်းကို ကြားကြလျှင် လူဒါယကာ တို့သည် ထိုရဟန်းတို့အား ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြပြီး ရိုသေမပြု၊ ရှိမခိုး၊ မပေး မလှူကြကုန်။ ထိုရဟန်းတို့သည် ဆွမ်းမပြည့်စုံ၍ ပိန်ခြောက်ကုန်သဖြင့် မကြာမီပင် အချင်းချင်း ဝန်ချတောင်းပန် ကန်တော့ကုန်၏။ ထို့နောက် “ငါတို့အချင်းချင်း ကန်တော့ပြီး ကြေအေးကြပြီ။ ငါတို့ကို ရှေးကကဲ့သို့ ကြည်ညိုကြပါလော့”ဟု ဆိုကြသော်လည်း ဒါယကာတို့က “ဘုရားရှင်ကို ကန်တော့ပြီးမှ ကြည်ညိုနိုင်မည်” ဟု ဆိုကြကုန်၏။ ထိုရဟန်းတို့သည် ဝါတွင်းဖြစ်၍ ဘုရားရှင်ထံ သွားမကန်တော့နိုင်သဖြင့် ဝါတွင်းသုံးလပတ်လုံးဆင်းရဲစွာ နေကြရကုန်၏။ ဝါကျွတ်သော် အာနန္ဒာ မထေရ်သည် အခြံအရံ ရဟန်းငါးရာနှင့်အတူ ပါလိလေယတောသို့ ကြွသွား၍ မြတ်စွာဘုရားကို ဇေတဝန်ကျောင်းသို့ ပင့်ဆောင်ကြလေ၏။

ထိုအကြောင်းကိုကြားလျှင် ခိုက်ရန်ဖြစ်ကြသည့်ကောသမ္ဗီပြည်သားရဟန်းများသည် သာဝတ္ထိပြည်သို့ သွားကြပြီး မြတ်စွာဘုရားအား အလွန်ကျိုးနွံရိုသေစွာဖြင့် ကန်တော့ကြပြီး အပြစ်ကို ဝန်ချတောင်းပန်ကြ၏။ ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့၊ သင်တို့သည် ဝန်လေးသည့် အမှုကို ပြုကြ၏။

ငါဘုရားထံ၌ ရဟန်းပြုကြလျက် ညီညွတ်အောင် ပြုလုပ်သည့် ငါဘုရား၏ စကားကို မလိုက်နာကြကုန်။ ရှေးပညာရှိတို့ကား အသတ်ခံရသည့် မိဘတို့၏ စကားကို နာယူ၍ မိဘသတ်သူတို့အား ရန်ငြိုးမထားဘဲ ခွင့်လွှတ်ကြသဖြင့် ရန်ပြေငြိမ်းသည့်အပြင် နှစ်ဆသော အကျိုးကျေးဇူးကို ခံစားရပေသည်” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူပြန်၏။

၆။ “ဤဘဝ၌ ငါတို့သည် အမြဲမနေ သေကြရဦးမည်ဟု တရားမသိသော လူမိုက်အား ခိုက်ရန်ပွားပြီး ရန်မငြိမ်းကုန်။ ပညာရှိတို့သည်ကား ထို တရားသဘောကို သိနားလည်ကြသဖြင့် ခိုက်ရန်ငြိမ်းအောင် ပြုလုပ်ကြကုန်၏။”

## ၆။ မဟာကာလ မထေရ်

မြတ်စွာဘုရား သေတဗျမြို့ကို အမှီပြု၍ ယင်းတိုက်တော်၌ နေတော်မူစဉ်။

သေတဗျမြို့မှ စူဠကာလနှင့် မဟာကာလ သူကြွယ်ညီနောင် နှစ်ဦးတို့သည် ကုန်သွယ် သွားစဉ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း အနီး၌ လှည်းစခန်းချရာ ဘုရားရှင်ထံသွား၍ တရားနာရသဖြင့် ရဟန်းပြုကြ၏။ မဟာကာလသည် သဒ္ဓါတရားဖြင့် ရဟန်းပြုသူ ဖြစ်ပြီး စူလကာလကမူ သဒ္ဓါတရားရှိ၍ ရဟန်းပြုသည် မဟုတ်ဘဲ နောင်တော်ကို အခွင့်ရက လူထွက်အောင်လုပ်ရန် အကြံဖြင့် ရဟန်းပြုခြင်း ဖြစ်၏။ မဟာကာလသည် ဘုရားရှင်ထံမှ သုသာန်ဓုတင်ကို ကြားနာပြီး ရဟန်းများ အိပ်ချိန်၌ သုသာန်သို့ သွား၍ လူသေကောင်အသွင် အမျိုးမျိုး၏ စက်ဆုပ်ရွံရှာဘွယ် အာရုံများကို ကြည့်ရှုမှတ်သားပြီး “အနိစ္စာ ဝတ သင်္ခါရာ” အစရှိသော ဂါထာများကို ရွတ်ဆိုကာ ဝိပဿနာကို ပွားသော် မကြာမီ ရဟန္တာဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီ ကြွတော်မူရာ သေတဗျမြို့သို့ ရောက်၍ ယင်းတိုက်တော်၌ သီတင်း သုံးတော်မူ၏။

ထိုအကြောင်းကို ကြားလျှင် စူဠကာလ၏ မယားတို့သည် “ငါတို့လင်ကို ဖမ်းယူကြအံ့” ဟု ကြံ၍ လူလွှတ်ပြီး သံဃာနှင့်တကွ ဘုရားရှင်အား ဆွမ်းပင့်ဖိတ်ကုန်၏။ မဟာကာလသည် စူဠကာလကို ဘုရားရှင်နှင့် သံဃာများအတွက် နေရာထိုင်ခင်းစီစဉ်ရန် ကြိုတင် စေလွှတ်လိုက်၏။ ရောက်လျှင် စူဠ

ကာလအား သူ့မယားတို့က သင်္ကန်းများ ဆွဲချွတ်ပြီး လူဝတ်လဲစေကုန်၏။ သူသည် လူဝတ်နှင့်ပင် ခေါင်းငုံ့လျက် ဘုရားရှင်ထံသွား၍ ဆွမ်းဘုန်းပေးရန် အိမ်သို့ ပင့်လာ၏။ ဆွမ်းဘုဉ်းပေးပြီးသော် မဟာကာလ၏ မယားတို့က အလားတူ အကြံဖြင့် နောက်တနေ့ နံနက်အတွက် ရဟန်းသံဃာနှင့်တကွ ဘုရားရှင်အား ဆွမ်းပင့်ဖိတ် ကုန်၏။ နောက်တနေ့ ဆွမ်းဘုဉ်းပေးပြီးသော် မဟာကာလ၏ မယားတို့က ဘုရားရှင်အား "အလှူ အနုမောဒနာပြုရန် မဟာကာလကို ထားခဲ့ပြီး ကျန်ရဟန်းများနှင့်တကွ ကြွတော်မူပါဘုရား"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားလည်း "ကောင်းပြီ" ဟု မိန့်၍ ကြွတော်မူပြီး မြို့တံခါးသို့ ရောက်လျှင် ရဟန်းတို့က "ဘုရားရှင်သည် အန္တရာယ်ရှိမှန်း သိလျက်နှင့် မဟာကာလကို ထားခဲ့၏"ဟု ကဲ့ရဲ့ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ဤသို့မဆိုကြလင့်။စူဠကာလကကား ကိလေသာ ရာဂ ထကြွသည့် စိတ်ရှိသဖြင့် လောကီအာရုံကို 'တင့်တယ်လှပကောင်းမွန်၏' ဟု ရှုမြင်သူ ဖြစ်သဖြင့် ကမ်းပါးပြတ်၌ တည်ရှိသော အားနည်းသစ်ပင်နှင့် တူ၏။ မဟာကာလအား 'မတင့်တယ်'ဟု အဖန်ဖန်ရှု၍ နေသူဖြစ်သဖြင့် ကျောက်တောင်ကြီးကဲ့သို့ တုန်လှုပ်ခြင်း မရှိ"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇။ "လောကီအာရုံကို သာယာတင့်တယ်၏ဟု အစဉ်ရှုလေ့ရှိပြီး မျက်စိစသည့် ဣန္ဒြေတို့ကို မစောင့်စည်း မချုပ်တည်းသော၊ အစားအစာ သုံးဆောင်ခြင်းတို့၌လည်း အတိုင်းအရှည်ကို မသိဘဲ သာသနာ၌ ငြီးငွေ့ပြင်းရိပြီး ကြိုးစား အားထုတ်မှု မရှိသော ထိုပုဂ္ဂိုလ်မျိုးကို 'အားကြီးသော လေက အားနည်းသော သစ်ပင်ကို တိုက်လှဲဖျက်ဆီးသကဲ့သို့' ကိလေသာမာရ် ကိုယ်တွင်းရန်က နှိပ်စက် ဖျက်ဆီးလေ၏။

၈။ "လောကီအာရုံကို မသာယာ မတင့်တယ်ဟု အစဉ်ရှုလေ့ရှိပြီး မျက်စိစသည့် ဣန္ဒြေတို့ကို ကောင်းစွာ စောင့်စည်းချုပ်တည်းပေသော၊အစားအစာသုံးဆောင်ခြင်း၌လည်းအတိုင်းအရှည်ကို သိလျက် သာသနာ၌ စွဲမြဲစွာ ယုံကြည်ပြီး ကြိုးစား အားထုတ်ခြင်း ရှိသော ထိုပုဂ္ဂိုလ်များကို 'ကျောက်တောင်ကြီးကို လေက မလှုပ်နိုင် မဖျက်ဆီးနိုင်သကဲ့သို့' ကိလေသာမာရ် ကိုယ်တွင်းရန်က မနှိပ်စက် မဖျက်ဆီးနိုင်ချေ။"

ဤတရား ဟောကြားအပြီးတွင်ပင် မယားဟောင်းတို့က သင်္ကန်းချွတ်ရန် အားထုတ်ကြစဉ် မဟာကာလသည် ထ၍ ပုံ့တက်ပြီး အိမ်အမိုးကို နှစ်ဖြာခွဲကာ ကောင်းကင်ဖြင့်ဘုရားရှင်ထံ ရောက်ရှိလာလေ၏။

## ၇။ ဒေဝဒတ် ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အဂ္ဂသာဝက နှစ်ပါးတို့သည် အသီးသီး အခြံအရံ ရဟန်း ငါးရာစီကို ဘုရားရှင်အား ပန်ကြားပြီး ဇေတဝန်ကျောင်းမှ ရာဇဂြိုဟ်ပြည်သို့ ကြွကြ၏။ ရာဇဂြိုဟ်ပြည်သားတို့သည် အသင်းအစုဖွဲ့၍ ထိုမထေရ်နှစ်ပါးနှင့် ရဟန်းတို့အား အလှူပေးကြ၏။ တနေ့သ၌ ဒါယကာတဦးက ဦးစီးဆော်ဩပြီး စုပေါင်းအလှူကြီးတခုကို ပေးသော် သူကြွယ်တဦးက အဖိုးတသိန်းတန် သက်န်းလျာပုဆိုးကို လှူရန် ပေးအပ်သဖြင့် အလှူနှီးဆော်သူက လူတို့အား "ဤသက်န်းလျာ ပုဆိုးကို အဘယ်ရဟန်းအား လှူလိုကြသနည်း"ဟု မေး၏။ လူအများစုက "ရှင်ဒေဝဒတ်သည် ငါတို့၏ မင်္ဂလာကြီးငယ်များ၌ ကြည့်ရှုစောင်မသဖြင့် အဖော်သဟဲဖြစ်၏။ ငါတို့အရပ်၌သာ အမြဲမပြတ် သီတင်းသုံး၏။ ရှင်ဒေဝဒတ်အား လှူကြအံ့"ဟု ဆိုကြ၏။ အဂ္ဂသာဝကနှစ်ပါးနှင့်တကွ ရဟန်းတထောင်အား ဆွမ်းကျွေး၍ အလှူကြီး ပေးပြီးသော် လူတို့သည် ရှင်ဒေဝဒတ်အား ထိုတသိန်းတန် ပုဆိုးကို လှူကြ၏။

ရှင်ဒေဝဒတ်သည် ထိုပုဆိုးကို ဖြတ်ချုပ်၍ ဆိုးရည်ဖြင့်ဆိုးပြီး ဝတ်ရုံလျက် လှည့်လည်သွားလာ၏။ ထိုသို့ သွားလာသည်ကို လူတို့မြင်သော် "ဤသက်န်းကား ရှင်ဒေဝဒတ်နှင့် မထိုက်တန်၊ ရှင်သာရိပုတ္တရာနှင့်သာ ထိုက်တန်၏။ ရှင်ဒေဝဒတ်သည် မိမိနှင့် မထိုက်တန်သည့် သက်န်းကို ဝတ်ရုံ၍ လှည့်လည်ဘိ၏"ဟု ဆိုကြ၏။ ထိုအခါ ရဟန်းတပါးသည် ရာဇဂြိုဟ်မှ သာဝတ္ထိပြည်သို့ သွား၍ ဘုရားရှင်ထံရောက်သော် ထိုအကြောင်းကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "ဒေဝဒတ်သည် ယခုသာ မိမိနှင့် မထိုက်တန်သည့် သက်န်းကို ဝတ်ရုံသည်မဟုတ်သေး၊ ရှေးကလည်း ဤသို့ပင် ဝတ်ရုံဘူး၏"ဟု အစချီ၍ ဒေဝဒတ်သည် ရှေးဘဝ မုဆိုးဖြစ်စဉ်က သက်န်းကိုဝတ်ရုံပြီး တော၌ ပစ္စေကဗုဒ္ဓါတို့အား ဒူးတုပ်ရှိခိုးပြီးမှ သွားလေ့ရှိကြသည့် ဆင်တို့အနက် နောက်ဆုံးဆင်ကို လက်နက်ဖြင့် ပစ်သတ်၍ အသက်မွေးခဲ့ဘူးကြောင်း 'တာသာဝဇတ်'ကို ဟောကြားပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉။ “ကိလေသာအညစ်အကြေး (ဖန်ရည်) တို့မှ မကင်းစင်သော၊ မျက်စိ စသည့် ဣန္ဒြေတို့ကို ဆုံးမချုပ်တည်းခြင်း, မှန်ကန်သည့် သစ္စာစကား ကို ဆိုခြင်းတို့မှ ကင်းဝေးသော အကြင်ပုဂ္ဂိုလ်သည် ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ရုံလျှင် ထိုသူသည် ထိုသင်္ကန်းနှင့် မထိုက်တန်ချေ။

၁၀။ “ကိလေသာ အညစ်အကြေး (ဖန်ရည်) ကို ပျို့အန်စွန့်ပယ်ပြီးသော၊ သီလတို့ကို ကောင်းစွာ ဆောက်တည်ထိန်းသိမ်းသော ဣန္ဒြေတို့ကို ဆုံးမ ချုပ်တည်းခြင်း, မှန်ကန်သည့် သစ္စာစကားကို ဆိုခြင်းတို့နှင့် ပြည့်စုံ သော ပုဂ္ဂိုလ်သည်သာ စင်စစ် သင်္ကန်းနှင့်ထိုက်တန်၏။”

## ၈။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်မှ မနီးမဝေးသော ဥပတိဿရွာနေ သာရိပုဏ္ဏေးမ၏သား ‘ဥပတိဿ’လုလင်နှင့် ကောလိယရွာနေမောဂ္ဂလိပုဏ္ဏေးမ၏သား‘ကောလိတ’ လုလင်နှစ်ဦးတို့သည် ကြွယ်ဝချမ်းသာ၍ မိတ်ဆွေများ ဖြစ်ကြ၏။ သူတို့သည် တနေ့သ၌ လောကကြီး၌ ငြီးငွေ့လျက် ‘ဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာရန် ရဟန်းပြုသင့်၏’ဟု ကြံစည်ကြပြီး ရာဇဂြိုဟ်ပြည်၌ ကျော်ကြား၍ ပရိဗိုဇ်ပရိသတ်နှင့်တကွ နေထိုင်သော ဂိုဏ်းဆရာဖြစ်သူ သိဉ္စည်းပရိဗိုဇ်ထံ သွား၍ရဟန်းပြုကြ၏။ သူတို့သည် နှစ်ရက်သုံးရက်အတွင်းမှာပင်သိဉ္စည်းဆရာ ကြီး၏ အယူဝါဒအားလုံးကို သင်ယူပြီးစီး၏။ နောက် သူတို့သည် ‘ဝဋ်မှ ထွက်မြောက်ရာတရား ဟောကြားနိုင်သူ’ကို ဇမ္ဗူဒိပ်အနှံ့ လှည့်လည်ရှာဖွေ၍ မတွေ့သဖြင့် ပြန်လာကြ၏။ သူတို့နှစ်ဦးသည်“သေခြင်းကင်းရာ အမြိုက်တရား ကို ဦးစွာရသောသူသည် ကျန်တယောက်အား ပြန်ပြောပြစတမ်း”ဟု ကတိ ထားကြ၏။

နောက် များမကြာမီပင် မြတ်စွာဘုရားသည် ပထမဆုံး ရဟန္တာများ ဖြစ်သည့် ရဟန်းပေါင်းတထောင် ခြံရံလျက် ဥရုဝေလတောမှ ရာဇဂြိုဟ် ပြည်သို့ ကြွရောက်လာပြီး ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး လှူဒါန်းအပ် သော ဝေဠုဝန်ကျောင်းကြီးကို အလှူခံ၍ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပဉ္စဝဂ္ဂီ ငါးဦးတွင် တဦးပါဝင်သော ‘အဿဇိ’ မထေရ်သည် လှည့်လည် တရားဟောရာမှ ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်လာ၍ နံနက်စောစော မြို့တွင်း သို့ ဆွမ်းခံဝင်၏။ ဥပတိဿပရိဗိုဇ်သည် ဣန္ဒြေသိက္ခာဖြင့် တည်ငြိမ်သပ္ပာယ်လှ

သော အဿဇိမထေရ်ကို တွေ့မြင်လျှင် "ဤရဟန်းသည် မချွတ် အရိယာ ရဟန္တာဖြစ်မည်၊ မထေရ် ဆွမ်းခံအပြီးတွင် ချဉ်းကပ်အံ့"ဟု နောက်က အစဉ် လိုက်၏။ အဿဇိသည် တနေရာ၌ ဆွမ်းစားရန် ထိုင်မည်ပြုသော် ဥပတိဿ က မိမိ၏အခင်းကို ခင်းပေးပြီး ရေလဲဆက်ကပ်၏။ မထေရ်ဆွမ်းစားပြီးသော် ဥပတိဿက "သင့်ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏တရားကို နှစ်သက် သနည်း"ဟု မေး၏။

အဿဇိမထေရ်သည် မြတ်စွာဘုရားရှင်အကြောင်း ပြောပြလျက် တရား အကျဉ်းကို ဟောပြလိုသဖြင့် "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော ဂါထာတခုကို ရွတ်ဆို၏။ ဥပတိဿသည် ပညာပါရမီ ရင့်သန်သူဖြစ်ရကား ထိုဂါထာကို ကြားနာရလျှင်ပင် သောတာပန်ဖြစ်၏။ သူသည် 'ကောလိတ' ထံ သွား၍ အမြိုက်တရားရခဲ့ပုံ အလုံးစုံကို ပြန်ပြောပြ၏။ ကောလိတလည်း ဥပတိဿ ပြန်ဟောပြသည့် ထိုဂါထာကို ကြားနာရလျှင်ပင် သောတာပန် ဖြစ်၏။ နောက် သူတို့သည် သိဥ္စည်းဆရာထံ သွား၍ "လောက၌ ဘုရားရှင် ပွင့်ပြီး၊ တရားနှင့်သံဃာလည်း ထင်ရှားရှိပေပြီ။ အနှစ်သာရ မရှိသည့် အယူဝါဒ၌ မကျင်လည်ပါနှင့်။ ဘုရားရှင်ထံ သွားကြပါအံ့"ဟု ပြောဆို၏။ သိဥ္စည်းဆရာက "သင်တို့သာ သွားကြ။ အိုးကြီးသည် အိုးငယ်ပြန်မဖြစ်နိုင် သကဲ့သို့ ငါသည် ဂိုဏ်းဆရာကြီးဖြစ်လျက် သူတပါး၏ တပည့် မလုပ်နိုင်တော့ ပြီ။ ငါ့အတွက် သင်တို့ မပူနှင့်။ လူနည်းစု ပညာရှိတို့သာ ရဟန်းဂေါတမထံ သွားပြီး လူများစု လူမိုက်တို့သည် ငါ့ထံ လာကြလတံ့။ ငါမလိုက်တော့ပြီ" ဟု ဆို၍ ငြင်းပယ်၏။

ထိုအခါ ဥပတိဿနှင့် ကောလိတတို့လည်း မိမိတို့၏ တပည့်ရင်း ပရိဗိုဇ် ၂၅၀ စီတို့ဖြင့် ခြံရံလျက် ဝေဠုဝန်ကျောင်းသို့ သွားကြ၏။ မြတ်စွာဘုရား သည် ပရိသတ်အလယ်၌ တရားဟောနေစဉ် အဝေးမှ လာနေကြသည့် ထိုသူနှစ်ဦးကို မြင်တော်မူလျှင် "ရဟန်းတို့၊ ယခုလာနေကြသည့် ဥပတိဿ နှင့် ကောလိတတို့သည် ငါဘုရား၏ အဂ္ဂသာဝကနှစ်ပါး ဖြစ်လတံ့" ဟု မိန့်တော်မူ၏။ ထိုသူနှစ်ဦးသည် ဘုရားရှင်ထံ ရောက်လျှင် ရဟန်းပြုခွင့် တောင်းကြ၏။ မြတ်စွာဘုရားက "ဧထ ဘိက္ခဝေါ"=(ရဟန်းတို့လာကြလော့) ဟု ခေါ်လိုက်လျှင်ပင် တန်ခိုးဖြင့်ပြီးသော သင်္ကန်း သပိတ်ကို ဆောင်လျက် ဝါ ၆၀ ရ မထေရ်ကြီးကဲ့သို့ ဖြစ်ကြလေ၏။ ဘုရားရှင်ထံမှ တရားနာရလျှင် ကောလိတသည် ခုနစ်ရက်မြောက်နေ့၌ရင်း၊ ဥပတိဿသည် ၁၅ ရက် မြောက် နေ့၌ရင်း ရဟန္တာဖြစ်ကြ၏။ ဥပတိဿသည် သာရီပုဏ္ဏေးမ၏ သားဖြစ်၍

သာရိပုတ္တ (သာရိပုတ္တရာ)ဟုရင်း၊ ကောလိတသည် မောဂ္ဂလိ ပုဏ္ဏေးမ၏ သားဖြစ်၍ မောဂ္ဂလ္လာန (မောဂ္ဂလ္လာန်)ဟုရင်း အမည်တွင်၏။

သာရိပုတ္တရာ ရဟန္တာဖြစ်သည့် နေ့၌ပင် မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ နေလျက် သာဝကအစည်းအဝေးကို ခေါ်ပြီး သာရိပုတ္တရာအား 'ပညာဧတဒဂ်'လကျာရံ အဂ္ဂသာဝကအရာနှင့် မောဂ္ဂလ္လာန်အား 'တန်ခိုး ဧတဒဂ်'လက်ဝဲရံ အဂ္ဂသာဝကအရာကို ပေးတော်မူ၏။ ထိုအခါ အဂ္ဂသာဝက နှစ်ပါးက သိဥ္စည်းဆရာကို ခေါ်ခဲ့ကြပုံ အလုံးစုံကို လျှောက်ကြားသော် မြတ်စွာဘုရားက "သိဥ္စည်းပရိဗိုဇ်သည် အယူမှားကို ယူသဖြင့် အနှစ်သာရ မရှိဘဲလျက် အနှစ်သာရရှိ၏ဟု ယူလေ့ရှိ၏။ အနှစ်သာရ ရှိသော အယူကိုမူ အနှစ်သာရမရှိဟု ယူဘိ၏။ သင်တို့ကား ပညာရှိသောကြောင့် အနှစ်သာရ ရှိသော သမ္မာအယူကို အနှစ်သာရရှိ၏ ဟုရင်း၊ အနှစ်သာရမရှိသည့် မိစ္ဆာ အယူကို အနှစ်သာရမရှိဟုရင်း သိကြသည့်အားလျော်စွာ အနှစ်သာရမရှိ သော မိစ္ဆာအယူကို စွန့်ပယ်ပြီး အနှစ်သာရရှိသော သမ္မာအယူကို ယူကြ၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁။ "မှားသောအမြင် မှားသောအကြံအစည်၌ ကျက်စားကုန်သော သူတို့သည် အနှစ်သာရမရှိသော တရား၌ အနှစ်သာရရှိ၏ဟု ထင်မှတ် ကြပြီး အနှစ်သာရရှိသော သူတော်ကောင်းတရား၌ အနှစ်သာရ မရှိ ဟု ထင်မှတ်ကြသဖြင့် အနှစ်သာရရှိသော တရားကို မရနိုင်ကုန်။

၁၂။ "မှန်သောအမြင် မှန်သောအကြံအစည်၌ ကျက်စားကုန်သော သူတို့ သည် အနှစ်သာရရှိသော သူတော်ကောင်းတရားကိုလည်း အနှစ်သာရ ရှိ၏ဟုရင်း၊ အနှစ်သာရမရှိသော တရားကိုလည်း အနှစ်သာရမရှိဟု ရင်း အမှန်သိမြင်ကြသဖြင့် အနှစ်သာရရှိသောတရားကို ရကြကုန်၏။"

## ၉။ နန္ဒမထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ ဒုတိယဝါကပ်တော်မူပြီး ဝါကျွတ်လျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဆယ်ကြိမ်တိုင် တမန် လွှတ်၍ ပင့်လေသဖြင့် တပေါင်းလပြည့်နေ့မှ စ၍ ရဟန်းအပေါင်း ခြံရံလျက် တနေ့ တယူဇနာကျ ကြွတော်မူရာ တန်ကူးလကွယ်နေ့တွင် ကပိလဝတ်ပြည်သို့

ရောက်တော်မူ၏။ ရောက်သည့်နေ့ ဆွေတော်မျိုးတော် အစည်းအဝေး၌ ပေါက္ခရဝဿမိုးကို ရွာစေသော 'ဝေဿန္တရာဇာတ်'ကို ဟောတော်မူ၏။ နှစ်ရက်မြောက်နေ့၌ မြို့ထဲဆွမ်းခံဝင်ရာတွင် ခမည်းတော်အား တရားဟော၍ သောတာပတ္တိဖိုလ်၌ တည်စေပြီး နန်းတော်ရောက်၍ တရားဟောပြီး မိထွေးတော် ဂေါတမီကို သောတာပတ္တိဖိုလ်၌၎င်း၊ ခမည်းတော်ကို သကဒါဂါမိဖိုလ်၌၎င်း တည်စေတော်မူ၏။ ဆွမ်းစားပြီးသော် ရာဟုလာမယ်တော် ယသော်ဓရာ၏ ကျေးဇူးနှင့်ပတ်သက်၍ 'စန္ဒကိန္နရီ'ဇာတ်ကို ဟောတော်မူ၏။

သုံးရက်မြောက်၌ ညီတော်နန္ဒမင်းသားအား "သိဘိက်မင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ"ဟု မင်္ဂလာသုံးခု စုံဖြစ်ရာ၊ မြတ်စွာဘုရားသည် ထိုမင်္ဂလာပွဲသို့ ဆွမ်းအလို့ငှာ ဝင်၍ မင်္ဂလာတရား ဟောပြီးသော် ညီတော် နန္ဒမင်းသားကို သပိတ်ထမ်းခိုင်းပြီး ကျောင်းသို့ ကြွတော်မူ၏။ ထိုသို့ လိုက်ပါသွားသော နန္ဒမင်းသားကို ဇနီးလောင်း ဇနပဒကလျာဏီ မြင်ရသော် "မောင်တော် မြန်မြန်ပြန်လာပါ"ဟု လှမ်းမှာလိုက်၏။ နန္ဒမင်းသားသည် ထိုစကား၌သာ စွဲမြဲစွာ ကပ်ငြိနေပြီး စိတ်မပါဘဲ မြတ်စွာဘုရားအား ကြောက်ရွံ့ရိုသေသဖြင့်သာ ကျောင်းအထိလိုက်ပါသွားရ၏။ ကျောင်းရောက်လျှင် မြတ်စွာဘုရားက "ရဟန်းပြုမည်လော"ဟု မေးရာ နန္ဒမင်းသားသည် "မပြုနိုင်ပါ"ဟု မလျှောက်ဝံ့သဖြင့် စိတ်မပါဘဲ ရဟန်းပြုလိုက်ရပြန်၏။ ခုနှစ်ရက် မြောက်နေ့၌ မိခင်ယသော်ဓရာက အမွေတောင်းခိုင်း၍ အမွေလာတောင်းသော သားတော်ရာဟုလာအား ဘုရားရှင်က "လောကုတ္တရာ အမွေကို ပေးအံ့"ဟု ရှင်ပြုပေး၏။ ထိုအခါ မြတ်စွာဘုရားသည် ခမည်းတော်အား 'မဟာဓမ္မပါလ'ဇာတ်ကို ဟော၍ အနာဂါမိဖိုလ်၌ တည်စေပြီးသော် နောက်တနေ့ နံနက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။

ထို့နောက် သာဝတ္ထိပြည်သို့ ကြွ၍ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံ၍ သီတင်းသုံးတော်မူ၏။ ထိုအခါ "နန္ဒမင်းသားသည် ဇနပဒကလျာဏီကို လွမ်း၍ သာသနာ၌ မပျော်ပိုက် ငြီးငွေ့ပြီး လူထွက်ချင်နေပါသည်" ဟု ရဟန်းတို့က လျှောက်ကြားသဖြင့် မြတ်စွာဘုရားသည် ညီတော်နန္ဒ မင်းသားကို လက်မောင်း၌ဆွဲကိုင်ပြီး တန်ခိုးဖြင့် တာဝတိံသာ နတ်ပြည်သို့ ခေါ်သွားတော် မူ၏။ လမ်းခရီး၌ မီးလောင်ပြင်ရှိ သစ်ငုတ်တိုပေါ်တွင် ထိုင်နေသည့် မျောက်မအို တကောင်ကို နန္ဒမင်းသားအား ပြ၍ "ဤမျောက်မအိုနှင့်

ဇနပဒကလျာဏီ ဘယ်သူက သာ၍ လှသနည်း”ဟု မေးရာ နန္ဒမင်းသားသည် “ပြောမှပြောရက်ပလေ”ဟု စိတ်ထဲ၌ မခံချည့်မခံသာ ဖြစ်၏။ နောက် တာဝတိံသာ ရောက်၍ နတ်သမီးများကို တွေ့မြင်ရလျှင် မြတ်စွာဘုရားက “ဤနတ်သမီးများနှင့် ဇနပဒကလျာဏီ ဘယ်သူကသာ၍ လှသနည်း” ဟု မေးပြန်သော် နန္ဒမင်းသားက “ဇနပဒကလျာဏီသည် ဤနတ်သမီးများနှင့် ယှဉ်လိုက်လျှင် သစ်ငုတ်တိုပေါ်က မျောက်အိုမနှင့်သာ တူပါ၏” ဟု လျှောက်၏။

ထိုအခါမြတ်စွာဘုရားက “သင်သည် ငါဘုရား၏ သာသနာ၌ မြတ်သော အကျင့်ကိုကျင့်လော့။ သင့်အား ထိုနတ်သမီးများကို ရပေလတံ့” ဟု မိန့် တော်မူသော် နန္ဒမင်းသားက “နောင်တော်ဘုရားတာဝန်ခံလျှင် သာသ နာ၌ မွေ့လျော်စွာ ကျင့်ကြံအားထုတ်ပါမည်” ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ရှင်နန္ဒကိုခေါ်၍ တာဝတိံသာ နတ်ပြည်မှ ကွယ်ပြီး ဇေတဝန်ကျောင်း၌ ရောက်ရှိလေသတည်း။ ထိုအခါ “ရှင်နန္ဒသည် နတ် သမီးတို့ကို လိုချင်၍မြတ်သော အကျင့်ကို အားထုတ်သတဲ့။ မြတ်စွာဘုရား ကလည်း နတ်သမီးများရမည်ဟု တာဝန်ခံတော်မူသတဲ့” ဟု ရဟန်းတို့ကြား သိကုန်၏။ ထိုအခါ အဖော်ရဟန်းတို့က ရှင်နန္ဒအား “သူရင်းငှားကဲ့သို့ နတ်သမီးတည်းဟူသော အဖိုးအခကို ရအောင်ကျင့်သူ” ဟူ၍ရင်း၊ “မြတ် သောအကျင့်ကို ရင်းနှီးပြီး နတ်သမီးတို့ကို ဝယ်ယူသူ” ဟူ၍ရင်း မပြတ် ခေါ်ဝေါ်လျက် “နတ်သမီးများ ရစေရန် ဘုရားရှင်သော်မှ တာဝန်ခံရ သည်” ဟု ကဲ့ရဲ့ပြောဆိုကြ၏။

ထိုစကားများကို ကြားလျှင် ရှင်နန္ဒသည် ငြိုးလဲငြိုးငွေ့၊ ရှက်လည်း ရှက်သဖြင့် ဆိတ်ကွယ်ရာသို့ တပါးတည်း သွားနေ၍ ကိလေသာတို့ကို နှိမ်နင်းလျက် မမေ့မလျော့ ပြင်းထန်စွာ တရားအားထုတ်သော် ရဟန္တာ ဖြစ်လေ၏။နောက်တနေ့ရဟန်းများက ရှင်နန္ဒအား “သင်ရှေးကသာသနာ၌ ငြိုးငွေ့သည်ဟု ဆို၏။ ယခုဘယ်သို့ ရှိသနည်း” ဟု မေးကြသော် ရှင်နန္ဒက “ယခုလူ့ဘဝ၌ တွယ်တာမှုမရှိပြီ” ဟု လျှောက်၏။ “ရဟန္တာဖြစ်ပါပြီ”ဟု ဆိုလိုသောထိုစကားကို ထိုရဟန်းတို့ မယုံ၍ ဘုရားရှင်ထံ သွားပြီး လျှောက် ထားကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ ရှေးက နန္ဒ၏ ခန္ဓာကိုယ် အတ္တဘောသည် အမိုးမကောင်းသောအိမ်နှင့်တူ၏။ ယခုမူ နန္ဒသည်ရဟန်း ကိစ္စ ပြီးစီးသဖြင့် အမိုးကောင်းသော အိမ်နှင့်တူ၏” ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၃။ "မိုးရေသည် ကောင်းစွာ မိုးမထားသည့် အိမ်အတွင်းသို့ ဖောက်ဝင်နိုင်သကဲ့သို့ ကိလေသာ ရာဂသည် ကမ္မဋ္ဌာန်းဘာဝနာဖြင့် ပွားများထားခြင်း မရှိသော စိတ်ကို ထွင်းဖောက်နိုင်၏။

၁၄။ "မိုးရေသည် ကောင်းစွာ မိုးထားသည့် အိမ်တွင်းသို့ ဖောက်မဝင်နိုင်သကဲ့သို့ ကိလေသာရာဂသည် ကမ္မဋ္ဌာန်းဘာဝနာဖြင့် ပွားများထားသည့်စိတ်ကို မထွင်းဖောက်နိုင်။"

## ၁၀။ စုန္ဒ ဝက်သတ်သမား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ဝေဠုဝန်ကျောင်းနှင့် မနီးမဝေးသော ရွာ၌ နေသည့် 'စုန္ဒ' အမည်ရှိ ဝက်သတ်သမားသည် ဝက်များကို မွေးမြူ၍ ကြီးထွား လာသည့် အခါ မလှုပ်နိုင်အောင် ချည်၍ အသားတိုးစေရန် တင်းပုတ်ဖြင့် ဖူးဖူးရောင်အောင် ရိုက်နှက်၏။ နောက် ဝက်၏ ပါးစပ်ကိုဖြဲ၍ တုတ်တံဖြင့် ထောက်ကန်ထားပြီး သံခွက်ဖြင့် ကျိုက်ကျိုက်ဆူသော ရေနွေးကို ပါးစပ်ထဲလောင်းထည့်၏။ ရေနွေးသည် ဝမ်းထဲဝင်၍ အစာဟောင်းကို တိုက်မျောကာ ဖင်ဝမှ ထုတ်ဆောင်၏။ အစာဟောင်းရှိသေးလျှင် ရေနွေးသည် နောက်သဖြင့် ရေနွေးအကြည် ထွက်သည့်အထိ ဤသို့ ရေနွေး ထပ်ခါထပ်ခါ လောင်းထည့်ပေး၏။ နောက် ရေနွေးကို ဝက်၏ ကျောပေါ် လောင်း၍ မဲသည့်အရေတို့ကို ကျွတ်ကွာစေ၏။ နောက် ဝက်ကိုယ်မှ အမွေးတို့ကို မီးတိုက်ပစ်ပြီး ဓားဖြင့် လည်ကိုဖြတ်၏။ ထွက်ကျလာသည့် သွေးကိုခွက်ဖြင့် ခံယူ၍၊ ယင်းသွေးနှင့် အသားကို ရောချက်ပြီး သားမယားတို့နှင့်အတူ စား၍ အကျန်ကို ရောင်းချ၏။

စုန္ဒသည် ဤနည်းဖြင့် ၅၅ နှစ်တိုင် အသက်မွေး၍ ဘုရားကျောင်း အနီး၌ နေလျက်လည်း တရက်မျှ ပန်းတဆုပ်, ဆွမ်းတလုပ် လှူခြင်းကဲ့သို့ ကောင်းမှုအနည်းငယ်မျှ မပြုခဲ့ပေ။ ထိုအခါ တနေ့သ၌ စုန္ဒမှာ အနာရောဂါ တပ်ရောက်၍ အဝီစိငရဲမီးကဲ့သို့ တကိုယ်လုံးပူလောင်လာပြီး ကံနှင့်တူသော အကျိုးခြင်းရာဖြစ်လာ၏။ သူသည် အိမ်ထဲ၌သာ ဝက်ကဲ့သို့ မြည်တမ်း ဟစ်အော်လျက် ဒူးနှစ်ဖက်ဖြင့်သာ လှည့်ပတ်လူးလာ သွားလာနေရ၏။ သူသည် ဝက်ကဲ့သို့ဆူညံအော်ဟစ်မြည်တမ်းနေသဖြင့် ပတ်ဝန်းကျင်ခုနစ်အိမ်

တိုင်အောင် လူတို့မအိပ်ရ။ အိမ်သားတို့သည် စုန္ဒ အပြင်မထွက်နိုင်အောင် တံခါးများကို ပိတ်ထားပြီး အိမ်အပြင်မှ စိုင်း၍ စောင့်နေကြ၏။ စုန္ဒသည် ငရဲမီးပြင်းစွာ ပူလောင်သဖြင့် အိမ်ထဲမှာပင် ဤသို့ ခုနစ်ရက်လုံး ဟစ်အော် မြည်တမ်းကာ နေရပြီး၊ သေသော် အဝီစိငရဲ၌ ဖြစ်လေ၏။

ထိုစုန္ဒအိမ်အနီးဖြင့် သွားကြသော ရဟန်းတို့သည် ထိုဝက်အော်သံကို ခုနစ်ရက်တိုင်ကြားရသဖြင့် မြတ်စွာဘုရားထံသွားပြီး“စုန္ဒအိမ်၌တံခါးပိတ်၍ ဝက်တို့ကို သတ်သည်မှာ ယနေ့ ခုနစ်ရက်မြောက်ရှိပါပြီ။ထိုအိမ်၌ မင်္ဂလာ အမှုတခုပြုသည်ဖြစ်မည် ထင်ပါသည်”ဟု လျှောက်ထားကုန်၏။ ထိုအခါ မြတ်စွာဘုရားက “စုန္ဒဝက်သတ်သမားသည် ဤခုနစ်ရက်တို့မှာ ဝက်များကို သတ်သည်မဟုတ်။ သူ့မှာ သူပြုသည့်ကံနှင့်တူသည့် အကျိုးထင်စွာ ဖြစ်ခြင်း ပေတည်း။ အသက်ရှင်စဉ်ပင် အဝီစိငရဲဟူသည် ထင်လာ၏။ ငရဲမီးဖြင့် ပြင်းစွာ ပူလောင်၍ ခုနစ်ရက်လုံး ဝက်ကဲ့သို့ မြည်တမ်း အော်ဟစ်လျက် အိမ်ထဲ၌ လှည့်လည်ပြေးသွားနေရပြီး၊ ယနေ့သေ၍ အဝီစိငရဲ၌ဖြစ်လေပြီ”ဟု မိန့်တော်မူ၍ “ရဟန်းတို့၊မကောင်းမှုပြုသူ မည်သည့် ပစ္စုပ္ပန်တမလွန်နှစ်တန် သော ဘဝတို့၌ စိုးရိမ်ပူပန် ဆင်းရဲရသည်သာတည်း” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၁၅။ “မကောင်းမှု ပြုလေ့ ရှိသောသူသည် ဤလောက၌လည်း စိုးရိမ်ရ၏၊ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏၊ ပစ္စုပ္ပန်,တမလွန် နှစ်ဘဝလုံး၌လည်း စိုးရိမ်ရ၏။ ထိုသူသည် မိမိ၏ ညစ်နွမ်းသော မကောင်းမှုကံကို တွေ့ မြင်၍ စိုးရိမ့်ရ၏၊ ပင်ပန်းဆင်းရဲရ၏။”

## ၁၁။ ဓမ္မိက ဥပါသကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ ‘မဟာဓမ္မိက’ မည်သော ဥပါသကာသည် အမြဲမပြတ် ရဟန်းတို့အား ဆွမ်းကျွေးခြင်း၊ ဒါနပြုခြင်းတို့ကိုပြုပြီး သီလဆောက်တည်၍ နေ၏။ သူ၏မယား, သား, သမီး တို့လည်း သူ့နည်းတူ ပြုကြ၏။ နောင် အခါတွင် အနာရောဂါ ဖြစ်သော် တရားနာလို၍ ကျောင်းမှ ရဟန်း တော်များကို အိမ်သို့ ပင့်ဆောင်စေ၏။ ထိုရဟန်းတို့သည် သူ၏ အိပ်ရာ

ညောင်စောင်းကို ဝန်းရံလျက် သူကြားနာချင်သည့် "သတိပဋ္ဌာန်သုတ္တန်" တရားကို ရွတ်ဆိုကြ၏။ ထိုသို့ ရွတ်ဆိုနေစဉ်ပင် နတ်ပြည်ခြောက်ထပ်မှ နတ်သားများ ရထားခြောက်စင်းဖြင့် ရောက်လာပြီး သူ့အား "ဤရထားပေါ် တက်ပါလော့။ ကျွန်ုပ်တို့၏ နတ်ပြည်၌ မွေ့လျော်ပါလော့" ဟု အသီးသီး ဆိုကြ၏။ ထိုဥပါသကာသည် တရားနာခြင်း၌ အနှောက်အယှက် မဖြစ်စေလိုသဖြင့် "ဆိုင်းငံ့ကြပါဦး" ဟု ဆိုလိုက်၏။ ထိုအခါ ရဟန်းတို့သည် မိမိတို့ကို တားမြစ်သည် ထင်၍ ဆိတ်ဆိတ်နေကြ၏။ သားသမီးတို့လည်း "ဖခင် စုတေတော့မည်" ဟု ငိုကြွေးမြည်တမ်းကုန်၏။ ရဟန်းတို့လည်း "ယခု ရွတ်ဖတ်ရန် မသင့်ပြီ" ဟု ထပြန်သွားကြ၏။

ဥပါသကာသည် ချက်ခြင်းပင် သတိရ၍ "သင်တို့ အဘယ့်ကြောင့် ငိုနေကြသနည်း။ ရဟန်းတော်တို့ ဘယ်မှာနည်း" ဟု မေး၏။ သားသမီးတို့ထံမှ အကြောင်းစုံကို ကြားသော် သူက "ငါသည် ငါ့ကို လာခေါ်ကြသည့် နတ်သားတို့ကို တားမြစ်ခြင်းဖြစ်၏။ ရဟန်းတော်တို့ကို တားမြစ်သည်မဟုတ်" ဟု ဆိုပြီး ရှင်းပြ၏။ သားသမီးတို့က "ရထားများ ဘယ်မှာလဲ။ ကျွန်ုပ်တို့ မမြင်ပါ" ဟု ဆိုကြသော် သူက "ငါ့အတွက် ကုံးထားသည့် ပန်းကုံးကို ယူ၍ ငါတို့ ဖခင်ဖြစ်လိုသည့် တုသိတာနတ်ပြည်မှ ရထားဦး၌ ချိတ်စွပ်ပါစေသတည်း-ဟု ဓိဋ္ဌာန်၍ ပန်းကုံးကို ပစ်လော့" ဟု ဆို၏။ သားသမီးတို့သည် ဖခင် ဆိုတိုင်းပြုသော် ထိုပန်းကုံးသည် ရထားဦး၌ ချိတ်စွပ်၍ ကောင်းကင်၌ တွဲလျားဆွဲလျက် တည်နေ၏။ လူတို့သည် ထိုပန်းကုံးကိုသာ မြင်ရပြီး ရထားကို မမြင်ကြကုန်။ ထိုအခါ ဥပါသကာက "ငါသည် နတ်ပြည်သို့ သွားအံ့။ ငါ့ထံ၌ ဖြစ်လိုလျှင် ငါပြုသည့်အတိုင်း ကုသိုလ်များကို ပြုရစ်ကြလော့" ဟု မှာထားပြီး စုတေသော် ထိုနတ်ပြည်၌ပင် ဖြစ်၏။

ဥပါသကာထံ၌ သုတ္တန်ရွတ်သည့် ရဟန်းတို့သည်လည်း ကျောင်းရောက်၍ ဘုရားရှင်အား ထိုအကြောင်းစုံကို လျှောက်ကြားကြသော် မြတ်စွာဘုရားက ထိုဥပါသကာအကြောင်း အလုံးစုံကို မိန့်ကြားတော်မူ၏။ ထိုအခါ ရဟန်းတို့က "ထိုဥပါသကာသည် ဤလူ့ပြည်၌ ဆွေမျိုးများအလယ်တွင် မွေ့လျော်စွာ နေထိုင်ရပြီး ယခုပင် စုတေ၍ မွေ့လျော်ဘွယ်ကောင်းသည့် အရပ်၌ပင် ဖြစ်ပေ၏" ဟု တုံ့ပြန် လျှောက်ထားကြသော် မြတ်စွာဘုရားက "ဟုတ်မှန်ပေ၏။ ကောင်းမှု၌ မမေ့မလျော့သော သူတို့သည် ပစ္စုပ္ပန်၊ တမလွန်

နှစ်တန်သော ဘဝတို့၌ မွေ့လျော်ကြရသည်သာ”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၁၆။ “ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်, တမလွန် နှစ်ဘဝလုံး၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သော ကောင်းမှုကံကို တွေ့မြင်ရ၍ ဝမ်းမြောက်ရ၏၊ ရွှင်လန်းရ၏။”

## ၁၂။ ဒေဝဒတ် မြေမျိုခြင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် အနုပိယမည်သော သရက်ဥယျာဉ်တော်၌ သီတင်းသုံးနေစဉ် ဘုရားရှင်၏ သာကီဝင် မင်းမျိုး ဆွေတော်မျိုးတော်တို့မှ “ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်”မည်သော မင်းသားခြောက်ဦးတို့သည် ၎င်းတို့၏ ဆတ္တာသည် ဥပါလိနှင့်အတူ လာကြပြီး ရဟန်းပြုကြ၏။ ထိုမင်းသားခြောက်ဦးအနက် “ရှင်ဘဒ္ဒိယ၊ ရှင်အနုရုဒ္ဓါ၊ ရှင်ဘဂု၊ရှင်ကိမိလ” တို့သည် ထိုဝါတွင်း၌ပင် ရဟန္တာဖြစ်၍ ရှင်အာနန္ဒာကား သောတာပန်ဖြစ်ပြီး ဒေဝဒတ်မူ ပုထုဇဉ်အဖြစ်ဖြင့်သာလျှင် လောကီဈာန်တန်ခိုးကို ရရှိ၏။ နောင်သောအခါ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ကြွ၍ သီတင်းသုံးသော် ဘုရားရှင်နှင့်တကွ တပည့်ရဟန်းတို့အား လာဘ်ပူဇော်သက္ကာများစွာ ဖြစ်ကုန်၏။ ထိုအခါ ရှင်ဒေဝဒတ်သည် မိမိနှင့်အတူ ရဟန်းပြုသည့် ရဟန်းငါးဦးမှာ လာဘ်လာဘပေါများပြီး မိမိမှာ လာဘ်လာဘနည်းပါးသဖြင့် လာဘ်လာဘ ပေါများရန်အတွက် နည်းလမ်းရှာလေတော့၏။

သူသည် ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်ပြည်သို့ ကောင်းကင်ခရီးဖြင့်သွား၏။ သူသည် လုလင်ငယ်အသွင်ကို ဖန်ဆင်းပြီး လက်ခြေ လေးခုတို့၌ မြွေလေးကောင် ရစ်ပတ်လျက် လည်ပင်း၌ မြွေတကောင်ကို ပုတီးကဲ့သို့ ဆွဲ၍၊ မြွေတကောင်ကို ဦးခေါင်း၌ ခေါင်းပေါင်းကဲ့သို့ ခွေထားပြီး၊ မြွေတကောင်ကို ပခုံးတဖက်၌ တင်ထားကာ ဤမြွေတန်ဆာဖြင့် ဆင်ယင်လျက်

ကောင်းကင်မှ ဆင်းသက်၍ အသိဉာဏ်မရှိသေးသော အဇာတသတ်မင်းသား၏ ရင်ခွင်၌ နေလိုက်၏။ မင်းသားသည် ကြောက်လန့်ပြီး "သင်ဘယ်သူလဲ" ဟု မေးသော် "ငါ ဒေဝဒတ်"ဟု ဆိုပြီး ထိုမင်းသား၏ ကြောက်ခြင်းကို ပယ်ဖျောက်ရန် ထိုမြွေတန်ဆာကို စွန့်ပယ်၍ ရဟန်းအသွင်ဖြင့် မင်းသားရှေ့၌ တည်နေပြီး မင်းသားကို မိမိအား ကြည်ညိုစေလျက် လာဘ်ပူဇော်သက္ကာကို ဖြစ်စေလေ၏။

ရှင်ဒေဝဒတ်သည် လာဘ်လာဘကို အလွန်အမင်း မက်မောရကား "ငါသည် ရဟန်းပရိသတ်ကိုဦးဆောင်အံ့"ဟု အကြံဖြစ်လေသော် ချက်ခြင်းပင် လောကီစျာန် ကွယ်လေ၏။ သူသည် ထိုအခါ၌ ဝေဠုဝန်ကျောင်းတော်တွင် တရားဟော နေတော်မူသော ဘုရားရှင်ကို ချဉ်းကပ်ပြီး ရှိခိုးလျက် "ယခုအခါ မြတ်စွာဘုရားသည် အိုရွယ်သို့ ရောက်ပါပြီ။ ဖလသမာပတ်ချမ်းသာဖြင့် ကြောင့်ကြမဲ့နေတော်မူပါ။ တပည့်တော်သည် ရဟန်းပရိသတ်အပေါင်းကို ဦးဆောင်ပါအံ့။ တပည့်တော်အား ရဟန်းအပေါင်းကို အပ်နှင်းတော်မူပါ"ဟု လျှောက်ထား၏။ မြတ်စွာဘုရားက "တံတွေးကိုမျိုသောသူ" ဟူသော စကားဖြင့် မောင်းမဲခြိမ်းချောက်ပြီး ပယ်သဖြင့် ရှင်ဒေဝဒတ်သည် အမျက်ပြင်းစွာထွက်၍ ဘုရားရှင်၌ ပထမဆုံး ရန်ငြိုးဖွဲ့ပြီး ထွက်သွား၏။ ထိုသို့ ဖဲသွားသောအခါ ရှင်ဒေဝဒတ်အား မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်၌ ပကာသနိယကံကို ပြုစေတော်မူ၏။

ထိုအခါ ရှင်ဒေဝဒတ်သည် "ယခု ငါ့ကို ရဟန်းဂေါတမ စွန့်ပယ်လေပြီ။ ယခု ရဟန်းဂေါတမအား အကျိုးမဲ့များကို ပြုတော့အံ့" ဟု ကြံပြီး၊ အဇာတသတ်မင်းသားကို ချဉ်းကပ်၍ "သင်သည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး အရွယ်နုပျိုတုန်း မင်းပြုလော့။ ငါလည်း ဘုရားရှင်ကို သတ်၍ ဘုရားဖြစ်အံ့"ဟု ဆို၏။ အဇာတသတ်လည်း ဘုရားရှင်ကို သတ်၍ မင်းပြုလေသော် ရှင်ဒေဝဒတ်သည် ဘုရားရှင်အား လေးသမားလေးဦးကို စေလွှတ်၍ သတ်စေသော်လည်း မအောင်မြင်။ နောက် ကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်၍ ဘုရားရှင်အား သတ်အံ့ဟု ကျောက်တုံးကို လှိမ့်ချ၍ သွေးစိမ်းတည်အောင် ပြုခြင်းအားဖြင့်လည်း ဘုရားရှင်ကို သတ်ရန် မတတ်နိုင်။ နောက် နာဠာဂိရိဆင်ကို စေလွှတ်၍ ဘုရားရှင်အား ထိုးသတ်ခိုင်းသော်လည်း မရပေ။ ထိုအခါ ဘုရားရှင်အပေါ် ဒေဝဒတ် မကောင်းကြံမှု အားလုံးကို လူတို့ သိရှိကြသဖြင့် ရှင်ဒေဝဒတ်ကို မကြည်ညိုတော့ပေ။ အဇာတသတ်မင်းက ဒေဝဒတ်ကို အလာမခံတော့ပေ။

ထိုအခါ ရှင်ဒေဝဒတ်သည် လာဘ်လာဘမရှိတော့သဖြင့် အံ့သြဘွယ်ပြု၍ အသက်မွေးလိုရကား ဘုရားရှင်ထံ ချဉ်းကပ်၍ "ရဟန်းတို့သည် တသက်လုံး တောကျောင်း၌သာ နေရမည်။ လူတို့ ဆွမ်းဖိတ်သည်ကို လက်မခံဘဲ ဆွမ်းခံစားရမည်။ ပံ့သကူသင်္ကန်းကိုသာ ဝတ်ရမည်။ သစ်ပင်ရင်း ဟူသော ကျောင်း၌သာနေရမည်။ ငါးအမဲတို့ကို မစားရ-ဟူသော ရဟန်းကျင့်ဝတ်နှင့် ပတ်သက်၍ အချက် ငါးချက် တောင်းခံ၏။ မြတ်စွာဘုရားက "ငါ့ရှင် ဒေဝဒတ်၊ မသင့်ချေ။ အလိုရှိသော ရဟန်းသာ ကျင့်ဆောင်စေတော့" ဟု ပယ်တော်မူသော် "ရှင်ဒေဝဒတ်က၊ ငါ့ရှင်တို့ ဘယ်သူ၏ စကားသည် သင့်လျော်ကောင်းမြတ်သနည်း။ ငါသည် မြတ်သောအကျင့်ကို အမှီပြု၍ ဤသို့ ငါဆို၏။ ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူသည် ငါနှင့် အတူ လိုက်ခဲ့စေသတည်း" ဟု ခေါ်ငင် ပြောကြား၍ ထွက်ခွာသွား၏။ ထိုအခါ အသိဉာဏ်နည်းသေးသည့် ရဟန်းပြုစ ပုဂ္ဂိုလ်တို့သည် ရှင်ဒေဝဒတ်နောက်သို့ လိုက်သွားကုန်၏။ ရှင်ဒေဝဒတ်သည် ဤသို့ နောက်လိုက် ရဟန်းငယ် ငါးရာတို့နှင့် တကွ ရာဇဂြိုဟ်ပြည်၌ လှည့်လည် တောင်းစားလျက် သံဃာကို အသင်းခွဲရန် အားထုတ်၏။

မြတ်စွာ ဘုရားက "ချစ်သားဒေဝဒတ်၊ သံဃာကို သင်းခွဲခြင်းသည် အလွန် အပြစ်ကြီးသည့် ဂရုကံကြီးပေတည်း" စသည်ဖြင့် ဆုံးမ တားမြစ်သော်လည်း ရှင်ဒေဝဒတ်သည် မနာယူပေ။ နောက် သူသည် ထိုရဟန်းငယ် ငါးရာကို ခေါ်ဆောင်ပြီး ဂယာသီသသို့ သွား၏။ ထိုအခါ မြတ်စွာဘုရားသည် အဂ္ဂသာဝက နှစ်ပါးကို ဂယာသီသသို့ စေလွှတ်၍ ရှင်ဒေဝဒတ် အမှူးရှိသော ထိုရဟန်း ငါးရာကို ဆိုဆုံးမပြီး ရာဇဂြိုဟ်သို့ ပြန်၍ ခေါ်ဆောင်စေတော်မူ၏။ ထိုနောက် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွ၍ သီတင်းသုံးတော်မူ၏။ ဒေဝဒတ်လည်း (ရာဇဂြိုဟ်ပြည်၌) ကိုးလပတ်လုံး မကျန်းမမာ ရောဂါစွဲကပ်ပြီးနောက်သေခါနီးတွင်မြတ်စွာဘုရားကို ဖူးမြင်လို သဖြင့် သူ၏ တပည့်တို့ကို ခေါ်၍ "ငါသည် ဘုရားရှင်ကို ဖူးမြင်လို၏။ ဘုရားရှင်ကို ငါ့အား ပြပါလော့။ ငါသည် ဘုရားရှင်၌ ရန်ငြိုးဖွဲ့၍ ပြစ်မှားခဲ့ပါ၏။ ဘုရားရှင်ကား ငါ့အပေါ် ဆံဖျားမျှပင် ရန်ငြိုး ထားခြင်း မရှိပေ" စသည် ဆို၍ အကြိမ်ကြိမ် တောင်းပန်ပြီး သူ့ကို ဘုရားရှင်ထံ အပို့ခိုင်း၏။

ထိုအခါ ဒေဝဒတ်ကို ညောင်စောင်းဖြင့် ထမ်းဆောင်ယူ၍ ထွက်လာကြ၏။ ထိုအကြောင်းကို ကြားသိကြသော ရဟန်းတို့က လာရောက်လျှောက်

ကြားသော် မြတ်စွာဘုရားက "ဒေဝဒတ်သည် ငါဘုရားကို ဖူးခွင့် မရလတံ့" ဟု မိန့်တော်မူ၏။ ဒေဝဒတ်ကို ထမ်းယူလာကြသူတို့သည် ဇေတဝန်ကျောင်း ရေကန်၏ ကမ်းပေါ်၌ ညောင်စောင်းကိုချ၍ ရေချိုးရန် ရေကန်သို့ ဆင်းကြ၏။ ဒေဝဒတ်လည်း ညောင်စောင်းမှ ထပြီး မြေကြီးပေါ်၌ ခြေနှစ်ဖက်ကိုချ၍ နေသော် ခြေနှစ်ဖက်တို့သည် မြေထဲသို့ ဝင်ကုန်၏။ ဖမျက်မှစ၍ တဖြေးဖြေး လည်ပင်းအထိ ဝင်ပြီး မေးရိုးသည် မြေထဲသို့ ဝင်အံ့ဆဲဆဲ ကာလ၌ ဂါထာတခုကို ရွတ်ဆိုလျက် အလွန်အထူး ကြည်ညိုသော စိတ်ဖြင့် ဘုရားရှင်အား ကန်တော့ပြီးသော် မြေကြီးထဲဝင်၍ အဝီစိငရဲ၌ ဖြစ်၏။ (ယင်းသို့ အလွန်အထူး ကြည်ညိုသော စိတ်ဖြင့် ရှိခိုးကန်တော့သော ကောင်းမှုကြောင့် 'နောက် ကမ္ဘာတသိန်းတွင် ဒေဝဒတ်သည် ပစ္စေက ဗုဒ္ဓါ ဖြစ်လတံ့'ဟု ဘုရားရှင် မိန့်တော်မူ၏။)

မြတ်စွာဘုရားသည် ဒေဝဒတ်မြေမျိုခြင်းနှင့် ပတ်သက်၍ "ဒေဝဒတ်သည် ယခုမှသာ ငါဘုရားကို ပြစ်မှား၍ မြေမျိုခံရသည် မဟုတ်သေး။ ရှေးဘဝများ၌လည်း ထို့အတူ ပြစ်မှား၍ မြေမျိုခံရဘူးပြီ"ဟု အစချီလျက် "သီလဝနာဂရာဇဇာတ်၊ ခန္တိဝါဒီဇာတ်၊စူဠဓမ္မပါလ ဇာတ်"တို့ကို ဟောတော်မူ၏။ "ဒေဝဒတ်သည် အဝီစိငရဲ၌ ဖြစ်ကြောင်း" ဘုရားရှင် မိန့်ကြားသောအခါ ရဟန်းတို့က "ဒေဝဒတ်သည် ဤဘဝ၌ပူလောင်လျက် လှည့်လည် သွားလာရသည်သာမက တမလွန်ဘဝ၌လည်း ပူလောင်ရာ ဌာန၌သာ ဖြစ်ရပြန်၏" ဟုလျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားက "ချစ်သားတို့၊ ဟုတ်မှန်ပေ၏။ မေ့လျော့ပြီး မကောင်းမှုကို ပြုသူတို့သည် ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ပူလောင်ရသည် သာတည်း" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော် မူပြန်၏။

၁၇။ "မကောင်းမှုကိုပြုသောသူသည် ဤဘဝ၌လည်း ပူလောင်ဆင်းရဲရ၏။ တမလွန် ဘဝ၌လည်း ပူလောင်ဆင်းရဲရ၏။ ပစ္စုပ္ပန်, တမလွန် နှစ်ဘဝ လုံး၌လည်း ပူလောင်ဆင်းရဲရ၏။ 'ငါသည် မကောင်းမှုကို ပြုမိ၏ တကား' ဟူ၍ ပူလောင်ဆင်းရဲရ၏။ အပါယ်ဒုဂ္ဂတိဘုံသို့ လားရမှုကား ထိုထက်ပင်သာ၍ ပူလောင်ဆင်းရဲရ၏။"

## ၁၃။ သုမန ဒေဝီ သူဌေးသမီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အနာထပိဏ် သူဌေးကြီးသည် မိမိအိမ်၌ နေ့စဉ် ရဟန်းနှစ်ထောင်အား ဆွမ်းလုပ်ကျွေးရာတွင် ကြီးကြပ်လုပ်ဆောင်ရန် မိမိ၏ သမီးငယ် သုမနဒေဝီကို ထား၏။ သုမနဒေဝီကား သကဒါဂါမ် ဖြစ်ပြီး အပျိုဘဝဖြင့် နေ၏။ တနေ့သ၌ သူမသည် ပြင်းထန်သော ရောဂါ စွဲကပ်သဖြင့် ဖခင်ကို တွေ့မြင်လိုသောကြောင့် ခေါ်ခိုင်း၏။ တခုသော အလှူမဏ္ဍပ်၌ စီရင်နေသော ဖခင် သူဌေးကြီးသည် ချက်ခြင်းလာ၍ "ချစ်သမီး သုမန၊ ဘယ်လိုနေသနည်း"ဟု မေး၏။ သုမန ဒေဝီလည်း "ငါ့မောင်ကလေး ဘယ်မှာနည်း" ဟု ပြန်ပြော၏။ "ချစ်သမီး၊ ယောင်ယမ်းသလော"ဟု မေးပြန်သော် "ငါ့မောင်ကလေး၊ အစ်မကြီး မယောင်ယမ်း မမြည်တမ်းပါ" ဟု ပြန်ပြော၏။ "ချစ်သမီး၊ကြောက်သလော"ဟုမေးပြန်သော်"ငါ့မောင်ကလေး၊ အစ်မကြီး မကြောက်ပါ"ဟု ဤမျှသော စကားကို ပြောဆိုပြီးလျှင် သုမနဒေဝီသည် စုတေ၍ တုသိတာ နတ်ပြည်၌ ဖြစ်၏။

သောတာပန်မျှသာ ဖြစ်သေးသောအနာထပိဏ် သူဌေးကြီးသည် သမီး၏ အလောင်းကို သင်္ဂြိုဟ်ပြီး ငိုကြွေးလျက် ဘုရားရှင်ထံသွား၍ "သမီးငယ် ဤသို့ဤသို့ ပြောပြီး ကွယ်လွန်သွားပါကြောင်း" အလုံးစုံကို လျှောက်ထား၏။ မြတ်စွာဘုရားက "သင့်သမီးသည် ယောင်ယမ်းမြည်တမ်းသည် မဟုတ်။ သင့်သမီးသည် သကဒါဂါမ်ဖြစ်ပြီး သင်ကား သောတာပန်မျှသာ ဖြစ်၏။ မဂ်ဖိုလ်အားဖြင့် သင့်သမီးက ကြီးမြင့်၍ သင်အား 'ငါ့မောင်ကလေး' ဟု ခေါ်ဆိုခြင်းဖြစ်သည်။ သင့်သမီးသည် ယခု တုသိတာနတ်ပြည်၌ ဖြစ်လေပြီ" ဟု မိန့်တော်မူ၏။ ထိုအခါ သူဌေးကြီးက "တပည့်တော်သမီးသည် ဤလူ့ပြည်တွင် ဆွေမျိုးများအလယ်၌ နှစ်သက်ဝမ်းမြောက်စွာ လှည့်လည်ရပြီး ယခုတမလွန် ဘဝ၌လည်း နှစ်သက်ဝမ်းမြောက်ရာအရပ်၌ပင် ဖြစ်ရပါပေ၏" ဟု လျှောက်၏။ မြတ်စွာဘုရားက "သူဌေးကြီး၊ ကောင်းမှု၌ မမေ့ မလျော့ သူတို့သည် ဤဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း နှစ်သက်ဝမ်းမြောက် ရကုန်သည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၈။ "ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက် ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း နှစ်သက်ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်, တမလွန် နှစ်ဘဝလုံး၌လည်း နှစ်သက် ဝမ်းမြောက်ရ၏။ 'ငါသည် ကောင်းမှုကို ပြုခဲ့ပြီ'ဟု နှစ်သက်ဝမ်းမြောက်ရ၏။သုဂတိ ဘုံဘဝသို့ လားသော အခါ ထိုထက်သာ၍ပင် နှစ်သက် ဝမ်းမြောက်ရ၏။"

## ၁၄။ မိတ်ဆွေ ရဟန်းနှစ်ပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်သား မိတ်ဆွေနှစ်ဦးသည် မြတ်စွာဘုရားထံ၌ ရဟန်းပြုကြ၏။ တပါးကား အသက်ကြီး၍ တော၌နေကာ တရား အားထုတ်သဖြင့် ရဟန္တာဖြစ်၏။ တပါးကား အသက်ငယ်သေး၍ ပိဋကတ်သုံးပုံဟူသော ဗုဒ္ဓစကားတော်ကို သင်ယူပြီး ရောက်ရာအရပ်၌ တရားစကားကို ဟောကြားလျက် ရဟန်းငါးရာတို့အား ပိဋကသုံးပုံ ပို့ချကာနေ၏။ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူလာကြသော ရဟန်းတို့သည် ထိုရဟန္တာမထေရ် နေရာ တောကျောင်းသို့ သွား၍ မထေရ်၏ အဆုံးအမကို လိုက်နာလျက် တရားအားထုတ်ဖော် ရဟန်းဖြစ်ကြ၏။ ထိုရဟန်းတို့ ဘုရားရှင်ထံ သွားဖူးရန် ခွင့်ပန်သော် ထိုမထေရ်က "ဘုရားရှင်နှင့်တကွ ရှစ်ကျိပ်သော မဟာသာဝက များကိုရှင်း၊ ငါ့မိတ်ဆွေမထေရ်ကိုရှင်း ငါရှိခိုးလိုက်ပါကြောင်း လျှောက်ကြလော့" ဟု မှာလိုက်၏။ ထိုရဟန်းတို့လည်း မထေရ် မှာသည့် အတိုင်း ပြုကြ၏။ ဤသို့ ထိုရဟန္တာမထေရ်သည် မိမိ၏တပည့် ထိုထို ရဟန်းများမှ တဆင့် "ရှိခိုးလိုက်ပါကြောင်း" သတင်းစကားကို ထိုမထေရ်ထံ အဖန်ဖန် ပို့လွှတ်၏။ ပိဋကကျမ်းတတ် မထေရ်သည် ထိုသတင်းစကားဖြင့် ငြီးငွေ့ရကား "သင်တို့သည် ထိုရဟန်းထံ၌ ဘာကိုသင်ယူသနည်း။ နိကာယ်တခုခုကို သင်ယူသလော။ ပိဋက တပုံပုံကို သင်ယူသလော" ဟု မေးပြီးလျှင် "ထိုရဟန်းသည် တဂါထာကိုမျှ မသိနားမလည်။ ပံ့သကူ သင်္ကန်းကိုသာ ကောက်ယူပြီး ရဟန်းပြုသည်မှစ၍ တော၌သာ နေလျက် တပည့်များစွာကို ရဘိ၏။ ထိုရဟန်းလာလျှင် ငါသည် ပြဿနာကို မေးအံ့" ဟု ကြံစည်၍ နေ၏။ ထိုနောက် ထိုရဟန္တာမထေရ်သည် ရောက်လာ၍ ထိုပိဋကကျမ်းတတ် မထေရ်ထံ၌ သပိတ် သင်္ကန်းကို ထားပြီး၊ ဘုရားရှင်နှင့် မဟာသာဝက

များထံ သွားရောက် ရှိခိုးပြီးသော် ပြန်လာ၏။ ပိဋကကျမ်းတတ်ရဟန်းလည်း ထိုရဟန္တာမထေရ်အား ပြဿနာမေးရန် အနီး၌ အတူထိုင်၏။ ထိုခဏ၌ မြတ်စွာဘုရားသည် "ပိဋက ကျမ်းတတ် ရဟန်းသည် ရဟန္တာမထေရ်ကို ပြဿနာမေး၍ ညှဉ်းဆဲလျှင် ငရဲရောက်ရာ၏" ဟု သိမြင်၍ ကြွလာတော်မူ၏။

ဘုရားရှင်က "ပထမဈာန် စသည့် သမာပတ် ရှစ်ပါးတို့၌ရင်း၊ ရုပ်နာမ်တို့၌ရင်း ပြဿနာကိုအဆင့်ဆင့် မေးသော် ထိုပိဋက ကျမ်းတတ် ရဟန်းသည် အလုံးစုံ ဖြေနိုင်၏။နောက်တဆင့်တက်၍ သောတာပတ္တိမဂ်၌ ပြဿနာကိုမေးသော်ထိုရဟန်းသည်မဖြေနိုင်။နောက်ရဟန္တာမထေရ်အားမေးပြီး၊ ထိုရဟန္တာမထေရ်ကဖြေဆိုသော် ဘုရားရှင်က'သာဓု'ခေါ်၍ ကောင်းချီး ပေး၏။နောက်ကျန်မဂ်တို့၌လည်း အစဉ်အတိုင်း မေးတော်မူသော် ထိုပိဋက ကျမ်းတတ် ရဟန်းသည် တစုံတခုကိုမျှ မဖြေနိုင်။ ရဟန္တာမထေရ်က မေးတိုင်း ဖြေဆိုသော် ဘုရားရှင်က ဖြေပြီးတိုင်း ကောင်းချီးပေး၏။ ထိုအခါ ပိဋက ကျမ်းတတ် ရဟန်း၏ တပည့်တို့က "ဘုရားရှင်သည် ဘာမျှ မတတ်သည့် ဤမထေရ်အိုကြီးကို ကောင်းချီးပေးပြီး၊ ငါတို့ဆရာ ပိဋက ကျမ်းတတ် ပုဂ္ဂိုလ်ကိုမူ အနည်းငယ်မျှမချီးမွမ်း" ဟု ကဲ့ရဲ့ကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ သင်တို့ဆရာသည် အဖိုးအခဖြင့် နွားတို့ကို ထိန်းကျောင်းရသောသူနှင့် တူ၏။ ငါ့သားတော် ရဟန္တာ မထေရ်ကား နွားနို့ အရသာကို စားသုံးရသော နွားရှင်နှင့် တူ၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၉။ "အခစား နွားကျောင်းသားသည် နွားများကို ရေတွက်၍ နွားရှင်ဖြစ်သူ တပါးသူတို့အား အပ်နှင်းရပြီး၊ နွားနို့ အရသာကိုမူ မခံစားရသကဲ့သို့ အကျင့်၌ မေ့လျော့သောသူသည် အကျိုးစီးပွားနှင့် စပ်ဆိုင်သော တရားစကားကို များစွာပင် ပြောဟောသော်လည်း ထိုတရားကို မလိုက်နာ မကျင့်သုံးလျှင် ရဟန်းဘဝ၏ မဂ်ဖိုလ်အရသာကို မခံစားရချေ။

၂၀။ "ကောင်းစွာ သိမြင်တတ်သော သူသည် အကျိုးစီးပွားနှင့် စပ်ဆိုင်သော တရားစကားကို အနည်းငယ်မျှပင် ပြောဟော သော်လည်း တရားကိုအစဉ်တစိုက် လိုက်နာကျင့်သုံးလျှင် ဤဘဝကိုရင်း၊ တမလွန်ဘဝကိုရင်း မစွဲလမ်း မတွယ်တာသော ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ ရဟန်းဘဝ၏ မဂ်ဖိုလ်အရသာကို ခံစားရ၏။"

[redacted]

# [၂] အပ္ပမာဒဝဂ်

## ၁၅။ သာမာဝတီ မိဖုရား

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူစဉ်။

ကောသမ္ဗီပြည် ဘုရင်ဥတေန၏ "ဃောသက၊ ကုက္ကုဋ္ဋ၊ ပါဝါရိယ" မည်သော သူဌေးသုံးဦးတို့သည် ဆရာရသေ့များထံမှ "လောက၌ ဘုရား ပွင့်ပြီး ယခု သာဝတ္ထိပြည်၌ နေတော်မူကြောင်း" ကြားရလျှင် အသီးသီး လှည်းငါးရာတို့ဖြင့် လှူဘွယ်ပစ္စည်းများကို ယူဆောင်ကာ သာဝတ္ထိပြည်သို့ သွားကြပြီး ဘုရားရှင်ကို ဖူးမြင်ကြ၏။ သူတို့သည် တရားနာရ၍ သောတာပန် ဖြစ်ကြသော် ဘုရားရှင်နှင့်တကွ သံဃာအပေါင်းအား ၁၅ ရက်တိုင် အလှူကြီးကို ပေးလှူ၍ "ကောသမ္ဗီပြည်သို့ ကြွရောက်ပါရန်" လျှောက်ထားပြီး ပြန်လာကြ၏။ ပြန်ရောက်လျှင် သူဌေးသုံးဦးသည် "ဃောသိတာရုံ၊ ကုက္ကုဋ္ဋာရုံ၊ ပါဝါရိယာရုံ" အမည်အသီးသီးရှိ ကျောင်းတဆောင်စီကို ဆောက်လုပ်ပြီးစီးသော် ဘုရားရှင်ထံ ကြွလာချိန်ကို စေလွှတ် အကြောင်းကြားကြ၏။ ရဟန်းအပေါင်းနှင့်တကွ ဘုရားရှင်ကြွလာသော် ထိုသူဌေး သုံးဦးက ခရီးဦးကြိုပြု၍ ကျောင်းတိုက်သို့ ပင့်ဆောင်သွားပြီး အလှည့်ကျ လုပ်ကျွေးပြုစုကြ၏။ ဘုရားရှင်သည် ထိုကျောင်းသုံးကျောင်း၌ တလှည့်စီ သီတင်းသုံး၍ သူဌေးသုံးဦး အိမ်သို့လည်း တလှည့်စီ ဆွမ်းခံလေ၏။

ဥတေနမင်းမှာ "သာမာဝတီ၊ ဝါသုလဒတ္တာ၊ မာဂဏ္ဍီ" ဟူ၍ မိဖုရားကြီး သုံးဦးရှိ၏။ သာမာဝတီ၏ ကျွန်မ 'ခုဇ္ဇုတ္တရာ'သည် 'သုမန'မည်သော ပန်းသည်ထံမှ နေ့တိုင်း မိဖုရားအတွက် ပန်းဝယ်၏။ တနေ့သ၌ 'သုမန'သည် သူဌေးကြီးသုံးဦးထံမှ တောင်းခံ၍ ဘုရားရှင်နှင့်တကွ သံဃာအပေါင်းအား ဆွမ်းကျွေးသော် ခုဇ္ဇုတ္တရာသည် အိမ်ထဲဝင်၍ ဘုရားရှင်၏ တရားကို ကြား

နာလျှင် သောတာပန်ဖြစ်၏။ သူမသည် ပန်းများဝယ်ပြီး သာမာဝတီအား ဆက်သလျက် ထိုအကြောင်းကို ပြောပြ၏။ သာမာဝတီလည်း အခြံအရံ မိန်းမငါးရာနှင့်တကွ ခုဇ္ဇုတ္တရာထံမှ ထိုတရားကို နာကြရ၍ အားလုံး သောတာပန် ဖြစ်ကြသော် "နေ့စဉ် ဘုရားရှင်ထံ သွား၍ တရားနာပြီး ထို တရားကို ပြန်ဟောပြပါ"ဟု တောင်းပန်ကုန်၏။ ခုဇ္ဇုတ္တရာလည်း ထိုအတိုင်း ပြုသော် နောင်တွင် ပိဋကတ်သုံးပုံဆောင် ဖြစ်၏။ သာမာဝတီနှင့် အခြံအရံ မိန်းမတို့သည် ဘုရားရှင်ကို ဖူးမြင်လိုလှသော်လည်း "မင်းမျက်သင့်မှာစိုး၍" နံရံများ၌ အပေါက်ငယ်များ ဖောက်ထားကာ သူဌေးကြီး သုံးဦးတို့၏ အိမ် သို့ ဘုရားရှင် ကြွတော်မူသည့်အခါ ထိုအပေါက်ငယ်များမှ ဖူးကြရကုန်၏။

ထိုအခါ တနေ့သ၌ မာဂဏ္ဍီ မိဖုရားသည် အပြင်ထွက်၍ သာမာဝတီ အမှူးရှိသော ထိုနန်းတွင်းသူတို့၏ နေရာသို့ ရောက်သွားရာ တိုက်ခန်းတို့၌ အပေါက်များကို မြင်၍ မေး၏။ ထိုနန်းတွင်းသူတို့က "ဘုရားရှင်သည် ဤမြို့ သို့ ကြွလာ၏၊ ကျွန်မတို့ ဤနေရာမှနေ၍ ဘုရားရှင်ကို ဖူးမျှော်ကုန်၏"ဟု ဆိုကြ၏။ ထိုအခါ ("မာရ်နတ်သမီး သုံးဦး"ဝတ္ထု၌ လာသည့်အတိုင်း) မာဂဏ္ဍီသည် ဘုရားရှင်အပေါ် ရန်ငြိုးထားခဲ့သည် ဖြစ်ရကား "ရဟန်း ဂေါတမနှင့်တကွ သူ့ကိုကြည်ညိုသည့် ဤမိန်းမငါးရာတို့အား အကျိုးမဲ့ ကို ပြုအံ့"ဟု ကြံပြီး ဥတေနမင်းထံသွား၍ ထိုအကြောင်းကို ပြောကြားလျက် "သာမာဝတီသည် သင့်ထက် ပြင်ပရှိ ရဟန်းဂေါတမကို မြတ်နိုးဘိ၏"ဟု ဂုံးတိုက်စကား ပြောကြား၏။ ဥတေနမင်းကား အရေးမလုပ်ပေ။ ထိုနောက် မာဂဏ္ဍီသည် သူ့ကျွန်များနှင့်တကွ အသိဉာဏ်နည်းပါးသည့် လူမိုက်တို့အား လာဘ်ပေးပြီး "သံဃာအပေါင်းနှင့်တကွ ရဟန်းဂေါတမ မြို့ထဲဝင်လာလျှင် ထွက်ပြေးအောင် ခါးသီးတဲ့ စကားတို့ဖြင့် ဆဲဆိုကြလော့"ဟု စေခိုင်း၏။

ထိုသို့ လူတို့က ဆဲဆိုကြသော် ရှင်အာနန္ဒာက မြတ်စွာဘုရားအား "တခြားမြို့သို့ သွားကြပါကုန်"ဟု လျှောက်၏။ ဘုရားရှင်က "ထိုမြို့သို့ ရောက်၍ လူတို့က ဆဲရေးကြလျှင် ဘယ်မြို့သို့ သွားကြမည်နည်း"ဟု မေးတော် မူသော် အာနန္ဒာက "တခြားမြို့သို့ သွားကြပါကုန်"ဟု လျှောက်ပြန်၏။ ဘုရားရှင်က "ထိုမြို့၌ လူတို့ ဆဲရေးပြန်သော် ဘယ်မြို့သို့ သွားကြမည်နည်း။ အာနန္ဒာ၊ တနေရာ၌ အဓိကရုဏ်းတွေ့ကြုံသဖြင့် ပြောင်းသွား၍ မဖြစ်။ တနေ ရာ၌ အဓိကရုဏ်းတွေ့ကြုံလျှင် ယင်းကို ငြိမ်းစေပြီးမှသာ တခြားသို့ သွားသင့် ၏။ သီလမရှိသော လူယုတ်လူမိုက်တို့၏ ဆဲရေးခြင်းကို သည်းခံခြင်းကား ငါဘုရား၏ တာဝန်တည်း။ အာနန္ဒာ၊ မစိုးရိမ်လင့်။ ဤလူတို့သည် ခုနစ်ရက်

သာ ဆဲနိုင်ကုန်လတံ့။ ရှစ်ရက်မြောက်၌ တိတ်ဆိတ်ကုန်လတံ့”ဟု မိန့်တော်မူ၏။

မာဂဏ္ဍီသည် ဤလုပ်ရပ် မအောင်မြင်သော် သာမာဝတီ အမှူးရှိသော မိန်းမတို့ပျက်စီးအောင် ဥတေနမင်းအား ဂုံးချော၍ အမျိုးမျိုး လုပ်ကြံ၏။ ဥတေနမင်းသည် သာမာဝတီ၏ အကျင့်သီလနှင့် ကြီးမားလှသည့် မေတ္တာတန်ခိုးကို ကိုယ်တိုင်တွေ့မြင်ရသဖြင့် သာမာဝတီအား “လိုရာဆုကို တောင်းလော့၊ ပေးအံ့”ဟု ဆိုပြီး ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ခုနစ်ရက်လုံး အလှူကြီးကို ပေး၏။ ထိုအခါ ဥတေနမင်းက“လိုရာဆုကိုတောင်းလော့” ဟု ဆိုလျှင် သာမာဝတီက “ဘုရားရှင်နှင့်တကွ ရဟန်းငါးရာ ဤနန်းတော်သို့ မပြတ်ကြွလာပြီး တရားနာကြရပါလို၏။ ဤဆုကို ပေးပါ”ဟု တောင်း၏။ ဥတေနမင်းက “ဘုရားရှင်နှင့်တကွ ရဟန်းငါးရာ နန်းတော်သို့ မပြတ်ကြွပါ”ဟု လျှောက်သော် မြတ်စွာဘုရားက “ဘုရားရှင်တို့မည်သည် တနေရာတည်းသို့ ကြွရန် မသင့်။ လူများစွာတို့ ဘုရားရှင်ကို ကြွစေချင်ကုန်လတံ့” ဟု မိန့်တော်မူသော်“မြတ်စွာဘုရား မကြွနိုင်သည့်အခါ ကိုယ်စား လွှတ်တော်မူပါ”ဟု လျှောက်၏။ ထိုအခါ ရှင်အာနန္ဒာသည် ဘုရားရှင်၏ အမိန့်ဖြင့် ထိုနေ့မှ စ၍ ရဟန်းငါးရာနှင့်တကွ အမြဲ နန်းတော်သို့ ကြွတော်မူရ၏။ သာမာဝတီ အမှူးရှိသော နန်းတွင်းသူ ငါးရာတို့သည် ရဟန်းတော်တို့အား မပြတ် ဆွမ်းလုပ်ကျွေး၍ တရားနာကြရလေ၏။

ထိုအခါ မာဂဏ္ဍီသည် “ငါလုပ်သမျှ ဖြစ်စေချင်တိုင်း မဖြစ်ဘဲ တလွဲတခြား ဖြစ်၏။ ယခု ဘယ်လို လုပ်ရမလဲ”ဟု အကြံထုတ်လေ၏။ တနေ့သ၌ ဥတေနမင်း ဥယျာဉ်သို့ ထွက်သွားနေခိုက် မာဂဏ္ဍီသည် ဘထွေးဖြစ်သူ စူဠမာဂဏ္ဍီထံ လူလွှတ်၍ သာမာဝတီ အမှူးရှိသော မိန်းမငါးရာတို့ကို တစုတည်း နေစေပြီး တံခါးများပိတ်၍ ပြာသာဒ်ကို မီးတိုက်ရန် စကားပါးလိုက်၏။ စူဠမာဂဏ္ဍီလည်း သွား၍ ထိုအတိုင်း ပြုလုပ်သော် သာမာဝတီသည် အခြွေအရံငါးရာတို့အား “အစမထင် သံသရာ၌ ငါတို့ ကိုယ်ခန္ဓာ မီးလောင်ကျွမ်းပေါင်း မရေတွက်နိုင်ပြီ။ သတိတရားဖြင့် မမေ့မလျော့ ရှိကြလော့”ဟု ဆုံးမ၏။ ထိုမိန်းမငါးရာတို့သည် မီးလောင်သည့် ဝေဒနာဖြင့် ပြင်းစွာခံရသော်လည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြသဖြင့်တချို့ သကဒါဂါမ် ဖြစ်၍ တချို့ အနာဂါမ် ဖြစ်ကြ၏။ သူတို့သည် ရှေးက ပြုခဲ့သည့် မကောင်းမှုကံကြောင့် ဤသို့ အိမ်မီးလောင်ပြီး သေခဲ့ကြသည်မှာ ဘဝပေါင်း တရာမက ရှိခဲ့လေပြီ။

ဥတေနမင်းကြီးသည် ထိုအကြောင်းကို ကြားချင်း ပြေးလာသော်လည်း ပြာသာဒ်ပြာကျပြီးမှရောက်ရှိလေ၏။ သူသည် အလွန်နှလုံးမသာမယာဖြစ်ပြီး "ဤအမှုသည် မာဂဏ္ဍီ၏ လက်ရာဖြစ်သည်"ကို သိ၍ ဥပါယ် သုံးပြီး "သာမာဝတီသည် ငါပျက်စီးအောင် အမြဲ အခွင့်ကို ရှာကြံနေ၏။ ယခု ငါ စိတ်ချမ်းသာရပြီ။ ဤအမှုကို ပြုသူသည် ငါ့ကို တကယ်ချစ်သောသူ ဖြစ်ပေမည်"ဟု ဆို၏။ ထိုအခါ အနီးအပါး၌ ရှိနေသည့် မာဂဏ္ဍီက သူလုပ်ကြောင်း ပြောသော် ဥတေနမင်းက "သင့်ကို ငါ ယုံကြည်မြတ်နိုး၏။ ဆုပေးသနားအံ့၊ သင့်ဆွေမျိုးများကို ခေါ်စေလော့"ဟု ဆို၏။ မာဂဏ္ဍီ ခေါ်စေ၍ ဆွေမျိုး များ ရောက်လာသော် ဥတေနမင်းက ထိုသူအားလုံးကို ဖမ်းစေ၍ မင်းရင်ပြင်၌ ချက်အထိ တွင်းတူးမြှုပ်ပြီး အပေါ်က ကောက်ရိုးများ ကြဲဖြန့်၍ မီးတိုက်စေ၏။ အရေထူ လောင်ကျွမ်းသော် သံထွန်သွားတို့ဖြင့် အပိုင်းပိုင်း ဖြစ်အောင် ထွန်စေ၏။ မာဂဏ္ဍီ၏ ကိုယ်မှလည်း ဓားဖြင့် အသားများကို လှီးခွာ၍ အိုးကင်း၌ကြော်စေပြီး မာဂဏ္ဍီကိုပင် စားခိုင်း၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည်သာမာဝတီအမှူးရှိသော မိန်းမငါးရာ အိမ်နှင့်တကွ မီးလောင်သေရခြင်း၊ မာဂဏ္ဍီနှင့်တကွ ဆွေမျိုးအားလုံး မီးဖြင့် တိုက်၍ အသတ်ခံရခြင်း အကြောင်းကို ပြောဆိုကြလျက် "ဤသူ နှစ်မျိုး အနက် အဘယ်သူတို့သည် အသက်ရှည်သည် မည်ကုန်သနည်း။ အဘယ်သူတို့ သည် သေသည်မည်ကုန်သနည်း"ဟု ပြောဆိုကြ၏။ ထိုအခါ မြတ်စွာဘုရား သည် ကြွလာ၍ ထိုရဟန်းတို့အား ထိုစကားအကြောင်းကို မေးတော်မူပြီး လျှင် "ရဟန်းတို့၊ မာဂဏ္ဍီကဲ့သို့ ကောင်းမှု၌ မေ့လျော့သော သူတို့သည် အနှစ်တရာပင် အသက်ရှည်ငြားလည်း သေသည်မည်ကုန်၏။ သာမာဝတီ ကဲ့သို့ ကောင်းမှု၌ မမေ့မလျော့သော သူတို့သည်ကား သေလွန်သော်လည်း အသက်ရှည်သည် မည်ကုန်၏"ဟု မိန့်တော်မူပြီး သုံးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁။ "ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း ဖြစ်၏။ ကောင်းမှု၌ မေ့လျော့ခြင်းသည် အဖန်တလဲလဲ သေရခြင်း၏ အကြောင်း ဖြစ်၏။ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည်ကား သေကြသော သူတို့နှင့် တူကုန်၏။

၂၂။ "မမေ့မလျော့ခြင်း၌ တည်ရှိကြသော ပညာရှိတို့သည် ဤသို့ ထူးခြားကွဲပြားစွာ သိရှိကြပြီး မမေ့မလျော့ခြင်း၌ နှစ်သက်ဝမ်းမြောက်ကြ၏။

အရိယာ သူတော်ကောင်းတို့ ကျက်စားရာ လောကုတ္တရာ တရား၌ မွေ့လျော်ကြကုန်၏။

၂၃။ "ထိုပညာရှိတို့သည် ကိလေသာကို လောင်မြိုက်သည့် ဈာန်တရားကို ပွားများကြပြီးလျှင် ဝီရိယ အမြဲထား၍ ပြင်းထန်စွာ တရားအားထုတ်ကြသဖြင့် ကိလေသာ အနှောင်အဖွဲ့ကင်းရာ အမြတ်ဆုံးသော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။"

## ၁၆။ ကုမ္ဘဃောသက သူဌေး

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည် ရာဇဂြိုဟ်သူဌေး၏ အိမ်တွင် တနေ့သောအခါ ကုစားမရနိုင်သည့် "ယင်းနာ" ခေါ် ကပ်ရောဂါဖြစ်ပွားရာ ယင်းတို့မှ အစပြု၍ အိမ်မွေးတိရစ္ဆာန်များ သေကြေပျက်စီးကြပြီးနောက် သူဌေးလင်မယားတို့အား ထိုရောဂါ စွဲကပ်လေ၏။ ထိုအခါ သူတို့က "ကုမ္ဘဃောသက" မည်သော သားအား "အိမ်မှထွက်ပြေးမှသာ ဤကပ်ရောဂါမှ လွတ်နိုင်၏။ ငါတို့ကို မငဲ့ဘဲ ထွက်ပြေးလော့။ ဤမည်သောနေရာ၌ ဥစ္စာ ကုဋေ ၄၀ မြှုပ်ထား၏။ ကာလကြာမြင့်မှ ပြန်လာပြီး ယင်းဥစ္စာတို့ကို ဖော်ယူလော့" ဟု ဆို၍ အိမ်မှ ထွက်ပြေးစေ၏။ သူဌေးသားလည်း ထွက်ပြေး၍ တောတောင်များ၌ ၁၂ နှစ်လုံး နေပြီးမှ ပြန်လာ၏။ သူသည် မိဘများ မြှုပ်ထားခဲ့သည့် ဥစ္စာထားရာ အရပ်ကို သွားကြည့်သော် ဥစ္စာအားလုံး မပျက်မစီး နဂိုအတိုင်း ရှိသည်ကို တွေ့ရ၏။ သို့ရာတွင် သူသည် "ငါ့ကိုမှတ်မိသူမရှိ၊ ဥစ္စာများကို ဖော်ထုတ်သုံးစွဲလျှင် ဆင်းရဲသားတဦး ရွှေအိုးကို ဖော်ထုတ်၏ဟု ငါ့ကို ဖမ်းဆီးရိုက်နှက်ကြမည်။ သူတပါးအိမ်၌ ဆင်းရဲသား အခစားလုပ်၍ အသက်မွေးပြီး နေသင့်၏" ဟု ကြံလေ၏။

ထိုအခါ သူသည် ရပ်ကွက်တခု၏ လူတို့ထံမှ "နံနက် စောစောထ၍ လူတို့ကို နှိုးပြီး အလုပ်ခွင်သွားရန်၊ ထမင်းချက်ရန် ပြင်ဆင်ကြဘို့ လှည့်လည် အော်ဟစ်နှိုးဆော်ပေးရသည့် အလုပ်" ကို ရသဖြင့် အခဖြင့် လုပ်ပြီး၊ ထိုလူတို့ ပေးသည့် အိမ်တခု၌ ဆင်းရဲသားအသွင်ဖြင့် နေ၏။ ဗိမ္ဗိသာရမင်းကြီးသည် လူတို့၏ အသံကိုကြားလျှင် ထိုလူများအကြောင်းကို သိသူဖြစ်ရကား တနေ့သ၌ ကုမ္ဘဃောသက၏ ဟစ်သံကို ကြားလျှင် "ဤအသံကား ချမ်းသာ

ကြွယ်ဝသူ၏ အသံတည်း”ဟု ဆို၏။ ထိုအခါ အနီးရှိ နန်းတွင်းသူမောင်းမ တဦးသည် ထိုစကားကို ကြားလျှင် ယုံကြည်စွာဖြင့် မင်းချင်းတဦးကို ခေါ်၍ စေလွှတ် စုံစမ်းခိုင်း၏။ ထိုမင်းချင်းသည် သွားစုံစမ်းပြီး ပြန်လာ၍ “ထိုသူကား သူဆင်းရဲတည်း” ဟုဆို၏။ မင်းကြီးကား ဘာမျှ မပြောဘဲ ဆိတ်ဆိတ်နေ၏။ နောက် နှစ်ရက်သုံးရက်တိုင် မင်းကြီးသည် ကုမ္ဘဃောသက၏ဟစ်သံကို ကြားတိုင်း “ချမ်းသာသူ၏ အသံတည်း” ဟု ဆိုပြန်၏။ ထိုအခါ ထိုမောင်းမသည် မင်းကြီးအား “ထိုသူ၏ ဥစ္စာများကို မင်းကြီး၏ ရှေ့တိုက်သို့ ယူဆောင်ပါအံ့”ဟု ဆိုပြီး ငွေတထောင်နှင့်တကွ မင်းကြီး၏ သမီးတော်ကို ခေါ်၍ သူ့အိမ်သို့ သွား၏။

ထိုမောင်းမသည် ကုမ္ဘဃောသကအား “ကျွန်မတို့သားအမိ ခရီးသွားဖြစ်ပါ၏” စသည်ဖြင့် ပြော၍ ထိုအိမ်၌ အတန်ကြာနေလျက် မင်းသမီးဖြင့် မျှားပြီး ဥပါယ်ဖြင့် ထိုဥစ္စာ အားလုံးပေါ်အောင် လုပ်၏။ မင်းကြီးလည်း ကုမ္ဘဃောသက၏ ဥစ္စာ ကုဋေ ၄၀ တို့ကို လှည်းများစွာဖြင့် သွားယူစေပြီး မင်းရင်ပြင်၌ စုပုံထားစေလျက် လူအများရှေ့တွင် ကုမ္ဘဃောသကအား မိမိ၏ သမီးတော်နှင့် ပေးစား၍ သူဌေးရာထူးကို ပေး၏။ နောက် ကုမ္ဘဃောသကနှင့် အတူ ဝေဠုဝန်ကျောင်း ဘုရားရှင်ထံ သွား၍ “ဥစ္စာ ကုဋေ ၄၀ ရှိလျက် ဤကဲ့သို့ မိမိကိုယ်ကို နှိမ့်ချပြီး သူဆင်းရဲဘဝဖြင့် တည်ငြိမ်စွာ နေထိုင်သော ဤပညာရှိ မျိုးကို မမြင်ဘူးပါဘုရား”ဟု ကုမ္ဘဃောသက အကြောင်း အံ့သြစွာဖြင့် လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက “မင်းကြီး၊ ဤသို့ လုံ့လဝီရိယ, သတိ, ဉာဏ်ပညာတို့ကို ယှဉ်ပြီး ကံသုံးပါး စင်ကြယ်စေ၍ ဣန္ဒြေတို့ကို စောင့်စည်းကာ တရားနှင့် အညီ အသက်မွေးသူမှာ အစိုးရခြင်း စည်းစိမ် ချမ်းသာ တနေ့တခြား တိုးပွားသည်သာ” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄။ “ထကြွလုံ့လရှိခြင်း၊ အစဉ်သတိရှိခြင်း၊ ကံသုံးပါး စင်ကြယ်မှုရှိခြင်း၊ ဉာဏ်ဖြင့် ဆင်ခြင်၍ ပြုလေ့ရှိခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ တရားနှင့်အညီ အသက်မွေးခြင်း (ဤတရား ခြောက်ပါးနှင့် ပြည့်စုံသော) မမေ့မလျော့သူအား စည်းစိမ်ဥစ္စာ အခြံအရံ ကျော်စောခြင်းသည် တနေ့တခြား တိုးပွား၏။”

ဤ တရားကို ကြားနာပြီးသော် ကုမ္ဘဃောသကသည် သောတာပန် ဖြစ်လေ၏။

## ၁၇။ စူဠပန်မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည် 'ဓနသေဋ္ဌိ'မည်သော သူဌေးမှာ "မဟာပန်(မဟာပန္ထက) စူဠပန် (စူဠပန္ထက)"ဟူ၍ မြေးနှစ်ဦး ရှိ၏။ စူဠပန်ကား အလွန်ငယ်သေး၏။ မဟာပန်သည် အဘိုးနှင့်အတူ ဘုရားရှင်ထံ မပြတ်လိုက်ပါ သွားရပြီး တရားများကို ကြားနာရသော် အဘိုးအားခွင့်ပန်ပြီး ဘုရားရှင်ထံ သာမဏေပြု၏။ မဟာပန်သည် ပိဋကတ် သုံးပုံကို သင်ယူ၍ အသက် ၂၀ ပြည့်လျှင် ပဉ္စင်း ဝတ်၏။ မကြာမီပင် ကမ္မဋ္ဌာန်းတရားများကို ကြိုးစားအားထုတ်၍ ရဟန္တာ ဖြစ်၏။ နောက် မဟာပန်သည် သူဌေးကြီးအား ပန်ကြားပြီး ညီတော် စူဠပန်ကို ခေါ်ယူ၍ ရှင်ပြုပေး၏။ စူဠပန်သည် ကဿပဘုရားလက်ထက်က ဉာဏ်ထိုင်းသည့် ရဟန်းတပါးကို ပြက်ရယ်ပြုခဲ့ဘူးသည့် မကောင်းမှုကံ၏ ဝဋ်ကြွေးကြောင့် ဤဘဝ၌ဉာဏ်ထိုင်းပြီး နောင်တော်သင်ပေးသည့် ဂါထာ တခုမျှကိုပင် လေးလတိုင် သင်ယူ၍ မရဘဲ ဖြစ်နေရှာ၏။ ထိုအခါ နောင် တော်က "သင်သည် ဘုရားသာသနာနှင့် မထိုက်တန်တော့။ ဤကျောင်းမှ ထွက်သွားလော့"ဟု ဆိုပြီး နှင်ထုတ်၏။

မဟာပန်သည် ဆွမ်းညွှန်ရဟန်း ဖြစ်ရကား ထိုခဏ၌ ဘုရားရှင်နှင့်တကွ သံဃာငါးရာကို ဆွမ်းလာပင့်သော ဇီဝကအား "ထုံထိုင်းလှသည့် စူဠပန် ကို ချန်ထားပြီး၊ ကျန်ရဟန်းများအား ဒကာတော် ပင့်ဖိတ်သည်ကို လက်ခံအံ့"ဟု ဆို၏။ ထိုစကားကို ကြားရလျှင် သာသနာ၌ ပျော်မွေ့လှ သော စူဠပန်သည် "နောင်တော်ကား ငါ့အပေါ် စိတ်ပျက်ပြီ။ လူထွက်၍ ကုသိုလ်များကိုသာပြုပြီး အသက်မွေးအံ့"ဟု စဉ်းစားပြီး၊ နောက်တနေ့ နံနက် လူထွက်ရန် ကျောင်းမှ ထွက်ခွာ၏။ ထိုအခါ ဘုရားရှင်သည် နံနက်စောစော လောက၌ ကျွတ်ထိုက်သူတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်သော် စူဠပန် ကို မြင်တော်မူလျှင် ရှေ့က ကြိုသွားနှင့်ပြီး စင်္ကြံကြွနေတော်မူ၏။ နောက် စူဠပန်ရောက်လာပြီး အကျိုးအကြောင်းကို မေးမြန်းပြီးသော်- "သင့်၏ ရဟန်း အဖြစ်သည် ငါဘုရားနှင့်သာ သက်ဆိုင်၏။ သင့် နောင်တော်

နှင်ထုတ်သောအခါ ငါဘုရားထံ အဘယ့်ကြောင့် မလာသနည်း” စသည်ဖြင့် မိန့်တော်မူပြီး စူဠပန်၏ ဦးခေါင်းကို သုံးသပ်ပျက် ခေါ်သွား၏။

နောက် စူဠပန်အား ဂန္ဓကုဋိတံခါးမုခ်ဦး၌ အရှေ့သို့ မျက်နှာမူလျက် နေစေပြီး တန်ခိုးဖြင့် ဖန်ဆင်းအပ်သော အဝတ်ဖြူပိုင်းကို ပေး၍ “ရဇော ဟရဏံ၊ ရဇော ဟရဏံ- ဟု ဆိုပြီး ဤအဝတ်ဖြူပိုင်းကို ဆုပ်နယ်လျက် ဤ၌သာ နေရစ်လော့” ဟု မိန့်တော်မူ၏။ နောက် ဆွမ်းစားချိန် လျှောက်ကြားအပ်သော် မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ဇီဝက အိမ်သို့ ကြွတော်မူ၏။ စူဠပန်လည်း ဘုရားရှင်မိန့်မှာသည့်အတိုင်း ပြုသဖြင့် အဝတ်ဖြူ ညစ်နွမ်းလာသည်ကို မြင်ရသော် “ဤအဝတ်ဖြူသည် ဤခန္ဓာ ကိုယ်ကို မှီ၍ ညစ်နွမ်းရ၏။ သင်္ခါရတရားတို့ကား မမြဲကြပါတကား” ဟု ကုန်ခြင်း ပျက်ခြင်းကို ဆင်ခြင်လျက် ဝိပဿနာကို ပွားများ၏။ ဘုရားရှင် လည်း ထိုအကြောင်းကို သိမြင်၍ စူဠပန်ထံ ရောင်ခြည်တော်ကို လွှတ်ပြီး “သင့်ကိုယ်တွင်းရှိ ညစ်နွမ်းစေတတ်သည့် ရာဂမှုတို့ကိုလည်း ပယ်လော့” ဟု မိန့်တော်မူလျက် ခြောက်ဂါထာဖြင့် တရားဟော၏။ ထိုတရားဂါထာများ ကို ကြားနာပြီးလျှင်ပင် စူဠပန်သည် ရဟန္တာ ဖြစ်လေ၏။

ဇီဝကသည် အလှူရေစက်ကို ဆက်ကပ်သော် ဘုရားရှင်က “ကျောင်း၌ ရဟန်းများ ကျန်နေပါသေး၏မဟုတ်လော”ဟု မိန့်ကြား၍ သပိတ်တော်ကို ပိတ်ထားတော်မူ၏။ မဟာပန်က “မရှိတော့ပါဘုရား” ဟု လျှောက်သော် ဘုရားရှင်က “ရှိသေး၏”ဟု မိန့်တော်မူသဖြင့် ဇီဝကသည် ယောကျ်ား တဦးကို ကျောင်းသို့ စေလွှတ်စုံစမ်းခိုင်း၏။ ထိုခဏ၌ စူဠပန်သည် နောင်တော် ၏ စကားကို ကြားလျှင် သရက်ဥယျာဉ်၌ တပြည့် ရဟန်းတထောင် အလုပ် အမျိုးမျိုး လုပ်နေပုံကို ဖန်ဆင်းထား၏။ ထိုယောကျ်ားသည် ထိုရဟန်းများ ကို မြင်၍ ပြန်သွားပြီး ဇီဝကအား ပြောပြ၏။ ဘုရားရှင်က “စူဠပန်ကို ဘုရားရှင်ခေါ်တော်မူ၏ဟု ပြောချေလော့” ဟု မိန့်ကြား၏။ ထိုယောကျ်ား လည်း ထိုအတိုင်း သွားပြောသော် ထိုရဟန်းတထောင်လုံးက “ငါစူဠပန်၊ ငါစူဠပန်” ဟု ဆို၍ ထကြကုန်၏။ ထိုယောကျ်ားလည်း ပြန်သွား၍ ထိုအကြောင်းကို လျှောက်ကြားသော် ဘုရားရှင်က “ငါစူဠပန်ဟု အလျင် ဆိုသော ရဟန်းကို လက်၌ ကိုင်လော့။ ကျန်ရဟန်းတို့ ကွယ်သွားမည်”ဟု မိန့်ကြား၏။ ထိုယောကျ်ားလည်း သွား၍ ထိုအတိုင်းပြုပြီး စူဠပန်ကို ပင့်လာ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် ဇီဝကအား "စူဠပန်သည် သင့်အား တရားဟောလတံ့" ဟု မိန့်တော်မူ၏။ စူဠပန်သည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ပိဋကတ်သုံးပုံကို မွှေနှောက်ပြီး တရားဟော၏။ ပြီးလျှင် ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် ကျောင်းသို့ ကြွတော်မူ၏။ ရဟန်းတို့သည် ညနေအခါ တရားသဘင်၌ စူဠပန်နှင့် ပတ်သက်ပြီး "ဤမျှ ဉာဏ်ထိုင်းသူပင် ရဟန္တာအဖြစ်သို့ ရောက်ရပါတကား" ဟု ဘုရားရှင်၏ အံ့ဩဘွယ်ကောင်းသည့် ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပြောဆိုကြ၏။ ထိုအခါ မြတ်စွာဘုရားကြွလာ၍ ထိုရဟန်းတို့အား ထိုစကားအကြောင်းကို မေးတော်မူပြီး "ရဟန်းတို့၊ ငါဘုရား၏ သာသနာ၌ လုံ့လကြိုးကုတ် အားထုတ်သူသည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သည်သာ ဖြစ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅။ "ထကြွလုံ့လရှိခြင်း၊ မမေ့မလျော့ခြင်း၊ သီလစောင့်ထိန်းခြင်း၊ ဣန္ဒြေကို ဆုံးမ ချုပ်တည်းခြင်း (တရားလေးပါး) တို့ဖြင့် ပညာရှိသူသည် 'ကိလေသာတည်းဟူသော ရေအယဉ် မလွှမ်းမိုးသော' အရဟတ္တဖိုလ် တည်းဟူသော ကျွန်းကို ပြုလုပ်ရာ၏။"

## ၁၈။ ဗာလနက္ခတ်ပွဲ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ သာဝတ္ထိပြည်တွင် "ဗာလနက္ခတ်ပွဲသဘင်" ကျင်းပ၏။ ထိုပွဲ၌ အလွန်မိုက်မဲတွေဝေသူတို့သည် ပြာ, နွားချေးတို့ဖြင့် ကိုယ်ကို လိမ်း၍ ခုနစ်ရက် ပတ်လုံး လမ်းပေါ် သွားစဉ်ရင်း၊ အိမ် တံခါးများ၌ ရပ်၍ရင်း ယုတ်မာညစ်ညမ်းသည့် စကားများကို ဟစ်အော် ပြောဆိုလျက် အရှက်ကင်းမဲ့စွာ လှည့်လည်သွားလာကုန်၏။ လူတို့သည် ထိုလူမိုက်တို့၏ အော်ဟစ်ဆဲဆိုသံကို နားမထောင်ဝံ့သဖြင့် တတ်နိုင်သလောက် ငွေကြေး ပေးပို့စေကုန်၏။ ထိုလူမိုက်တို့သည် ရတိုင်းသော ထိုကြေးငွေကို ယူ၍ ဖဲသွားကုန်၏။

ထိုအခါ သာဝတ္ထိပြည်၌ မြောက်မြားလှစွာသော အရိယာ ဒါယကာတို့သည် "ဘုရားရှင်နှင့် တကွ သံဃာ အပေါင်းအား ခုနစ်ရက်လုံးကျောင်း

၌သာ သိတင်းသုံးတော်မူကြပါ” ဟု စေလွှတ်လျှောက်ထားပြီး ဆွမ်းစသည်တို့ကို အလုံအလောက် ပို့လှူကုန်၏။ မိမိတို့လည်း အိမ်မှ မထွက်ကုန်။ ထိုပွဲပြီး၍ ရှစ်ရက်မြောက်နေ့၌ ထိုဒါယကာတို့သည် ဘုရားရှင်နှင့်တကွ သံဃာအပေါင်းကို မြို့တွင်းသို့ ပင့်ဖိတ်၍ အလှူကြီးကို ပေးပြီး မြတ်စွာဘုရားအား ထိုလူမိုက်တို့၏ ယုတ်မာ ညစ်ညမ်းစွာ ပြောဆိုပြုမူပုံကို လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက “ဒါယကာတို့၊ ပညာမဲ့သောလူမိုက်တို့၏ အပြုအမူသည်ကား ဤသို့ သဘောရှိကုန်၏။ ပညာရှိသူတို့ကားမမေ့မလျော့ခြင်း အပ္ပမာဒတရားကို ရတနာ ခုနစ်ပါး ဥစ္စာကဲ့သို့စောင့်ရှောက်၍ နိဗ္ဗာန် ချမ်းသာကို ရရှိခံစားကုန်၏”ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၆။ “ပညာမဲ့၍ မိုက်မဲသော သူတို့သည် မေ့လျော့ခြင်းကို အားထုတ်ကြ၏။ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို ကောင်းမြတ်သည့် ရတနာဥစ္စာကဲ့သို့ စောင့်ရှောက်၏။

၂၇။ “(ထို့ကြောင့်) သင်တို့သည် မေ့လျော့ခြင်းကို အားမထုတ်ကုန်လင့်။ ကာမဂုဏ်၌ နှစ်သက်ပျော်မွေ့ခြင်းနှင့် ပေါင်းဖော်ခြင်းကိုလည်း မပြုကြကုန်လင့်။ မမေ့မလျော့သော သူတို့သည် ဈာန်တရားကို ပွားများသဖြင့် ကြီးမြတ်လှစွာသော နိဗ္ဗာန်ချမ်းသာကို ရပေ၏။”

## ၁၉။ မဟာကဿပ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရှင်မဟာကဿပ မထေရ်သည် ပိပ္ပလိလိုဏ်ဂူ၌နေထိုင်စဉ် အာလောကကသိုဏ်း (အရပ်အားလုံး၌ အလင်းရောင်နှံ့အောင် ဝင်စားသောဈာန်) ကို ပွားများလေသော် မေ့လျော့နေကြသော သတ္တဝါများ၊ မမေ့မလျော့ကြသော သတ္တဝါများ၊ စုတေဆဲ သတ္တဝါများ၊ ပဋိသန္ဓေနေဆဲ သတ္တဝါများကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုကာ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူလျက် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ထိုအကြောင်းကို သိမြင်လေသော် “ချစ်သား ကဿပ၊ သတ္တဝါတို့၏ စုတေခြင်း၊ ပဋိသန္ဓေနေခြင်း တို့ကား အပိုင်းအခြား မရှိ၊ ထိုသတ္တဝါတို့ကို

သိခြင်းငှာ သင်၏ အနုမဟုတ်။ ဘုရားရှင်တို့၏ အရသာဖြစ်၏” ဟု မိန့်တော်မူပြီး ကိုယ်တော်ရောင်ကို ပုံ့နှံ့စေလျက် ရှေ့၌ ထင်ရှားနေဘိသကဲ့သို့ပြ၍ ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၈။ “ပညာရှိသည် မေ့လျော့ခြင်းကို မမေ့မလျော့ခြင်း သတိတရားဖြင့် ပယ်ဖျောက်သောအခါ ပညာတည်းဟူသော ပြာသာဒ်ပေါ်သို့ တက်၍ စိုးရိမ်သောက ကင်းစွာဖြင့် စိုးရိမ်ကြောင့်ကြရှိကုန်သော သတ္တဝါအပေါင်းကို ရှုမြင်လေ၏။ တောင်ထိပ်ပေါ်၌ တည်ရှိသော သူသည် မြေပြင်၌ တည်ရှိသော သူတို့ကို မြင်ရသကဲ့သို့ ရဟန္တာပညာရှိသည် သေလိုက် ဖြစ်လိုက် ရှိကုန်သော ပုထုဇဉ်လူမိုက်တို့ကို မြင်၏။”

## ၂၀။ မိတ်ဆွေ ရဟန်းနှစ်ပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မိတ်ဆွေ ရဟန်းနှစ်ပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူပြီး တောကျောင်းသို့ သွား၍ နေကြ၏။ တပါးသည် ပျင်းရိပြီး သာမဏေများနှင့်တကွ စကားပြောလျက် ညဉ့်ဦးယာမ်ပတ်လုံး မီးလှုံကာ ထိုင်နေ၏။ တပါးကား လုံ့လရှိပြီး မမေ့မလျော့ဘဲ ရဟန်းတရားကို အားထုတ်၍ ညဉ့်ဦးယာမ် ပတ်လုံးစင်္ကြံသွားပြီး သန်ခေါင်ယာမ်၌ လျောင်းစက် အပန်းဖြေရန် အခန်းထဲသို့ ဝင်၏။ ထိုအခါ ပျင်းရိသော ရဟန်းသည် လိုက်လာပြီး “အပျင်းကြီးသော ရဟန်း၊ သင်သည် အိပ်ရန် တောသို့ လာသလော။ ဘုရားရှင်ထံမှ ယူခဲ့သည့် ကမ္မဋ္ဌာန်းတရားကို အားထုတ်သင့်သည် မဟုတ်လော” ဟု ကဲ့ရဲ့ ပြောဆိုပြီး မိမိနေရာသို့ သွား၍ အိပ်၏။ လုံ့လရှိသော ရဟန်းသည် လျောင်းစက် အပန်းဖြေပြီးသော် မိုးသောက်ယာမ်၌ စောစောထပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်၏။ ဤသို့ မမေ့မလျော့ အားထုတ်သဖြင့် မကြာမီ ရဟန္တာဖြစ်၏။ ပျင်းရိသော ရဟန်းကား မေ့မေ့လျော့လျော့နေကာ အချိန်ကို ကုန်လွန်စေ၏။

ဝါကျွတ်သော် ထိုရဟန်းနှစ်ပါးသည် ဘုရားရှင်ထံ သွားရောက် ဖူးမြင်ကြ၏။ ဘုရားရှင်က “မမေ့မလျော့ တရားအားထုတ်, မထုတ် မေးသော် ထိုရဟန်းပျင်းက “ဤရဟန်းသည် တောကျောင်း ရောက်သည်မှ စ၍

လျှောင်းစက် အိပ်စက်ကာသာ အချိန်ကို ကုန်လွန်စေပါ၏”ဟု လျှောက်၏။ “သင်သည်အဘယ်သို့နေသနည်း”ဟု မေးသော် သူက“တပည့်တော်သည် ညဉ့်ဦးယာမ်ပတ်လုံး မီးလှုံကာ နေထိုင်လျက် မအိပ်ဘဲ ထိုင်နေပါ၏”ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက “သင်သည် ကမ္မဋ္ဌာန်းတရားကို မေ့ပြီး အချိန်ကုန်စေလျက် ‘မမေ့မလျော့နေ၏’ဟု ဆို၍ မမေ့မလျော့သူကိုမူ ‘မေ့လျော့သူ’ဟု ဆိုဘိသည်။သင်သည် အားနည်းသည့်မြင်းပိန်နှင့် တူပြီး၊ငါ့သားတော် ရဟန်းကား လျင်မြန်သည့် မြင်းသန်နှင့် တူ၏” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၂၉။ “ပညာရှိသည် မေ့လျော့သူတို့တွင် မမေ့မလျော့သူဖြစ်ပြီး၊ အိပ်ပျော်နေသူတို့တွင် လွန်စွာ နိုးကြားသူ ဖြစ်သဖြင့် ‘မြန်သည့် မြင်းသန်က နေးကွေးချိနဲ့သည့် မြင်းပိန်ကို စွန့်ပစ်ထားခဲ့ပြီး သွားသကဲ့သို့’ (မေ့လျော့ အိပ်ပျော်နေသူ လူမိုက်ကို) စွန့်ပစ်ထားခဲ့ပြီး သွား၏။”

## ၂၁။ မဃ သိကြားမင်း

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူစဉ်။

ထိုအခါ ဝေသာလီပြည်၌ ‘မဟာလိ’ မည်သော လိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားဟောကြားသည့် ‘သက္ကပဉှသုတ္တန်’ကို ကြားနာရ၍ “မြတ်စွာဘုရားသည် သိကြားမင်းစည်းစိမ်ကို ကြီးကျယ်စွာပြု၍ ဟောတော်မူ၏။ မြင်၍ပင် ဟောသလော၊ မမြင်ဘဲနှင့် ဟောသလော။ သိကြားမင်းကိုသိသလော၊ မသိလေသလော” ဟု ဒွိဟရှိသဖြင့် ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကိုမေးလျှောက်၏။ မြတ်စွာဘုရားက“သိကြားမင်းကို ငါမြင်၏။ သိ၏။သိကြားမင်းဖြစ်နိုင်သည့် ကျင့်စဉ်တရားများကိုလည်း သိ၏။ သိကြားမင်းသည် ရှေးဘဝ ‘မဃလုလင်’အမည်နှင့် လူဖြစ်စဉ် အခါက (၁) မိဘကို လုပ်ကျွေးခြင်း၊ (၂) ဘိုးဘွားစသည် မိမိအမျိုးမှ အသက်ကြီးသူတို့ကို ရိုသေမြတ်နိုးခြင်း၊ (၃) သိမ်မွေ့ပြေပြစ်သည့် စကားကိုဆိုခြင်း၊ (၄) ဂုံးတိုက်ချောပစ်စကားကို မဆိုခြင်း၊ (၅) ဝန်တိုစိတ်မရှိခြင်း၊ (၆) ရက်ရောစွာ ပေးကမ်းစွန့်ကြဲခြင်း၊ (၇) မှန်သောစကားကို ဆိုခြင်းနှင့် အမျက်မထွက်ခြင်း-ဟူသော ကျင့်ဝတ်တရား ခုနစ်ပါးကို အသက်ထက်ဆုံး ကောင်းစွာ ကျင့်ကြံသဖြင့် သိကြားအဖြစ်ကို ရပေ၏” ဟု ဟောတော်မူ၏။

တဖန်မဟာလိမင်းသားက "မဃလုလင်သည် အဘယ်သို့ ကျင့်ပါသနည်း။ အကျယ်ချဲ့၍ ဟောတော်မူပါ" ဟု လျှောက်သဖြင့် မြတ်စွာဘုရားသည် "ရှေးအခါက" ဟု အစချီလျက် 'ကုလာဝက' ဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူ၏။ နောက် "ဤသို့လျှင် မဃလုလင်သည် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့သောကြောင့် သိကြားမင်း အဖြစ်ကို ရပေ၏။ မမေ့မလျော့ခြင်း အပ္ပမာဒ တရားကို ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းကုန်၏။ ယင်းတရားကို မှီ၍ လောကီ, လောကုတ္တရာ အကျိုးတရားအားလုံးကို ရနိုင်ပေ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၀။ "မဃလုလင်သည် ကုသိုလ်ကောင်းမှု၌ မမေ့ မလျော့ ခြင်းကြောင့် နတ်တို့၏အထွဋ်အထိပ် အကြီးအကဲအဖြစ်သို့ ရောက်၏။မမေ့မလျော့ ခြင်း အပ္ပမာဒ တရားကို (ပညာရှိတို့) ချီးမွမ်းကုန်၏။ မေ့လျော့ ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏။"

ဤတရားကို ကြားနာပြီးသော် မဟာလိ မင်းသားသည် သောတာပန် ဖြစ်လေ၏။

## ၂၂။ ရဟန်း တပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရဟန်းတပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်း တရားကို နာယူပြီးတောအုပ်သို့ ဝင်၍ ပြင်းထန်စွာ တရား အားထုတ်သော်လည်း ရဟန္တာဖြစ်ရန် မတတ်နိုင်သဖြင့် "ဘုရားရှင်အား ကမ္မဋ္ဌာန်းတရား အထူးကို တဖန်ဟောစေအံ့" ဟု ကြံ၍ တောမှ ထွက်လာခဲ့၏။ ခရီးအကြား၌ သူသည် တောမီးလောင်သည်ကို မြင်ရ၍ မြက်သစ်ပင် မပေါက်သော တောင်ထိပ်သို့ လျင်စွာ တက်သွားပြီး ထိုတောမီးကို ကြည့်လျက် "ဤမီးကား ကြီးကြီးငယ်ငယ်သော မီးစာတို့ကို အကြွင်းမဲ့ လောင်လျက်သွားသကဲ့သို့ အရိယာမဂ်တည်းဟူသောမီးသည်လည်း ကြီးကြီးငယ်ငယ်အသွယ်သွယ်သော သံယောဇဉ်တို့ကို လောင်လျက် သွားပေလတံ့" ဟု အာရုံကို ယူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီ၌ နေလျက်ပင် ထိုအကြောင်းကို မြင်တော်မူ၍ "ချစ်သား၊ ဤသို့အောက်မေ့ခြင်းကား ဟုတ်မှန်ပေ၏။ သတ္တဝါတို့၏ ကိုယ်

တွင်ရှိ 'ပလောင်စာနှင့် တူသည့်' ကြီးကြီးငယ်ငယ်သော သံယောဇဉ်တို့ကို အရိယာမဂ်ဉာဏ် တည်းဟူသော မီးဖြင့် အကြွင်းမဲ့ လောင်ကျွမ်းအောင် ပြုသင့်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၁။ "တောမီးသည် ကြီးကြီးငယ်ငယ်သော လောင်စာဟူသမျှကိုလောင်၍ သွားသကဲ့သို့ မမေ့ မလျော့ခြင်း အပ္ပမာဒ တရား၌ မွေ့လျော်၍၊ မေ့လျော့ခြင်း၌ ဘေးရှိ၏ဟု ရှုလေ့ရှိသော ရဟန်းသည် ကြီးကြီး ငယ်ငယ်သော သံယောဇဉ် ဟူသမျှကို အကြွင်းမဲ့ လောင်ကျွမ်း စေလျက် (နိဗ္ဗာန်သို့) သွား၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသည် ထိုနေရာ၌ပင် ရဟန္တာ ဖြစ်လေ၏။

## ၂၃။ တိဿမထေရ် (နိဂုံးနေ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တိဿမထေရ်သည် သာဝတ္ထိပြည်အနီး နိဂုံးရွာမှ အမျိုးသား ဖြစ်၍ နိဂမဝါသီ တိဿ မထေရ်ဟု ထင်ရှား၏။ သူသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး စသည်တို့ လှူသည့် အလှူကြီးသို့ရင်း၊ ကောသလမင်းကြီးလှူသည့် 'အသဒိသဒါန' အတုမရှိသော အလှူကြီးသို့ရင်း မလိုက်ဘဲနေပြီး မိမိဆွေမျိုး များရှိရာ ရွာ၌သာ အမြဲမပြတ် ဆွမ်းခံစားလျက် အလွန်ခြိုးခြံရောင့်ရဲ စွာဖြင့် ဆိတ်ငြိမ်ရာ၌ အေးအေးဆေးဆေးနေလေ့ရှိ၏။ ထိုအခါ ရဟန်းတို့ က ဘုရားရှင်အား "ဤနိဂမဝါသီ တိဿ ရဟန်းသည် မိမိ၏ ဇာတိရွာရှိ ဆွေမျိုးတို့နှင့် အလွန်ပင် ရောနှောဆက်ဆံကာ နေပါ၏" ဟု လျှောက် ကြ၏။ ဘုရားရှင်သည် ထိုမထေရ်အကြောင်း သိသော်လည်း သူ၏ ဂုဏ် ထင်ရှားစေရန် ထိုမထေရ်ကို ခေါ်၍ မေးမြန်းတော်မူ၏။ တိဿမထေရ်က "တပည့်တော်သည် ဆွေမျိုးများနှင့် ရောနှော ဆက်ဆံခြင်း မရှိပါ။ ဤ ဆွေမျိုးများကို မှီ၍ ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ စားလောက်ရုံ မျှသော ဆွမ်းကိုရလျှင် ဆက်၍ ဆွမ်းမခံ တော့ပါဘုရား"ဟု လျှောက် ထား၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ဤသို့ အလိုနည်းခြင်သည် ငါ ဘုရား၏ သမဏအနွယ် အစဉ်အလာအတိုင်း ကျင့်ကြံခြင်းပေတည်း။ ရဟန်း မည်သည် နိဂမဝါသီ တိဿမထေရ်ကဲ့သို့ အလိုနည်းခြင်း ရှိရာ၏။ ဤသို့သော ရဟန်းသည် သမထ, ဝိပဿနာတရားတို့မှရင်း၊ မဂ်ဖိုလ်တရားတို့မှရင်း မဆုတ် ယုတ်ပေ။ နိဗ္ဗာန်နှင့် နီးကပ်သည်သာ ဖြစ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၂။ "မမေ့မလျော့ခြင်း အပ္ပမာဒတရား၌ မွေ့လျော်၍၊ မေ့လျော့ခြင်း၌ ဘေးရန်ရှိ၏ဟု ရှုလေ့ရှိသော ရဟန်းသည် မဂ်ဖိုလ်တို့မှ ဆုတ်ယုတ် ခြင်းငှာ မထိုက်ဘဲ နိဗ္ဗာန်အနီး၌သာ တည်ရှိ၏။"

ဤတရားကို ကြားနာရပြီးသော် ထိုတိဿမထေရ်သည် ရဟန္တာ ဖြစ် လေ၏။



# [၃] စိတ္တဝဂ်

## ၂၄။ မေဃိယ မထေရ်

မြတ်စွာဘုရား စာလိယတောင်၌ နေတော်မူစဉ်။

ထိုအခါ မြတ်စွာဘုရားအား လုပ်ကျွေးပြုစုသော ရဟန်းဖြစ်သည့် မေဃိယ မထေရ်သည် ဘုရားရှင်အား သရက်ဥယျာဉ်တခုသို့ သွား၍ ကမ္မဋ္ဌာန်းတရား အားထုတ်လိုကြောင်း ပန်ကြား၏။ "ငါဘုရားအား လုပ်ကျွေးပြုစုမည့် ရဟန်းတပါး ရောက်လာသည့်အထိ ဆိုင်းငံ့ဦးလော့"ဟု ဘုရားရှင်က တောင်းပန်သည်ကိုပင် မနာယူဘဲ သူသည် ထိုသရက်ဥယျာဉ်သို့ သွား၍ တရားအားထုတ်သော် ကာမဂုဏ်ကို ကြံစည်ခြင်း စသည့် စိတ်အကြံအစည်တို့ကြောင့် စိတ်ပျံ့လွင့်နေသဖြင့် ကမ္မဋ္ဌာန်း မစီးဖြန်းနိုင်၍ ပြန်လာ၏။ ထိုအခါ မြတ်စွာဘုရားက မေဃိယအား "သင့်အပြုအမူကား ဝန်လေးလှပေစွ။ ငါဘုရားက ဆိုင်းငံ့ရန် တောင်းပန်လျက်နှင့် ငါဘုရားကို မငဲ့မကွက် တပါးတည်း စွန့်ပစ်သွားသော သင်သည် ဤသို့ စိတ်အလိုသို့ လိုက်ပါသူ မဖြစ်ထိုက်ချေ။ စိတ်မည်သည် ထိုထိုအာရုံသို့ လျင်စွာ ပျံ့လွင့်သွားတတ်သည့်သဘောရှိ၏။ ထိုစိတ်ကိုမိမိအလိုသို့ လိုက်ပါအောင်ပြုထိုက်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၃။ "စိတ်သည်(ကာမဂုဏ်အာရုံတို့၌) တုန်လှုပ်တတ်၏။ အာရုံတခုတည်း၌
မတည်မငြိမ် လျှပ်ပေါ်တတ်၏။ စောင့်ထိန်းရန် ခဲယဉ်း၏။ ကာမဂုဏ်
အာရုံသို့မသွားအောင် တားမြစ်နိုင်ခဲ၏။ မြှားလုပ်သမားသည် မြှားကို
ဖြောင့်အောင် လုပ်သကဲ့သို့ ပညာရှိသည် ထိုစိတ်ကို ဖြောင့်အောင်
ပြုလုပ်၏။

၃၄။ "ရေ၌ ပေါက်ဖွားကျက်စားသော ငါးသတ္တဝါသည် ရေမှ ထုတ်ပြီး ကုန်းပေါ်၌ပစ်တင်ထားသော် ဆော့ဆော့ခုန်တုန်လှုပ်သကဲ့သို့ ကာမဂုဏ် အာရုံ၌ကျက်စားတတ်သော ဤစိတ်သည် ကိလေသာမာရ်၏ နယ်ပယ် ကို ပယ်ဖျက်ရန် (ကာမဂုဏ်အာရုံမှ ထုတ်၍) ကမ္မဋ္ဌာန်း ဘာဝနာ၌ တင်ထားသော် တလွန့်လွန့် တုန်လှုပ်၏။"

ဤတရားများကို ကြားနာပြီးသော် မေဃိယမထေရ်သည် သောတာပန် ဖြစ်လေ၏။

## ၂၅။ ရဟန်းတပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်း ၆၀ တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားများကို နာယူပြီး တောင်ခြေရင်းသို့ သွား၍ တောကျောင်း၌ ဝါကပ်ကြပြီး တောင်ခြေရင်းရှိ 'မာတိက' ရွာ၌ ဆွမ်းခံကြ၏။ ထိုရွာမှ ဒါယိကာမကြီးတဦး သည် ထိုရဟန်းတို့အား ယာဂုဆွမ်း စသည်တို့ဖြင့် ကျွေးမွေးပြုစု၏။ ထိုရဟန်း တို့သည် ထိုဒါယိကာမကြီးကို အမှီပြု၍ တောကျောင်း၌ပင် ဝါတွင်းသုံးလ တရားအားထုတ်ကာ နေကြ၏။ တနေ့သ၌ ထိုဒါယိကာမကြီးသည် ကျောင်း သို့ လာ၍ "အရှင်ဘုရားတို့ ကျင့်သည့်တရားကို နာလိုပါ၏"ဟု လျှောက်၏။ ထိုရဟန်းတို့က "ငါတို့ကျင့်သည့် တရားကား 'ဆံပင်၊ မွေးညှင်း စသည့် ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်း' ကို စီးဖြန်း ရွတ်ဖတ် သရဇ္ဈာယ်ကြလျက် ဤကိုယ်ခန္ဓာ၌ ကုန်ခန်းပျက်စီးခြင်း သဘောကိုထင်မြင်အောင် အဖန်တလဲလဲ နှလုံးသွင်းခြင်း ဖြစ်၏။ ဤကမ္မဋ္ဌာန်း စီးဖြန်းခြင်းကို ရဟန်းဖြစ်စေ လူဖြစ်စေ ကျင့်ဆောင်နိုင်၏"ဟု မိန့်ကြားပြီး ကိုယ်ခန္ဓာ၌ ကုန်ခန်းဗျက်စီးခြင်းသဘော ထင်မြင်အောင် နှလုံးသွင်းပုံကို ဟောကြား သင်ပြပေးကြ၏။

ဒါယိကာမကြီးသည် ထိုနေ့မှစ၍ ထိုကမ္မဋ္ဌာန်းကို မပြတ် စီးဖြန်းသရဇ္ဈာယ် လျက် မိမိကိုယ်၌ ကုန်ခန်းခြင်း ပျက်စီးခြင်းသဘောကို ထင်မြင်ဖအောင် နှလုံးသွင်းသော် ထိုရဟန်းများအလျှင် ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် တကွ အနာဂါမ်အဖြစ်သို့ ရောက်၏။ ထိုအခါ ဒါယိကာမကြီးသည် အိမ်မှာ နေလျက်ပင် ထိုရဟန်းများအကြောင်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်၍ ဆင်ခြင်သော် "ငါ့သားရဟန်းတို့သည် ရဟန္တာဖြစ်နိုင်သည့် ပါရမီ ရှိပါလျက် သင့်လျော်

လျှောက်ပတ်သည့် အစားအစာကို မရရှိခြင်း တခုတည်းကြောင့် ယခုအသိ တရားထူး မရရှိသေးဘဲ ဖြစ်ရပေ၏” ဟု သိမြင်၏။ ထိုအခါ ယာဂု စသည့် အရသာရှိသော ဘောဇဉ်အထူးထူး အမျိုးမျိုးကို ပြည့်စုံအောင် စီရင်စေ၍ အိမ်၌ပင် ထိုရဟန်းများကို ပင့်ပြီး“နှစ်သက်ရာ ဘောဇဉ်ကို ယူ၍ အလိုရှိတိုင်း ဘုဉ်းပေးကြပါ”ဟု လျှောက်ပြီး ဆက်ကပ်၏။ ထိုရဟန်းတို့လည်း နှစ်သက်သည့် ဘောဇဉ်အထူးထူးကို အလိုရှိတိုင်း သုံးဆောင်ရသဖြင့် စိတ်၏ တည်ငြိမ်မှုကို ရရှိလျက် ဝိပဿနာကို ပွားများသော် ရဟန္တာ ဖြစ်ကြ၏။

ဝါကျွတ်သော် ထိုရဟန်းတို့သည် ထိုဒါယိကာမကြီးကို ပန်ကြားပြီး ဘုရားရှင်ထံသွား၍ ဖူးမျှော်လျက်“ထိုဒါယိကာမကြီးကြောင့် တရားထူးရခဲ့ရပါကြောင်း” အလုံးစုံကို လျှောက်ထားကြ၏။ ထိုစကားအလုံးစုံကို ကြားရသော ရဟန်းတပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူ၍ ထိုမာတိကရွာ တောကျောင်းသို့ သွား၍ ကျောင်း၌ နေလျက်ပင် “ဤဝတ္ထု ဤဝတ္ထု ဤအစာ ဤအစာကို အလိုရှိ၏။ ဒါယိကာမကြီး ပို့ပေးလျှင် ကောင်းလေစွ” ဟု ကြံစည်လိုက်တိုင်း ထိုဒါယိကာမကြီးသည် ဒိဗ္ဗစက္ခုဖြင့် သိ၍ ထိုထိုဝတ္ထု, အစားအစာကို ပို့ပေးလေ၏။ နောက် “ဒါယိကာမကြီး ကိုယ်တိုင် အရသာရှိသော ဘောဇဉ်အမျိုးမျိုးကို ငါ့ထံယူလာလျှင် ကောင်းလေစွ”ဟု ကြံစည်ပြန်၏။ ထိုဒါယိကာမကြီးလည်း ထိုဘောဇဉ်များကို ကိုယ်တိုင် လာပို့၏။ နောက် ထိုရဟန်းသည် “ငါ့ကား ပုထုဇဉ်သဘောအတိုင်း မသင့်တင့်သည်များကို မတော်တဆ ကြံမှားမိလျှင် ခက်ချေ၏”ဟု ဒါယိကာမကြီးကို ကြောက်လန့်ပြီး ဘုရားရှင်ထံ ပြန်ပြေး၍ ထိုအကြောင်းကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက “စောင့်ရှောက်နိုင်ခဲသော စိတ်တခုတည်းကိုသာ စောင့်ရှောက်နိုင်လျှင် သင် နေနိုင်လတံ့။ သင်၏ စိတ်ကိုသာ စောင့်ရှောက်လော့၊ နှိမ်နင်းနိုင်ခဲသော စိတ်ကိုသာ နှိမ်နင်းလော့၊ တခြားတစုံတရာကို မကြံစည်လင့်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၅။ “နှိမ်နင်းရန် အလွန်ခဲယဉ်းပြီး လျင်မြန်ပေါ့ပါးလှသော၊ အလိုရှိရာ အာရုံ၌ ကျရောက်ကျက်စားလေ့ရှိသော စိတ်ကို ယဉ်ကျေးအောင် ဆုံးမခြင်းသည် ကောင်းမြတ်၏။ ဆုံးမ၍ ယဉ်ကျေးသော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်နိုင်၏။”

ထိုရဟန်းသည် ထိုအဆုံးအမတရားကို နာယူမှတ်သား၍ ထိုတောကျောင်းသို့ပင် ပြန်သွားပြီး အပြင်အာရုံ တစုံတခုကိုမျှ မကြံစည်ဘဲ တရားအားထုတ်သော် နှစ်ရက် သုံးရက်အတွင်းပင် ရဟန္တာ ဖြစ်လေ၏။

## ၂၆။ သူဌေးသား ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ သူဌေးသားတဦးသည် ရဟန်းပြု၍ မိမိ၏ နိဿည်းဆရာနှင့် ဥပဇ္ဈာယ်ဆရာများ ဖြစ်ကြသော အဘိဓမ္မာဆောင်ရဟန်းနှင့် ဝိနည်းဓိုရ် ရဟန်းနှစ်ပါးထံ ချဉ်းကပ်ခစားသော် ထိုဆရာအသီးသီးက "ဤအမှုကို ပြုရန် သင့်၏။ ဤအမှုကို ပြုရန်မသင့်"ဟသည်ဖြင့် အဘိဓမ္မာဆိုင်ရာ၊ ဝိနည်းဆိုင်ရာ ကျင့်ဘွယ်များကို ဟောကြား၏။ ထိုအခါ သူဌေးသားရဟန်းသည် "ရဟန်းကိစ္စကား အလွန်ဝန်လေးပေစွ။ ငါသည် ဆင်းရဲမှ လွတ်လို၍ ရဟန်းပြု၏။ ဤသာသနာ၌ ငါ့အဖို့ လက်ဆန့်စရာ နေရာမျှပင် မထင်။ လူထွက်၍ အိမ်၌နေပြီး ဆင်းရဲမှ လွတ်မြောက်ရန် ကုသိုလ်များကို ပြုအံ့"ဟု အမြဲ ကြံစည်လျက် သာသနာ၌ ငြီးငွေ့ပျင်းရိလာသော် မကြာမီ ပိန်ချုံးသွားလေ၏။ ထိုဆရာ နှစ်ပါးတို့သည် ထိုအကြောင်းကို ကြားသိလျှင် ထိုရဟန်းကို ဘုရားရှင်ထံ ခေါ်သွားပြီး အကြောင်းစုံကို လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ချစ်သားရဟန်း၊ သင်သည် တခုတည်းကိုသာ စောင့်နိုင်လျှင် ကျန်တရားများကို စောင့်ဘွယ်ကိစ္စ မရှိပြီ။ ထိုတရားကား မိမိ၏ စိတ်ပင်ဖြစ်၏။ ဆင်းရဲမှ လွတ်မြောက်ရန် မိမိ၏ စိတ်ကိုသာ စောင့်ရှောက်လော့" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၆။ "စိတ်မည်သည် မြင်နိုင်ရန် အလွန်ခဲယဉ်း၏၊ အလွန်သိမ်မွေ့လှ၏၊ အလိုရှိရာ အာရုံ၌ ကျရောက်ကျက်စားလေ့ရှိ၏၊ ထိုစိတ်ကို ပညာရှိသည် စောင့်ထိန်းရာ၏၊ စောင့်ထိန်းအပ်သော ထိုစိတ်သည် နိဗ္ဗာန် ချမ်းသာကို ဆောင်ရွက်နိုင်၏။"

ဤတရားကို ကြားနာပြီးသော် ထိုသူဌေးသားရဟန်းသည် သောတာပန် ဖြစ်လေ၏။

## ၂၇။ သံဃရက္ခိတ ရဟန်းငယ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်သား "သံဃရက္ခိတ"အမည်ရှိ ရဟန္တာမထေရ်သည် အရွယ်ရောက်သော မိမိနှမ၏သားကို ရဟန်းပြုပေးပြီး "သံဃရက္ခိတ"ဟုပင် အမည်ပေး၏။ ထိုတူရဟန်းငယ်သည် အခါတပါး၌ ရွာငယ်တခုရှိကျောင်းတွင် ဝါတပ်သော် သင်္ကန်းလျာပုဆိုးအဝတ် နှစ်ထည်ကို ရ၏။ ဝါကျွတ်သော် သူသည် ဦးရီးတော်မထေရ်ထံ လာဖူးမျှော်၍ မထေရ်နား၌ သင်္ကန်းလျာပုဆိုးတထည်ကို ထား၍ အလှူခံရန် ပန်ကြားပြီး ယပ်ခပ်ပေးလျက်နေ၏။ အကြိမ်ကြိမ် ပြောဆို လှူဒါန်းလည်း မထေရ်က "ပြည့်စုံပြီ၊ အလိုမရှိ" ဟု ဆိုကာ ငြင်းပယ်သည်သာတည်း။ ထိုအခါ ရဟန်းငယ်သည် မထေရ်အား ယပ်ခပ်လျက်ပင် ဤသို့ကြံစည်လေ၏။

"ငါလှူသည့် သင်္ကန်းတို့ ဦးရီးမထေရ်က လက်မခံလျှင် ငါလူထွက်တော့အံ့။ လူဖြစ်လျှင် ထိုအဝတ်ကို ရောင်း၍ ဆိတ်မတကောင်ဝယ်အံ့။ မွေးတိုင်းသော ဆိတ်များကို ရောင်း၍ အရင်းငွေရလျှင် မိန်းမတယောက်ယူအံ့။ ထိုမယားသည် သားငယ်ကို ဖွားမြင်လတံ့။ နောက် ထိုသားကို လှည်းငယ်တခုပေါ်တွင် ထိုင်စေလျက် သားမယားနှင့်တကွ ဦးရီးမထေရ်ကို ဖူးမျှော်ရန် လာအံ့။ လာစဉ် ခရီးအကြား၌ 'သားငယ်ကို ငါချီမည်'ဟု ဆိုလိုက်လျှင် မယားက လာ၍ 'လှည်းကိုသာ မောင်းနှင်ပါ'ဟု ဆိုပြီး၊ 'သားငယ်ကို ချီဆောင်အံ့'ဟု ယူလိုက်ရာ လှည်းဘီးကြားထဲ လွတ်ကျ၍ လှည်းဘီးနင်းမိပေလတံ့။ ထိုအခါ ငါသည် ဒေါသဖြင့် မယား၏ ကျော၌ နှင်တံဖြင့် ရိုက်နှက်ပေအံ့"ဟု မထေရ်အား ယပ်ခပ်ပေးစဉ် ဤသို့ ကြံစည်နေရကား မထေရ်၏ ဦးခေါင်းကို ယပ်ဖြင့် အကြိမ်ကြိမ် ရိုက်မိလေ၏။

ထိုအခါ မထေရ်သည် တူငယ်ရဟန်း ကြံစည်တိုင်း အလုံးစုံကို သိလျှင် "သင့်မယားကို ရိုက်ရန် မစွမ်းနိုင်ဘဲ ဤအရာ၌ ငါမထေရ်အိုအား အဘယ်အပြစ်ရှိသနည်း"ဟု မေး၏။ တူငယ်ရဟန်းသည် တအံ့တသြဖြစ်ကာ ကြောက်လန့်ပြီး ထွက်ပြေးသွား၏။ ထိုအခါ ပဥ္စင်းငယ် သာမဏေငယ်တို့က နောက်က လိုက်ဖမ်း၍ ဘုရားရှင်ထံ ခေါ်ဆောင်သွားကြ၏။ ဘုရားရှင်သည်

ထိုရဟန်းငယ်ထံမှ အကြောင်းစုံကို ကြားတော်မူလျှင် "ချစ်သား၊ ထွေထွေ ထူးထူး မကြံလေနှင့်။ ဤစိတ်မည်သည် အဝေးရှိ အာရုံကို လက်ခံတတ်သည့် သဘောရှိ၏။ ရာဂ,ဒေါသ,မောဟ ဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်ရန် အားထုတ်သင့်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၇။ "စိတ်မည်သည် အဝေးရှိ အာရုံသို့ သွားရောက်တတ်၏။ တဦးတည်း ကျက်စားလေ့ရှိ၏။ ကိုယ်ကောင်အထည် မရှိ။ နှလုံး တည်းဟူသော ဂူထဲ၌ ကိန်းအောင်းတည်နေ၏။ ထိုစိတ်ကို စောင့်စည်းချုပ်တည်းနိုင်သော သူတို့သည် ကိလေသာမာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကုန်လတံ့။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်သည် သောတာပန် ဖြစ်လေ၏။

## ၂၀။ စိတ္တဟတ္ထမထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ အမျိုးသားတဦးသည် တောထဲ၌ ပျောက်သောနွားကို လိုက်လံရှာဖွေပြီး ဆာလောင်လှသဖြင့် တောကျောင်းသို့ သွားပြီး ရဟန်းများ၏ စားကြွင်းဆွမ်းဟင်းကို စားသုံးရသော် "ငါသည် နေ့ရော ညပါ ပင်ပန်းစွာ အလုပ်လုပ်ရသော်လည်း ဤဆွမ်းဟင်းမျိုးကို မစားရပေ။ ငါ ရဟန်းပြုအံ့" ဟု ကြံစည်၍ မိမိကို ရဟန်းများအား ရဟန်းပြုပေးစေ၏။ ရဟန်းဖြစ်လျှင် ဝတ်ကြီးဝတ်ငယ် အလုံးစုံကို ပြုလုပ်၏။ သူသည် အစားကောင်း စားရသဖြင့် နှစ်ရက်သုံးရက်ရှိလျှင် ဝဖြိုးလေ၏။ နောက် သူသည် အရပ်ထဲ၌ လှည့်လည် ဆွမ်းခံခြင်းကို မနှစ်သက်၍ လူထွက်ပြီး အိမ်သို့ ပြန်၏။ အိမ်၌ အမှုကြီးငယ်တို့ကို လုပ်လျက် နှစ်ရက်သုံးရက်ကြာလျှင် လူ့ဘဝ ဆင်းရဲဒုက္ခကို မခံနိုင်၍ ကျောင်းသို့သွားပြီး ရဟန်းပြု၏။ နှစ်ရက်သုံးရက် ကြာပြန်လျှင် တဖန်ငြီးငွေ့၍ လူထွက်ပြန်၏။ နောက် သူသည် နှစ်ရက် သုံးရက်ကြာလျှင် တဖန် ငြီးငွေ့၍ ရဟန်းတို့အား ရဟန်းပြုပေးရန် တောင်းပန်ပြန်၏။ ရဟန်းတို့လည်း ကျေးဇူးများသူဖြစ်၍ သူ့ကို ရဟန်းပြုပေးကြပြန်၏။

ဤနည်းဖြင့် သူသည် ခြောက်ကြိမ်တိုင် ရဟန်းပြုပြီး လူထွက်ခဲ့၏။ ရဟန်းတို့က သူ့အား စိတ်အလိုလိုက်ပါသူ ဖြစ်၍ 'စိတ္တဟတ္ထ' မထေရ်ဟု ခေါ်ကြ၏။ ထိုသူသည် ထိုသို့ အိမ်နှင့်ကျောင်း ကူးလူးသွားနေစဉ်ပင် သူ့မယားမှာ ကိုယ်ဝန်ရှိလေ၏။ တနေ့သ၌ သူသည် တောမှ ထွန်တုံး စသည်တို့ကို အိမ်သယ်ဆောင်လာပြီး "မိမိသင်္ကန်းကို ယူမည်"ဟု အိမ်ခန်းထဲဝင်သွား၏။ ထိုခဏ၌ သူ့မယားသည် ဝတ်လစ်စလစ် ဖြစ်လျက် အိပ်ပျော်နေ၏။ ဟောင်းလောင်းပါးစပ်မှ အရိအခွဲယိုစီးနေ၏။ နှာခေါင်းမှ 'ဂူး ဂူး သံ'မြည်နေ၏။ ထိုအခါ သူသည် သူ့မယားအား ဖူးဖူးရောင်သော အကောင်ပုပ်၏ ကိုယ်ကဲ့သို့ ရှုရှာစက်ဆုပ်ဘွယ်ဟု ထင်လေ၏။ သူသည် "ဤခန္ဓာကိုယ်ကား အမြဲမရှိ။ ဆင်းရဲခြင်း သဘောရှိ၏" ဟု အမှတ်သညာကို ရ၍ "ငါသည် ဤမျှလောက် ရဟန်းပြုပြီးလျှင် ဤမိန်းမကို မှီ၍ ရဟန်းဘဝ၌ မတည်တံ့နိုင်" ဟု ကြံပြီး သင်္ကန်းကို ရင်၌ဖွဲ့လျက် အိမ်မှ ထွက်ခွာသွား၏။ သူသည် အနိစ္စ၊ ဒုက္ခဟု ရွတ်လျက် သွားစဉ်ပင် သောတာပန် ဖြစ်၏။

ကျောင်းရောက်၍ ရဟန်းပြုပေးရန် တောင်းခံသော် ထိုရဟန်းတို့က "သင်၏ ရဟန်းအဖြစ်သည် အဘယ်နည်း။ သင့်ဦးခေါင်းသည် ခါးသွေးကျောက်နှင့်တူ၏။ ရဟန်း ပြုမပေးနိုင်" ဟု ဆိုကြ၏။ "ယခု တကြိမ်သာ ရဟန်းပြုပေးပါ" ဟု လျှောက်၍ သူ့ကို ရဟန်းပြုပေးကြ၏။ သူသည် နှစ်ရက် သုံးရက် ရှိလျှင်ပင် ရဟန္တာဖြစ်၏။ ထိုအခါ ရဟန်းတို့က "ဤအကြိမ်၌ သင်ရဟန်းပြုခြင်းကား ကြာမြင့်စွ"ဟု ဆိုကြသော် ထိုစိတ္တဟတ္ထမထေရ်က "တပည့်တော်မှာ ယခု ပေါင်းသင်းဆက်ဆံလိုခြင်း ပြတ်ပါပြီ"ဟု ဆို၏။ ထိုရဟန်းတို့ မယုံ၍ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ကြသော်မြတ်စွာဘုရားက "ထိုရဟန်း ဆိုတိုင်း မှန်၏။ သူသည်စိတ်တည်တံ့မှုမရှိ၊ တရားကို မသိသေးသောအခါ အိမ်နှင့်ကျောင်း ကူးလူး သွားလာခဲ့၏။ ယခုမူ သူသည် ကောင်းမှု မကောင်းမှုကို ပယ်ပြီးလေပြီ" ဟု စိတ္တဟတ္ထ မထေရ် ရဟန္တာဖြစ်ကြောင်း မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈။ "စိတ်တည်တံ့ခြင်းလည်းမရှိ၊ သူတော်ကောင်းတရားကိုလည်း မသိ၊ ယုံကြည်မှု သဒ္ဓါတရားလည်း မခိုင်မြဲသော ပုဂ္ဂိုလ်မှာ အသိပညာ မပြည့်စုံ။

၃၉။ "ရာဂဖြင့် မစွတ်စိုသည့် စိတ်ရှိသော၊ ဒေါသဖြင့် မထိပါးသည့်စိတ်ရှိသော၊ ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော မောဟ ကင်းရှင်း အစဉ်နိုးကြားခြင်းရှိသော (ရဟန္တာ) ပုဂ္ဂိုလ်မှာ ကိလေသာ ဘေးရန် မရှိတော့ပေ။"

## ၂၉။ ရဟန်း ငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်း တရားများကို ယူပြီး ယူဇနာ တရာ ဝေးသည့် အရပ်သို့ သွား၍ ရွာကြီးတရွာကို အမှီပြုပြီး တောအုပ်ကြီးတခု၌ နေထိုင်ကြ၏။ ထိုတော၌ နေကြသည့် နတ်တို့သည် "အရှင်မြတ်တို့သည် ဤအရပ်၌ နေကြသော် သားမယားများကို ခေါ်၍ သစ်ပင်ပေါ်တက်ရန် မသင့်။ အရှင်မြတ်တို့လည်း ဤအရပ်၌ ခဏမျှသာ နေကြလတံ့" ဟု ယူဆကြ၏။ နောက် ဆယ့်ငါးရက်မျှ ကြာ၍ ထိုရဟန်းတို့ ပြန်ကြမသွားသော် ထိုနတ်တို့သည် "ဤရဟန်းတို့ကား ဝါတွင်း သုံးလ ဤအရပ်၌သာ နေကြလတံ့။ သုံးလလုံး သားမယားတို့နှင့်တကွ မြေကြီးပေါ်၌ ငါတို့ နေထိုင်ရလျှင် ဆင်းရဲကြရာ၏။ ကြောက်မက်ဘွယ်ကို ပြ၍ ဤရဟန်းတို့ကို ထွက်ပြေးစေအံ့"ဟု ကြံပြီး ထိုထိုနေရာတို့၌ ကြောက်မက်ဘွယ် အဆင်းသဏ္ဍာန်အမျိုးမျိုးကို ပြ၍ ကြောက်ဘွယ်အသံကို ပြုကုန်၏။

ထိုအခါ ရဟန်းတို့သည် ကြောက်လန့်ကာ စိတ်မချမ်းမသာ ဖြစ်ကြ၍ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "သင်တို့သည် လက်နက်ကို မယူဘဲ သွား၍ ဤသို့ ဖြစ်ရ၏။ ယခု လက်နက်ကို စွဲကိုင်၍ ထိုအရပ်သို့သာ သွားနေကြလော့"ဟု မိန့်တော်မူပြီး 'မေတ္တသုတ်' တည်းဟူသော လက်နက်ကို ပေးတော်မူ၍ "ဤမေတ္တသုတ်ကို တောအုပ်ဝင်သည်မှ စ၍ ရွတ်ဆိုလျက် ကျောင်းတွင်းသို့ ဝင်ကြလော့"ဟု မိန့်ကြားပြီး လွှတ်လိုက်၏။ ထိုရဟန်းတို့ ပြန်သွားကြပြီး ထိုအတိုင်း ပြုသော် ထိုနတ်တို့သည် မေတ္တာစိတ်ကိုရ၍ ထိုရဟန်းတို့အား ခရီးဦးကြို ပြုခြင်းစသည့် ဝတ်ကြီးဝတ်ငယ် တို့ကို ပြုပြီး စောင့်ရှောက်ပေးကြ၏။ ရဟန်းတို့လည်း စိတ်၏ တည်ငြိမ်မှုကို ရသဖြင့် မိမိကိုယ်၌ ကုန်ခန်းခြင်း ပျက်စီးခြင်းကို ရှုထင်စေပြီး "ဤအတ္တဘောကား ပျက်စီးတတ်ခြင်း၊ အနှစ်သာရမရှိခြင်း သဘောကြောင့် မြေအိုးနှင့် တူ၏"ဟု ဝိပဿနာကို ပွားများလျက် နေကြ၏။

ဘုရားရှင်လည်း ဂန္ဓကုဋီတိုက်၌ နေလျက် ထိုအကြောင်းကို သိတော်မူလျှင် "သင်တို့ ပွားများသည့်အတိုင်းပင် ဤအတ္တဘောသည် ပျက်စီးတတ်

ခြင်း၊ အနှစ်သာရမရှိခြင်း သဘောကြောင့် မြေအိုးနှင့် တူသည်သာတည်း”ဟု မိန့်တော်မူပြီး ရောင်ခြည်တော်တို့ကို လွှတ်လျက်ရှေ့၌ ထင်ရှားရှိနေဘိအလား ကိုယ်တော် ထင်ရှားပြလျက် ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀။ “ဤခန္ဓာကိုယ်ကား မြေအိုးခွက်နှင့် တူသည်ကို သိရှိ၍ ဤ မိမိ၏ ဝိပဿနာစိတ်ကို မြို့ကြီးသဖွယ် လုံခြုံကြံ့ခိုင်အောင် တည်ဆောက်ပြီး လျှင် ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသာ တည်းဟူသော မာရ်ကို တိုက်ခိုက်ဖို့ခွင်းကြလော့။ အောင်မြင်ရရှိပြီးသော တရားကို လည်း စိတ်ဖြင့် စောင့်ထိန်းရာ၏။ (ထိုတရား၌)တွယ်တာကပ်ငြိနေခြင်း ကြား မဖြစ်ရပေ။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

## ၃၀။ တိဿမထေရ် (ကိုယ်ပုပ်သူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တိဿမထေရ်သည် ကမ္မဋ္ဌာန်းကို အားထုတ်လျက် စကြံသွားလေ့ ရှိ၏။ ကာလကြာမြင့်သော ရှေးအတိတ်ဘဝ ငှက်မုဆိုး ဖြစ်စဉ်က ပြုခဲ့သော မကောင်းမှု ကံကြောင့် သူ့ကိုယ်၌ အဖုငယ်များ ပေါက်လာကြပြီး တဖြည်းဖြည်း ဇီးဖြူသီး၊ ညှော်သီးမျှအထိ ကြီးလာ၍ ပေါက်ကွဲကုန်၏။ တကိုယ်လုံး အပေါက်အပေါက်ရှိပြီး ပုပ်စော်နံသည် ဖြစ်၍ “ပူတိ ဂတ္တတိဿ”မထေရ်ဟု ထင်ရှား၏။ နောက် သူ့ကိုယ်၌ အရိုးတို့သည် ကျိုးကုန်၏။ ဝတ်သောသင်္ကန်းတို့သည် သွေး၊ ပြည် အလိမ်းလိမ်းကပ်နေ၏။ အတူနေတပည့် စသည်တို့က ပြုစုသုတ်သင်ရန် မတတ်နိုင်၍ သူ့ကို စွန့်ပစ်ထားကြသဖြင့် သူသည် ကိုးကွယ်ရာမဲ့ဖြစ်၍ အိပ်လျက် နေရလေ၏။

မြတ်စွာဘုရားမည်သည် လောကကို တနေ့နှစ်ကြိမ် ကြည့်ရှုတော်မူလေ့ ရှိ၏။ နံနက်တွင် လောကကို စကြဝဠာအနားရေးမှ စ၍ ဂန္ဓကုဋိတိုက်သို့ အတွင်းဘက် ရှေးရှု၍ရင်း၊ ညနေချိန်၌ ဂန္ဓကုဋိတိုက်မှ စ၍ စကြဝဠာ အနားရေးထိ အပသို့ ရှေးရှု၍ရင်း သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်တော်

မူ၏။ ထိုအခါ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ကွန်ယက် အတွင်း၌ ထိုမထေရ်ထင်းလာပြီး "ရဟန္တာဖြစ်လတံ့"သည်ကို မြင်တော်မူ ၏။ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်မှ ထွက်၍ မီးတင်းကုပ်သို့ ကြွ၍ ရေနွေး အိုး တည်တော်မူပြီး ထိုမထေရ်ထံ ကြွ၍ မထေရ်လျောင်းရာ ညောင်စောင်း စွန်းကို ဆွဲကိုင်တော်မူ၏။ ထိုအခါမှပင် ရဟန်းတို့လာကြပြီး ညောင်စောင်း ကို ချီမ၍ မီးတင်းကုပ်သို့ ယူဆောင်ကြ၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းတို့အား ရေအင်တုံကို ယူစေ၍ ရေနွေး ကို လောင်းထည့်ပြီး နောက် မထေရ်၏ ကိုယ်ရုံသင်္ကန်းကို ခွာစေလျက် ရေနွေးဖြင့် နယ်၍ နေလှန်းစေပြီးမှ မထေရ်၏ကိုယ်ကို ရေနွေးဖြင့် ဆွတ်ကာ ပွတ်ကာ ရေချိုးစေ၏။ ရေချိုးပြီးလျှင် နေလှန်းထားသော ကိုယ်ရုံသင်္ကန်း ခြောက်သဖြင့် ထိုသင်္ကန်းကို ဝတ်စေပြီး တဖန် ဝတ်ထားသော သင်းပိုင်ကို ရေနွေးဖြင့် ဆုပ်နယ်စေ၍ နေလှန်းစေ၏။ နောက် မထေရ်၏ကိုယ်၌ ရေ ပေါက်များ ပြတ်စဲလျှင်ပင် ထို နေလှန်းထားသည့် သင်းပိုင်လည်း ခြောက် သဖြင့် မထေရ်အား ဝတ်ပေးစေ၏။ ထိုအခါ မထေရ်သည် ကိုယ်ပေါ့ပါးပြီး စိတ်တည်ကြည်မှုရရှိကာ ညောင်စောင်း၌ အိပ်၏။ ဘုရားရှင်သည် မထေရ်၏ ခေါင်းရင်း၌ ရပ်လျက် "ချစ်သား၊ သင်၏ကိုယ်သည် ဝိညာဉ်ကင်းမဲ့လေ သော် ဘာမျှ ကျေးဇူးမရှိဘဲ ဖွဲထင်းကဲ့သို့ မြေပြင်၌ အိပ်ရလတံ့"ဟု မိန့် တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၄၁။ "ဤခန္ဓာကိုယ်သည် ဝိညာဉ်ကင်းမဲ့လေသော် 'အသုံးမကျသော ထင်း
တုံးကဲ့သို့' စွန့်ပစ်ရသည်ဖြစ်၍ မကြာမီပင် မြေပေါ်၌ အိပ်ရလိမ့်မည်
တကား။"

ဤတရားကို ကြားနာပြီးသော် ထိုမထေရ်သည် ရဟန္တာဖြစ်ပြီး ထိုခဏ၌ ပင် ပရိနိဗ္ဗာန် ပြုသွားလေ၏။

## ၃၁။ နန္ဒ နွားကျောင်းသား

မြတ်စွာဘုရား ကောသလတိုင်း ဇနပုဒ်သို့ ကြွတော်မူစဉ်။

အနာထပိဏ်သူဌေး၏ နန္ဒမည်သော နွားကျောင်းသားသည် နွားထိန်း ကျောင်းမှုဖြင့် ကြွယ်ဝချမ်းသာ၏။ သူသည် ရံဖန်ရံခါ နွားနို့အရသာတို့ကို သူဌေးကြီးထံ ယူသွားပြီးလျှင် ဘုရားရှင်ကို ဖူးမြင်၍ တရားတော်ကိုလည်း

နာရ၏။ တနေ့သ၌ သူသည် ဘုရားရှင်အား မိမိနေရာအရပ်သို့ ကြွရန် တောင်းပန်၏။ သူ ပါရမီမရင့်သေး၍ ဘုရားရှင် မကြွသေးဘဲ နေ၏။ နောက် သူ ပါရမီရင့်သော် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် နန္ဒနေရာ အရပ်သို့ ကြွတော်မူ၏။ နန္ဒသည် ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းအား ခုနစ်ရက်လုံး မွန်မြတ်သည့် နွားနို့အရသာကို လှူဒါန်းဆက်ကပ်၏။ ခုနစ် ရက်မြောက်၌ ဘုရားရှင်၏ အနုမောဒနာတရားကို ကြားနာရသော် သော တာပန်ဖြစ်၏။ နန္ဒသည် ပြန်ကြွသည့် ဘုရားရှင်ကို အတန်ငယ် လိုက်ပို့ပြီး ပြန်လာသော် သူ၏ ရှေးမကောင်းမှုကံကြောင့် သူ့ကို မုဆိုးတဦးက ပစ် သတ်လေ၏။

နောက်မှ လိုက်လာသည့် ရဟန်းတို့သည် ထိုနန္ဒ သေနေသည်ကို မြင်၍ ဘုရားရှင်ထံ အမှီသွားကြပြီး “ဘုရားရှင် ဤအရပ်သို့ ကြွခြင်းကြောင့် နန္ဒ သည် အလှူပေးပြီး လိုက်ပို့ရာမှ အပြန်တွင် အသတ်ခံရရှာ၏” ဟု လျှောက် ကြ၏။ ထိုအခါ ဘုရားရှင်က “ငါဘုရား ကြွလာသည် ဖြစ်စေ၊ မလာသည် ဖြစ်စေ နန္ဒသည် ဤသေခြင်းမျိုးမှ မလွတ်ရာ။ ဤသတ္တဝါတို့၏ ကိုယ်တွင်း ရှိ မကောင်းသဖြင့် ဆောက်တည်ထားသည့် စိတ်သည် အပဖြစ်သည့် ခိုးသူ ရန်သူတို့မပြုနိုင်သည့် သတ်ဖြတ် ဖျက်ဆီးမှုမျိုးကို ပြုနိုင်၏” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၂။ “ခိုးသူတယောက်သည် ရန်ဘက် ခိုးသူအားရင်း၊ ရန်သူတဦးသည် ရန်သူတဦးအားရင်း ထိုထိုအကျိုးမဲ့ ဖျက်ဆီးမှုကို (ဤဘဝ၌သာ) ပြုနိုင် ရာ၏။ မကောင်းသဖြင့် ဆောက်တည်ထားသည့် စိတ်သည်ကား ထိုစိတ် ရှိသူကို ထိုထက်ပိုပြီး အကျိုးမဲ့ပျက်စီးအောင် (ဘဝအဆက်ဆက်) ပြု နိုင်၏။”

## ၃၂။ သောရေယျ သူဌေးသား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သောရေယျမြို့သား သောရေယျ သူဌေးသားသည် တနေ့သ၌ မိတ်ဆွေ သူဌေးသားနှင့်အတူ လှည်းယာဉ်ဖြင့် အခြွေအရံများ ခြံရံလျက် ရေချိုးရန် မြို့မှ ထွက်လာစဉ် မြို့ထဲသို့ ဆွမ်းခံဝင်ရန် မြို့ပြင်၌ သင်္ကန်းရုံနေသည့် ရှင်

မဟာကစ္စည်းမထေရ်၏ ရွှေအဆင်းရှိသော ကိုယ်ကို မြင်ရလျှင် "ဤမထေရ်သည် ငါ့မယားဖြစ်မူ ကောင်းလေစွ၊ ငါ့မယားသည် ဤမထေရ်ကဲ့သို့ ရွှေအဆင်းရှိမူ ကောင်းလေစွ"ဟု ကြံအောက်မေ့၏။ ထိုခဏ၌ပင် သူ၏ ယောကျ်ားလိင်ကွယ်၍ မိန်းမလိင် ဖြစ်ပေါ်၏။ သူသည် ရှက်သဖြင့် ယာဉ်မှ ဆင်း၍ ထွက်ပြေးပြီး တက္ကသိုလ်ပြည် သွားသည့် လမ်းသို့ သွား၏။ သူ၏ မိတ်ဆွေတို့ ထိုမှ ဤမှ လိုက်ရှာ၍ မတွေ့သဖြင့် ရေချိုးပြီး ပြန်သွားကြ၏။ သောရေယျဖြစ်သူ ထိုမိန်းမသည် တက္ကသိုလ်သို့ သွားသည့် လှည်းကုန်သည်အား လက်စွပ်ကို ပေး၍ လှည်းတစီး၌ပေါ် တက်ပြီး လိုက်သွား၏။ လှည်းကုန်သည်နှင့် ပါလာသည့် လူတို့သည် တက္ကသိုလ်ပြည်ရောက်သော် သူတို့၏ လူပျို သူဌေးသားထံ ထိုမိန်းမကို ခေါ်သွားကြ၏။

ထိုသူဌေးသားသည် ထိုမိန်းမကို မယားအဖြစ်ဖြင့် ပေါင်းသင်းနေထိုင်၍ ကာလကြာသော် သားနှစ်ယောက်ရ၏။ ထိုမိန်းမသည် ယခင် သူဌေးသားဘဝတုန်းက သောရေယျမြို့၌ သားနှစ်ယောက်ကို ရခဲ့ဘူးသဖြင့် ယခု သားလေးယောက်ကို ရရှိလေ၏။ ထိုအခါ သူမမိတ်ဆွေ သူဌေးသားသည် သောရေယျမြို့မှ လှည်းငါးရာဖြင့် တက္ကသိုလ်ပြည်သို့ ရောက်လာ၏။ ထိုမိန်းမသည်ပြာသာဒ်ပေါ်မှ ထိုမိတ်ဆွေသူဌေးသားကို မြင်လျှင် မှတ်မိသဖြင့် သွားခေါ်စေပြီး ကောင်းစွာ လုပ်ကျွေးပြုစု၍ နောက်ကြောင်းဖြစ်သမျှ အလုံးစုံကို ပြန်ပြောပြ၏။ ထိုအခါ မိတ်ဆွေသူဌေးသားက "သင်သည် ထိုအခါက ငါ့ကို အဘယ့်ကြောင့် မပြောသနည်း။ သင်သည် ထိုမထေရ်အား ကန်တော့ပြီး သည်းခံစေလော့။ မထေရ်သည် ဤမြို့ကို မှီ၍ သီတင်းသုံးနေ၏"ဟု ဆိုလျှင် ထိုမိန်းမက "မထေရ်ကို ဤအိမ်သို့ နက်ဖြန် ဆွမ်းပင့်ဖိတ်ပေးပါ"ဟု တောင်းပန်၏။

ထိုသူဌေးသားသည် သွားပင့်ပြီး နောက်တနေ့ အိမ်သို့ ကြွလာသော ရှင်မဟာကစ္စည်းမထေရ်အား ဆွမ်းဖြင့် ကောင်းစွာ လုပ်ကျွေးပြီးသော် ထိုမိန်းမကို ခေါ်၍ မထေရ်၏ ခြေရင်း၌ ဝပ်ကာ ရှိခိုးစေလျက် "တပည့်တော်၏ မိတ်ဆွေမအား သည်းခံတော်မူပါဘုရား"ဟု လျှောက်ပြီး နောက်ကြောင်းကို အကုန်အစင် လျှောက်ထား၏။ မထေရ်က "ငါ သည်းခံ၏"ဟု မိန့်တော်မူလျှင်ပင် ထိုမိန်းမ၌ မိန်းမအင်္ဂါ ကွယ်ပျောက်ပြီး ယောကျ်ားအင်္ဂါ ပေါ်လာ၏။ ထိုအခါ ယောကျ်ားပြန်ဖြစ်လာသော ထိုသောရေယျ သူဌေးသားက သူ့လင်အား "ငါသည် ဤဘဝ၌ ဤကိုယ်တခုတည်း၌ ယောကျ်ား

မိန်းမ နှစ်ဘဝ ဖြစ်ခဲ့ရပြီ။ ဤသို့ ကိုယ်ခန္ဓာ ဖောက်ပြန်ခဲ့ရပြီး တဖန်အိမ်၌ မနေလိုတော့ပြီ။ ဤမထေရ်ထံ၌သာ ရဟန်းပြုတော့အံ့”ဟုဆိုလျက် သားငယ်တို့ကို နမ်းရှုံ၍ လင့်လက်ထဲ၌ အပ်ထည့်ခဲ့ပြီး မထေရ်ထံသွား၍ ရဟန်းပြု၏။ ရှင်မဟာကစ္စည်း မထေရ်လည်း ထိုသောရေယျမထေရ်နှင့်အတူ ဒေသစာရီ ကြွလျက် သာဝတ္ထိပြည်သို့ ရောက်လာ၏။

ထိုအခါ သောရေယျ မထေရ်အကြောင်း ကြားကြသော ရဟန်းတို့သည် တအံ့တသြ အုတ်အုတ်ကျက်ကျက်ဖြစ်လျက် သောရေယျမထေရ်ထံ လာ၍ “မိန်းမ ဘဝက ဝမ်း၌ဖြစ်သော သားနှစ်ဦးနှင့် ယောကျ်ားဘဝက သားနှစ်ဦးအနက် အဘယ်သားများကို ပို၍ချစ်သနည်း”ဟု မေးကြ၏။ ထိုမထေရ်က “ဝမ်း၌ လွယ်၍ ဖွားမြင်ရသည့် သားတို့ကို ပို၍ ချစ်ပါ၏”ဟုဆို၏။ လာလာမေးကြသည့် သူတို့အား ဤသို့ အဖန်တလဲလဲ ပြန်ဖြေရသော် မထေရ်သည် ရှက်သဖြင့် တပါးတည်း နေထိုင်လျက် “ကိုယ်ခန္ဓာ၌ ကုန်ခန်းခြင်း ပျက်စီးခြင်း ကမ္မဋ္ဌာန်းကို ထင်မြင် ရှုလေသော် ရဟန္တာဖြစ်၏။ ထိုအခါ ရဟန်းတို့ ဇွေးနည်းတူ လာမေးကြသော် မထေရ်က “ငါသည်တစုံတရာ ဝတ္ထုအာရုံ၌ နှစ်သက် စုံမက် မြတ်နိုးခြင်း မရှိပြီ”ဟု ဆို၏။ ထိုရဟန်းတို့သည် ဘုရားရှင်ထံ သွား၍ “သောရေယျ မထေရ်သည် ဤသို့ ဆို၍ သူ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောပါသည်”ဟု လျှောက်၏။

ဘုရားရှင်က “ရဟန်းတို့၊ ငါ့သားသောရေယျသည် ကောင်းစွာ ဆောက်တည်အပ်သော စိတ်ဖြင့် မဂ်ကိုမြင်သည်မှ စ၍ တစုံတရာ ဝတ္ထုအာရုံ၌ ခုံမင် နှစ်သက် မြတ်နိုးခြင်း မရှိပေ။ စင်စစ် ဤသတ္တဝါတို့၏ ကိုယ်တွင်းရှိ ကောင်းစွာ ဆောက်တည်အပ်သော စိတ်သည် မိဘတို့ ပြုလုပ်မပေးနိုင်သော ဤမဂ်ဖိုလ်ချမ်းသာကို ပြုပေးလေသတည်း”ဟု သောရေယျ ရဟန္တာဖြစ်ကြောင်း မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၃။ “ထိုလူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မိဘတို့သည်၎င်း၊ အခြားဆွေမျိုးတို့သည်၎င်း ပြုလုပ်၍မပေးနိုင်။ ကောင်းစွာ ဆောက်တည်အပ်သော စိတ်သည်သာလျှင် ထိုမိဘ ဆွေမျိုးတို့ထက် ထိုပုဂ္ဂိုလ်ကို တဆင့်ထက် တဆင့်မြင့်မြတ်အောင် ပြုလုပ်ပေးနိုင်၏။”

[redacted]

# [၄] ပုပ္ဖ ဝဂ်

## ၄၃။ ရဟန်းငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားနှင့် အတူ ဇနပုဒ်သို့ ဒေသစာရီ လှည့်လည်ခဲ့ပြီး ဇေတဝန်ကျောင်းသို့ ပြန်ရောက်လာကြ၏။ သူတို့သည် ညနေအခါ စုဝေးရာ စရပ်၌ စုဝေးကြလျက် မိမိတို့ ရောက်ခဲ့ရာ ထိုထိုအရပ် ခရီးလမ်းများ၌ "မြေညီ၏၊ မြေမညီ၊ ရွှံ့ပေါ၏။ ကျောက်စရစ် ပေါ၏။ မည်းနက်သည့် မြေစိုင်ခဲ ရှိ၏၊ နီသည့် မြေစိုင်ခဲ ရှိ၏"စသည်ဖြင့် မြေကြီးနှင့်ပတ်သက်သည့် စကားများကို ပြောဆိုနေကြ၏။ ထိုအခါ မြတ်စွာဘုရား ကြွလာပြီး ထိုရဟန်းတို့အား ထိုစကားအကြောင်းကို မေးမြန်းတော်မူ၍ "ရဟန်းတို့၊ သင်တို့ပြောနေသည့် မြေကြီးသည် ကိုယ်မှ အပဖြစ်သော 'ဗဟိဒ္ဓ'မြေကြီးဖြစ်၏။ စင်စစ် သင်တို့သည် မိမိကိုယ်တွင်းရှိ 'အဇ္ဈတ္တ' မြေကြီး၌ ပရိကံပြုခြင်းငှာသင့်၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၄။ "ဤခန္ဓာကိုယ် အတ္တဘော တည်းဟူသော မြေကြီးကိုရင်း၊ ယမမင်း၏နိုင်ငံ (အပါယ်လေးဘုံ) ကိုရင်း၊ နတ်ပြဟ္မာဘုံနှင့် တကွသော ဤလူ့ပြည်ကိုရင်း၊ အဘယ်သူသည် ဉာဏ်ဖြင့် စိစစ်ရွေးချယ်နိုင်မည်နည်း။ ကျွမ်းကျင်လိမ္မာသည့် ပန်းသည်သည် ပန်းကို စိစစ် ရွေးချယ်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားတော်အစု (ဓမ္မပဒ) ကို အဘယ်သူသည် စိစစ် ရွေးချယ်နိုင်မည်နည်း။"

၄၅။ "ဤခန္ဓာကိုယ် အတ္တဘောတည်းဟူသော မြေကြီးကိုရင်း၊ ယမမင်း၏ နိုင်ငံ (အပါယ်လေးဘုံ)ကိုရင်း၊ နတ်ပြဟ္မာဘုံနှင့်တကွသော ဤလူ့ပြည်ကိုရင်း အရိယာသေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် စိစစ် ရွေးချယ်နိုင်လတံ့။ ကျွမ်းကျင် လိမ္မာသော ပန်းသည်သည် ပန်းကို စိစစ် ရွေးချယ်သကဲ့သို့ အရိယာသေက္ခပုဂ္ဂိုလ်သည် ကောင်းစွာဟောကြားအပ်သော တရားတော်အစု (ဓမ္မပဒ)ကို စိစစ် ရွေးချယ်နိုင်လတံ့။"

ဤတရားတော်ကို ကြားနာပြီးသော် ရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၃၄။ ရဟန်းတပါး (တံလျှပ်ရှုသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်။

ရဟန်းတပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ တောသို့ ဝင်ပြီး ဝီရိယပြင်းထန်စွာဖြင့် တရားအားထုတ်သော်လည်း ရဟန္တာ မဖြစ်နိုင်သဖြင့် "ဘုရားရှင်အား တဖန် ကမ္မဋ္ဌာန်းအထူးကို ဟောတော်မူစေအံ့" ဟု ကြံ၍ ပြန်လာ၏။ နွေကာလဖြစ်၍ လမ်းခရီးတွင် တံလျှပ်ကိုမြင်၏။(တံလျှပ်ဟူသည် အဝေးမှ ကြည့်လျှင် ရေလိုလို အဆင်းသဏ္ဍာန်ကဲ့သို့ ထင်ရပြီး၊ အနီးရောက်လျှင် ထိုသို့ မထင်ပေ)။ ထိုအခါ သူသည် "ဤခန္ဓာကိုယ်အတ္တဘောလည်း ဖြစ်တတ် ပျက်တတ်သဖြင့် ဤတံလျှပ်နှင့်တူ၏" ဟု တံလျှပ်ကမ္မဋ္ဌာန်းကို ပွားများလျက်လာသော် အစိရဝတီမြစ်သို့ ရောက်လာ၏။ သူသည် မြစ်ကမ်းနားရှိ သစ်ပင်အောက်၌ ထိုင်လျက် "ရေအဟုန်တိုက်ခတ်သဖြင့် ရေမြှုပ်ကြီးများဖြစ်လာပြီး ခဏချင်းပင် ပျက်စီးကြသည်" ကို မြင်လျှင်၊ "ဤခန္ဓာကိုယ်အတ္တဘောလည်း ဖြစ်ပြီး ပျက်တတ်သဖြင့် ရေမြှုပ်နှင့်တူ၏" ဟု ရေမြှုပ်အာရုံကို ယူ၍ ကမ္မဋ္ဌာန်း ပွားများ၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌နေလျက်ပင် ထိုရဟန်းကို မြင်တော်မူ၍ "ချစ်သား၊ သင်ထင်မြင်သည့်အတိုင်းပင် ဤခန္ဓာကိုယ်အတ္တဘောသည် ရေမြှုပ်နှင့် တံလျှပ်ကဲ့သို့ ဖြစ်ပြီးလျှင် ပျက်စီးတတ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၆။ "ဤခန္ဓာကိုယ်သည် 'ပျက်လွယ်တတ်သည့် ရေမြှုပ်နှင့် တူ၏' ဟု သိရှိပြီး၊ 'အရိပ်အရောင်မျှသာဖြစ်သည့် တံလျှပ်နှင့် တူ၏' ဟု ဉာဏ်ဖြင့်ထိုးထွင်း သိမြင်သောသူသည် ကိလေသာမာရ်နတ်၏ 'ပန်းနှင့်တူသည့်' လောကီ အာရုံ ဝဋ္ဋဒုက္ခမျိုးစုံတို့ကို ဖြတ်တောက်ပြီး၊ သေမင်းမမြင်ရာ နိဗ္ဗာန် သို့ ရောက်ရာ၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသည် ရဟန္တာဖြစ်လေ၏။

## ၃၅။ ဝိဋူဋဘမင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသလမင်းကြီးသည် ဘုရားရှင်နှင့် သွေးသားတော်စပ် ရင်းနှီးလျှင် "ဘုရားရှင်၏ တပည့်ရဟန်းတော်တို့သည် ငါ့နန်းတော်ထဲသို့ ရဲရဲတင်းတင်း ဝင်လာကြပြီး မပြတ် ဆွမ်းဘုဉ်းပေးရာ၏။ ထို့ကြောင့် သာကီဝင်မင်းသမီး တဦးကို ဆောင်ယူသင့်၏" ဟု ကြံ၍ သာကီဝင်မင်းများထံသို့ တမန်များ စေလွှတ်ပြီး "ငါ့ထံသို့ မင်းသမီးတဦးကို ပို့ရန် ပြောကြားလေ" ဟု မိန့်မှာ၏။ ထိုတမန်တို့ ကပိလဝတ်ပြည်သို့ရောက်၍ ထိုအကြောင်းကို ပြောကြားသော် သာကီဝင်မင်းတို့သည် စုဝေးကြပြီး "မပို့လျှင် ငါတို့အမျိုးကို ဖျက်ဆီးမည်။ ငါတို့အမျိုးလည်း တခြားအမျိုးနှင့် ဆက်ဆံရန် မဖြစ်နိုင်။ ဘယ်သို့လုပ်ကြ မည်နည်း" ဟု တိုင်ပင်ကြ၏။ ထိုအခါ 'မဟာနာမ' မည်သော မင်းကြီးက "အလွန် လှပသော ငါ့ကျွန်မ၏ သမီး 'ဝါသဘခတ္တိယာ' ကို ပို့ကြစို့" ဟု ပြောဆိုသော် အားလုံးက သဘောတူ လက်ခံကြ၏။

ထိုတမန်တို့သည် ထိုသာကီဝင်မင်းတို့ထံမှ "မင်းသမီး ပေးပါမည်" ဟု ကတိကို ရ၍ ပြန်လာကြပြီး ကောသလမင်းကြီးအား ထိုအကြောင်းကို လျှောက်ကြား၏။ မင်းကြီးလည်း "ဖခင်မင်းကြီးနှင့်အတူ တစားပွဲတည်း၌ စားသုံးလျှင် ထိုမင်းသမီးကို ခေါ်လော့" ဟု မိန့်ကြား၏။ ထိုတမန်တို့လည်း ကပိလဝတ်ပြည်သို့ ပြန်သွား၍ ထိုအကြောင်းကို ပြောကြားသော် မဟာ နာမ မင်းကြီးသည် ထိုမင်းသမီးကို တန်ဆာဆင်စေပြီး၊ မိမိထမင်းစားသည့် အခါ ခေါ်စေ၍ မိမိနှင့်အတူ တစားပွဲတည်း၌ စားဟန်သကဲ့သို့သော ဟန် အမူအရာကို ပြ၏။ တမန်တို့သည် ထိုဝါသဘခတ္တိယာမင်းသမီးကို ခေါ်ယူ

လာပြီး မင်းကြီးအား အကြောင်းစုံကို လျှောက်ကြား၍ ဆက်သကြ၏။ မင်းကြီးသည် ဝါသဘခတ္တိယာကို မိဖုရားကြီးမြှောက်၏။ ထိုမိဖုရားသည် ရွှေအဆင်းရှိသည့် သားကို ဖွားမြင်၏။ သားကို အမည်ပေးရန် အမတ်ကြီး တဦးကို မဟာနာမမင်းကြီးထံ စေလွှတ်၏။

မဟာနာမမင်းကြီးက "မင်းကြီးသည် သားကိုရ၍ အကျွမ်းဝင်ခြင်း (ဝလ္လဘ) ရှိပေမည်" ဟု ဆိုလိုက်ရာ ထိုအမတ်ကြီးသည် နားထိုင်းသဖြင့် "ဝိဋ္ဋူဘ"ဟု ကြားပြီး ပြန်လာ၍ "ဝိဋ္ဋူဘ အမည်ကို ပေးလိုက်၏"ဟု လျှောက်သော် မင်းကြီးလည်း သားတော်အား "ဝိဋ္ဋူဘ"ဟု အမည်ပေး လိုက်၏။ မင်းကြီးလည်း ဘုရားရှင်ကို ချစ်မြတ်နိုးလိုသဖြင့် ဝိဋ္ဋူဘအား ကလေးအရွယ်၌ပင် စစ်သူကြီးအရာကို ပေး၏။ ဝိဋ္ဋူဘသည် ခုနစ်နှစ်အရွယ် ရောက်သော် ကပိလဝတ်ပြည်ရှိ ဘိုးဘွားများကို ဖူးမျှော်ရန် မိဘများကို ပန်ကြားပြီး အခြံအရံများစွာဖြင့် သာဝတ္ထိပြည်မှ ထွက်၏။ ဝါသဘခတ္တိယာ လည်း မဟာနာမမင်းကြီးထံသို့ "ကျွန်မသည် ဤ၌ ချမ်းသာစွာနေပါအံ့။ အရှင်တို့သည် ကျွန်မ၏သားအား ဇာတိမာန်ကို မပြဘဲ ပျူငှာစွာ လက်ခံပြုစု ပါရန်"ကြိုတင်၍ စာကို ပို့စေ၏။ သာကီဝင်မင်းတို့သည် ဝိဋ္ဋူဘလာသည် ကိုကြားလျှင် သူ့ကိုရှိမခိုးနိုင်ကြသဖြင့် ဝိဋ္ဋူဘထက်ငယ်သော မင်းသားတို့ ကို ဇနပုဒ်သို့ စေလွှတ်လိုက်ကြ၏။

ဝိဋ္ဋူဘမင်းသားရောက်လာသော် သူတို့သည် မင်းကွန်း၌ စုဝေးနေကြ ကြ၏။ ဝိဋ္ဋူဘသည် ထိုမင်းကွန်းထဲသို့ ဝင်လာသော် သူတို့က "ချစ်သား ဤသူကား သင့်ဘိုးတော်တည်း၊ ဤသူကား သင့်ဦးရီးတော်တည်း" စသည် ဆို၍ ရှိခိုးစေ၏။ ဝိဋ္ဋူဘသည် ထိုသူအားလုံးကို ရှိခိုးလျက် လှည့်လည်သော် မိမိအား ရှိခိုးသူ တဦးမျှ မမြင်၍ မေး၏။ သာကီဝင်မင်းတို့က "ချစ်သား၊ သင့်ထက်ငယ်သော သင့်ညီတို့သည် ဇနပုဒ်သို့ သွားကြကုန်၏" ဟု ဆိုပြီး၊ သူ့အား ကြီးကျယ်စွာ ပူဇော်မှုပြုကြ၏။ ဝိဋ္ဋူဘသည် နှစ်ရက် သုံးရက် နေပြီး အခြံအရံများစွာနှင့်ပင် ကပိလဝတ်ပြည်မှ ထွက်လာ၏။ ထိုအခါ ကျွန်မတဦးသည် မင်းကွန်း၌ ဝိဋ္ဋူဘထိုင်သွားသည့်နေရာကို "ကျွန်မသား ထိုင်သွားသည့် နေရာတည်း" ဟု ဆဲဆိုလျက် နို့ရည်ဖြင့် ဆေးကြော၏။ ထိုစဉ် မင်းချင်းယောက်ျားတဦးသည် မိမိ၏ လက်နက်မေ့ကျန်ခဲ့၍ ယူရန် ပြန်လာ သော် ဝိဋ္ဋူဘအား ဆဲရေးသည့် အသံကို ကြားသဖြင့် မေး၏။ ထို ကျွန်မက "ဝါသဘခတ္တိယာသည် ကျွန်မ၏ သမီးဖြစ်၏" စသည်ဖြင့် ရှင်းပြ ၏။ ထိုမင်းချင်းလည်း ပြန်လာ၍ ထိုအကြောင်းကို ဝိဋ္ဋူဘအား ပြောပြ၏။

ဝိဋ္ဋူဘသည် ထိုသတင်းကို ကြားလျှင် ပြင်းစွာအမျက်ထွက်၍ "ငါမင်းဖြစ်လျှင် သူတို့၏ လည်ချောင်းသွေးဖြင့် ငါထိုင်သည့်နေရာကို ဆေးကြောအံ့"ဟု ကြံစည်၏။ နောက် ကောသလမင်းကြီး နတ်ရွာစံ၍ သူမင်းဖြစ်သော် "သာကီဝင်မင်းအားလုံးကို သတ်အံ့"ဟု စစ်သည်ဗိုလ်ထုများစွာနှင့်တကွ သာဝတ္ထိပြည်မှ ထွက်၏။ ထိုနေ့၌ပင် မိုးသောက်ယာမ်၌ မြတ်စွာဘုရားသည် လောကကို ကြည့်သော် ဆွေမျိုးအပေါင်း ပျက်စီးမည်ကို မြင်သောကြောင့် ညနေအခါ၌ ကောင်းကင်ဖြင့် ကပိလဝတ်ပြည် အနီးရှိ အရိပ်မကောင်းသော သစ်ပင်ရင်း၌ ထိုင်တော်မူ၏။ ဝိဋ္ဋူဘမင်း၏ နိုင်ငံနယ်နိမိတ်၌ မူ အရိပ်ကောင်းသည့် ညောင်ပင်ကြီးတပင် ရှိ၏။ ဝိဋ္ဋူဘ မင်းသည် ထိုနေရာသို့ ရောက်လာ၍ ဘုရားရှင်ကိုမြင်လျှင် ရှိခိုးလျက် "ဘုရားရှင်သည် ဤနေပူပြင်းချိန်ဝယ် ဤအရိပ်မကောင်းသည့် သစ်ပင်ရင်း၌ အဘယ့်ကြောင့် နေတော်မူပါသနည်း။ အရိပ်ကောင်းလှသည့် ထိုညောင်ပင်ရင်း၌ သီတင်းသုံးတော်မူပါ၏"ဟု လျှောက်၏။

မြတ်စွာဘုရားက "ဒကာတော် ရှိပါစေတော့။ ဆွေမျိုးတို့၏ အရိပ်မည်သည် အလွန်ပင်ချမ်းအေးလှပေ၏"ဟု မိန့်တော်မူသော် ဝိဋ္ဋူဘသည် "ဘုရားရှင်သည် ဆွေမျိုးများအား စောင့်ရှောက်ရန် ကြွလာတော်မူသည် ဖြစ်မည်"ဟု ကြံ၍ ဘုရားရှင်ကို ရှိခိုးပြီး သာဝတ္ထိပြည်သို့ ပြန်လာခဲ့၏။ ဘုရားရှင်လည်း ကောင်းကင်ဖြင့် ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူ၏။ ဝိဋ္ဋူဘမင်းလည်း သာကီဝင်မင်းတို့၏အပြစ်ကို တဖန်သတိရ၍ ဒုတိယအကြိမ် ထွက်ပြန်သော် ထိုအရပ်၌ပင် ဘုရားရှင်ကို တွေ့မြင်၍ ရှေးနည်းတူ ပြန်လာခဲ့၏။ တတိယအကြိမ် ထွက်သော အခါမှာလည်း ရှေးနည်းတူပင် ဘုရားရှင်ကို တွေ့မြင်၍ ပြန်လာခဲ့၏။ စတုတ္ထအကြိမ် ထွက်ပြန်သော် ဘုရားရှင်သည် သာကီဝင် မင်းတို့၏ ရှေးကပြုခဲ့သည့် အကုသိုလ်ကံကို သိမြင်တော် မူသဖြင့် ထိုအရပ်သို့ မကြွတော့ပေ။

ဝိဋ္ဋူဘမင်းသည် စစ်သည် ဗိုလ်ပါထုနှင့်တကွ လာကြောင်း ကြားလျှင် သာကီဝင် မင်းတို့သည် အတိုက်အခိုက် အလွန်ကျွမ်းကျင်သော်လည်း "သူတပါးအသက်ကို မသတ်ကြသူများဖြစ်၍" ပြန်လည်မတိုက်ဘဲ နေကြ၏။ ဝိဋ္ဋူဘမင်းသည် "ငါ့ဘိုးတော်မဟာနာမမင်းကြီးနှင့် သူ ထံ၌တည်နေကြသည့်သာကီဝင်မင်းတို့မှ တပါး သာကီဝင်စစ်စစ်ဟုတ်မဟုတ် မေးပြီး သာကီဝင်စစ်သူအားလုံးကို သတ်ကြလော့"ဟု အမိန့်ပေး၏။ သာကီဝင်မင်းတို့သည် ခိုကိုးရာကို မမြင်သဖြင့် မုသားစကားကိုလည်း ရှောင်ကြဉ်ယူများဖြစ်ရကား

တချို့ 'မြက်ပင် (တိဏ)ကို ကိုက်၍၊ တချို့ ကျူပင် (နလ) ကို ကိုင်ကာ ရပ်နေကြလျက် "ငါတို့ကား တိဏ သာကီဝင် မည်၏။ ငါတို့ကား နလ သာကီဝင်မည်၏"ဟု ဆိုကြ၏။ ထိုသာကီဇင် နှစ်မျိုးနှင့် မဟာနာမမင်းကြီး ထံ၌ တည်ရှိကြသည့် သာကီဝင် မင်းမှတပါး၊ ကျန်သာကီဝင် အားလုံးကို နို့စို့သူငယ်များပါ မချန်ဘဲ သတ်စေပြီး သွေးချောင်းစီးစေ၏။

ဝိဋူဍဘ မင်းသည် ထိုသာကီဝင် မင်းတို့၏ လည်ချောင်းသွေးဖြင့် သူထိုင်သည့် နေရာကို ဆေးကြောစေပြီး စစ်သည်ဗိုလ်ပါ အပေါင်းနှင့်တကွ ပြန်လာ၍ အစိရဝတီမြစ်သို့ ရောက်လျှင် မြစ်အတွင်းရှိ သဲပြင်ပေါ်၌ တပ်စခန်းချ အိပ်ကြ၏။ ထိုအခါ သူတို့၏ ရှေးအကုသိုလ်ကံ အကျိုးပေးချိန် ရောက်လာသဖြင့် ထိုခဏ၌ပင် မြစ်ညာတွင် မိုးကြီးရွာ၍ ပြင်းထန်သော မြစ်ရေအယဉ် စီးဆင်းလာပြီး ဝိဋူဍဘ မင်းနှင့် တကွ စစ်သည်အားလုံးကို သမုဒ္ဒရာထဲအထိ ယူဆောင်သွား၏။ ထိုသူအားလုံး ပျက်စီးပြီး ငါးလိပ်တို့၏ အစာ ဖြစ်ကုန်၏။ ထိုအခါ ရဟန်းတို့သည် ထိုအကြောင်းကို ကြားသိကြသဖြင့် ပြောဆိုကြသော် မြတ်စွာဘုရား ကြွလာတော်မူ၍ "ရဟန်းတို့၊ သာကီဝင် မင်းတို့သည် ရှေးအတိတ်ကာလ၌ တစုတည်း နေခဲ့ကြလျက် မြစ်တခုထဲ၌ အဆိပ်ခတ်၍ ငါးများစွာကို သတ်ခဲ့ခြင်းကြောင့် ဤသို့ ပျက်စီးရပေသည်" ဟု မိန့်တော်မူ၏။

ဇို့နောက် ဝိဋူဍဘမင်းနှင့် ဗိုလ်ပါအားလုံး ရေထဲမျောပြီး သေကြသည် ကိုရည်ညွှန်းတော်မူလျက်"ရဟန်းတို့၊အိပ်ပျော်နေသည့် ရွာသားအပေါင်းကို တိုက်ယူသွားသော ရေအယဉ်ကြီးကဲ့သို့ သေမင်းသည် ဤသတ္တဝါတို့ကို စိတ်နှလုံးအလို မပြည့်မီပင် သတ်ဖြတ်ပြီး အပါယ်လေးပါးဟူသော သမုဒ္ဒရာ ထဲ၌ နစ်မြုပ်စေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၇။ "ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသော ရွာသားအပေါင်း ကို တိုက်ယူသွားသကဲ့သို့ ပန်းတည်းဟူသော ကာမဂုဏ်အာရုံတို့ကို ရွေးချယ်ဆွတ်ခူးလျက် ထိုကာမဂုဏ်တို့၌ တွယ်တာကပ်ငြိသည့် စိတ်ရှိ သောလူကို သေမင်းက ယူဆောင်သွားပေ၏။"

## ၃၆။ ပတိပူဇိကာ ဒါယိကာမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တာဝတိံသာ နတ်ပြည်၌ 'မာလာဘာရီ'မည်သော နတ်သားတဦးမှာ နတ်သမီးတထောင် အခြံအရံရှိ၏။ နတ်သမီးငါးရာတို့က သစ်ပင်ပေါ်တက်၍ ပန်းများကို ခူးချကြပြီး ငါးရာတို့က ကောက်ယူ၍ နတ်သားကို တန်ဆာဆင်ပေးကြ၏။ ထိုအခါ သစ်ပင်ပေါ်၌ ပန်းခူးချသည့် နတ်သမီးများ ထဲမှ တဦးသည် 'ငြိမ်းသွားသည့် မီးတောက်ကဲ့သို့'ခန္ဓာကိုယ် ကွယ်ပျောက်၍ စုတေသွား၏။ သူမသည် သာဝတ္ထိပြည်၌ ဖြစ်၏။ သူမသည် ဇာတိဿရဉာဏ် ရသဖြင့် မိမိ၏ ရှေးဘဝကို သိမြင်၍ "မာလာဘာရီ နတ်သား၏မယား ပြန် ဖြစ်လိုသည်"ကိုသာ ကြံစည်တောင့်တ၏။ သူမသည် အရွယ်ရောက်သော် အမျိုးသားတဦးနှင့် အိမ်ထောင်ကျ၍ လင့်အိမ်သို့ လိုက်သွား၏။ သူမသည် ရဟန်းသံဃာအပေါင်းအား ဆွမ်းကျွေးခြင်း, သင်္ကန်းစသည် လှူခြင်းတို့ကို ပြု၏။ လှူဒါန်းပြီးတိုင်း "ဤကောင်းမှုကြောင့် နောင်ဘဝတွင် ရှေးဘဝ က လင်ဖြစ်ခဲ့သူ မာလာဘာရီနတ်သားထံ၌သာ ဖြစ်ရပါလို၏"ဟုသာ ဆု တောင်းလေ့ရှိ၏။

ယင်းသို့ ဆုတောင်းသောကြောင့် သူမအား ရဟန်းတို့က "ပတိပူဇိကာ" (လင်ကို တောင့်တ၍ ပူဇော်လှူဒါန်းသူ)ဟု အမည်ပေးကြ၏။ သူမသည် အမြဲမပြတ်ပင် ရဟန်းတို့၏ ဆွမ်းစားစရပ်ကို သုတ်သင်ရှင်းလင်း၏။ သံဃာ တော်များအတွက် သောက်ရေ သုံးရေ တည်ထားခြင်း၊ နေရာထိုင်ခင်း ခင်း ခြင်းတို့ကို ပြု၏။ သူတပါး အလှူ၌လည်း စီမံလုပ်ကိုင်ပေး၏။ သူမသည် ကုသိုလ်များစွာကို ပြုလျက် သားလေးယောက်ရသော် တနေ့သ၌ အလှူ ကြီးကို ပေးလှူပြီး၍ တရားတော်ကို နာကြားလျက် သီလများကို ဆောက် တည်၏။ ထိုနေ့ညနေတွင် ရောဂါစွဲကပ်သဖြင့် စုတေသော် ထို'မာလာဘာရီ' ထံ၌ပင် ပြန်ဖြစ်လေ၏။ ထိုမျှကာလအထိ နတ်သမီးတို့သည် နတ်သားကို ပန်းတို့ဖြင့် တန်ဆာဆင်ပေးနေတုန်းပင် ရှိသေး၏။ နတ်သားက သူမကို မြင်လျှင် "သင် ဘယ်ကို သွားနေသနည်း"ဟု မေးသဖြင့် သူမက အကြောင်း စုံကို ပြန်ပြောပြ၏။ (တာဝတိံသာ၌ တရက်သည် လူ့ပြည်၌ အနှစ် တရာနှင့် ညီမျှ၏။)

နောက်တနေ့နံနက် ရဟန်းတို့သည် ကျေးဇူးများလှသည့် "ပတိပူဇိကာ" ဒါယိကာမ မနေ့ညနေက ကွယ်လွန်ကြောင်းကြားလျှင် မျက်ရည်ကျကြကုန်လျက် ဘုရားရှင်ထံသွား၍ "သတ္တဝါတို့၏ အသက်ကား တိုတောင်းလှပါ၏။ ပတိပူဇိကာသည် နံနက်ကပင် တပည့်တော်တို့အား လုပ်ကျွေးပြုစုပြီး ညနေတွင် စုတေသွားပါသည်"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ချစ်သားတို့၊ သတ္တဝါတို့၏ အသက်ကား အလွန်ပင် တိုတောင်းလှ၏။ ထို့ကြောင့်ပင် ဤသတ္တဝါတို့သည် လောကီအာရုံ ကာမဂုဏ်တို့ဖြင့် မရောင့်ရဲ မတင်းတိမ်သေးမီပင် သေမင်းနိုင်ငံသို့ လိုက်ပါသွားကြရကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၈။ "ပန်းတည်းဟူသော ကာမဂုဏ် အာရုံတို့ကို ရွေးချယ်ဆွတ်ခူးလျက် ထို ကာမဂုဏ်တို့၌ တွယ်တာကပ်ငြိသည့် စိတ်ရှိသော လူကို ကာမဂုဏ်တို့၌ မရောင့်ရဲမီပင် သေမင်းက မိမိအလိုသို့ ရောက်အောင် ပြုလေ၏။"

## ၄၉။ မစ္ဆရိယ ကောသိယ သူဌေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည် အနီးရှိ 'သက္ကာရ'အမည်ရှိ နိဂုံး၌ ကုဋေ ၈၀ ကြွယ်ဝသည့် 'မစ္ဆရိယကောသိယ'မည်သော သူဌေးသည် အလွန် နှမြောတွန့်တိုပြီး မိမိလည်းစည်းစိမ်ကို မခံစား၊ ရဟန်းစသည်တို့အားလည်း မပေးမလှူပေ။ တနေ့သ၌ သူသည် မုယောမုန့်ကို စားချင်လှ၍ သူတပါးတို့အား ပေးရမှာ စိုးသဖြင့် မယားနှင့်အတူ တဦးစာမျှသော နို့ရည်, ထောပတ်, ပျား, တင်လဲနှင့် ဆန်ကွဲကို ဘုံခုနစ်ဆင့် ပြာသာဒ်ပေါ် ယူသွား၍ တံခါးအားလုံးပိတ်လျက် မယားအား မုန့်ကြော်ခိုင်း၏။ ထိုနေ့ နံနက် မိုးသောက်ယာမ်၌ပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူသော ဘုရားရှင်သည် လောကဓာတ်တခုလုံး၌ ကျွတ်ထိုက်သူကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကြည့်လေသော် "ထိုသူဌေးကြီး သောတာပန် ဖြစ်လတံ့သည်"ကို မြင်တော်မူ၍ ထိုသူဌေးကြီးကို ဆုံးမပြီး ဇေတဝန်ကျောင်းသို့ ဆွမ်းစားချိန်အရောက် ခေါ်ဆောင်လာရန် ရှင်မောဂ္ဂလ္လာန်ကို စေလွှတ်တော်မူ၏။

ရှင်မောဂ္ဂလ္လာန်သည် တန်ခိုးဖြင့် တခဏချင်း အရောက်သွား၍ ထိုပြာသာဒ်၏ ပြူတင်းပေါက်၌ ကောင်းကင်မှာပင် ရပ်တည်၏။ သူဌေးကြီး

သည် မထေရ်ကို မြင်လျှင် စိတ်တုန်လှုပ်ချောက်ချားပြီး ဒေါသထွက်လျက် "သင်သည် မည်သို့ပင် တန်ခိုးဖြင့် အမျိုးမျိုး ပြုလုပ်ကာ နေစေကာမူ မုံ့ကို ရမည် မဟုတ်"ဟု အကြိမ်ကြိမ် ပြောဆို၍ နှင်သော်လည်း မထေရ်ကား မကြွဘဲ နေ၏။ နောက် သူဌေးကြီးသည် "ဤရဟန်းကား မုံ့မရလျှင် သွားမည်မဟုတ်၊ တွယ်ကပ်နေမည်သာတည်း"ဟု ကြံ၍ မယားအား "မုံ့ငယ် တယှက်ကို ကြော်ပြီး ရဟန်းအား ပေး၍ လွှတ်လိုက်လော့"ဟု ဆို၏။ မယားသည် မုံ့မှုန့်အနည်းငယ်ကို အိုးကင်း၌ ထည့်ကြော်လိုက်ရာ မုံ့သည် အိုးကင်းတခုလုံးပြည့်မျှ ဖောင်းဖောင်းဖွဖွကြီး ဖြစ်လေ၏။

ထိုအခါ သူဌေးကြီးက "သင်သည် မုံ့မှုန့်များစွာယူသည် ဖြစ်လတံ့" ဟုဆို၍ ကိုယ်တိုင် ယောက်မဖျားဖြင့် မုံ့မှုန့်နဲနဲယူပြီ ထည့်လိုက်ရာ မုံ့သည် ပို၍ပင် ကြီးလာ၏။ နောက် မုံ့မှုန့်ကို လျှော့လျှော့ပြီး ထည့်ကြော်သော် မုံ့သည် ကြီးသည်ထက်သာ ကြီးလာလေဖြစ်၏။ သူဌေးသည် စိတ်ပျက် လာပြီး မယားအား "မုံ့တယှက်ကို ဤရဟန်းအား လှူလိုက်လော့"ဟု ဆို၏။ မယားသည် မုံ့တောင်းမှ မုံ့တယှက်ကိုယူသော် မုံ့များအာလုံး တပေါင်းတည်း တွဲကပ်နေ၏။ ထိုအခါ သူဌေးသည် မယားအား မုံ့၏ တဖက်စွန်း၌ ကိုင်စေပြီး နှစ်ယောက်သား ဆွဲဖြဲခွဲကြသော်လည်း မရပေ။ သူဌေးသည် ဤသို့ မုံ့ကို ဆွဲဖြဲစဉ်ပင် ချွေးတပေါက်ပေါက် ယိုစီးလာပြီး မုံ့စားချင်စိတ် ကုန်သဖြင့် မယားအား "ဤမုံ့ကို ငါမစားချင်တော့ပြီ။ မုံ့တတောင်းလုံးသာ ဤရဟန်းအား လှူလိုက်ပါတော့"ဟုဆို၏။ မယားက မုံ့တောင်းကို လှူလေသော် မထေရ်က ဒါနဆိုင်ရာ တရားများကို ဟော ကြား၏။

သူဌေးကြီးသည်တရားကို နာကြားရလျှင်စိတ်ကြည်လင်ခြင်းရှိ၍ မထေရ် အား "ဤပလ္လင်ပေါ်၌ထိုင်၍ မုံ့ကို ဘုဉ်းပေးတော်မူပါ"ဟု လျှောက်၏။ မထေရ်က "ဘုရားရှင်သည် မုံ့တို့ကို ဘုဉ်းပေးတော်မူလို၍ ဤမှ ၄၅ ယူဇနာဝေးသည့် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရဟန်းငါးရာနှင့်အတူ စောင့်နေတော်မူ၏။ သင်တို့ အလိုရှိသော် သင်တို့ကို ထိုကျောင်းသို့ ငါ့ တန်ခိုးဖြင့် ခဏချင်းဖြင့် အရောက်ဆောင်ယူပေးအံ့"ဟုဆို၏။ သူဌေးကြီးက "ကောင်းလှပါပြီ ဘုရား"ဟု ဝန်ခံသော် မထေရ်သည် တန်ခိုးဖြင့် သူဌေး ကြီး၏ ပြာသာဒ်တခုလုံးကို တခဏခြင်းဖြင့် ဇေတဝန်ကျောင်း တံခါးမုခ် သို့ အရောက်ဆောင်လေ၏။ ထိုအခါ သူဌေးလင်မယားသည် ဘုရားရှင်နှင့် တကွ ရဟန်းငါးရာတို့အား မုံ့တို့ဖြင့် လုပ်ကျွေး၏။ မုံ့တို့ကား မကုန်

မခန့်နိုင် ကျန်နေသေး၏။ ဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားက ဒါန ဆိုင်ရာ တရားဓမ္မကို ဟောကြားသော် သူဌေး လင်မယားနှစ်ဦး သောတာပန် ဖြစ်လေ၏။

သူဌေးလင်မယားတို့ ပြာသာဒ်၌ နေလျက်ပင် ထိုနေ့မှစ၍ ဥစ္စာကုဋေ ၈၀ ကို သာသနာတော်၌ စွန့်ကြဲ လှူဒါန်းလေ၏။ နောက်တနေ့ ညနေ ရဟန်းတို့သည် တရားသဘင်၌ "ရှင်မောဂ္ဂလ္လာန်၏ တန်ခိုးအာနုဘော်ကား အံ့ဩရှိလေစွ။ သဒ္ဓါတရား, စည်းစိမ်ဥစ္စာကို မထိခိုက်စေဘဲ မစ္ဆရိယ သူဌေးကြီးကို တခဏခြင်းဖြင့် ဆုံးမနိုင်ပေ၏"ဟု ပြောဆိုကြ၏။ ထိုအခါ ဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြား တော်မူ၍ ကြွလာပြီး "ချစ်သားတို့၊ ဒါယကာကို ဆုံးမတတ်သော ရဟန်း မည်သည် ရှင်မောဂ္ဂလ္လာန်ကဲ့သို့ပင် သဒ္ဓါတရားနှင့် ပစ္စည်းဥစ္စာကို မထိခိုက် စေဘဲ ဒါယကာကို မနှိပ်စက် မညှဉ်းဆဲမူ၍ ချဉ်းကပ်လျက် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို သိစေအပ်၏"ဟု မိန့်တော်မူ၍ ဂါထာဖြင့် ဤသို့ ဟော တော်မူ၏။

၄၉။ "ပျားပိတုန်းသည် ပန်းပွင့်ကိုရင်း၊ ပန်း၏ အဆင်းအနံ့ကိုရင်း မပျက်စီးစေဘဲ ပန်းဝတ်ရည်ကို စုတ်ယူ၍ ပျံသွားသကဲ့သို့ ထို့အတူ ရဟန်းသည် (ဒါယကာတို့၏ သဒ္ဓါတရား, ပစ္စည်းဥစ္စာကို မပျက်စီး စေဘဲ) မြို့ရွာ၌ ကျင့်ဆောင်ရာ၏။"

## ၃၀။ ပါဝေယျ တက္ကတွန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ 'ပါဝေယျက'မည်သော တက္ကတွန်းကို သားကဲ့သို့ လုပ် ကျွေးပြုစုသော သူကြွယ်မတဦးသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အမျိုး မျိုး ချီးမွမ်းပြောဆိုကြသည့် အိမ်နီးချင်း လူတို့၏ စကားတို့ကို ကြားရလျှင် ဘုရားရှင်ထံသွား၍ တရားနာချင်လာ၏။ သူမသည် ထိုတက္ကတွန်းအား ဘုရားရှင်ထံသွား၍ တရားနာခွင့် တောင်း၏။ တက္ကတွန်းက ခွင့်မပြုသဖြင့် သူမသည် "ဘုရားရှင်ကို အိမ်သို့ပင့်၍ တရားနာအံ့"ဟု ကြံ၍ သားငယ်ကို နက်ဖြန်အတွက် ဘုရားရှင်အား ဆွမ်းပင့်ဖိတ်ခိုင်း၏။ ထိုသားသည် ရှေးဦး စွာ တက္ကတွန်းထံသွား၍ ထိုအကြောင်းကို ပြောပြ၏။ တက္ကတွန်းက မပင့်

ရန် တားမရသော် ထိုသားအား "ရဟန်းဂေါတမကို ပင့်သည့်အခါ သင့်အိမ် တည်နေရာ အရပ်နှင့် လမ်းကိုရင်း၊ သွားရမည့် လမ်းခရီးကိုရင်းမပြော ကြားဘဲ ပြန်လာလော"ဟု မှာလိုက်၏။ ထိုသားသည် ဝန်ခံကာ ဘုရားရှင် ထံသွား၍ ဆွမ်းဖိတ်ပြီး နေရာနှင့်လမ်းကို မလျှောက်ကြားဘဲ ပြန်လာ၏။

အိမ်နီးနားချင်းတို့လည်း ဘုရားရှင် ကြွလာမည်ကိုကြား၍ ထိုသူကြွယ်မ၏ အိမ်ကို သုတ်သင်ရှင်းလင်း၍ ပန်းတို့ကို ကြဲဖြန့်ပြီးဘုရားရှင်အတွက် နေရာကို ပြင်ဆင်ကြ၏။ တက္ကတွန်းလည်း နောက်တနေ့နံနက်စောစောပင် ထိုအိမ်သို့ ဘုရားရှင်အလျင်သွား၍ အိမ်နောက်ပိုင်း အခန်းတခု၌နေ၏။ ဘုရားရှင်ကား အပါယ်သေးဘုံ၊ လူ့ပြည်၊ နတ်ပြည်၊ မြတ်သောနိဗ္ဗာန်သို့သွားရာ လမ်းခရီးအားလုံးကိုပင် သိမြင်တော်မူသည်ဖြစ်၍ ရွာနိဂုံးစသည်တို့ကို သွားရာ လမ်းခရီးမျှကို မှုဘွယ်မရှိပေ။ ထို့ကြောင့် ဘုရားရှင်သည် နံနက်စောစော ပင် သပိတ်သင်္ကန်းကိုယူ၍ ထိုသူကြွယ်မ အိမ်တံခါးဝသို့ ကြွတော်မူ၏။ သူကြွယ်မလည်း အိမ်မှထွက်၍ ဘုရားရှင်အား ရိုသေစွာရှိခိုးလျက် အိမ်တွင်းသို့ ပင့်၍ ခင်းထားသည့်နေရာ၌ နေစေတော်မူပြီး ကောင်းမွန်သည့် ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော်ဖြင့် အလှူမောဒနာ တရားကို ဟောတော်မူ၏။ သူကြွယ်မလည်း "သာဓု သာဓု"ဟု ကောင်းချီးပေးလျက် တရားတော်ကို နာကြား၏။ ထိုအခါ အိမ်နောက်ပိုင်း အခန်းထဲ၌နေသော တက္ကတွန်းသည် သူမ၏ ကောင်းချီးပေးသံကို ကြားလျှင် မတည်တံ့နိုင်ဘဲ အခန်းထဲမှ ထွက်လာ ပြီး "ဟယ် သူယုတ်မ၊ နင်ကား ပျက်ချေပြီ။ ရဟန်းကြီး ဂေါတမအား ဤသို့ပူဇော်ဘိတကား"စသည်ဖြင့် သူကြွယ်မကိုရင်း၊ ဘုရားရှင်ကိုရင်း ဆဲရေးလျက် ထွက်ပြေးဖဲသွား၏။ သူကြွယ်မလည်း ထိုတက္ကတွန်း၏ ဆဲရေး သံကို ကြား၍ အရှက်ကြီးရှက်ပြီး စိတ်မကြည်ရကာ အာရုံမစူးစိုက်နိုင်ဘဲ အာရုံတပါးသို့ ပျံ့လွင့်နေ၏။ ထိုအခါ ဘုရားရှင်က "ဒါယကာမကြီး၊ ဤသို့သော ပြောဆိုဆဲရေးသည့် စကားတို့ကိုနှလုံးမသွင်းဘဲ မိမိ၏ပြုအပ်သော အမှု၊ မပြုအပ်သော အမှုကိုသာ ဆင်ခြင်ကြည့်ရှုသင့်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၀။ "သူတပါးတို့၏ အပြစ်အနာအဆာများ, မသင့်မလျော် ဆဲရေးသည့် စကားများကိုရင်း၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြုမပြုကိုရင်း မရှုမဆင်ခြင်ရာ။ မိမိ၏ ကောင်းမှု မကောင်းမှု ပြုသည်တို့ကိုရင်း၊ ကောင်းမှု မကောင်းမှု မပြုသည်တို့ကိုရင်း ရှုဆင်ခြင်ရာ၏။"

## ၃၉။ ဆတ္တပါဏိ ဥပါသကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ 'ဆတ္တပါဏိ' မည်သော အနာဂါမ် ဥပါသကာသည် စောစောကပင် ဥပုသ်သီလခံယူပြီး ဘုရားရှင်ထံသွား၍ တရားစကားကို နာကြားလျက် ထိုင်နေ၏။ ထိုအခါ ကောသလမင်းကြီးသည် ဘုရားရှင်ထံ ဆည်းကပ်ရန်လာသော် ဆတ္တပါဏိသည် "ငါ့ကား မြတ်သော မင်းဖြစ်သည့် ဘုရားရှင်ထံ၌ ထိုင်နေ၏။ ပဒေသရာဇ်မင်းငယ်ကိုမြင်၍ ရှိသေသဖြင့် ထပေး ရန် မသင့်။ ထပေးလျှင် မင်းအား အလေးပြုရာ မည်ပြီး၊ မြတ်စွာဘုရားအား အလေးပြုရာ မရောက်။ မင်းက ငါ့အား အမျက်ထွက်စေကာမူ ငါမထဘဲ နေအံ့"ဟု ကြံ၍ မထဘဲနေ၏။ မင်းကြီးသည် နေရာမှမထသော ဆတ္တပါဏိကို မြင်လျှင် အမျက်ထွက်လျက် ဘုရားရှင်ကို ရှိခိုးကာ ထိုင်နေ၏။ မြတ်စွာဘုရား သည် မင်းကြီး အမျက်ထွက်သည်ကို သိတော်မူသဖြင့် ဆတ္တပါဏိ၏ ဂုဏ် ကျေးဇူးကို ချီးမွမ်းမိန့်ဆိုသော် မင်းကြီးသည် အမျက်ပြေ၍ စိတ်နူးညံ့ ကြည်လင်သွား၏။

ထို့နောက် တနေ့သ၌ ကောသလမင်းကြီးသည် နန်းတော်ပြာသာဒ်၌ နေစဉ် မင်းရင်ပြင်ဖြင့် သွားသော ဆတ္တပါဏိကို မြင်လျှင် ခေါ်စေ၍ "သင်သည် ပညာဉာဏ်နှင့် ပြည့်စုံ၍ ပိဋကသုံးပုံဆောင်သူ ဖြစ်သဖြင့် ငါ့နန်းတော်တွင်း၌ တရားဓမ္မကို ပို့ချပါလော့"ဟု တောင်းပန်၏။ ဆတ္တပါဏိ က "နန်းတော်တွင်း၌ နေထိုင်ရသည်မှာ ဝန်ဝေးလှပြီး အပြစ်များသဖြင့် ထ မပေးလိုပါ။ ရဟန်းတပါးကိုသာ ပင့်စေ၍ တရားဓမ္မကို ပို့ချစေတော် မူပါ"ဟု လျှောက်၏။ မင်းကြီးသည် နှစ်သက်၍ ဘုရားရှင်ထံ သွားပြီး "တပည့်တော်၏ မိဖုရားနှစ်ပါးသည် တရားဓမ္မကို သင်ယူလိုကြပါ၏။ရဟန်း တော်တပါးကိုစေလွှတ်ပေးတော်မူပါ"ဟု လျှောက်၏။ ထိုအခါ ရှင်အာနန္ဒာ သည် ဘုရားရှင်၏ အမိန့်တော်ဖြင့် နန်းတော်သို့ အမြဲမပြတ် ကြွ၍ ထိုမိဖုရား နှစ်ပါးအား တရားဓမ္မကို ပို့ချ သင်ပေး၏။

ထိုမိဖုရားနှစ်ပါးအနက် မလ္လိကာမိဖုရားသည် ကောင်းမွန် ရိုသေစွာ သင်ယူ၍ နှုတ်တက်အောင် ရွတ်ဆိုသရဇ္ဈာယ်ပြီးပြန်ဆိုပြ၏။ ဝါသဘခတ္တိယာ

ကား ရှိသေစွာ မသင်၊ ရွတ်ဆိုသရဇ္ဈာယ်ခြင်း မပြုသဖြင့် အာဂုံပြန်၍ မပြနိုင်ပေ။ နောက် တနေ့သ၌ မြတ်စွာဘုရားက "ထိုမိဖုရားတို့ တရားတော်ကို ကောင်းစွာ သင်ယူကြသလော"ဟု မေးတော်မူသော် ရှင်အာနန္ဒာက ထိုအကြောင်းကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ ငါဘုရား ဟောကြားသည့် တရားမည်သည် ရိုသေစွာ မနာယူသူ၊ မရွတ်ဆိုသရဇ္ဈာယ်သူ၊ မဟောကြားသူအား'အဆင်းသာရှိ၍ အနံ့မရှိသည့် ပန်းကဲ့သို့' အကျိုးမရှိ ဖြစ်ရ၏။ ရိုသေစွာ နာယူခြင်း စသည်တို့ကို ပြုသူအားမူ အကျိုး အာနိသင် များစွာ ရှိပေ၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၁။ "လှပတင့်တယ်၍ အဆင်းရှိပြီး အနံ့မရှိသော ပန်းသည် အကျိုးမရှိ အသုံးမကျသကဲ့သို့ ထို့အတူ ကောင်းစွာဟောကြားအပ်သော ဘုရားစကားတော်သည် ရိုသေစွာ နာယူ ရွတ်ဆိုသရဇ္ဈာယ်ခြင်း မပြုသူအား အကျိုးမရှိပေ။

၅၂။ "လှပတင့်တယ်၍ အဆင်းလည်းရှိပြီး အနံ့လည်းရှိသော ပန်းသည် အသုံးဝင် အကျိုးရှိသကဲ့သို့ ထို့အတူ ကောင်းစွာ ဟောကြားအပ်သော ဘုရားစကားတော်သည် ရိုသေစွာ နာယူ ရွတ်ဆိုသရဇ္ဈာယ်ခြင်း ပြုသူအား အကျိုးများစွာ ရှိပေ၏။"

## ၄၀။ ဝိသာခါကျောင်းအမ

မြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံတော်၌ အတိုင်းမသိ ကြွယ်ဝချမ်းသာကြသော "ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလ္လိယ" မည်သော သူဌေးကြီးငါးဦး ရှိကြ၏။ အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ နေထိုင်သော "မေဏ္ဍက"သူဌေးနှင့် သူဌေးကတော် 'စန္ဒပဒုမာ'တို့မှာ 'ဓနဉ္စယ' မည်သော သားနှင့် ချွေးမတော် 'သုမနဒေဝီ'ရှိ၏။ ဓနဉ္စယသူဌေးနှင့် သူဌေးကတော် 'သုမနဒေဝီ'တို့မှာ 'ဝိသာခါ'မည်သော သမီးငယ်တဦးရှိ၏။ ဝိသာခါခုနစ်နှစ်အရွယ် ရောက်သော် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီစဉ် ဘဒ္ဒိယမြို့သို့ ရောက်လာ၏။ မေဏ္ဍကသူဌေးကြီးက ခိုင်း၍ မြေးတော် 'ဝိသာခါ' သည် အခြံအရံ သတို့သမီး ငါးရာနှင့်အတူ ရထားငါးရာဖြင့် ဘုရားရှင်ထံ သွား၍

ကြို့ဆိုသော် ဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် အားလုံး သောတာပန် ဖြစ်၏။ မေဏ္ဍကသူဌေးကြီးလည်း ဘုရားရှင်၏ တရားတော်ကို နာကြားရ၍ သောတာပန် ဖြစ်လေသော် ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်း အား ဆဲ့ငါးရက်တိုင် ဆွမ်းဖြင့် လုပ်ကျွေး၏။

ထို့နောက် သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် မိမိနိုင်ငံ၌ အတိုင်း မသိ ကြွယ်ဝချမ်းသာသည့် သူဌေးကြီးတဦးမျှ မရှိသဖြင့် မောင်လယ် နှမလယ် ဆွေမျိုးတော်သည့် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးထံ သွား၍ ထိုကဲ့သို့သော သူဌေးကြီးတဦးကို တောင်းခံ၏။ ထိုအခါ မေဏ္ဍကသူဌေးကြီး သည် ကောသလမင်းကြီးနိုင်ငံသို့ မိမိ၏ မိသားစု ပစ္စည်းဥစ္စာနှင့်တကွ ကျွန် အလုံးစုံကို ယူဆောင်၍ လိုက်ပါသွား၏။ တညခရီးဖြင့် သာဝတ္ထိပြည်နှင့် ခုနစ်ယူဇနာကွာ အရပ်သို့ ရောက်လျှင် မင်းကြီးကိုပန်ကြားပြီး 'သာကေတ' အမည်ဖြင့် မြို့တခုကိုတည်ဆောက်ကာနေ၏။ ထို့နောက် တနေ့သ၌ သာဝတ္ထိ ပြည်၌'မိဂါရ'မည်သော သူဌေးသည် သူ့သား 'ပုဏ္ဏဝဍ္ဍန'အား အိမ်ထောင် ပြုပေးရန်အတွက် အဖိုးတသိန်းတန် ရွှေပန်းကုံးနှင့်တကွ ပုဏ္ဏားတို့ကို ထို မေဏ္ဍက သူဌေးကြီး၏သား 'ဓနဥ္စယ'သူဌေးကြီးထံသို့ အရွယ်ရောက်လေပြီ ဖြစ်သော 'ဝိသာခါ'ကို တောင်းခံ၍ 'ပေးမည့်ကတိ'ကို ရရှိလေ၏။

မိဂါရသူဌေးသည် ကြီးကျယ်သည့် အခမ်းအနားဖြင့် ဝိသာခါကို သွားခေါ်သော် ကောသလမင်းကြီးလည်း မင်းပရိသတ်နှင့်တကွ လိုက်ပါ၏။ ဓနဥ္စယ သူဌေးကြီးလည်း ထိုသူဌေး, မင်းတို့၏ ပရိသတ်ကို ကြို့ဆိုဧည့်ခံ လုပ်ကျွေးပြုစု၍ မင်္ဂလာပွဲသဘင်ကျင်းပရန် ပြင်ဆင်၏။ သူသည် ထိုနေ့၌ပင် ရွှေပန်းထိမ်သည် ငါးရာတို့ကိုခေါ်၍ ရွှေစင်နိက္ခတထောင်နှင့်တကွ ငွေ, ပတ္တမြား, ပုလဲ, သန္တာ, ဝဇီရစိန်ကျောက်စသည်တို့ကို အချိုးကျ ပေးအပ်ပြီး 'မဟာလတာ'မည်သော တန်ဆာကို ပြုလုပ်စေ၏။ ထိုတန်ဆာကား လေးလ ကြာ လုပ်ရပြီး ကိုးကုဋေ ကုန်ကျ၍ လက်ခတသိန်း ပေးရ၏။ ထိုတန်ဆာကို ဦးခေါင်း၌ စွပ်လိုက်လျှင် ခြေဖမိုးအထိ ရောက်၏။ ဝိသာခါသည် ကဿပ ဘုရားလက်ထက်က ရဟန်းနှစ်သောင်းအား သင်္ကန်းများကို လှူဒါန်းခဲ့သည့် ကောင်းမှုကံကြောင့် ဤ'မဟာလတာ' တန်ဆာကို ဆင်မြန်းရခြင်း ဖြစ်၏။

ဓနဥ္စယသူဌေးကြီးသည် သမီးဝိသာခါအား သွန်သင် ဆုံးမ၍ အမြဲ ဆုံးမပေးရန်လည်း သူကြွယ်ရှစ်ဦးကို ထည့်ပေးလိုက်၏။ သမီးအား လက်ဖွဲ့ ပစ္စည်းအဖြစ် တသက်တာ သုံးဆောင်နိုင်ရန် ဥစ္စာပစ္စည်း အလုံအလောက် နှင့် ကျွဲ, နွား, ကျေး, ကျွန်များ တထောင်မက ပေးလိုက်၏။ နောက်သမီး

အား 'မဟာလတာ' တန်ဆာကြီးကို ဆင်မြန်းပေးပြီး၊ သာဝတ္ထိပြည်သို့ မိဂါရသူဌေး၊ ကောသလမင်းကြီးနှင့်တကွ ကြီးကျယ်များပြားသည့်ပရိသတ် အခြံအရံဖြင့် လွှတ်လိုက်၏။ သာဝတ္ထိပြည် ရောက်သော် ဝိသာခါသည် လိမ္မာပါးနပ်သူဖြစ်၍ ပြည်သူအားလုံးကို ဆွေမျိုးရင်းချာဖြစ်အောင် ပြု၍ ဆက်ဆံလေ၏။ မိဂါရသူဌေးသည် မင်္ဂလာ အခမ်းအနား ကျင်းပသော် မိစ္ဆာအယူရှိသူဖြစ်၍ အဝတ်မဝတ်သည့် 'အစေလက'တိတ္ထိရဟန်းငါးရာ အား ပင့်ဖိတ်ပြီး နို့ဃနာဆွမ်းဖြင့် ကျွေးမွေး၏။

ဆွမ်းမွေးကျွေးပြီးသော် သူသည် "ငါ့ချွေးမ ဝိသာခါ လာ၍ ရဟန္တာ ကြီးများကို ရှိခိုးစေ" ဟု အကြောင်းကြား၏။ ဝိသာခါသည် 'ရဟန္တာကြီး' ဟူသော စကားကို ကြားရလျှင် နှစ်သက် ရွှင်လန်းစွာလာ၍ ထိုတက္ကတွန်း တို့ကို မြင်ရသော် "ထွီ ထွီ" ဟု ဆိုပြီး ပြန်လာ၏။ မိဂါရသူဌေးသည် အမျက်ထွက်သော်လည်း သည်းခံလျက် ထိုတက္ကတွန်းများ ပြန်သွားသော် နို့ဃနာကို စားကာနေ၏။ ဝိသာခါသည် သူ့ကို ယပ်ခတ်ပေးနေ၏။ ထို အချိန်တွင် မထေရ်တပါး ဆွမ်းခံစဉ် ထိုသူဌေးအိမ်သို့ ရောက်လာ၏။ သူဌေး ကြီးသည် မမြင်ဟန်ဆောင်လျက် စားမြဲ စားနေ၏။ ထိုအခါ ဝိသာခါက "ကန်တော့ဆွမ်းပါဘုရား။ တပည့်တော်၏ ယောက္ခမသည် အဟောင်းကိုသာ စားသောက်ပါသည် ဘုရား"ဟု လျှောက်ဆို၏။ ဤတကြိမ်တွင် သူဌေးသည် သည်းမခံနိုင်တော့၍ ပြင်းစွာ အမျက်ထွက်လျက် "ဤသူယုတ်မကို ဤအိမ် မှ နှင်ထုတ်ကြလော့။ ငါ့ကို အညစ်အကြေး မစင်စားသူဟု ဆိုဘိသည်"ဟု ပြောလေ၏။

ထိုအခါ ဝိသာခါက "ကျွန်မသည် ဤစကားမျှဖြင့် ထွက်မသွားနိုင်ပါ။ ကျွန်မကို ဆုံးမရန် ဖခင်ကြီးက သူကြွယ် ရှစ်ဦးကို ထည့်ပေးလိုက်၏။ ထို သူကြွယ်တို့ကို ခေါ်ပြီး အပြစ်ရှိ မရှိ မေးပါ"ဟု ဆို၏။ ထိုသူကြွယ်ရှစ်ဦး ရောက်လာသော် သူဌေးကြီးက "ငါသည် နို့ဃနာကို ရွှေခွက်၌ ထည့်စား နေစဉ် ငါ့အား အညစ်အကြေး မစင်ကို စားသောက်သူဟု ဆို၏"ဟု ပြော လျှင် ဝိသာခါက "ကျွန်မ ဤသို့ မဆိုရပါ။ သူဌေးကြီးသည် ဆွမ်းလာ ရပ်သည့် မထေရ်ကို မမြင်ဟန်ဆောင်သဖြင့် 'ငါ့ယောက္ခမသည် ဤဘဝ၌ ကောင်းမှုကို မပြု၊ ရှေးက ပြုခဲ့သည့် ကောင်းမှုကံ၏ အကျိုးကိုသာ ခံစား ဘိ၏' ဟု ကြံစည်မိ၍ 'ကန်တော့ဆွမ်းပါဘုရား။ တပည့်တော်မ၏ယောက္ခမ သည် အဟောင်းကိုသာ စားသောက်ပါသည်'ဟု ပြောဆိုပါသည်။ ဤသို့ ပြောဆိုရာ၌ ကျွန်မမှာ ဘာအပြစ်ရှိပါသနည်း"ဟု ဆို၏။ သူကြွယ်ရှစ်ဦးက

"ဤကိစ္စ၌ ဝိသာခါမှာ အပြစ်မရှိပါ"ဟု ဆို၍ သူဌေးကြီးက ကျေနပ်သွား၏။

'ထိုအခါ ဝိသာခါက "ကျွန်မသည် ဘုရားရှင်၏ သာသနာ၌ မတုန်မလှုပ်ယုံကြည်သူဖြစ်၍ ရဟန်းသံဃာနှင့် ကွေကွင်းပြီး မနေနိုင်ပါ။ ရဟန်းသံဃာများကို လုပ်ကျွေးခွင့်မရလျှင် ဤအိမ်၌ မနေလို၊ ဆင်းသွားပါအံ့"ဟု ဆို၏။ သူဌေးကြီးက"ချစ်သမီး၊အလိုရှိတိုင်း ရဟန်းတော်တို့ကို လုပ်ကျွေးပါလော့" ဟုခွင့်ပေး၏။ ဝိသာခါသည် ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းအား နောက်တနေ့နံနက်တွင် ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်စေ၏။ အစေလက တက္ကတွန်းတို့သည် ထိုအကြောင်းကို ကြားလျှင် ထိုနေ့ နံနက်စောစော သူဌေးကြီး၏ အိမ်နောက်ဖေးသို့ သွားနှင့်၍ နေကြ၏။ ဝိသာခါသည် ဘုရားရှင်နှင့် ရဟန်းအပေါင်းအား ဆွမ်းဖြင့် လုပ်ကျွေးသော် "ငါ့ ယောက္ခမလာ၍ ဘုရားရှင်ကို လုပ်ကျွေးပါလော့"ဟု အကြောင်းကြား၏။ ထိုတက္ကတွန်းတို့က တားသဖြင့် သူဌေးကြီး မသွားဘဲနေ၏။ ဝိသာခါသည် ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းကျွေးပြီးသော် "ငါ့ယောက္ခမ လာ၍ တရားနာပါလော့"ဟု အကြောင်းကြား၏။

"ယခု ငါမသွားလျှင် မသင့်"ဟု ဆိုသဖြင့် တက္ကတွန်းတို့က "ဒါဖြင့်လျှင် ကန့်လန့်ကာ နောက်ကွယ်က တရားနာလော့" ဟု ဆိုကြ၏။ မြတ်စွာဘုရားသည် ကြည်လင်ပြတ်သား ရဲရင့်သော အသံတော်ဖြင့် တရားမိုးကို သွန်ချဟောတော်မူ၏။ ထိုတရားတော်ကို ကြားနာရ၍ သူဌေးကြီးသည် သောတာပန်ဖြစ်လေသော် ကန့်လန့်ကာကို မြှောက်၍ ထွက်လာပြီး ဝိသာခါ၏ သားမြတ်ကို ပါးစပ်ဖြင့် ယူစို့လျက် "ယနေ့မှစ၍ သင်သည် ငါ့မိခင်ပေတည်း" ဟု ဝိသာခါကို မိခင်အရာ၌ထား၏။ ထိုအခါမှစ၍ ဝိသာခါသည် မိဂါရမာတာ (မိဂါရ၏မိခင်) ဟု တွင်၏။ သူဌေးကြီးသည် ချွေးမ၏ သားမြတ်ကိုလွှတ်၍ ဘုရားရှင်ထံ သွားပြီး ရှိခိုးလျက် "တပည့်တော်သည် ဤမျှလောက် ကာလပတ်လုံး ဤသာသနာတော်အား ပေးလှူခြင်း သည် အကျိုးကြီးမြတ်လှ၏ဟု မသိမိပါ။ ယခုမှ ချွေးမကို မှီ၍ သိရပါပြီ။ အပါယ်ငရဲမှ လွတ်ကင်းရပါပြီ" ဟု လျှောက်ထား၏။ နောက်တနေ့ ထို့အတူ ဆွမ်းကျွေးသော် သူဌေးကတော်လည်း သောတာပန် ဖြစ်သွား၏။ ထိုအခါမှစ၍ ထိုအိမ်သည် သာသနာအတွက် စရပ်သဖွယ် ဖြစ်လေ၏။

ထို့နောက် သူဌေးကြီးသည် ချွေးမအား ကျေးဇူး ဆပ်လိုသဖြင့် "ငါ့ချွေးမသည် လေးလံလှသည့် ဤမဟာလတာ တန်ဆာကြီးကို အခါခပ်သိမ်း

မဝတ်ဆင်နိုင်” ဟု ကြံ၍ တခဲနက် ပြေပြစ်ချောမော ပေါ့ပါးသည့် ‘ဃနမဋ္ဌ’ မည်သော တသိန်းတန် တန်ဆာကို လုပ်စေပြီး ချွေးမအား ဆင်ယင်ပေး၏။ ဝိသာခါသည် ကာလ ကြာမြင့်သော် သားသမီးတို့ဖြင့် ပေါများလေ၏။ သူမမှာ သား ဆယ်ဦး, သမီးဆယ်ဦး ရ၏။ နောက် ထိုသားသမီးတို့လည်း တဦးတဦးလျှင် သားဆယ်ဦး, သမီးဆယ်ဦးစီ ရကြပြန်၏။ တဖန် ထိုမြေး တို့လည်း တဦးတဦးလျှင် သားဆယ်ဦး,သမီးဆယ်ဦးစီ ရကြပြန်၏။ဤသို့လျှင် ဝိသာခါသည် သား, သမီး, မြေး, မြစ်တို့အားဖြင့် ရှစ်ထောင်ကျော်တို့ကို ရရှိလေ၏။ ဝိသာခါသည် အသက် ၁၂၀ ရှည်၏။ ဆံဖြူခြင်း, သွားကျိုး ခြင်း မရှိ။ ဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ အမြဲနုပျိုနေ၏။ သားမြေးမြစ်တို့နှင့် အတူ သွားလျှင် “ဘယ်သူသည် ဝိသာခါနည်း” ဟု မေးကြရကုန်၏။

တနေ့သ၌ ဝိသာခါသည် ‘မဟာလတာ’ တန်ဆာကို ဆင်ယင်လျက် လူ အပေါင်းနှင့်တကွ ကျောင်းတော်သို့ သွား၏။ ကျောင်းရောက်လျှင် ထို တန်ဆာကို ချွတ်၍အပေါ်ရုံဖြင့်ထုပ်ပြီး ကျွန်မအား“ဤအလုပ်ကိုယူခဲ့လော့” ဟုဆို၍ ပေးပြီး၊ ပေါ့ပါးသည့် ‘ဃနမဋ္ဌ’ တန်ဆာကို ဆင်ယင်လျက် ဘုရား ရှင်ထံ သွား၍ တရားနာ၏။ တရားနာပြီးသော် ဝိသာခါသည် ဘုရား ရှင်ကို ရှိခိုးပြီး ထွက်ခွာလာ၏။ ကျွန်မသည် ထို ‘မဟာလတာ’ တန်ဆာကို မေ့ထားခဲ့၏။ တရားနာ ပရိသတ်တို့ မေ့ကျန်ခဲ့သည့် ပစ္စည်း ဟူသမျှကို ရှင်အာနန္ဒာက ပြန်ပေးနိုင်ရန် ကောင်းစွာ သိမ်းဆည်းထားလေ့ ရှိသဖြင့် ထိုမဟာလတာ တန်ဆာကို ကောက်ယူ၍ စောင်းတန်းဘေး၌ ချိတ်ဆွဲထား၏။ ဝိသာခါသည် ထုံးစံအတိုင်း ကျောင်းစဉ် လှည့်လည်လျက် သာမဏေ,ရဟန်း များကို ကြည့်ရှုကာ ပြုစုလုပ်ကျွေးပြီး ကျောင်းဥပစာ၌ ရပ်လျက် ထိုကျွန်မ အား “မဟာလတာ တန်ဆာကို ယူခဲ့လော့ ဝတ်ဆင်အံ့” ဟု ဆို၏။

ထိုအခါမှ ထိုကျွန်မသည် ထိုတန်ဆာကို မေ့ကျန်ခဲ့သည်ကို သတိရ၍ “မေ့ကျန်ခဲ့ပါ၏” ဟု ဆို၏။ “သွားယူချေ။ သို့ရာတွင် ရှင်အာနန္ဒာလက်ဖြင့် ချီမ၍ တနေရာ၌ ထားသည်ဖြစ်လျှင် မယူခဲ့လင့်။ မထေရ်အားသာ ထို တန်ဆာကို ငါစွန့်လှူ၏” ဟု ဆို၏။ ထိုကျွန်မလည်း သွားပြီး ရှင်အာနန္ဒာကို တွေ့၍ အကြောင်းစုံကို ကြားသိလျှင် ပြန်လာပြီး ပြန်ပြောပြ၏။ ဝိသာခါ သည် “ဤတန်ဆာကို ရောင်း၍ လှူဒါန်းအံ့”ဟု ဆိုပြီး ကျွန်မအား ထိုတန် ဆာကို သွားယူခိုင်းပြီး ဝယ်နိုင်သူ မရှိသဖြင့် ကိုယ်တိုင်ပင် ကိုးကုဋေတသိန်း ဖြင့် ဝယ်ယူ၏။ ထိုငွေဖြင့် ဘုရားရှင် အမိန့်ရှိသည့် အတိုင်း မြို့၏ အရှေ့ တံခါး၌ ‘ပုဗ္ဗာရုံ’ အမည်ရှိ ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်း၏။

ဝိသာခါသည် မြေနေရာကို ကိုးကုဋေဖြင့် ဝယ်၍ ကိုးကုဋေဖြင့် ကျောင်းဆောက်ပြီး ကိုးကုဋေဖြင့် ကျောင်းရေစက်ချပွဲကြီးကို ပြုလုပ်လေ၏။

ကျောင်းရေစက်ချပြီးသောနေ့ ညနေအခါ၌ ဝိသာခါသည် သားမြေးမြစ်တို့ဖြင့် ခြံရံကာ "ငါသည် ရှေး၌ တောင့်တခဲ့သည့် ဆုကြီးငါးမျိုးကို ယခု အားလုံး ပြည့်စုံရရှိလေပြီ"ဟု ကျောင်းတော်ကို လှည့်လည်သွားလာလျက် ငါးဂါထာဖြင့် အသံသာယာစွာ ဥဒါန်းကျူးရင့်လေ၏။ ထိုကျူးရင့်သံကို ကြားကြသော ရဟန်းတို့က မြတ်စွာဘုရားအား "ဝိသာခါသည် ရှေးကနှင့်မတူ ယနေ့ သီချင်းဆိုလျက် ကျောင်းကို လှည့်လည်ပါ၏။ သည်းခြေများ ပျက်လေသလော"ဟု လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ဝိသာခါသည် ရှေးဘုရားရှင်တို့ထံ၌ တောင်းခဲ့သော ဆုအားလုံးကို ယနေ့ ပြည့်စုံရရှိသဖြင့် ဝမ်းမြောက်၍ ဥဒါန်းကျူးရင့်ခြင်းဖြစ်၏။ သီချင်းဆိုသည် မဟုတ်။ ဝိသာခါသည် ဘုရားရှင်အဆက်ဆက် သာသနာတော်ကို မိခင်အရာ၌ တည်၍ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပြုစုခဲ့ပေ၏။ ရဟန်းတို့၊ လိမ္မာလှသော ပန်းသည်သည် ပန်းမျိုးစုံကို စုပုံပြီး ပန်းကုံးအမျိုးမျိုး ပြုသိသကဲ့သို့ ဝိသာခါ၏ စိတ်သည် ကောင်းမှုအမျိုးမျိုး ပြုလုပ်ရန် အစဉ်ညွတ်ပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၃။ "ပန်းပွင့်အပုံကြီးမှ များစွာသော ပန်းတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့
ထို့အတူ မွေးဖွားဖြစ်ပေါ်သော သတ္တဝါသည်(မိမိ၏ဥစ္စာအစုအပုံမှ)
များစွာသော ကောင်းမှုကို ပြုလုပ်သင့်၏။"

## ၄၁။ အာနန္ဒာ၏ နံ့သာအမေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်အာနန္ဒာသည် ညချမ်းအခါ ဆိတ်ငြိမ်ရာ၌ တပါးတည်း နေထိုင်စဉ် "အနှစ်နံ့သာ၊ အပွင့်နံ့သာ၊ အမြစ်နံ့သာ ဟူသော နံ့သာသုံးမျိုးသည် လေအောက်သို့ အစဉ်လျှောက်၍ မွှေးကြိုင် လှိုင်စေနိုင်၏။ လေညာသို့တက်၍ မွှေးကြိုင်လှိုင်ရန် မစွမ်းနိုင်။ လေအောက်၊ လေညာ နှစ်ခုလုံးသို့ တကြိုင်ကြိုင်လှိုင်၍ သွားသည့် နံ့သာမျိုး ရှိကောင်းသလော"ဟု ကြံဆင်မိပြီး ကိုယ်တိုင် မဆုံးဖြတ်ဘဲ ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို မေးလျှောက်၏။

မြတ်စွာဘုရားက "အာနန္ဒာ၊ အကြင်သူသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၏။ ငါးပါးသီလကို မြဲစွာ ဆောက်တည်၏။ တွန့်တိုစိတ် မရှိဘဲ ပေးလှူလေ့ရှိ၏။ ထိုသူသည် မည်သည့်အရပ်၌ နေသည်ဖြစ်စေ ထိုသူ၏ ဂုဏ်ကျေးဇူးကို အရပ်ဆယ်မျက်နှာ၌ နေကြသည့် ရဟန်း ပုဏ္ဏား လူနတ်တို့က ပြောကြားကြကုန်၏။ လေအောက်လေညာ စုန်ဆန်ကာ တကြိုင်ကြိုင် လှိုင်သော ထိုနံ့သာမျိုးကား ထိုသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် သူတော်ကောင်းပေတည်း"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၄။ "စန္ဒကူးနံ့, တောင်ဇလပ်နံ့, စပယ်ကြက်ရိုးနံ့စသော ပန်းတို့၏အနံ့သည် လေညာသို့ မသွားရောက်နိုင်။ သူတော်ကောင်းတို့၏ သီလဂုဏ်တည်းဟူသော သတင်းအနံ့သည်ကား လေညာသို့ သွားရောက်နိုင်၏။ သူတော်ကောင်းသည် (မိမိ၏ သီလဂုဏ် အနံ့ဖြင့်) အရပ်ဆယ်မျက်နှာလုံးသို့ သတင်းကြိုင်ကြိုင် လွှမ်း၍ လှိုင်ပေ၏။

၅၅။ "စန္ဒကူးနံ့, တောင်ဇလပ်ပန်းနံ့, ကြာညိုပန်းနံ့, မြလေးပန်းနံ့တည်းဟူသော ဤနံ့သာမျိုးတို့၏ အနံ့များထက် သူတော်ကောင်းတို့၏ သီလတည်းဟူသော အနံ့သည် အတုမရှိ လွန်ကဲထူးမြတ်လှ၏။"

## ၄၂။ မဟာကဿပ မထေရ်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်မဟာကဿပသည် ခုနစ်ရက်တိုင် နိရောဓသမာပတ် ဝင်စားရာမှ ထ၍ "ဆင်းရဲလှသူတို့အား ချီးမြှောက်အံ့"ဟု ကြံလျက် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လေ၏။ ထိုခဏ၌ သိကြားမင်းသည် ဆံဖြူသွားကျိုး, အိုမင်းရင့်ရော် ရက်ကန်းသည် လူအိုကြီးယောင် ဆောင်၍ သုဇာတာ မိဖုရားကိုလည်း အမယ်အိုကြီးယောင် ဖန်ဆင်းစေပြီး ရက်ကန်းသည် လမ်းခရီးတခုကို ဖန်ဆင်း၍ 'မိမိသည် ရက္ကန်းချည်ကို ဖြန့်လျက်နေပြီး သုဇာတာကမူ ရက်ဖောက်ရောက်နေ၏'။ ဆွမ်းခံလှည့်သော ရှင်မဟာကဿပသည် ထိုအဘိုးအို, အမယ်အိုတို့ကို မြင်လျှင် "ဤသူတို့သည် မစွမ်းမသန် အိုမင်းသည့် အရွယ်၌ပင် အသက်မွေးမှုကိစ္စ လုပ်ကိုင်နေရသေး၏။ ဤသူတို့ထက် ဆင်းရဲပင်ပန်းသူ ရှိမည်မှုထင်"ဟု ကြံပြီး ထိုအိမ်သို့ သွား၍ ဆွမ်းရပ်၏။

သူအိုသိကြားမင်းသည် အမယ်အိုအား ဆွမ်းနှင့်ပတ်သက်၍ ပြောပြော ဆိုဆိုလုပ်ပြီး ထွက်လာကာ မျက်စိမှိတ်လေဟန် ပြုပြီးမှ သပိတ်တော်ကို ယူ၏။ သူသည် အိမ်ထဲဝင်သွား၍ အိုးမှ ဆွမ်းကို ခူးပြီး သပိတ်ထဲ အပြည့်ထည့်ကာ မထေရ်၏ လက်၌ ထား၏။ ထိုဆွမ်းသည် အမဲဟင်းလျာ များစွာတို့ဖြင့် ပြည့်စုံ၍ တမြို့လုံး ပျံ့နှံ့မွှေးကြိုင်၏။ ထိုအခါ မထေရ်သည် "ဤဘောဇဉ်ကား သိကြားမင်း၏ ဘောဇဉ်နှင့် တူ၏။ ဤသူကား အဘယ်သူနည်း"ဟု ဆင်ခြင်၍ 'သိကြားမင်း'ဟု သိလျှင် "သင် သိကြားမင်းသည် သူဆင်းရဲတို့အား ရထိုက်သည့် စည်းစိမ်ချမ်းသာကို လုယက်ဘိ၏။ ယနေ့ ငါ့အား ပေးလှူ၍ ဆင်းရဲသားတဦးသည် အလွန်ကြီးပွား ချမ်းသာသွားပေရာ၏"ဟု မိန့်ဆို၏။

ထိုအခါ သိကြားမင်းက "တပည့်တော်ထက် ပိုပြီး ဆင်းရဲသူ မရှိပါ။ တပည့်တော်သည် သိကြားမင်းဖြစ်သည်ကား မှန်သော်လည်း သာသနာပ၌ ကောင်းမှုကို ပြုခဲ့ရပါသဖြင့် ဘုရားရှင်လက်ထက်၌ ကောင်းမှုပြုခဲ့သည့် နတ်သားတို့သည် တပည့်တော်ထက် လွန်စွာ တန်ခိုးအာနုဘော် ကြီးကြပါ သည်။ ထိုနတ်သားတို့ အခြေအရံများနှင့် နတ်သဘင်သို့ ထွက်လာလျှင် တပည့်တော်သည် သူတို့၏ ကိုယ်ရောင်ကိုယ်ဝါကို မခံနိုင်သဖြင့် ထွက်ပြေး၍ နေဗိမာန်ထဲသို့ ဝင်နေရပါသည်။ သို့ဖြစ်၍ တပည့်တော်ထက် ပိုပြီးဆင်းရဲသူ အဘယ်မှာ ရှိပါအံ့နည်း"ဟု လျှောက်ဆိုပြီး သုဇာတာ မိဖုရားကိုခေါ်လျက် မထေရ်ကို လက်ျာရစ်လှည့်ပြီး ကောင်းကင်သို့ ပျံတက်၍ "အဟော ဒါန် ပရမဒါန်၊ ကဿပေသု ပတိဋ္ဌိတံ"ဟု ဥဒါန်းကျူးရင့်ကာ သွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကျောင်း၌ နေတော်မူလျက်ပင် ထို သိကြားမင်း၏ ဥဒါန်းကျူးရင့်သံကို ကြားရ၍ ရဟန်းတို့ကို ခေါ်ပြီး "ရဟန်းတို့၊ ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်လျက် ကောင်းကင်ဖြင့် ပျံတက် သွားသော သိကြားမင်းကို ကြည့်ကြကုန်လော့။ သိကြားမင်းသည် ငါ့သား ကဿပအား လှည့်စား၍ ဆွမ်းကို လှူလိုက်ရသဖြင့် နှစ်သက်ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်လျက် သွား၏" ဟု မိန့်တော်မူ၏။ ရဟန်းတို့က "မထေရ် အား ဆွမ်းကို လှူခြင်းငှာ သင့်၏ဟု သိကြားမင်းက အဘယ်သို့ သိပါလေ သနည်း"ဟု မေးလျှောက်ကြသော် မြတ်စွာဘုရားက "ငါ့သား ကဿပ ကဲ့သို့ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်၍ ဆွမ်းခံသွားလေ့ရှိသော ရဟန်းကို လူနတ်တို့ ချစ်ခင်မြတ်နိုးကုန်၏။ သိကြားမင်းသည် ငါ့သား ကဿပ၏ သီလတည်းဟူသော အနံ့ကြောင့် လာ၍ဆွမ်းကို လှူဒါန်းရလေသတည်း" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၆။ "တောင်ဇလပ်၊ စန္ဒကူးပန်းတို့၏ အနံ့သည် (မပြောပလောက်) အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသော သူတို့၏ သီလတည်းဟူသော အနံ့သည်ကား ထူးကဲလွန်မြတ်သဖြင့် နတ်ပြည်တိုင်အောင် ကြိုင်လှိုင်ပေ၏။"

## ၄၃။ ဂေါဓိက မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

'ဂေါဓိက' မထေရ်သည် 'ဣသိဂိလိ'တောင်နံဘေးရှိ ကျောက်ဖျာပေါ်၌ သီတင်းသုံးလျက် ပြင်းထန်စွာ တရားအားထုတ်ရာ ဈာန်တရားကို ရနေချိန်တွင် အနာရောဂါ တခုကြောင့် ထိုဈာန်မှ ဆုတ်ယုတ်၏။ သူသည် နှစ်ကြိမ် သုံးကြိမ်စသည် ခြောက်ကြိမ်တိုင် ဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှ ဆုတ်ယုတ်၏။ ခုနစ်ကြိမ် မြောက်၌ကား ဈာန်ကို ဖြစ်စေပြီးသော် "ငါကား ခြောက်ကြိမ်တိုင် ဈာန်မှ ဆုတ်ယုတ်ခဲ့၏။ ဈာန်ဆုတ်ယုတ်သူအား လားရာဂတိသည် အမြဲမရှိနိုင်။ ယခုပင် ကိုယ့်ကိုယ်ကို သတ်သေအံ့" ဟု သင်ဓုန်းဓားကိုယူ၍ လည်မျိုကိုဖြတ်ရန် ညောင်စောင်းပေါ်၌ လျောင်း၏။ မာရ်နတ်သည် မထေရ်၏ အကြံကိုသိ၍ "အသက်ကို ငဲ့ကွက်တွယ်တာ ညှာတာခြင်း မရှိသော သူတို့သည် ဝိပဿနာကို ပွားသော် ရဟန္တာ အဖြစ်သို့ ရောက်တတ်ကုန်၏။ သူ ရဟန္တာ မဖြစ်အောင် ဘုရားရှင်ကို တားမြစ်စေအံ့"ဟု ကြံ၍ မထင်ရှားသော အသွင်ဖြင့် ဘုရားရှင်ထံသွားပြီး ထိုရဟန်းအား တားမြစ်ရန် လျှောက်၏။ လျှောက်နေစဉ်ပင် ဂေါဓိကမထေရ်သည် ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီးလေသတည်း။

ထိုအခါ မြတ်စွာဘုရားက "ပညာရှိတို့မည်သည် အသက်ကို အလိုမရှိ၊ မတောင့်တကြကုန်။ ဂေါဓိကမထေရ်သည် တဏှာကို အကြွင်းမဲ့ စွန့်ပယ်ပြီး ပရိနိဗ္ဗာန် ပြုလေပြီ"ဟု မိန့်တော်မူပြီး ရဟန်းများနှင့်တကွ ဂေါဓိကမထေရ်၏ ညောင်စောင်းသို့ ကြွတော်မူ၏။ မာရ်နတ်သည် "ဤမထေရ်၏ ဝိညာဉ်ကား အဘယ်ဘုံ၌ ပဋိသန္ဓေ တည်သနည်း" ဟုကြံ၍ မီးခိုးစု၊ အမိုက်မှောင်စုအသွင်ဖြင့် အရပ် ဆယ်မျက်နှာလုံး၌ လှည့်လည် ပြေးသွား ရှာဖွေ၍ မထေရ်၏ ဝိညာဉ်တည်ရာ အရပ်ကို မမြင်သောကြောင့် လုလင်အသွင်ဖြင့် ဘုရားရှင်ထံလာ၍ "ဂေါဓိကမထေရ်သည် အဘယ်ဘုံသို့ သွားပါသနည်း"

ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "မာရ်နတ်ယုတ်၊ ဂေါဓိကမထေရ်၏ ဖြစ်ရာ အရပ်ကို သင်သိသဖြင့် သင့်မှာ အဘယ်အကျိုး ရှိအံ့နည်း။ ထိုမထေရ်၏ ပရိနိဗ္ဗာန် စံယူရာ အရပ်ကို သင်လိုပုဂ္ဂိုလ်များ တရာတထောင်ပင် ရှာဖွေ တွေ့မြင်ရန် မတတ်နိုင်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၇။ "သီလနှင့် ပြည့်စုံ၍ မမေ့မလျော့ နေလေ့ရှိကုန်သော၊ မဂ်ဖိုလ်ဉာဏ်ဖြင့် ကောင်းစွာသိ၍ ကိလေသာ သံသရာမှ လွတ်မြောက်ကုန်သော ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ သွားရာလမ်းခရီးကို မာရ်နတ်သည် (အစွမ်းကုန် ရှာဖွေသော်လည်း) မတွေ့မမြင်နိုင်ပေ။"

## ၄၄။ ဂရဟဒိန္န သူကြွယ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရားကို ကိုးကွယ်သော 'သိရိဂုတ္တ' သူကြွယ်နှင့် နိဂဏ္ဌ တက္ကတွန်းတို့ကို ကိုးကွယ်သော 'ဂရဟဒိန္န' သူကြွယ်တို့သည် မိတ်ဆွေဖြစ်ကြ၏။ နိဂဏ္ဌ တက္ကတွန်းတို့က ပြောခိုင်းသဖြင့် ဂရဟဒိန္န သူကြွယ်သည် သိရိဂုတ္တအား "သင်သည် ရဟန်းဂေါတမကို ကိုးကွယ်သဖြင့် အဘယ်ဝတ္ထုကို ရမည်နည်း။ ငါ၏ အရှင်မြတ်တို့ကို မှီဝဲဆည်းကပ်၍ အလှူပေးပါလော့"ဟု တွေ့တိုင်း ပြောဆို၏။ ထိုအခါ တနေ့သ၌ သိရိဂုတ္တက ဂရဟဒိန္နအား "သင်၏ အရှင်တို့သည် အဘယ်ကို သိကြသနည်း။ ငါ့အား ပြောဦးလော့"ဟု ဆိုသော် ဂရဟဒိန္နက "ငါ၏ အရှင်မြတ်တို့တား မသိသော အရာမည်သည် မရှိ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကိုငင်း၊ လူတို့၏ စိတ်အကြံအစည်တို့ကိုငင်း သိကြ၏" ဟုဆို၏။ ထိုအခါ သိရိဂုတ္တက "ဒါဖြစ်လျှင် ငါ့စကားဖြင့် သင့်အရှင်မြတ်တို့ကို နက်ဖြန် ငါ့အိမ်မှာ ဆွမ်းစားရန် ပင့်ဖိတ်ပါလော့"ဟု ဆို၏။ ဂရဟဒိန္နလည်း ဝမ်းသာလှစွာဖြင့် ထိုတက္ကတွန်းတို့ကို သွားပင့်၏။

သိရိဂုတ္တသည် ထိုတက္ကတွန်းတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကို သိမသိ စမ်းသပ်ရန် ဤသို့ စီမံလေ၏။ "သူသည် မိမိ၏ အိမ်နှစ်ဆောင် အကြား၌ မြောင်းရှည်ကြီးကို နက်စွာ တူးစေ၍ မစင်၊ ရွှံ့ပုပ်တို့ဖြင့် ပြည့်စေ၏။

နောက် မြောင်း၏ ရှေ့နခမ်းပေါ်၌ ညောင်စောင်းတို့၏ ရှေ့ခြေတို့ကို တင်ထားစေပြီး နောက်ခြေတို့ကိုမူ ကြွေးငယ်များပေါ်၌ မှေးကာ တင်ထားစေ၏။ ထိုညောင်စောင်းများပေါ်၌ အခင်းများဖြင့် ဖုံးလွှမ်း ခင်းထားစေ၏။ အထဲ၌ ဘာမျှမရှိသော အိုးကြီး အိုးငယ်တို့ကို ငှက်ပျောရွက်များ၊ အဝတ်များဖြင့် ဖုံးပိတ်ထားစေပြီး အိမ်နောက်ဖေး၌ ယာဂု၊ ထမင်းလုံး၊ ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ မုံ့မှုန့်တို့ဖြင့် ဇလိမ်းလိမ်း ကပ်နေသည်တို့ကို ပြုထားစေ၏။"

ဂရဟဒိန္နသည် နံနက်စောစောသွား၍ ထိုတက္ကတွန်းတို့ကို ပင့်လာ၏။ အိမ်သို့ ရောက်သာသော် သိရိဂုတ္တသည် ခရီးဦးကြိုပြုပြီး "အရှင်တို့သည် ဤအရပ်သို့ တပါးစီ တန်း၍ ဝင်လာကြပြီး မိမိတို့ ထိုင်ရမည့် နေရာရှေ့တွင် ခေတ္တမျှရပ်၍ တပြိုင်နက် ထိုင်တော်မူကြပါ"ဟု လျှောက်၏။ ထိုတက္ကတွန်းတို့သည် ထိုအတိုင်းပြုကြသော် ကြွေးများပေါ် တင်ထားသည့် ညောင်စောင်းခြေတို့သည် လျှောကျကုန်သဖြင့် ဦးခေါင်းစောက်ထိုး မြောင်းကြီးထဲသို့ လိမ့်ကျကုန်၏။ ထိုအခါ သိရိဂုတ္တသည် တံခါးကိုပိတ်၍ တက်လာတိုင်းသော တက္ကတွန်းတို့အား " အတိတ် အနာဂတ် ပစ္စုပ္ပန်တို့ကို အဘယ့်ကြောင့် မသိကြသနည်း"ဟု မေးမေးပြီး တုတ်တို့ဖြင့် ရိုက်နှက်စေပြီးမှ တံခါးကို ဖွင့်ပေးစေ၏။ တက္ကတွန်းတို့လည်း ကြောက်လန့်စွာဖြင့် ထွက်ပြေးကုန်၏။

ဂရဟဒိန္နလည်း အလွန် အမျက်ထွက်သဖြင့် ဆဲ့ငါး ရက်မျှ သိရိဂုတ္တကို မခေါ်မပြောဘဲနေပြီး နောက်မှ ပြန်ဂလဲ့စားချေလိုသဖြင့် ခေါ်ခေါ်ပြောပြောလုပ်၏။ ထိုအခါတနေ့သ၌ သိရိဂုတ္တက "သင်သည် နိဂဏ္ဌတို့ကို ဆည်းကပ်သဖြင့် အဘယ်ဝတ္ထုကို ရအံ့နည်း။ ငါတို့ဆရာ ဘုရားရှင်ကို ဆည်းကပ်သင့်၏။ ဘုရားရှင်ကား မသိသော အရာမည်သည်မရှိ။ အားလုံးကို သိသည်သာတည်း။ ကာလ သုံးပါးကို သိ၏။ သတ္တဝါတို့၏ စိတ်အကြံကို ကောင်းစွာသိ၏"ဟုဆို၏။ ဂရဟဒိန္နက "ဒါဖြင့်လျှင် ငါ့စကားဖြင့် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ငါ့အိမ်သို့ ရဟန်းများနှင့်တကွ သင့်ဆရာ ဘုရားရှင်ကို သွားပင့်ပါလော့"ဟုဆို၏။ သိရိဂုတ္တသည် ဘုရားရှင်ထံ သွားပင့်ဖိတ်သော် "တပည့်တော်သည် ဂရဟဒိန္န၏ဆရာ တက္ကတွန်း တို့အား ဤသို့ပြုခဲ့ဘူးပါ၏။ ယခု ဂရဟဒိန္နက ဤသို့ ပင့်ဖိတ်သည်မှာ သဒ္ဓါတရား ရှိ၍လော၊ ဂလဲ့စား ချေလို၍လော မသိပါ။ ဆင်ခြင်၍ ဆွမ်းကို လက်ခံတော်မူပါဘုရား"ဟု အကြောင်းစုံကို လျှောက်ထား၏။

ဘုရားရှင်သည် ဆင်ခြင်လေသော် "ထိုအိမ်သို့ ကြွတော်မူလျှင် အံ့ဩဘွယ် များဖြစ်ပြီး သူကြွယ်နှစ်ဦးလုံး သောတာပန် ဖြစ်လတံ့"သည်ကိုမြင်၍ လက်ခံတော်မူ၏။ သီရိဂုတ္တလည်း ပြန်လာ၍ ဂရဟဒိန္နအား ပင့်ဖိတ်ပြီးကြောင်း ပြန်ပြောပြ၏။ ဂရဟဒိန္နလည်း အိမ်ရှေ့၌ တညလုံး မီးကျီးတွင်းကို ပြု၍ တွင်းပေါ်၌ နင်းလိုက်လျှင် ကျိုးသွားမည့် အားနည်းသော ပျဉ်ချပ်များဖြင့် ခင်းထားလျက် အပေါ်က ဖျာအခင်းတို့ဖြင့် ဖုံးအုပ်ထားစေ၏။ နောက်ဖေး၌လည်း သီရိဂုတ္တပြုသကဲ့သို့ အိုးကြီး အိုးငယ်တို့ကို ယာဂု၊ ဆွမ်း စသည်တို့ဖြင့် ပြည့်နေလေဟန် ပြုထား၏။ မြတ်စွာဘုရားသည် ရဟန်း ငါးရာ ခြံရံလျက် နောက်တနေ့နံနက် ကြွလာ၏။ ဂရဟဒိန္နသည် ခရီးဦးကြိုပြုလျက် "ဘုရားရှင်သည် ဤအရပ်သို့ ကြွ၍ ခင်းထားသည့် နေရာ၌ ထိုင်တော်မူပါ။ နောက်ပါရဟန်းတို့သည် တပါးချင်းကြွ၍ နေရာအသီးသီး၌ ထိုင်ကြပါလိမ့်မည်"ဟု လျှောက်ပြီး ဘုရားရှင်ကို ရှေ့က ကြွစေ၏။

မြတ်စွာဘုရားသည် တပါးတည်းကြွ၍ မီးကျီးတွင်းပေါ်သို့ ခြေကိုဆန့်လှမ်းသော် ဖုံးထားသည့်ဖျာသည် ကွယ်ပျောက်ပြီး လှည်းဘီးမျှသာရှိသော ပဒုမာ ကြာပွင့်ကြီးများ မီးကျီးတွင်းမှ ဖောက်ထွက်လာကုန်၏။ ဘုရားရှင်လည်း ပဒုမာ ကြာပွင့်၌ နင်းလျက် ကြွပြီး ခင်းထားသည့် နေရာ၌ ထိုင်တော်မူ၏။ နောက်ပါ ရဟန်းတို့လည်း ထို့အတူ သွား၍ ထိုင်နေကုန်၏။ ထိုအခါ ဂရဟဒိန္နသည် တကိုယ်လုံး ပူထူသွားပြီး ဗျာပါ များစွာဖြင့် သီရိဂုတ္တထံ သွား၍"အဆွေ၊ ငါ့ကို ကယ်ပါဦး။ ငါသည် သင့်ကို ဂလဲ့စား ချေလို၍ ဘုရားရှင်အား နှိပ်စက်ရန် မီးကျီးတွင်းကို လုပ်ပြီး ထောင်ခဲ့သည်။ ယခု မီးကျီးတွင်းမှ ပဒုမာကြာပွင့်ကြီးများ ပေါက်လာပြီး ဘုရားရှင်နှင့်တကွ ရဟန်းတော်တို့ ကြာပွင့်ကြီးများပေါ် နင်း၍ ကြွပြီး ထိုင်နေကြ၏။ အိမ်နောက်ဖေး၌ ချထားသည့် အိုးကြီး အိုးငယ်တို့မှာလည်း ယာဂု၊ ဆွမ်းစသည် လုံးဝ မရှိ"ဟု ဆို၏။ သီရိဂုတ္တက"ဘာမျှ မရှိစေကာမူ ထိုအိုးများကို သွား၍ သာ ကြည့်ပါဦး"ဟုသာ အတန်တန် ပြောလေ၏။

ဂရဟဒိန္နသည် သွား၍ ကြည့်ရာ ထိုအိုးတို့မှာ ယာဂု၊ ဆွမ်း၊ ဟင်း စသည်တို့ဖြင့် အသီးသီးပြည့်လျက် ရှိနေသည်ကို မြင်လျှင် အလွန်ပင် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပြည့်လျှမ်းပြီးစိတ်သည် အထူးကြည်လင်သွားပေ၏။ သူသည် ဘုရားရှင်နှင့် တကွ ရဟန်းအပေါင်းအား ရိုသေစွာ လုပ်ကျွေး၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး အနုမောဒနာ ပြုသည်ရှိသော် "ဤသတ္တဝါတို့သည် မျက်စိမရှိခြင်းကြောင့် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး၏

ဂုဏ်ကျေးဇူးတော်ကို မသိနိုင်ကြကုန်။ ပညာမျက်စိ ကင်းသူတို့သည် သူကန်းတို့ မည်ကုန်၏။ ပညာရှိသူတို့ကား မျက်စိရှိသူများ မည်ကုန်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၈။ "သင်းပုံ့ မွှေးကြိုင်၍ နှစ်သက်စဘွယ် လှပတင့်တယ်သော ပဒုမာကြာပန်းသည် လမ်းမပေါ်၌ စွန့်ပစ်ထားသည့် အမှိုက်စုပုံရာ အရပ်၌ ပေါက်ရောက်သကဲ့သို့-

၅၉။ "ထို့အတူ ဗုဒ္ဓ၏ တပည့်သာဝကသည် အမှိုက်ပုံနှင့်တူကြသည့် ပညာမျက်စိကင်း၍ အကန်းသဘွယ် ဖြစ်ကုန်သော ပုထုဇဉ် လူမိုက်တို့အလယ်၌ ပညာဖြင့် ထွန်းလင်းတောက်ပ တင့်တယ်လှပေ၏။"

ဤတရားကို ကြားနာပြီးသော် ဂရဟာဒိန္နနှင့် သီရိဂုတ္တာသူကြွယ် နှစ်ဦးတို့ သောတာပန်ဖြစ်ကြပြီး မိမိ၏ ဥစ္စာအားလုံးကို သာသနာတော်၌ စွန့်ကြဲ လှူဒါန်းကြလေ၏။

# [၅] ဗာလဝဂ်

## ၄၅။ ယောကျ်ား တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသလမင်းကြီးသည် ပွဲသဘင်နေ့တနေ့၌ ဆင်ဖြူတော် စီးလျက် ကြီးစွာသော မင်း၏အာနုဘော်ဖြင့် မြို့ကိုလှည့်လည်စဉ် အိမ်တအိမ်ပေါ်၌ မိမိအား ကြည့်နေသည့် မိန်းမတဦးကို တပ်မက်စွဲလမ်းမိ၏။ မြို့တော်လှည့်ပြီး နန်းတော်ပြန်ရောက်လျှင် မင်းကြီးသည် အမတ်တဦးကို သွားစုံစမ်းခိုင်းပြီး "လင်ရှိကြောင်း"သိလျှင် ထိုလင်ကို ခေါ်စေ၏။ ထိုလင်ယောကျ်ားလည်း "မယားကို မှီ၍ ဤဘေးဖြစ်ပေါ်၏"ဟု ကြံ၍ လိုက်လာ၏။ မင်းကြီးက လက်နက်များပေးပြီး အမှုထမ်းခိုင်းရာ ထိုယောကျ်ားသည် ဘေးကို မြင်၍ မမေ့မလျော့ အမှုထမ်း၏။ ထိုအခါ မင်းကြီးသည် ကာမမီးဖြင့် ပြင်းစွာ လောင်နေသည် ဖြစ်ရကား "အပြစ်ရှာပြီး သတ်အံ့"ဟု ကြံ၍ ထိုယောကျ်ား အား "သင်သည် ဤမှ တယူဇနာဝေးသည့် ဤမည်သောအရပ်သို့ သွားပြီး ကုမုဒြာကြာပန်းများနှင့် အရုဏဝတီခေါ် နီမြန်းသည့် မြေညက်တို့ကို ညနေ ငါ ရေချိုးချိန်အမှီ အရောက်ယူလာခဲ့ရမည်။ မရောက်လျှင် သတ်အံ့"ဟု စေခိုင်း၏။

ထိုယောကျ်ားသည် "ငါ သွားရတော့အံ့။ ထိုအရာဝတ္ထုတို့ကား နဂါးပြည်၌သာ ရှိ၏။ အဘယ်မှာ ငါ ရနိုင်ပါအံ့နည်း"ဟု ကြံလျက် အိမ်သို့သွားပြီး ထမင်းကို ယူ၍ တယူဇနာခရီးကို အပြင်းနှင်၏။ ရောက်လျှင် သူသည် ထမင်းဦးကိုချန်၍ ထမင်းစားနေစဉ် ရောက်လာသည့် ခရီးသွားတဦးအား ထိုထမင်းဦးကိုပေး၍ စားစေ၏။ စားပြီးသော် သူသည် ထမင်းတဆုပ်ကို ရေထဲစွန့်ကြဲပြီး အသံကျယ်စွာဖြင့် "ဤမြစ်၌ စောင့်ရှောက် အုပ်စိုးကြသည့် နတ် နဂါးတို့၊

မြတ်စွာဘုရားက "အာနန္ဒာ၊ အကြင်သူသည် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်၏။ ငါးပါးသီလကို မြဲစွာ ဆောက်တည်၏။ တွန့်တိုစိတ် မရှိဘဲ ပေးလှူလေ့ရှိ၏။ ထိုသူသည် မည်သည့်အရပ်၌ နေသည်ဖြစ်စေ ထိုသူ၏ ဂုဏ်ကျေးဇူးကို အရပ်ဆယ်မျက်နှာ၌ နေကြသည့် ရဟန်း ပုဏ္ဏား လူနတ်တို့က ပြောကြားကြကုန်၏။ လေအောက်လေညာ စုန်ဆန်ကာ တကြိုင်ကြိုင် လှိုင်သော ထိုနံ့သာမျိုးကား ထိုသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် သူတော်ကောင်းပေတည်း"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟော တော်မူ၏။

၅၄။ "စန္ဒကူးနံ့၊ တောင်ဇလပ်နံ့၊ စပယ်ကြက်ရိုးနံ့စသော ပန်းတို့၏အနံ့ သည် လေညာသို့ မသွားရောက်နိုင်။ သူတော်ကောင်းတို့၏ သီလဂုဏ် တည်းဟူသော သတင်းအနံ့သည်ကား လေညာသို့ သွားရောက်နိုင်၏။ သူတော်ကောင်းသည် (မိမိ၏ သီလဂုဏ် အနံ့ဖြင့်) အရပ်ဆယ်မျက်နှာ လုံးသို့ သတင်းကြိုင်ကြိုင် လွှမ်း၍ လှိုင်ပေ၏။

၅၅။ "စန္ဒကူးနံ့၊ တောင်ဇလပ်ပန်းနံ့၊ ကြာညိုပန်းနံ့၊ မြလေးပန်းနံ့တည်း ဟူသော ဤနံ့သာမျိုးတို့၏ အနံ့များထက် သူတော်ကောင်းတို့၏ သီလတည်းဟူသော အနံ့သည် အတုမရှိ လွန်ကဲထူးမြတ်လှ၏။"

## ၄၂။ မဟာကဿပ မထေရ်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်မဟာကဿပသည် ခုနစ်ရက်တိုင် နိရောဓသမာပတ် ဝင် စားရာမှ ထ၍ "ဆင်းရဲလှသူတို့အား ချီးမြှောက်အံ့"ဟု ကြံလျက် ရာဇဂြိုဟ် ပြည်၌ ဆွမ်းခံလှည့်လေ၏။ ထိုခဏ၌ သိကြားမင်းသည် ဆံဖြူသွားကျိုး၊ အိုမင်းရင့်ရော် ရက္ကန်းသည် လူအိုကြီးယောင် ဆောင်၍ သုဇာတာ မိဖုရား ကိုလည်း အမယ်အိုကြီးယောင် ဖန်ဆင်းစေပြီး ရက္ကန်းသည် လမ်းခရီးတခုကို ဖန်ဆင်း၍ 'မိမိသည် ရက္ကန်းချည်ကို ဖြန့်လျက်နေပြီး သုဇာတာကမူ ရက် ဖောက်ရောက်နေ၏'။ ဆွမ်းခံလှည့်သော ရှင်မဟာကဿပသည် ထိုအဘိုးအို၊ အမယ်အိုတို့ကို မြင်လျှင် "ဤသူတို့သည် မစွမ်းမသန် အိုမင်းသည့် အရွယ်၌ ပင် အသက်မွေးမှုကိစ္စ လုပ်ကိုင်နေရသေး၏။ ဤသူတို့ထက် ဆင်းရဲပင်ပန်း သူ ရှိမည်မထင်"ဟု ကြံပြီး ထိုအိမ်သို့ သွား၍ ဆွမ်းရပ်၏။

14

သူအိုသိကြားမင်းသည် အမယ်အိုအား ဆွမ်းနှင့်ပတ်သက်၍ ပြောပြော ဆိုဆိုလုပ်ပြီး ထွက်လာကာ မျက်စိမှဲ့လေဟန် ပြုပြီးမှ သပိတ်တော်ကို ယူ၏။ သူသည် အိမ်ထဲဝင်သွား၍ အိုးမှ ဆွမ်းကို ခူးပြီး သပိတ်ထဲ အပြည့်ထည့်ကာ မထေရ်၏လက်၌ ထား၏။ ထိုဆွမ်းသည် အမဲဟင်းလျာ များစွာတို့ဖြင့် ပြည့် စုံ၍ တမြို့လုံး ပျံ့နှံ့မွှေးကြိုင်၏။ ထိုအခါ မထေရ်သည် "ဤဘောဇဉ်ကား သိကြားမင်း၏ ဘောဇဉ်နှင့် တူ၏။ ဤသူကား အဘယ်သူနည်း"ဟု ဆင် ခြင်၍ 'သိကြားမင်း'ဟု သိလျှင် "သင် သိကြားမင်းသည် သူဆင်းရဲတို့အား ရထိုက်သည့် စည်းစိမ်ချမ်းသာကို လုယက်ဘိ၏။ ယနေ့ ငါ့အား ပေးလှူ၍ ဆင်းရဲသားတဦးသည် အလွန်ကြီးပွား ချမ်းသာသွားပေရာ၏"ဟု မိန့်ဆို၏။

ထိုအခါ သိကြားမင်းက "တပည့်တော်ထက် ပိုပြီး ဆင်းရဲသူ မရှိပါ။ တပည့်တော်သည် သိကြားမင်းဖြစ်သည်ကား မှန်သော်လည်း သာသနာပ၌ ကောင်းမှုကို ပြုခဲ့ရပါသဖြင့် ဘုရားရှင်လက်ထက်၌ ကောင်းမှုပြုခဲ့သည့် နတ်သားတို့သည် တပည့်တော်ထက် လွန်စွာ တန်ခိုးအာနုဘော် ကြီးကြပါ သည်။ ထိုနတ်သားတို့ အခြွေအရံများနှင့် နတ်သဘင်သို့ ထွက်လာလျှင် တပည့်တော်သည် သူတို့၏ ကိုယ်ရောင်ကိုယ်ဝါကို မခံနိုင်သဖြင့် ထွက်ပြေး၍ နေဗိမာန်ထဲသို့ ဝင်နေရပါသည်။ သို့ဖြစ်၍ တပည့်တော်ထက် ပိုပြီးဆင်းရဲသူ အဘယ်မှာ ရှိပါအံ့နည်း"ဟု လျှောက်ဆိုပြီး သုဇာတာ မိဖုရားကိုခေါ်လျက် မထေရ်ကို လက်ျာရစ်လှည့်ပြီး ကောင်းကင်သို့ ပျံတက်၍ "အဟော ဒါနံ ပရမဒါနံ၊ ကဿပေသု ပတိဋ္ဌိတံ"ဟု ဥဒါန်းကျူးရင့်ကာ သွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကျောင်း၌ နေတော်မူလျက်ပင် ထို သိကြားမင်း၏ ဥဒါန်းကျူးရင့်သံကို ကြား၍ ရဟန်းတို့ကို ခေါ်ပြီး "ရဟန်းတို့၊ ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်လျက် ကောင်းကင်ဖြင့် ပျံတက် သွားသော သိကြားမင်းကို ကြည့်ကြကုန်လော့။ သိကြားမင်းသည် ငါ့သား ကဿပအား လှည့်စား၍ ဆွမ်းကို လှူလိုက်ရသဖြင့် နှစ်သက်ဝမ်းမြောက်စွာ ဥဒါန်း ကျူးရင့်လျက် သွား၏" ဟု မိန့်တော်မူ၏။ ရဟန်းတို့က "မထေရ် အား ဆွမ်းကို လှူခြင်းငှာ သင့်၏ဟု သိကြားမင်းက အဘယ်သို့ သိပါလေ သနည်း"ဟု မေးလျှောက်ကြသော် မြတ်စွာဘုရားက "ငါ့သား ကဿပ ကဲ့သို့ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်၍ ဆွမ်းခံသွားလေ့ရှိသော ရဟန်းကို လူနတ်တို့ ချစ်ခင်မြတ်နိုးကုန်၏။ သိကြားမင်းသည် ငါ့သား ကဿပ၏ သီလတည်းဟူသော အနံ့ကြောင့် လာ၍ဆွမ်းကို လှူဒါန်းရလေသတည်း" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၆။ "တောင်ဇလပ်, စန္ဒကူးပန်း၊ တို့၏ အနံ့သည် (မပြောပလောက်) အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသော သူတို့၏ သီလတည်းဟူသော အနံ့သည်ကား ထူးကဲလွန်မြတ်သဖြင့် နတ်ပြည်တို့၌ပင် ကြိုင်လှိုင်ပေ၏။"

## ၄၃။ ဂေါဓိက မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

'ဂေါဓိက' မထေရ်သည် 'ဣသိဂိလိ'တောင်နံဘေးရှိ ကျောက်ဖျာပေါ်၌ သိတင်းသုံးလျက် ပြင်းထန်စွာ တရားအားထုတ်ရာ ဈာန်တရားကို ရနေချိန်တွင် အနာရောဂါ တခုကြောင့် ထိုဈာန်မှ ဆုတ်ယုတ်၏။ သူသည် နှစ်ကြိမ် သုံးကြိမ်စသည် ခြောက်ကြိမ်တိုင် ဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှ ဆုတ်ယုတ်၏။ ခုနစ်ကြိမ် မြောက်၌ကား ဈာန်ကို ဖြစ်စေပြီးသော် "ငါကား ခြောက်ကြိမ်တိုင် ဈာန်မှ ဆုတ်ယုတ်ခဲ့၏။ ဈာန်ဆုတ်ယုတ်သူအား လားရာဂတိသည် အမြဲမရှိနိုင်။ ယခုပင် ကိုယ့်ကိုယ်ကို သတ်သေအံ့" ဟု သင်ဓုန်းဓားကိုယူ၍ လည်မျိုကိုဖြတ်ရန် ညောင်စောင်းပေါ်၌ လျောင်း၏။ မာရ်နတ်သည် မထေရ်၏ အကြံကိုသိ၍ "အသက်ကို ငဲ့ကွက်တွယ်တာ ညှာတာခြင်း မရှိသော သူတို့သည် ဝိပဿနာကို ပွားသော် ရဟန္တာအဖြစ်သို့ ရောက်တတ်ကုန်၏။ သူ ရဟန္တာ မဖြစ်အောင် ဘုရားရှင်ကို တားမြစ်စေအံ့"ဟု ကြံ၍ မထင်ရှားသော အသွင်ဖြင့် ဘုရားရှင်ထံသွားပြီး ထိုရဟန်းအား တားမြစ်ရန် လျှောက်၏။ လျှောက်နေစဉ်ပင် ဂေါဓိကမထေရ်သည် ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီးလေသတည်း။

ထိုအခါ မြတ်စွာဘုရားက "ပညာရှိတို့မည်သည် အသက်ကို အလိုမရှိ, မတောင့်တကြကုန်။ ဂေါဓိကမထေရ်သည် တဏှာကို အကြွင်းမဲ့ နှုတ်ပယ်ပြီး ပရိနိဗ္ဗာန် ပြုလေပြီ"ဟု မိန့်တော်မူပြီး ရဟန်းများနှင့်တကွ ဂေါဓိကမထေရ်၏ ညောင်စောင်းသို့ ကြွတော်မူ၏။ မာရ်နတ်သည် "ဤမထေရ်၏ ဝိညာဉ်ကား အဘယ်ဘုံ၌ ပဋိသန္ဓေ တည်သနည်း" ဟုကြံ၍ မီးခိုးစု၊ အမှိုက်မှောင်စုအသွင်ဖြင့် အရပ် ဆယ်မျက်နှာလုံး၌ လှည့်လည် ပြေးသွား ရှာဖွေ၍ မထေရ်၏ ဝိညာဉ်တည်ရာ အရပ်ကို မမြင်သောကြောင့် လုလင်အသွင်ဖြင့် ဘုရားရှင်ထံလာ၍ "ဂေါဓိကမထေရ်သည် အဘယ်ဘုံသို့ သွားပါသနည်း"

ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "မာရ်နတ်ယုတ်၊ ဂေါဓိကမထေရ်၏ ဖြစ်ရာ အရပ်ကို သင်သိသဖြင့် သင့်မှာ အဘယ်အကျိုး ရှိအံ့နည်း။ ထိုမထေရ်၏ ပရိနိဗ္ဗာန် စံယူရာ အရပ်ကို သင်လိုပုဂ္ဂိုလ်များ တရာ တထောင်ပင် ရှာဖွေ တွေ့မြင်ရန် မတတ်နိုင်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၇။ "သီလနှင့် ပြည့်စုံ၍ မမေ့မလျော့ နေလေ့ရှိကုန်သော၊ မဂ်ဖိုလ်ဉာဏ်ဖြင့် ကောင်းစွာသိ၍ ကိလေသာ သံသရာမှ လွတ်မြောက်ကုန်သော ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ သွားရာလမ်းခရီးကို မာရ်နတ်သည်(အစွမ်းကုန် ရှာဖွေသော်လည်း) မတွေ့မမြင်နိုင်ပေ။"

## ၄၄။ ဂရဟဒိန္န သူကြွယ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ မြတ်စွာဘုရားကို ကိုးကွယ်သော 'သီရိဂုတ္တ' သူကြွယ်နှင့် နိဂဏ္ဌ တက္ကတွန်းတို့ကို ကိုးကွယ်သော 'ဂရဟဒိန္န' သူကြွယ်တို့သည် မိတ်ဆွေ ဖြစ်ကြ၏။ နိဂဏ္ဌ တက္ကတွန်းတို့က ပြောခိုင်းသဖြင့် ဂရဟဒိန္န သူကြွယ်သည် သီရိဂုတ္တအား "သင်သည် ရဟန်းဂေါတမကို ကိုးကွယ်သဖြင့် အဘယ် ဝတ္ထုကို ရမည်နည်း။ ငါ၏ အရှင်မြတ်တို့ကို မှိုဝဲဆည်းကပ်၍ အလှူပေး ပါလော့"ဟု တွေ့တိုင်း ပြောဆို၏။ ထိုအခါ တနေ့သ၌ သီရိဂုတ္တက ဂရဟဒိန္နအား "သင်၏ အရှင်တို့သည် အဘယ်ကို သိကြသနည်း။ ငါ့အား ပြောဦးလော့"ဟု ဆိုသော် ဂရဟဒိန္နက "ငါ၏ အရှင်မြတ်တို့ကား မသိသော အရာမည်သည် မရှိ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကိုလည်းကောင်း၊ လူတို့၏ စိတ်အကြံအစည်တို့ကိုလည်းကောင်း သိကြ၏" ဟုဆို၏။ ထိုအခါ သီရိဂုတ္တက "ဒါ ဖြစ်လျှင် ငါ့စကားဖြင့် သင့်အရှင်မြတ်တို့ကို နက်ဖြန် ငါ့အိမ်မှာ ဆွမ်းစားရန် ပင့်ဖိတ်ပါလော့"ဟု ဆို၏။ ဂရဟဒိန္နလည်း ဝမ်းသာလှစွာဖြင့် ထိုတက္ကတွန်းတို့ကို သွားပင့်၏။

သီရိဂုတ္တသည် ထိုတက္ကတွန်းတို့ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်တို့ကို သိမသိ စမ်းသပ်ရန် ဤသို့ စီမံလေ၏။ "သူသည် မိမိ၏ အိမ်နှစ်ဆောင် အကြား၌ မြောင်းရှည်ကြီးကို နက်စွာ တူးစေ၍ မစင်၊ ရွှံ့ပုပ်တို့ဖြင့် ပြည့်စေ၏။

နောက် မြောင်း၏ ရှေ့နခမ်းပေါ်၌ ညောင်စောင်းတို့၏ ရှေ့ခြေတို့ကို တင်ထားစေပြီး နောက်ခြေတို့ကိုမူ ကြိုးငယ်များပေါ်၌ မှေးကာ တင်ထားစေ၏။ ထိုညောင်စောင်းများပေါ်၌ အခင်းများဖြင့် ဖုံးလွှမ်း ခင်းထားစေ၏။ အထဲ၌ ဘာမျှမရှိသော အိုးကြီး အိုးငယ်တို့ကို ငှက်ပျောရွက်များ၊ အဝတ်များဖြင့် ဖုံးပိတ်ထားစေပြီး အိမ်နောက်ဖေး၌ ယာဂု၊ ထမင်းလုံး၊ ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ မုံ့မှုန့်တို့ဖြင့် အလိမ်းလိမ်း ကပ်နေသည်တို့ကို ပြုထားစေ၏။”

ဂရဟဒိန္နသည် နံနက်စောစောသွား၍ ထိုတက္ကတွန်းတို့ကို ပင့်လာ၏။ အိမ်သို့ ရောက်သာသော် သီရိဂုတ္တသည် ခရီးဦးကြိုပြုပြီး “အရှင်တို့သည် ဤအရပ်သို့ တပါးစီ တန်း၍ ဝင်လာကြပြီး မိမိတို့ ထိုင်ရမည့် နေရာရှေ့တွင် ခေတ္တမျှရပ်၍ တမြိုင်နက် ထိုင်တော်မူကြပါ”ဟု လျှောက်၏။ ထိုတက္ကတွန်းတို့သည် ထိုအတိုင်းပြုကြသော် ကြိုးများပေါ် တင်ထားသည့် ညောင်စောင်းခြေတို့သည် လျှောကျကုန်သဖြင့် ဦးခေါင်းစောက်ထိုး မြောင်းကြီးထဲသို့ လိမ့်ကျကုန်၏။ ထိုအခါ သီရိဂုတ္တသည် တံခါးကိုပိတ်၍ တက်လာတိုင်းသော တက္ကတွန်းတို့အား “ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့ကို အဘယ့်ကြောင့် မသိကြသနည်း”ဟု မေးမေးပြီး တုတ်တို့ဖြင့် ရိုက်နှက်စေပြီးမှ တံခါးကို ဖွင့်ပေးစေ၏။ တက္ကတွန်းတို့လည်း ကြောက်လန့်စွာဖြင့် ထွက်ပြေးကုန်၏။

ဂရဟဒိန္နလည်း အလွန် အမျက်ထွက်သဖြင့် ဆဲ ငါး ရက်မျှ သီရိဂုတ္တကို မခေါ်မပြောဘဲနေပြီး နောက်မှ ပြန်ဂလဲ့စားချေလိုသဖြင့် ခေါ်ခေါ်ပြောပြောလုပ်၏။ ထိုအခါတနေ့သ၌ သီရိဂုတ္တက “သင်သည် နိဂဏ္ဌတို့ကို ဆည်းကပ်သဖြင့် အဘယ်ဝတ္တုကို ရအံ့နည်း။ ငါတို့ဆရာ ဘုရားရှင်ကို ဆည်းကပ်သင့်၏။ ဘုရားရှင်ကား မသိသော အရာမည်သည်မရှိ။ အားလုံးကို သိသည်သာတည်း။ ကာလ သုံးပါးကို သိ၏။ သတ္တဝါတို့၏ စိတ်အကြံကို ကောင်းစွာသိ၏”ဟုဆို၏။ ဂရဟဒိန္နက “ဒါဖြင့်လျှင် ငါ့စကားဖြင့် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ငါ့အိမ်သို့ ရဟန်းများနှင့်တကွ သင့်ဆရာ ဘုရားရှင်ကို သွားပင့်ပါလော့”ဟုဆို၏။ သီရိဂုတ္တသည် ဘုရားရှင်ထံ သွားပင့်ဖိတ်သော် “တပည့်တော်သည် ဂရဟဒိန္န၏ဆရာ တက္ကတွန်း တို့အား ဤသို့ ပြုခဲ့ဘူးပါ၏။ ယခု ဂရဟဒိန္နက ဤသို့ ပင့်ဖိတ်သည်မှာ သဒ္ဓါတရား ရှိ၍လော၊ ဂလဲ့စား ချေလို၍လော မသိပါ။ ဆင်ခြင်၍ ဆွမ်းကို လက်ခံတော်မူပါဘုရား”ဟု အကြောင်းစုံကို လျှောက်ထား၏။

ဘုရားရှင်သည် ဆင်ခြင်လေသော် "ထိုအိမ်သို့ ကြွတော်မူလျှင် အံ့ဩဘွယ်များဖြစ်ပြီး သူကြွယ်နှစ်ဦးလုံး သောတာပန် ဖြစ်လတံ့"သည်ကိုမြင်၍ လက်ခံတော်မူ၏။ သိရိဂုတ္တလည်း ပြန်လာ၍ ဂရဟဒိန္နအား ပင့်ဖိတ်ပြီးကြောင်း ပြန်ပြောပြ၏။ ဂရဟဒိန္နလည်း အိမ်ရှေ့၌ တညလုံး မီးကျီးတွင်းကို ပြု၍ တွင်းပေါ်၌ နင်းလိုက်လျှင် ကျိုးသွားမည့် အားနည်းသော ပျဉ်ချပ်များဖြင့် ခင်းထားလျက် အပေါ်က ဖျာအခင်းတို့ဖြင့် ဖုံးအုပ်ထားစေ၏။ နောက်ဖေး၌လည်း သိရိဂုတ္တပြုသကဲ့သို့ အိုးကြီး အိုးငယ်တို့ကို ယာဂု၊ ဆွမ်း စသည်တို့ဖြင့် ပြည့်နေလေဟန် ပြုထား၏။ မြတ်စွာဘုရားသည် ရဟန်းငါးရာ ခြံရံလျက် နောက်တနေ့နံနက် ကြွလာ၏။ ဂရဟဒိန္နသည် ခရီးဦးကြိုပြုလျက် "ဘုရားရှင်သည် ဤအရပ်သို့ ကြွ၍ ခင်းထားသည့် နေရာ၌ ထိုင်တော်မူပါ။ နောက်ပါရဟန်းတို့သည် တပါးချင်းကြွ၍ နေရာအသီးသီး၌ ထိုင်ကြပါလိမ့်မည်"ဟု လျှောက်ပြီး ဘုရားရှင်ကို ရှေ့က ကြွစေ၏။

မြတ်စွာဘုရားသည် တပါးတည်းကြွ၍ မီးကျီးတွင်းပေါ်သို့ ခြေကိုဆန့်လှမ်းသော် ဖုံးထားသည့်ဖျာသည် ကွယ်ပျောက်ပြီး လှည်းဘီးမျှသာရှိသော ပဒုမာ ကြာပွင့်ကြီးများ မီးကျီးတွင်းမှ ဖောက်ထွက်လာကုန်၏။ ဘုရားရှင်လည်း ပဒုမာ ကြာပွင့်၌ နင်းလျက် ကြွပြီး ခင်းထားသည့် နေရာ၌ ထိုင်တော်မူ၏။ နောက်ပါ ရဟန်းတို့လည်း ထို့အတူ သွား၍ ထိုင်နေကုန်၏။ ထိုအခါ ဂရဟဒိန္နသည် တကိုယ်လုံး ပူထူသွားပြီး ဗျာပါ များစွာဖြင့် သိရိဂုတ္တထံ သွား၍"အဆွေ၊ ငါ့ကို ကယ်ပါဦး။ ငါသည် သင့်ကို ဂလဲ့စားချေလို၍ ဘုရားရှင်အား နှိပ်စက်ရန် မီးကျီးတွင်းကို လုပ်ပြီး ထောင်ခဲ့သည်။ ယခု မီးကျီးတွင်းမှ ပဒုမာကြာပွင့်ကြီးများ ပေါက်လာပြီး ဘုရားရှင်နှင့်တကွ ရဟန်းတော်တို့ ကြာပွင့်ကြီးများပေါ် နင်း၍ ကြွပြီး ထိုင်နေကြ၏။ အိမ်နောက်ဖေး၌ ချထားသည့် အိုးကြီး အိုးငယ်တို့မှာလည်း ယာဂု၊ ဆွမ်းစသည် လုံးဝ မရှိ"ဟု ဆို၏။ သိရိဂုတ္တက"ဘာမျှ မရှိစေကာမူ ထိုအိုးများကို သွား၍သာ ကြည့်ပါဦး"ဟုသာ အတန်တန် ပြောလေ၏။

ဂရဟဒိန္နသည် သွား၍ ကြည့်ရာ ထိုအိုးတို့မှာ ယာဂု၊ ဆွမ်း၊ ဟင်း စသည်တို့ဖြင့် အသီးသီးပြည့်လျက် ရှိနေသည်ကို မြင်လျှင် အလွန်ပင် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပြည့်လျှမ်းပြီးစိတ်သည် အထူးကြည်လင်သွားပေ၏။ သူသည် ဘုရားရှင်နှင့် တကွ ရဟန်းအပေါင်းအား ရိုသေစွာ လုပ်ကျွေး၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး အနုမောဒနာ ပြုသည်ရှိသော် "ဤသတ္တဝါတို့သည် မျက်စိမရှိခြင်းကြောင့် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး၏

ဂုဏ်ကျေးဇူးတော်ကို မသိနိုင်ကြကုန်။ ပညာမျက်စိ ကင်းသူတို့သည် သူကန်းတို့ မည်ကုန်၏။ ပညာရှိသူတို့ကား မျက်စိရှိသူများ မည်ကုန်၏” ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၅၈။ “သင်းပုံ့ မွှေးကြိုင်၍ နှစ်သက်စဘွယ် လှပတင့်တယ်သော ပဒုမာကြာပန်းသည် လမ်းမပေါ်၌ စွန့်ပစ်ထားသည့် အမှိုက်စုပုံရာ အရပ်၌ ပေါက်ရောက်သကဲ့သို့-

၅၉။ “ထို့အတူ ဗုဒ္ဓ၏ တပည့်သာဝကသည် အမှိုက်ပုံနှင့်တူကြသည့် ပညာမျက်စိကင်း၍ အကန်းသဘွယ် ဖြစ်ကုန်သော ပုထုဇဉ် လူမိုက်တို့ အလယ်၌ ပညာဖြင့် ထွန်းလင်းတောက်ပ တင့်တယ်လှပေ၏။”

ဤတရားကို ကြားနာပြီးသော် ဂရဟဒိန္နနှင့် သိရိဂုတ္တာသူကြွယ် နှစ်ဦးတို့ သောတာပန်ဖြစ်ကြပြီး မိမိ၏ ဥစ္စာအားလုံးကို သာသနာတော်၌ စွန့်ကြဲ လှူဒါန်းကြလေ၏။

# [၅] ဗာလဝဂ်

## ၄၅။ ယောကျာ်း တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသလမင်းကြီးသည် ပွဲသဘင်နေ့တနေ့၌ ဆင်ဖြူတော် စီးလျက် ကြီးစွာသော မင်း၏အာနုဘော်ဖြင့် မြို့ကိုလှည့်လည်စဉ် အိမ်တအိမ်ပေါ်၌ မိမိအား ကြည့်နေသည့် မိန်းမတဦးကို တပ်မက်စွဲလမ်းမိ၏။ မြို့တော်လှည့်ပြီး နန်းတော်ပြန်ရောက်လျှင် မင်းကြီးသည် အမတ်တဦးကို သွားစုံစမ်းခိုင်းပြီး "လင်ရှိကြောင်း"သိလျှင် ထိုလင်ကို ခေါ်စေ၏။ ထိုလင်ယောကျာ်းလည်း "မယားကို မှီ၍ ဤဘေးဖြစ်ပေါ်၏"ဟု ကြံ၍ လိုက်လာ၏။ မင်းကြီးက လက်နက်များပေးပြီး အမှုထမ်းခိုင်းရာ ထိုယောကျာ်းသည် ဘေးကို မြင်၍ မမေ့မလျော့ အမှုထမ်း၏။ ထိုအခါ မင်းကြီးသည် ကာမမီးဖြင့် ပြင်းစွာ လောင်နေသည် ဖြစ်ရကား "အပြစ်ရှာပြီး သတ်အံ့"ဟု ကြံ၍ ထိုယောကျာ်း အား "သင်သည် ဤမှ တယူဇနာဝေးသည့် ဤမည်သောအရပ်သို့ သွားပြီး ကုမုဒြာကြာပန်းများနှင့် အရုဏဝတီခေါ် နီမြန်းသည့် မြေညက်တို့ကို ညနေ ငါ ရေချိုးချိန်အမီ အရောက်ယူလာခဲ့ရမည်။ မရောက်လျှင် သတ်အံ့"ဟု စေခိုင်း၏။

ထိုယောကျာ်းသည် "ငါသွားရတော့အံ့။ ယုံအရာဝတ္ထုတို့ကား နဂါးပြည်၌သာ ရှိ၏။ အဘယ်မှာ ငါ ရနိုင်ပါအံ့နည်း"ဟု ကြံလျက် အိမ်သို့သွားပြီး ထမင်းကို ယူ၍ တယူဇနာခရီးကို အပြင်းနှင်၏။ ရောက်လျှင် သူသည် ထမင်းဦးကိုချန်၍ ထမင်းစားနေစဉ် ရောက်လာသည့် ခရီးသွားတဦးအား ထိုထမင်းဦးကိုပေး၍ စားစေ၏။ စားပြီးသော် သူသည် ထမင်းတဆုပ်ကို ရေထဲစွန့်ကြဲပြီး အသံကျယ်စွာဖြင့် "ဤမြစ်၌ စောင့်ရှောက် အုပ်စိုးကြသည့် နတ် နဂါးတို့၊

ကျွန်ုပ်စကားကို နာတော်မူကြပါ။ မင်းကြီးသည် ကျွန်ုပ်အား အာဏာဖြင့် ကုမုဒြာကြာပန်းများနှင့် အရိုဏဝတီမြေညက်တို့ကို ယူခိုင်းပါ၏။ ကျွန်ုပ်သည် ခရီးသွားတဦးအား ထမင်းဦး ပေးလှူပါ၏။ ရေထဲ၌ ငါးတို့အားလည်း ပေးလှူပါ၏။ ဤအလှူသည် အဆအရာ,အထောင်မက အကျိုးရှိပါ၏။ ဤကောင်းမှုအကျိုးကို သင်တို့အား အမျှပေးဝေပါ၏။ ကျွန်ုပ်အား ထိုအရာဝတ္ထုများကို ဆောင်ယူ၍ ပေးသနားကြပါ”ဟု သုံးကြိမ်တိုင် အော်ဟစ်၏။

ထိုမြစ်ကိုစောင့်သည့် နဂါးမင်းကြီးသည် ထိုအသံကို ကြား၍ သူအိုအသွင်ဖြင့် လာပြီး ထိုဝတ္ထုများကို ယူဆောင်ပေး၏။ ကောသလမင်းကြီးလည်း သူ့အကြံ မအောင်မှာစိုး၍ မြို့တံခါးကို စောစောပိတ်စေ၏။ ထိုယောကျ်ားလည်း အမြန်ပြန်လာ၍ မင်းကြီး ရေချိုးချိန်အမှီ ရောက်လာ၏။ တံခါးပိတ်ထားပြီး ဖြစ်၍ အသက်ဘေးမှ ကြောက်ရွံ့လျက် ဇေတဝန်ကျောင်းသို့ သွားအိပ်လေ၏။ ကောသလမင်းကြီးလည်း တညာမိုး ပူလောင်နေသဖြင့် အိပ်မရဘဲ “မိုးလင်းလျှင် ထိုယောကျ်ားကို သတ်၍ ထိုမိန်းမကို သိမ်းယူအံ့” ဟု ကြံလျက် နေ၏။ သန်းကောင်ချိန်တွင် လောဟကုမ္ဘိ ငရဲအိုးကြီး၌ တပြောင်းပြန်ပြန် ကျခံနေရသည့် ငရဲသားလေးဦးတို့သည် အနှစ်သုံးသောင်း ကြာမှ ငရဲအိုးအောက်ခြေမှ မျက်နှာဝသို့ ရောက်လာလျှင် ဦးခေါင်းကို မြှောက်၍ အချင်းချင်းကိုကြည့်လျက်အသံကျယ်စွာဖြင့် “ဤဒုက္ခမှ ဘယ်တော့ လွတ်နိုင်အံ့နည်း” စသည် တဂါထာစီကို ရွတ်ဆိုရန် အားထုတ်ရာ “ဒု၊ သ၊ န၊ သော”ဟု တလုံးစီမျှသာ ရွတ်ဆိုနိုင်ပြီး တဖန် ငရဲအိုးထဲ နစ်မြုပ် ဝင်သွားရပြန်ကုန်၏။

မင်းကြီးသည် ထိုအသံကြီး လေးသံကို ကြားရလျှင် အသက်ဘေးမှ ကြောက်ရွံ့ထိတ်လန့်လေ၏။ မိုးလင်းသော် မင်းကြီးသည် မလ္လိကာမိဖုရားနှင့် အတူ ယာဉ်ငယ်ဖြင့် ဘုရားရှင်ထံ အမြန်သွားရာ ကြောက်လန့်နေ၍ စကား တခွန်းမျှပင် မပြောနိုင်ဘဲ ရှိခိုးလျက်သာနေ၏။ မိဖုရားကြီးက ထိုအသံ လေးသံကြား၍ မင်းကြီး ကြောက်လန့်နေကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက “မင်းကြီး၊ မကြောက်လင့်။ သင့်မှာ အန္တရာယ်မရှိ။ စင်စစ်အားဖြင့် ကဿပဘုရားလက်ထက်က သူဌေးသားလေးဦးတို့သည် သူတပါးတို့၏ မယားများကို ဥစ္စာဖြင့် ဖြားယောင်း၍ ပျော်ပါးခဲ့ကြသည့် မကောင်းမှုကံကြောင့် သေသည်မှ ယခုအထိ လောဟကုမ္ဘိငရဲအိုးကြီး၌ ခံနေရလျက် ငရဲအိုးအောက်ခြေမှ အနှစ်သုံးသောင်း ကြာ၍ ငရဲအိုးဝ အရောက်တွင် ‘ဒု၊ သ၊ န၊ သော’ဟူသော အသံကို အော်ဟစ်ကြခြင်းဖြစ်၏”ဟု မိန့်ကြားပြီး ထိုအသံလေးသံ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြတော်မူ၏။

ထိုအခါ မင်းကြီးသည် "သူတပါး၏ မယားကို ကျူးလွန်သည့် အပြစ်ကား ဤမျှ ကြီးလေးလှပါတကား။ ငါလည်း သူတပါးမယား၌ တပ်မက်မိ၍ တညလုံး မအိပ်ရ။ ယနေ့မှစ၍ သူတပါး၏ မယား၌ ပြစ်မှားလိုစိတ် မထားတော့အံ့"ဟု ကြံ၏။ နောက် ဘုရားရှင်အား "တပည့်တော်သည် ယနေ့တညတာ၏ ရှည်ကြာသည့်အဖြစ်ကို သိရပါပြီ ဘုရား"ဟု လျှောက်၏။ ထိုအခါ ထိုယောကျ်ားလည်း အနီး၌ပင် ရှိနေရကား ထိုမင်းကြီး၏စကားကို ကြားလျှင်ပင် "တပည့်တော်လည်း မနေ့က တယူဇနာခရီး၏ ရှည်ဝေးသည့် အဖြစ်ကို သိရပါပြီဘုရား"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ထိုသူနှစ်ဦး၏ စကားကို ပေါင်းစပ်လျက် "မင်းကြီး၊ အချို့သောသူအား ညဉ့်သည် တာရှည်၏။ အချို့သောသူအား တယူဇနာမျှသော ခရီးသည် ရှည်ဝေး၏။ မိုက်မဲတွေဝေသူအား သံသရာခရီးသည်ကြာရှည်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၀။ "အိပ်၍ မပျော်, နိုးနေသော သူအဖို့ ညသည် တာရှည်၏။ ခရီးပန်းသော သူအဖို့ တယူဇနာမျှသော ခရီးသည်ရှည်ဝေး၏။သူတော်ကောင်းတရားကို မသိကြသော သူမိုက်တို့အဖို့ ဘဝသံသရာသည် အလွန်ကြာရှည်၏။"

ဤတရားကို ကြားနာပြီးသော် ထိုယောကျ်ားသည် သောတာပန် ဖြစ်လေ၏။

## ၄၆။ မဟာကဿပထေရ်၏ တပည့်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်အနီး လိုဏ်ဂူတခု၌ သီတင်းသုံးနေသော ရှင်မဟာကဿပမှာ လုပ်ကျွေး ပြုစုပေးသည့် ရဟန်းငယ်နှစ်ပါးရှိ၏။ တပါးကား ရိုသေကောင်းမွန်စွာ ဝတ်ကြီးဝတ်ငယ်ပြုပြီး၊ တပါးကား ထိုရဟန်းပြုသမျှကို မိမိပြုသကဲ့သို့ မထေရ်အား လျှောက်ကြား၏။ မထေရ်က သိ၍ ဆိုဆုံးမသော် ဝတ်နှင့်မပြည့်စုံသော ထိုရဟန်းမိုက်သည် မထေရ်အား ရန်ငြိုးဖွဲ့၏။ နောက်တခါ ထိုရဟန်းမိုက်သည် မထေရ်၏ ဒါယကာတဦးအိမ်သို့သွား၍ မထေရ်နေမကောင်းကြောင်း မဟုတ်မမှန်ပြောဆိုပြီး ဆွမ်းကို တောင်းယူ၍ လမ်း၌စားပစ်၏။ မထေရ်က ဆိုဆုံးမသော် ထိုရဟန်းမိုက်သည် အမျက်ထွက်ပြီး

မထေရ်အား ရန်ငြိုးထားပြန်၏။ နောက်တနေ့ နံနက် မထေရ်က ဆွမ်းခံသွားသော် သူသည် မလိုက်ဘဲ နေခဲ့ပြီး တုတ်ဖြင့် အိုးခွက်တို့ကို ရိုက်ခွဲ၍ ကျောင်းကို မီးတိုက်ကာ ထွက်ပြေး၏။ သူသည် သေလွန်သော် အဝီစိငရဲ၌ ဖြစ်လေ၏။

နောက် ရာဇဂြိုဟ်ပြည်မှ ရဟန်းတပါးသည် မြတ်စွာဘုရားထံ သွားရောက်ဖူးမျှော်သော် ထိုအကြောင်းကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ငါ့သား ကဿပအား ဤသို့ သဘောရှိသည့် မလိမ္မာသောသူနှင့် အတူနေရခြင်းထက် တပါးတည်း နေရခြင်းက ကောင်းမြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၁။ "တရားကို ကျင့်ကြံအားထုတ်သောသူသည် မိမိထက် (သီလ စသည် ဂုဏ်အားဖြင့်) လွန်မြတ်သော သူကိုဂင်း၊ မိမိနှင့် တူညီသောသူကိုဂင်း အကယ်၍ မရရှိလျှင် တဦးတည်း နေထိုင် ကျင့်ကြံခြင်းကိုသာ စွဲမြဲစွာ ပြုလုပ်ရာ၏။ (အကြောင်းမှာ) လူမိုက်၌ မိတ်ဆွေဖွဲ့ရာ ဂုဏ်အင်္ဂါ မရှိပေ။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသည် သောတာပန်ဖြစ်လေ၏။

## ၄၇။ အာနန္ဒာ သူဌေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော 'အာနန္ဒာ'သူဌေးကြီးသည် မပေးမလှူ မသုံးမစွဲ အလွန်ပင် နှမြောတွန့်တို၏။ သူသည် မိမိ၏သားဖြစ်သူ 'မူလသိရီ'အား "ဤမျှလောက်သော ပစ္စည်းဥစ္စာကိုများလှပြီဟု မမှတ်လင့်။ ရှိပြီးဥစ္စာကို မပေးကမ်းသင့်။ အသစ်ရသည့် ဥစ္စာကို တိုးပွားစေရာ၏။ တပြားမျှကိုပင် သုံးဖြုန်းသူအား ဥစ္စာသည် တဖြည်းဖြည်းကုန်သည်သာတည်း"ဟုဆုံးမလေ့ရှိ၏။ နောက်တနေ့သ၌သူသည်မိမိ၏ ရွှေအိုးကြီး ငါးလုံးကို သားအားမပြောကြားဘဲဥစ္စာကိုနှမြောဝန်တိုသည့်စိတ်ဖြင့် သေလွန်သော် သာဝတ္ထိမြို့အနီးရှိ ဒွန်းစဏ္ဍာလရွာ၌ ဖြစ်၏။ သူ ပဋိသန္ဓေ တည်သည်မှစ၍ ထိုဒွန်းစဏ္ဍာလ ရွာသားတို့သည် ဝင်ငွေမရ၊ အသက်မွေးမှု ကျပ်တည်းလာသဖြင့် "ငါတို့ရွာ၌ သူယုတ်မာရှိ၏"ဟု လူ တဝက်စီ တဝက်စီ ခွဲထုတ်သော် နောက်ဆုံး ဒွန်းစဏ္ဍာလမ တဦးသာကျန်ရှိပြီး ရွာမှ နှင်ထုတ်ကြ၏။

ထိုဒွန်းစဏ္ဍားမ ဖွားမြင်သည့် သူငယ်မှာ လက်, ခြေ, မျက်စိ, နား, နှာခေါင်း, ပါးစပ်တို့သည် သဘာဝအတိုင်း ရှိမြဲသော နေရာ၌ မဖြစ်ကြဘဲ အင်္ဂါ ချို့တဲ့သဖြင့် မြေဘုတ်ဘီလူးနှင့် တူ၏။ မိခင်သည် သူငယ်ကို မစွန့်နိုင်သဖြင့် ချီပိုးလျက် လှည့်လည်တောင်းစားသော် ဘာမျှ မရပေ။ သူငယ်ကို အိမ်မှာ ထားခဲ့ပြီး တဦးတည်း လှည့်လည်တောင်းသော် ရနေကျကို ရ၏။ သူမသည် ထိုသူငယ်လှည့်လည် တောင်းစားနိုင်သည့် အရွယ်ရောက်သော် သူ့လက်ထဲ၌ ခွက်တခုပေး၍ စွန့်ပစ်ထားခဲ့၏။ ထိုသူငယ်သည် သာဝတ္ထိမြို့ထဲ၌ လှည့်လည်တောင်းသော် ရှေးဘဝက မိမိ၏ အိမ်နေရာသို့ ရောက်သွားလျှင် ဘဝဟောင်းကို မှတ်မိ၍ အိမ်ထဲသို့ ဝင်၏။ မူလသိရိသူဌေး၏ သားတို့သည် သူ့ကိုမြင်သော် ကြောက်လန့်ပြီး ငိုကြွေး ဟစ်အော်ကုန်၏။ ကျေးကျွန်တို့က သူ့ကို ရိုက်နှက်ဆွဲငင်ပြီး အမှိုက်စွန့်ရာအရပ်၌ ပစ်ချထားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အာနန္ဒာမထေရ်နှင့်အတူ ဆွမ်းခံရာ ထိုအရပ်သို့ ရောက်လျှင် ရှင်အာနန္ဒာအား မူလသိရိသူဌေးကို ခေါ်စေပြီး "ဤသူငယ်ကား သင်၏ ဖခင် သူဌေးကြီးတည်း" ဟု မိန့်တော်မူ၏။ မူလသိရိက မယုံသဖြင့် မြတ်စွာဘုရားက ထိုသူငယ်အား ဘဝဟောင်းက မြှုပ်ထားခဲ့သည့် ရွှေအိုးကြီး ငါးလုံးကို ထုတ်ဖော်ပြောကြားစေသော် မူလသိရိသူဌေးသည် ယုံကြည်သွားပြီး ဘုရားရှင်အား အမြဲ ဆည်းကပ်လေ၏။ နောက် မြတ်စွာဘုရားက သူ့အား ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၆၂။ "လူမိုက်သည် 'ငါ့မှာ သားသမီးများ ရှိ၏။ ငါ့မှာ ပစ္စည်းဥစ္စာ ရှိ၏' ဟူ၍ (တဏှာစွဲဖြင့်) စိုးရိမ်ပူပန်နေ၏။ အမှန်အားဖြင့် မိမိသည်ပင် မိမိအား စိုးပိုင်ခြင်း မရှိရကား သားသမီးများသည် အဘယ်မှာ အတည် ရှိနိုင်အံ့နည်း၊ ပစ္စည်းဥစ္စာသည် အဘယ်မှာ အတည် ရှိနိုင်အံ့နည်း။"

## ၄၈။ ခါးပိုက်နှိုက် နှစ်ဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ မိတ်ဆွေ ခိုးသူနှစ်ဦးသည် တရားနာသူများနှင့်အတူ ဇေတဝန်ကျောင်းသို့ လိုက်သွားကြ၏။ တဦးကား တရားတော်ကို စူးစိုက်၍ ကြားနာ

သော် သောတာပန် ဖြစ်သွား၏။ တဦးကမူ တရားနာသူ တဦး၏ ပုဆိုးစွန်း၌ ထုပ်ထားသည့် အသပြာထုပ်ကို ကြည့်ရှုနေလျက် အခွင့်ရသော် ငွေငါးပဲကို ခိုးယူရရှိ၏။ တရားသဘင်ပြီး၍ သူတို့နှစ်ဦး အိမ်ပြန်ရောက်ကြသော် ငါးပဲ ခိုးရသော ခိုးသူ၏အိမ်၌ ထမင်းဟင်း ချက်ပြုတ်ရပြီး တရားနာသော ခိုးသူ၏ အိမ်၌မူ အသပြာမရ၍ ထမင်းဟင်း မချက်ရပေ။ ထိုအခါ ငါးပဲခိုးရသော ခိုးသူနှင့် မယားတို့က တရားနာသော ခိုးသူအား "သင်သည် အလွန် ပညာရှိသဖြင့် အိမ်၌ ထမင်းဟင်းဘိုးမျှ မရနိုင်"ဟု ပြက်ရယ်ပြုကြ၏။ တရားနာသော ခိုးသူက "ဤသူသည် အလွန်တရာ မိုက်မဲတွေဝေသောကြောင့်သာ မိမိကိုယ်ကိုပညာရှိဟု ထင်မှတ်ဘိ၏"ဟုကြံ၍ ဆွေမျိုးများနှင့်တကွ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက သူ့အား ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၃။ "မိမိ၏ မိုက်မဲသည့်အဖြစ်ကို သိသော လူမိုက်သည် ထိုသို့(ငါမိုက်မဲ၏ဟု)
သိခြင်းကြောင့် ပညာရှိ ဖြစ်နိုင်သေး၏။ မိမိကိုယ်ကို ပညာရှိဟု
ထင်နေသည့် လူမိုက်တုံးသည်သာ စင်စစ် 'လူမိုက်'ဟု ဆိုအပ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုသူ၏ ဆွေမျိုးတို့ သောတာပန် ဖြစ်ကြလေ၏။

## ၄၉။ ဥဒါယိ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်ဥဒါယီသည် ဓမ္မကထိက မထေရ်များ တရားသဘင်မှ ဖဲကြွကုန်သော် ထိုတရားဟော ပုဂ္ဂိုလ်တို့၏ နေရာ၌ သွားပြီး ထိုင်နေလေ့ ရှိ၏။ တနေ့သ၌ ကျောင်းသို့ ရောက်လာကြသည့် အာဂန္တုက ရဟန်းတို့သည် ထိုမထေရ်ကို မြင်လျှင် "ဗဟုသုတရှိသော မထေရ်"ဟု ထင်မှတ်ပြီး ခန္ဓာငါးပါးနှင့် ပတ်သက်သည့် ပြဿနာကို မေးမြန်းကြ၏။ ဥဒါယီသည် တရားနှင့် ပတ်သက်၍ တစုံတရာမျှ မသိ၊ မဖြေကြားနိုင်သဖြင့် ထိုရဟန်းတို့က "ဤမထေရ်ကား ဘုရားရှင်နှင့် တကျောင်းတည်း၌ အတူနေရပါလျက် ခန္ဓာ, အာယတန, ဓာတ်ကိုမျှပင် မသိ"ဟု ကဲ့ရဲ့ရှုတ်ချကြပြီး ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို

လျှောက်ကြားကြ၏။ မြတ်စွာဘုရားက ထိုရဟန်းတို့အား ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၄။ "ဟင်းမွှေယောက်မသည် (ဟင်းနှင့် အမြဲထိတွေ့ရသော်လည်း) ဟင်း၏ အရသာကို မသိနိုင်သကဲ့သို့ လူမိုက်သည် ပညာရှိကို တသက်လုံးပင် ဆည်းကပ်စေကာမူ ပညာရှိဟောကြားသည့် တရားမြတ်ကို မသိနိုင်ပေ။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် ရဟန္တာဖြစ်ကြလေ၏။

## ၅၀။ ပါဝေယျက ရဟန်းသုံးကျိပ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပါဝေယျကတိုင်းသား လုလင်သုံးဆယ်တို့သည် တောထဲ၌ ပျော်ပါးရန် ခေါ်လာခဲ့သည့် ပြည့်တန်ဆာမတဦးက ၎င်းတို့၏ အဖိုးတန်ရတနာတန်ဆာတို့ကို ခိုးယူထွက်ပြေးသဖြင့် လိုက်လံ ရှာဖွေသော် ထိုတော၌ သီတင်းသုံးနေသည့် ဘုရားရှင်ကို တွေ့မြင်ကြ၏။ သူတို့သည် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် ရဟန်းပြုကြ၏။နောက် ကျောင်းတော်သို့ရောက်လျှင် ဓုတင်ကျင့်ဝတ်များကို ကျင့်ကြံ အားထုတ်လျက် နေကြ၏။ နောက် ဘုရားရှင် ဟောကြားသည့် 'အနမတဂ္ဂသုတ္တန်' တရားကို ကြားနာရသော် ရဟန္တာဖြစ်ကြ၏။ ထိုအခါ ရဟန်းတို့က "ဤပါဝေယျက ရဟန်းတို့သည် တရားတော်ကို လျင်မြန်စွာ သိကြပေ၏"ဟု လျှောက်သော် မြတ်စွာဘုရားက ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၅။ "လျှာသည် ဟင်း၏ အရသာကို ချက်ခြင်း သိသကဲ့သို့ အသိဉာဏ်ရှိသူသည် ပညာရှိကို တခဏမျှပင် ဆည်းကပ်ရစေကာမူ ပညာရှိဟောကြားသည့် တရားမြတ်ကို ထိုးထွင်း သိနိုင်ပေ၏။"

## ၅၁။ သုပ္ပဗုဒ္ဓ လူနူ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

'သုပ္ပဗုဒ္ဓ'မည်သော လူနူသည် ပရိသတ်အစွန်၌ ထိုင်နေလျက် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သောတာပန် ဖြစ်၏။တရားနာပရိသတ်တို့ ဖဲသွားကြသောအခါ သူသည် မိမိရအပ်သည့် ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ကြားလို၍ကျောင်းတော်သို့ သွား၏။ ထိုခဏ၌ သိကြားမင်းသည် သူ့ကို စုံစမ်းလို၍ သူ့ထံသွားပြီး ကောင်းကင်၌ ရပ်လျက် "သင်သည် သူဆင်းရဲတည်း။ တောင်းခံမှ စားသောက်ရသူ အထီးကျန်သူတည်း။ ငါသည် သင့်အား မရေမတွက်နိုင်သည့် ဥစ္စာကို ပေးအံ့။ 'ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်၊ ငါ့အား ဘုရား တရား သံဃာဖြင့် အကျိုးမရှိ'ဟုသာ ဆိုလော့"ဟူ၍ ပြောဆို၏။ သုပ္ပဗုဒ္ဓက "ငါတား သူဆင်းရဲ အထီးကျန်သူ မဟုတ်။ ငါသည် ချမ်းသာသောသူ, ဥစ္စာကြွယ်ဝသူတည်း။ သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ' ဟူသော အရိယာသူတော်ကောင်းတို့၏ ဥစ္စာခုနစ်ပါး ငါ့မှာ ရှိ၏။ ထိုဥစ္စာခုနစ်ပါးရှိသူသည် သူဆင်းရဲ မဟုတ်ဟု ဘုရားရှင်တို့ မိန့်ကြားကုန်ပေ၏" ဟု ပြောဆိုလေ၏။

နောက် သိကြားမင်းသည် ဘုရားရှင်ထံ သွားနှင့်၍ ထိုအကြောင်းအလုံးစုံကို လျှောက်ကြား၏။ မြတ်စွာဘုရားက"သင်ကဲ့သို့သော သိကြားမင်း အရာ, အထောင် မကတို့ကပင် သုပ္ပဗုဒ္ဓကို 'ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်' ဟု ပြောဆိုင်းရန် မစွမ်းနိုင်သည်သာတည်း"ဟု မိန့်တော်မူ၏။ နောက် သုပ္ပဗုဒ္ဓရောက်လာပြီး ဘုရားရှင်အား မိမိရအပ်သည့် တရားထူးကို ဝမ်းမြောက်ဝမ်းသာ လျှောက်ကြားပြီး ဖဲသွား၏။ ဖဲသွား၍ မကြာမီပင် (ရှေးအတိတ်ဘဝ သုပ္ပဗုဒ္ဓသည် သူဌေးသားဖြစ်စဉ်က သတ်ခဲ့သော ပြည့်တန်ဆာမသည် ရန်ငြိုးနှင့် ဆုတောင်းလာခဲ့သော)ဘီလူးမက နွားမယောင်ဆောင်ပြီး သုပ္ပဗုဒ္ဓကို ခွေ့၍ သတ်လေ၏။

ထိုအခါ ရဟန်းတို့က ဘုရားရှင်အား သုပ္ပဗုဒ္ဓသေလွန်ကြောင်း လျှောက်ကြားပြီး "သုပ္ပဗုဒ္ဓသည် အဘယ်ဘုံ၌ ဖြစ်ပါသနည်း။ အဘယ့်ကြောင့်

နူရပနှါသည်း” ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက “သုပ္ပဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ သုပ္ပဗုဒ္ဓသည် ရှေးဘဝက ပစ္စေကဗုဒ္ဓါ တပါးအား တံတွေးဖြင့် ထွေးလျက် ပြစ်မှားခဲ့မိသောကြောင့် ကာလ ကြာရှည်စွာ ငရဲ၌ ခံရပြီးမှ ယင်းကံ အကျိုးအကြွင်းအားဖြင့် ယခုဘဝ၌ နူရသည်”ဟု မိန့်တော်မူ၏။ ထိုနောက် “ရဟန်းတို့၊ ဤသတ္တဝါတို့သည် မိမိတို့အား ပြင်းထန်သည့် ဆိုးကျိုးကို ပေးတတ်သော အကုသိုလ်ကံကိုပြုကြ ကုန်လျက် သံသရာ၌ ကျင်လည်ကြကုန်ဘိ၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၆။ “အသိဉာဏ်ကင်းမဲ့ကုန်သော လူမိုက်တို့သည် ပြင်းထန်လှသည့် ဆိုး ကျိုးကို ပေးတတ်သော မကောင်းမှုကံကို ပြုကုန်ကျက် မိမိသည်ပင် မိမိ၏ ရန်သူကဲ့သို့ ဖြစ်၍ (သံသရာ၌) ကျင်လည်ရကုန်၏။”

## ၅၂။ လယ်သမား တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ခိုးသူတို့သည် သူဌေးတဦးအိမ်မှ ရွှေငွေဥစ္စာများကို ခိုးယူ၍ မနီးမဝေးသော လယ်တောသို့သွားကာ ဥစ္စာများ ခွဲယူကြပြီး ထွက်သွား ကြ၏။ ခိုးသူတဦးသည် ခါးတောင်းကျိုက်ထဲ၌ ဝှက်ယူလာသော ငွေ တထောင်ထုပ်သည် ထိုနေရာ၌ကျကျန်ခဲ့၏။ ထိုနေ့နံနက်စောစော မြတ်စွာ ဘုရားသည် လောကကို ကြည့်ရှုသော် ထိုနေရာအနီး၌ လယ်လုပ်သော လယ် သမားတဦး သောတာပန် ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ရှင်အာနန္ဒာနှင့် အတူ ထိုသူ၏ လယ်တောသို့ ကြွတော်မူ၏။ ထိုလယ်သမားသည် ဘုရားရှင်ကို မြင်၍ ရိုသေစွာရှိခိုးပြီး တဖန် လယ်ထွန်နေ၏။ နောက် မြတ်စွာဘုရားသည် ထိုငွေထောင်ထုပ်ရှိရာ အရပ်သို့ ကြွသွား၍ ယိုငွေထုပ်ကို မြင်လျှင်“အာနန္ဒာ၊ အဆိပ်ပြင်းလှသည့် မြွေကို ကြည့်ရှုလော့” ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာ ကလည်း “အဆိပ်ပြင်းလှသည့်မြွေပါဘုရား”ဟု လျှောက်သော် ဆက်လက် ကြွတော်မူ၏။

ထိုလယ်သမားလည်း ထိုစကားကို ကြား၍ မြွေကို လာကြည့်သော် ထိုငွေထုပ်ကို တွေ့မြင်၍ ယူသွားပြီး တနေရာ၌ ဝှက်ထားကာ လယ်ထွန်

နေ၏။ ဥစ္စာရှင်တို့သည် ထိုခိုးသူတို့နောက် ခြေရာခံ လိုက်လာရာ ထိုဥစ္စာ ခွဲဝေရာ နေရာသို့ ရောက်လျှင် ထိုလယ်သမား၏ ခြေရာကို မြင်ပြန်၍ ခြေရာခံ လိုက်သော် ထိုဝှက်ထားသည့် ငွေတထောင်ထုပ်ကို တွေ့မြင်သဖြင့် ထိုလယ်သမားကို ရိုက်နှက်ဖမ်းဆီး၍ မင်းကြီးထံ ခေါ်သွားကြ၏။ မင်းကြီးက "သတ်စေ"ဟု အမိန့်ချ၍ မင်းချင်းတို့သည် သူ့ကို တုပ်နှောင်ပြီး ရိုက်နှက်လျက် ခိုးသူသတ်ရာ သင်းချိုင်းသို့ ခေါ်ဆောင် သွားကြသော် ထိုသူက "အာနန္ဒာ၊ အဆိပ်ပြင်းလှသည့် မြွေကိုကြည့်လော့။ မြတ်စွာဘုရား၊ မြင်ပါ၏။ အဆိပ်ပြင်းလှသည့် မြွေပါဘုရား"ဟုသာ မြည်တမ်းပြောဆို၏။ ထိုစကားကို ကြားရလျှင် ထိုမင်းချင်းတို့က မင်းကြီးထံ ခေါ်သွားပြီး ထိုအကြောင်းကို လျှောက်ကြားကြ၏။

မင်းကြီးသည် ထိုလယ်သမား၏ လျှောက်တင်စကား အလုံးစုံကို ကြားရလျှင် "ဤသူသည် ဘုရားရှင်ကို သက်သေညွှန်းပေ၏"ဟု ဆိုပြီး သူ့ကို ခေါ်၍ ဘုရားရှင်ထံ သွား၏။ မင်းကြီးသည် ဘုရားရှင်ထံမှ အကြောင်းစုံကို ကြားရလျှင် "ဤသူသည် ဘုရားရှင်ကို သက်သေမညွှန်းနိုင်လျှင် ယနေ့ အသတ်ခံရပေပြီ"ဟု လျှောက်၏။ မြတ်စွာဘုရားက "မင်းကြီး၊ ပညာရှိမည်သည် ပြုလုပ်ပြီးမှ နောင်တတဖန် ပူပန်ရသည့် အမှုမျိုးကို မကျင့်အပ်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၇။ "အကြင်အမှုကို ပြုလုပ်ပြီးသော် နောင်တ တဖန် စိုးရိမ် ပူပန်ရ၏။
အကြင်အမှု၏ ဆိုးကျိုးကိုလည်း မျက်ရည်စက်လက် ငိုကြွေးလျက်
ခံစားရ၏။ ထိုအမှုမျိုးကို ပြုလုပ်ခြင်းသည် မကောင်းပေ။"

ဤတရားကို ကြားနာပြီးသော် ထိုလယ်သမားသည် သောတာပန် ဖြစ်လေ၏။

## ၅၃။ သုမန ပန်းသည်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်၌ 'သုမန'မည်သော ပန်းသည်သည် ဗိမ္ဗိသာရ မင်းကြီးအား နေ့စဉ် နံနက်စောစော ရှစ်စလယ်သော မြတ်လေးပန်းတို့ကို ဆက်သသော် ရှစ်သပြာကို ရရှိ၏။ တနေ့သ၌ သူသည် ပန်းများကိုယူ၍ မြို့ထဲ ဝင်လာစဉ်

မြတ်စွာဘုရားသည် ရဟန်းများစွာ ခြံရံလျက် ရောင်ခြည်ခြောက်သွယ်တို့ကို လွှတ်၍ ကြီးကျယ်လှသော ဘုရား၏ အာနုဘော်ဖြင့် မြို့တွင်းသို့ ဆွမ်းခံ ဝင်တော်မူ၏။ သုမနသည် ဘုရားရှင်၏ တင့်တယ်လှသည့် ကိုယ်တော်ကို ကြည့်၍ ကြည်ညိုလှသဖြင့် "မင်းကြီးသည် ဤပန်းများကို မရ၍ အမျက်ထွက်ပြီး ငါ့ကို သတ်ချင် သတ်ပစေတော့" ဟု မတွန့်တို မဆုတ်နစ်သည့် စိတ်စေတနာဖြင့် ဘုရားရှင်၏ "ဦးထိပ်ပေါ်၊ ဘေးနှစ်ဖက်၊ နောက်ကျောဘက်" ဟူသော လေးဘက်လေးတန်သို့ ပန်းနှစ်ဆုပ် နှစ်စလယ်စီကို ပစ်ကြဲပူဇော်၏။ ထိုပန်းတို့သည် အပေါ်၌ မျက်နှာကျက် ကဲ့သို့ရင်း၊ ဘေးနှစ်ဖက်နှင့် နောက်ကျောဘက်တွင် နံရံကဲ့သို့ရင်း မပြုတ်မကျ တည်နေကြပြီး ဘုရားရှင် ကြွသော် လိုက်ပါကြ၍ ဘုရားရှင်ရပ်သော် ရပ်တည်ကြလေ၏။

ဘုရားရှင်၏ ကိုယ်တော်မှ မပြတ်ထွက်သော ရောင်ခြည်တော်တို့သည် ရှေ့မှ ပြေးသွားကုန်၏။ ထိုအခါ တမြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်၏။ ပြည်သူတို့သည် ဆွမ်းကိုယူ၍ အိမ်မှ မထွက်သူ မရှိ။ လူအပေါင်းသည် ကြွေးကြော်လျက် အဝတ်, ခေါင်းပေါင်းတို့ကို မြှောက်ခြင်း ပစ်ခြင်းတို့ကို ပြုလျက် ဘုရားရှင်၏ ရှေ့မှ သွားကြ၏။ မြတ်စွာဘုရားလည်း သုမန၏ ဂုဏ်ကျေးဇူးကို ထင်ရှားစေရန် မြို့တွင်းရှိ လမ်းမကြီးများ အားလုံးသို့ ကြွတော်မူ၏။ သုမန၏ တကိုယ်လုံးသည် ပီတိငါးဖြာဖြင့် ပျံ့နှံ့ ပြည့်နှက်နေ၏။ သူသည် ဘုရားရှင်နှင့်အတူ အနည်းငယ် လှည့်လည်၍ ရောင်ခြည်တော်များ အတွင်းသို့ ဝင်ပြီး ဘုရားရှင်ကို ချီးမွမ်းရှိခိုးပြီးလျှင် အိမ်ပြန်၍ မယားအား ထိုအကြောင်းကို ပြောပြ၏။ မယားကမူ မိမိအပြစ်မှ လွတ်စေရန် မင်းကြီးထံ သွား၍ ထိုအကြောင်းကို လျှောက်တင်လေ၏။

မြတ်စွာဘုရားသည် မြို့တွင်း၌ လှည့်လည်ပြီးသော် နန်းတော်တံခါးဝသို့ ကြွတော်မူ၏။ မင်းကြီးသည် သပိတ်ကို လှမ်းယူ၍ မင်းရင်ပြင် မဏ္ဍပ်ထဲ၌ ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းအား သီတင်းသုံးစေပြီး မွန်မြတ်သည့် ဘောဇဉ်များကို ဆက်ကပ်၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာ ပြုပြီးသော် ထိုပန်းဆိုင်းများနှင့်အတူပင် လူအပေါင်းခြံရံလျက် ကျောင်းတော်သို့ ကြွတော်မူ၏။ မင်းကြီးလည်း ဘုရားရှင်ကို အစဉ် လိုက်ပို့ပြီးမှ ပြန်လာ၍ သုမနပန်းသည်ကို ခေါ်စေပြီး "ဆင်၊ မြင်း၊ ကျွန်မ၊ ကျွန်ယောကျ်ား၊ ဝန်ဆာ၊ မျိုးကညာ၊ ရွာကြီး" ခုနစ်မျိုး ရှစ်မျိုးစီနှင့် ငွေရှစ်ထောင် ဟူသော ရှစ်မျိုး၊ ရှစ်ခုစီ (သဗ္ဗဋ္ဌက မည်သော) ဆုတော်ကို ပေးသနား၏။

ကျောင်းရောက်လျှင် ရှင်အာနန္ဒာက "သုမနပန်းသည် ခံစားရလတံ့သော အကျိုးကိုမေးလျှောက်" သဖြင့် မြတ်စွာဘုရားက "သုမနသည် ကမ္ဘာတသိန်း

ဟတ်လုံး အပေါယ်လေးဘုံသို့ မကျရောက်လတံ့။ နတ်ပြည်၊ လူ့ပြည်၌ ကျင်လည်ပြီးနောက် 'သုမန'မည်သော ပစ္စေကဗုဒ္ဓါဖြစ်လတံ့'' ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိသို့ကြွ၍ တံခါးမုခ်ရောက်သော် ထိုပန်းများ အလိုလိုကျလေကုန်၏။ ညနေ တရားသဘင်၌ ရဟန်းတို့သည် သုမနပန်းသည် အကြောင်း တအံ့တဩ ပြောဆိုနေကြသော် မြတ်စွာဘုရားသည် ကြွလာပြီး ထိုအကြောင်းကို မေးမြန်းတော်မူ၍ ''ရဟန်းတို့၊ အကြင်အမှုကို ပြုပြီးသော် နောင်တတဖန် စိုးရိမ်ပူပန်ခြင်း မဖြစ်။ အောက်မေ့တိုင်း ဝမ်းမြောက်ခြင်းသာ ဖြစ်၏။ ဤသို့သော ကောင်းမှုကိုကို ပြုလုပ်အပ်၏''ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၈။ ''အကြင်အမှုကို ပြုပြီးသော် နောင်တ တဖန် စိုးရိမ်ပူပန်ခြင်း မရှိ။ အကြင်အမှု၏ ကောင်းကျိုးကိုလည်း နှစ်သက်ဝမ်းမြောက်စွာ ခံစားရ ရ၏။ ထိုအမှုမျိုးကိုသာ ပြုလုပ်ခြင်းသည် ကောင်းမြတ်၏။''

## ၅၄။ ဥပ္ပလဝဏ်ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ကြာညိုပန်းအဆင်းရှိပြီး လှပတင့်တယ်သဖြင့်''ဥပ္ပလဝဏ်'' ဟု ခေါ်တွင်သော သူဌေးသမီးတဦးသည် အရွယ်ရောက်သော် ရဟန်းပြု၏။ ရဟန်းပြုပြီး မကြာမီပင် သူမသည် အလှည့်ကျတာဝန်အရ ဆီမီးကို ညှိထွန်း၍ ဥပုသ်အိမ်ကို တံမြက်လှည်းနေ၏။ သူမသည် မိမိထွန်းညှိသည့် ဆီမီးလျှံ၌ နိမိတ်ကိုယူပြီး ရပ်လျက်ပင် အဖန်ဖန် ကြည့်ရှုကာ တေဇော (မီး) ကသိုဏ်း လျှင် အာရုံရှိသော စျာန်ကို ဖြစ်စေ၍ ထိုစျာန်ကိုပင် အခြေပြုသဖြင့် ရဟန္တာ ဖြစ်လေ၏။ နောက် အခါတပါး၌ ဇနပုဒ်၌ ဒေသစာရီလှည့်လည်ပြီး ပြန်လာသော် 'အန္ဓဝန'မည်သော သူကန်း (သူမိုက်)တောအုပ်သို့ ဝင်၍ သီတင်းသုံး ၏။ မထေရီမအတွက် လူတို့က ထိုတော၌ တောကျောင်းငယ် ဆောက်ပေး၍ ညောင်စောင်းကို ခင်းပေးကြ၏။

ဥပ္ပလဝဏ်သည် သာဝတ္ထိပြည်၌ ဆွမ်းခံ လှည့်လည်ပြီး ပြန်ထွက်လာ ၏။ မထေရီမ၏ ဦးရီးသားဖြစ်သော 'နန္ဒ' လုလင်သည် ဥပ္ပလဝဏ်ကို လူ့ ဘဝတုန်းက ချစ်ကြိုက်စွဲလမ်းခဲ့သဖြင့် မထေရီမ မရောက်မီ ထိုကျောင်း

ယ်သို့ သွားနှင့်၍ ညောင်စောင်းအောက်၌ ပုန်းနေ၏။ မထေရ်မသည် ပြန်ရောက်၍ တံခါးကို ပိတ်ပြီး ညောင်စောင်းပေါ် ထိုင်နေကာမျှ၌ နန္ဒလုလင်သည် အောက်မှ ထွက်လာ၍ ညောင်စောင်းပေါ် တက်လာ၏။ မထေရ်မက "ဟယ် လူမိုက်၊ မဖျက်ဆီးနှင့်"ဟု တာမြစ်စဉ်ပင် ဗလက္ကာရ ပြုကျင့်ပြီး ထွက်သွား၏။ ထိုခဏ၌ပင်၊ ထိုသူယုတ်သည် မြေမျိုခံရပြီး အဝီစိ ငရဲသို့ ကျလေ၏။ ထိုအကြောင်းကိုကြားကြသည့် ရဟန်းတို့က လာ၍ လျှောက်ကြားသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ မကောင်းမှုကံကို ပြစ်မှားကျူးလွန်သော လူမိုက်သည် 'ပျားသကာကို စားရသူကဲ့သို့' ရှင်လန်းနှစ်သက်သော စိတ်ရှိလျက် ပြုလုပ်လေ့ရှိ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၉။ "လူမိုက်သည် မကောင်းမှုကံကို 'အကျိုးမပေးသမျှ ကာလပတ်လုံး' ပျားသကာကဲ့သို့ ထင်မှတ်၏။ မကောင်းမှုကံ အကျိုးပေးသောအခါ ၌ကား ထိုလူမိုက်သည် ဆင်းရဲဒုက္ခသို့ ရောက်ရလေ၏။"

## ၅၅။ ဇမ္ဗုက မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

"ကဿပဘုရား လက်ထက်က ရဟန်းတပါးသည် မိမိကျောင်းသို့ ရောက်လာသည့် ရဟန္တာမထေရ်အား မိမိ၏ ဒါယကာက အလွန်ကြည်ညိုသည်ကို မနာလို၍ ကျောင်း၌ မနေစေလိုသဖြင့် စကား မပြောဘဲ နေ၏။ ထို ဒါယကာက ဆွမ်းပင့်ဖိတ်သော် သူတပါးတည်း ကြွသွား၏။ ဒါယကာက ရဟန္တာ မထေရ်အတွက် လှူလိုက်သည့် ဆွမ်းကို လမ်းတွင် စွန့်ပစ်ပြီး ပြန်သွား၏။ "ဤမကောင်းမှုကံကြောင့် ထိုရဟန်းသည် သေသော် အဝီစိငရဲ၌ ဖြစ်၏။ ယခုဂေါတမဘုရား ပွင့်တော်မူသည့်အခါ သူသည် ထိုငရဲမှ လွတ်မြောက်ပြီး ရာဇဂြိုဟ်ပြည်ဝယ် သူကြွယ်မျိုး၌ ဖြစ်၏။ သူသည် ခြေဖြင့် သွားနိုင်သည့် ကာလမှ စ၍ အိပ်ရာ၌ မအိပ်လို။ ထမင်းကို မစားလို။ မိမိကိုယ်မှ ဖြစ်သော အညစ်အကြေးကိုသာ စားလေ့ရှိ၏။ ထိုအခါ မိဘတို့သည် သူ့ကို အာဇီဝကတက္ကတွန်းတို့ထံ သွား၍ ရဟန်းပြုပေးစေ၏။ အာဇီ

ဝကတို့သည် ထုံးစံအရ သူ့အား ဆံပင်မရိတ်ဘဲ ထန်းစေ့မှုတ် ထက်ခြမ်းပိုင်းဖြင့် ဆံပင်တို့ကို နုတ်၍ ရဟန်းပြုပေး၏။

နောက်တနေ့ မိဘတို့က အာဇီဝကတို့အား ဆွမ်းပင့်ကျွေးသော် သူသည် နေရစ်ခဲ့၍ ဝစ္စကုဋီ (အိမ်သာ)ထဲဆင်းပြီး မစင်ကို လက်နှစ်ဖက်ဖြင့် ယူ၍ စား၏။ နောက် နှစ်ရက်သုံးရက်ဆက်၍ နေရစ်ခဲ့သော် အာဇီဝကတို့က စုံစမ်း တွေ့ရှိသဖြင့် "အာဇီဝကတို့သည် မစင်ကို စားကုန်၏ဟု ရဟန်းဂေါတမ၏ တပည့်တို့ ကဲ့ရဲ့ကြလိမ့်မည်"ဟု ပြောဆိုတိုင်ပင်ကြပြီး သူ့ကို နှင်ထုတ်ကြ၏။ ထိုသူငယ် အာဇီဝကလည်း လူအပေါင်းတို့ ကျင်ကြီးစွန့်ရာ အရပ်သို့ သွားနေ၍ ညအခါ လူတို့ စွန့်ထားသည့် မစင်ကိုစားပြီး နေ့အခါ၌မူ လူတို့ကျင်ကြီးစွန့်လာလျှင် အနီးရှိ ကျောက်ဖျာပေါ်၌ ပါးစပ်ဖွင့်လျက် ခြေတဖက်ဖြင့်သာ ရပ်၍နေ၏။ လူတို့က မေးသော် သူက "ငါသည် လေကိုသာ စား၏။ ခြေနှစ်ဖက်ဖြင့် ရပ်လျှင်ငါ့ကို မြေကြီးက မထမ်းနိုင်ဘဲ တုန်လှုပ်သဖြင့် ခြေတဖက်ဖြင့်သာ ရပ်တည်၏။ နေ့ရောညပါ ဤသို့ နေ၏။ ထိုင်ခြင်း အိပ်ခြင်း မရှိ"ဟု ဆိုလေ၏။ ဤသို့ ပြုသည်ဟု ဆိုသဖြင့် သူသည် "ဇမ္ဗုက"ဟု အမည်တွင်၏။

လူတို့သည် များသောအားဖြင့် စကားဖြင့်သာ ယုံကြည်တတ်ရကား သူ့ကို အံ့ဩချီးမွမ်းပြီး အလွန်ကြည်ညိုကြ၏။ အင်္ဂတိုင်း၊ မဂဓတိုင်း၌ နေကြသူတို့သည် သူ့ထံလာပြီး လတိုင်း ခဲဘွယ် ဘောဇဉ် လျှာဘွယ် များစွာတို့ကို ယူဆောင်လာကြသော် ထိုဇမ္ဗုက အာဇီဝကက "ငါသည် လေမှ တပါး တခြားကို မစား"ဟု ငြင်းဆို၏။ ထိုလူတို့က "အဖန်တလဲလဲ တောင်းပန်မှ သူသည် လှူသည့်ထောပတ်၊ တင်လဲ စသည်တို့ကို သမန်းမြက်ဖျားဖြင့် လျှာဖျားပေါ်တင်လျက် "သင်တို့ သွားကြလော့။ ဤမျှလောက်သည် သင်တို့အား ချမ်းသာစီးပွား ဖြစ်စေလောက်ပြီ"ဟု ဆို၍ လွှတ်လိုက်၏။ ဇမ္ဗုကသည် ဤသို့ ၅၅ နှစ်ပတ်လုံး အဝတ်မဝတ်ဘဲ မစင်ကိုသာ စား၍ ဆံပင်တို့ကို နုတ်ပြီး မြေ၌သာ အိပ်လျက် နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက် မိုးသောက်ယာမ်၌ ထုံးစံအတိုင်း လောကကိုကြည့်ရှုသော် 'ထိုဇမ္ဗုက ရဟန္တာ ဖြစ်လတံ့သည်'ကို မြင်တော်မူ၍ ညနေစောင်းချိန်တွင် သူ့ထံသို့တပါးတည်း ကြွတော်မူ၏။ နတ်တို့သည် ကြိုတင်၍ မိုးကြီးရွာသွန်းစေလျက် ထိုကျောက်ဖျာပေါ်ရှိ ကျင်ကြီးကျင်ငယ် စသည်တို့ကို ဆေးကြော သုတ်သင်ကြပြီး တဖန်ပန်းမိုးကို ရွာစေကုန်၏။ ညနေချိန်တွင် ရောက်သွားပြီး ဇမ္ဗုကထံမှ "ဤနေရာ၌ တညမျှနေရာကို ပေး

ပါလော့”ဟု အဖန်တလဲလဲ ဖျောင့်ဖျပြောဆိုပြီးမှ နေခွင့်ရသဖြင့် မနီးမဝေး ရှိ တောင်ချိုင့်ဝှမ်းတခု၌ သီတင်းသုံးတော်မူ၏။ ညအခါ ပထမယာမ်၌ စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့ရင်း၊ မဇ္ဈိမယာမ်၌ သိကြားမင်းရင်း၊ ပစ္ဆိမယာမ်၌ မဟာ ဗြဟ္မာမင်းကြီးရင်း တောအုပ်တခုလုံးကို တပြိုင်နက် ထွန်းလင်းစေလျက် ဘုရားရှင်ထံ လာရောက် ဆည်းကပ်ကြ၏။ ဇမ္ဗုကလည်း ထိုပုဂ္ဂိုလ်တို့ အသီးသီးလာတိုင်း အလင်းရောင်ကို မြင်ရ၍ အံ့ဩနေ၏။

သူသည် နံနက်စောစော ဘုရားရှင်ထံသွား၍ အာလာပသလ္လာပစကား ပြောဆိုပြီး ထိုပုဂ္ဂိုလ်များ အကြောင်းကို မေးမြန်း၍ အကြောင်းစုံကိုကြား ရသော် “သင်သည် သူတို့ထက်ပင် မြတ်သလော”ဟု မေး၏။ မြတ်စွာဘုရား က “ဟုတ်ပေ၏။ ငါသည် သူတို့ထက် မြတ်၏။ သူတို့သည် ငါ့အား လုပ် ကျွေး ပြုစုသဖြင့် ငါ၏ကပ္ပိယတဦး၊ တပည့်သာမဏေတဦးနှင့် တူ၏”ဟုမိန့် တော်မူ၏။ ထိုအခါ ဇမ္ဗုကက “သင်ကား အံ့ဘွယ်ရှိပေစွ။ ငါသည် ဤ နေရာ၌ ၅၅ နှစ်တိုင် လေကိုစားပြီး အစဉ်အမြဲရပ်လျက်သာ နေထိုင်ကျင့် ကြံခဲ့သော်လည်း ထိုသို့သောပုဂ္ဂိုလ်မျိုး တဦးတလေမျှ ငါ့အား ခစားရန် မလာစဘူး”ဟု ဆို၏။ ထိုအခါ မြတ်စွာဘုရားက “သင်သည် လောက၌ မိုက်မဲ တွေဝေသော လူအပေါင်းတို့ကို လှည့်စားခဲ့ပြီ။ ယခုလည်း ငါဘုရား ကို လှည့်စားလိုဘိ၏။ သင်သည် ၅၅ နှစ်ပတ်လုံး မစင်ကိုသာ စားသည် မဟုတ်လော။ မြေ၌သာ အိပ်သည် မဟုတ်လော” စသည်ဖြင့် ဇမ္ဗုက ပြုကျင့် ခဲ့သမျှ အလုံးစုံကို ထုတ်ဖော်မိန့်ကြား၏။

ထို့နောက် “သင်သည် ရှေးဘဝကဤမည်သော မကောင်းမှု အကုသိုလ် ကံကြောင့် ယခုဘဝ၌ ဤသို့ မစင်ကို စားရလျက် အဝတ်ဗလာဖြင့် မြေ၌ အိပ်ရဘိ၏”ဟု အတိတ်ဘဝအကြောင်း အလုံးစုံကို ဟောပြတော်မူ၏။ ထိုသို့ ဟောနေစဉ်ပင် ဇမ္ဗုကသည် ထိတ်လန့်ခြင်း သံဝေဂ ကြီးစွာရ၍ ရှက် ကြောက်စိတ် ဖြစ်ပေါ်လာပြီး ဆောင့်ကြောင့်ထိုင်လျက် ဘုရားရှင် ပစ် ပေးသည့် ရေသနုပ်ကို ဝတ်၍ တရားတော်ကို ကြားနာလေလျှင် ရဟန္တာ ဖြစ်သွား၏။ ဘုရားရှင်က “ဧဟိဘိက္ခု”ဟု ခေါ်လေသော် ဇမ္ဗုကသည် ရှေးက ကျင့်ခဲ့သော ရဟန်းကျင့်ဝတ်၏ အကျိုးအားဖြင့် လူ့အသွင် ကွယ် ပျောက်ပြီး ရဟန်းအသွင်သို့ ပြောင်းသွား၏။ ထိုအခါ အင်္ဂတိုင်း, မဂဓ တိုင်းတို့မှ ဇမ္ဗုကအား ပူဇော်ရန် လာကြသည့် လူအပေါင်းသည် ဘုရားရှင် နှင့် ဇမ္ဗုကတို့ကို မြင်ကြသော် “ရဟန်းဂေါတမနှင့် ဇမ္ဗုကတို့ ဘယ်သူက မြတ်လေသနည်း”ဟု သံသယ ဖြစ်ကြ၏။

မြတ်စွာဘုရားသည် ထိုလူတို့၏ စိတ်အကြံကိုသိလျှင် "ဇမ္ဗုက၊ သင့် ဒါယကာတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်လော့"ဟု မိန့်ဆိုသော် ဇမ္ဗုက သည် ဘုရားရှင်အား ရှိခိုးပြီး ကောင်းကင်သို့ ပျံတက်ကာ "တပည့်တော် သည် ရှင်တော်ဘုရား၏ တပည့်သာဝကပါဘုရား"ဟု လျှောက်ကြားပြီး ပြန်ဆင်း၏။ သူသည် ဤသို့ ခုနစ်ကြိမ် ပြုလုပ်ပြီးသော် လူတို့သည် "ဘုရား ရှင်တို့ကား အလွန်အံ့ဩဘွယ် ရှိပေစွ။ မနှိုင်းယှဉ်အပ်သည့် ဂုဏ်ကျေးဇူးတော် ရှိပါပေ၏"ဟု ကြံစည်ကြ၏။ မြတ်စွာဘုရားက "ဒါယကာတို့၊ ဤဇမ္ဗုက သည် ရှေးကကဲ့သို့ သင်တို့၏ ပူဇော်သက္ကာရကို သမန်းမြက်ဖျားဖြင့် လျှာ ဖျား၌ တင်ထား၍ ခြိုးခြံသော အကျင့်ကို အနှစ်တရာပတ်လုံး ကျင့်မူ လည်း ယင်းအကျင့်သည် ယခု ဤဇမ္ဗုက၌ရှိသည့် အကျင့်သိက္ခာ၏ ဆဲ့ ခြောက်စိတ်စိတ် တစိတ်မျှကိုပင် မမှီနိုင်၊ အဖိုးမထိုက်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇၀။ "လူမိုက်သည် အစားအစာကို လစဉ်လတိုင်း သမန်းမြက်ဖျားဖြင့် (အလွန်ခြိုးခြံဆင်းရဲစွာ) စားစေကာမူ သူသည် တရားကို ပိုင်းခြား သိမြင်သော အရိယာ ပုဂ္ဂိုလ်တို့၏ ဆဲ့ခြောက် စိတ်စိတ် တစိတ်မျှပင် မမှီနိုင်၊ အဖိုးမထိုက်။"

## ၅၆။ မြွေပြိတ္တာ (အဟိပေတ)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏမထေရ်နှင့်အတူ ရာဇဂြိုဟ် ပြည်၌ ဆွမ်းခံရန် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာသော် မြွေပြိတ္တာ (အဟိပေတ) တကောင်ကိုမြင်၍ ပြုံးရယ်၏။ ရှင်လက္ခဏကမေးသော် ရှင်မောဂ္ဂလ္လာန်က "ဤပြဿနာကို ဘုရားရှင်ထံ၌ ငါ့အားမေးလော့"ဟုဆို၏။ ဆွမ်းခံပြီး၍ ဘုရားရှင်ထံ ရောက်သော် ရှင်လက္ခဏ မေးသဖြင့် ရှင်မောဂ္ဂလ္လာန်က "ငါ့ရှင် လက္ခဏ၊ ငါသည် မြွေပြိတ္တာတကောင်ကို မြင်ရ၍ ပြုံးရယ်၏။ မြွေပြိတ္တာ ၏ ဦးခေါင်းသည် လူ့ဦးခေါင်းနှင့်တူပြီး ကျန်ကိုယ်ကား မြွေနှင့်တူ၏။ နှစ်ဆဲ့ငါး ယူဇနာရှည်၏။ ထိုပြိတ္တာ၏ ဦးခေါင်းမှ ထသော မီးလျှံတို့ သည် အမြီးဖျားတိုင်အောင် တောက်လောင်၍သွားပြီး တဖန် အမြီးဖျားမှ

ထသော မီးလျှံတို့သည် ဦးခေါင်းတိုင်အောင် တောက်လောင်၍ သွားကုန်၏”ဟု ဆိုလေ၏။

ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့၊ ငါဘုရားလည်း ဤမြွေပြိတ္တာကို ငါဘုရား ဖြစ်သည့်နေ့၌ပင် မြင်တော်မူသော်လည်း ထိုမြွေပြိတ္တာအကြောင်းကို ထိုအခါက ငါဘုရား ဟောကြား၍ တပါးသူတို့ မယုံကြည်ကြလျှင် အကျိုးစီးပွား ပျက်စီးရာ၏ဟု သူတပါးကို သနားတော်မူသဖြင့် မဟောကြားဘဲ နေတော်မူခဲ့၏”ဟု မိန့်တော်မူ၏။ ထိုအခါ ရှင်မောဂ္ဂလ္လာန်နှင့်တကွ ရဟန်းများက ထိုမြွေပြိတ္တာ၏ ရှေးမကောင်းမှုကံကို မေးလျှောက်ကြသဖြင့် မြတ်စွာဘုရားက “ရှေးအခါက တောကျောင်း၌ နေတော်မူသော ပစ္စေကဗုဒ္ဓါ တပါးထံသို့ နေ့ညမပြတ် သွားရောက်ပူဇော်ကြသော လူတို့သည် လမ်းခရီးရှိ လယ်ကွင်းကို နင်းနယ်ပြီး သွားကြ၍ လယ်ပျက်စီးသဖြင့် ထိုလယ်ရှင် ယောကျ်ားသည်ထိုပစ္စေကဗုဒ္ဓါဆွမ်းခံသွားခိုက် ထိုတောကျောင်းကို မီးရှို့ပစ်၏။ ထိုပစ္စေကဗုဒ္ဓါ အရပ်တပါးသို့ ကြွသွားသော် လူတို့သည် အမျက်ထွက်၍ ရိုက်နှက်ထောင်းထုကြသဖြင့် ထိုယောကျ်ား သေသော် အဝီစိငရဲ၌ ဖြစ်ပြီး ထိုကံအကျိုးအကြွင်းအားဖြင့် ဤသို့ မြွေပြိတ္တာ ဖြစ်ရ၏”ဟု မိန့်တော်မူ၏။

ထို့နောက် “ရဟန်းတို့၊ ဤမကောင်းမှုမည်သည် နို့ရည်နှင့်တူ၏၊ နို့ရည်သည် ညှစ်ပြီးစ၌ မချဉ်မသိုးသေးသကဲ့သို့ ထို့အတူ အကုသိုလ်ကံလည်း ပြုစအခါ၌ အကျိုးမပေးသေး။ အကျိုးပေးသောအခါ၌ ဤကဲ့သို့သော ဆင်းရဲခြင်းဖြင့် ပူပန်စိုးရိမ်ရ၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇၁။ “ညှစ်ပြီးစ နို့ရည်သည် ရတ်တရက် ချဉ်သိုး မသွားသေးသကဲ့သို့ ပြုပြီးစ မကောင်းမှု ကံသည် ချက်ခြင်း အကျိုးမပေးပေ။ (အကျိုးပေးသောအခါ) ‘ပြာဖုံးနေသော မီးကဲ့သို့’ မကောင်းမှုပြုသော လူမိုက်ကို လောင်လျက် အစဉ်လိုက်၏။”

## ၅၄။ သဋ္ဌိကူဋ ပြိတ္တာ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရှေးနည်းတူပင် ဘုရားရှင်ထံရောက်၍ ရှင်လက္ခဏကိုမေးသော် ရှင်မောဂ္ဂလ္လာန်က “ငါ့ရှင် လက္ခဏ၊ ငါသည် ပြိတ္တာတကောင်ကို မြင်ရ၏။

ခန္ဓာကိုယ်သည် သုံးဂါဝုတ်မျှ ကြီး၏။ ထိုပြိတ္တာ၏ ဦးခေါင်း၌ သံတူ ခြောက်သောင်းတို့သည် အလျှံ ရဲရဲ တောက်လောင်ကုန်၏။ ကျကာ ကျကာ ထကြ တက်ကြကုန်ပြီး ဦးခေါင်းကို ရိုက်ခွဲကြကုန်၏။ ဦးခေါင်း ကွဲတိုင်း ကွဲတိုင်း ရှေးအတိုင်း တဖန် ပြန်ဖြစ်စေ၏။ ဤသတ္တဝါမျိုးကို ငါရှေးက မမြင်စဖူး၍ ငါပြုံးရယ်မိ၏”ဟုဆို၏။ ထိုအခါ မြတ်စွာဘုရားက ရှေးနည်း အတူ မိန့်ကြားပြီး–

“ရှေးအခါက ယောက်ျားတဦးသည် ကျောက်စရစ်အတတ်ကို သင်ယူပြီး၍ ပညာစမ်းရန် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတပါးကို မြင်လျှင် ကျောက်စရစ်ဖြင့် နားထဲသို့ ချိန်၍ ပစ်၏။ ထိုကျောက်စရစ်သည် တဖက်နားသို့ ထုတ်ချင်းပေါက် ထွက်သွားသဖြင့် ပစ္စေကဗုဒ္ဓါသည် ကျောင်းသို့ ပြန်၍ ပရိနိဗ္ဗာန်ပြုရရှာ၏။ ထိုသူသည် ပစ္စေကဗုဒ္ဓါအား ကိုးကွယ်ဆည်းကပ်သည့် လူတို့က ရိုက်နှက် ထောင်းထုကြသဖြင့် သေ၍ အဝီစိငရဲ၌ ကျက်ခံရ ပြီး ထိုကံ အကျိုးအကြွင်းအားဖြင့် ဤသို့‘သဋ္ဌိကူဋပြိတ္တာ’ဖြစ်ရလေ၏”ဟု မိန့်တော်မူ၏။

ထို့နောက်မှ “ရဟန်းတို့၊ အတတ်ပညာဖြင့် အစိုးရခြင်းသည် လူမိုက်တို့အား အကျိုးမဲ့ အချည်းနှီးသာ ဖြစ်စေ၏။ လူမိုက်သည် အတတ်ပညာနှင့် အစိုးရခြင်းကိုရလျှင် မိမိအကျိုးစီးပွားပျက်ခြင်းကို ပြုတတ်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၇၂။ “လူမိုက်၏ အတတ်ပညာသည် မိမိအကျိုးစီးပွား ပျက်စီးရန်သာ ဖြစ်၏။ ထိုလူမိုက်၏ ဖြူစင်သော ကောင်းမှုအဖို့ အစုကို ဖျက်ဆီးတတ်၏။ ထိုလူမိုက်၏ ပညာတည်းဟူသော ဦးထိပ်ကို ဖြတ်၍ ကျစေတတ်၏။”

## ၅၈။ စိတ္တ သူကြွယ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

‘မစ္ဆိကာသဏ္ဍ’မြို့၌ စိတ္တသူကြွယ်သည် ပဉ္စဝဂ္ဂီ ငါးဦးထဲ၌ ပါဝင်သော မဟာနာမ်မထေရ် ဆွမ်းခံကြွသည်ကို မြင်လျှင် ကြည်ညို၍ အိမ်သို့ ပင့်ပြီး ဆွမ်းကျွေး၏။ သူသည် မထေရ်၏ တရားတော်ကို နာရ၍ သောတာပန် ဖြစ်သော် မိမိ၏ သရက်ဥယျာဉ်ကို ကျောင်းအာရာမ်ပြု၍ ကျောင်းဆောက်

ဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူပြီး ယူဇနာတရာဝေးသည့် အရပ်သို့ ကြွသွား၏။ သူသည် ရွာတရွာသို့ ရောက်သွားပြီး တောကျောင်း၌ နေ၏။ နောက်တနေ့ ထိုသာမဏေ ထိုရွာသို့ ဆွမ်းခံကြွသော် လူတို့သည် သူ့အား ဆွမ်းကို လှူကြ၍ ရိုသေမြတ်နိုး ရှိခိုးကြ၏။ ရှင်တိဿသည် ရွာသားတို့က တောင်းပန်သဖြင့် ထိုတောကျောင်း၌ ဝါတွင်း သုံးလ နေ၍ ထိုရွာ၌ပင် အမြဲဆွမ်းခံ၏။ လူတို့က ရှိခိုးကြ လှူဒါန်းကြသည့် အခါတိုင်း "သုခိတာ ဟောထ, ဒုက္ခာ မုစ္စထ" (ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကြပါစေ) ဟုသာ မိန့်ဆို၍ ဖဲ့သွားလေ့ရှိ၏။

ရှင်တိဿသည် ထိုကျောင်း၌နေလျက် တရားအားထုတ်ရာ သုံးလမျှရှိလျှင် ရဟန္တာ ဖြစ်၏။ ဝါကျွတ်သော် ရှင်သာရိပုတ္တရာသည် ဘုရားရှင်ကို ပန်ကြား၍ ရှင်မောဂ္ဂလ္လာန်၊ မဟာသာဝက ရှစ်ဆယ်နှင့်တကွ ထိုမထေရ်တို့၏ အခြံအရံ ရဟန်းငါးရာစီ (ပေါင်းရဟန်းလေးထောင်)ကို ယူပြီး ထိုတောကျောင်းသို့ ကြွလေ၏။ ရွာသားတို့သည် ထိုအကြောင်းကို ကြားလျှင်ပင် ညောင်စောင်း, အိပ်ရာခင်း, ဆီမီးစသည်တို့ကို ယူ၍ ကျောင်းသို့လာကြ၏။ ရှင်တိဿသည် မထေရ်တို့၏ သင်္ကန်းသပိတ်ကို ယူလျက် သိုမှီးစဉ်ပင် မိုးချုပ်၏။ ထိုအခါ ဒါယကာတို့က "တပည့်တော်တို့ ရှေးက တရားမနာကြရပါ၍ တရားဟောတော်မူပါ" ဟု လျှောက်ကြသဖြင့် ဥပဇ္ဈာယ်ဆရာ ရှင်သာရိပုတ္တရာက တိဿ သာမဏေအား "သင်သည် သင်၏ အလုပ်အကျွေး ဒါယကာတို့အား တရား ဟောလော့" ဟု မိန့်ဆို၏။

ထိုအခါ ဒါယကာတို့က "တပည့်တော်တို့၏အရှင်ကား 'သုခိတာဟောထ, ဒုက္ခာ မုစ္စထ' ဟူ သော ပုဒ်နှစ်ပုဒ်မှ တပါး တခြားတရားကို မသိသဖြင့် ဓမ္မကထိကတပါးကိုပေးသနားပါဘုရား" ဟုလျှောက်ကြ၏။ ထိုအခါရှင်သာရိ ပုတ္တရာက "တိဿ၊ အဘယ်သို့လျှင် ချမ်းသာကြ၍ အဘယ်သို့လျှင် ဆင်းရဲမှ လွတ်ကုန်သနည်း။ ဤနှစ်ပုဒ်တို့၏အဓိပ္ပာယ်ကိုငါတို့အားဟောကြားဦးလော့" ဟု မိန့်ဆိုလေ၏။ သာမဏေသည် ယပ်ကိုကိုင်လျက်ပလ္လင်ပေါ်တက်ပြီးနိကာယ် ငါးရပ်တို့ကို မွှေနှောက်၍ ခန္ဓာ, အာယတန, ဓာတ်, ဗောဓိပက္ခိယ တရား တို့ကိုဝေဖန်လျက် အရဟတ္တဖိုလ်လျှင် အဆုံးစွန် အထွဋ်အထိပ်ဖြစ်သောတရား တော်ကို ဟောလေ၏။ ထိုနောက်မှ "အရှင်ဘုရား၊ ဤသို့လျှင် အရဟတ္တဖိုလ် သို့ရောက်သော သူမှာ ချမ်းသာခြင်း ဖြစ်ပါ၏။ ဆင်းရဲမှလည်း လွတ်မြောက် ပါ၏။ ကြွင်းသော သတ္တဝါတို့ကား အပါယ်ငရဲမှအစ ဝဋ်ဆင်းရဲအပေါင်းမှ မလွတ်နိုင်ကြပါဘုရား" ဟု ဟောကြားလျှောက်ထား၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် သာမဏေအား ကောင်းချီးပေးတော်မူပြီး ပိဋကတ်တော်ကို ရွတ်ဆိုခိုင်းပြန်၏။ ပြီးသော် အရဟတ်ဘက်၏။ ထိုအခါ တရားနာ ဒါယကာတို့အနက် တချို့က "ဤ သာမဏေသည် ဤသို့သော တရားစကားကို တတ်သိပါလျက် ဤမျှကာလပတ်လုံး မိဘသဖွယ် လုပ်ကျွေးကြသည့် ငါတို့အား အဘယ့်ကြောင့် တရားတပုဒ်ဘလေမျှမဟောဘဲနေနိုင်ဘိသနည်း" ဟု အမျက်ထွက်ကြပြီး တချို့ကမူ "ဤသာမဏေကို ဤသို့သော ဂုဏ်ကျေးဇူး ရှိသည်, မရှိသည်ကို မသိဘဲနှင့် လုပ်ကျွေးခဲ့ရသော ငါတို့အား အရတော်ပေစွ" ဟု နှစ်သက် ဝမ်းမြောက်ကြ၏။ ထိုနေ့ နံနက် စောစော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေလျက်ပင် ဉာဏ်တော်ဖြင့် ထို ဒါယကာတို့၏ စိတ်အကြံအစည် များကို သိတော်မူ၍ "သာမဏေအား အမျက်ထွက်သူတို့သည် ငရဲသို့ ရောက်ကုန်၏။ ထိုသူတို့အား သာမဏေ၌ မေတ္တာစိတ်ကို ဖြစ်စေ၍ ဆင်းရဲမှ လွတ်စေ၏" ဟု ကြံတော်မူ၏။

ထိုရွာသားတို့လည်း တရားပွဲပြီး၍ ရဟန်းအပေါင်းကို ဆွမ်းပင့်ဖိတ်ပြီး ရွာသို့ သွား၍ မဏ္ဍပ်ဆောက်လျက် ယာဂုဆွမ်း စသည်တို့ကို စီရင်ကြ၏။ ဆွမ်းစားချိန်၌ ရဟန်းသံဃာတို့ ရွာသို့ ကြွကြသော် မြတ်စွာဘုရားသည် စိတ္တက္ခဏအတွင်းကြွ၍ ထိုရဟန်းတို့၏ရှေ့၌ ရပ်တော်မူ၏။ ရွာသားတို့သည် နှစ်သက်ရွှင်လန်း အုတ်အုတ်ကျက်ကျက် ဖြစ်ကြပြီး ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား သိတင်းသုံးစေ၍ ယာဂုဆွမ်း စသည်တို့ဖြင့် လုပ်ကျွေး ကြ၏။ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်က "ဒါယကာတို့၊ သင်တို့အားအရ တော်ပေစွ။ မိမိတို့၏ ဆရာသာမဏေကို အမှီပြု၍ ငါဘုရားနှင့်တကွ အဂ္ဂ သာဝက, မဟာသာဝကတို့ကို ဖူးခွင့် ရကြပေ၏" ဟူ၍ အနုမောဒနာများကို မိန့်တော်မူ၏။ ထိုအခါ အမျက်ထွက်ခဲ့ကြသော လူတို့ပင် "ဩော် ငါတို့ သည် ဘုရားရှင်နှင့် တကွ အဂ္ဂသာဝက,မဟာသာဝတို့အား နှစ်သက်စေနိုင် သည့် ငါတို့၏ အရှင် သာမဏေကို ရသည်မှာ အလွန်ပင် အရတော်ပေစွ" ဟု နှစ်သက် ဝမ်းမြောက် ကြလေ၏။

မြတ်စွာဘုရားသည် အနုမောဒနာတရားကို ဟောကြားပြီး လူများစွာကို သောတာပန် ဖြစ်စေလျက် ရွာမှဖဲကြွပြီး ရဟန်း အပေါင်း ခြံရံလျက် ဇေတ ဝန် ကျောင်းသို့ ကြွတော်မူ၏။ ရောက်လျှင် ရဟန်းတို့သည် ဓမ္မသဘင်သို့ ကြွလာသော ဘုရားရှင်အား "တိဿသာမဏေကား ပြုနိုင်ခဲသည်ကို ပြုပေ ၏။ ဤသာမဏေအား ဤသာဝတ္ထိပြည်၌ လာဘ်လာဘ လွန်စွာ ပေါများ

ပါလျက် ယခု ဤသို့သော လာဘ်လာဘကို စွန့်ပြီး တောသွ်နေ၍ တော အစားအစာဖြင့် ရောင့်ရဲကာ နေဘိ၏”ဟု ချီးကျူး လျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့၊ ရဟန်းမည်သည် မြို့သွ်ဖြစ်စေ တောသွ်ဖြစ်စေ လာဘ်လာဘကိုအကြောင်းပြုပြီး မနေသင့်၊မကျင့်ကြံသင့်။ လာဘ်လာဘကို စွန့်ပယ်ပြီး တောသွ် မွေ့လျော်ကာ နိဗ္ဗာန်ရောက်လိုသည့် ဆန္ဒပြင်းပြစွာ တရားအားထုတ်သော ရဟန်းသည် ကောန် ရဟန္တာ ဖြစ်ရပေ၏” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇၅။ “လာဘ်လာဘကို ရကြောင်း အကျင့်သည် တခြား။ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်သည် တခြားတည်း။ ဤသို့ ဗုဒ္ဓ၏တပည့်သာဝကသည် ဤအကျင့်နှစ်မျိုးကို ခွဲခြားသိမြင်၍ လာဘ်ပူဇော်သက္ကာကို မနှစ်သက်မတောင့်တရာ။ တကိုယ်တည်းနေ၍ နိဗ္ဗာန်ပေါက် ကျင့်စဉ်တရားကို အစဉ်ပွားများရာ၏။”

[redacted]

# [ ၆ ] ပဏ္ဏာသ တစ်ဝဂ်

## ၆၀။ ရာဓမထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အလွန်ဆင်းရဲလှသော 'ရာဓ'အမည်ရှိ ပုဏ္ဏားအိုတဦးသည် ကျောင်း၌ ရဟန်းတော်များအား ဝေယျာဝစ္စ ကိစ္စများကို ပြုလုပ်ပေးလျက် ကျောင်း၌သာ နေ၏။ သူ့အား ရဟန်းတို့က အစားအစာ, အဝတ်,နေရာတို့ကိုပေးကြသော်လည်း ရဟန်းပြုခြင်းကိုမူ အလိုမရှိကြကုန်။ ပုဏ္ဏားကြီးသည် ရဟန်းမပြုရ၍ ပိန်ချုံးလေ၏။ တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ယာမ်၌ ထုံးစံအတိုင်း လောကကို ကြည့်ရှုသော် "ထိုပုဏ္ဏားကြီး ရဟန္တာဖြစ်လတံ့" သည်ကို မြင်တော်မူ၍ ပုဏ္ဏားကြီးထံ ကြွသွားပြီး မေးတော်မူ၏။ ပုဏ္ဏားကြီးထံမှ "ရဟန်းပြုလိုလျက် ရဟန်းတို့က သူ့အား ရဟန်းပြုမပေးကြောင်း" ကြားရလျှင် မြတ်စွာဘုရားသည် ရဟန်းများကို စည်းဝေးစေပြီး "ဤပုဏ္ဏားကြီး ပြုစုဘူးသည့် ကျေးဇူးကို အောက်မေ့နိုင်သောရဟန်း ရှိသလော"ဟု မေးတော်မူ၏။ ရှင်သာရိပုတ္တရာက"တပည့်တော် အောက်မေ့မိပါ၏။ ဤပုဏ္ဏားကြီးသည် တပည့်တော်အား ဆွမ်းတဇွန်း လှူခဲ့ဘူးပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "သင့်အား ဤသို့ ကျေးဇူးပြုဘူးသူ တဦးကို ဆင်းရဲအပေါင်းမှ လွတ်စေသင့်သည် မဟုတ်လော" ဟု မိန့်တော်မူသော် ရှင်သာရိပုတ္တရာက "မှန်လှပါ။ တပည့်တော် ရဟန်းပြုပေးပါမည်" ဟု လျှောက်ပြီး ထိုပုဏ္ဏားကြီးကို ရဟန်းပြုပေး၏။ ထိုရာဓ ရဟန်းကြီးအား "ရဟန်းကြီး၊ ဤအမှုကား သင် ပြုအပ်၏။ ဤအမှုကား သင် မပြုအပ်" ဟု အမြဲမပြတ် သွန်သင်ဆုံးမ၏။ ထိုရဟန်းကြီးလည်း ဆုံးမလွယ်သူဖြစ်၍ ထို

အဆုံးအမကို ရှိသေစွာ လိုက်နာပြီး ကျင့်ကြံသော် နှစ်ရက် သုံးရက်အတွင်း ရဟန္တာ ဖြစ်၏။ ထိုအခါ တနေ့သ၌ တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား ရဟန်းတို့က "ရှင်သာရိပုတ္တရာ၏ ကျေးဇူးသိတတ်ပုံ၊ ထိုရဟန်းကြီး၏ အဆုံးမရ လွယ်ကူပုံ"တို့ကို ချီးမွမ်းလျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန်းမည်သည် ရာဓမထေရ်ကဲ့သို့ ပြောဆိုဆုံးမလွယ်သူ ဖြစ်ရာ၏။ အပြစ်ပြ၍ ပြောဆိုဆုံးမသော် အမျက်မထွက်အပ်"ဟု မိန့်တော်မူ၍ ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇၆။ "အပြစ်ဖော်ပြ၍ နှိပ်ချ ဆုံးမလေ့ရှိသော၊ အမြော်အမြင် အသိပညာကြီးမားသော ပညာရှိမျိုးကို မြုပ်ထားသည့် ဥစ္စာရွှေအိုးကို လာပြောကြားသူ ကဲ့သို့" မှတ်ယူပြီး ဆည်းကပ်ရာ၏။ ထိုသို့သော ပညာရှိကို မှီဝဲဆည်းကပ်သူမှာ အကျိုးထူးရ, မြင့်မြတ်လှ၏။ အကျိုးယုတ်မှု, ယုတ်ညံ့မှုမျိုး မဖြစ်ပေ။"

## ၆၁။ အဿဇိ ပုနဗ္ဗသုက ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'အဿဇိ ပုနဗ္ဗသုက'မည်သော အဂ္ဂသာဝကမထေရ်ကြီးတို့၏ တပည့်ရင်း ရဟန်းတို့သည် အခြံအရံရဟန်းငါးရာနှင့် အတူ ဇနပုဒ်တခု၌ နေကြလျက် ပန်းပင်,သစ်ပင်များစိုက်ပျိုးပြီး ဝိနည်းနှင့် မလျော်ညီသော ပန်းပေးခြင်း, သစ်သီးပေးခြင်း စသည်တို့ကိုပြု၍ ရအပ်သော ပစ္စည်းတို့ဖြင့် အသက်မွေးကုန်၏။ ထိုကျောင်း၌ ဝိနည်းနှင့်အညီ နေထိုင်ကြသည့် သီလရှိ ရဟန်းများ မနေနိုင်အောင်ကြကုန်ပြု၏။ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင် အဂ္ဂသာဝကနှစ်ပါးကိုခေါ်ပြီး "သင်တို့ သွား၍ ထိုရဟန်းယုတ်တို့အား 'ဒါယကာတို့၏ သဒ္ဓါတရားအစစ်ကို ဖျက်ဆီးခြင်း (ကုလဒူသန) အမှု'ကို မပြုအောင် ပြောဆို ဆုံးမတားမြစ်ကြလော့။သင်တို့စကားကို မလိုက်နာသည့် ရဟန်းများအား ထိုကျောင်းမှရင်း၊ ထိုရွာမှရင်း နှင်ထုတ်ကြလော့။ ပြောဆိုဆုံးမတတ်သော၊ မကောင်းမှုမှ တားမြစ်တတ်သော သူကို ပညာမဲ့ သူတို့သာ မချစ်မနှစ်သက်ပေ။ ပညာရှိတို့ကား နှစ်သက်မြတ်နိုးကြ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇၇။ "အပြစ်မြင်က ဆုံးမရာ၏။ အပြစ် မဖြစ်မီ အကြိမ်ကြိမ် ဆုံးမရာ၏။ မကောင်းသော အပြုအမူတို့မှလည်း တားမြစ်ရာ၏။ ထိုသို့ ဆုံးမပဲ့ပြင် တားမြစ်တတ်သောသူကို သူတော်ကောင်းတို့ ချစ်ခင်နှစ်သက် မြတ်နိုး ၏။ မသူတော်တို့သာ မချစ်မနှစ်သက်ပေ။"

ထိုအခါ အဂ္ဂသာဝကာ နှစ်ပါးတို့သည် ထိုဇနပုဒ်သို့ သွား၍ ထိုရဟန်း တို့အား ဆုံးမပဲ့ပြင် တားမြစ်ကြပြီး အဆုံးအမ မနာခံသူတို့ကို ထိုကျောင်း မှ နှင်ထုတ်ကြလေ၏။

## ၆၂။ ဆန္န မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရား တောထွက်စဉ်က "မြင်းမြီးဆွဲ မောင်ဆန်"အဖြစ် လိုက် ပါခဲ့သော ဆန္နအမတ်သည် ရဟန်းပြုလေသော် ဘုရားရှင်၏ အရှိန်အဝါဖြင့် အလွန် မာနထောင်၏။ သူက "ငါကား ငါတို့အရှင်နှင့်အတူ တောထွက်ခဲ့ ၏။ ထိုစဉ်က ငါမှတပါး အခြားတယောက်ကိုမျှ မမြင်ရ။ ယခုမှ 'ငါရှင် သာရိပုတ္တရာ၊ ငါ့ရှင်မောဂ္ဂလ္လာန်၊ ငါတို့ကား အဂ္ဂသာဝက'ဟု ဤပုဂ္ဂိုလ် နှစ်ဦးသည် လှည့်လည်သွားလာကုန်၏" စသည်ဖြင့် အဂ္ဂသာဝကနှစ်ပါးကို ဆဲရေးလေ့ ရှိ၏။ ထိုအကြောင်းကို ကြားသိ၍ ဘုရားရှင်က ခေါ်ဆုံးမသော် လည်း ဆုံးမစဉ်သာ ဆိတ်ဆိတ်နေပြီး တဖန် ထိုမထေရ်တို့ကို ဆဲမြဲဆဲပြန် လေ၏။ သုံးကြိမ်တိုင် ဆုံးမ၍ ဆဲရေးပြန်သော် မြတ်စွာဘုရားက ဆန္နမထေရ် ကို ခေါ်၍ "ချစ်သား ဆန္န၊ ဤယောကျ်ားမြတ် အဂ္ဂသာဝက နှစ်ပါးတို့ ကား သင်၏ မိတ်ဆွေကောင်းများ ဖြစ်ကြ၏။ ဤသို့သော မိတ်ဆွေကောင်း များကို မှီဝဲဆည်းကပ်လော့"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၇၈။ "ယုတ်မာသည့် မိတ်ဆွေတို့ကို မဆည်းကပ်ရာ။ ယုတ်မာသော ပုဂ္ဂိုလ် တို့ကို မဆည်းကပ်ရာ။ မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ရာ၏။ ပုဂ္ဂိုလ် မြတ်တို့ကို ဆည်းကပ်ရာ၏။"

ဤဆုံးမစကား တရားတော်ကို ကြားရသော်လည်း ဆန္နမထေရ်သည် ရဟန်းများအား ဆဲမြဲဆဲပြန်လေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် မြတ်စွာဘုရားက "ရဟန်းတို့၊ ငါသက်တော်ထင်ရှားရှိစဉ် ဆန္နကို ဆုံးမရန်

သင်တို့ မတတ်နိုင်လတံ့။ ငါဘုရား ပရိနိဗ္ဗာန်ပြုလေသော် သင်တို့ တတ်နိုင်လတံ့”ဟု မိန့်တော်မူ၏။ နောက် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်းပေါ်၌ လျောင်းတော်မူသောအခါ ရှင်အာနန္ဒာက “ဆန္နမထေရ်အား ဗြဟ္မဒဏ်ကို ပေးကြလော့”(ဗြဟ္မဒဏ်ဟူသည် ဆန္နမထေရ် ဘာလုပ်လုပ် ရဟန်းများက ဘာမှမပြောဘဲ အဖက်မလုပ်ဘဲ စွန့်ပယ်ခြင်းတည်း)ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ ဆန္နမထေရ်သည် ရှင်အာနန္ဒာထံမှ ထိုအကြောင်းကို ကြားသိရသောအခါမှ ယူကျုံးမရ ထိတ်လန့်သံဝေဂ ရပြီး သုံးကြိမ်တိုင် မူးမေ့လဲကျသွား၏။ နောက် ရဟန်းများအား အကြိမ်ကြိမ် ဝန်ချတောင်းပန်ပြီး အဆုံးအမ နာခံ၍ ရဟန်းတရားအားထုတ်သော် ရဟန္တာ ဖြစ်သွားလေ၏။

## ၆၃။ မဟာကပ္ပိန မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

‘ကုက္ကုဋဝတီ’ပြည်၌ ‘မဟာကပ္ပိန’မည်သော မင်းကြီး စိုးစံ၏။ သူ့မိဖုရားကြီးကား ‘အနောဇာ’မည်၏။ မင်းကြီးမှာ အမတ်တထောင် အခြံအရံရှိ၏။ တနေ့သ၌ မင်းကြီးသည် ထိုအမတ်တထောင် အခြံအရံဖြင့် မြင်းစီးလျက် ဥယျာဉ်သို့ ထွက်လေသော် သာဝတ္ထိပြည်မှ လာသည့် ကုန်သည်များနှင့် တွေ့၍ “သာဝတ္ထိပြည်၌ ဘုရား, တရား, သံဃာဟု ရတနာသုံးပါး ပေါ်ကြောင်း” ကြားရလျှင် ချက်ခြင်း သာဝတ္ထိပြည်သို့ ရှေးရှုထွက်ခွာလေ၏။ မြတ်စွာဘုရားသည် ထိုနေ့ နံနက်စောစောကပင် လောကကို ကြည့်ရှုသော် ထိုမင်းကြီးနှင့် အမတ်တထောင်တို့ လာနေကြသည်ကို မြင်တော်မူ၍ သူတို့အား ရဟန္တာဖြစ်လတံ့သည်ကို သိမြင်တော်မူသဖြင့် “ထိုမင်းအား ခရီးဦးကြိုပြုအံ့”ဟု ယူဇနာ ၁၂၀ ရှိသော ခရီးကို ကြွတော်မူပြီး ‘စန္ဒဘာဂါ’ မြစ်ကမ်းနားရှိ ညောင်ပင်ရင်း၌ ရောင်ခြည်ခြောက်သွယ် လွှတ်လျက် နေတော်မူ၏။

မင်းကြီးနှင့် အမတ်တထောင်တို့သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို သဒ္ဓါကြည်လင် ဆင်ခြင်လျက် မြစ်သုံးတန်ကို ရေပေါ်၌ မြင်းများဖြင့် ကူးဖြတ်ပြီးနောက် ထိုနေရာအနီးသို့ ရောက်သော် ဘုရားရှင်၏ ပြိုးပြိုး

ပြက်ပြက် ဖြိုင်ဖြိုင်ထွက်နေသော ရောင်ခြည်ခြောက်သွယ်တို့ကို မြင်ရလျှင် မြင်းများပေါ်မှ ဆင်း၍ ဘုရားရှင်ထံ လာပြီး ရှိခိုးကာ နေကြ၏။ မြတ်စွာဘုရား၏ တရားကို ကြားနာရ၍ ထိုသူအားလုံး သောတာပန် ဖြစ်ကြပြီး ရဟန်းပြုခွင့် တောင်းကြ၏။ ဘုရားရှင်က ထိုသူတို့၏ ရှေးဘဝက သင်္ကန်းလှူဘူးသည်ကို ဆင်ခြင်သိတော်မူ၍ "ဧဟိ ဘိက္ခု"ဟု ခေါ်ပြီး ရဟန်းအဖြစ်သို့ ရောက်စေ၏။ 'အနောဇာ' မိဖုရားကြီးလည်း ထိုလှည်းကုန်သည်တို့ထံမှ အကြောင်းစုံကို ကြားသိရလျှင်ပင် အမတ်ကတော် တထောင်နှင့်အတူ ရထားတထောင်ဖြင့် မင်းကြီးသွားခဲ့သည့် လမ်းအတိုင်း သွား၍ ထိုနေရာသို့ ရောက်လာ၏။ ထိုအခါ ဘုရားရှင်သည် ထိုရဟန်းတထောင်ကို တန်ခိုးဖြင့် ဖုံးကွယ်ထားတော်မူ၏။

မိဖုရားကြီးနှင့် အဖွဲ့တို့လည်း ရောင်ခြည်တော်များကို မြင်လျှင် ဘုရားရှင်ထံ သွား၍ "မင်းကြီး ဘယ်မှာနည်း။ ပြတော်မူပါ"ဟု လျှောက်၏။ "သင်တို့ထိုင်ကြဦး၊ ဤနေရာ၌ပင် ထိုမင်းကြီးကို မြင်ရလတံ့"ဟု မိန့်တော်မူသဖြင့် သူတို့သည် နှစ်သက်ရွှင်လန်းစွာ ထိုင်နေကြ၏။ ဘုရားရှင်လည်း အစဉ်အတိုင်း တရားဒေသနာကို ဟောတော်မူသော် ထိုမိန်းမတို့အားလုံး သောတာပန်ဖြစ်၍ ထိုရဟန်းတို့အားလုံး ရဟန္တာ ဖြစ်ကြ၏။ ထိုခဏ၌ပင် မြတ်စွာဘုရားသည် မိဖုရားနှင့် အမတ်ကတော်တို့အား ယင်းတို့၏ ခင်ပွန်းရဟန်းများကို ပြတော်မူ၏။ ထိုမိန်းမတို့က ရဟန်းပြုခွင့် တောင်းခံကြသော် မြတ်စွာဘုရားက "သင်တို့ သာဝတ္ထိပြည်သို့သွား၍ ရဟန်းမတို့ကျောင်း၌ ရဟန်းပြုကြလော့"ဟု လွှတ်လိုက်၏။ ထိုမိန်းမတို့လည်း သွား၍ ရဟန်းပြုပြီး မကြာမီပင် ရဟန္တာ ဖြစ်ကြ၏။ မြတ်စွာဘုရားလည်း ထိုရဟန်းတထောင် ခြံရံလျက် ကောင်းကင်ဖြင့် ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။

မဟာကပ္ပိန မထေရ်သည် ညဥ့်သန့်ရာ, နေသန့်ရာ အရပ်စသည်တို့၌ "အဟောသုခံ=ဩော် ချမ်းသာစွ၊ ဩော် ချမ်းသာစွ"ဟု ဥဒါန်းကျူးရင့်လျက် သွားလာလေ့ ရှိ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားက "ငါ့သား ကပ္ပိနသည် တရားအရသာကို သောက်စို့ရသူ ဖြစ်၏။ အမြိုက်နိဗ္ဗာန်တရားကို အာရုံပြု၍ ဤသို့ ဥဒါန်းကျူးရင့်ခြင်း ဖြစ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၇၉။ "တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးကြည်လင်သော စိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော တရားတော်၌ အမြဲမွေ့လျော်ပေ၏။"

## ၆၄။ ပဏ္ဍိတ သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ 'ပဏ္ဍိတ' အမည်ရှိသော သူဌေးသားငယ်သည် ခုနစ်နှစ်သားအရွယ်တွင် ရှင်သာရိပုတ္တရာထံ၌ ရှင်ပြု၏။ ရှင်ပြုပြီးရှစ်ရက်မြောက်နေ့၌ မထေရ်နှင့်အတူ ဆွမ်းခံကြွရာ ခရီးအကြား၌ မြောင်းဖြင့် ရေသွယ်ပြီး လယ်လုပ်သူများကို မြင်လျှင် မထေရ်အား "စိတ်မရှိသော ရေကို မိမိလိုရာအရပ်သို့ ရောက်အောင် ဆောင်နိုင်ကြသလော" ဟု မေး၏။ မထေရ်က "ဆောင်နိုင်သည် မှန်၏" ဟု အမိန့်ရှိလျှင် သာမဏေသည် "စိတ်မရှိသည့် ရေကိုအလိုရှိရာသို့ ဆောင်ယူ၍ လယ်လုပ်ခြင်း စသည့်အမှုကို ပြုလုပ်နိုင်ကြလျှင် စိတ်ရှိသောသူတို့လည်း စိတ်ကို မိမိတို့ အလိုသို့လိုက်စေ၍ ရဟန်းတရားကို အားထုတ်ရန် အဘယ်ကြောင့် မတတ်နိုင်အံ့နည်း" ဟု ကြံလေ၏။ နောက် ဆက်သွား၍ "မြားတံကို မီး၌ ကင်၍ မျက်စိထောင့်ဖြင့် ကြည့်လျက် ဖြောင့်အောင် ပြုလုပ်နေသည့် လေးသမား" ကို မြင်လျှင် မထေရ်အား ရှေးနည်းတူ မေး၍ ရှေးနည်းတူပင် ကြံ၏။

နောက်ဆက်သွား၍ "သစ်တိုကို ဖြတ်တောက်လှီးကာ ရွှေဘော်ထိုးပြီး လှည်းဘီးစသည် ပြုလုပ်နေကြသည့် လက်သမားများ" ကို မြင်လျှင် မထေရ်အား ရှေးနည်းတူ မေး၍ ရှေးနည်းတူပင် ကြံ၏။ ထိုအခါ သာမဏေသည် မထေရ်အား ပန်ကြားပြီး ကျောင်းသို့ပြန်၍ အခန်းထဲ၌ နေလျက် မိမိ၏ ခန္ဓာကိုယ်၌ ဉာဏ်ကို သွင်းချပြီးလျှင် အတ္တဘောကို သုံးသပ်ကာ နေ၏။ သူ၏ ဂုဏ်ကျေးဇူးအာနုဘော်ကြောင့် သိကြားမင်းသည် စတုမဟာရာဇ် နတ်မင်းကြီးလေးဦးကိုကျောင်းပတ်ဝန်းကျင်၌ဘေးအန္တရာယ်အသံ ဆူညံမှုမရှိအောင် ခစောင့်ရှောက်စေ၏။ နေနတ်သား၊ လနတ်သားတို့အား နေလတို့ကို ဆွဲငင် ရပ်တန့်ထားစေပြီး ထိုကျောင်းတံခါးဝ၌ ကိုယ်တိုင် စောင့်ရှောက်နေ၏။ ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုကြောင့် သာမဏေသည် မတုန်မလှုပ်တည်ကြည် ကြည်လင်သည့် စိတ်ဖြင့် ခန္ဓာကိုယ်ကို သုံးသပ် ဆင်ခြင်လျက်ဝိပဿနာ ပွားသော် ဆွမ်းစားချိန် မတိုင်မီ အနာဂါမ်ဖြစ်၏။

ရှင်သာရိပုတ္တရာလည်း သာမဏေအတွက် ဆွမ်းကို ယူဆောင်လာနေ၏။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီးသော် "တိုက်ခန်းတွင်း၌ တရားအားထုတ်နေသည့် ပဏ္ဍိတ သာမဏေ အနာဂါမ် ဖြစ်ကြောင်း၊ ဆက်အားထုတ်လျှင် ရဟန္တာဖြစ်မည့်အကြောင်း"သိမြင်တော်မူသဖြင့် သာမဏေ တရားဆက်လက်အားထုတ် နိုင်စေရန်အတွက် တံခါး မုခ်သို့ ကြွနှင့်ကာ နေတော် မူ၏။ နောက်ရောက်လာသော ရှင်သာရိပုတ္တရာအား ပြဿနာ လေးပါးကို မေး၍ ဖြေဆိုနိုင်းလျက် အချိန်ဆွဲထားတော်မူ၏။ မထေရ်သည် ပြဿနာလေးပါးကို ဖြေကြားပြီးသည့် ခဏ၌ပင် သာမဏေသည် ရဟန္တာဖြစ်၏။ ရှင်သာရိပုတ္တရာသည်သာမဏေထံ သွား၍ ဆွမ်းကို ပေး၏။ သာမဏေ ဆွမ်းစားပြီးသော် သိကြားမင်းနှင့် နတ်တို့သည် စောင့်ရှောက်ရာမှ ပြန်ကြ၏။ ထိုအခါ နေသည် မွန်းတည့်နေရာမှ လျှောကျသွား၏။

သပိတ် ဆေးကြောနေသည့် ပဏ္ဍိတ သာမဏေကို မြင်ကြသော ရဟန်းတို့က "နေလွဲမှ ဆွမ်းစား၏"ဟု ကဲ့ရဲ့ကြ၏။ ထိုအခါ မြတ်စွာဘုရား ကြွလာ၍ ထိုရဟန်းတို့အား မေးမြန်းလျှင် "ဘုန်းကံ ရှိသောသူ ရဟန်းတရား အားထုတ်သည့်အခါ နေနတ်သား, လနတ်သားတို့က နေနှင့် လကို ဆွဲငင်ရပ်တန့်ထားကြ၏။ သိကြားမင်းနှင့် စတုမဟာရာဇ် နတ်မင်းကြီး တို့ကလည်း သာမဏေ တရားအားထုတ်ရာ ကျောင်းပတ်ဝန်းကျင်ကို စောင့်ရှောက်ကြ၏။ ငါဘုရားလည်း တံခါးမုခ်၌ ရှင်သာရိပုတ္တရာအား ပြဿနာလေးပါး မေး၍ ဖြေကြားစေခြင်းဖြင့် အချိန်ဆွဲထားခဲ့၏။ ထိုသာမဏေသည် မြောင်းဖြင့်ရေကို လိုရာသို့ ဆောင်ယူကြသည့် လယ်သမားများ၊ မြှားကိုဖြောင့်နေသည့် မြှားလုပ်သမားများ၊ သစ်သားကို ဂိုးဖြတ်ရွေကြပြီး လှည်းဘီးစသည် လုပ်နေသည့် လက်သမားများကို မြင်ရသဖြင့် မိမိကိုယ်ကို ဆုံးမလျက် အရဟတ္တဖိုလ်ကို ရယူလေပြီ"ဟု မိန့်ကြားပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၈၀။ "လယ်သမားတို့သည် ရေကို လိုရာအရပ်သို့ ဆောင်ယူကြ၏။ မြှားလုပ်သမားတို့သည် မြှားကို ဖြောင့်အောင် ပြုလုပ်ကြ၏။ လက်သမားတို့သည် သစ်တုံးကို လိုရာပုံရအောင် လှီးဖြတ် ပြုလုပ်ကြ၏၊ ပညာရှိတို့သည် မိမိကိုယ်ကို မင်္ဂဖိုလ်ရောက်အောင် ဆုံးမကြ၏။"

## ၆၅။ ဘဒ္ဒိယ မထေရ် (ပုက္ကုသ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုက္ကုသဖြင့် 'လကုဏ္ဍက (ပုက္ကုသ) ဘဒ္ဒိယ'ဟု အမည်ရသော ဘဒ္ဒိယ မထေရ်ကို ပုထုဇဉ် သာမဏေ, ရဟန်းငယ် စသည်တို့က ဦးခေါင်း, နား ရွက်, နှာခေါင်းတို့၌ ဆွဲကိုင်ကြလျက် "ဘုထွေး၊ အသို့နည်း။ သာသနာ၌ မငြီးငွေ့သလော၊ ပျော်မွေ့သလော"ဟု ပြက်ရယ်ပြုကြ၏။ မထေရ်ကား ၎င်းတို့ကို အမျက်မထွက်။ စိတ်ဖြင့်ပင် ပြစ်မှားခြင်း မရှိပေ။ ရဟန်းတို့ သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား ထိုမထေရ် အမျက် မထွက်တတ်ကြောင်း ချီးမွမ်းလျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန္တာတို့ မည်သည် အမျက်လည်း မထွက်ကုန်။ စိတ်ဖြင့် ပြစ်မှားခြင်းကိုလည်း မပြုကုန်။ ကျောက်တောင်ကြီးကဲ့သို့ မတုန်လှုပ်ကုန်" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၈၁။ "အစိုင်အခဲ တခုတည်းဖြစ်သော ကျောက်တောင်ကြီးသည် လေ ကြောင့် မတုန်လှုပ်သကဲ့သို့ ထို့အတူ ရဟန္တာပညာရှိတို့သည်ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့ကြောင့် စိတ်ဆိုး, ဝမ်းသာ တုန်လှုပ်ခြင်း မရှိကုန်။"

## ၆၆။ ကာဏမာတာ ဥပါသိကာမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကာဏမာတာ (ကာဏာ၏မိခင်) ဒါယိကာမကြီးသည် မိမိ၏သမီး 'ကာဏာ'ကို မုံ့လက်ဆောင်များနှင့်တကွ လင့်အိမ်သို့ ပို့ဆောင်ရန် မုံ့ များ ကြော်နေစဉ် ရဟန်း လေးပါးတို့ လေးကြိမ်တိုင် လာရောက်အလှူခံ ကြ၍ မုံ့လှူနေရသဖြင့် သမီးသည် ထိုနေ့ လင့်အိမ်သို့ မသွားနိုင်ပေ။ သတို့သားသည် 'ကာဏာ'ရောက်မလာသဖြင့် တခြားမိန်းမကိုယူဆောင်၏။ 'ကာဏာ'သည် ထိုအကြောင်းကိုကြားသိလျှင် "ဤရဟန်းတို့သည် ငါ့အိမ်

ထောင်ကို ဖျက်ဆီးကြ၏”ဟု မြင်သမျှ ရဟန်းတို့ကို ဆဲဆို၏။ ရဟန်းတို့သည် ထိုအိမ်နားသို့ မသွားဝံ့ကုန်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားသိတော်မူ၍ ထိုအိမ်သို့ ကြွသွား၏။ ကာဏာ၏ မိခင်သည် ဘုရားရှင်ကို ရှိခိုး၍ အိမ်၌ သီတင်းသုံးနေစေပြီး ယာဂုခဲဘွယ်ကို ဆက်ကပ်၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် “ကာဏာ ဘယ်မှာနည်း”ဟု မေးတော်မူ၏။ ကာဏာ၏မိခင်က “ကာဏာသည် ရဟန်းတော်များကို မြင်လျှင် နှလုံးမသာမယာဖြစ်ပြီး ဆဲရေး ကြိမ်းမောင်းပါ၏”ဟု စသည်ဖြင့် အဖြစ်အပျက် အလုံးစုံကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ကာဏာကို ခေါ်စေပြီး ကာဏာ၏ မိခင်အား “ဒါယိကာမကြီး၊ သင့်အိမ်၌ ဆွမ်းခံရပ်သော ငါ၏ တပည့်သားတို့သည် သင်လှူသည်ကို ခံယူကြသလော။ မလှူသည်ကို ခံယူကြသလော” ဟု မေးတော်မူသော် “လှူသည်ကိုသာ ခံယူကြပါ၏”ဟု လျှောက်၏။ “သင်လှူသည့်မုံ့ကို ခံယူသည်ဖြစ်လျှင် ထိုရဟန်းတို့မှာ အဘယ်အပြစ်ရှိသနည်း”ဟု မေးတော်မူသော် “ထိုရဟန်းတို့မှာ အပြစ်မရှိပါ။ သမီးကာဏာမှာသာ အပြစ်ရှိပါ၏”ဟု လျှောက်ထား၏။ တဖန် မြတ်စွာဘုရားသည် ကာဏာအား “ချစ်သမီး ကာဏာ၊ ငါ့တပည့် ရဟန်းတို့မှာ သင့်မိခင်လှူသည့် မုံ့တို့ကိုသာ အလှူခံသဖြင့် ဘာအပြစ်ရှိသနည်း”ဟု မေးတော်မူသော် ကာဏာက “ရဟန်းတော်တို့မှာ အပြစ်မရှိပါ။ တပည့်တော်မမှာသာ အပြစ်ရှိပါ၏”ဟု လျှောက်ပြီး ဘုရားရှင်အား ရှိခိုးကန်တော့တောင်းပန်၏။ နောက် ဘုရားရှင်က အစဉ်အတိုင်း တရားဟောသော် ကာဏာသည် သောတာပန် ဖြစ်၏။

မြတ်စွာဘုရားသည် နေရာမှထ၍ မင်းရင်ပြင်အတိုင်း ကျောင်းသို့ ကြွလေသော် ကောသလမင်းကြီးမြင်၍ အမြန်လာရောက် ရှိခိုးပြီး “အဘယ်အရပ်သို့ အဘယ်အကြောင်းဖြင့် ကြွသွားပါသနည်း”ဟုလျှောက်၏။မြတ်စွာဘုရားက အကြောင်းစုံနှင့်တကွ “ယခု ကာဏာကို သောတာပန် ဖြစ်စေ၍ လောကုတ္တရာ စည်းစိမ်ရှင်ပြုခဲ့ပြီး ပြန်ကြွလာခဲ့ကြောင်း” မိန့်တော်မူ၏။ ထိုအခါ မင်းကြီးက “ဤသို့ဖြစ်လျှင် တပည့်တော်သည် ယခု ကာဏာကို လောကီစည်းစိမ်ရှင် ဖြစ်အောင် ပြုပါမည် ဘုရား”ဟု လျှောက်ပြီး ရှိခိုး၍ ပြန်သွား၏။ နန်းတော်ရောက်လျှင် မင်းကြီးသည် ယာဉ်ကို လွှတ်၍ ကာဏာကို ခေါ်စေပြီး တန်ဆာများဖြင့် ဆင်ယင်လျက် “ငါ့သမီးတော်ကို ကျွေးမွေးနိုင်သူ ယူစေလော့”ဟု မိန့်ကြား၏။ အမတ်ကြီးတဦးက “ကျွန်

တော်မျိုး ကျွေးမွေးပါမည်”ဟု လျှောက်၍ အိမ်သို့ ခေါ်ဆောင်ပြီး စည်းစိမ်အားလုံးကို အပ်နှင်း၏။

ကာဏာသည် ထိုအခါမှစ၍ ရဟန်းတော်များအား အိမ်တွင်း အိမ်ပြင် တံခါး လေးဝ၌ နေ့စဉ် ဆွမ်းတို့ဖြင့် ကြီးကျယ်စွာ လုပ်ကျွေးလေ၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား ထို အကြောင်းနှင့်စပ်၍ “ဘုရားရှင်တို့မည်သည် အံ့ဩ၍ မကုန်နိုင်သော ဂုဏ် ကျေးဇူးတော် ရှိပေကုန်စွ” စသည်ဖြင့် လျှောက်ကြားကြ၏။ မြတ်စွာ ဘုရားက “ရဟန်းတို့၊ ကာဏာသည် နှလုံးမသာမယာ နောက်ကျုပ်ပျံ့လွင့် သည့်စိတ် ရှိသော်လည်း ငါဘုရား၏ တရားစကားတို့ဖြင့် အထူး စိတ်ကြည် လင် သွားပေပြီ”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၈၂။ “နက်လှစွာသော သမုဒ္ဒရာသည် ရေနောက်ကျုခြင်း မရှိ။ အထူး ကြည်လင်ဘိသကဲ့သို့ ထို့အတူ ပညာရှိတို့သည် တရားတော်များကို နာကြားရသော် အထူး စိတ်ကြည်ကြကုန်၏။”

## ၆၇။ ရဟန်း ငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့်တကွ ဝေရဥ္စပြည်သို့ ကြွသွား၍ ‘ဝေရဥ္စ’ပုဏ္ဏားကြီးက တောင်းပန်သဖြင့် ဝါတွင်းသုံးလပတ်လုံး နေတော် မူ၏။ ဝေရဥ္စပုဏ္ဏားသည် မာရ်နတ်က လှည့်ပတ်ထားသဖြင့် တနေ့မျှလည်း ဘုရားရှင်ကို သတိမရပေ။ ဝေရဥ္စပြည်သားတို့လည်း ငတ်မွတ်ခြင်းဘေးသင့် နေကြသဖြင့် ရဟန်းတို့ ဝေရဥ္စပြည်တွင်းပြည်ပ ဆွမ်းခံလှည့်လည်သော် ဆွမ်းမရသဖြင့် ပင်ပန်း ဆင်းရဲကြသော်လည်း တနေ့မျှ ဆွမ်းအတွက် အလိုရမက်မရှိ၊ စိတ်အနှောက်အယှက် မဖြစ်ဘဲ မြောက်ကျွန်းမှ မြင်းကုန် သည် တို့က နေ့စဉ်လှူသည့် မုယောဆန်တစလယ်ဖြင့် ရောင့်ရဲနေကြ၏။ ဝါကျွတ်သော် မြတ်စွာဘုရားသည် ဝေရဥ္စပုဏ္ဏားကို ပန်ကြားပြီး ရဟန်း ငါးရာနှင့် တကွ ဒေသစာရီ ကြွချီလျက် အစဉ်သဖြင့် ဇေတဝန်ကျောင်းသို့ ရောက်၏။ ထိုအခါ ပြည်သူတို့သည် ဘုရားရှင်နှင့်တကွ ရဟန်းတော်များ အား မွန်မြတ်သည့် ဆွမ်းခဲဘွယ်တို့ဖြင့် ကျွေးမွေးကြ၏။

ထိုအခါ၌ ရဟန်းတို့ကို မှီခို၍ ကျောင်းတွင်း၌သာ နေကြသည့် စားကြွင်းစားတို့သည် ရဟန်းများ ဘုဉ်းပေးပြီး၍ ကျန်သည့် ဘောဇဉ်တို့ကို စားပြီး အိပ်ကြလျက် အိပ်ရာမှ ထပြီးသော် ကျောင်းတွင်း ကျောင်းပြင်၌ ဆူညံ အော်ဟစ် ကစားမြူးတူးကာ သွားလာကုန်၏။ ထိုအခါ ရဟန်းတို့က တရားသဘင်သို့ကြွလာသော ဘုရားရှင်အား“ဤစားကြွင်းစားတို့သည် ဝေရဥ္စပြည်တွင် ငတ်မွတ်ခေါင်းပါးချိန်၌ ငြိမ်ငြိမ်နေကြပြီး ယခု အစားကောင်းများ စားရ၍ ဤသို့ မြူးတူးကာ သွားလာကုန်ဘိ၏။ ရဟန်းတို့မူ ဝေရဥ္စပြည်မှာကဲ့သို့ ယခုလည်း ငြိမ်သက်စွာ နေထိုင်ကြ၏”ဟု လျှောက်ကြားကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ လူမိုက်တို့ကား ဤသို့ သဘောရှိကြ၏။ ဆင်းရဲချိန်၌ စိတ်ညှိုးနွမ်းပြီး၊ ချမ်းသာချိန်၌ စိတ်တက်ကြွ မြူးတူးကုန်၏။ သူတော်ကောင်းတို့ကား လောကဓံတရားကို သည်းခံနိုင်ပြီး ချမ်းသာချိန်၌ရင်း၊ ဆင်းရဲချိန်၌ရင်း စိတ်၏ ဖောက်ပြန်တုန်လှုပ်မှု အလျဉ်းမရှိကုန်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၈၃။ “သူတော်ကောင်းတို့သည် ခန္ဓာငါးပါး စသည် အရာခပ်သိမ်းတို့၌ တပ်မက်မှုကို စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ဝတ္ထုအာရုံ၊ ကာမဂုဏ်တို့ကို တောင့်တသဖြင့် မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာခြင်း၊ ဆင်းရဲခြင်းနှင့် တွေ့ကြသော်လည်း ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အမူအရာကို မပြကြကုန်။”

## ၆၈။ ဓမ္မိက မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ‘ဓမ္မိက’အမည်ရှိသော ဒါယကာတဦးသည် တနေ့သ၌ ကိုယ်ဝန်ရှိနေသော မယားအား ရဟန်းပြုလိုကြောင်း ပန်ကြား၏။ ‘သားဖွားပြီးသည်အထိ စောင့်ပါဦး”ဟု ဆိုသဖြင့် သားဖွားပြီး၍ တဖန် ရဟန်းပြုခွင့်တောင်းသော် “သူငယ် လမ်းသွားနိုင်သည်အထိ စောင့်ပါဦး”ဟု ဆိုပြန်၏။ ထိုအခါ ထိုဒါယကာသည် “ဤမိန်းမအား ပန်ကြားနေ၍ ငါ့မှာ အကျိုးမရှိ။ မိမိ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာကိုသာ ပြုအံ့”ဟု ရဟန်းပြုသွား၏။ ထိုဓမ္မိက ရဟန်းသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ လုံ့လထားပြီး

တရားအားထုတ်သော် မကြာမီ ရဟန္တာ ဖြစ်၏။ ထိုအခါ သားမယားကို ကြည့်ရှုရန် သာဝတ္ထိပြည်သို့ သွား၍ သားအား တရားဟော၏။ သားလည်း ရဟန်းပြု၍ မကြာမီပင် ရဟန္တာဖြစ်၏။ မယားလည်း "သားနှင့်လင် မရှိလျှင် ငါအိမ်မှာ မနေတော့" ဟု ရဟန်းပြုသော် မကြာမီပင် ရဟန္တာ ဖြစ်၏။

ထိုအခါ တနေ့သ၌ တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ဓမ္မိကဒါယကာသည် ရဟန်းပြု၍ ရဟန္တာ ဖြစ်၏။ သားမယား၏ မှီခိုကိုးကွယ်ရာလည်း ဖြစ်ခဲ့၏"ဟု လျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ပညာရှိမည်သည် မိမိအကြောင်းကြောင့် ဖြစ်စေ၊ သူတပါးအကြောင်းကြောင့် ဖြစ်စေ ;စည်းစိမ်ချမ်းသာကို အလိုမရှိအပ်။ တရားကို သိပြီး တရားနှင့်အညီ နေထိုင်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်အောင် ပြုရာ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၈၄။ "ပညာရှိ မည်သည် မိမိ အကြောင်းကြောင့် ဖြစ်စေ၊ သူတပါး အကြောင်းကြောင့် ဖြစ်စေ (မကောင်းမှုကို ပြု၍)သားသမီး,ပစ္စည်း ဥစ္စာ, ပြည်စည်းစိမ်ကို အလိုမရှိရာ။ မတရားမှုဖြင့် မိမိ၏ ကြီးပွား ပြည့်စုံခြင်းကို အလိုမရှိရာ။ ထိုပုဂ္ဂိုလ်မျိုးသည် သီလရှိသူ, ပညာရှိသူ, တရားရှိသူ ဖြစ်ပေ၏။"

## ၆၉။ တရား နာသူများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်ဝယ် လမ်းတခု၌ နေကြသူတို့သည် စုပေါင်း၍ အလှူပေးကြပြီး တညလုံး တရားနာကြရာ တညလုံး မနာနိုင်ကြ၍ အချို့အချို့သည် ကာမဂုဏ်၌ မွေ့လျော်ခြင်းကို မှီ၍ရင်း၊ ဒေါသ,မာန အသီးသီးကို မှီ၍ရင်း အိမ်ပြန်သွားကြ၏။ တချို့တို့သည် ထိုအရပ်၌ပင် ထိုင်လျက် အိပ်ငိုက်နေကုန်၏။ နောက်တနေ့ မိုးလင်းသော် ရဟန်းတို့က ထိုအကြောင်းကို တရားသဘင်သို့ ကြွလာသည့် ဘုရားရှင်အား လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ဤသတ္တဝါတို့ မည်သည်ကား များသောအားဖြင့် ဖြစ်ရာဘဝကို မှီကြပြီး ဘဝတို့၌သာ ကပ်ငြိနေကြ၏။ နိဗ္ဗာန် ဟူသော တဖက်ကမ်းသို့ ရောက်သည့် သတ္တဝါတို့ကား မပြောစလောက်၊ အလွန်ပင် နည်းပါးလှ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၈၅။ "လူအပေါင်းတို့တွင် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ကူးမြောက် သွားကြသူတို့ကား အလွန်နည်းပါးလှ၏။ ထိုမှတပါး ကြွင်းကျန် သော ဤသတ္တဝါအပေါင်းသည် သံသရာ တည်းဟူသော ဤဖက် ကမ်း၌သာလျှင် အစဉ် ပြေးသွားနေကြ၏။

၈၆။ "ကောင်းစွာ ဟောကြားအပ်သော တရားတော်တို့ကို တရားအလိုက် နာကြား ကျင့်ကြံကုန်သော သူတို့သည်ကား အလွန် ကူးမြောက်နိုင်ခဲ သော သေမင်းနိုင်ငံသံသရာကို (ကူးမြောက်၍) နိဗ္ဗာန် တည်းဟူသော ကမ်းတဖက်သို့ ရောက်ကြကုန်လတံ့။"

## ၇၀။ ရဟန်းငါးရာ (အာဂန္တုက)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသလတိုင်းကြီး၌ ဝါတွင်းသုံးလနေထိုင်ခဲ့ကြသော ရဟန်းငါးရာတို့ သည် ဝါကျွတ်သော် ဘုရားရှင်ကို လာရောက် ဖူးမျှော်ကြ၏။ မြတ်စွာဘုရား သည် ထိုရဟန်းတို့၏ စရိုက် ဆန္ဒကျင်ဘက်ကို ကြည့်ရှုတော်မူပြီး သုံးဂါထာ ဖြင့် ဤသို့ ဟောတော်မူ၏။

၈၇။ "ပညာရှိသည် မည်းညစ်သော အကုသိုလ်တရားကို စွန့်ပယ်၍ ဖြူစင် သော ကုသိုလ်တရားကို ပွားများရာ၏။ တဏှာအိမ်မှ တဏှာအိမ်မဟုတ် သော အရပ်သို့ ရောက်လာပြီး မွေ့လျော်မှုမရှိသော ဆိတ်ငြိမ်ရာ၌-

၈၈။ "ပညာရှိသည် ကာမဂုဏ်တို့ကို စွန့်ပြီး စိုးရိမ်ကြောင့်ကြမှု မရှိဘဲ အလွန် မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ စိတ်ကို ညစ်ညူးစေသည့် (နီဝရဏ) တရားတို့မှ မိမိကိုယ်ကို ကင်းရှင်းဖြူစင်စေရာ၏။

၈၉။ "အရဟတ္တမဂ်ဉာဏ် ရကြောင်း ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာ ပွားများအပ်၏။ စွဲလမ်းမှု ဥပါဒါန်မရှိဘဲ ဥပါဒါန်စွန့်ပယ်ရာ နိဗ္ဗာန်၌ မွေ့လျော်ကြသော၊ အာသဝေါကုန်ခန်း၍ ဘုန်းတန်ခိုးကြီးမားသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် လောက၌ ပရိနိဗ္ဗာန် ပြုကုန်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် သောတာပန်စသည် ဖြစ်ကြလေ၏။



# [၇] အရဟတ္တ ဝဂ်

## ၇၁။ ဇီဝက ဆေးသမား၏ အမေး

မြတ်စွာဘုရား ဇီဝက၏ သရက်ဥယျာဉ်၌ နေတော်မူစဉ်။

အခါတပါး၌ ဒေဝဒတ်က ဘုရားရှင်ကို သတ်ရန် ဂိဇ္ဈကုဋ်တောင်မှ ကျောက်တုံးကို လှိမ့်ချရာ ထိုကျောက်တုံးကို တောင်ထွဋ်နှစ်ခု ခံခဲ့လေသော ကြောင့် ကွဲအက်လွင့်စဉ်သွားသော ကျောက်လွှာသည် ဘုရားရှင်၏ ခြေ တော်ကို ခတ်မိ၍ သွေးထွက်စေ၏။ ပြင်းပြသည့် ဝေဒနာကို ခံစားရသော မြတ်စွာဘုရားကို ဇီဝက၏ သရက်ဥယျာဉ်သို့ ရဟန်းတို့က ယူဆောင်သွား ကြ၏။ ဇီဝကသည် ထိုအကြောင်းကို ကြားသိလျှင် သွား၍ အနာ၌ ထက်စွာ သော ဆေးကို ထည့်ကာ ပတ်တီးစည်းပေးပြီးလျှင် "မြို့တွင်း၌ ဆေးကုထား သော ယောကျ်ားတဦးထံ သွားပြီး ပြန်လာပါမည်။ ပြန်လာသည်အထိ စည်း မြဲတိုင်း ရှိစေချင်ပါသည် ဘုရား" ဟု လျှောက်ထားပြီး သွား၏။ ဇီဝကသည် ထိုယောကျ်ားအား ဆေးကုသပြီး ပြန်လာရာ နောက်ကျ၍ မြို့တံခါးပိတ်ပြီး ဖြစ်နေသဖြင့် "ငါသည် သာမန်ယောကျ်ားတဦး၏ ခြေကဲ့သို့ ဘုရားရှင်၏ ခြေတော်၌ ထက်စွာသောဆေးကို ပေး၍ အနာစည်းပေးမိခဲ့၏။ မဖြေသော် ဘုရားရှင်ကိုယ်သည် တညလုံး ပူလောင်နေလတံ့" ဟု ပူပန်လေ၏။

မြတ်စွာဘုရားလည်း အနာဖြေချိန်ရောက်လျှင် အာနန္ဒာကို ခေါ်၍ ပတ် တီးစည်းကို ဖြေခိုင်းသော် အနာသည် သစ်ပင်မှ အခေါက် ကွာကျသကဲ့သို့ ပျောက်ကင်း၏။ ဇီဝကသည် အရုဏ်တက်လျှင် ဘုရားရှင်ထံ ပြေးလာပြီး "ရှင်တော်ဘုရား၏ ကိုယ်တော်၌ ပူလောင်ခြင်း ဖြစ်ပါသလော" ဟု မေး လျှောက်၏။ မြတ်စွာဘုရားက "ငါဘုရားအား ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်

ချိန်မှာပင် ပူပန်ခြင်းအလုံးစုံ အေးငြိမ်းခဲ့လေပြီ”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၀။ “သံသရာခရီး သွားပြီးဖြစ်၍ စိုးရိမ်ခြင်း ကင်းပြီးသော၊ ခန္ဓာစသည် ဝဋ်ဒုက္ခ တရားအားလုံးမှ လွတ်မြောက်ပြီးသော၊ ဘဝ၏ အထုံးအဖွဲ့ အလုံးစုံကိုပယ်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်မှာ စိတ်ပူပန်မှု မရှိတော့ချေ။”

## ၇၂။ မဟာကဿပ မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ဝါကျွတ်သော် ရဟန်းများနှင့်အတူ ဒေသစာရီကြွလိုတော်မူသဖြင့်“ရဟန်းတို့၊ ဆယ့်ငါးရက်လွန်သောအခါ ငါဘုရား ဒေသစာရီ ကြွတော်မူအံ့” ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် သင်္ကန်းလျှော်ခြင်း စသည် ပြုဘွယ်တို့ကို ပြုလုပ်ကြ၏။ ရှင်မဟာကဿပလည်း သင်္ကန်းများကို ဖွပ်လျှော်၏။ ထိုအခါ ရဟန်းတို့က “ရာဇဂြိုဟ် ပြည်တွင်းပြည်ပ၌ နေကြသူ အလုံးစုံသည် ရှင်မဟာကဿပအား ဆွေမျိုးပမာ ချစ်ခင် မြတ်နိုးစွာ လုပ်ကျွေး ပူဇော်ကြ၏။ ဤမထေရ်သည် ဤမျှလောက်သော ကျေးဇူးဥပကာရကို စွန့်ပြီး အဘယ်အရပ်သို့ သွားနိုင်အံ့နည်း”ဟု ကဲ့ရဲ့ကြ၏။ ဆယ့်ငါးရက်မြောက်၌ ဘုရားရှင် ဒေသစာရီ ကြွတော်မူသော် “ဤပြည်၌ မြို့တွင်းမြို့ပြ၌ လူတို့သည် သုမင်္ဂလ, ဒုမင်္ဂလ ကိစ္စများ၌ ရဟန်းတော်တို့ကို အလိုရှိ၏။ ကျောင်းတိုက်ကို အချည်းနှီးထားခဲ့ရန် မသင့်”ဟု ဆင်ခြင်၍ ကျောင်းတိုက်၌ ထားခဲ့သင့်သော ရှင်မဟာကဿပအား သူ့ပရိသတ်နှင့်တကွ ထားခဲ့လေ၏။

ထိုအခါ ရဟန်းတို့က “ရှင်မဟာကဿပသည် ဘုရားရှင်နှင့်အတူ မလိုက်လတံ့ဟု ငါတို့ပြောသည့်အတိုင်းပင် ဖြစ်၏”ဟု ကဲ့ရဲ့ကြ၏။ မြတ်စွာဘုရားသည် ထိုစကားကို ကြားလျှင် ပြန်လည် ရပ်တန့်တော်မူလျက် ထိုရဟန်းတို့အား ထိုအကြောင်းကို မေးမြန်းပြီးလျှင် “ရဟန်းတို့၊ သင်တို့သည် ငါ့သား ကဿပကို အလုပ်အကျွေး ဒါယကာတို့၌ရှင်း, ပစ္စည်းတို့၌ရှင်း တွယ်တာကပ်ငြိ၏ဟု ဆိုချင်ကြ၏။ ငါ့သား ကဿပသည် ငါဘုရား၏ စကားကို လိုက်နာပြီး ပြန်ခြင်းဖြစ်၏။ ငါ့သား ကဿပအား ဤသို့ တွယ်တာကပ်ငြိ

စိတ် အလျဉ်းမရှိသတည်း” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟော
တော်မူ၏။

၉၁။ “သတိရှိကြသော ပုဂ္ဂိုလ်တို့သည် သမထဝိပဿနာကို အားထုတ်ကြ၏။
ထိုပုဂ္ဂိုလ်တို့သည် တွယ်တာစရာ တဏှာကာမဂုဏ် တည်းဟူသော အိမ်
၌ မမွေ့မလျော်ကုန်။ ဟသင်္ာငှက်တို့သည် ကျက်စားရာ ရွှံ့ ညွန်
အိုင်ကို မငဲ့မကွက် စွန့်ပစ်၍ ပျံသွားကြသကဲ့သို့ ထိုပုဂ္ဂိုလ်တို့သည်
တဏှာ, ကာမဂုဏ် တည်းဟူသော အိမ်ဟူသမျှကို စွန့်ပစ်ကုန်၏။”

## ၇၉။ ဗေလဋ္ဌသီသ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်ဗေလဋ္ဌသီသမထေရ်သည် ရွာ၌ လမ်းတခုတွင် ဆွမ်းခံ၍ ဆွမ်းစားပြီး သော် တဖန် တခြားလမ်း၌ ဆွမ်းခံ၍ ထမင်းခြောက်ကို ကျောင်းသို့ ယူလာ ပြီး သိုမှီးထား၏။ ဤသို့ ပြုခြင်းမှာ နေ့စဉ်မပြတ် ဆွမ်းခံရခြင်းသည် ဆင်းရဲ၏ဟု နှလုံးထားပြီး နှစ်ရက် သုံးရက်လုံး ဈာန်ချမ်းသာဖြင့်နေလျက် အစာကို စားလိုသော် ထိုထမင်းခြောက်ကို ဘုဉ်းပေး၏။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ကြားသဖြင့် မြတ်စွာဘုရားက “နောင်အခါ ဤသို့ ပစ္စည်းသိုမှီးခြင်း မပြုရ”ဟု ပညတ်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟော တော်မူ၏။

၉၂။ “အကြင် ရဟန္တာပုဂ္ဂိုလ်တို့မှာ ပစ္စည်း သိုမှီးခြင်း မရှိကုန်။ ခံဘွယ်
ဘောဇဉ်ကို တရားဖြင့် ပိုင်းခြား သိမြင်ပြီး သုံးဆောင်ကုန်၏။ ရာဂ
စသည်ကင်းဆိတ်ရာ, ရာဂ စသည့် အကြောင်းနိမိတ်မရှိရာ နိဗ္ဗာန်လျှင်
ကျက်စားရာ အာရုံရှိကြ၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ လားရာ ဂတိကို
‘ကောင်းကင်၌ သွားသည့် ငှက်တို့၏ လမ်းခရီးကဲ့သို့’ မသိမြင်နိုင်ပေ။”

## ၇၁။ အနုရုဒ္ဓါ မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်အနုရုဒ္ဓါ မထေရ်သည် သင်္ကန်းဆွေးမြေ့သဖြင့် အမှိုက်ပုံ စသည်၌ သင်္ကန်းလျာ အဝတ်ကို ရှာဖွေ၏။ ထိုအခါ မထေရ်၏သုံးခုမြောက်

ဘ၀၌ မယားဟောင်းဖြစ်ခဲ့ဘူးသော တာဝတိံသာမှ 'ဇာလိနီ' အမည်ရှိ နတ်သမီးသည် မထေရ်ကို မြင်လျှင် မထေရ်သွားရာ လမ်း၏ ရှေ့ရှိ အမှိုက်ပုံး၌ နတ်ပုဆိုး သုံးထည်ကို မထေရ်မြင်နိုင်ရုံ အမြိတ်မျှ ပြလျက် ထား၏။ မထေရ်သည် ထိုအဝတ်၏ အမြိတ်ကို မြင်၍ ဆွဲငင်ယူသော် ထိုမျှရှည်လျားသည့် ပုဆိုးတို့ကို မြင်လျှင်"အဖိုးတန် ပံ့သကူသင်္ကန်းဖြစ်ပေစွ" ဟု ကျောင်းသို့ ယူသွား၏။ မထေရ် သင်္ကန်း ချုပ်သော နေ့၌ မြတ်စွာဘုရားသည် အဂ္ဂသာဝက, မဟာသာဝကများနှင့်အတူ ရှင်အနုရုဒ္ဓါ နေရာ ကျောင်းသို့ ကြွတော်မူ၏။ မထေရ်တို့သည် ထိုသင်္ကန်းချုပ်ရာ၌ ပြုဘွယ် ကိစ္စများကို ပြုလုပ်၍ ရဟန်းတို့က အပ်ချည်များကို ကျစ်ကြပြီး မြတ်စွာဘုရားက အပ်နဖား၌ အပ်ချည် သီတပ်ပေးတော်မူ၏။

ဇာလိနီ နတ်သမီးလည်း ရွာထဲဝင်၍ "ငါ့အရှင် ဖြစ်သော အနုရုဒ္ဓါ မထေရ်၏ သင်္ကန်းချုပ်ရာတွင် ဘုရားရှင်သည် ရဟန်း ငါးရာ ခြံရံလျက် ကျောင်း၌ နေတော်မူ၏။ ယာဂု စသည်တို့ကို ကျောင်းသို့ ယူဆောင်ကြလော့" ဟု နှိုးဆော်၏။ လူတို့လှူသည့် ယာဂု ဆွမ်းဘောဇဉ်တို့ကား ဘုရားရှင်နှင့်တကွ ရဟန်းငါးရာ ဘုဉ်းပေးပြီးသော် များစွာ ကျန်နေ၍ စွန့်ပစ်ရ၏။ ထိုအခါ ရဟန်းတို့က "ရှင်အနုရုဒ္ဓါသည် ရဟန်းများအတွက် ယာဂုဆွမ်း စသည်တို့ကို လောက်ရုံသာ ယူခဲ့လော့ဟု ပြောသင့်သည်မဟုတ်လော၊ ယခုမူ မိမိ၏ ဆွေမျိုး အလုပ်အကျွေး ဒါယကာ မည်မျှ များကြောင်းသိစေလိုယောင်တကား" ဟု ကဲ့ရဲ့ကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားအနုရုဒ္ဓါသည် ယာဂု ဆွမ်း စသည် တို့ကို ဆွေမျိုး အလုပ်အကျွေး ဒါယကာတို့အား ယူဆောင်ခိုင်းသည်ဟု မမှတ်ထင်လင့်။ ငါ့သား မထေရ်သည် ဤသို့သော စကားကို မဆို။ ရဟန္တာတို့မည်သည် ပစ္စည်းနှင့် စပ်သော စကားကို မဆိုကုန်။ စင်စစ် ဤဆွမ်းသည် နတ်၏ အာနုဘော်ကြောင့် ဖြစ်လာ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၃။ "အကြင်ရဟန္တာ ပုဂ္ဂိုလ်မှာ အာသဝေါတရားများ ကုန်ခန်းကုန်၏။ အစာ အာဟာရ၌လည်း တပ်မက်ခြင်း မရှိ၊ရာဂ စသည် ကင်းဆိတ်ရာ, ရာဂစသည့် အကြောင်း နိမိတ် မရှိရာ နိဗ္ဗာန်လျှင် ကျက်စား ရာ အာရုံရှိ၏။ ထိုကဲ့သို့သော ရဟန္တာ ပုဂ္ဂိုလ်၏ ခြေရာ တည်းဟူသော လားရာဂတိကို 'ကောင်းကင်၌ သွားကြသည့် ငှက်တို့၏ ခြေရာ ကဲ့သို့' မသိမြင်နိုင်ပေ။"

## ၇၅။ မဟာကစ္စည်း မထေရ်

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ မြတ်စွာဘုရားသည် သီတင်းကျွတ် လပြည့်နေ့တွင် ဝိသာခါ ဒါယိကာမ၏ ပြာသာဒ် အောက်၌ မဟာသာဝကကြီးများ ခြံရံလျက် နေတော်မူ၏။ ထိုအခါ၌ ရှင်မဟာ ကစ္စည်း မထေရ်ကား အဝန္တီတိုင်းတို့၌ နေတော်မူ၏၊ သိကြားမင်းလည်း နတ်ပရိသတ်များနှင့်အတူ လာရောက်၍ ပန်းနံ့သာ စသည်တို့ဖြင့် ဘုရားရှင်ကို ပူဇော်ပြီး၍ မတ်တတ် ရပ်လျက် "ငါ့အရှင် ကစ္စည်း မထေရ် မမြင်ပါတကား။ အဘယ်မှာနည်း။ မထေရ် ကြွလာလျှင် ကောင်းပေစွ"ဟု အာရုံပြုကာ နေ၏။ မထေရ်လည်း ထိုခဏ၌ပင် ကြွလာ၍ ထိုင်လျက်သား ထင်ရှားပြ၏။ သိကြားမင်းသည် မထေရ်ကို မြင်ရလျှင် ရှိခိုး၍ ဖမျက်တို့၌ မြဲစွာ ဆုပ်ကိုင်လျက် "တပည့်တော် အရှင်မြတ် ကြွလာခြင်းကို တောင့်တနေပါသည်ဘုရား"ဟု ဆို၍ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်လေ၏။

ထိုအခါ ရဟန်းတို့က "သိကြားမင်းကား မျက်နှာ လိုက်၍ ပူဇော်ဘိ၏။ တခြားမဟာသာဝကတို့ကိုမူ မပူဇော်ဘဲ ရှင်မဟာကစ္စည်း ကြွလာလျှင်ပင် လျှင်မြန်စွာ ဖမျက်တို့၌ ကိုင်၍ ဆုပ်နယ်လျက် 'အရှင်ဘုရား ကြွလာခြင်းကို တောင့်တကာ နေပါ၏'ဟု ဆိုပြီး အထူးပူဇော်ဘိ၏"ဟု ကဲ့ရဲ့ကြ၏။ မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍ "ရဟန်းတို့၊ ငါ့သား ကစ္စည်းကဲ့သို့ ဣန္ဒြေတို့ကို လုံခြုံစွာ ထိန်းသိမ်း စောင့်စည်းသည့် ရဟန်းများကို လူရောနတ်ပါ ချစ်မြတ်နိုးကြသည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၄။ "ရထားထိန်းက ကောင်းစွာ လေ့ကျင့် ဆုံးမထားသော မြင်းများကဲ့သို့ ငြိမ်သက် တည်ကြည်သည့် ဣန္ဒြေများရှိသော၊ မာနတရားကို ပယ်ပြီး၍ အာသဝေါတရားများ ကင်းပြီးသော 'လောကဓံကြောင့် စိတ်မတုန်လှုပ်ခြင်း'ဟူသော တာဒိဂုဏ်နှင့် ပြည့်စုံသည့် ရဟန္တာပုဂ္ဂိုလ်ကို နတ်တို့ကပင် ချစ်မြတ်နိုးကုန်၏။"

## ၇၆။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ဝါကျွတ်၍ ရှင်သာရိပုတ္တရာသည် ရဟန်းများ ခြံရံလျက် ဒေသစာရီ ကြွရန် ထွက်ခွာစဉ် ရဟန်းတပါးသည် ဘုရားရှင်ထံ သွား၍ "ရှင်သာရိပုတ္တရာသည် တပည့်တော်ကို ဆဲဆို ရိုက်ပုတ်ပြီး မတောင်းပန်ဘဲ ထွက်သွားပါသည်"ဟု မဟုတ်မမှန် လျှောက်ထား၏။ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို သွားခေါ်စေပြီး မေးတော်မူ၏။ ရှင်သာရိပုတ္တရာက "ဤရဟန်းကို မရိုက်နှက်ရပါဘုရား" ဟု မလျှောက်ကြားဘဲ "မြတ်စွာဘုရား၊ မိမိကိုယ်၌ ကာယဂတာသတိကို အဖန်ဖန် ရှုလေ့ရှိသော ရဟန်းသည် သီတင်းသုံးဖော် တဦးကို ထိခိုက်ပြစ်မှားမိလျှင် မတောင်းပန်ဘဲ အဘယ်သို့ ဒေသစာရီ ဖဲသွားနိုင်ပါအံ့နည်း။ တပည့်တော်သည် အမှိုက်များ ချေးများ စွန့်ရာ မြေကြီးကဲ့သို့ နှိမ်ချသော စိတ်, သည်းခံနိုင်သောစိတ် ရှိပါ၏။ မိမိကိုယ်ကို ခြေသုတ်ပုဆိုး, ဒွန်းစဏ္ဍား, ဦးချိုကျိုးသည့် နွားလားနှင့် အတူ ထားသည့်စိတ် ရှိပါ၏။ မိမိ၏ ခန္ဓာကိုယ်၌ အကောင်ပုပ်အလား ငြီးငွေ့သည့် စိတ်ရှိပါ၏" စသည် ဥပမာတို့ဖြင့် လျှောက်ထား၏။

မထေရ်က ဤသို့ လျှောက်ဆိုစဉ်ပင် ထိုစွပ်စွဲသော ရဟန်းသည်တကိုယ်လုံး ပူလောင်ခြင်း ခံစားရသဖြင့် ဘုရားရှင်၏ ခြေတော်တို့၌ ဝပ်၍ "မဟုတ်မမှန် စွပ်စွဲ မိပါကြောင်း" လျှောက်ကြား တောင်းပန်၏။ မြတ်စွာဘုရားက သာရိပုတ္တရာအား "ချစ်သား၊ ဤရဟန်း၏ ဦးခေါင်း ခုနစ်စိတ်မကွဲမီကန်တော့ ခံ၍ သည်းခံပါလော့" ဟု မိန့်တော်မူ၏။ မထေရ်သည် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီး "ထိုအရှင်မြတ်အား တပည့်တော် သည်းခံပါ၏။ တပည့် တော်အားလည်း အကယ်၍ အပြစ်ရှိလျှင် သည်းခံပါစေသတည်း"ဟု လျှောက်၏။ ရဟန်းတို့က ရှင်သာရိပုတ္တရာ၏ အတုမရှိသော ဂုဏ်ကျေးဇူး ကို ချီးမွမ်းကြသော် မြတ်စွာဘုရားက "ရဟန်းတို့၊ သာရိပုတ္တရာ ကဲ့သို့ သော ရဟန်းမှာ အမျက်ကြီးငယ် စိုးစဉ်းမျှမရှိ။ သာရိပုတ္တရာ၏ စိတ်သည် မြေကြီးနှင့်ရင်း၊ တံခါးခုံနှင့်ရင်းတူ၏။ ရေကြည်နေသည့် ရေအိုင်နှင့်လည်း တူ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၆၅။ "အကြင်ပုဂ္ဂိုလ်သည် မြေကြီးပမာ တံခါးခုံအလား သည်းခံစိတ်ရှိ၍ (ဒေါသဖြင့် ဆန့်ကျင်မှု မပြု။ 'လောကဓံကြောင့် စိတ်မတုန်လှုပ်ခြင်း' တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ကောင်းသော အကျင့်ရှိ၏။ ရွှံ့ညွန်ကင်းသော ရေအိုင်ကဲ့သို့ 'ကိလေသာညွန် ကင်း၍ ကြည်လင်သည့်စိတ်ရှိ၏။ထိုကဲ့သို့သော ရဟန္တာ ပုဂ္ဂိုလ်မှာ သံသရာ ကျင်လည်ရခြင်းများ မရှိတော့ပေ။"

## ၇၇။ တိဿမထေရ်၏ သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသမ္ဗီပြည်၌ သီတင်းသုံးသော 'ကောသမ္ဗီတိဿ'မထေရ်သည် ခုနစ်နှစ် အရွယ်ရှိ သူငယ်တဦးကို ရှင်ပြုပေးရန် ဆံပင်ရိတ်စဉ် ထိုသူငယ်သည် 'တစပဉ္စက ကမ္မဋ္ဌာန်း' စီးဖြန်းသဖြင့် ဆံပင်ရိတ်ပြီးသည့် အဆုံး၌ ရဟန္တာဖြစ်၏။ နောက် မထေရ်သည် ထိုသာမဏေနှင့်အတူ ဘုရားရှင်ထံ ဖူးမျှော်ရန်လာရာ ခရီးအကြား၌ ကျောင်းတကျောင်းသို့ တည္ကတာ ဝင်နား၏။ မထေရ်သည် သာမဏေ သုတ်သင်ခင်းကျင်းပေးသည့် ညောင်းစောင်းအိပ်ရာ၌ အိပ်ရန် လျောင်းလျှင် ပုထုဇဉ် ဖြစ်သည့်အလျောက် ချက်ခြင်းအိပ်ပျော်သွားလေ၏။ သာမဏေကား "တမိုးထဲအောက်တွင်ဖြစ်၍ ငါတို့နှစ်ယောက်လုံးလှဲပြီးအိပ်လျှင် မထေရ်မှာ အာပတ်သင့်မည်"ဟုကြံ၍ မထေရ်၏ ညောင်စောင်းနား၌ပင် ထိုင်လျက် တညလုံးနေ၏။ နံနက်လင်းသော် မထေရ်သည် "သာမဏေအား အပြင်သို့ ထွက်စေသင့်၏"ဟုကြံ၍ ယပ်အစွန်းဖြင့် သာမဏေ၏ သင်ဖြူးကို ပုတ်ခတ်ပြီး အပေါ်မြှောက်လျက် "သာမဏေ၊ အပြင်ထွက်လော့"ဟုဆို၏။ ယပ်အရိုးသည် သာမဏေ၏ မျက်စိ၌ ထိုးမိသဖြင့် မျက်စိပေါက်သွား၏။

သာမဏေသည် ထ၍ ဘာမျှမပြောဘဲ မျက်စိကို လက်တဖက်ဖြင့် ဖုံးအုပ်ကာ ထွက်သွားရှာ၏။ ဝတ်ကြီး ဝတ်ငယ် ပြုလုပ်ချိန်၌လည်း လက်တဖက်ဖြင့် မျက်စိပိတ်ပြီး လက်တဖက်ဖြင့် ကျောင်းနှင့် ကျောင်းဝင်း တံမြက်လှည်း၏။ နောက် မျက်နှာသစ်ရေနှင့်တကွ ဒန်ပူကို ဆက်ကပ်သော် မထေရ်က "လက်တဖက်ဖြင့် ဆက်ကပ်ရန် မသင့်"ဟု ဆိုမှ သာမဏေက မျက်စိပျက်စီးရပုံကို လျှောက်ထား၏။ ထိုအခါ မထေရ်သည် ထိတ်လန့်ပြီး သာ

မဏော၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် "ငါ့သားသည်းခံပါ"ဟု တောင်းပန်၏။ သာမဏေက "ဤသို့ တောင်းပန်စေလို၍ ပြောခြင်းမဟုတ်ပါ။ ဤအရာ၌ အရှင်မြတ်၏ အပြစ်မဟုတ်ပါ။ တပည့်တော်၏ အပြစ်လည်း မဟုတ်ပါ။ စင်စစ် သံသရာဝဋ်၏ အပြစ်သာ ဖြစ်ပါ၏။ အရှင်မြတ် နှလုံးမသာမယာ ဖြစ်မည်စိုး၍ မလျှောက်ကြားဘဲ နေခဲ့ပါ၏"ဟု လျှောက်ဆို၏။

မထေရ်သည် ထိုစကားဖြင့်လည်း ထိတ်လန့်စိတ် မပျောက်သဖြင့် သာမဏေနှင့်အတူ ဘုရားရှင်ထံသွား၍ "ဤတပည့် သာမဏေကဲ့သို့ လွန်ကဲသော ဂုဏ်ကျေးဇူး ရှိသူကို မမြင်ဘူးပါဘုရား"ဟု အစချီ၍ အဖြစ်အပျက် အလုံးစုံကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "ချစ်သား၊ ရဟန္တာတို့မည်သည် တစုံတဦးအား အမျက်မထွက်ကုန်။ ငြိမ်သက်သည့် ဣန္ဒြေ, ငြိမ်သက်သည့်စိတ် ရှိကုန်၏"ဟု ထိုသာမဏေ ရဟန္တာဖြစ်ကြောင်း မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၆။ "တရားကို ကောင်းစွာ သိမြင်၍ ကိလေသာမှ လွတ်ပြီးသော၊ ငြိမ်းအေး ငြိမ်သက်သည့်စိတ် ရှိပြီး 'လောကဓံကြောင့် စိတ်မတုန်လှုပ်ခြင်း' တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်၏။ နှုတ်အမူအရာ, ကိုယ်အမူအရာလည်း ငြိမ်သက်ပေ၏။"

ဤတရားကို ကြားနာပြီးသော် ထိုတိဿ မထေရ်သည် ရဟန္တာ ဖြစ်လေ၏။

## ၇၀။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ တောကျောင်းနေ ရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်ထံ လာရောက် ဖူးမျှော်ကြ၏။ ဘုရားရှင်သည် ထိုရဟန်းများ ရဟန္တာ ဖြစ်လတံ့သည်ကို သိတော်မူသဖြင့် ရှင်သာရိပုတ္တရာကို ခေါ်စေပြီး "ချစ်သား သာရိပုတ္တရာ၊ သဒ္ဓိန္ဒြေကို အကြိမ်ကြိမ် ပွားများသော် နိဗ္ဗာန်ကို ရ၏ ဟူသည်ကို သင်ယုံသလော"ဟု ဣန္ဒြေငါးပါးကို အကြောင်းပြု၍ ပြဿနာကို မေးတော်မူ၏။ ရှင်သာရိပုတ္တရာက "ဤသဒ္ဓိန္ဒြေကိုပွားများ၍ နိဗ္ဗာန်ကို

ရ၏ ဟူသော အရာ၌ တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်သော အားဖြင့် ကပ်ရောက်သည် မဟုတ်ပါ။ ထိုအရာကို ဉာဏ်ပညာဖြင့် အမှန် ဟုတကယ် ကိုယ်တိုင်မသိသဖြင့် မတွေ့ထိကြသော သူတို့သာ သူတပါးအား ယုံကြည်သောအားဖြင့် ကပ်ရောက်ကုန်၏”ဟု ဖြေကြား၏။ ထိုတော ကျောင်းနေ ရဟန်းတို့သည် ထိုစကားကိုကြားလျှင် “ရှင်သာရိပုတ္တရာကား မိစ္ဆာအယူကို မစွန့်သေး။ ယနေ့အထိ ဘုရားသဗ္ဗညုအား မယုံကြည်သေး” ဟု ဆိုကြ၏။

ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့၊ ဣန္ဒြေငါးပါးကို ပွားလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရ၏ ဟူသည်နှင့် ပတ်သက်၍ သာရိပုတ္တရာ ဤသို့ ဖြေကြားရာတွင် ‘ငါဘုရားပြော၍ ယုံသည်မဟုတ်။ ကိုယ်တိုင် သိရပြီးဖြစ်၍ ယုံသည်’ကို ဆိုလိုသည်။ ကောင်းမှု၏အကျိုးကိုဎင်း၊ ငါဘုရား၏ ဂုဏ်ကျေးဇူးကိုဎင်း သာရိပုတ္တရာ မယုံကြည်သည်မဟုတ်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၇။ “အကြင်သူသည် သူတပါး စကားဖြင့်သာ ယုံကြည်သူ မဟုတ်။ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူလည်း ဖြစ်၏။ ဝဋ်သုံးပါး၏ အစပ် စက် ရဟတ်ကို ဖြတ်တောက်ပြီးသူလည်း ဖြစ်၏။ ကံမျိုးစေ့ မရှိတော့ သဖြင့် ဖြစ်စရာ ဘုံဘဝကို ဖျက်ဆီးပြီးသူလည်း ဖြစ်၏။ တဏှာ အလုံးစုံကို ထွေးအန်ပြီးသူလည်း ဖြစ်၏။ ထိုသူသည် စင်စစ် အမြတ် ဆုံး ယောက်ျား (ရဟန္တာ) ဖြစ်ပေ၏။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းအားလုံး ရဟန္တာ ဖြစ်ကြ လေ၏။

## ၇၉။ ရေဝတ သာမဏေ (ရှားတောနေ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်သာရိပုတ္တရာသည် ဆဲ့ရှစ်ကုဋေသော ဥစ္စာတို့ကိုစွန့်၍ ရဟန်းပြုပြီး သော် ညီမ သုံးယောက်၊ ညီ သုံးယောက်အနက် အငယ်ဆုံး ညီငယ် သူငယ် ‘ရေဝတ’ တဦးတည်းမှ တပါး အကြီး ငါးဦးလုံးကို ရဟန်းပြု စေခဲ့၏။ မိဘတို့သည် မိစ္ဆာအယူ ရှိကြ၍ တဦးတည်းသာ ကျန်သည့်

'ရေဝတ' ကိုမူ လုံးဝ လက်မလွှတ်နိုင်သဖြင့် ခုနစ်နှစ် အရွယ်သာရှိသေးသည့် 'ရေဝတ'ကို သတို့သမီးငယ် တဦးနှင့် လက်ထပ်ပေးရန်ပင် စီစဉ်၏။ လက်ထပ်ပွဲ၌ ရေဝတသည် အသက် ၁၂၀ ရှိ အဖွားအိုကို မြင်၍ 'ဇရာ'သဘောကို ဆင်ခြင်သိမြင်လျှင် ရဟန်းပြုရန် ထွက်ပြေးသော် ရဟန်းသုံးဆယ်နေသည့် ကျောင်းတကျောင်းသို့ ရောက်သွား၏။ "ငါ့ညီ ရေဝတ လာလျှင် မဆိုင်းမတွ ရဟန်းပြုပေးကြ"ဟု ရှင်သာရိပုတ္တရာက ရဟန်းတို့အား မှာကြားထားပြီး ဖြစ်သဖြင့် ထိုကျောင်းမှ ရဟန်းတို့သည် ရေဝတအား ရှင်ပြုပေးကြပြီး ရှင်သာရိပုတ္တရာထံ အကြောင်းကြားကြ၏။

ရေဝတသာမဏေသည် ထိုရဟန်းများထံမှ ကမ္မဋ္ဌာန်းကို သင်ယူပြီး ယူဇနာ သုံးဆယ်ဝေးသော ရှားတောကြီးသို့ သွားနေ၍ တရားအားထုတ်သော် ဝါတွင်းသုံးလအတွင်းမှာပင် ရဟန္တာ ဖြစ်လေ၏။ ဝါကျွတ်သဖြင့် ရှင်သာရိပုတ္တရာသည် ရှားတောနေ ရှင်ရေဝတထံ သွားခွင့် ပန်ကြားသော် မြတ်စွာဘုရားက "ငါဘုရားတို့လည်း သွားကုန်အံ့"ဟု ရဟန်းငါးရာနှင့်တကွ ထွက်တော်မူ၏။ သွားရမည့်ခရီးမှာ ယူဇနာ သုံးဆယ်ဝေးပြီး လူသူမနေ နတ်ဘီလူးတို့ သိမ်းပိုက်ထားသည့် ခရီး ဖြစ်၏။ ထိုခရီးသွားရာတွင် ရှင်သီဝလိမထေရ်လည်း ပါလာသဖြင့် နတ်တို့သည် "ငါတို့ အရှင်သီဝလိမထေရ်အား ပူဇော်ကြအံ့"ဟု တယူဇနာ တယူဇနာ ဝေးကွာသည့် အရပ်တိုင်း၌ ကျောင်းတို့ကို ဆောက်စေလျက် နတ်ဘောဇဉ်တို့ကို ရှင်သီဝလိအား လှူဒါန်း၏။ ရှင်သီဝလိသည် ထိုနတ်ဘောဇဉ်ကို ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းအား လှူဒါန်း၏။ ဤသို့လျှင် ရှင်သီဝလိ၏ ဘုန်းကံဖြင့် ဆွမ်းကိစ္စပြည့်စုံ၍ တနေ့ တယူဇနာ ကြွတော်မူ၏။

ရှင်ရေဝတလည်း မြတ်စွာဘုရားကြွလာသည်ကိုသိလျှင် ဘုရားရှင်အတွက် ဂန္ဓကုဋိတိုက်နှင့်တကွ ကျောင်းငါးရာကို ဖန်ဆင်းထား၏။ ဘုရားရှင်လည်း ပရိသတ်နှင့်တကွ တလဖြင့် ရှင်ရေဝတထံ ရောက်လာပြီး ထိုနေရာ၌လည်း ရှင်သီဝလိ၏ ဘုန်းကံကိုသာ သုံးဆောင်လျက် တလကြာ နေတော်မူ၏။ တနေ့ တယူဇနာကျဲနှင့်ပင် ပြန်ကြွလာသော် တလဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ပုဗ္ဗာရုံကျောင်းသို့ဝင်တော်မူ၏။နောက် ရဟန်းအပေါင်း ခြံရံလျက် ဝိသာခါ ဒါယိကာမကြီးအိမ်သို့ ကြွတော်မူ၏။ ဝိသာခါသည် ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်း ဆွမ်းခဲဘွယ် ဆက်ကပ်ပြီးစီးသော် "ရှင်ရေဝတ၏ နေရာအရပ်သည် မွေ့လျော်ဘွယ် ရှိပါ၏လော"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "ဒါယိကာမကြီး၊ ရဟန္တာမြတ်တို့ နေရာအရပ်သည် ရွာဖြစ်စေ,

တောဖြစ်စေ, မွေ့လျော်ဘွယ် ရှိသည်သာတည်း”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၈။ “ရွာ၌ဖြစ်စေ, တော၌ဖြစ်စေ, ချိုင့်ဝှမ်း၌ဖြစ်စေ, ကုန်းမြင့်၌ဖြစ်စေ အကြင်အရပ်၌ ရဟန္တာပုဂ္ဂိုလ်တို့ နေထိုင်ကြ၏။ ထိုပုဂ္ဂိုလ်နေထိုင်ရာ မြေအရပ်သည် မွေ့လျော်ဘွယ် ရှိ၏။”

## ၈၀။ မိန်းမတဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းတပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ ဥယျာဉ်ဟောင်းတခုသို့ ဝင်၍ တရားအားထုတ်နေ၏။ ထိုအခါ မိန်းမပေါ်တဦးသည် ထိုဥယျာဉ်သို့ ရောက်လာ၍ မထေရ်ကိုမြင်လျှင် ဟိုဟိုဒီဒီ ကြည့်၍ တစုံတယောက်မျှ မမြင်သော် ထိုရဟန်းအား ကာမရာဂနှိုးဆွလိုသဖြင့်ရှေ့၌ရပ်ကာ ထပ်ခါတလဲ ထမီကိုချွတ်လိုက် ဝတ်လိုက်လုပ်၏။ဆံပင်များကိုလည်း ဖြည်၍ထုံး၏။ လက်ခုပ်တီး၍လည်း ရယ်၏။ မထေရ်သည် ထိတ်လန့်ခြင်း သံဝေဂဉာဏ်ရသောကြောင့် တကိုယ်လုံး ပီတိဖြင့် ပျံ့နှံ့နေရကား “ဤကား အဘယ်နည်း”ဟု ဆင်ခြင်လေ၏။ ဘုရားရှင်လည်း ထိုရဟန်းအကြောင်းကို ရှုဆင်ခြင်၍ ထိုအဖြစ်အပျက်ကို သိမြင်တော်မူလျှင် ဂန္ဓကုဋိ၌ နေတော်မူလျက်ပင် ရောင်ခြည်တော်များကို လွှတ်တော်မူ၍ ထိုရဟန်းအား “ချစ်သား၊ ကာမဂုဏ်ကို ရှာနေသူတို့ အာရုံစိုက်ရာဌာနသည် ရာဂကင်းကွာသူ ရဟန္တာတို့အဖို့ အာရုံပြုရာ ဌာန မဟုတ်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၉၉။ “တောတို့သည် မွေ့လျော်ဘွယ် ရှိကုန်၏၊ ယင်းတောတို့၌ ကာမရှာမှီးသူ အပေါင်းသည် မမွေ့လျော်နိုင်။ ရာဂကင်းကုန်သော ထိုရဟန္တာ ပုဂ္ဂိုလ်တို့ကား ကာမကို မရှာမှီးကြသဖြင့် မွေ့လျော်ကုန်လတံ့။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသည် ထိုင်လျက်ပင် ရဟန္တာဖြစ်လေ၏။

[redacted]

# [၈] သဟဿ ဝဂ်

## ၈၁။ တမ္ဗဒါဌိက ခိုးသူသတ်သမား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်၌ 'တမ္ဗဒါဌိက'မည်သော ယောကျ်ားသည် မင်းကြီးထံ၌ ခိုးသူသတ်အမှုကို ငါးဆဲ့ငါးနှစ်တိုင် အမှုထမ်းပြီး၍ ထိုရာထူးမှ အနားယူကာ အိမ်၌ပင် အေးဆေးစွာနေ၏။ တနေ့သ၌ သူသည် စားချင်နေသည့် နို့ထမင်းကို အိမ်မှာ ချက်ခိုင်းပြီး မြစ်သို့ သွား၏။ ရေချိုးပြီး ဝတ်စားဆင်ယင်လျက် ပြန်လာ၍ နို့ထမင်းကို စားရန် ပြင်ဆင်၏။ ထိုခဏ၌ ရှင်သာရိပုတ္တရာသည် သမာပတ်မှ ထ၍ "ယနေ့ အဘယ်သူကို ချီးမြှောက်အံ့နည်း"ဟု ဆင်ခြင်သော် ထိုတမ္ဗဒါဌိကကိုမြင်လျှင် ထိုသူ့အိမ်တံခါးသို့ သွားပြီး ဆွမ်းရပ်၏။ တမ္ဗဒါဌိကသည် မထေရ်ကိုမြင်လျှင် "ငါကား ဤမျှကာလပတ်လုံး ခိုးသူသတ် အမှုကိုပြုခဲ့၏။ ဤမထေရ်မြတ်အား နို့ဆွမ်းအလှူ ကုသိုလ်ပြုသင့်၏"ဟု ကြံ၍ မထေရ်ကို အိမ်ထဲသို့ ပင့်ပြီး နို့ဆွမ်းကို လှူ၏။

မထေရ်သည် ဆွမ်းဘုဉ်းပေးပြီး၍ တရားဟောသော် တမ္ဗဒါဌိကသည် မိမိပြုခဲ့သည့် ခိုးသူသတ် အမှုများကို အောက်မေ့သဖြင့် တရားတော်၌ စိတ်အာရုံ မစူးစိုက်နိုင်ဘဲ ရှိနေ၏။ မထေရ်သည် မေး၍ ထိုအကြောင်းကို ကြားရလျှင် "သူ့ကို ငါ လှည့်ပတ်အံ့"ဟု ကြံပြီး "ဒါယကာ၊ သင်သည် မိမိအလိုဖြင့် ပြုသလော။ သူတပါးခိုင်း၍ ပြုသလော"ဟု မေး၏။ "မင်းကြီး က ခိုင်း၍ ပြုရပါသည်"ဟု လျှောက်သော် မထေရ်က "ဤသို့ဖြစ်လျှင် သင့်အား မကောင်းမှုကံ ဖြစ်သတဲ့လော"ဟု မိန့်ကြား၏။ တမ္ဗဒါဌိကသည် အသိဉာဏ်နည်းသူ ဖြစ်၍ "ငါ့အား အကုသိုလ်ကံ မရှိလေစွ"ဟု မှတ်ထင် သဖြင့် မထေရ်အား "တရားဟောပါဘုရား"ဟု အားရဝမ်းသာ လျှောက်

ထား၏။ သူသည် တရားကို စိတ်တည်ကြည်စွာဖြင့် ကြားနာသော် သောတာပတ္တိ မဂ်နှင့် အလွန်နီးကပ်သော 'အနုလောမိက'ခေါ်သည့် ဉာဏ်အဆင့်သို့ ရောက်၏။ သူသည် မထေရ်ကို အတန်ငယ်လိုက်ပို့ပြီး ပြန်လာရာ ဘီလူးတယောက်က နွားမအသွင်ဖြင့် ပြေးလာသိုးခတ်ကား သတ်၍ သေသော် တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။

ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား တမ္ဗဒါဌိကအကြောင်းကို လျှောက်ကြားပြီး "အဘယ်ဘုံ၌ သူ ဖြစ်ပါမည်နည်း" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "တမ္ဗဒါဌိကသည် ရှေးအခါက မကောင်းမှုများစွာ ပြုခဲ့သော်လည်း ယနေ့ ရှင်သာရိပုတ္တရာ၏ တရားကို နာရသဖြင့် 'အနုလောမိကဉာဏ်'ကို ရသွားသဖြင့် တုသိတာနတ်ပြည်၌ ဖြစ်၏" ဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့က "တမ္ဗဒါဌိက ပြုသည့် မကောင်းမှုကံကား အားကြီးလှ၏။ ဤမျှလောက်သော တရား နာကြားရုံမျှဖြင့် အဘယ်သို့လျှင် အကျိုးထူးကို ရနိုင်ပါသနည်း" ဟု လျှောက်ကြသော် မြတ်စွာဘုရားက "ရဟန်းတို့၊ ငါဘုရားဟောကြားသည့် တရားတော်ကို နည်းသည် များသည်ဟု အတိုင်းအရှည်ကို မမှတ်ယူကြလင့်။ စကားဘခွန်းသည်ပင် အကျိုးစီးပွားနှင့် ယှဉ်သဖြင့် မြတ်သည်သာတည်း" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၀၀။ "အကျိုးမဲ့ပုဒ်များ ပါရှိသော စကားသည် ပုဒ်အခွန်းပေါင်း တထောင်ပင် ရှိစေကာမူ အကျိုးမရှိ မမြတ်သည်သာ။ ကြားနာရလျှင် ရာဂ စသည် အေးငြိမ်း၍ အကျိုးရှိသည့် စကားပုဒ်သည် တပုဒ်တည်းပင် ဖြစ်သော်လည်း အကျိုးရှိ၍ မြတ်သည်သာတည်း။"

## ၈၂။ ဗာဟိယ ဒါရုစိရိယ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ကုန်သည်များစွာတို့သည် လှေဖြင့် သမုဒ္ဒရာသို့ သွားကြရာ လှေကွဲပျက်၍ လူတို့ ရေနစ် သေဆုံးကုန်ကြ၏။ တဦးတည်း ကျန်သော ကုန်သည်သည် ပျဉ်ချပ်တခုကို ယူ၍ ကူးခတ်သဖြင့် 'သုပ္ပာရက' သင်္ဘောဆိပ် မြစ်ကမ်းသို့ ရောက်သွား၏။ သူသည် အဝတ်ပုဆိုး မရှိသဖြင့် ပျဉ်ချပ်တခုကို လျှော်ဖြင့် ချည်၍ ဝတ်ကာ နတ်ကွန်းမှ ခွက်ကိုယူပြီး သုပ္ပာရက

ဆိပ်သို့ သွား၏။ လူတို့သည် သူ့ကို မြင်လျှင် ယာဂု, ထမင်း စသည်တို့ကို ပေးကမ်း၍ "ဤသူကား ရဟန္တာတည်း"ဟု ချီးမွမ်းပြောဆိုကြ၏။ သူသည် လူတို့က အဝတ်များ ယူလာပေးသော်လည်း "ဝတ်လျှင် လာဘ်လာဘ ဆုတ်ယုတ်မည်"ဟု ကြံ၍ လက်မခံပေ။ ထိုအခါ လူတို့က "ရဟန္တာ"ဟု ဆိုကြသော် သူသည် "ငါကား ဤလောကရှိ ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်၏" ဟု ထင်မှတ်လေ၏။ သူသည် ဤသို့ မိစ္ဆာအကျင့် ကျင့်ပြီး သစ်သားအဝတ်ကို ဝတ်သူ ဖြစ်၍"ဗာဟိယဒါရုစီရိယ"ဟု တွင်၏။

ရှေးဘဝက မိတ်ဟောင်း ဖြစ်ခဲ့ဘူးသော မဟာဗြဟ္မာကြီးသည် "ဤ ဗာဟိယသည် ရှေးက ရဟန်းဘဝဖြင့် ငါနှင့်အတူ တရားအားထုတ်ဘူး၏။ ယခုဤအယူကို ယူ၍ လှည့်လည်နေသော် ပျက်စီးရာ၏" ဟု မိတ်ဆွေစိတ်ဖြင့် ကြင်နာသနားသောကြောင့် ညအခါ လာ၍ ကောင်းကင်၌ ရပ်လျက် "ဗာဟိယ၊သင်သည် ရဟန္တာမဟုတ်သေး။ရဟန္တာ ဖြစ်ကြောင်း တရားလည်း သင့်မှာ မရှိသေး"ဟု ဆို၏။ ဗာဟိယသည် ဗြဟ္မာကြီးကို မော့ကြည့်လျက် "အလွန်ဝန်လေးသည့် အမှုကို ငါ ပြုမိချေပြီ။ ငါ ရဟန္တာ မဟုတ်သေး ဟု ဆိုဘိသည်။လောက၌ ငါမှတပါး ရဟန္တာ ရှိလေသလော"ဟုစဉ်းစားပြီး၊ "ယခု လောက၌ ရဟန္တာပုဂ္ဂိုလ် ရှိလေသလော"ဟု မေး၏။ ထိုအခါ ဗြဟ္မာကြီးက "ဤမှ ယူဇနာ တရာ့နှစ်ဆယ် ဝေးသည့် သာဝတ္ထိပြည်၌ သဗ္ဗညုဘုရားရှင်သည် ယခုသီတင်းသုံးနေ၏။ ထိုဘုရားရှင်သည် ရဟန္တာ လည်း မည်၏။ ရဟန္တာဖြစ်ကြောင်း တရားကိုလည်း ဟောတော်မူ၏"ဟု ပြောကြားလေ၏။

ဗာဟိယသည် ထိတ်လန့်သော စိတ်ဖြင့် ထိုခဏ၌ပင် သုပ္ပာရက သင်္ဘော ဆိပ်မှ ယူဇနာတရာ့နှစ်ဆယ် ဝေးသည့် သာဝတ္ထိပြည်သို့ အမြန်ပြေးသွားရာ မဟာဗြဟ္မာကြီး၏ အာနုဘော်, ဘုရားရှင်၏ အာနုဘော်ကြောင့် တညတည်းဖြင့် ရောက်သွား၏။ သူသည် နံနက်စာ စားပြီး ဘုရားရှင်နောက် စုံစမ်း မေးမြန်း၍ လိုက်သော် နိှုင်းယှဉ်စရာ ဥပမာမရှိသော ကျက်သရေ တော်ဖြင့် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်သော မြတ်စွာဘုရားကို မြင်ရလျှင် "ငါကား အလွန်ကြာမြင့်မှ သဗ္ဗညု ဘုရားရှင်ကို ဖူးမြင်ရ၏တကား"ဟု မြင်ရာအရပ်မှ စ၍ ရှိသေကိုင်းညွှတ်လျက် သွား၏။ ခရီးအကြား၌ပင် ရိုသေစွာ ရှိခိုးပြီးဖမျက်တော်၌ မြဲစွာဖက်လျက် "မြတ်စွာဘုရား၊တပည့်တော်အား တရားဟောတော်မူပါ။ ယင်းတရားတော် သည် တပည့်တော်အား ကာလရှည်စွာ ကြီးပွား ချမ်းသာခြင်း ဖြစ်ပေရာ

၏” ဟု လျှောက်လေသော် မြတ်စွာဘုရားက “ဗာဟိယ၊ တရားဟောချိန် မပေါက်သေး။ ဆွမ်းခံဝင်ဆဲ ဖြစ်သေး၏” ဟု ပယ်တော်မူ၏။

ဗာဟိယက“ရှင်တော်ဘုရား၏အသက်အန္တရာယ်၊တပည့်တော်၏ အသက်အန္တရာယ်မသိနိုင်ပါ။ တပည့်တော်အား တရားဟောတော် မူပါဘုရား”ဟု လျှောက်ပြန်၏။ မြတ်စွာဘုရားလည်း “ဗာဟိယသည် ငါဘုရားအား ကြည်ညိုသည့် ပီတိအဟုန်ဖြင့် လွှမ်းခြုံနေပြီး တရားတော်ကို ထိုးထွင်းပြီး မသိနိုင်သေး လတံ့။ အလယ်အလတ် လျစ်လျူရှုခြင်းသဘော၌ တည်စေဦး။ တညတည်းဖြင့် ယူဇနာ တရာ့နှစ်ဆယ် သွားခဲ့ရသဖြင့် ပင်ပန်းမှုလည်း ငြိမ်းစေဦး”ဟုကြံတော်မူ၍ တဖန်ပယ်တော်မူ၏။ ဗာဟိယသည် ရှေးနည်းတူ လျှောက်၍ သုံးကြိမ်မြောက် တောင်းပန်သော် မြတ်စွာဘုရားသည် လမ်းမပေါ်၌ရပ်လျက်ပင် “ချစ်သားဗာဟိယ၊ မြင်အပ်သော ရူပါရုံ၌ မြင်ကာမတ္တသာ ဖြစ်လေအောင် (ဝါ) အကုသိုလ်ဇောစိတ် မဖြစ်ဘဲ ကုသိုလ်ဇောစိတ်ဖြစ်အောင် ကျင့်ကြံပါလေလော့။ ကြားအပ်သောသဒ္ဒါရုံ၌ငှင်း၊ တွေ့ထိအပ်သော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ငှင်း၊ မနောစိတ်ဖြင့် သိအပ်သော ဓမ္မာရုံတို့၌ငှင်း”ဟု တရားလေးပိုဒ်ကို ဟောတော်မူ၏။

ဤတရားကို ကြားနာပြီးလျှင်ပင် ဗာဟိယသည် ရဟန္တာ ဖြစ်သွား၍ ရဟန်းပြုခွင့် တောင်းခံ၏။ ဘုရားရှင်သည် “ဗာဟိယကား ရှေးက သင်္ကန်း, သပိတ်မပေးလှူခဲ့”သည်ကို မြင်တော်မူ၍ “ဧဟိဘိက္ခု” ရဟန်းအဖြစ်ကို ပေးတော် မမူဘဲ “ဗာဟိယ၊ သပိတ်သင်္ကန်းကို ရှာချေဦးလော့”ဟု မိန့်တော်မူပြီး ဖဲကြွတော်မူ၏။ ဗာဟိယသည် သပိတ် သင်္ကန်းကို ရှာရန် လှည့်လည်စဉ်ပင် ရှေးဘဝက ရန်ငြိုးထားခဲ့သော ဘီလူးမတဦးက နွားမအသွင်ဖြင့်လာ၍ တိုးဝှေ့ သတ်သဖြင့် သေလေ၏။ မြတ်စွာဘုရားသည် ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးပြီး ရဟန်းများနှင့်အတူ ထွက်လာရာ အမှိုက်ပုံပေါ်၌ ဗာဟိယ၏ အလောင်းကို မြင်တော်မူလျှင် “ရဟန်းတို့၊အိမ်တအိမ်မှ ညောင်စောင်းငယ်ကို ဆောင်ယူစေပြီး ဤအလောင်းကို မြို့မှထုတ်၍ မီးသင်္ဂြိုဟ်ပြီး စေတီ တည်ကြလော့”ဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း ထိုအတိုင်း ပြုလုပ်ကြပြီး ကျောင်းသို့သွား၍ ဘုရားရှင်အား ကိစ္စပြီးကြောင်းနှင့် ဗာဟိယ၏ လားရာဂတိကို လျှောက်ထားကြ၏။

မြတ်စွာဘုရားက “ဗာဟိယသည် ပရိနိဗ္ဗာန် ပြုလေပြီ။ လျင်မြန်သည့် အဘိညာဉ်ရှိကြသော ငါ၏တပည့်သာဝကများအနက် ဗာဟိယသည်အမြတ်ဆုံး ဖြစ်၏” ဟု ဗာဟိယအား ဧတဒဂ်အရာ၌ ထားတော်မူ၏။ ထိုအခါ

ရဟန်းတို့က "ဗာဟိယသည် အဘယ်အခါ၌ အဘယ်တရားကို နာရ၍ ရဟန္တာ ဖြစ်ပါသနည်း"ဟုလျှောက်ကြသော် မြတ်စွာဘုရားက "ငါဘုရား ဆွမ်းခံ ဝင်လာစဉ် လမ်းမ၌ ရပ်နားလျက် ဤမျှလောက်သော ဟောကြား သည့် တရားကို ဗာဟိယ နာရသဖြင့် ရဟန္တာ ဖြစ်သွား၏"ဟု မိန့်တော် မူ၏။ရဟန်းတို့က "ထိုမျှလောက်သော တရားအနည်းငယ်ဖြင့် ဗာဟိယသည် အဘယ်သို့ တရားထူးကို ရနိုင်ပါအံ့နည်း"ဟု လျှောက်ကြပြန်၏။ မြတ်စွာ ဘုရားက "ရဟန်းတို့၊ ငါဘုရား၏ တရားတော်ကို နည်းသည် များသည်ဟု အတိုင်းအရှည်ကို မမှတ်ယူကြလင့်။ အကျိုးနှင့် စပ်ယှဉ်သော ဂါထာတပုဒ် သည်ပင် အကျိုးမဲ့သော ဂါထာ တထောင်ထက်သာ၍ မြတ်၏"ဟု မိန့် တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၀၁။ "အကျိုးမဲ့ပုဒ်များပါရှိသော ဂါထာသည် တထောင်ပင်ရှိစေကာမူ အကျိုးမရှိ မပြတ်သည်သာ။ ကြားနာရလျှင် ရာဂစသည် အေးငြိမ်း စေသော ဂါထာသည် တပုဒ်တည်းပင် ဖြစ်သော်လည်း အကျိုးရှိ၍ မြတ်သည်သာတည်း။"

## ဂ၃။ ကုဏ္ဍလကေသီ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်မှ သူဌေးသမီး တဦးသည် မိမိအား သတ်ရန် ကြံသည့် မိမိ၏ လင်ခိုးသူကို ပရိယာယ်ဖြင့် တောင်ပေါ်မှ တွန်းချ သတ်ခဲ့ပြီး ပရိဗိုဇ် ရဟန်း ပြုလေ၏။ နောက်သူမသည် ပရိဗိုဇ်မတို့ထံမှ (ထုံးစံအရ) ဝါဒ တထောင်ကို သင်ယူပြီးလျှင် "ငါသည် ဇမ္ဗူဒိပ်၌ လှည့်လည်ကာ ငါနှင့် ဝါဒ ရေးရာ တုပြိုင် ပြောဆိုနိုင်သူတို့ကို ရှာအံ့"ဟု ကြံ၍ သပြေတခက်ကို ကိုင်လျက် ခရီးလှည့်လည်သဖြင့် "ဇမ္ဗုပရိဗိုဇ်မ"ဟု တွင်၏။ သူမသည် ရောက်ရာ ရွာနိဂုံးသို့ ဝင်သော် တံခါး၌ သဲပုံကို ပြုလုပ်၍ အပေါ်၌ သပြေ ခက်ကို စိုက်ထားပြီး "ငါနှင့်တုပြိုင် ပြောဆိုနိုင်သူသည် ဤသပြေခက်ကို နင်းချေစေသတည်း"ဟုဆို၍ ရွာနိဂုံးသို့ ဝင်လေ့ရှိ၏။ ထိုအရပ်၌ တုပြိုင်သူ မရှိသော် သူမသည် သပြေခက် အသစ်တခုကို ယူ၍ ရှေးနည်းတူပြု၏။ ဤသို့ လှည့်လည်သော် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်လာ၍ မြို့တံခါး၌ သပြေခက်ကို ထားကာ ရှေးနည်းတူ ဆိုပြီး ဆွမ်းခံဝင်၏။

ကလေးသူငယ်တို့သည် ထိုသပြေခက်ကို ဝန်းရံနေကြ၏။ မြို့ထဲမှ ဆွမ်းဘုဉ်းပေး ထွက်လာသော ရှင်သာရိ ပုတ္တရာသည် ထိုသူငယ်များထံမှ ထိုအကြောင်းကို ကြားသိလျှင် သပြေခက်ကို နင်းချေ ဖျက်ဆီးစေ၏။ ပရိဗိုဇ်မလည်း လာလတ်၍ ထိုအခြင်းအရာကို မြင်လျှင် ရှင်သာရိပုတ္တရာအား "ကျွန်ုပ်နှင့်တကွ ပြဿနာကို ဖြေပါလော့"ဟု ဆို၏။ "ပညာရှိနှစ်ဦး စကားစစ်ထိုးကြမည်"ဟု တမြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်၍ လူအပေါင်းတို့ စုဝေးလာကြ၏။ ပရိဗိုဇ်မက ဝါဒတထောင်ကို မေးသော် မထေရ်က မေးတိုင်းပြဿနာကိုဖြေကြားပြီး၍ပရိဗိုဇ်မအား "ဧကံ နာမ ကိံ"ဟုပြဿနာကို မေး၏။ ပရိဗိုဇ်မသည် မဖြေနိုင်၍ "ဤပြဿနာကို တပည့်တော်အား သင်ပေးပါ"ဟုလျှောက်၏။မထေရ်က "ငါနှင့် အသွင်တူမှ ပေးနိုင်အံ့"ဟုဆိုပြီး ရဟန်းမတို့အား အကြောင်းကြား၍ ပရိဗိုဇ်မကို ရဟန်းပြုစေ၏။ သူမသည် ရဟန်းဖြစ်သော် "ကုဏ္ဍလကေသီ"ဟု တွင်၏။

ကုဏ္ဍလကေသီထေရီမသည် နှစ်ရက်သုံးရက်ကြာလျှင် ရဟန္တာဖြစ်၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော မြတ်စွာဘုရားအား "ကုဏ္ဍကေသီ ထေရီမသည် တရားများစွာ မကြားနာရဘဲလျက် ရဟန္တာဖြစ်နိုင်ပါအံ့လော။ သူမသည် လူဖြစ်စဉ်က ခိုးသူနှင့် စစ်ထိုး၍ အနိုင်ရပြီး ရောက်လာသတဲ့ ဘုရား" ဟု လျှောက်ထား ကြ၏။ မြတ်စွာဘုရားရှင်က "ရဟန်းတို့၊ ငါဘုရား ဟောကြားသည့် တရားစကားကို နည်းသည်၊ များသည်ဟု အတိုင်းအရှည်ကို မယူမှတ်ကြလင့်။ အကျိုးပြီးစေသော စကားသည် တပုဒ်တည်း ဖြစ်သော်လည်း မြတ်သည်သာတည်း။ အပ ဖြစ်သည့် ခိုးသူတို့ကို အနိုင်ရသူသည် အောင်သည် မမည်။ ကိုယ်တွင်းရှိ အဇ္ဈတ္တိက ခိုးသူတို့ကို အနိုင်ရသူသာ အောင်သည်မည်၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၀၂။ "အကျိုးမဲ့ ပုဒ်များ ပါရှိသော ဂါထာတရာကို ရွတ်ဆိုစေကာမူ (ထိုဂါထာတရာသည်) အကျိုးမရှိ မမြတ်သည်သာ။ ကြားနာရလျှင် ရာဂစသည် အေးငြိမ်းစေသော တရားစကားသည် တပုဒ်တည်းပင် ဖြစ်သော်လည်း အကျိုးရှိ၍ မြတ်သည်သာတည်း။

၁၀၃။ "စစ်မြေပြင်၌ လူတသန်းကို အောင်မြင်သော စစ်သူရဲသည် မမြတ်ပေ။ တခုတည်းသာဖြစ်သော (ကိလေသာ မာရ် ကိုယ်တွင်းရန်ကို နှိမ်နင်း၍) မိမိကိုယ်ကို အောင်မြင်သော ယောဂီပုဂ္ဂိုလ်သည်သာ အမြတ်ဆုံးသော အောင်မြင်သူ ဖြစ်၏။"

## ၈၄။ အနတ္ထပုစ္ဆက ပုဏ္ဏား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ပုဏ္ဏားတဦးသည် "သဗ္ဗညုဘုရားရှင်ကား အကျိုးစီးပွား ကိုသာ သိပြီး အကျိုးစီးပွားမဲ့ကို သိမည် မထင်"ဟု ကြံ၍ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ထား၏။ မြတ်စွာဘုရားက "အကျိုး စီးပွားမဲ့ကိုလည်း ငါဘုရား သိ၏"ဟု မိန့်တော်မူလျှင် "တပည့်တော် အား အကျိုးစီးပွားမဲ့ကို ဟောပါဘုရား"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ နေထွက်အောင် အိပ်ခြင်း၊ ပျင်းရိခြင်း၊ ကြမ်းကြုတ်ခြင်း၊ သေသောက်ကြူးခြင်း၊ တဦးတည်း ခရီးသွားခြင်း၊ သူတပါး သားမယားကို လွန်ကျူးခြင်း ဤတရား ခြောက်ပါးကို သင်မှီဝဲ အားထုတ်ကြည့်လော့။ သင့်အား အကျိုးစီးပွားမဲ့ ကေန် ဖြစ်လတံ့"ဟု ဟောတော်မူ၏။ ပုဏ္ဏားကြီးက "ဘုရားရှင်သည် အကျိုးစီးပွားမဲ့ကိုလည်း သိပေစွ"ဟု ကောင်းချီးပေးသော် မြတ်စွာဘုရားက "ငါဘုရားနှင့် တူ သော အကျိုးရှိ၊ အကျိုးမဲ့ကို သိသူ မရှိ"ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ သင် အဘယ်အလုပ်ဖြင့် အသက် မွေးသနည်း"ဟု မေးသော် "ကြွေအန် ကစားခြင်း အလုပ်ဖြင့် အသက်မွေးပါ၏"ဟု လျှောက်၏။ "သင် နိုင်သလော၊ ရှုံးသလော"ဟု မေးတော်မူသော် "ရံခါ ရှုံး၍ ရံခါ နိုင်ပါ၏"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ဤနိုင်ခြင်းကား အနည်းငယ်မျှသာ။ သူတပါးကို နိုင် ခြင်းသည် မမြတ်။ ကိလေသာကို နိုင်ခြင်းဖြင့် မိမိကိုယ်ကို အောင်နိုင် သော သူ၏ ထာဝစဉ် အောင်ခြင်းသည်သာ မြတ်၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၀၄။ "မိမိကိုယ်ကို ဆုံးမပြီး၍ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို အမြဲစောင့် စည်းသော ပုဂ္ဂိုလ်၏ 'မိမိကိုယ်ကို အောင်ခြင်း'သည် စင်စစ်မြတ်၏။ ထိုပုဂ္ဂိုလ်မှတပါး သူတဦးကို အောင်သော သတ္တဝါ၏ 'အောင်ခြင်း' သည်ကား မမြတ်ပေ။

၁၀၅။ "ထိုကဲ့သို့ မိမိကိုယ်ကို အောင်သော ပုဂ္ဂိုလ်၏ အောင်ခြင်းကို 'နတ်၊ ဂန္ဓဗ္ဗနတ်မျိုး၊ ဗြဟ္မာနှင့်တကွ မာရ်နတ်'တို့ပင် တဖန်ရှုံးအောင် မလုပ်နိုင်ပေ။"

## ၇၅။ သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရှင်သာရိပုတ္တရာသည် ဦးရီးပုဏ္ဏားကြီးထံသွား၍ "သင်သည် ကုသိုလ် တစုံတရာကို ပြု၏လော"ဟု မေးသော် "ပြုပါ၏။ လတိုင်း လတိုင်း တထောင်သော ဥစ္စာကို တက္ကတွန်းတို့အား ပေးလှူ၏"ဟု ဆို၏။ "အဘယ် အကျိုးကို တောင့်တ၍ပေးလှူသနည်း"ဟု မေးသော် "ဗြဟ္မာ့ပြည်ကိုတောင့်တ ၍ လှူပါ၏"ဟု လျှောက်၏။ "ဤသို့ ပေးလှူ၍ ဗြဟ္မာ့ပြည်သို့ ရောက်နိုင် သတဲ့လော။ ဘယ်သူက ပြောသနည်းဟု" မေးသော် "ရောက်နိုင်ကြောင်း မှန်ပါ၏။ တပည့်တော်၏ ဆရာများက ပြောဟောပါသည်"ဟု လျှောက် ၏။ ထိုအခါ မထေရ်က "ဗြဟ္မာ့ပြည်ရောက်ကြောင်း သင်လဲ မသိ၊ သင့် ဆရာများလဲ မသိ။ မြတ်စွာဘုရားသာ သိ၏။ သင့်အား ဗြဟ္မာ့ပြည်ရောက် ကြောင်း တရား ဟောကြားစေအံ့" ဟု ထိုပုဏ္ဏားကို ဘုရားရှင်ထံ ခေါ်သွား ပြီး ထိုအကြောင်းကို လျှောက်ထား၍ "ဤပုဏ္ဏားကြီးအား ဗြဟ္မာ့ပြည် ရောက်ကြောင်းတရား ဟောတော်မူပါဘုရား"ဟု လျှောက်လေ၏။

မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ သင်သည် ဤကဲ့သို့ နှစ်တရာပတ်လုံး ပေးလှူခြင်းထက် တခဏမျှ ကြည်ညိုသော စိတ်ဖြင့် ငါ၏ တပည့်သား ရဟန်းသံဃာအား ဖူးမျှော်ခြင်း၊ ဆွမ်းတဇွန်းမျှ လှူခြင်းက သာ၍ အကျိုးကြီးမြတ်လှ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော် မူ၏။

၁၀၆။ "အကြင်သူသည် လစဉ် လတိုင်း တထောင်သော ဥစ္စာဖြင့် အနှစ်တရာ
တိုင် ယဇ်ပူဇော်ရာ၏။ အကြင်သူကား ဝိပဿနာ ပွားများပြီးသော
အရိယာပုဂ္ဂိုလ်တဦးကို တခဏမျှပင် လှူဒါန်းပူဇော်ရာ၏။ (ထိုပူဇော်
ခြင်းနှစ်မျိုးတွင်) အရိယာပုဂ္ဂိုလ်တဦးအား တခဏမျှ ပူဇော်ခြင်းသည်
သာ မြတ်၏။ သီလမရှိသူတို့အား အနှစ်တရာ လှူဒါန်းပူဇော်ခြင်းကား
မမြတ်ပေ"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားကြီးသည် သောတာပန် ဖြစ် လေ၏။

## ၈၆။ သာရိပုတ္တရာ၏တူ ပုဏ္ဏား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရှင်သာရိပုတ္တရာ၏ တူဖြစ်သူ ပုဏ္ဏားထံ သွား၍ "ကုသိုလ် တစုံတရာ ပြု၏လော"ဟု မေးသော် "ပြုပါ၏။ လစဉ်လတိုင်း သားကောင် တကောင်တကောင်ကို သတ်ပြီး မီးကို လုပ်ကျွေးပါ၏" ဟု လျှောက်၏။ နောက် မထေရ်က ရှေးနည်းတူ မေး၍ ထိုပုဏ္ဏားက ရှေးနည်းတူ ဖြေသော် မထေရ်က ထိုပုဏ္ဏားကို ဘုရားရှင်ထံ ခေါ်သွားပြီး သူ့အား တရားဟောရန် လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား၊ ဤသို့ နှစ်တရာ ပတ်လုံး မီးကိုလုပ်ကျွေးခြင်းသည့်ငါ့တပည့်သား ရဟန်းများအား တခဏမျှ ပူဇော်ခြင်းကို မမှီနိုင်" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၀၇။ "အကြင်သူသည် တော၌ မီးကို အနှစ်တရာပတ်လုံး (သားကောင် သတ်၍) လုပ်ကျွေးပူဇော်ရာ၏။ အကြင်သူကား ဝိပဿနာပွားများ ပြီးသော အရိယာပုဂ္ဂိုလ်တဦးကို တခဏမျှပင် ပူဇော်ရာ၏။ (ထိုပူဇော် ခြင်းနှစ်မျိုးတွင်) အရိယာပုဂ္ဂိုလ်တဦးအား တခဏမျှ ပူဇော်ခြင်းသည် သာ မြတ်၏။ အနှစ်တရာပတ်လုံး သားကောင်သတ်၍ မီးပူဇော်ခြင်း ကား မမြတ်ပေ။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၈၇။ သာရိပုတ္တရာ၏ မိတ်ဆွေ ပုဏ္ဏား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်သာရိပုတ္တရာသည် မိမိ၏ မိတ်ဆွေ ပုဏ္ဏားထံ သွား၍ "သင်သည် ကုသိုလ်တစုံတရာ ပြု၏လော" ဟု မေးသော် "ကြီးကျယ်သော ယဇ်ပူဇော် ခြင်းကို ပြုပါ၏"ဟု လျှောက်၏။ နောက် မထေရ်က ရှေးနည်းတူ မေးပြီး၊ ထိုပုဏ္ဏားက ရှေးနည်းတူ ဖြေသော် မထေရ်သည် ထိုပုဏ္ဏားကို ဘုရားရှင်

ထံ ခေါ်သွား၍ သူ့အား တရားဟောရန် လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား၊ သင်သည် တနှစ်ပတ်လုံး ယဇ်ကြီး ပူဇော်၍ သာမန်လူအများအား ပေးကမ်းသော အလှူသည် တခဏမျှ ကြည်ညိုစိတ်ဖြင့် ငါ့တပည့်သား အရိယာ ရဟန်းများအား ရှိခိုးသော ကုသိုလ်စေတနာ၏ လေးပုံ တပုံကိုပင် မမှီနိုင်" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟော တော်မူ၏။

၁၀၈။ "လောက၌ ကောင်းမှုကို အလိုရှိသော သူသည် ယဇ်ကြီး ယဇ်ငယ် အလုံးစုံကို တနှစ်ပတ်လုံး လှူဒါန်းပူဇော်ရာ၏။ ထိုပူဇော်ခြင်းအားလုံး သည်ပင် နိဗ္ဗာန်ခရီးသို့ ဖြောင့်ဖြောင့်သွားကြသည့် အရိယာပုဂ္ဂိုလ် တို့အား ရှိခိုးခြင်း ကုသိုလ်စေတနာ၏ လေးပုံတပုံကို မမှီနိုင်။ ထိုရှိခိုး ခြင်း ကုသိုလ်စေတနာသည်သာ မြတ်ပေ၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၈၈။ အာယုဝဍ္ဎန သတို့သား

မြတ်စွာဘုရား ဒီဃလဋ္ဌိကမြို့ကို မှီ၍ တောကျောင်း၌ နေတော်မူစဉ်။

ထိုမြို့နေ ပုဏ္ဏားနှစ်ဦးသည် ရသေ့ပြုကြပြီး လေးဆယ့်ရှစ်နှစ်ပတ်လုံး (ကိလေသာခေါင်းပါးအောင် သာသနာပပုဂ္ဂိုလ်တို့ ကျင့်သည့်) 'တပစရဏ' အကျင့်ကို ကျင့်၍ နေ၏။ နောက် တဦးသည် လူထွက်၍ အိမ်ထောင်ပြုရာ သားငယ်တဦးကို ရသော် သူ၏ မိတ်ဟောင်းရသေ့သည် သူ့အိမ်သို့ ရောက် လာ၏။ ထိုပုဏ္ဏားနှင့် မယားတို့ ရှိခိုးကြသော် ရသေ့က "ဒီဃာယုကာ ဟောထ= (သင်တို့ အသက်ရှည်ကြပါစေ)" ဟု ဆုပေးပြီး၊ သားငယ်ကို လက်၌ ကိုင်၍ ရှိခိုးစေသော် ထိုရသေ့က ထိုဆုကိုမပေးဘဲနေ၏။ အကြောင်းကို မေးလျှောက်သော် ထိုရသေ့က "ဤသူငယ်သည် ခုနစ်ရက်သာအသက်ရှည် လတံ့။ မသေအောင် တားနိုင်သည့် အကြောင်းကို ငါမသိ။ ရဟန်းဂေါတမမူ သိနိုင်ရာ၏" ဟု ဆိုလေ၏။

ထိုပုဏ္ဏားနှင့် မယားတို့သည် သားငယ်ကိုယူ၍ ဘုရားရှင်ထံ သွား၏။ ပုဏ္ဏားနှင့်မယား ရှိခိုးသောအခါ မြတ်စွာဘုရားက "ဒီဃာယုကော ဟောဟိ= (သင်အသက်ရှည်ပါစေ)" ဟု ဆု အသီးသီးပေးပြီး သားငယ်အား ရှိခိုးစေ

သောအခါ ဆုမပေးဘဲ နေတော်မူ၏။ အကြောင်းကို လျှောက်သော် ဘုရားရှင်က ရှေးနည်းတူပင် မိန့်တော်မူ၏။ ပုဏ္ဏားက "သားငယ်မသေအောင် တားနိုင်သည့် အကြောင်းကို သိပါသလော"ဟု မေးသော် "ဖြစ်နိုင်ရာ၏" မိန့်တော်မူ၏။ "ဘယ်သို့ပြုမှ ဖြစ်နိုင်ရာသနည်း" ဟု မေးသော် မြတ်စွာဘုရားက "သင့်အိမ်တံခါး၌ မဏ္ဍပ်ဆောက်၍ မဏ္ဍပ်အလယ်၌ အင်းပျဉ်ပေါ်တွင် သူငယ်ကို တင်ပြီး ဘေးပတ်လည်၌ ငါ့တပည့်သား ရဟန်းများ ပရိတ်အရံအတားကို ခုနစ်ရက်လုံးပြုနိုင်အောင် စီရင်နိုင်မူကား သင့်သား မသေအောင် တားနိုင်ရာ၏"ဟု မိန့်တော်မူ၏။ ထိုပုဏ္ဏားသည် ပြန်၍ ထိုအတိုင်း စီရင်ပြီးသော် ဘုရားရှင်ထံ သွား၍ လျှောက်ထား၏။

ဘုရားရှင် စေလွှတ်တော်မူသော ရဟန်းတို့သည် သူငယ်အိပ်ရာအင်းပျဉ် ပတ်လည်တွင်ထိုင်လျက် ခုနစ်ညလုံးမပြတ် ပရိတ်ရွတ်ကြ၏။ ခုနစ်ရက်မြောက်၌ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာသော်စကြဝဠာအတွင်းရှိနတ်အားလုံး စုဝေးရောက်လာကြ၏။ ထိုအခါ ဝေဿဝဏ်နတ်မင်းအား ဆဲ့နှစ်နှစ်ပတ်လုံး လုပ်ကျွေးခစားသဖြင့် နတ်မင်းထံမှ "ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ ဤသူငယ်ကို ယူလော့"ဟူသော ဆုကိုရရှိသည့် 'အဝရုဒ္ဒက'အမည်ရှိ ဘီလူးသည် လာ၍ ရပ်နေ၏။ တန်ခိုးကြီးနတ်များ ရောက်လာသော် တန်ခိုးနည်းနတ်များ နောက်ဆုတ်ပြီး နေရာပေးကြရသဖြင့် ထိုဘီလူးသည် ထိုအရပ်မှဆဲ့နှစ်ယူဇနာ အထိ ဖဲသွားရ၏။မြတ်စွာဘုရားသည် တညလုံး ပရိတ်အရံအတား ပြုတော်မူ၏။ ဘီလူးသည် သူငယ်ကို မရနိုင်ပေ။ အရုဏ်တက်လျှင် သူငယ်ကိုဆောင်၍ ရှိခိုးစေသော် မြတ်စွာဘုရားက "ဒီဃာယုကော ဟောဟိ"ဟု ဆုပေးတော်မူ၏။

"ဤသူငယ်သည် အသက်မည်မျှ ရှည်အံ့နည်း"ဟု မေးသော် မြတ်စွာဘုရားက "အသက် တရာ့နှစ်ဆယ် ရှည်ပေအံ့"ဟု မိန့်တော်မူသဖြင့် သူငယ်အား "အာယုဝဍ္ဎနကုမာရ"ဟု အမည်ပေးလေ၏။ အာယုဝဍ္ဎန သတို့သားသည် အခြွယ်ကြီးရင့်သော် သီတင်းသည် ဥပါသကာငါးရာ ခြံရံလျက် ကျောင်း၌ လှည့်လည်သွားလာကာ နေပေ၏။ ထိုအခါ ရဟန်းတို့က တရားသဘင်သို့ ကြွလာသည့် ဘုရားရှင်အား ထိုသတို့သားအကြောင်းနှင့်တကွ "ဤသတ္တဝါတို့အား အသက်ရှည်နိုင်ခြင်းအကြောင်း ရှိကောင်းပါ၏လော"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ အသက်ရှည်ခြင်းသက်သက် တခုသာ မဟုတ်သေး။ ဤသတ္တဝါတို့သည် ဂုဏ်ကျေးဇူးရှိသော သူတို့ကို ရှိခိုးကြသော်

အကျိုးတရား လေးပါးကိုရပြီး ဘေးရန်မှ လွတ်နိုင်ကုန်၏”ဟု မိန့်တော်မူပြီး၊ ဂါထာဖြင့် ဤသို့ အကျိုးထူးတရား လေးပါးကို ဟောတော်မူ၏။

၁၀၉။ “သီလရှိသူတို့အား ရိုသေစွာ ရှိခိုးလေ့ရှိသော၊ မိမိထက် အသက်
သိက္ခာ ဝါအားဖြင့် ကြီးသောသူတို့အား အမြဲ အရိုအသေ ပြုလေ့
ရှိသော သူအား ‘အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း,
ခွန်အားကြီးခြင်း’ဟူသော အကျိုးတရားလေးပါးတို့ တိုးပွားကုန်၏။”

ဤတရားကို ကြားနာပြီးသော် အာယုဝဍ္ဎနသတို့သားနှင့်တကွ သီတင်းသည် ငါးရာတို့ သောတာပန် ဖြစ်ကြလေ၏။

## ၇၉။ သံကိစ္စ သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းသုံးဆယ်တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ ယူဇနာ တရာ့နှစ်ဆယ် ဝေးသည့် အိမ်ခြေတထောင်ရှိ ရွာကြီးကို မှီ၍ တောကျောင်း၌ တရားအားထုတ်နေကြ၏။ ထိုအခါ အနီးရှိ တောအုပ်ကြီး၌ နေကြသည့် ခိုးသူငါးရာတို့သည် နတ်မင်းအား လူတဦး၏ အသားအသွေးတို့ဖြင့် ပူဇော်လိုသဖြင့် ထိုကျောင်းသို့ လာ၍ ရဟန်းတို့ကို ဖမ်းဆီးပြီး ထိုအကြောင်းကို ပြောကြား‌ကြ၏။ ထိုအခါ မထေရ်ကြီးမှ အစပြု၍ ရဟန်းသုံးဆယ်လုံးက “တပည့်တော်သာ လိုက်သွားပါရစေ”ဟု အသီးသီး ဆိုကြသော် ထိုရဟန်းတို့အား ကပ္ပိယအဖြစ် ထည့်ပေးလိုက်သော သာရိပုတ္တရာ၏ တပည့် ခုနစ်နှစ်အရွယ်ရှိ ‘သံကိစ္စ’မည်သော ရဟန်္တာ သာမဏေက “အရှင်ဘုရားတို့၊ နေမြဲတိုင်း နေတော်မူကြပါ။ ဘုရားရှင်နှင့် တပည့်တော်၏ဆရာရှင်သာရိပုတ္တရာတို့သည် ဤဘေးကို ကြိုမြင်၍ တပည့်တော်အား ထည့်ပေးလိုက်ပါသည်။ တပည့်တော်သာ လိုက်သွားပါမည်”ဟု လျှောက်ကြားပြီး ရဟန်းတို့အား ရှိခိုး၍ ထိုခိုးသူတို့နှင့် လိုက်သွား၏။ ထိုအခါ ရဟန်းတို့သည် ကြီးစွာ ထိတ်လန့် သံဝေဂ ရသဖြင့် စိတ်နှလုံး တုန်လှုပ်ကာ မျက်ရည်ကျကုန်၏။

ခိုးသူတို့လည်း သာမဏေကို သင့်လျော်သောအရပ်၌ ထားပြီး ပြုဘွယ်ရာအားလုံးကို ပြုလုပ်၏။ ပြုဘွယ်ကိစ္စပြီးသော် ခိုးမှူးကြီးသည် သန်လျက်ကို

ကိုင်လျက် လာလျှင် 'သံကိစ္စ'သာမဏေသည် ထိုင်လျက် ဈာန်ကို ဝင်စား၍ သာ နေ၏။ ခိုးမှုကြီးသည် သန်လျက်ကို မြှောက်၍ သာမဏေ၏ ပခုံးပေါ်၌ တအား ခုတ်ချလိုက်၏။ သန်လျက်သည် ခေါက်သွားပြီး အသွားချင်း ခတ်မိလေ၏။ ခိုးမှုကြီးသည် သန်လျက်ကို ပြန်ဖြောင့်ပြီး ခုတ်ဖြတ်ပြန်၏။ သန်လျက်သည် ထန်းရွက်ကဲ့သို့ ရှုံ့ယိုင်ပြီး အရိုးရင်းသို့ ရောက်၏။ ခိုးမှုကြီးသည် ဤအံ့ဘွယ်တန်ခိုးကို မြင်ရလျှင် "ဤသန်လျက်သည် စိတ်မရှိဘဲလျက်လည်း ဤသာမဏေ၏ ဂုဏ်ကျေးဇူးကို သိ၏။ ငါကား စိတ်ရှိပါဘဲလျက် မသိခဲ့တကား"ဟု သန်လျက်ကို မြေ၌ပစ်ချ၍ သာမဏေ၏ခြေရင်း၌ ဝပ်လျက်တောင်းပန်ပြီး အခြံအရံငါးရာနှင့်တကွ ရဟန်းပြုခွင့် တောင်း၍ ရဟန်းပြုကြလေ၏။

သာမဏေသည် ထိုရဟန်းငါးရာ ခြံရံလျက် ကျောင်းသို့ ကြွ၏။ အဖော်ရဟန်းတို့သည် သာမဏေထံမှ အကြောင်းစုံကို ကြားရလျှင် စိတ်ပူပန်မှုကင်းပြီး စိတ်ကြည်လင် အေးငြိမ်းစွာဖြင့် တရားအားထုတ် နိုင်ကြလေ၏။ သာမဏေလည်း ရဟန်းတို့ကို ပန်ကြားပြီး ထို ခိုးသူ ရဟန်းငါးရာ ခြံရံလျက် ရှေးဦးစွာ ဆရာဖြစ်သူ ရှင်သာရိပုတ္တရာထံ သွား၍ အကြောင်းစုံကို လျှောက်ထားပြီးမှ ဘုရားရှင်ထံ သွား၏။ မြတ်စွာဘုရားလည်း သာမဏေ လျှောက်ကြားချက် အလုံးစုံကို ကြားရသော် ထိုရဟန်းတို့အား "ရဟန်းတို့၊ သင်တို့သည် ခိုးမှု တိုက်မှု ဒုစရိုက်အလုပ်၌တည်လျက် အနှစ်တရာအသက်ရှည်ရခြင်းထက် ယခုအခါ သီလ၌တည်လျက် တရက်မျှပင် အသက်ရှည်ရ ခြင်းက သာ၍ မြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၀။ "သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုသော သူ၏ တရက်မျှ အသက်ရှည်ရခြင်း က မြတ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

အကျိုးတရား လေးပါးကိုရပြီး ဘေးရန်မှ လွတ်နိုင်ကုန်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ အကျိုးထူးတရား လေးပါးကို ဟောတော်မူ၏။

၁၀၉။ “သီလရှိသူတို့အား ရိုသေစွာ ရှိခိုးလေ့ရှိသော၊ မိမိထက် အသက် သိက္ခာ ဝါအားဖြင့် ကြီးသောသူတို့အား အမြဲ အရိုအသေ ပြုလေ့ ရှိသော သူအား ‘အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း’ဟူသော အကျိုးတရားလေးပါးတို့ တိုးပွားကုန်၏။”

ဤတရားကို ကြားနာပြီးသော် အာယုဝဍ္ဎနသတို့သားနှင့်တကွ သီတင်းသည် ငါးရာတို့ သောတာပန် ဖြစ်ကြလေ၏။

## ၇၉။ သံကိစ္စ သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းသုံးဆယ်တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ ယူဇနာ တရာ့နှစ်ဆယ် ဝေးသည့် အိမ်ခြေတထောင်ရှိ ရွာကြီးကို မှီ၍ တောကျောင်း၌ တရားအားထုတ်နေကြ၏။ ထိုအခါ အနီးရှိ တောအုပ်ကြီး၌ နေကြသည့် ခိုးသူငါးရာတို့သည် နတ်မင်းအား လူတဦး၏ အသားအသွေးတို့ဖြင့် ပူဇော်လိုသဖြင့် ထိုကျောင်းသို့ လာ၍ ရဟန်းတို့ကို ဖမ်းဆီးပြီး ထိုအကြောင်းကို ပြောကြားကြ၏။ ထိုအခါ မထေရ်ကြီးမှ အစပြု၍ ရဟန်း သုံးဆယ်လုံးက “တပည့်တော်သာ လိုက်သွားပါရစေ”ဟု အသီးသီး ဆိုကြသော် ထိုရဟန်းတို့အား ကပ္ပိယအဖြစ် ထည့်ပေးလိုက်သော သာရိပုတ္တရာ၏ တပည့် ခုနစ်နှစ်အရွယ်ရှိ ‘သံကိစ္စ’မည်သော ရဟန္တာ သာမဏေက “အရှင်ဘုရားတို့၊ နေမြဲတိုင်း နေတော်မူကြပါ။ ဘုရားရှင်နှင့် တပည့်တော်၏ဆရာရှင်သာရိပုတ္တရာတို့သည် ဤဘေးကို ကြိုမြင်၍ တပည့်တော်အား ထည့်ပေးလိုက်ပါသည်။ တပည့်တော်သာ လိုက်သွားပါမည်”ဟု လျှောက်ကြားပြီး ရဟန်းတို့အား ရှိခိုး၍ ထိုခိုးသူတို့နှင့် လိုက်သွား၏။ ထိုအခါ ရဟန်းတို့သည် ကြီးစွာ ထိတ်လန့် သံဝေဂ ရသဖြင့် စိတ်နှလုံး တုန်လှုပ်ကာ မျက်ရည်ကျကုန်၏။

ခိုးသူတို့လည်း သာမဏေကို သင့်လျော်သောအရပ်၌ ထားပြီး ပြုဘွယ်ရာအားလုံးကို ပြုလုပ်၏။ ပြုဘွယ်ကိစ္စပြီးသော် ခိုးမှူးကြီးသည် သန်လျက်ကို

ကိုင်လျက် လာလျှင် 'သံကိစ္စ'သာမဏေသည် ထိုင်လျက် ဈာန်ကို ဝင်စား၍ သာ နေ၏။ ခိုးမှုကြီးသည် သန်လျက်ကို မြှောက်၍ သာမဏေ၏ ပခုံးပေါ်၌ တအား ခုတ်ချလိုက်၏။ သန်လျက်သည် ခေါက်သွားပြီး အသွားချင်း ခတ်မိလေ၏။ ခိုးမှုကြီးသည် သန်လျက်ကို ပြန်ဖြောင့်ပြီး ခုတ်ဖြတ်ပြန်၏။ သန်လျက်သည် ထန်းရွက်ကဲ့သို့ ရွဲ့ယိုင်ပြီး အရိုးရင်းသို့ ရောက်၏။ ခိုးမှုကြီးသည် ဤအံ့ဘွယ်တန်ခိုးကို မြင်ရလျှင် "ဤသန်လျက်သည် စိတ်မရှိဘဲလျက်လည်း ဤသာမဏေ၏ ဂုဏ်ကျေးဇူးကို သိ၏။ ငါကား စိတ်ရှိပါဘဲလျက် မသိခဲ့တကား"ဟု သန်လျက်ကို မြေ၌ပစ်ချ၍ သာမဏေ၏ခြေရင်း၌ ဝပ်လျက် တောင်းပန်ပြီး အခြံအရံငါးရာနှင့်တကွ ရဟန်းပြုခွင့် တောင်း၍ ရဟန်းပြုကြလေ၏။

သာမဏေသည် ထိုရဟန်းငါးရာ ခြံရံလျက် ကျောင်းသို့ ကြွ၏။ အဖော်ရဟန်းတို့သည် သာမဏေထံမှ အကြောင်းစုံကို ကြားရလျှင် စိတ်ပူပန်မှုကင်းပြီး စိတ်ကြည်လင် အေးငြိမ်းစွာဖြင့် တရားအားထုတ် နိုင်ကြလေ၏။ သာမဏေလည်း ရဟန်းတို့ကို ပန်ကြားပြီး ထို ခိုးသူ ရဟန်းငါးရာ ခြံရံလျက် ရှေးဦးစွာ ဆရာဖြစ်သူ ရှင်သာရိပုတ္တရာထံ သွား၍ အကြောင်းစုံကို လျှောက်ထားပြီးမှ ဘုရားရှင်ထံ သွား၏။ မြတ်စွာဘုရားလည်း သာမဏေ လျှောက်ကြားချက် အလုံးစုံကို ကြားရသော် ထိုရဟန်းတို့အား "ရဟန်းတို့၊ သင်တို့သည် ခိုးမှု တိုက်မှု ဒုစရိုက်အလုပ်၌တည်လျက် အနှစ်တရာအသက်ရှည်ရခြင်းထက် ယခုအခါ သီလ၌တည်လျက် တရက်မျှပင် အသက်ရှည်ရခြင်းက သာ၍မြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၀။ "သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက်
သီလရှိ၍ သမထဝိပဿနာကို ရှုသော သူ၏ တရက်မျှ အသက်ရှည်ရခြင်း
က မြတ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၉၀။ ခါဏု ကောဏ္ဍည မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောဏ္ဍညမထေရ်သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ တော၌နေလျက် တရားအားထုတ်သော် ရဟန္တာ ဖြစ်၏။ သူသည် ဘုရားရှင်ထံ ဖူးမြင်ရန် လာရာ ခရီးအကြား၌ ပင်ပန်း၍ ကျောက်ဖျာတခုပေါ်၌ ဈာန်ဝင်စားကာ နေ၏။ ထိုအခါ ခိုးသူငါးရာတို့သည် ရွာတရွာကို လုယက်ဖျက်ဆီးပြီး ဥစ္စာထုပ်များကို အသီးသီး ခေါင်းဖြင့် ယူဆောင်သွားကြသော် ထိုနေရာသို့ ရောက်လာကြ၏။ သူတို့သည် မောပန်း၍ ထိုကျောက်ဖျာသို့ သွားပြီး ထိုင်နေသည့် မထေရ်ကို သစ်ငုတ်ဟု ထင်မှတ်ကြ၏။ ခိုးသူတဦးသည် အထုပ်ကို မထေရ် ဦးခေါင်းပေါ်၌ တင်၏။ တခြား ခိုးသူတဦးသည် မထေရ်၏ ဦးခေါင်းကို မှီ၍ ဥစ္စာထုပ်ကို ထား၏။ ဤသို့ ဥစ္စာထုပ်ငါးရာတို့ဖြင့် မထေရ်ကို ဝန်းရံပြီး မှီထိုင်လျက် အိပ်ကြ၏။ အရုဏ်တက်၍ နိုးသဖြင့် မိမိတို့၏ ဥစ္စာထုပ်များကို ယူကြသော် မထေရ်ကို မြင်ရလျှင် "ဘီလူး"ထင်ပြီး ထွက်ပြေးကြ၏။

မထေရ်က "သင်တို့ မကြောက်ကြနှင့်။ ငါ ရဟန်းတည်း"ဟု ဆိုသော် ထိုခိုးသူတို့သည် အံ့ဩဘွယ်ကို တွေ့မြင်၍ မထေရ်အား "တပည့်တော်တို့ သစ်ငုတ်မှတ်ပြီး ဤသို့ ပြုမိကြပါ၏။ သည်းခံတော် မူပါ"ဟု လျှောက်ကြားပြီး မထေရ်ထံ၌ပင် အားလုံး ရဟန်းပြုကြ၏။ ထိုအခါမှစ၍ မထေရ်သည် "ခါဏု(သစ်ငုတ်) ကောဏ္ဍည"ဟု ထင်ရှား၏။ မထေရ်သည် ထိုရဟန်းငါးရာ တို့နှင့် တကွ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက ထိုရဟန်းတို့အား "ရဟန်းတို့၊ ဤသို့ ပညာနည်းသူတို့၏ အမှု၌ တည်၍ အနှစ်တရာ အသက်ရှည်ရခြင်းထက် ယခုအခါ ပညာနှင့် ပြည့်စုံ ကြသည့် သင်တို့၏ တရက်မျှ အသက်ရှည်ရခြင်းက မြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၁။ "ပညာမရှိ၊ သမာဓိမရှိဘဲ အနှစ်တရာပတ်လုံး အသက်ရှည်နေခြင်းထက် ပညာရှိ၍ သမထ ဝိပဿနာကို ရှုသောသူ၏ တရက်မျှအသက်ရှည်ရ ခြင်းက မြတ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၉၁။ သပ္ပဒါသ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'သပ္ပဒါသ'မည်သော ရဟန်းတပါးသည် သာသနာ၌ ငြီးငွေ့ပျင်းရိလှသဖြင့် "လူထွက်သည်ထက် သေရသည်က မြတ်သေး၏"ဟု နှလုံးထား၍ သေကြောင်းကိုကြံလျက် သွားလာ၏။ တနေ့သ၌ ကျောင်းသို့ရောက်လာသော ဆတ္တာသည်သည် သင်ခုန်းဓားတခုကို မြေ၌ထားပြီး တခုဖြင့် ရဟန်းတို့၏ ဆံများကို ရိတ်ပေး၏။ သပ္ပဒါသသည် မြေ၌ချထားသည့် သင်ခုန်းကိုယူသွားပြီး သစ်ပင်တပင်၌ မတ်တတ်ရပ်ကာ လည်ပင်းကို မှီထား၍ သင်ခုန်းသွားကို ရေမျို၌ တင်ထားလျက် ရဟန်းပြုသည့် နေ့မှ စ၍ မိမိသီလကို ဆင်ခြင်သော် အညစ်အစွန်းမရှိ, လပြည့်ဝန်းသို့ လုံးဝဖြူစင်သည်ကို မြင်လေလျှင် တကိုယ်လုံး ပျံ့နှံ့သည့် ဖရဏာပီတိ ဖြစ်လာ၏။ နောက် သူသည် ထိုနှစ်သက်သော ပီတိကို ဖယ်ခွာ၍ ဝိပဿနာကို ပွားများသော် ခဏချင်းပင် ရဟန္တာဖြစ်လေရကား သင်ခုန်းကိုယူလျက် ပြန်သွား၏။ ရဟန်းတို့က "သင် ဘယ်သွားလေသနည်း"ဟု မေးသော် "ဤသင်ခုန်းဖြင့် လည်ပင်းကိုဖြတ်၍ သေတော့အံ့ ဟု ကြံပြီး သွားပါသည်"ဟု ဆို၏။

"အဘယ့်ကြောင့် မသေသနည်း"ဟုမေးကြသော်"ယခုတပည့်တော်သည် မိမိကိုယ်ကို သတ်ရန် မထိုက်သူ ဖြစ်ပါပြီ။ ဤသင်ခုန်းဖြင့် ရေမျိုကို ဖြတ်အံ့၊ ဟု ကြံရွယ်သော်လည်း ဉာဏ်တည်းဟူသော သင်ခုန်းဖြင့် ကိလေသာ အလုံးစုံကို ဖြတ်ခဲ့လေပြီ"ဟု ဆိုလေ၏။ ထိုရဟန်းတို့သည် မယုံသဖြင့် ဘုရားရှင်ထံသွား၍ "ဤရဟန်းသည် မိမိကိုယ်ကိုသတ်ရန် သင်ခုန်းသွားကို ရေမျို၌ တင်ထား၍ ရပ်လျက်ပင် ရဟန္တာ ဖြစ်ပါသတတ်။ ဤမျှလောက်ဖြင့် အရဟတ္တမဂ် ဖြစ်နိုင်ပါသလော"ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ဖြစ်နိုင်၏။ လုံ့လဖြင့် အားထုတ်သော ရဟန်း၏ ခြေကို ကြွ၍ မြေ၌ချရာ ထိုခြေ မြေသို့ မကျရောက်မီပင် အရဟတ္တမဂ်သည် ဖြစ်၏။ ပျင်းရိသော ပုဂ္ဂိုလ်၏ အနှစ်တရာ အသက်ရှည်ခြင်းထက် လုံ့လဖြင့် အားထုတ်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ခြင်းသည် မြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၂။ "ပျင်းရိပြီး ဝီရိယမရှိဘဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက်
ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တရက်မျှ အသက်ရှည်ခြင်းက
မြတ်၏။"

## ၉၂။ ပဋာစာရီ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ အလွန် အဆင်းလှသည့် 'ပဋာစာရီ' သူဋ္ဌေးသမီးသည် အရွယ်ရောက်သော် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်၌ အစောင့်အရှောက်ဖြင့် နေရ၏။ သူမသည် တနေ့သ၌ မိမိ၏ အလုပ်အကျွေး ကျွန်ငယ်တဦးနှင့် လွန်ကျူးမိ၍ မကြာမီပင် မိဘတို့ မသိအောင် ထိုကျွန်ငယ်နှင့် ထွက်ပြေး သွားပြီး ရွာတရွာ၌ ဆင်းရဲစွာ လုပ်ကိုင်စားသောက်နေရရှာ၏။ နောက် ကိုယ်ဝန်ရ၍ လစေ့သော် လင်အား မိဘများထံ ပြန်၍ သားဖွားခွင့် တောင်း မရသဖြင့် လင် တောသို့ သွားနေခိုက် အိမ်နီးချင်းများကို ပြော၍ ထွက် သွား၏။ လင်သည် ပြန်ရောက်၍ ထိုအကြောင်းကို ကြားသဖြင့် နောက်က အမြန်လိုက်၍ တွေ့လျှင် မသွားရန် အတန်တန် တောင်းပန်သော်လည်း မရ ပေ။ နောက် မကြာမီ ကမ္မဇလေများ လှုပ်ရှားလာ၍ ချုံထဲဝင်ပြီး သား ဖွားခြင်းကိစ္စ ပြီးသွားသဖြင့် လင်နှင့်အတူ အိမ်သို့ ပြန်လာ၏။

နောက်တဖန် ကိုယ်ဝန်ရ၍ လစေ့သော် ရှေးနည်းတူပင် သားငယ်ကို ချီလျက် မိဘအိမ်သို့ ထွက်သွားပြန်၏။ လင်သည် နောက်ကလိုက်သွားပြီး တားသော်လည်း မရပေ။ သူတို့ သွားနေစဉ်ပင် ပြင်းထန်သော မိုးသက် လေပြင်း ရွာသွန်းလေသော် သူမအား ကမ္မဇလေများ လှုပ်ရှားလာသဖြင့် လင်အား "မိုးလုံရာ နေရာကို ပြုပါလော့"ဟု ဆို၏။ လင်သည် ထိုမှ ဤမှ ကြည့်သော် တောင်ပို့တခုပေါ်၌ ချုံကို မြင်လျှင် ပါလာသည့် ပဲခွပ်ဖြင့် ခုတ်ဖြတ်၏။ အဆိပ်ပြင်းသော မြွေသည် တောင်ပို့မှ ထွက်၍ ကိုက်သဖြင့် သူသည် ထိုနေရာ၌ပင် အသက်ကုန်၏။ ပဋာစာရီလည်း ဆင်းရဲကြီးစွာ ခံစား ရလျက် လင်ကို မျှော်ကြည့်နေတုန်းပင် သားကို ဖွား၏။ သားငယ် နှစ် ယောက်တို့သည် မိုးသက်လေပြင်းကို မခံနိုင်၍ သည်းစွာ အော်ဟစ် ငိုကြွေး ကြ၏။ ပဋာစာရီလည်း သားနှစ်ယောက်စလုံးကို ရင်ခွင်ကြား၌ ထား၍ ဒူးနှစ်ဖက်တို့ဖြင့် မြေ၌ ထောက်ထားလျက် တညလုံး နေရရှာ၏။

သူမသည် အရုဏ်တက်သော် မွေးစသားကို ရင်ခွင်ဖြင့် ချီလျက် သား ကြီးကို လက်ဖြင့်ဆွဲကာ လင်သွားရာနေရာသို့ သွား၏။ တောင်ပို့ပေါ်၌

လင်သေနေသည်ကို မြင်လျှင် "ငါ့ကြောင့် သေရ၏"ဟု ငိုကြွေးမြည်တမ်းလျက် ထွက်သွားရှာ၏။ တညလုံး မိုးကြီးရွာသဖြင့် ရေပြည့်နေသော 'အစိရဝတီ'မြစ်ကို မြင်လျှင် သားနှစ်ယောက်နှင့်အတူ ရေသို့ မဆင်းဝံ့ရကား သားကြီးကို ကမ်း၌ ထားခဲ့ပြီး ဖွားစသူငယ်ကို ချီလျက် ကမ်းတဖက်သို့ ကူးသွား၏။ ထိုဘက်ကမ်း၌ သစ်ခက်ချိုး ခင်းကာ ဖွားစကလေးကို သိပ်ထားပြီး ပြန်ကူးလာသော် ကလေးကို စိတ်မချသဖြင့် ပြန်ပြန်လှည့်ကြည့်လျက် သွား၏။ မြစ်လယ်သို့ ရောက်သော် စွန်တကောင်သည် လာ၍ ဖွားစကလေးကို မြင်လျှင် သားတစ်မှတ်ပြီး ပျံဝဲဆင်းလာ၏။ ပဋ္ဌာစာရီသည် လက်နှစ်ဖက်ကို မြှောက်လျက် အော်ဟစ်သော်လည်း ဝေးလှသဖြင့် စွန်သည် ထိုအော်သံကို မကြားဘဲ သူငယ်ကို သုတ်ချီသွား၏။ ဤဘက်ကမ်းရှိ သားကြီးလည်း "ငါ့ကို အမိခေါ်၏"ဟု မှတ်၍ ပြေးလာသော် ရေထဲကျ၍ မျောပါသွားလေ၏။

ပဋ္ဌာစာရီသည် "သားတယောက်ကို စွန်ချီပြီ။ သားတယောက်က ရေထဲမျောပြီ။ ငါ့လင်လဲ သေခဲ့ပြီ"ဟု ငိုကြွေးမြည်တမ်းကာ သွားလေသော် သာဝတ္ထိပြည်မှ လာသော ယောကျ်ားတဦးကို တွေ့မြင်၍ သာဝတ္ထိပြည်၌ရှိ မိမိ၏ မိဘများအကြောင်းကို မေးမြန်း၏။ ထိုယောကျ်ားက "ညက ရွာသည့် မိုးသက်လေပြင်းကြီးကြောင့် အိမ်ပြိုပြီး ထိုသူဌေးလင်မယားနှင့် သားသုံးဦးလုံး သေရရှာပြီ။ ထင်းပုံတခုတည်းပေါ်မှာ မီးသင်္ဂြိုဟ်လိုက်ရပြီ"ဟု ပြောသော် ပဋ္ဌာစာရီသည် ချက်ခြင်း ရူးသွပ်သွားပြီး ထမီကျွတ်ကျသွားသည်ကိုပင် မသိတော့ဘဲ ဝတ်လစ်စလစ်ဖြင့် ငိုကြွေးကာ "ငါ့သားနှစ်ယောက် သေပြီ။ ချစ်လင်လဲ သေခဲ့ပြီ။ ငါ့မိဘ, ငါ့မောင်တို့လဲ ထင်းပုံတခုထဲ၌ မီးသင်္ဂြိုဟ်လိုက်ရပြီ"ဟု ယောင်ယမ်းမြည်တမ်းလျက် ချာချာလည် ရူးသွပ်ကာ လှည့်လည်ရှာလေ၏။ လူတို့သည် သူမအား "အရူးမကြီး၊ အရူးမကြီး"ဟု ခေါ်လျက် တံမြက်ချေး အမှိုက်သရိုက် မြေမှုန့်တို့ကို သူ့ဦးခေါင်းပေါ် ဖြန့်ကြဲလျက် ခဲတို့ဖြင့် ပစ်ခတ်ကြ၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ ပရိသတ်အား တရားဟောနေစဉ် ထိုသူဌေးသမီး အဝေးမှ လာသည်ကို မြင်လျှင် ကျောင်းတော်သို့ ရှေးရှုလာအောင် ပြုတော်မူ၏။ ပရိသတ်တို့သည် သူမကို မြင်လျှင် "ဤအရူးမကြီး ဤသို့ မလာစေကြနှင့်"ဟု ဆိုကုန်၏။ ဘုရားရှင်က "ဤအရူးမကို မတားကြလင့်"ဟု မိန့်တော်မူပြီး မနီးမဝေးသို့ ရောက်လာသော် "နှမ၊ သတိကို ရစေလော့"ဟု မိန့်တော်မူ၏။ ပဋ္ဌာစာရီသည် ဘုရားရှင်၏ အာနုဘော်

ကြောင့် ချက်ခြင်း သတိရလာပြီး ထမိမပါသည်ကို မှတ်သားမိ၍ ရှက်စိတ်ဝင်တာ 'ကုံ့ကုံ့'ထိုင်လေသော် ယောကျ်ားတဦးက အပေါ်ရုံပုဆိုးကိုပစ်ပေး၏။ သူမသည် ထိုပုဆိုးကို ဝတ်၍ ဘုရားရှင်သို့ ချဉ်းကပ်ပြီး "တပည့်တော်မ၏ မှီခိုရာ ဖြစ်တော်မူပါ။ တပည့်တော်မ၏ သားတယောက် စွန်ချီသွားပါပြီ။ နောက် သားတယောက် ရေထဲ မျောသွားပါပြီ။ လင်လဲ သေဆုံးပါပြီ။ မိဘနှင့်မောင် သုံးဦးစလုံး ထင်းပုံတခုထဲ၌ မီးသဂြိုဟ်ရပါပြီ ဘုရား"ဟု လျှောက်ထားရှာ၏။

ထိုအခါ မြတ်စွာဘုရားက "ချစ်သမီး ပဋာစာရီ၊ မစိုးရိမ်လင့်။ စောင့်ရှောက် မှီခိုအားထားနိုင်သော သူ့ထံသို့ သင်ရောက်လာပေပြီ။ သင်၏ သား, လင်, မိဘ, မောင်တို့ကဲ့သို့ ဤသံသရာ၌ သားစသည် သေသောအခါ ငိုကြွေးရသော သင်၏ မျက်ရည်သည် သမုဒ္ဒရာ လေးစင်း၏ ရေထက်ပင် များသေး၏"ဟု 'အနမတဂ္ဂသုတ္တန်'(အစမထင်သော သံသရာအကြောင်း)ကို ဟောတော်မူသော် ပဋာစာရီသည် စိုးရိမ်ခြင်း လျော့နည်းသွား၏။ ထိုနောက် မြတ်စွာဘုရားက "တမလွန်ဘဝသို့ သွားရသော သူတို့ကို စောင့်ရှောက်ရန် မတတ်ကောင်း။ ပညာရှိသော သူသည်ကား သီလကို သုတ်သင်၍ မိမိ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကိုသာ သုတ်သင်သင့်လှပေ၏"ဟု ဟောတော်မူသော် ပဋာစာရီသည် သောတ ကင်းပျောက် သောတာပန် အဖြစ်သို့ ရောက်သွားလေ၏။

ထိုနောက် ပဋာစာရီသည် ဘုရားရှင်အား ရဟန်းပြုခွင့် တောင်းပြီး ရဟန်းမတို့ထံ သွား၍ ရဟန်းပြု၏။ တနေ့သ၌ သူမသည် ရေအိုးဖြင့်ရေကို ယူ၍ ခြေတို့ကို ဆေးလတ်သော် ပထမ လောင်းသည့်ရေသည် အနည်းငယ်သို့သွား၍ ပြတ်သည်ကိုရင်း၊ ဒုတိယအကြိမ် လောင်းသည့်ရေသည် ထိုထက် ဝေးသော အရပ်သို့ ရောက်သွားသည်ကိုရင်း၊ တတိယ အကြိမ်၌ ထိုထက်ပင်ဝေးသော အရပ်သို့ ရောက်သွားသည်ကိုရင်း မြင်လျှင် ထိုရေကို အာရုံပြု၍ အရွယ်သုံးပါးကို ပိုင်းခြားထင်ထင် ဆင်ခြင်တာ နေ၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေလျက်ပင် ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူပြီး ရှေ့၌ ကိုယ်တော်ထင်ရှားပြလျက် "ချစ်သမီး ပဋာစာရီ၊ ဤဆင်ခြင်သည့်အတိုင်း မှန်ပေ၏။ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မမြင်သောသူ၏ အနှစ်တရာ အသက်ရှည်ခြင်းထက် ထိုခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို သိမြင်သောသူ၏ တရက်မျှ အသက်ရှည်ခြင်းသည် မြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၃။ "ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်သော ပုဂ္ဂိုလ်၏တရက်မျှ အသက်ရှည်ရခြင်းက မြတ်၏။"

ဤတရားကို ကြားနာပြီးသော် ပဋာစာရီ ထေရီမသည် ရဟန္တာ ဖြစ်လေ၏။

## ၉၃။ ကိသာဂေါတမီ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ သေးသွယ်သည့် ကိုယ်ရှိ၍ 'ကိသာဂေါတမီ'ဟုတွင်သော သူဌေးသမီးတဦးသည် သူဌေးသားတဦးနှင့် အိမ်ထောင်ကျ၍ သားတဦးကို ရ၏။ ထိုသားသည် ခြေဖြင့်သွားနိုင်သည့်အရွယ်တွင် သေဆုံးသွား၏။ သူမသည်ရှေးက သေခြင်းကို မမြင်ဘူးသဖြင့် "သားအတွက် ဆေးရှာအံ့" ဟု သားသေကို ရင်ဝယ်ပိုက်ပြီး "ငါ့သားအတွက် ဆေးကို သိကြသလော" ဟု မေးမြန်းကာ အိမ်စဉ်အတိုင်း လှည့်လည်လေ၏။ ထိုအခါ လူတို့က သူမအား "သင်သည် အရူးဖြစ်ပြီ။ သေပြီးသော သားအတွက် ဆေးကို မေးမြန်းကာ လှည့်လည်ဘိ၏"ဟု ဆိုကြ၏။ သူမသည် "ငါ့သားအတွက် ဆေးသိသူကို ဧကန်တွေ့ရလိမ့်မည်"ဟု မှတ်ထင်လျက် လှည့်လည်သော် ပညာရှိတဦးက မြင်၍ "ငါသည် ဤမိန်းကလေး၏ မှီခိုအားထားရာ ဖြစ်သင့်၏"ဟု ကြံပြီး "ချစ်သမီး၊ သဗ္ဗညု ဘုရားရှင်သည် ဆေးကို သိတော်မူ၏။ သွားမေးချေ"ဟုဆို၏။ သူမသည် ဘုရားရှင်ထံသွား၍ "ဤသားအတွက် ဆေးကို မိန့်တော်မူပါ ဘုရား"ဟု လျှောက်၏။

မြတ်စွာဘုရားက "လူတဦးမျှ မသေဘူးသော အိမ်မှ မုန်ညင်းစေ့ အနည်းငယ် ယူခဲ့လော့"ဟု မိန့်တော်မူသော် သူမသည် သားသေကို ရင်ဝယ်ပိုက်ချီလျက် ရွာထဲသို့ဝင်ပြီး ဦးစွာတွေ့သည့် အိမ်တံခါး၌ ရပ်၍ "ဤအိမ်၌ မုန်ညင်းစေ့ ရှိပါသလော"ဟု မေး၏။ "ရှိ၏"ဟုဆိုပြီး ယူလာလျှင် "အမိ၊ ဤအိမ်၌ သေဘူးသူ တဦးမျှ မရှိသလော"ဟု မေးသော် "ချစ်သမီး၊ သားသမီးများစွာ သေခဲ့ပြီ။ နှစ်ယောက် သုံးယောက်သာ ကျန်၏"ဟုဆို၏။ "ဤမုန်ညင်းစေ့သည် ကျွန်မသားအတွက် ဆေးမဟုတ်"ဟုဆိုပြီး မုန်ညင်းစေ့ကို ပြန်ပေးခဲ့၏။ဤနည်းဖြင့် သူမသည် အိမ်စဉ်အတိုင်း လှည့်လည်

မေးမြန်းသော် ထိုကဲ့သို့သော မုန်ညင်းစေ့ကို မိုးချုပ်သည့်အထိပင် မရရှိပေ။ ထိုအခါ သူမသည် "ငါသာ ငါ့သားသေ၏ဟု မှတ်ထင်မိ၏။ တရွာလုံး၌ အသက်ရှင်သော သူတို့ထက် သေသူတို့သာ ပိုများကုန်၏"ဟု ကြံစည်စဉ်ပင် သူမ၏သား၌ ချစ်သည့် နူးညံ့သော စိတ်နှလုံးသည် ခက်ထန်သွားလေ၏။

သူမသည် တော၌ သားသေကို စွန့်ပစ်ခဲ့ပြီး ဘုရားရှင်ထံ သွား၍ အကြောင်းစုံကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "သင်သည်သာ သင့်သားသေသည်ဟု မှတ်ထင်ဘိ၏။ ဤသေခြင်းကား သတ္တဝါတို့အား ဖြစ်မြဲသဘောတည်း။ သေမင်းသည် ဤသတ္တဝါ အားလုံးကို သူတို့ဆန္ဒမပြည့်မီပင် ဆွဲငင်ပြီး အပါယ်လေးပါးသို့ ပစ်ချတတ်၏"ဟု ဟောကြားတော်မူ၏။ သူမသည် ဤတရားကို ကြားနာရသော် သောတာပန်ဖြစ်ပြီး ရဟန်းပြုခွင့် တောင်းခံ၍ ရဟန်းမများထံ၌ ရဟန်းပြုလေ၏။ တနေ့သ၌ ကိသာဂေါတမီ ထေရီမသည် ဥပုသ်အိမ်တွင် ဝတ်ပြုရန်အလှည့်ရောက်သဖြင့် ဆီမီး ထွန်းညှိလျက်နေစဉ် ဆီမီးလျှံတို့ ပျောက်ပျက်ကြသည်တို့ကိုရင်း၊ ဖြစ်ပေါ် တိုးပွားကြသည်တို့ကိုရင်း မြင်ရလျှင် "ဤမီးလျှံကဲ့သို့ပင် သတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ကုန်၏"ဟု အာရုံကို ယူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌ နေလျက်ပင် ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူ၍ ရှေ့၌တည်နေပြီး ဟောတော်မူသကဲ့သို့ "ချစ်သမီး ဂေါတမီ၊ ဤသို့ သင်နှလုံးသွင်းသည့် အတိုင်းပင် ဤသတ္တဝါတို့သည် ဖြစ်လည်းဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာန်ရောက်သူတို့မှသာ မထင်နိုင်ကုန်။ ဤသို့ နိဗ္ဗာန်ကို မမြင်သော သူတို့၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် နိဗ္ဗာန်ကို မြင်သော သူတို့၏ တရက်မျှ အသက်ရှည်ခြင်းသည် မြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၄။ "သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တရာပတ်လုံး အသက်
ရှည်ရခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သောသူ၏ တရက်
မျှ အသက်ရှည်ရခြင်းက မြတ်၏။"

ဤတရားကို ကြားနာပြီးသော် ကိသာဂေါတမီသည် ရဟန္တာမ ဖြစ်လေ၏။

## ၉၄။ ဗဟုပုတ္တိကာ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်ဝယ် အိမ်တအိမ်၌ သား ခုနစ်ယောက်၊ သမီး ခုနစ်ယောက် ရှိပြီး အရွယ်ရောက်ကြလျှင် အသီးသီး အိမ်ထောင်ပြုကြ၍ ချမ်းသာကြ၏။ နောက် ဖခင် ကွယ်လွန်သော် မိခင်သည် အမွေဥစ္စာကို မခွဲမဝေဘဲ နေ၏။ ထိုအခါ သား သမီးတို့က မိခင်အား "ဥစ္စာဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ကျွန်တော်တို့ မိခင်ကို မလုပ်ကျွေး နိုင်ကုန်သလော...."ဟု အဖန်တလဲလဲ ဆိုကြသော် မိခင်သည် "ငါ့အား သား သမီးတို့ လုပ်ကျွေး ကုန်လတံ့"ဟု ထင်မှတ်ပြီး ဥစ္စာအားလုံးကို သားသမီးတို့အား အညီ အမျှ ခွဲဝေပေး၏။ နှစ်ရက် သုံးရက်ကြာလျှင် မိခင်သည် သားကြီးအိမ်သို့ သွားသော် သားကြီး၏ မယားက "ဤယောက္ခမအိုသည် ငါ့သားကြီးတည်း ဟု အမွေနှစ်စုကို ပေးဘိသကဲ့သို့ ငါတို့အိမ်သို့ လာရှာတကား"ဟု ပြော ဆို၏။ ကျန်သား ခြောက်ယောက်တို့၏ မယားတို့ကလည်း ထိုအတူ ဆိုကြ၏။ သမီးကြီး စသည်တို့၏အိမ်သို့သွားသောအခါ၌လည်း ထို့အတူ ဆိုကြလေ၏။

ထိုအခါ မိခင်အဖွားအိုသည်မထိမဲ့မြင်အပြုခံရသဖြင့်စိတ်နာပြီးရဟန်းမ များကျောင်းသို့ သွား၍ ရဟန်းပြုသော် "ဗဟုပုတ္တိကာ=(သားသမီးများသူ) ထေရီမ" ဟု တွင်၏။ ထိုထေရီမသည် "ငါကား အသက်ကြီးမှ ရဟန်းပြု၏။ မမေ့မလျော့သင့်" ဟု ကြံ၍ သစ်ပင်တပင်ကို လက်ဖြင့် ကိုင်ကာ ဘုရားရှင်၏ တရားကို အဖန်တလဲလဲ အောက်မေ့လျက် တညလုံး တရားအားထုတ်၍ နေ၏။ ဘုရားရှင်သည် ဂန္ဓကုဋိ၌ နေလျက်ပင် ရောင်ခြည်တော်ကို ပျံ့နှံ့ စေတော်မူပြီး ရှေ့၌ ထိုင်နေတော်မူသကဲ့သို့ ထင်ရှားပြလျက် "ငါဘုရား ဟောကြားသည့် တရားတော်ကို မဆင်ခြင်သဖြင့် မမြင်သော သူ၏ အနှစ် တရာပတ်လုံး အသက်ရှည်ခြင်းထက် ငါဘုရား ဟောကြားသည့် တရားတော် ကို မြင်သော သူ၏ တရက်မျှပင် အသက်ရှည်ခြင်းသည် မြတ်၏"ဟု မိန့် တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၅။ "အမြတ်ဆုံးသော လောကုတ္တရာ တရားကို မသိမြင်ဘဲ အနှစ်တရာ
ပတ်လုံး အသက်ရှည်ရခြင်းထက် အမြတ်ဆုံးသော လောကုတ္တရာ
တရားကို သိမြင်သောသူ၏ တရက်မျှ အသက်ရှည်ခြင်းက မြတ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုထေရီမသည် ရဟန္တာ ဖြစ်လေ၏။



# [၉] ပါပဝဂ်

## ၉၅။ ကေ သာဋက ပုဏ္ဏား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ပုဏ္ဏားလင်မယား နှစ်ဦးမှာ ခါးဝတ်ပုဆိုး နှစ်ထည်ရှိပြီး အပေါ်ရုံကား တထည်သာ ရှိ၏။ ဤသို့ အပေါ်ရုံ အဝတ် တထည်သာ ရှိသဖြင့် ထိုပုဏ္ဏားသည် "ကေသာဋက" ဟု တွင်၏။ သူတို့ နှစ်ဦးသည် အပေါ်ရုံတထည်သာ ရှိ၍ အပြင်သို့ နှစ်ဦးပြိုင်တူ မသွားနိုင်။ တနေ့သ၌ သူတို့ နှစ်ဦး ဘုရားရှင်ထံ သွား၍ တရားနာလိုသဖြင့် "မယားကနေ့၊ လင်က ည" သွားရန် သဘောတူကြ၏။ ပုဏ္ဏားကြီးသည် အပေါ်ရုံကို ခြုံ၍ ကျောင်းသို့ သွားပြီး ဘုရားရှင်၏ ရှေ့၌ နေလျက် တရားနာ၏။ သူသည် တရားနာရသော် တကိုယ်လုံး ပီတိငါးဖြာဖြင့် ပျံ့နှံ့ကာ အလွန် နှစ်သက်ခြင်း ဖြစ်၍ ဘုရားရှင်အား အပေါ်ရုံကို လှူလိုသော သဒ္ဓါစိတ် ဖြစ်ပေါ်၏။ "ငါလှူသော် ငါတို့လင်မယားမှာ အပေါ်ရုံ မရှိတော့လတံ့" ဟု နှမြော တွန့်တိုစိတ် ဝင်လာ၍ မလှူဖြစ်ခဲ့ပေ။ သူ့အား ဤသို့ သဒ္ဓါစိတ်နှင့် နှမြော စိတ်တို့ အပြန်အလှန် ဖြစ်လျက် "လှူအံ့၊ မလှူအံ့" ဟု ကြံစဉ်ပင် ပထမနှင့် မဇ္ဈိမယာမ်တို့ ကုန်လွန်လေ၏။

ပစ္ဆိမယာမ်၊ ရောက်သော် "ငါကား ဤမျှလောက် နှမြောစိတ် တိုးပွားသော် အပါယ်လေးပါးမှ ခေါင်းမဖော်နိုင်လတံ့။ ဤအပေါ်ရုံကို လှူတော့အံ့"ဟု သဒ္ဓါစိတ်ကို ပွားများ၍ အပေါ်ရုံပုဆိုးကို ဘုရားရှင်၏ ခြေရင်း၌ ထားကာ "ငါအောင်ပြီ၊ ငါအောင်ပြီ" ဟု သုံးကြိမ် အော်လေ၏။ တရားနာနေသည့် ကောသလ မင်းကြီးသည် ထိုအသံကို ကြားရ၍ မင်းချင်း တဦးကို စုံစမ်းခိုင်းပြီး သိရှိသော် "ဤပုဏ္ဏားကား ပြုနိုင်ခဲသော အမှုကို

ပြုပေ၏” ဟု ထိုပုဏ္ဏားအား ပုဆိုးတစုံကို ဆုချစေ၏။ ထိုပုဏ္ဏားသည် ထိုပုဆိုးတစုံကို ဘုရားရှင်အား လှူပြန်သော် မင်းကြီးက တဖန် နှစ်စုံ၊ လေးစုံ၊ ရှစ်စုံ၊ ဆယ့်ခြောက်စုံ ဤသို့ နှစ်ဆ၊ နှစ်ဆတက်ပြီး ထိုပုဏ္ဏားအား ဆုချစေ၏။ ထိုပုဏ္ဏားလည်း ထိုပုဆိုးအားလုံးကို ဘုရားရှင်အားပင် လှူပြန်၏။ နောက်မင်းကြီးက သုံးဆယ့်နှစ်စုံ ဆုချစေသော် ထိုပုဏ္ဏားသည် အတိုင်းအရှည်ကို သိ၍ မိမိနှင့် မယားအတွက် နှစ်စုံ ချန်ထားပြီး အစုံ သုံးဆယ်ကို ဘုရားရှင်အား လှူလေ၏။

နောက် မင်းကြီးသည် “ဤပုဏ္ဏားကြီးကား ပြုနိုင်ခဲသော အမှုကို ပြုပေ၏”ဟု မင်းလုလင်တို့အား နန်းတော်သို့စေလွှတ်၍ မိမိ၏ တသိန်းစီတန် ကမ္ဗလာ နှစ်ထည်ကို ယူခိုင်းပြီး ထိုပုဏ္ဏားကြီးအား ဆုချစေပြန်၏။ ပုဏ္ဏား ကြီးသည် ထိုကမ္ဗလာ နှစ်ထည်ကို ဘုရားရှင် နေတော်မူရာ ဂန္ဓကုဋိတိုက်၌ရှင်း၊ ဆွမ်းဘုဉ်းပေးရာ အရပ်၌ရှင်း တထည်စီ အထက်မျက်နှာကျက်ပြုလုပ်၍လှူ၏။ မင်းကြီးသည် ညနေချိန် ဘုရားရှင်ထံ သွားရာ မျက်နှာကျက်လုပ်ထားသော မိမိ ကမ္ဗလာကို မြင်၍ ဘုရားရှင်ထံ၌ ထိုပုဏ္ဏားကြီး ပြုလုပ်လှူဒါန်းကြောင်း သိလျှင် “ဤပုဏ္ဏားသည် ငါ့ကြည်ညိုရာ၌သာ ကြည်ညိုတိ၏” ဟု ဆိုပြီး “ဆင်၊ မြင်း၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ မင်းလုလင်၊ ရွာ” လေးခုစီနှင့် တကွ ငွေလေးထောင် (ပေါင်း ခုနစ်မျိုး လေးခုစီ ဖြစ်သော) ‘သဗ္ဗစတုက္က’ ဆုတော်ကို ထိုပုဏ္ဏားကြီးအား ပေးသနား၏။

ရဟန်းတို့သည် ထိုအကြောင်းကို ကြားသိလျှင် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား ထိုပုဏ္ဏားကြီးနှင့် ပတ်သက်ပြီး“ယနေ့ပြုသည့် ကောင်း မှုကံသည် ယနေ့ပင် ကောင်းကျိုးကို ပေးပါတကား” ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ ဤပုဏ္ဏားသည် ပထမယာမ်၌ ငါဘုရားအား လှူနိုင်လျှင် အားလုံး ဆယ့်ခြောက်ခုစီသော (သဗ္ဗသောဠသက) ဆုကို ရပေ ရာ၏။ မဇ္ဈိမယာမ်၌ လှူနိုင်လျှင် အားလုံး ရှစ်ခုစီသော (သဗ္ဗဋ္ဌက) ဆုကို ရပေရာ၏။ အလွန်နောက်ကျမှ ပစ္ဆိမယာမ်၌ လှူခြင်းကြောင့် ဤလေးခု စီသော (သဗ္ဗစတုက္က) ဆုမျှကိုသာ ရပေ၏။ ကောင်းမှု ပြုလိုသူသည် လှူလို စိတ်ဖြစ်ဖြစ်ချင်း ပြုအပ်၏။ နှေးနှေးပြုသော ကောင်းမှုကံသည်နှေးနှေး(နှင့် နည်းနည်း)သာ အကျိုးပေး၏။ထို့ကြောင့် အကုသိုလ်စိတ်ဖြစ်သည့် ခဏ၌ပင် ကုသိုလ်ကံကိုပြုအပ်၏”ဟုမိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၆။ “စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၍ ကောင်းမှုကို ပြုသော အခါမှု နှဲ့နှေးတတ်ရကား စိတ်ကို မကောင်းမှုမှ တားမြစ်၍ ကောင်း မှုတို့ကို ဆောလျင်စွာ ပြုရာ၏။”

## ၉၆။ သေယျသက မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'သေယျသက' ရဟန်းသည် ကာမဂုဏ်ကို အောက်မေ့တိုင်း သုက်လွှတ်ခြင်း (သံဃာဒိသိသ်အာပတ်) အမှုကို ပြုလေ့ရှိ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူလျှင် 'သေယျသက' ရဟန်းကို ခေါ်စေ၍ "သင်သည် မင်္ဂဖိုလ်မှ ဆုတ်ယုတ်စေကြောင်း အမှုကို အဘယ့်ကြောင့် ပြုဘိသနည်း" စသည်ဖြင့် အမျိုးမျိုး ကဲ့ရဲ့ပြီးလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ နောက် ထိုရဟန်းအား "ဤသို့သော မကောင်းမှုသည် ပစ္စုပ္ပန်၌ရှင်း၊ တမလွန်၌ရှင်း ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၇။ "ပုဂ္ဂိုလ်တဦးသည် မကောင်းမှုကို ပြုမိခဲ့လျှင်၊ ထိုမကောင်းမှုကို ထပ်ခါထပ်ခါ မပြုမိစေရာ။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲကြောင်း ဖြစ်၍ ထိုမကောင်းမှု၌ ပြုလိုသော စိတ်ဆန္ဒကိုပင် မပြုရာ။"

## ၉၇။ လာဇာ နတ်သမီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌နေလျက် ခုနစ်ရက်လုံး ဈာန်ဝင်စားပြီး ဈာန်မှထသော် ချီးမြှောက်အံ့သောသူကို ကြည့်ရှု၏။ သလေးစပါးခင်းစောင့်သည့် မိန်းမတဦး ပေါက်ပေါက်လှော်နေသည်ကို မြင်လျှင် "ချီးမြှောက်အံ့"ဟု ထိုသလေးစပါးခင်းသို့ ကြွ၍ ရပ်၏။ ထိုမိန်းမသည် မထေရ်ကို ရိုသေစွာ ရှိခိုးပြီး သပိတ်ထဲသို့ ပေါက်ပေါက်များကိုလောင်းထည့် လှူ၏။ လှူပြီး ပြန်လှည့်၍ လယ်ကန်သင်းပေါ်အတိုင်းသွားသော် မြွေကိုက်၍ သေ၏။ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်၍ "လာဇာ(ပေါက်ပေါက်)နတ်သမီး" ဟု တွင်၏။ လာဇာနတ်သမီးသည် မိမိ၏ ရှေးကောင်းမှုကို ဆင်ခြင် သိမြင်

သော် "ရှင်မဟာကဿပအား ဝတ်ကြီးဝတ်ငယ်ပြု၍ ဤစည်းစိမ်ကို တည်တံ့အောင်လုပ်အံ့"ဟု ကြံ၏။ သူမသည် နေ့စဉ် နံနက်စောစောသွား၍ မထေရ်၏ ကျောင်းဝင်း၌ တံမြက်လှည်းပြီး သောက်ရေသုံးရေကို တည်ထား၏။

မထေရ်သည် "ဤအမှုများကို သာမဏေ, ရဟန်းငယ်တို့ ပြုထား၏" ဟု ထင်မှတ်ပြီး နောက် ကျောင်းတွင်းမှ စောင့်ကြည့်သော် တံမြက်လှည်းနေသည့် နတ်သမီး၏ ကိုယ်ရောင်ကို မြင်၍ မေး၏။ နတ်သမီးက ရှေးဖြစ်နှင့်တကွ အကြောင်းစုံကို လျှောက်ထားသော် မထေရ်က "သင် ဤအရပ်သို့ မလာတော့နှင့်။ ငါ့အား နတ်သမီးတဦးက လာပြီး ဝတ်ကြီးဝတ်ငယ်ပြုစု၏ဟု ပြောစရာ ဖြစ်လာမည်" ဟု မိန့်ကြားပြီး နှင်ထုတ်၏။ နတ်သမီးသည် ကောင်းကင်သို့ ပျံတက်ပြီး လက်အုပ်ချီလျက် "တပည့်တော်မ ရသည့် စည်းစိမ်ကို ဖျက်ဆီးတော်မမူပါလင့်"ဟု ငိုကြွေးမြည်တမ်းလျက် ကောင်းကင်၌ တည်နေရှာ၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေလျက် ထိုနတ်သမီး၏ ငိုကြွေးသံကို ကြားလျှင် ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူ၍ "နတ်သမီး၊ ဤသို့ တားမြစ်ခြင်းသည် ငါ့သား ကဿပ၏ တာဝန်တည်း။ ကောင်းမှုပြုခြင်းကား ကောင်းမှုပြုလိုသော သူတို့၏ တာဝန်တည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၈။ "ပုဂ္ဂိုလ်တဦးသည် ကောင်းမှုကိုပြုလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏။ ကောင်းမှုကို ပွားစေခြင်းသည် ချမ်းသာကြောင်း ဖြစ်၍ ထိုကောင်းမှု၌ ပြုလိုသော စိတ်ဆန္ဒကို ပြုရာ၏။"

ဤတရားကို ကြားနာပြီးသော် လာဇာနတ်သမီးသည် သောတာပန် ဖြစ်လေ၏။

## ၉၈။ အနာထပိဏ် သူဌေးကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အနာထပိဏ် သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီးအတွက် ငါးဆယ့်လေးကုဋေကို စွန့်ကြဲပြီးသည့်ပြင် ဘုရားရှင်ထံ နေ့စဉ် သုံးကြိမ်သွားရောက် ဆည်းကပ်သော အခါ၌လည်း ရဟန်းများအတွက် နံနက်ယာဂုဆွမ်း၊ နေ့လယ် ထောပတ်ဆီဦးဆေး၊ ညနေ ပန်းနံ့သာ,အဝတ်အထည်တို့ကို ယူဆောင်ကာ လှူဒါန်းသဖြင့် ကာလကြာသော် ဥစ္စာကုန်သွား၏။ ဤသို့ရာတွင် သူဌေးကြီးသည် သောတာပန် ဖြစ်၍ သာသနာ၌ မတုန်မလှုပ်

သော သဒ္ဓါတရားရှိရကား ဆွမ်းကောင်းဟင်းကောင်း မဟုတ်စေကာမူ သံဃာတော်များအား လှူမြဲလှူသည်သာတည်း။ ထိုအခါ သူဌေးကြီး၏ တံခါးမှုခ်စောင့်သော မိစ္ဆာနတ်တဦးသည် ညအခါ သူဌေးကြီး အိပ်ခန်းသို့ သွား၍ ကောင်းကင်၌ ရပ်လျက် "ငါကား သင့်တံခါးမှုခ်စောင့် နတ်တည်း။ သင်သည် နောင်ရေးကို မကြည့်ဘဲ ရဟန်းဂေါတမ၏ သာသနာ၌ ဥစ္စာ များစွာ စွန့်ကြဲခဲ့သဖြင့် ယခု ဆင်းရဲရ၏။ ထို့ကြောင့် ဤသို့ မစွန့်ကြဲတော့ဘဲ ကုန်သွယ်မှု ပြုကာ ဥစ္စာ တည်မြဲစေလော့"ဟု ဆို၏။

ထိုအခါ သူဌေးကြီးက "သင် မသင့် မလျော်ပြောဘိ၏။ ငါ့အိမ်၌ သင်မနေနှင့်။ ထွက်သွားလော့"ဟု နှင်ထုတ်၏။ ထိုနတ်သည် သောတာပန် ပုဂ္ဂိုလ်၏ စကားကို မလွန်ဆန်နိုင်သဖြင့် သားငယ် သမီးငယ်တို့ကို ခေါ်ငင် ထွက်သွားရရှာ၏။ သူသည် တခြားအရပ်၌ နေစရာ အရပ်ကို မရသော် ပြန် သွားလိုသော်လည်း သူဌေးကြီးကိုကြောက်၍မသွားဝံ့။ သူသည် သိကြားမင်း ထံ သွား၍ အကူအညီ တောင်း၏။ သိကြားမင်းက "သူဌေးကြီးထံမှ ကုန် သည်တို့ ချေးငှားပြီး ပြန်မပေးသေးသောဥစ္စာ ဆဲ့ရှစ်ကုဋေရှိ၏။ သူဌေးကြီး ၏ ဘိုးဘွားတို့ မြစ်ကမ်းနား၌ မြှုပ်နှံထားသော ဥစ္စာ ဆဲ့ရှစ်ကုဋေလည်း ရေခကြောင့် ကမ်းပြိုပြီး သမုဒ္ဒရာထဲ မျောပါသွားခဲ့၏။ ဤမည်ဤမည်သော အရပ်၌ အရှင်မရှိသောဥစ္စာဆဲ့ရှစ်ကုဋေလည်း ရှိ၏။ဤ ငါးဆဲ့လေးကုဋေ သောဥစ္စာတို့ကို မိမိအာနုဘော်ဖြင့် ယူဆောင်၍ သူဌေးကြီး၏ တိုက်ခန်းများ ကိုပြည့်စေလော့။ ဤ'ဒဏ်အမှု'ကိုပြုပြီးမှ သူဌေးကြီးအား ကန်တော့လော့" ဟုဆို၏။

ထိုနတ်သည် သိကြားမင်းဆိုတိုင်း ပြုပြီးသော် သူဌေးကြီးထံ သွား၍ အကြောင်းစုံကို ပြောကြားပြီး သည်းခံရန် ဝန်ချ တောင်းပန်၏။ သူဌေးကြီး သည် ထိုနတ်ကို ဘုရားရှင်ထံ ခေါ်သွား၏။ မြတ်စွာဘုရားက ထိုသူနှစ်ဦး အား ဆုံးမလိုသဖြင့် နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၁၉။ "မကောင်းမှု ပြုသောသူသည်ပင် မကောင်းမှုကံ အကျိုးမပေးသေး သမျှ ကာလပတ်လုံးကောင်းကျိုးကို တွေ့မြင်နိုင်သေး၏။ မကောင်း မှုကံ အကျိုးပေးသောအခါ၌မူ မကောင်းမှု ပြုသောသူသည် မကောင်း ကျိုးတို့ကိုသာ တွေ့မြင်ရတော့၏။

၁၂၀။ "ကောင်းမှုပြုသော သူသည်လည်း ကောင်းမှုကံ အကျိုးမပေးသေး သမျှ ကာလပတ်လုံး မကောင်းကျိုးကို တွေ့မြင်နိုင်သေး၏။ကောင်းမှု ကံ အကျိုးပေးသောအခါ၌မူ ကောင်းမှု ပြုသောသူသည် ကောင်း ကျိုးတို့ကိုသာ တွေ့မြင်ရတော့၏။"

ဤတရားကို ကြားနာပြီးသော် ထိုနတ်သည် သောတာပန် ဖြစ်လေ၏။

## ၉၉။ ရဟန်းတပါး (ပရိက္ခရာ မသိမ်းသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းတပါးသည် ညောင်စောင်း အင်းပျဉ်စသည့်ပရိက္ခရာတို့ကို အပြင်၌ ချ၍ သုံးစွဲပြီး အပြင်၌ပင် စွန့်ပစ်ထားခဲ့လေ့ ရှိ၏။ ထို ပရိက္ခရာတို့သည် မိုးရေ, နေပူ ခြစားခြင်းတို့ကြောင့် ပျက်စီးကုန်၏။ ရဟန်းတို့က ထိုသို့ မပြုရန် ဆုံးမသော် ထိုရဟန်းက "ငါပြုသည့် အမှုသည် မပြောစလောက်၊ အနည်းငယ်မျှသာ။ ထိုပရိက္ခရာကို ပျက်လိုစိတ် မရှိ"ဟု ဆိုပြီး ရှေးနည်းတူ ပြုမြဲပြု၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားက ခေါ်ဆုံးမသော် ထိုရဟန်းသည် ရှေးနည်းဟူပင် မထီမဲ့စကား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်း၊ ဤသို့ပြုရန် မသင့်။ မကောင်းမှု မည်သည်ကို အနည်းငယ်ဟူ၍ မထီမဲ့မြင် မမှတ်ထင်အပ်။ လှင်ပြင်၌ထားသော အိုးခွက်သည် မိုးရွာသော် တပေါက်မျှဖြင့် မပြည့်သော်လည်း အဖန်တလဲလဲရွာသော် ပြည့်လျှံသည်သာ။ ဤအတူ မကောင်းမှု ပြုသောသူသည် ပြုဖန်များသော် မကောင်းမှု အစုကြီးကို ပြုသည်မည်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၁၂၁။ "မကောင်းမှု အနည်းငယ်သည် ငါအား အကျိုးသက်ရောက်လာမည် မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မထင်မှတ်ရာ (အထင်မသေးရာ)။ မိုးရေပေါက်တို့ ကျဖန်များသဖြင့် ရေအိုးကြီးပင် ပြည့်လျှံသွားသကဲ့သို့ လူမိုက်သည် အနည်းငယ် အနည်းငယ်မျှသော မကောင်းမှုကို ပြုလုပ်ဆည်းပူးဖန် များသော် မကောင်းမှုဖြင့် ပြည့်လေ၏။"

## ၁၀၀။ ဗိဠာလပဒက သူဌေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ အမျိုးသမီးတဦးသည် "မိမိလည်းလှူ၊ သူတပါးကို လည်း လှူအောင် နှိုးဆော်သောသူသည် နောင်ဘဝ၌ စည်းစိမ်ပြည့်စုံ

ခြင်း၊ အခြံအရံ ပြည့်စုံခြင်း အကျိုးထူး နှစ်ခုကို ရပေ၏”ဟု ဘုရားရှင်၏ တရားတော်ကို နှစ်သက်လှသဖြင့် ဘုရားရှင်အား ရဟန်းအားလုံးနှင့်တကွ “နက်ဖြန် တပည့်တော်တို့၏ ဆွမ်းကို အလှူခံတော်မူပါဘုရား”ဟု ပင့် လျှောက်၏။ သူသည် အိမ်စဉ်လှည့်လည်လျက် “မိခင် ဖခင်တို့၊ နက်ဖြန် ဘုရားရှင်နှင့်တကွ သံဃာအပေါင်းကို ကျွန်ုပ် ဆွမ်းပင့်ဖိတ်ခဲ့ပါပြီ။ ယာဂု၊ ဆွမ်း စသည်တို့အတွက် တတ်စွမ်းသမျှ ပေးလှူကြပါလော့။ တနေရာ တည်း၌ စုပေါင်းချက်စေပြီး အလှူလှူကြပါကုန်အံ့”ဟု ကြွေးကြော်၏။ ‘ဗိဠာလပဒက’မည်သော သူဌေးတဦးသည် ထိုနိဗ္ဗာန်ဆော်ကို မြင်လျှင် “ဤသူသည် မိမိတတ်နိုင်သမျှကိုသာ မပင့်ဖိတ်ဘဲ အိမ်စဉ်လှည့်လည်ကာ နှိုးဆော်ဘိ၏”ဟု အမျက်ထွက်၍ “သင်ယူခဲ့သော ခွက်ကို ယူခဲ့”ဟု ဆိုပြီး လက်သုံးချောင်းဖြင့် ဆန်ကို ယူ၍ ပေး၏။ ထောပတ်၊ တင်လဲ စသည်တို့ကို လည်း နဲနဲမျှစီ ပေး၏။

နိဗ္ဗာန်ဆော်သည် တခြားသူတို့ ပြည်တောင်းစသည်ဖြင့် ပေးလှူသော ဝတ္ထုတို့ကို တပေါင်းတည်းထည့်၍ ထိုသူဌေးလှူသော ပစ္စည်းကိုမူ တခြား ထား၏။ ထိုသို့ပြုသည်ကို ထိုသူဌေးမြင်လျှင် ကျွန်ယုံတဦးအား “သွားချေ၊ ဤနိဗ္ဗာန်ဆော်လုပ်သမျှ သိအောင် လုပ်ခဲ့”ဟု ခိုင်း၏။ နိဗ္ဗာန်ဆော်လည်း ပြန်သွား၍ “သူဌေးအား အကျိုးများစွာ ရပါစေ”ဟုနှုတ်ပြုလျက် ယာဂု၊ ဆွမ်း ဟင်းအိုးအားလုံးထဲသို့ ထိုသူဌေးလှူသည့် ပစ္စည်းကို အနည်းငယ်စီ အနှံ့ထည့်၏။ ထိုကျွန်လည်း မြင်၍ ပြန်သွားပြီး ထိုသူဌေးအား ပြန်ပြောပြ ၏။ သူဌေးလည်း “ဤနိဗ္ဗာန်ဆော် ပရိသတ် အလယ်၌ ငါ့ကိုအရှက်ခွဲလျှင် သတ်အံ့”ဟု ပုဆိုးကြားထဲ ဓားဝှက်၍ နောက်တနေ့နံနက် ထိုဆွမ်းကျွေး ရာသို့ သွား၏။ နိဗ္ဗာန်ဆော်သည် ဘုရားရှင် အမှူးရှိသော သံဃာအပေါင်း အား ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။

ပြီးသော် သူက ဘုရားရှင်အား “တပည့်တော်သည် လူအများကို နှိုး ဆော်၍ ဤအလှူကို လှူဒါန်းပါ၏။ ဤအလှူ၌ လူတို့သည် တတ်နိုင် သလောက် ဆန် စသည်တို့ကို အများလည်းဖြစ်၊ အနည်းလည်းဖြစ် လှူ ဒါန်းကြပါ၏။ ထိုအလုံးစုံသော သူတို့အား တူမျှသော အကျိုးထူး အကျိုး မြတ် ဖြစ်ပါစေဘုရား”ဟု လျှောက်၏။ ထိုစကားကိုကြားလျှင် ထိုသူဌေး သည် “ငါမိုက်မှားလေစွ။ ဤသူတော်ကောင်းကို မကန်တော့လျှင် အပါယ် လားရာ၏”ဟု ကြံစည် ပုပ်နှလျက် နိဗ္ဗာန်ဆော်၏ ခြေရင်း၌ ဝပ်၍ အကြောင်းစုံကို ပြောကြားပြီး “အရှင်၊ ငါ့အား သည်းခံပါလော့”ဟုဆို၏။

မြတ်စွာဘုရားသည် ထိုအမှုအရာကို မြင်၍ မေးမြန်းပြီးသော် "ဒါယကာ သူဌေး၊ ကောင်းမှုမည်သည်ကို နည်းလေစွဟု မအောက်မေ့သင့်။ ပညာရှိတို့သည် ကောင်းမှုကို အနည်းငယ် အနည်းငယ် ပြုကြလျက် 'မိုးရေပေါက်တို့ဖြင့် ရေပြည့်လာသော အိုးကဲ့သို့' တဖြည်းဖြည်းကောင်းမှုဖြင့် ပြည့်စေကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၂၂။ "ကောင်းမှု အနည်းငယ်သည် ငါ့အား အကျိုးသက်ရောက်လာမည် မဟုတ်ဟု ကောင်းမှုကို မထိမဲ့မြင် မအောက်မေ့ရာ (အထင်မသေးရာ)။ မိုးရေပေါက်တို့ ကျဖန်များသဖြင့် ရေအိုးကြီးပင် ပြည့်လျှံသွားသကဲ့သို့ ပညာရှိသည် အနည်းငယ်အနည်းငယ်မျှသော ကောင်းမှုကို ပြုဆည်းပူးဖန်များသော် ကောင်းမှုဖြင့် ပြည့်လေ၏။"

ဤတရားကို ကြားနာပြီးသော် ထိုသူဌေးသည် သောတာပန် ဖြစ်လေ၏။

## ၁၀၁။ မဟာဓန ကုန်သည်ကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ခိုးသူ ငါးရာတို့သည် သာဝတ္ထိပြည်၌ 'မဟာဓန' မည်သော ကုန်သည်ကြီးအိမ်ကို ခိုးယူဖျက်ဆီးရန် အခါအခွင့်ကို စောင့်နေသော်လည်း မရကြပေ။ တနေ့သ၌ ကုန်သည်ကြီးသည် လှည်း ငါးရာတို့ကို ဥစ္စာဘဏ္ဍာဖြင့် ပြည့်စေ၍ ရဟန်းတို့အား "တပည့်တော်သည် ဤမည်သော အရပ်သို့ ကုန်သွယ်ရန် သွားပါအံ့။ အရှင်ဘုရားတို့ ထိုအရပ်သို့ ကြွလိုသော် လိုက်ခဲ့ကြပါ။ လမ်းခရီး၌ တပည့်တော်ဆွမ်းဖြင့် လုပ်ကျွေးပါမည်"ဟု လျှောက်၏။ ရဟန်းငါးရာတို့ လိုက်ပါကြ၏။ ထိုခိုးသူတို့လည်း ကုန်သည်ကြီး ခရီးထွက်ကြောင်း သိလျှင် တောအုပ်တခုသို့ သွား၍ နေနှင့်ကြ၏။ ကုန်သည်ကြီးလည်း သွား၍ ထိုတောအုပ်ဝရှိ ရွာတရွာ၌ နှစ်ရက် သုံးရက် နေလျက် နွားလှည်း စသည်တို့ကို ပြုပြင်စီရင်၏။ ထိုခိုးသူတို့နှင့် အဆက်အသွယ်ရှိသော ရွာသားတဦးထံမှ "မိမိခရီးထွက်သောနေ့၌ ထိုတောအုပ်မှ ခိုးသူတို့ လုယက်ကြမည်"ကို ကြားသိလျှင် "ငါသည် ရှေ့ဆက် ခရီးမသွားတော့အံ့။ ဤမည်သောနေ့၌ အိမ်သို့ ပြန်လှည့်သွားအံ့"ဟု ပြောလိုက်၏။

ခိုးသူတို့လည်း ထိုရွာသားထံမှ ထိုအကြောင်းကို ကြားသိလျှင် တော အုပ်မှထွက်၍ ကုန်သည်ကြီး ပြန်မည့်လမ်း၌ စောင့်နေကြ၏။ ထိုအကြောင်း ကိုလည်း ထိုရွာသားက ကုန်သည်ကြီးအား ပြောကြား၏။ "ဤအရပ်၌ပင် အတန်ကြာ နေတော့အံ့"ဟုကြံ၍ ကုန်သည်ကြီးသည် ရဟန်းတို့အား ထို အကြောင်းကို လျှောက်ကြား၏။ ရဟန်းတို့လည်း သာဝတ္ထိပြည်သို့ ပြန်သွား ၍ ဘုရားရှင်အား "သွားလိုသော အရပ်သို့မသွားဖြစ်ပါ"ဟု အကြောင်း စုံကို လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ မဟာဓန ကုန်သည်ကြီးသည် ခိုးသူတို့ရှိသဖြင့် ခရီးလမ်းကို ရှောင်ကြဉ်ခဲ့၏။ အသက် ရှင်လိုသောသူသည် အဆိပ်ကို ရှောင်ကြဉ်၏။ ထိုအတူပင် ရဟန်းမည်သည် 'ဘဝသုံးပါးတို့တား ခိုးသူတို့ လုယက်ရန်ထကြွသော လမ်ခရီးနှင့် တူ၏' ဟု သိသဖြင့် မကောင်းမှုကို ရှောင်ကြဉ်သင့်၏"ဟု မိန့်တော်မူပြီး ဂါထာ ဖြင့် ဤသို့ ဟောတော်မူ၏။

၁၂၃။ "အဖော်နည်း၍ ဥစ္စာဘဏ္ဍာများစွာ ပါရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော လမ်းခရီးကို ရှောင်ကြဉ်သကဲ့သို့ငှင်း၊ အသက်ရှင်လိုသောသူသည် အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ငှင်း ပညာရှိ သည် မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၁၀၂။ ကုက္ကုဋမိတ္တ မုဆိုး

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်မှ ငယ်စဉ်ကပင် သောတာပန် ဖြစ်လာသော သူဌေးသမီး တဦးသည် မြို့ထဲသို့ သမင်သားများ လှည်းဖြင့် လှည့်လည်ရောင်းသော 'ကုက္ကုဋမိတ္တ'အမည်ရှိ မုဆိုးကြီးကို မြင်လျှင်မြင်ချင်း ချစ်ကြိုက်၍ ထိုမုဆိုး နောက်သို့ လိုက်သွားပြီး ရွာတရွာ၌ အိမ်ထောင်ပြု၍ နေ၏။ သူမသည် ထို မုဆိုးကြီးနှင့် သားခုနစ်ဦးကို ရ၏။ ထိုသားအားလုံး အရွယ်ရောက်လျှင် အသီးသီး အိမ်ထောင်ပြုကြ၏။ ထိုအခါ တနေ့သ၌ မြတ်စွာဘုရားသည် နံနက်စောစော လောကကိုကြည့်သော် 'ထိုမုဆိုးကြီးနှင့် သားခုနစ်ဦး သော တာပန် ဖြစ်လတံ့'သည်ကို မြင်တော်မူ၍ ထိုမုဆိုးကြီး ကျော့ကွင်းထောင်ရာ

အရပ်သို့ ကြွ၍ အနီး၌ ခြေတော်ရာကို ပြထားပြီး ရွှေ့မှ ချုံတခု၏ အရိပ်အောက်၌ နေတော်မူ၏။ မုဆိုးကြီးလည်း နံနက်စောစော လေးကိုယူပြီး ကျော့ကွင်းထောင်ရာသို့ သွား၍ သားကောင်မိသည်ကို မမြင်ဘဲ ခြေတော်ရာကိုသာ မြင်လျှင် "ဤသူပင် ငါထောင်ထားသည့် သမင်တို့ကို လွှတ်ပစ်၏" ရန်ငြိုးဖွဲ့လေ၏။

သူသည် ရွှေ့ဆက်သွား၍ ဘုရားရှင်ကို မြင်လျှင် "သတ်အံ့"ဟု လေးကို တင်၏။ ဘုရားရှင်လည်း လေးကိုသာ တင်ခွင့်ပေးပြီး မြှားကိုမူ လွှတ်ခွင့် မပေးဘဲ ထား၏။ မုဆိုးကြီးသည် မြှားကို မလွှတ်နိုင်ဘဲ ပါးစပ်မှ တံတွေး တစီစီ ယိုစီးကာ ထိုင်လျက်သာ တည်ရှိလေ၏။ သူ့သားတို့လည်း အိမ်သို့ သွားကြ၍ "ဖခင်၊ အဘယ့်ကြောင့် ကြာနေဘိသနည်း"ဟု လေးကိုယ်စီယူ၍ သွားကြပြီး ထိုသို့ ဖြစ်ပျက်နေသော ဖခင်ကိုမြင်လျှင် "ဤသူကား ငါတို့ ဖခင်၏ ရန်သူတည်း"ဟု လေးကို ကိုယ်စီတင်သော် ဘုရားရှင်၏ တန်ခိုးကြောင့် မြှားကို မလွှတ်နိုင်ဘဲ ဖခင်နည်းတူ ရပ်တည်နေကုန်၏။ နောက်မိခင်သည် "ငါ့သားတို့ ကြာချေပြီ။ အကြောင်း အသို့နည်း"ဟု ချွေးမ ခုနစ်ယောက်နှင့်အတူ နောက်ကလိုက်ကြသော် ထိုသို့ ဖြစ်ပျက်နေသည့် သားအဖ ရှစ်ယောက်တို့နှင့်တကွ ဘုရားရှင်ကို မြင်လျှင် လက်များကို မြှောက်လျက် "ငါ့ဖခင်ကို မသတ်ကြပါနှင့်"ဟု သည်းစွာ အော်လေ၏။

ထိုအသံကို ကြားလျှင် မုဆိုးကြီးသည် "ငါ့ယောက္ခမ ဖြစ်ပေ၏"ဟုငင်း၊ သားခုနစ်ဦးတို့လည်း "ငါတို့အဘိုး ဖြစ်ပေ၏"ဟုငင်း ထင်မှတ်၍ ချစ်ခင်မြတ်နိုးစိတ် ဖြစ်ပေါ်ကြ၏။ "လေးတို့ကို စွန့်ပစ်၍ ရှိခိုးကန်တော့ကြလော့" ဟု သူဌေးသမီးကဆိုသော် ဘုရားရှင်သည် ထိုသူတို့၏ စိတ်နူးညံ့သည်ကို သိ၍ လေးကို ချခွင့်ပေးတော်မူ၏။ ထိုသူအားလုံး တောင်းပန်ကန်တော့ပြီးသော် မြတ်စွာဘုရားက အစဉ်အတိုင်း တရားစကားကို ဟောတော်မူ၏။ တရား၏ အဆုံး၌ မုဆိုးကြီးနှင့်တကွ သား, ချွေးမ ဆယ့်ငါးဦးလုံး သောတာပန် ဖြစ်ကြလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုမှ ဖဲကြွကာ ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးပြီးသော် နေလွဲချိန်မှ ကျောင်းတော်သို့ ကြွ၍ ရှင်အာနန္ဒာအား ထိုအကြောင်း အလုံးစုံကို ပြန်လည် မိန့်ကြားတော်မူ၏။

ထိုအခါ ရဟန်းတို့က "ထိုသူဌေးသမီးသည် သောတာပန် ဖြစ်ပါလျက် မုဆိုးကြီးအား လေး မြှား လှံ စသည် သားသတ်လက်နက်များကို ယူပေးသဖြင့် သူ့အသက်သတ်ခြင်း၌ ပါဝင်ပတ်သက်နေသည် မဟုတ်ပါလော"ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ သောတာပန်တို့ မည်သည်

သူ့အသက်ကို မသတ်ကြကုန်။ သေစေလိုစိတ်လည်း မရှိကုန်။ ထိုမိန်းမသည် ဝတ္တရားအရ လင့်စကားကို လိုက်နာရန် လင်ဆိုတိုင်း ပြုခြင်းသာ ဖြစ်၏။ အနာမရှိသော လက်ဝါးဖြင့် အဆိပ်ကို ကိုင်သော် ထိုအဆိပ် မတက်မလောင် သကဲ့သို့ ထို့အတူ အကုသိုလ်စေတနာ မရှိခြင်းကြောင့် မကောင်းမှုကို မပြု လိုသောသူအား လေးစသည်တို့ကို ထုတ်ပေးသော်လည်း မကောင်းမှုကံ မဖြစ်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၂၄။ “လက်ဝါး၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်နိုင်၏။ အဆိပ် သည် အနာမရှိသော လက်သို့ အစဉ် လျှောက်မလိုက်နိုင်။ စေတနာ ဖြင့် ပြုသူ မဟုတ်သော ပုဂ္ဂိုလ်အား အကုသိုလ် မဖြစ်ပေ။”

## ၁၀၃။ ကောက ခွေးမုဆိုး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

‘ကောက’မည်သော မုဆိုးသည် တနေ့သော နံနက်၌ လေးကိုထမ်း၍ ခွေးအပေါင်း ခြံရံလျက် တောသို့ သွားသော် ခရီးအကြား၌ ဆွမ်းခံဝင်သည့် ရဟန်းတပါးကို မြင်လျှင် “ယနေ့ ဤသူယုတ်ကို မြင်ရသဖြင့် တစုံတခုကို ရမည် မဟုတ်”ဟု အမျက်ထွက်၍ ဖဲသွား၏။ သူသည် တောသို့ သွား၍ လှည့် လည်ပြီး တစုံတခုကို မရဘဲ ပြန်လာသော် ရွာ၌ ဆွမ်းခံ၍ ဆွမ်းစားပြီး ပြန်ထွက်လာသော ထိုရဟန်းကို မြင်ပြန်၏။ သူသည် အမျက်ထွက်လှသဖြင့် ခွေးတို့အား အချက်ပေး၍ ထိုရဟန်းဆီသို့ လွှတ်၏။ ရဟန်းသည် သစ်ပင် တပင်သို့ လျင်စွာတက်၍ လက်ခုပ်တဖောင်ရှိသော အရပ်၌ နေ၏။ မုဆိုး သည် “သင် သစ်ပင်တက်လည်း သေဘေးမှ မလွတ်”ဟု ရဟန်း၏ ခြေဖဝါး တို့ကို မြားဦးချွန်းဖြင့် ထပ်ခါတလဲလဲ ထိုးဆွ၏။ မထေရ်သည် ပြင်းထန် သည့် ဝေဒနာကို ခံစားရ၍ သတိ မထားနိုင်သဖြင့် သူ၏ ကိုယ်ရုံသင်္ကန်းသည် အောက်သို့ လျှောကျသွား၏။ ထိုသင်္ကန်းသည် မုဆိုးကို ဦးခေါင်းမှ စ၍ လွှမ်းခြုံလေ၏။

ခွေးတို့သည် “မထေရ်ကြီး ကျလာပြီ”ဟု ထင်မှတ်ကာ သင်္ကန်းကြားထဲ ဝင်၍ မုဆိုးကို ဆွဲငင်ကိုက်ခဲ ဝါးစားပစ်ကြပြီး သင်္ကန်းကြားမှ ထွက်၍ နေ ကြ၏။ ထိုအခါ မထေရ်သည် သစ်ကိုင်းခြောက်တခုကို ချိုး၍ ပစ်လိုက်ရာ

ခွေးတို့သည် မထေရ်ကို မြင်လျှင် "ငါတို့သခင်ကို ငါတို့ ကိုက်စားမိခဲ့ချေပြီ" ဟု သိ၍ တောထဲ ဝင်ပြေးကုန်၏။ မထေရ်လည်း "ငါ့သက်န်းကြားထဲ ဝင်၍ ဤမှုဆိုး သေရ၏။ ငါ့သီလ အပြစ်အနာ ကင်းပါ၏လော"ဟု ပူပန် လျက် သစ်ပင်ပေါ်မှ ဆင်းပြီး ဘုရားရှင်ထံ သွား၍ ထိုအကြောင်း အလုံးစုံ ကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ချစ်သား ရဟန်း၊ သင်၏ သီလ မှာ အပြစ်အနာ မရှိ။ စင်စစ် ထိုမုဆိုးသည် မပြစ်မှားအပ်သော သူကို ပြစ် မှားမိခြင်းကြောင့် ဤသို့ ပျက်စီးရပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူပြန်၏။

၁၂၅။ "အကြင် လူမိုက်သည် မပြစ်မှားထိုက်သော၊ သီလစင်ကြယ်၍ ကိလေ သာမှ ကင်းသဖြင့် မွေးမြူပူဇော်ထိုက်သော ရဟန္တာပုဂ္ဂိုလ်အား ပုတ် ခတ်ပြစ်မှား၏။ လေညာသို့ ပစ်လွှင့်လိုက်သော သိမ်မွေ့လှသည့် မြူမှုန် သည် ထိုပစ်လွှင့်သူထံသို့သာ ပြန်ကျသကဲ့သို့ ပြစ်မှားသော မကောင်းမှု သည် ထိုလူမိုက်သို့သာ ရှေးရှု ပြန်ကျလာ၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသည် ရဟန္တာ ဖြစ်လေ၏။

## ၁၀၄။ တိဿမထေရ် (ကျောက်သွေးသမား၏ဆရာ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရွှေထွင်း (ကျောက်သွေးသမား) လင်မယားတို့သည် 'တိဿ' မည်သော ရဟန္တာမထေရ်ကို မိဘအရာ၌ ထား၍ ဆဲ့နှစ်နှစ်တိုင် အိမ်၌ ဆွမ်းကျွေးပြုစု ကြ၏။ တနေ့သ၌ ထိုရွှေထွင်းသမားသည် မထေရ်ရှေ့၌ အမဲသားကို စဉ်းခုတ် ဖြတ်လှီးနေစဉ် ကောသလမင်းကြီးက မင်းလုလင်ကို သူ့ထံလွှတ်၍ "ဤ ပတ္တမြားရတနာကို သွေး၍ ထွင်းပြီး ပို့လိုက်ရမည်"ဟု စေခိုင်း၏။ ရွှေထွင်း သမားလည်း သွေးလူးသော လက်ဖြင့်ပင် ထိုပတ္တမြားကိုခံယူ၍ ပအုပ်ပေါ်၌ တင်ထားပြီး လက်ဆေးရန် အတွင်းသို့ ဝင်သွား၏။ ထိုအိမ်၌ မွေးထားသည့် ကြိုးကြာငှက်သည် သွေးအနံ့ကြောင့် ထိုပတ္တမြားကို သားသစ် မှတ်ပြီး မထေရ်မြင်စဉ်ပင် မျိုလိုက်၏။ ရွှေထွင်းသမားပြန်လာ၍ ပတ္တမြားကို မမြင်၍ မယားနှင့် သားတို့ကို မေးသော် သားမယားတို့က "မယူကြရပါ"ဟု ဆိုကြ

၏။ မထေရ်အား မေး၍ "ငါမယူ"ဟု ဆိုလျှင် "ဤနေရာ၌ တခြားလူမရှိ။ မထေရ်သာ ယူမည်၊ နှိပ်စက်၍ မေးအံ့"ဟု မယားအား ပြောဆို၏။

မယားက "ဤမျှ ကာလပတ်လုံး မထေရ်၌ အပြစ်တစုံတရာ မမြင်ရစဘူး။ မထေရ်အား မစွပ်စွဲပါနှင့်။ မင်းဒဏ်ကို ခံရသည်က မြတ်သေး၏"ဟု ဆို၍ တား၏။ ရွှေထွင်းသမားသည် နားမထောင်ဘဲ ကြိုးကိုယူ၍ မထေရ်ကို ရစ်ပတ်ပြီး တုတ်ဖြင့် ရိုက်နှက်၏။ မထေရ်၏ ဦးခေါင်းမှရင်း၊ နားရွက်၊ နှာခေါင်းတို့မှ ရင်း သွေးဖြိုင်ဖြိုင်ယိုစီး၍ မျက်စိများ ပြူတ်ထွက်လုမတတ် ဖြစ်ကုန်၏။ မထေရ်သည် ဒဏ်ရာကြောင့်လဲကျလေ၏။ ကြိုးကြာငှက်လည်း လာ၍ သွေးကို သောက်သော် ရွှေထွင်းသမားသည် ဒေါသကြီးနေသဖြင့် ကြိုးကြာငှက်ကို ခြေဖြင့် ကန်ပစ်လိုက်၏။ ကြိုးကြာလည်း တချက်တည်းဖြင့် သေ၍ ပက်လက်ဖြစ်၏။ မထေရ်က "ကြိုးကြာငှက် သေ၊ မသေ ကြည့်ပါဦး"ဟု ဆိုသော် ရွှေထွင်းသမားက "ဤကြိုးကြာငှက်ကဲ့သို့ အရှင်လည်း သေရလတံ့"ဟု ဆို၏။ ထိုအခါမှ မထေရ်က "ဒါယကာ၊ ဤကြိုးကြာငှက်သည် ထိုပတ္တမြားကို မျို၏"ဟု ဆိုလေ၏။

ရွှေထွင်းသမားသည် ကြိုးကြာငှက်သေ၏ ဝမ်းဗိုက်ကိုခွဲ၍ ပတ္တမြားကို မြင်ရလျှင် ထိတ်လန့်တုန်လှုပ်လျက် မထေရ်၏ ခြေရင်း၌ ဝပ်၍ "တပည့်တော် မသိမိုက်မဲခြင်းကြောင့် ပြုမိပါ၏။ သည်းခံတော်မူပါ။ ရှေးကကဲ့သို့ ဤအိမ်၌ပင် ဆွမ်းကို ခံယူတော်မူပါ"ဟု လျှောက်၏။ မထေရ်က "ဒါယကာ၊ သင့်မှာလည်းအပြစ်မရှိပါ။ ငါ့မှာလည်းအပြစ်မရှိ။ သံသရာဝဋ်ကြွေးကြောင့်သာ ဖြစ်ရ၏။ သင့်အား ငါသည်းခံ၏။ စင်စစ် ငါသည် အိမ်တွင်းသို့ ဝင်၍ ဤသို့ ဖြစ်ရ၏။ ဤနေ့မှ စ၍ သူတပါးအိမ်ထဲသို့ မဝင်တော့အံ့။ အိမ်တံခါး၌သာ ဆွမ်းခံတော့အံ့"ဟု မိန့်ကြားပြီး ထိုဒဏ်ရာကြောင့် မကြာမီ ပရိနိဗ္ဗာန်ပြုလေ၏။ ကြိုးကြာငှက်သည် ရွှေထွင်းသမား မယား၏ ဝမ်း၌ ဖြစ်၏။ ရွှေထွင်းသမားသည် သေသော် ငရဲ၌ ဖြစ်၏။ မယားသည်ကား သေ၍ နတ်ပြည်၌ ဖြစ်၏။ ထိုသူအားလုံး၏ လားရာဂတိကို ရဟန်းတို့က မေးလျှောက်သဖြင့် မြတ်စွာဘုရားက ဂါထာဖြင့် ဤသို့ မိန့်ကြားတော်မူ၏။

၁၂၆။ "အချို့သော သူတို့သည် လူ့အမိဝမ်း၌ ဖြစ်ကြ၏။ မကောင်းမှုပြုသူတို့သည် ငရဲ၌ ဖြစ်ကြ၏။ ကောင်းသောသဘောရှိသူတို့သည် နတ်ပြည်သို့ ရောက်ကြ၏။ အာသဝေါကင်းသော ရဟန္တာတို့သည် ပရိနိဗ္ဗာန် စံဝင်ကြ၏။"

## ၁၀၅။ ပုဂ္ဂိုလ် သုံးမျိုး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

(၁) ဘုရားရှင်အား ဖူးမြင်ရန် လာကြသော ရဟန်းတို့သည် ခရီးအကြား၌ ရွာတရွာသို့ ဆွမ်းခံဝင်ကြ၏။ ရွာသားတို့သည် ထိုရဟန်းတို့အား ဆွမ်းစားစရပ်၌ နေစေပြီး ချက်ပြုတ်သူတို့အား ချက်ပြုတ်စေ၍ ဆွမ်းစားချိန်ကို ဆိုင်းငံ့လျက် တရားနာနေကြ၏။ ထိုခဏ၌ ဟင်းအိုးမှ မီးလျှံထ၍ မြက်ဆုပ်ကရွတ်ခွေတခုကို စွဲလောင်၏။ ထိုကရွတ်ခွေသည် တောက်လောင်လျက် ကောင်းကင်သို့ လွင့်ပျံ့သွားရာပျံနေသောကျီးတကောင်၏လည်ပင်းတွင် စွပ်မိ၏။ကျီးလည်း မီးလောင်ကာ ရွာအလယ်၌ကျ၏။ ထိုရဟန်းတို့သည် ထိုကျီးကို မြင်လျှင် "ဤကျီး၏ ရှေးမကောင်းမှုကံကို သဗ္ဗညု ဘုရားမှ တပါး ဘယ်သူ သိနိုင်အံ့နည်း။ ဘုရားရှင်အား မေးကုန်အံ့"ဟု ကြံ၍ဆွမ်းစားပြီး ဖဲသွားကြ၏။

(၂) တခြားသော ရဟန်းတို့လည်း ဘုရားရှင်အား ဖူးမြင်ရန် လှေစီးလာကြသော် လှေသည် သမုဒ္ဒရာအလယ်၌ မတုန်မလှုပ် ရပ်၏။ ထိုအခါ သူယုတ်စာရေးတံကို ချရာ လှေသူကြီး၏ မယားအား သုံးကြိမ်တိုင် ကျ၏။ လှေသူကြီးက "ဤမိန်းမယုတ်ကြောင့် လူအများ မသေကြသင့်။ ဤမိန်းမကို ငါမမြင်ရအောင် သဲအိုးတလုံးကို လည်ပင်း၌ ချည်၍ ရေထဲ ပစ်ချလော့"ဟု ဆို၏။ လူတို့သည် ထိုအတိုင်း ပြုသော် ထိုမိန်းမသည် ကျရာအရပ်၌ပင် ငါးလိပ်တို့၏ အစာ ဖြစ်လေ၏။ ထိုရဟန်းတို့လည်း "ဤမိန်းမ၏ ရှေးကံကို ဘုရားရှင်အား မေးကြအံ့"ဟု လိုရာအရပ်သို့ ရောက်လျှင် လှေမှ ဆင်း၍ ဖဲသွားကြ၏။

(၃) တဖန် ရဟန်း ခုနစ်ပါးတို့သည် ဘုရားရှင်အား ဖူးမြင်ရန် လာကြရာ ညနေချိန်၌ ကျောင်းတကျောင်းသို့ ဝင်၍ နေထိုင်ရန်အရပ်ကို မေးမြန်းပြီး အနီးရှိ ဥမင်လိုဏ်ခေါင်းတခုထဲ ဝင်၍ အတွင်းရှိ ညောင်စောင်း ခုနစ်ခု၌ ကျိန်းစက်ကြ၏။ ညအခါ အိမ်လောက်ကြီးသော ကျောက်တုံးကြီး လိမ့်လာ၍ လိုဏ်ဂူတံခါးကို ပိတ်မိလေ၏။ နံနက်လင်း၍ ကျောင်းနေ ရဟန်းတို့သည် ထိုလိုဏ်ဂူတံခါး ပိတ်နေသည်ကို မြင်၍ အနီးရှိ ရွာခုနစ်ရွာမှလူတို့ကို ခေါ်ပြီး ထိုကျောက်တုံးကြီးကို အတွင်းရှိ ရဟန်းခုနစ်ပါးတို့၏ အားနှင့် တွန်းဖယ်သော် နေရာမှ မရွေ့စေနိုင်ကုန်။ လိုဏ်ဂူတွင်းရှိ ရဟန်းတို့သည် အစာရေစာ

မရ၍ ဆင်းရဲကြီးစွာ ခံစားကြရ၏။ ခုနစ်ရက်မြောက်နေ့၌မူ ထိုကျောက်တုံးကြီးသည် အလိုလို လိမ့်သွား၏။ ထိုရဟန်းတို့လည်း ထွက်ခဲ့ကြ၍ "ငါတို့၏ ရှေးမကောင်းမှုကံကို ဘုရားရှင်အား မေးလျှောက်ကြအံ့"ဟု သွားကြသော် ရှေးရဟန်းအုပ်စုနှစ်စုနှင့် တနေရာ၌ ပေါင်းဆုံမိကြ၏။

ထိုရဟန်းအားလုံးတို့ တပေါင်းတည်းပင် ဘုရားရှင်ထံ သွား၍ မိမိတို့ အသီးသီးမြင်ရ, ကိုယ်တိုင်ခံစားရသော အကြောင်းများကို လျှောက်ကြ၏။ မြတ်စွာဘုရားသည်အစဉ်အတိုင်း ဤသို့ ဖြေကြားတော်မူ၏။

(၁) "ရှေးအခါက လယ်သမားတဦးသည် မိမိနွားကို ဆုံးမ မရသဖြင့် နွား၏ လည်ပင်းကို ကောက်ရိုးဖြင့် ရစ်ပတ်ပြီး မီးတိုက်သတ်ခဲ့၏။ သူသည် ဤမကောင်းမှု ကံကြောင့် ကာလရှည်စွာ ငရဲ၌ ကျက်ပြီး ထိုကံအကျိုး အကြွင်းအားဖြင့် ခုနစ်ကြိမ်တိုင် ကျီးဖြစ်၍ ဤကဲ့သို့ပင် ကောင်းကင်၌ မီးလောင်သေဘူးလေပြီ။

(၂) ရှေးအခါက မိန်းမတဦးသည်မိမိ၏ ခွေးနှင့် နေရာတကာသွားလာလေရာ လူငယ်တို့က ထိုခွေးနှင့် သက်ာမကင်း သဒယောင် ပြက်ရယ်ပြုကြသဖြင့် အိုးထဲသဲအပြည့်ထည့်ပြီး ထိုခွေး၏ လည်ပင်း၌ ကြိုးဖြင့် ချည်ကာ မြစ်ထဲသို့ ပစ်ချလိုက်၏။ ခွေးသည် ကျရာအရပ်၌ပင် သေရရှာ၏။ ထိုမိန်းမသည် ဤမကောင်းမှုကံကြောင့် ကာလရှည်စွာ ငရဲ၌ကျက်ပြီး ထိုကံအကျိုး အကြွင်းအားဖြင့် ဘဝတရာတိုင် ဤသို့ ရေထဲပစ်ချခြင်း ခံရဘူးပြီ။

(၃) ရှေးအခါက နွားကျောင်းသား ခုနစ်ဦးတို့သည် တော၌ ဖွတ်ကြီး တကောင် တောင်ပို့ထဲ ဝင်သွားသည်ကိုမြင်၍ အသီးသီး အပေါက်ခုနစ်ခုတို့၌ သစ်ခက်တို့ဖြင့် ပိတ်ဆို့ပြီး သွားကြ၏။ ခုနစ်ရက်ကြာ၍ ထိုနေရာသို့ ရောက်လျှင် သတိရသဖြင့် အပေါက်တို့ကို ဖွင့်လှစ်ကြ၏။ ဖွတ်ကြီးသည် အရိုးအရေမျှသာ ကျန်ကာ တုန်လှုပ်စွာ ထွက်လာသော် သူတို့သည် ဖွတ်ကြီးကို သနား၍ လွှတ်လိုက်ကြ၏။ သူတို့သည် ဤမကောင်းမှု ကံကြောင့် ဆယ့်လေးဘဝ တိုင် တပေါင်းတည်းဖြစ်၍ ဤသို့ ခုနစ်ရက် အစာရေစာ ပြတ်ရသူတို့ ဖြစ်ကြဘူးလေပြီ။"

ထိုအခါ ရဟန်းတပါးက "မကောင်းမှုကို ပြုပြီးလျှင် ကောင်းကင်၌ ပျံသန်းသွားသော သူသည်ပင်၊ သမုဒ္ဒရာသို့ သွားသော သူသည်ပင်၊ လိုဏ်ဂူထဲဝင်သော သူသည်ပင် ထိုမကောင်းမှုကံ၏ ဆိုးကျိုးမှ မလွတ်မြောက်နိုင်ပါတကား"ဟု လျှောက်၏။ မြတ်စွာဘုရားက "မှန်ပေ၏။ ကောင်းကင်စသည်တို့၌လည်း မကောင်းမှုကံ၏ အကျိုးမှ လွတ်ကင်းရာ အရပ် တခုမျှ မရှိ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၂၇။ "မကောင်းမှု ပြုသူသည် ကောင်းကင်၌ နေသည်ဖြစ်စေ၊ သမုဒ္ဒရာ အလယ်၌ နေသည်ဖြစ်စေ၊ တောင်ခေါင်းထဲ ဝင်၍ နေသည်ဖြစ်စေ၊ မကောင်းမှုကံ အကျိုးမှ မလွတ်ရာ။ အကြင်အရပ်၌ နေသော် မကောင်းမှုကံ အကျိုးမှ လွတ်ရာ၏။ ထိုကဲ့သို့သော ကမ္ဘာလောက ရပ်ဌာနမျိုးသည် မရှိပေ။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့ အားလုံး သောတာပန် စသည် ဖြစ်ကြလေ၏။

## ၁၀၆။ သုပ္ပဗုဒ္ဓ မင်းကြီး

မြတ်စွာဘုရား သာဝတ္ထိပြည် နိဂြောဓာရုံကျောင်း၌ နေတော်မူစဉ်။

သုပ္ပဗုဒ္ဓသာကီဝင် မင်းကြီးသည် "ဤဂေါတမ ဘုရားကား ငါ့သမီး ယသော်ဓရာကို စွန့်ပစ်ပြီး တောထွက်ခဲ့၏။ ငါ့သား ဒေဝဒတ်ကိုလည်း ရဟန်းပြုပေးပြီး ရန်သူအဖြစ်ဖြင့် ပြုမူခဲ့၏" ဟူသော အကြောင်း နှစ်ရပ်ဖြင့် မြတ်စွာဘုရားအပေါ် ရန်ငြိုးထား၏။ တနေ့သ၌ သူသည် မြတ်စွာဘုရား အား ဆွမ်းပင့်ဖိတ်ရာသို့ ကြွမည့်လမ်းခရီးသို့ သွား၍ "ဆွမ်းဘုဉ်းပေးခွင့် မပေးအံ့" ဟု သွားရာ လမ်းခရီးကို ပိတ်လျက် သေသောက်ကာ နေနှင့်၏။ ရဟန်းအပေါင်းနှင့်တကွ မြတ်စွာဘုရား ကြွလာသော် သူသည် "ငါ့ထက် ငယ်သည့် ရဟန်းဂေါတမအား မပေးနိုင်ဟု ပြောချေ" ဟု လူလွှတ်ပြော ကြားစေ၏။ မြတ်စွာဘုရားသည်ဦးရီးထံမှ လမ်းခရီးကို မရသဖြင့် ထိုအရပ်မှ ပြန်ကြွတော်မူခဲ့၏။ သုပ္ပဗုဒ္ဓလည်း သူလျှိုတယောက်ကို "သွားချေ၊ ဂေါတမ ပြောသည့် စကားကို နားထောင်ပြီး လာခဲ့...." ဟုစေလွှတ်၏။

မြတ်စွာဘုရားသည် ပြန်လှည့်ကြွသော် ရှင်အာနန္ဒာအား "သုပ္ပဗုဒ္ဓ မင်း ကြီးသည် ငါဘုရားအား ကြွရာလမ်းခရီးကို မပေးခြင်းကြောင့် ဤနေ့မှ ခုနစ်ရက်မြောက် နေ့၌ ပြာသာဒ်အောက်ရှိ စောင်းတန်းခြေရင်း၌ မြေမျိုခံရ လတံ့" ဟု မိန့်တော်မူ၏။ ထိုသူလျှိုလည်း ထိုစကားကို ကြား၍ ပြန်ပြော သော် သုပ္ပဗုဒ္ဓသည် "ငါသည် ဤနေ့မှစ၍ ထိုအရပ်သို့ မသွားဘဲ နေပြီး ဂေါတမစကား မှားယွင်းအောင်ပြုအံ့" ဟု မိမိ၏ အခြေအရံ အားလုံးကို ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်သို့တက်၍ စောင်းတန်းလှေကားကို ဖြုတ်ပစ် ထားစေပြီးတံခါးကိုပိတ်စေ၏။တခုတခု၌ နပမ်းသမားနှစ်ဦးကို ထား၍ "ငါ

သတိမေ့လျော့ပြီးအောက်ဆင်းမိလျှင် ငါ့ကို တားမြစ်ကြ”ဟု ဆို၍ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်၌ နေလေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူလျှင် “ရဟန်းတို့၊ သုပ္ပဗုဒ္ဓ မင်းကြီးသည် ပြာသာဒ်ပေါ်၌ နေသည်ဖြစ်စေ၊ ကောင်းကင်သို့ ပျံတက်၍ နေသည်ဖြစ်စေ၊ သမုဒ္ဒရာသို့ လှေဖြင့် သွားသည် ဖြစ်စေ၊ လိုဏ်ဂူထဲသို့ ဝင်သည်ဖြစ်စေ။ ငါဘုရား၏ စကားတော်မှာ နှစ်ခွမရှိ။ ငါဘုရား မိန့်တော်မူသည့် အရပ်၌သာ သုပ္ပဗုဒ္ဓမင်းကြီး မြေမျိုခံရလတံ့”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၂၈။ “မကောင်းမှု ပြုသူသည် ကောင်းကင်၌နေသည်ဖြစ်စေ၊သမုဒ္ဒရာအလယ်၌ နေသည်ဖြစ်စေ၊ တောင်ခေါင်းထဲဝင်၍ နေသည်ဖြစ်စေ သေခြင်းမှ မလွတ်ရာ။ အကြင်အရပ်၌ တည်နေသော် သေမင်းသည် မညှဉ်းဆဲနိုင်ရာ။ (ထိုသို့သော) ကမ္ဘာ လောကရပ် ဌာနမျိုး မရှိပေ။”

ခုနစ်ရက်မြောက် ဆွမ်းစားချိန်တွင် ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာမြင်းသည် ထိပ်လန့်ပြီး ထိုထိုနံရံကို ကန်ကျောက်၏။ မင်းကြီးသည် ထိုထိုအသံကို ကြား၍ မြင်းကို ကိုင်လိုသဖြင့် ထ၍ တံခါးသို့ သွား၏။ တံခါးတို့သည် အလိုလို ပွင့်သွားကြပြီး ဖြုတ်ထားသည့် စောင်းတန်းလှေကားတို့လည်း မူလ အရပ်တို့၌သာ တည်နေကုန်၏။ ဘုံခုနစ်ဆင့် တံခါးအသီးသီး၌ နေကြသည့် နပမ်းသမားတို့သည် မင်းကြီးကို အသီးသီးအောက်သို့ ပစ်ချကြသော် အစဉ်သဖြင့် ပြာသာဒ်အောက် စောင်းတန်း ခြေရင်းသို့ ကျရောက်သွား၏။ ထိုခဏ၌ပင် မြေကြီးသည် ဟင်းလင်းပွင့်ကာ သူ့ကို မျိုသွားသော် တောက်လျှောက် အဝီစိငရဲသို့ ရောက်သွားလေ၏။

[redacted]

## [၁၀] ဒဏ္ဍဝဂ်

### ၁၀၇။ ဆဗ္ဗဂ္ဂီ ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ သတ္တရသဝဂ္ဂီ (၁၇-ဦးစု) ရဟန်းတို့သည် အိပ်ရာနေရာ ကျောင်းတို့ကို သုတ်သင် ပြုပြင်နေကြသော် ဆဗ္ဗဂ္ဂီ (၆-ဦးစု) ရဟန်းတို့သည် ရောက်လာပြီး "ငါတို့သည် သင်တို့ထက် ဝါကြီး၏။သင်တို့ဖယ်ကြ"ဟု ဆို၏။ "ငါတို့ ဦးစွာရောက်၍ သုတ်သင်ပြုပြင်ကြသဖြင့် မပေးနိုင်ကုန်"ဟု ဆို၍ ထိုဆဗ္ဗဂ္ဂီရဟန်းတို့က ရိုက်နှက်ကြသဖြင့် ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့ သေဘေးမှ ကြောက်၍ အော်ဟစ်မြည်တမ်းကြ၏။ မြတ်စွာဘုရားသည် ထို အော်သံကို ကြား၍ မေးမြန်း သိရှိတော်မူသော် "မရိုက်နှက်ရ"ဟုသိက္ခာပုဒ် ပညတ်တော်မူ၏။နောက်" ရဟန်းတို့၊ ရဟန်းတို့မည်သည် 'သူတပါးတို့လည်း ငါကဲ့သို့ပင် ဒဏ်ကို ကြောက်လန့်ကုန်၏။သေခြင်းကို ကြောက်လန့်ကုန်၏' ဟု နှလုံးပြုလျက် သူတပါးကို မပုတ်ခတ် မညှဉ်းဆဲအပ်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၂၉။ "ရဟန္တာမှတပါး သတ္တဝါအားလုံ့တို့သည် ဒဏ်ကို ကြောက်လန့်
ကြ၏။ သေခြင်းကို ကြောက်ကြ၏။ မိမိကိုယ်ကို ဥပမာပြု၍ (သူတပါး
တို့ကို) မညှဉ်းဆဲရာ၊ မသတ်ဖြတ်ရာ။"

## ၁၀၈။ ဆဗ္ဗဂ္ဂိ ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌လည်း ထိုကျောင်းကြောင့်ပင် ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ထိုသတ္တရသဝဂ္ဂိ ရဟန်းတို့အား (ယခင် သိက္ခာပုဒ် ပညတ်ထားခြင်းကြောင့် မရိုက်နှက်ဘဲ) လက်ဝါးဖြင့် ရွယ်ကြသော် ထိုသတ္တရသဝဂ္ဂိ ရဟန်းတို့သည် ကြောက်၍ အော်ကြပြန်၏။ မြတ်စွာဘုရားသည် ထိုအသံကို ကြား၍ မေးမြန်းသိရှိတော်မူသဖြင့် "လက်ဝါးဖြင့် မရွယ်ရ" ဟု သိက္ခာပုဒ် ပညတ်တော်မူပြန်၏။ နောက်"ရဟန်းတို့၊ ရဟန်းမည်သည်'သူတပါးတို့လည်း ငါကဲ့သို့ပင် ဒဏ်ကို ကြောက်လန့်ကုန်၏။ ငါ့အသက်ကဲ့သို့ သူတို့အသက်ကို ချစ်မြတ်နိုးကုန်၏' ဟု နှလုံးပြုလျက် သူတပါးကို မပုတ်ခတ် မညှဉ်းဆဲအပ်" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ဟောတော်မူ၏။

၁၃၀။ "ရဟန္တာမှတပါး သတ္တဝါ အားလုံးတို့သည် ဒဏ်ကို ကြောက်လန့်ကြ၏။ မိမိတို့၏ အသက်ကို ချစ်မြတ်နိုး၏။ မိမိကိုယ်ကို ဥပမာပြု၍ (သူတပါးတို့ကို) မညှဉ်းဆဲရာ၊ မသတ်ဖြတ်ရာ။"

## ၁၀၉။ သူငယ်များ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဆွမ်းခံဝင်သော် လမ်းခရီးအကြား၌ သူငယ်များစွာတို့ အဆိပ်မရှိသော အိမ်မြွေတကောင်အား ရိုက်နှက်နေသည်ကို မြင်၍ မေးတော်မူ၏။ "မြွေကိုက်မှာ ကြောက်၍ ရိုက်နှက်ကြပါသည်ဘုရား''ဟု လျှောက်ကြသော် မြတ်စွာဘုရားက "သင်တို့သည် မိမိ၏ ချမ်းသာခြင်းကို အလိုရှိ၍ ရိုက်နှက်ကြသော် ဖြစ်လေရာ ဘဝတို့၌ ချမ်းသာခြင်းကို မရကုန်လတံ့။ မိမိ၏ ချမ်းသာခြင်းကို တောင့်တ၍ သူတပါးကို ရိုက်နှက်ရန်မသင့်"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၁၃၁။ "မိမိ၏ ချမ်းသာခြင်းကို အလိုရှိသဖြင့် (မိမိကဲ့သို့) ချမ်းသာခြင်းကို အလိုရှိကြသည့် သတ္တဝါတို့ကို တုတ်ဖြင့် ပုတ်ခတ်ညှဉ်းဆဲသောသူသည် တမလွန် ဘဝ၌ ချမ်းသာခြင်းကို မရနိုင်။

၁၃၂။ "မိမိ၏ ချမ်းသာခြင်းကို အလိုရှိသဖြင့် (မိမိကဲ့သို့) ချမ်းသာခြင်းကို အလိုရှိကြသည့် သတ္တဝါတို့ကို တုတ်ဖြင့် မပုတ်ခတ် မညှဉ်းဆဲသော သူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းကို ရနိုင်၏။"

ဤတရားကို ကြားနာပြီးသော် ထိုသူငယ်များစွာတို့ သောတာပန် ဖြစ်ကြလေ၏။

## ၁၁၀။ ကောဏ္ဍဓာန မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောဏ္ဍဓာန မထေရ်သည် ရဟန်းပြုသည့်နေ့မှ စ၍ မိန်းမရုပ်သွင်အရိပ် တခုသူနှင့်အတူ သွားလာ လှည့်လည်လျက် ရှိ၏။ ထိုမိန်းမရုပ်ကို သူမမြင်။ တခြားသူတို့သာမြင်ကြ၏။ သူသည် ရွာတွင်းသို့ဆွမ်းခံကြသော် "ဤဆွမ်းသည် အရှင်ဘုရားအတွက်၊ ဤဆွမ်းသည် အရှင်ဘုရား၏ အဖော်မ အတွက်ပါ ဘုရား"ဟု ဆိုလျက် ဆွမ်းနှစ်ဇွန်း နှစ်ဇွန်းကို လှူကြ၏။ ရဟန်းတို့သည် ထိုမထေရ် ထိုမိန်းမရုပ်နှင့်အတူ သွားလာသည်ကို မြင်ကြသဖြင့် ကောသလ မင်းကြီးအား ထိုအကြောင်းကို ပြောကြား၍ "ဤသီလ မရှိသော ရဟန်းကို သင့်နိုင်ငံမှ နှင်ထုတ်လော့"ဟု ဆိုကြ၏။ မင်းကြီးသည် ထိုရဟန်းနေသည့် ကျောင်းသို့ သွား၍ ကျောင်းကို မင်းချင်းယောကျာ်းတို့ဖြင့် ဝိုင်းရံစေလျက် မထေရ်နေရာသို့ သွား၏။ မထေရ်သည် လူသံများကြား၍ ထွက်လာပြီး ကျောင်းဦး၌ ရပ်နေသော် မင်းကြီးသည် ထိုမိန်းမရုပ်ကို မြင်ရ၏။ မထေရ်သည် မင်းကြီးလာသည်ကို သိသဖြင့် ကျောင်းပေါ် တက်၍ နေ၏။

မင်းကြီးသည် တက်လိုက်သွားပြီး ဟိုဒီကြား၊ ညောင်စောင်းအောက်တို့၌ ကြည့်၍ မမြင်သော် မထေရ်အား "ဤအရပ်၌ မိန်းမတဦးကို မြင်ရ၏။ ထိုမိန်းမ ဘယ်မှာနည်း" ဟု အဖန်တလဲလဲ မေးသော်လည်း မထေရ်က "မင်းကြီး၊ ငါမမြင်"ဟုသာ ဖြေကြား၏။ မင်းကြီးသည် အကြောင်းကို စုံစမ်းလိုသဖြင့် "အရှင်ဘုရား၊ ဤမှ ခဏထွက်တော်မူပါ"ဟု လျှောက်၏။ မထေရ်သည် ထွက်၍ ဆင်းပြီး ကျောင်းဦး၌ ရပ်သော် မထေရ် အေး၌

ထိုမိန်းမ ရပ်လာသည်ကို မြင်ပြန်၏။ တဖန် မထေရ် ပြန်တက်လာ၍ ထိုင်နေသော် ထိုမိန်းမရုပ်ကို မမြင်ရပေ။ ထိုအခါ မင်းကြီးသည် "ဤမိန်းမကား အတုအပ အရုပ်သာဖြစ်၏" ဟု ဆုံးဖြတ်ပြီး မထေရ်အား ထိုမိန်းမရုပ် အကြောင်း လျှောက်ကြားပြီး နောင်တွင် နေ့စဉ် နန်းတော်သို့ကြွပြီး ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်၍ ဖဲ့သွားလေ၏။

ထိုအခါ ရဟန်းတို့က ထိုမထေရ်အား "အို သီလ မရှိသော ရဟန်း၊ ယခု မင်းကြီးသည် သင့်ကို နှင်မထုတ်ဘဲ ဆွမ်းပင် ပင့်ဖိတ်သဖြင့် လူစတုံးသူ ဖြစ်လေပြီ" ဟု ဆိုကြ၏။ ထိုမထေရ်က "သင်တို့သာ သီလမရှိ, လူစတုံးကုန်၏။ သင်တို့သာ မိန်းမကို ခေါ်၍ လှည့်လည်ကြ၏" ဟု ပြန်ပြော၏။ ထိုအဆိုခံရသော ရဟန်းတို့က လာ၍ ထိုအကြောင်းကို လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားသည် ထိုကောဏ္ဍဓာနမထေရ်အား "သင်သည် သူတို့ မြင်သကဲ့သို့ မမြင်ဘဲလျက် ဤရဟန်းတို့အား အဘယ့်ကြောင့် ပြောဘိသနည်း။ သင်သည် ရှေးဘဝ နတ်သားဖြစ်စဉ်က အလွန် ညီညွတ်စွာနေကြသည့် ရဟန်းနှစ်ပါး စိတ်ဝမ်းကွဲအောင် ရဟန်းတပါး ချုံထဲဝင်၍ ကိုယ်လက် သုတ်သင်ပြီး ပြန်ထွက်အလာ မိန်းမတဦးအသွင် ဖန်ဆင်းကာ မထေရ် နောက်က ထွက်လိုက်လာသည်ကို ပြုခဲ့သဖြင့် မထေရ်နှစ်ပါး စိတ်ဝမ်းကွဲခဲ့ကြ၏။ ဤမကောင်းမှုကံကြောင့် ဤဘဝ၌ ဤသို့ သင်နှင့်အတူ မိန်းမရုပ် ကပ်လိုက်နေဘိ၏" ဟု မိန့်တော်မူ၏။

ထို့နောက် မထေရ်အား "ချစ်သား ရဟန်း၊ သင်သည် နောက်ထပ် ထိုရဟန်းတို့နှင့်တကွ စကားတစုံတရာကို မဆိုတော့လင့်။ အနားပြတ်သည့် ကြေးခွက်ကဲ့သို့ အသံမရှိ ဖြစ်ဘိလော့။ ဤသို့ ပြု၍နေလျှင် သင်သည် နိဗ္ဗာန်ရောက်သူ ဖြစ်လတံ့" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၁၃၃။ "တစုံတယောက်ကိုမျှ ကြမ်းကြုတ်သည့် စကားကို မဆိုလင့်။ အဆိုခံရ သူတို့သည် သင့်ကို တုံ့ပြန် ဆိုကုန်ရာ၏။ ချုတ်ချယ် ပြောဆိုသော စကားသည် ဆင်းရဲကြောင်းဖြစ်၏။ တန်ပြန်ဒဏ်တို့သည် သင့်ထံသို့ ထိရောက်ကုန်ရာ၏။

၁၃၄။ "အနားပြတ် ကွဲပျက်သော ကြေးခွက်ကဲ့သို့ (အသံမထွက်ဘဲ)မိမိ ကိုယ်ကို မတုန်မလှုပ် ငြိမ်သက်အောင် စောင့်ရှောက်နိုင်လျှင် သင်သည် နိဗ္ဗာန်သို့ ရောက်သည် မည်၏။ သင့်မှာ ချုတ်ချယ်မှု မရှိတော့ပေ။"

ဤတရားကို ကြားနာပြီးသော် ကောဏ္ဍဓာန မထေရ်သည် ရဟန္တာ ဖြစ်လေ၏။

## ၁၁၁။ ဥပုသ်သည် မိန်းမများ

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူစဉ်။

ဥပုသ်နေ့ တနေ့၌ သာဝတ္ထိပြည်မှ မိန်းမငါးရာတို့သည် ဥပုသ် ဆောက်တည်လိုကြ၍ ကျောင်းသို့ သွားကြ၏။ ဝိသာခါဒါယိကာမကြီးသည် မိန်းမတို့အား အသက်အရွယ်အလိုက် အသီးသီးအား "အဘယ်အကျိုးအတွက် ဥပုသ်စောင့်ကြသနည်း"ဟု မေး၏။ ထိုအခါ (၁) အသက်ကြီးရင့်သူတို့က "နတ်စည်းစိမ် ချမ်းသာကို တောင့်တ၍"ဟုရင်း၊ (၂)အရွယ်လတ်မိန်းမတို့က "လင်တူဖြစ်သော ရန်သူမတို့နှင့် အတူ မနေရလို၍"ဟု ရင်း၊ (၃) အရွယ်ရောက်ပြီးသော မိန်းမတို့က "သားယောကျ်ားကို ပထမဦးဆုံး ရလို၍"ဟုရင်း၊ (၄) သတို့သမီးပျိုတို့က "နုပျိုစဉ်ပင် အမျိုးကောင်း လင်ယောကျ်ားကို ရလို၍'ဟုရင်း အသီးသီး ဖြေဆိုကြ၏။ ထိုစကား အသီးသီးကို ကြားရလျှင် ဝိသာခါသည် ထိုမိန်းမငါးရာတို့ကို ဘုရားရှင်ထံ ခေါ်သွားပြီး သူတို့ပြောသည့် စကားအသီးသီးကို လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားက "ဝိသာခါ၊ ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ ဇာတိ စသော တရားတို့သည် နွားကျောင်းသားများနှင့် တူကုန်၏။ ပဋိသန္ဓေနေခြင်းသည် အိုခြင်းဆီသို့ရင်း၊ အိုခြင်းသည် နာခြင်းဆီသို့ရင်း၊ နာခြင်းသည် သေခြင်းဆီသို့ရင်း ပို့လွှတ်ပြီး 'ဓားဖြင့် ပိုင်းဖြတ်သကဲ့သို့' အသက်ကို ပိုင်းဖြတ်ကြ၏။ သို့ပင်ဖြစ်သော်လည်း ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တသော သူတို့ မရှိကုန်။ သံသရာဝဋ်ကိုသာ တောင့်တကြကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၃၅။ "နွားကျောင်းသားသည် နှင်တံ(ကြိမ်လုံး)ဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သကဲ့သို့ ထို့အတူ အိုခြင်း, သေခြင်း တရားတို့သည် သတ္တဝါတို့၏ အသက်ကို မောင်းနှင်ကုန်၏။"

## ၁၁၂။ စပါးကြီးမြွေ ပြိတ္တာ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏမထေရ်နှင့်အတူ ဂိဇ္ဈကုဋ်၌ တောင်မှ ဆင်းလာသော် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စပါးကြီးမြွေပြိတ္တာကို မြင်၍ ပြုံးရယ်၏။ ရှင်လက္ခဏက မေးသော် "ဘုရားရှင်ထံ၌ ငါ့ကို မေးလော့" ဟု ဆို၏။ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံပြီး ဘုရားရှင်ထံ ရောက်၍ ရှင်လက္ခဏက မေးသော် ရှင်မောဂ္ဂလ္လာန်က "ငါ့ရှင် လက္ခဏ၊ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာရာ မြွေပြိတ္တာ တကောင်ကို မြင်၍ ပြုံးရယ်၏။ ကိုယ်ကား နှစ်ဆယ့် ငါးယူဇနာ ရှည်၏။ ဦးခေါင်းမှ မီးလျှံတို့သည် ထ၍ အမြီးဖျားသို့ ရောက်သွားပြီး တဖန် အမြီးဖျားမှ ထ၍ ဦးခေါင်းသို့ သွားကုန်၏" ဟု ပြောကြား၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါဘုရား လည်း ထိုမြွေပြိတ္တာကို ဗောဓိမဏ္ဍိုင်၌ နေတော်မူစဉ်ပင် မြင်ခဲ့သော် လည်း ငါဘုရား ပြော၍ မယုံကြည်သော သူတို့သည် အကျိုးစီးပွားမဲ့ဖြစ် ကြမည် ဖြစ်၍ ဟောတော် မမူခဲ့။ ယခုမူ ရှင်မောဂ္ဂလ္လာန်ကို သက်သေ ရ၍ ဟောတော်မူရ၏"ဟု မိန့်တော်မူ၏။

ထိုစပါးကြီးမြွေပြိတ္တာ၏ ရှေးမကောင်းမှုကံကို ရဟန်းတို့က မေးလျှောက် ကြသဖြင့် မြတ်စွာဘုရားက"ထိုပြိတ္တာသည် ကဿပဘုရားလက်ထက် ခိုးသူ ဖြစ်စဉ်က 'သုမင်္ဂလ'သူဌေးကြီးကို ရန်ငြိုးဖွဲ့ပြီး သူဌေးကြီး၏အိမ်ကို ခုနစ်ကြိမ် တိုင် မီးတိုက်ခြင်း၊ သူဌေးကြီး၏ နွားခြံမှ နွားတို့၏ ခြေတို့ကို ခုတ်ဖြတ်ခြင်း တို့ကို ပြုပြီး ထိုမျှနှင့် အားမရသေးဘဲ ဘုရားရှင်အတွက် သူဌေးကြီး ဆောက်လုပ် လှူထားသည့် ဂန္ဓကုဋိတိုက်ကိုပင် ဘုရားရှင် ဆွမ်းခံကြွခိုက် မီးတိုက်ခဲ့၏။ ဤမကောင်းမှုကံကြောင့် ထိုခိုးသူသည် သေသော် အဝီစိငရဲ၌ ကာလရှည်စွာ ကျက်ခဲ့ရပြီး ထိုကံအကျိုးအကြွင်းအားဖြင့် ယခု ဤသို့ မြွေပြိတ္တာကြီးဖြစ်၍မီးဖြင့် ကျက်လျက်ဆင်းရဲကို ခံစားရ၏" ဟု မိန့်တော်မူ၏။ ထို့နောက် "ရဟန်းတို့၊ လူမိုက်တို့မည်သည် မကောင်းမှုကံတို့ကို ပြုကြစဉ် မသိတတ်ကြကုန်။ နောင်အခါ၌ကား မိမိပြုသည့် ကံတို့ဖြင့် လောင်ကျွမ်းကုန်

လျက် မိမိသည်ပင် မိမိ၏ တောမီးနှင့်အတူ ဖြစ်ရကုန်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၃၆။ “လူမိုက်သည် မကောင်းမှု ကံတို့ကို ပြုစဉ်အခါ၌ (ငါမကောင်းမှု ပြု၏ဟု)မသိ။ ပညာမဲ့သော လူမိုက်သည် ထို မိမိပြုသည့် မကောင်းမှု ကံတို့ကြောင့် 'မီးလောင်သကဲ့သို့' ပူလောင်ဆင်းရဲရ၏။”

## ၁၁၃။ မောဂ္ဂလ္လာန် မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ တိတ္ထိတို့သည် စည်းဝေးလျက် “ရဟန်းကြီးဂေါတမသည် ရှင်မောဂ္ဂလ္လာန်ကိုမှီ၍ လာဘ်ပူဇော်သက္ကာ များစွာ ရရှိ၏။ ရှင်မောဂ္ဂလ္လာန် သည် နတ်ပြည်သို့ သွား၍ နတ်တို့ပြုခဲ့သော ရှေးကောင်းမှုကံကို မေးပြီး ပြန်လာ၍ လူတို့အား 'ဤမည်သော ကုသိုလ်ကို ပြုခြင်းကြောင့် ဤသို့သော နတ်စည်းစိမ်ကို ခံစားကြရ၏'ဟုဎင်း၊ တဖန် ငရဲပြည်သို့ သွား၍ ထိုငရဲသား တို့ ပြုခဲ့သော ရှေးမကောင်းမှုကံကို မေးပြီး ပြန်လာ၍ လူတို့အား 'ဤ မည်သော အကုသိုလ်ကို ပြုခြင်းကြောင့် ဤသို့သော ဆင်းရဲကို ခံကြရ ကုန်၏'ဟုဎင်း 'ပြောဟောသဖြင့် လူတို့သည် ရဟန်းဂေါတမအား များစွာ ပေးလှူပူဇော်ကြ၏။ ငါတို့သည် ထိုရှင်မောဂ္ဂလ္လာန်ကို သတ်နိုင်လျှင် ထိုလာဘ် ပူဇော်သက္ကာသည် ငါတို့အား ဖြစ်လတံ့”ဟု ကြံစည်တိုင်ပင်ကြ၏။ နောက် သူတို့သည် လူသတ်သမား ခိုးသူတို့အား ငွေတထောင်ပေး၍ “ရာဇဂြိုဟ်ပြည် အနီး 'ကာလသိလာ'မည်သောအရပ်၌ နေသည့် ရှင်မောဂ္ဂလ္လာန်ကို သွား သတ်ကြလော့”ဟု ဆို၏။

ထိုခိုးသူတို့လည်း ထိုအရပ်သို့ သွား၍ ကျောင်းကို ဝိုင်းကြသော် ရှင်မောဂ္ဂလ္လာန်သည် သိ၍ မင်းတုန်းပေါက်ဖြင့် ထွက်သွား၏။ နောက်တခါ သွားဝိုင်းပြန်သော် မထေရ်သည် ကျောင်းမိုးကို ဖောက်ခွဲ၍ ကောင်းကင် ဖြင့်ကြွသွား၏။ ဤသို့ ခိုးသူတို့သည် မထေရ်ကို နှစ်လတိုင် ကြိုးစား ဖမ်းသော်လည်း မရပေ။ နောက် (တတိယ)လသို့ ရောက်၍ ထိုခိုးသူတို့ သွားဝိုင်းကြပြန်သော် မထေရ်သည် မိမိပြုခဲ့သည့် ရှေးမကောင်းမှုကံ ဆွဲငင်

သည်ကိုသိ၍ မကြွတော့ပေ။ ခိုးသူတို့သည် မထေရ်ကိုဖမ်းပြီး အရိုးများ ဆန်ကွဲတို့မျလောက် ကျေမွကုန်သည်အထိ ချိုးဖဲ့ထုထောင်းကြပြီးသော် 'သေပြီ' ထင်၍ ချုံထဲ၌ ပစ်ထားပြီး ဖဲသွားကြ၏။ မထေရ်လည်း ခန္ဓာကိုယ်ကို စျာန်ဖြင့် ရစ်ပတ်၍ ခိုင်မြဲအောင်ပြုပြီး ကောင်းကင်ဖြင့် ဘုရားရှင်ထံ သွား၍ "တပည့်တော် 'တာလသိလာ' မည်သော အရပ်သို့သွားပြီးပရိနိဗ္ဗာန် ပြုရပါတော့မည် ဘုရား" ဟု လျှောက်ကြား၏။

မြတ်စွာဘုရားက "ချစ်သား၊ ငါဘုရားအား တရားဟောပြီးမှ သွားလော့။ သင်ကဲ့သို့သော ငါ့တပည့်ကြီးကို နောင် တွေ့မြင်ဘွယ် မရှိတော့ပြီ"ဟု မိန့်တော်မူသည်။ မထေရ်သည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ကောင်းကင်သို့ ပျံတက်ကာ အထူးထူး အပြားပြားသော တန်ခိုးတို့ကို ပြ၍ တရားဟောပြီးသော်ဘုရားရှင်ကို နောက်ဆုံးရှိခိုးခြင်းပြုပြီး ထိုအရပ်သို့ကြွကာ ပရိနိဗ္ဗာန် ပြုလေ၏။ "ရှင်မောဂ္ဂလ္လာန်ကို ခိုးသူတို့ သတ်ကြောင်း ဇမ္ဗူဒိပ် တကျွန်းလုံး ပျံ့နှံ့၏။ ထိုအခါ အဇာတသတ်မင်းသည် သူလျှိုများကို လွှတ်ပြီး ထိုခိုးသူတို့နှင့်တကွ ထိုတိတ္ထိတို့ကို ဖမ်းယူစေ၏။ နောက် မင်းရင်ပြင်၌ ချက်အထိ တွင်းများတူးစေ၍ ထိုသူအားလုံးကို ထိုတွင်းများထဲ မတ်တတ် မြှုပ်စေပြီးသော် အပေါ်က ကောက်ရိုးများ ဖြန့်ကြဲ၍ မီးတိုက်စေ၏။ ထိုသူအားလုံး အရေကျွတ်အောင် မီးလောင်သော် သံထွန်ဖြင့် ထွန်စေပြီး အပိုင်းပိုင်းဖြစ်အောင် ပြုစေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသည့် ဘုရားရှင်အား "ရှင်မောဂ္ဂလ္လာန်သည် မိမိနှင့် မသင့်လျော်သည့် သေခြင်းသို့ ရောက်ရ၏" ဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ မောဂ္ဂလ္လာန်သည် ဤဘဝအနေဖြင့် မိမိနှင့် မသင့်လျော်သည့် သေခြင်းသို့ ရောက်ရ၏။ ရှေးဘဝ၌ သူပြုခဲ့ဘူးသော မကောင်းမှုကံနှင့်သော်ကား သင့်လျော်သည့် သေခြင်းကို ရရပေ၏။ ရှေးဘဝက သူသည် မိမိ၏ မယား စကားကို နာယူပြီး အပြစ်မဲ့သော မျက်မမြင် မိဘအို နှစ်ပါးကို တောအုပ်ကြီးသို့ လှည်းဖြင့် တင်သွားပြီး ထောင်းထု ရိုက်နှက်၍ သတ်ဖြတ်ခဲ့၏။ ဤမကောင်းမှု ကံကြောင့် ငရဲ၌ ကျက်ပြီးမှ ထိုကံ အကျိုးအကြွင်းအားဖြင့် ဤဘဝ၌ ဤသို့ ထောင်းထုသတ်ခြင်း ခံရ၏။ ထို့ကြောင့် အပြစ်မရှိ၊ မပြစ်မှားအပ်သော သူအား ပြစ်မှားသောသူသည် ဆိုးကျိုး ဆယ်ပါးတို့ဖြင့် ပျက်စီးခြင်းသို့ ရောက်ရသည်သာတည်း" ဟု မိန့်တော်မူပြီး လေးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၃၇။ "အပြစ်ဒဏ်ကင်း၍ မပြစ်မှားထိုက်တော ပုဂ္ဂိုလ်တို့ကို ပြစ်မှားသော သူသည် ဆင်းရဲကြောင်း ဒဏ်ဆယ်ပါးတို့တွင် တခုခုသို့ လျင်မြန်စွာ ပင် ရောက်ရ၏။

၁၃၈-၉။ "ပြင်းထန်သော ဝေဒနာ၊ ဥစ္စာပစ္စည်း ဆုံးရှုံးခြင်း၊ ကိုယ်အင်္ဂါ ပျက်စီးခြင်း၊ ဆိုးဝါးသော အနာရောဂါ စွဲကပ်ခြင်း၊ စိတ် ဖောက်ပြန် ရူးသွပ်ခြင်း၊ မင်းဘေးသင့်ခြင်း၊ ကြမ်းကြုတ်စွာ စွပ်စွဲမှု ခံရခြင်း၊ ဆွေမျိုးများ ပျက်စီးပြုန်းတီးခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီး ခြင်းသို့ ရောက်၏။

၁၄၀။ "ထို့ပြင် ထိုပြစ်မှားသောသူ၏ အိမ်တို့ကို ပကတိ မီးသည်ငှင်း၊အလိုလို ထလောင်သော မီးသည်ငှင်း လောင်၏။ ထိုပညာမဲ့သူသည် ခန္ဓာ ကိုယ် ပျက်စီး သေလွန်သော် ငရဲသို့ ရောက်ရ၏။"

## ၁၁၄။ ဗဟုဘဏ္ဍိက ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ သူကြွယ်တဦးသည် မယားသေသော် မိမိအတွက် 'ကျောင်း၊ မီးတင်းကုပ်၊ ဘဏ္ဍာတိုက်' တို့ကို ပြုလုပ်စေ၍ ဘဏ္ဍာတိုက်တခုလုံး ဆီ ထောပတ် စသည်တို့ဖြင့် ပြည့်စေပြီးမှ ရဟန်းပြု၏။ ရဟန်းပြုပြီးသော် မိမိ၏ ကျေးကျွန်တို့အား ခေါ်စေပြီး အလိုရှိတိုင်းသော အစားအစာကို ချက်စေ၍ သုံးဆောင်၏။ အသုံးအဆောင်, ဘဏ္ဍာ, ပရိက္ခရာတို့ များစွာ ရှိသဖြင့် သူသည် 'ဗဟုဘဏ္ဍိက' ဟု တွင်၏။ ရဟန်းတို့သည် တနေ့သ၌ သူ့ကို ဘုရားရှင်ထံ ခေါ်သွားပြီး ထိုအကြောင်းကို လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "ချစ်သားရဟန်း၊ ငါဘုရားသည် အလိုနည်းစေရန် တရား ဟောထားလျက် သင်သည် အဘယ့်ကြောင့် ဤသို့ ဘဏ္ဍာများစွာ ထားရှိ ဘိသနည်း" ဟု မိန့်တော်မူ၏။ ထိုရဟန်းသည် ထိုစကားမျှလောက်ဖြင့်ပင် အမျက်ထွက်၍ "ယခု ဤနည်းဖြင့်ပင် ကျင့်ပါတော့မည် ဘုရား" ဟု ဆိုလျက် ကိုယ်ရုံသင်္ကန်းကို စွန့်ပစ်ပြီး ခါးဝတ်သင်္ကန်းမျှဖြင့်သာ ရပ်နေလေ၏။

ထိုအခါ မြတ်စွာဘုရားက "ချစ်သား၊ သင်သည် ရှေးဘဝ ရေစောင့် ဘီလူးဖြစ်စဉ်က 'အရှက်၊ အကြောက်' တရားနှစ်ပါးကို ရှာမှီးကာ နေခဲ့ဘူး ပါလျက် ယခု အဘယ့်ကြောင့် ငါဘုရားရှင် သာသနာ၌ ရဟန်းပြုပါလျက် ဤသို့ အရှက်,အကြောက်ကို စွန့်ပယ်ကာ ရပ်နေဘိသနည်း" ဟု မိန့်တော်မူ

သော် ထိုရဟန်းသည် အရှက်အကြောက်ကို ဖြစ်စေ၍ ထိုသက်န်းကိုရုံကာ ဘုရားရှင်ကို ရှိခိုးလျက် နေ၏။ ထို့နောက် မြတ်စွာဘုရားက ထိုရဟန်း ရေစောင့်ဘီလူးဖြစ်စဉ်က အရှက်,အကြောက် (ဟိရိ, ဩတ္တပ္ပ) ဟူသော ဒေဝဓမ္မတရားနှစ်ပါး ရှာမှီးပုံကို ပြလျက် 'ဒေဝဓမ္မ' ဇာတ်ကို ဟောတော်မူ၏။ ထိုနောက်မှ "ချစ်သား ရဟန်း၊ သင်သည် ဤသို့ ရှေးက အရှက် အကြောက် တရား နှစ်ပါးကို ပြည့်စုံစွာ သွားလာခဲ့ပြီး ယခုမူ ပရိသတ် အလယ်၌ ထိုတရားနှစ်ပါးကို မထောက်ဘဲ ခါးဝတ်သက်န်းတထည်မျှဖြင့် ရပ်နေဘိ၏။ အဝတ်သက်န်းကို စွန့်ပယ်ခြင်း စသည်မျှဖြင့် ရဟန်းမည်သည် မဖြစ်သေး"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ဆုံးမ ဟောကြားတော်မူ၏။

၁၄၁။ "အဝတ်မဝတ်သော အကျင့်များ၊ ဆံကျစ်အကျင့်များ၊ ရွှံ့ညွန် အလိမ်းလိမ်း ကပ်သော အကျင့်များ၊ အစာမစားသော အကျင့်များ၊ မြေ၌ အိပ်သော အကျင့်များ၊ မြူမှုန်အလိမ်းလိမ်းကပ်သော အကျင့် များ၊ ဆောင့်ကြောင့်ထိုင်၍နေသော အကျင့်များ၊ (ဤအကျင့် တို့သည်) ယုံမှားခြင်း ဝိစိကိစ္ဆာ မကင်းသေးသော သတ္တဝါကို မစင်ကြယ်စေနိုင်ကုန်။"

## ၁၁၅။ သန္တတိ အမတ်ကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ 'သန္တတိ' အမတ်ကြီးသည် သောင်းကျန်းပုန်ကန်သော ပစ္စန္တရစ်ရွာကို ငြိမ်းစေပြီး ပြန်လာ၏။ ကောသလမင်းကြီးသည် သူ့အား နှစ်သက်၍ ခုနစ်ရက်လုံး ပြည်စည်းစိမ်နှင့်တကွ ကချေသည်မတဦးကိုပေး၏။ ထိုအမတ်ကြီးသည် ခုနစ်ရက်လုံး သေရည်မူးယစ်ပြီး ခုနစ်ရက်မြောက်သော နေ့၌ တန်ဆာဆင်ထားသော ဆင်ပေါ်၌ စီးလျက် ရေချိုးဆိပ်သွားသော် ဆွမ်းခံကြွလာသော ဘုရားရှင်ကို မြင်လျှင် ဦးခေါင်းညွတ်၍ ရှိခိုးပြီးသွား၏။ ထိုအခါ မြတ်စွာဘုရားက အာနန္ဒာအား "ချစ်သား အာနန္ဒာ၊ သန္တတိ အမတ်ကြီးသည် ယနေ့ပင်လျှင် ငါဘုရားထံ ရောက်လာ၍ တဂါထာမျှသော တရားကို ကြားနာပြီး၍ ရဟန္တာဖြစ်ပြီး ကောင်းကင်၌ ပရိနိဗ္ဗာန်ပြုလတံ့" ဟု မိန့်တော်မူ၏။ အမတ်ကြီးလည်း ရေချိုးဆိပ်၌ တနေ့လုံး ရေကစားပြီး ဥယျာဉ်သို့ သွား၍ သေသောက်ရာ အရပ်၌ နေ၏။ ထို ကချေသည်မလည်း သဘင်အလယ်သို့ သက်ဝင်၍ ကခြင်း သီဆိုခြင်းကို ပြရန်အားထုတ်၏။

ထိုမိန်းမသည် ကိုယ်၏ တင့်တယ်လှပခြင်း ဖြစ်စေရန် ခုနစ်ရက်လုံး အစာ အနည်းငယ်သာ စားသဖြင့် ထိုနေ့၌ ကခြင်း သီခြင်းကို ပြစဉ် ဝမ်းတွင်း၌ လေသင်ဓုန်းများ ထ၍ နှလုံးသားကို ခွဲဖြတ်သဖြင့် ထိုခဏ၌ပင် ပါးစပ်၊ မျက်စိများ ဟင်းလင်းပွင့်လျက် လဲကျ သေရှာ၏။ အမတ်ကြီးသည် ထို အခြင်းအရာကို မြင်လျှင် စိုးရိမ်ကြီးစွာဖြင့် ထိတ်လန့်ရကား "ငါ၏ စိုးရိမ် ခြင်းကို ဘုရားရှင်သာ ငြိမ်းစေနိုင်လတံ့"ဟု ဗိုလ်ပါအပေါင်း ခြံရံလျက် ညနေချိန် ဘုရားရှင်ထံ သွား၍ "မြတ်စွာဘုရား၊ တပည့်တော်၏ စိုးရိမ်ခြင်းကို ငြိမ်းအေးတော်မူပါ။ တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ"ဟု လျှောက်ထား၏။ မြတ်စွာဘုရားက "သင်သည် စိုးရိမ်ခြင်းကို ငြိမ်းပေးနိုင် သော သူထံသို့ ရောက်ပေပြီ။ မစိုးရိမ်လင့်။ ရှေးက ဤသို့ ဤကချေသည်မ သေသည့်အခါ၌ ငိုခဲ့သော သင်၏ မျက်ရည်တို့သည် သမုဒ္ဒရာ လေးစင်း၏ ရေထက် သာ၍ များလှကုန်၏"ဟု မိန့်တော်မူပြီး ဂါထာတပုဒ်ဖြင့် တရား ဟောတော်မူ၏။

ထိုတရားဂါထာကို ကြားနာပြီးသော် အမတ်ကြီးသည် ရဟန္တာ ဖြစ် လေ၏။ နောက် မိမိ၏ အသက်အပိုင်းအခြားကို ကြည့်၍ အသက်ရှင်နေခွင့် မရှိတော့သည်ကို သိမြင်လျှင် "တပည့်တော်အား ပရိနိဗ္ဗာန်ပြုခွင့် ပေးတော် မူပါဘုရား"ဟု လျှောက်၏။ သူသည် တန်းခုနစ်ဆင့်မျှ ပျံတက်၍ ကောင်း ကင်၌ နေလျက်ပင် တေဇောကသိုဏ်းစျာန်ကို ဝင်စား၍ ပရိနိဗ္ဗာန် ပြု၏။ ကိုယ်မှ မီးလျှံတို့ ထလာ၍ အသားအသွေးများ လောင်ကျွမ်းစေပြီး ဓာတ် တော်များသာ ကြွင်းကျန်၏။ မြတ်စွာဘုရားသည် စင်ကြယ်သော အဝတ်ကို ဖြန့်၍ခံသော် ထိုအဝတ်၌ ဓာတ်တော်တို့ ကျလာကုန်၏။ ထိုအခါ ရဟန်း တို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "သန္တတိ အမတ် ကြီးသည် တန်ဆာများဆင်လျက် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ပြုသွားလေရာ သူသည် သမဏ ဖြစ်လေသလော။ ဗြာဟ္မဏ ဖြစ်လေသလော"ဟု မေးလျှောက် ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော်ကို သမဏ၊ ဗြာဟ္မဏနှစ်မျိုး စလုံး ခေါ်ဆိုနိုင်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ဟောတော်မူ၏။

၁၄၂။ "အကြင်သူသည် ကိလေသာမှ ငြိမ်း၏၊ ဣန္ဒြေကို ဆုံးမပြီး ဖြစ်၏။ မဂ်လေးပါးဖြင့် မြဲ၏၊ မြတ်သောအကျင့် ရှိ၏။ သတ္တဝါအားလုံး အပေါ်၌ လက်နက်ကို ပယ်ချထားပြီး မေတ္တာဖြင့် အညီအမျှ ကျင့်၏။ ထိုသူသည် တန်ဆာများ ဆင်ထားစေကာမူ မကောင်းမှုမှ အပပြုပြီးသူ 'ဗြာဟ္မဏ'မည်၏။ ကိလေသာ ငြိမ်းပြီးသူ 'သမဏ'မည်၏။ ကိလေသာ ဖျက်ဆီးပြီးသူ 'ဘိက္ခု'မည်၏။"

## ၁၃၆။ ပိလောတိကတိဿ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရှင်အာနန္ဒာသည် "ပုဆိုးနွမ်းတပိုင်းကို ဝတ်လျက် ခွက်လက်စွဲပြီး ထမင်းလှည့်လည်တောင်းနေသည့် "သူငယ်တဦးကိုမြင်၍ သနားပြီး သာမဏေပြုပေး၏။ ထိုသာမဏေသည် မိမိ၏ ပုဆိုးပိုင်းငယ်နှင့် ခွက်ကို သစ်ပင်တပင်ပေါ်၌ တင်ထား၏။ သူသည် ရဟန်းဖြစ်သော် 'ပိလောတိကတိဿ'ဟု တွင်၏။ သူသည် အဖိုးတန် သင်္ကန်းများကို ဝတ်ဆင်ရပြီး အစားကောင်းကောင်း စားရ၍ ဝဝ ဖြိုးဖြိုး ဖြစ်လာ၏။ ထိုအခါ သူသည် သာသနာ၌ ငြီးငွေ့သဖြင့် "လူထွက်အံ့"ဟု ထိုသစ်ပင်သို့သွား၍ ပုဆိုးနွမ်းကို ယူသော် "ဟယ်၊ အရှက်မရှိတတ်သောသူ၊ ဤသို့သော အဖိုးတန် ဝတ်ဆင်ရာ ဌာနကို စွန့်ပစ်ပြီး ဤပုဆိုးနွမ်းကို ဝတ်ဆင်၍ ခွက်လက်စွဲလျက် လှည့်လည် တောင်းစားချင်သလော"ဟု ထိုပုဆိုးနွမ်းကိုပင် အာရုံပြု၍ မိမိကိုယ်ကို ဆုံးမ၏။ ဆုံးမစဉ်ပင် စိတ်ငြိမ်သက်သွား၍ ထိုပုဆိုးနွမ်းကို ထိုအရပ်၌ပင် ထားခဲ့ပြီး ပြန်သွား၏။ တဖန် နှစ်ရက် သုံးရက်ကြာလျှင် ပျင်းရိ ငြီးငွေ့ ပြန်သဖြင့် ရှေးနည်းတူပင် ပုဆိုးနွမ်းဆီသို့သွား၍ ဆုံးမပြီး ပြန်လာ၏။

ဤသို့ ကျောင်းနှင့် ထိုအရပ်အကြား သူ သွားလိုက်၊ ပြန်လိုက် လုပ်နေသည်ကို ရဟန်းတို့မြင်၍ မေးကြသော် "ဆရာထံ သွားပါ၏"ဟု ပြန်ပြော၏။ ဤနည်းဖြင့် မိမိ၏ပုဆိုးနွမ်းကိုသာ အာရုံပြု၍ မိမိကိုယ်ကို ဆုံးမ တားမြစ်ခြင်းကြောင့် မကြာမီပင် ရဟန္တာ ဖြစ်လေသော် ထိုပုဆိုးထံသို့ မသွားတော့ပေ။ ရဟန်းတို့က "ယခု သင့်ဆရာထံ အဘယ့်ကြောင့် မသွားသနည်း" ဟု မေးကြသော် သူက "ဆရာနှင့် ဆက်ဆံခြင်း ရှိသော် သွားရ၏။ ယခုမူ ဆက်ဆံခြင်းကို ဖြတ်ပြီးဖြစ်၍ ဆရာ့ထံ မသွားတော့ပါ"ဟု ဆို၏။ ထိုအခါ ရဟန်းတို့က ဘုရားရှင်ထံသွား၍ "ပိလောတိက မထေရ်သည် ဤသို့ပြောဆို၍ သူရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောပါ၏"ဟု လျှောက်၏။ မြတ်စွာဘုရားက "မှန်ပေ၏။ ပိလောတိကသည် ရှေးက ဆရာနှင့် ဆက်ဆံရမှု ရှိသော်လည်း ယခုမူ မရှိတော့ပေ။ မိမိသည်ပင် မိမိကိုယ်ကို ဆုံးမ တားမြစ်ခြင်းကြောင့် ရဟန္တာ ဖြစ်ခဲ့ပြီ"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၄၃။ "မြင်းကောင်းသည် ကြိမ်လုံးကို ကြဉ်ရှောင်သကဲ့သို့ အိပ်ခြင်းကို ကိုယ်တိုင် ပယ်ဖျောက် နိုးကြားစေပြီး မိစ္ဆာဝိတက် (အကြံမှား)ကို အရှက်တရားဖြင့် တားမြစ်သော ပုဂ္ဂိုလ်သည် လောက၌ တဦးတလေ သာရှိ၏ (ရှားလှ၏။)

၁၄၄။ "မြင်းကောင်းသည် ကြိမ်လုံးဖြင့် ပုတ်ခတ်သော် လုံ့လ ရှိသကဲ့သို့ (ကိလေသာကုန်စေရန်) လုံ့လရှိကြလော့။ ထိတ်လန့်ခြင်း သံဝေဂ ရှိကြလော့။ (သင်တို့သည်) သဒ္ဓါ, သီလ, ဝီရိယ, သမာဓိ, ဓမ္မ ဝိနိစ္ဆယဉာဏ်နှင့် ပြည့်စုံပြီး ဝိဇ္ဇာ (သုံးပါး), စရဏ (ဆယ့်ငါးပါး) ရှိကြကုန်၍ ထင်သော သတိရှိကြလေသော် အတိုင်းမသိ များလှသော ဤသံသရာ ဆင်းရဲကို စွန့်ကြရကုန်လတံ့။"

## ၁၁၇။ သုခ သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဘုန်းကံနှင့် ပြည့်စုံသော 'သုခ' အမည်ရှိ သတို့သားသည် ခုနစ်နှစ် အရွယ်ရောက်သော် ရှင်သာရိပုတ္တရာထံ၌ သာမဏေပြု၏။ သာမဏေဖြစ်ပြီး ရှစ်ရက်မြောက်နေ့၌ ဆရာမထေရ်နှင့်အတူ ရွာသို့ဆွမ်းခံဝင်၏။ သူသည် ခရီးအကြား၌ 'ပဏ္ဍိတသာမဏေ' (၆၄-ဝတ္ထု) ကဲ့သို့ ရေမြောင်းဖြင့် ရေသွယ်ယူကြသည့် လယ်သမား စသည်တို့ကို တွေ့မြင်၍ မထေရ်အား မေးမြန်းပြီး ပဏ္ဍိတ သာမဏေကဲ့သို့ပင် စဉ်းစားဆင်ခြင်ပြီး မထေရ်အား ပန်ကြား၍ ကျောင်းသို့ပြန်ကာ အခန်းထဲတွင် မိမိကိုယ်၌ ဉာဏ်ကိုသွင်းချပြီး အတ္တဘောကို သုံးသပ်ကာ နေ၏။ ပဏ္ဍိတ သာမဏေကဲ့သို့ပင် သိကြားမင်း၊ စတုမဟာရာဇ် နတ်မင်းကြီး လေးဦး၊ နေနတ်သားနှင့် လနတ်သား တို့ကလည်း အသီးသီး စောင့်ရှောက်ကြ၏။ 'သုခ'သာမဏေသည် ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုကြောင့်မတုန်မလှုပ် တည်ကြည် ကြည်လင်သောစိတ်ဖြင့် ခန္ဓာကိုယ်ကို ဆင်ခြင်သုံးသပ်လျက် ဝိပဿနာပွားသော် ဆွမ်းစားချိန် မတိုင်မီ အနာဂါမ် ဖြစ်လေ၏။

မြတ်စွာဘုရားလည်း သာမဏေ ဆက်တရားအားထုတ်လျှင် ရဟန္တာဖြစ် နိုင်သည်ကို သိမြင်တော်မူ၍ ပဏ္ဍိတ သာမဏေကဲ့သို့ပင် ထိုသာမဏေအား တရား ဆက် အားထုတ်နိုင်အောင် သာမဏေအတွက် ဆွမ်းယူလာသည့်

သာရိပုတ္တရာအား ကျောင်းတံခါးမှုခ်၍ ရပ်လျက် ပြဿနာလေးရပ်ကို ဖြေဆို စေခြင်းဖြင့် အချိန်ဆွဲထားတော်မူ၏။ ရှင်သာရိပုတ္တရာ ပြဿနာလေးခုကို ဖြေ ဆိုပြီးသည့်တပြိုင်နက် 'သုခ'သာမဏေလည်း ရဟန္တာ ဖြစ်လေ၏။ သာမဏေ သည် ဆရာမထေရ် ယူလာခဲ့သည့် ဆွမ်းကို စားပြီးသော် စောင့်ရှောက်နေကြ သည့် သိကြားမင်းနှင့် နတ်တို့ ပြန်သွားကြ၏။ ထိုအခါ နေသည် မွန်းတည့် နေရာမှ လျှောကျသွား၏။ ထိုအခါ ရဟန်းတို့က "သုခ သာမဏေသည် နေလွဲမှ ဆွမ်းစား၏" ဟု ကဲ့ရဲ့ကြ၏။ မြတ်စွာဘုရားလည်း ထိုအကြောင်းကို သိတော်မူသဖြင့် ကြွလာ၍ ထိုရဟန်းတို့အား မေးမြန်းပြီးလျှင် (ပဏ္ဍိတ သာမဏေ ဝတ္ထု၌ ကဲ့သို့) ဖြေရှင်းတော်မူ၏။

ထို့နောက်မှ "ယနေ့ သုခသာမဏေသည် မြောင်းဖြင့် ရေကို လိုရာသို့ ဆောင်ယူကြသည့် လယ်သမားများ၊ မြားကို ဖြောင့်အောင်ပြုသည့် မြားလုပ် သမားများ၊ သစ်သားကို လှီးဖြတ်ရွေကြပြီး လှည်းဘီးစသည် ပြုလုပ်ကြသည့် လက်သမားများကို မြင်ရသဖြင့် မိမိကိုယ်ကို ဆုံးမ၍ ရဟန္တာ ဖြစ်လေပြီ" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၄၅။ "လယ်သမားတို့သည် ရေကို လိုရာအရပ်သို့ ဆောင်ယူကြ၏။ မြား လုပ်သမားတို့သည် မြားကို ဖြောင့်အောင် ပြုလုပ်ကြ၏။ လက်သမား တို့သည် သစ်တုံးကို လိုရာပုံရအောင် ပြုလုပ်ကြ၏။ အကျင့်ကောင်း ရှိ ကြသော သူတို့သည် မိမိကိုယ်ကို မဂ်ဖိုလ်ရောက်အောင် ဆုံးမကြ၏။"

[redacted]

# [၁၁] ဇရာဝဂ်

## ၁၁၈။ ဝိသာခါ၏ အဖော်မိန်းမများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ အမျိုးကောင်းသား ငါးရာတို့သည် မိမိတို့၏ မယားများ လိမ္မာကြစေရန် ဝိသာခါအား အခြံအရံဖြင့် အပ်နှံကြ၏။ ထိုမြို့တွင် အခါတပါး၌ သေသောက်ပွဲ ခုနစ်ရက်လုံး ကျင်းပသော် ထိုမိန်းမတို့သည် မိမိတို့ လင်များအတွက် သေရည်ကို ပြုလုပ်ပေးကြ၏။ သူတို့သည် လင်များ သောက်၍ ကျန်သည့် သေရည်တို့ကို သောက်လိုကြသဖြင့် ဝိသာခါကို မြှူဆွယ်၍ ဥယျာဉ်သို့ ခေါ်သွားကြပြီး သေရည်သောက်ကာ မဖွယ်မရာတို့ကို ပြုကြ၏။ သူတို့၏ လင်ယောကျ်ားတို့သည် ထိုအကြောင်းကိုသိလျှင် ထိုမိန်းမတို့ကို ထောင်းထုရိုက်နှက်ကြ၏။ တဖန် နောက်တခါ သေသောက်ပွဲ ကျင်းပသည့် အခါ၌ ထိုမိန်းမတို့သည် ရှေးနည်းတူပင် ယောကျ်ားများ သောက်၍ ကျန်သည့် သေရည်တို့ကို သောက်လိုကြသဖြင့် ဝိသာခါကို လှည့်စားပြီး "ဘုရားရှင်ထံ တရားနာ သွားချင်ကြပါ၏"ဟု ဆိုပြီး သေရည်ကို ဗူးငယ်များထဲထည့်၍ ကိုယ်ရံထဲ ဝှက်ယူလာပြီး ဝိသာခါနှင့်အတူ ကျောင်းသို့ သွားကြ၏။

သူတို့သည် ကျောင်းရောက်လျှင် တနေရာ၌ သေရည်ကိုသောက်၍ ဗူးများကို လွှင့်ပစ်ကြပြီး ဘုရားရှင်ရှေ့မှောက်သို့ သွား၍ နေကြ၏။ ဝိသာခါက ဘုရားရှင်ကို "ဤမိန်းမတို့အား တရားဟောတော်မူပါ"ဟု လျှောက်ထားသော် ထိုမိန်းမတို့သည် သေရည်အဟုန်ကြောင့် ကိုယ်များ တုန်လှုပ်ကြလျက် ကခုန် သီဆိုချင်စိတ် ဖြစ်ပေါ်ကြကုန်၏။ ထိုအခါ မာရ်နတ်က ပူးဝင်လိုက်သဖြင့် မိန်းမတချို့သည် လက်ခုပ်တီး၍ ရယ်ကြပြီး တချို့က က,ခုန်

ရန် အားထုတ်ကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆင်ခြင်၍ "ဤအမှုသည် မာရ်နတ်၏ လက်ရာ"ဟု သိတော်မူပြီး "မာရ်နတ်အား အခွင့်မပေးအံ့"ဟု ထိုမိန်းမတို့ ထိတ်လန့်စေရန် ညိုသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။ ခဏခြင်း မှောင်ကြီးအတိ ဖြစ်သွား၏။ ထိုမိန်းမတို့သည် သေဘေးမှ ကြောက်လန့်ကြသဖြင့် ကိုယ်တွင်းရှိ သေရည်သည် ခန်းခြောက်သွားလေ၏။

မြတ်စွာဘုရားသည် ထိုင်နေရာ ပလ္လင်မှ ကွယ်ပျောက်၍ မြင့်မိုရ်တောင်၌ ရပ်တော်မူလျက် ဖြူသော ရောင်ခြည်တော်ကို လွှတ်တော်မူသော် လမင်း တထောင် တက်လာဘိသကဲ့သို့ ဖြစ်၏။ ထို့နောက် ထိုမိန်းမတို့ကို ခေါ်တော်မူလျက် "သင်တို့သည် မေ့မေ့လျော့လျော့ဖြစ်လျက် ငါဘုရားထံ လာရန် မသင့်။ သင်တို့ မေ့လျော့ခြင်းကြောင့်သာ မာရ်နတ်သည် အခွင့်ရပြီး သင်တို့အား ရယ်ခြင်းစသည်တို့ကို ပြုစေဘိ၏။ ယခု သင်တို့သည် ရာဂ စသော မီးတို့ကို ငြိမ်းစေရန် အားထုတ်သင့်၏"ဟု မိန့်တော်မူပြီး ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၁၄၆။ "အခါခပ်သိမ်း ကိလေသာမီး တောက်လောင်နေသူများ ဖြစ်ပါလျက် အဘယ့်ကြောင့် ပျော်မြူးရယ်ရွှင်ခြင်း ဖြစ်ဘိသနည်း။ အဘယ့်ကြောင့် နှစ်လိုဝမ်းသာခြင်း ဖြစ်ဘိသနည်း။ အဝိဇ္ဇာ အမိုက်မှောင်ကြီးဖြင့် ပိတ်ဆီးနေသူများ ဖြစ်ပါလျက် အဘယ့်ကြောင့် ပညာတည်းဟူသော ဆီမီးကို မရှာဘဲ နေကြကုန်သနည်း။"

ဤတရားကို ကြားနာပြီးသော် ထိုမိန်းမ ငါးရာတို့သည် သောတာပန် ဖြစ်ကြလေ၏။ ထိုအခါ မြတ်စွာဘုရားသည် မြင့်မိုရ်တောင်ထိပ်မှ သက်ဆင်း၍ ဘုရားနေရာ၌ နေတော်မူ၏။

## ၁၁၉။ သိရိမာ ပြည့်တန်ဆာမ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဥ်။

ရာဇဂြိုဟ်ပြည်၌ အလွန်လှပသော 'သိရိမာ'အမည်ရှိ ပြည့်တန်ဆာမသည် နေ့စဥ် မိမိအိမ်၌ ရဟန်းရှစ်ပါးအား အလွန်မွန်မြတ်သည့် ဆွမ်းကို လှူလေ့ရှိ၏။ တနေ့သ၌ ရဟန်းတပါးသည် သိရိမာ၏ ဆွမ်းကို ခံယူသုံးဆောင်ပြီး သုံးယူဇနာဝေးသော ကျောင်းသို့ရောက်၍ သိရိမာ အလွန်လှပကြောင်း၊

လှူသည့်ဆွမ်းလည်း အလွန်မွန်မြတ်ကြောင်း ပြောပြ၏။ ထိုစကားကို ကြားလျှင် ရဟန်းငယ်ဘပါးသည် သိရိမာကို မမြင်ရသေးဘဲလျက် အလွန်ချစ်ခင်တပ်မက်သဖြင့် နောက်တနေ့ သိရိမာအိမ်သို့ ဆွမ်းခံသွား၏။ သိရိမာသည် မနေ့က နာမကျန်းဖြစ်၍ ထိုနေ့၌ ကျွန်မတို့ကို အိမ်သို့ ကြွလာသည့် ရဟန်းရှစ်ပါးအား ဆွမ်းကပ်လှူစေလျက် မိမိကိုလည်း ရဟန်းတော်များအား ကြည်ညိုနိုင်ရန် ပွေ့ချီယူဆောင်စေ၏။ ထိုရဟန်းငယ်သည် သိရိမာကို မြင်လျှင် "မကျန်းမာတုန်းပင် ဤမျှ လှသေး၏"ဟု ကိလေသာ ထောင်းထောင်းထလျက် ကျောင်းသို့ ဆွမ်းယူသွားပြီး မစားဘဲ အိပ်လေ၏။

ထိုနေ့ညမှာပင် သိရိမာသေ၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ထံ သွား၍ "ဇီဝက၏ နှမငယ် သိရိမာ သေရှာပါပြီ"ဟု လျှောက်၏။ မြတ်စွာဘုရားက "သိရိမာ အလောင်းကို သုသာန်သို့ ထုတ်ဆောင်ပြီး ကျီးများ မစားနိုင်အောင် သုံးရက် တိုးလုံး အိပ်ထားစေလော့"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း မိန့်ဆိုတိုင်း ပြုလုပ်စေ၏။ လေးရက်မြောက်နေ့၌ သိရိမာကိုယ်သည် ဖူးဖူးရောင်တာ ကွဲပျက်ပြီး ဒွါရ ကိုးပေါက်မှ ပိုးလောက်များ ယိုထွက်ကုန်၏။ ထိုနေ့၌ပင် မင်းကြီးသည် အခြံအရံနှင့်တကွ သုသာန်သို့ သွား၏။ မြတ်စွာဘုရားလည်း ရဟန်းတို့အား "သိရိမာကို ကြည့်ရှုရန် သွားကြစို့"ဟု မိန့်တော်မူ၏။ ထိုရဟန်းငယ်လည်း သိရိမာ သေကြောင်း မကြားသိသေးသဖြင့် ရဟန်းတပါးထံမှ "ဘုရားရှင်သည်ရဟန်းများနှင့်အတူ သိရိမာကို ကြည့်ရှုရန် ကြွမည့်" အကြောင်းကြားလျှင် ချက်ခြင်းထတွဲပြီး ရဟန်းများနှင့်အတူ လိုက်၏။ သုသာန်၌ သိရိမာအလောင်း၏ ဘေးတဖက်စီ၌ မင်းပရိသတ်နှင့် ဘုရားရှင်ပရိသတ်တို့ အသီးသီး ရပ်နေကြ၏။

ထိုအခါ မြတ်စွာဘုရားက "မင်းကြီး၊ ယခင်က ငွေစာထောင်ပေးမှသာ တညတာ ရနိုင်သည့် သိရိမာကို ယခု တထောင်ပေးပြီးယူကြရန် မြို့ထဲ၌ စည်လည်စေလော့"ဟု မိန့်တော်မူ၏။ စည်လည်၍ တယောက်မျှ ယူသူ မရှိသော် ငွေတဝက်လျှော့ပြီး ယူစေခိုင်းတော်မူ၏။ တဝက်လျှော့ပေး၍လည်း ယူသူမရှိ။ ဤနည်းဖြင့် တဝက်တဝက်လျှော့၍ နောက်ဆုံး တပြားမှ မပေးဘဲ အလကား ယူခိုင်းစေတော်မူသော်လည်း တဦးမျှ ယူချင်သူ မရှိပေ။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ကြည့်ရှုကြစမ်းလော့။ လူအပေါင်းတို့ ချစ်ခင် စုံမက်အပ်သော သိရိမာကို ရှေးက ငွေတထောင်ပေးမှသာ တနေ့သာ ရကြ၏။ ယခုမူ တပြားမှ မပေးဘဲ အလကား ယူလိုသူပင် မရှိပေ။ ရဟန်းတို့၊ ဤသို့သဘောရှိသည့် ရုပ်အဆင်းသည် ကုန်ခြင်း ပျက်ခြင်းသို့

ရောက်ဘိ သေး၏။ အမြဲနာနေသည့် ခန္ဓာကိုယ်ကို ကြည့်ရှုကြလော့”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၄၇။ “အဆန်းတကြယ် ပြုလုပ်ထားသည့် အရုပ်ကလေးနှင့်တူသော၊ အရိုး (သုံးရာ)တို့ဖြင့် စိုက်ထောင်ပြုလုပ်ထားသော၊ လူအပေါင်းတို့ များစွာ စိတ်ကူးယဉ် ကြံစည်အပ်သော၊ အမြဲနာလေ့ရှိပြီး အမာ၀ (ကိုး ပေါက်)ဖြင့် ပြည့်သော ကိုယ်ကောင်ကို ကြည့်ရှုစမ်းလော့။ ယင်း ကိုယ်ကောင်မှာ အမြဲအရှည် တည်ခြင်း မရှိချေတကား။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်သည် သောတာပန် ဖြစ် လေ၏။

## ၁၂၀။ ဥတ္တရာ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အသက် တရာ့နှစ်ဆယ်ရှိသော ဥတ္တရာ ထေရီမသည် တနေ့သ၌ ဆွမ်းခံ ပြီး ပြန်လာသော် ခရီးအကြား၌ ရဟန်းတပါးကို မြင်၍ ဆွမ်းအလှူခံရန် ပန်ကြား၏။ ထိုရဟန်းသည် အလိုက်မသိဘဲ ဆွမ်းအားလုံးကို ခံယူသဖြင့် ထေရီမသည် ထိုနေ့ ဆွမ်းမစားရပေ။ နောက်နှစ်ရက်ဆက် ဤနည်းတူဖြစ်၍ ထေရီမမှာ ဆွမ်းမစားရ ရှာပေ။ လေးရက်မြောက်၌ ထေရီမသည် ဆွမ်းခံ ဝင်သွားစဉ်ကျဉ်းမြောင်းရာအရပ်၌ ဘုရားရှင်ကို ဖူးမြင်ရသော် ရိုသေသဖြင့် နောက်သို့ ဆုတ်ခွာရာ မိမိသင်္ကန်းကို နင်းမိပြီး အားနည်း၍ မထိန်း နိုင်ဘဲဦးခေါင်းပြောင်းပြန် လဲကျသွား၏။ မြတ်စွာဘုရားသည် ထေရီမထံကြွ၍ “နှမ၊ သင်၏ကိုယ်ခန္ဓာသည် ဆွေးမြေ့ အိုမင်း ယိုယွင်းလေပြီ။ မကြာမီ ပျက် စီးရပေလတံ့”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၄၈။ “ဤ ရုပ်ခန္ဓာသည် ဆွေးမြေ့ အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်နေရာ ဖြစ်၏။ ယိုယွင်း ပျက်စီးတတ်၏။ အပုပ်အတိဖြစ်သော ခန္ဓာကိုယ်သည် မကြာမီ ပျက်စီးတတ်၏။ အမှန်စင်စစ် အသက်ရှင် ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။”

ဤတရားကို ကြားနာပြီးသော် ဥတ္တရာထေရီမသည် သောတာပန်ဖြစ် လေ၏။

## ၁၂၁။ အဝိမာနိက ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်း ငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ တောသို့သွားပြီး လုံ့လ ကြိုးကုတ် တရားအားထုတ်သော် ချာန်ကိုရ၍ ကိလေသာများ မဖြစ်ပေါ်သဖြင့် "ငါတို့ ရဟန္တာများ ဖြစ်ကြပြီ"ဟု ထင်မှတ်ပြီး (အဓိမာနိက) မိမိတို့ရရှိသည့် ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ကြားရန် သွားကြ၏။ အပြင်တံခါးမုခ်ဦးသို့ သူတို့ရောက်လာကြသော်မြတ်စွာဘုရားက အာနန္ဒာအား "ထိုရဟန်းတို့ ဝင်လာ၍ ငါဘုရားကို ဖူးမျှော်ခြင်းဖြင့် အကျိုးမရှိသေး။ သုသာန်သို့သွားပြီးမှ ငါဘုရားကို ဖူးမြင်ကြစေ"ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာ သွားပြောသော် ထိုရဟန်းတို့သည် "အရှည်ကို မြင်တော်မူလေ့ ရှိသော သဗ္ဗညုဘုရားသည် အကြောင်း တစုံတရာကို မြင်တော်မူမည် ဖြစ်မည်"ဟု နှလုံးပိုက်လျက် သုသာန်သို့ သွား၍ အကောင်ပုပ်တို့ကို ကြည့်ရှုကြ၏။

သူတို့သည် တစ်ရက် နှစ်ရက်က စွန့်ပစ်ထားသည့် အကောင်ပုပ်တို့၌ 'အရိုးစု'ဟု ထင်မှတ်ခြင်း (အဋ္ဌိကသညာ)ကို ရပြီး ထိုခဏ၌ ပစ်ထားသော လတ်ဆတ်သည့် ကိုယ်တို့၌မူ တပ်နှစ်ခြင်း ရာဂ ဖြစ်ကြသည့် အခါမှ သူတို့၌ ကိလေသာ ရှိသေးကြောင်း သိကြလေ၏။ ဘုရားရှင်သည် ဂန္ဓကုဋီ၌ နေလျက်ပင် ရောင်ခြည်တော်ကို လွှတ်၍ ပျံ့နှံ့စေပြီး ရှေ့၌ တရားဟောနေဘိသကဲ့သို့ ကိုယ်တော် ထင်ရှားပြလျက် "ရဟန်းတို့၊ သင်တို့သည် ဤသို့သော အရိုးစု အပေါင်းကို မြင်ရ၍ ရာဂဖြင့် တပ်နှစ်သက်ခြင်း ဖြစ်ရန် သင့်တော်အံ့လော"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၄၉။ "သာရဒ ရာသီနေပူထဲ၌ ဖရိုဖရဲ စွန့်ပစ်ထားသည့်ဘူးတောင်များကဲ့သို့
ခိုအဆင်းပမာဖြူဖွေးသော အရိုးတို့ကို မြင်ရ၍ အဘယ်မှာမွေ့လျော်
ဘွယ်ရှိနိုင် အံ့နည်း။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြလေ၏။

## ၁၂၂။ ရူပနန္ဒာ ထေရီမ (ဇနပဒကလျာဏီ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'ဇနပဒ ကလျာဏီ'သည် အလွန်အဆင်းလှသဖြင့် 'ရူပနန္ဒာ'ဟု တွင်၏။ သူမသည် တနေ့သ၌ လင်ဖော်မောင် နန္ဒမင်းသား၊ မိထွေးတော် ဂေါတမီ စသည့် ဆွေတော် မျိုးတော်တို့ ရဟန်းပြုသွားကြသည်ကို စဉ်းစားမိ၍ ယင်းတို့ကို အကြောင်းပြုပြီး သဒ္ဓါတရားပါ၍ မဟုတ်ဘဲ ရဟန်းမများကျောင်းသို့ သွား၍ ရဟန်းပြု၏။ သူမသည် "မြတ်စွာဘုရားကား 'ရုပ်စသည် ခန္ဓာငါးသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ'ဟူ၍ ဟောတော်မူသတဲ့"ဟု ကြားရသဖြင့် "ငါ၏ ရုပ်၌လည်း အပြစ်ကိုဟောကြားတော်မူရာ၏"ဟု နှလုံးပြု၍ ဘုရားရှင် ရှေ့မှောက်သို့ မသွားဘဲ နေ၏။တနေ့သ၌ ဘုရားရှင်ထံမှတရားနာပြီး ပြန်လာသည့် ရဟန်းမများထံမှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်သည့် စကားကို ကြားရလျှင် "ငါ့မောင်ကြီး ဘုရားရှင်သည် တနေ့လုံး ငါ့ရုပ်၌ အပြစ်ကို ပြောသော်လည်း ဘယ်လောက် ပြောနိုင်မည်နည်း" ဟု ကြံ၍ တနေ့သ၌ ရဟန်းမနှင့်အတူ လိုက်သွား၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ "ရူပနန္ဒာကား ရုပ်အဆင်း၌ အလေးပြု၏။ ခန္ဓာကိုယ်၌ မြတ်နိုး၏။ ဆူးကို ဆူးဖြင့် ထွင်ဘိ သကဲ့သို့ ရုပ်ကို တပ်မက်သည့် ရူပနန္ဒာအား ရုပ်၌ မာန်မူခြင်း မရှိအောင် ပြုသင့်၏" ဟု ဆင်ခြင်တော်မူပြီး၊ ရူပနန္ဒာ ကျောင်းထဲ ဝင်လာသော အခါ အလွန် အဆင်းလှပသော ဆယ့်ခြောက်နှစ်ရွယ် မိန်းမငယ်တဦး တန်ဆာဆင်လျက် ကိုယ်တော်မြတ်နား၌ ယပ်ခပ်နေဟန်ကို ဖန်ဆင်းတော်မူ၏။ ထိုမိန်းမငယ်ကို ဘုရားရှင်နှင့် ရူပနန္ဒာသာ မြင်ရ၏။ ရူပနန္ဒာသည် ရဟန်းမများအကြား၌နေလျက် ခြေထောက်ဖျားမှ စ၍ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တောက်ပနေ၍ တလံမျှလောက်သော ရောင်ခြည်တော်ဖြင့် ဝန်းရံထားသော၊ ဘုရားရှင်၏ ကိုယ်တော်နှင့် လပြည့်ဝန်း ကဲ့သို့ တင့်တယ်ခြင်း အသရေရှိသော မျက်နှာတော်ကို ကြည့်ရှု ဖူးမြင်သော် အနီး၌ ယပ်ခပ်ပေးနေသည့် မိန်းမငယ်ကို မြင်ရလျှင် မိမိကိုယ်ကို ရွှေဟင်္သာ မင်းရှေ့ရှိ ကျီးမနှင့်တူသည်ကို မှတ်ထင်မိ၏။

ရူပနန္ဒာသည် ထိုမိန်းမငယ်၏ တကိုယ်လုံးကို စေ့စေ့ကြည့်လျက် အလွန် ချစ်မြတ်နိုးခြင်းဖြစ်၏။ ထိုအခါ ဘုရားရှင်သည် ထိုမိန်းမငယ်ကို အသက် နှစ်ဆယ်အရွယ် ဖန်ဆင်းပြသော် ရူပနန္ဒာသည် "ဤရုပ်အဆင်းကား ရှေးနှင့် မတူပါတကား" ဟု တပ်မက်ခြင်း အနည်းငယ် လျော့သွား၏။ နောက် မြတ်စွာဘုရားက ထိုမိန်းမကို တကြိမ် သားဖွားပြီးအရွယ်၊လေးငါးကြိမ် သား ဖွားပြီး အရွယ်၊ အိုမင်းရွတ်တွသော အရွယ်၊ ဆံဖြူသွားကျိုး နံရိုးကိုင်းကိုင်း ကတုန်ကယင်၊ တောင်ဝှေးကိုင်သော အရွယ်ကို အစဉ်အတိုင်း ဖန်ဆင်းပြ တော်မူ၏။ ရူပနန္ဒာလည်း အရွယ်ပြောင်းသွားတိုင်းပင် "ဤအရွယ်အဆင်း လည်း ကွယ်ပျောက်လေပြီတကား"ဟု တစတစ တပ်မက်ခြင်း လျော့လျော့ သွားပြီး နောက်ဆုံး တပ်မက်ခြင်း ကင်းလေ၏။ နောက် မြတ်စွာဘုရားက အနာဖြင့် နှိပ်စက်ခံရ၍ တောင်ဝှေးနှင့် ယပ်ကို စွန့်ပစ်ကာ မြည်တမ်းလဲကျ ပြီး ကျင်ကြီး ကျင်ငယ်ထဲ၌ နစ်လျက် လူးလှိမ့်နေပုံကို ပြတော်မူသော် ရူပနန္ဒာသည် အလွန့်အလွန် တပ်မက်ခြင်း ကင်းသွားလေ၏။

နောက်"ထိုမိန်းမသေသွားပြီး ခဏချင်း ဖူးဖူးရောင်ကာ ဒွါရကိုးပေါက်မှ ပြည်ပုပ် အလုံးလိုက်, ပိုးလောက်တို့ အထွေးလိုက် ယိုထွက်လျက် ကျီးစသည် တို့ ရောက်လာပြီး လုယက် ဆွဲငင်ဟန်"ကို ပြတော်မူ၏။ ထိုအခါ ရူပနန္ဒာ သည် "ဤမိန်းမငယ်ကား ဤနေရာ၌ပင် အိုခြင်း, နာခြင်း, သေခြင်းသို့ ရောက်လတံ့" ဟု ခန္ဓာကိုယ်၌ မမြဲခြင်းသဘော, ဆင်းရဲခြင်းသဘော, အစိုးမရခြင်းသဘောတို့ကို မြင်ရပြီး ကမ္မဋ္ဌာန်းရှုခြင်း သဘောသို့ ရောက်၏။ ထိုအခါ မြတ်စွာဘုရားက 'ခန္ဓာကိုယ် အနှစ်သာရမရှိပုံ' တရားကို ဟောလေ သော် ရူပနန္ဒာသည် သောတာပန်ဖြစ်၏။ ထို့နောက် "နန္ဒာ၊ ဤကိုယ်၌ အနှစ်သာရ အနည်းငယ်မျှ မရှိ။ ဤခန္ဓာကိုယ်သည် အရိုးသုံးရာကို စိုက် ထောင်၍ ပြုထားသည့် အရိုးစုမြို့ကြီးဖြစ်ပေ၏" ဟု မိန့်တော်မူပြီး ဂါထာ ဖြင့် ဤသို့ ဟောတော်မူ၏။

၁၅၀။ "အသားအသွေးတို့ဖြင့် လိမ်းကျံလျက် စိုက်ထောင်ထားသော အရိုး (သုံးရာ)တို့ဖြင့် ခန္ဓာကိုယ် တည်းဟူသော မြို့ကို ပြုလုပ်ထားခြင်း ဖြစ် ၏။ ယင်းအရိုးစုမြို့၌ အိုခြင်း, သေခြင်း, မာန်ထောင်လွှားခြင်း, သူ့ကျေးဇူးကို ချေဖျက်ခြင်းတရား (တည်းဟူသော ကိုယ်အနာ) သည်သာ စုပေါင်းကာ တည်နေလေ၏။"

ဤတရားကို ကြားနာပြီးသော် ရူပနန္ဒာသည် ရဟန္တာ ဖြစ်လေ၏။

## ၁၂၃။ မလ္လိကာ မိဖုရား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မလ္လိကာမိဖုရားသည် တနေ့သ၌ ရေချိုးအိမ်ထဲဝင်၍ မျက်နှာသစ်ပြီး ကိုယ်ကို ကိုင်းညွတ်ကာ ခြေသလုံးကို ရေဆေးနေစဉ် သူမမွေးထားသည့် ခွေးသည် သူမအား မေထုန်မှီဝဲရန် အားထုတ်၏။ မလ္လိကာသည် အတွေ့ကို သာယာလျက် နေ၏။ ပြာသာဒ်ပေါ်ရှိ ကောသလမင်းကြီးသည် ပြူတင်း ပေါက်မှ ထိုအခြင်းအရာကို မြင်ရ၏။ မိဖုရား ပြာသာဒ်ပေါ်တက်လာသော် မင်းကြီးက "ဟဲ့ သူယုတ်မ၊ အဘယ့်ကြောင့် ဤသို့ ယုတ်မာသည့် အမှုကို ပြုဘိသနည်း"ဟု ဆိုလျှင် မိဖုရားက "မဟုတ်ပါ"ဟု ဆို၏။ "ငါကိုယ်တိုင် မြင်ရ၏။ သင့်စကား ငါမယုံ" ဟု ဆိုသော် "မင်းကြီး၊ တစုံတယောက် သည် ဤရေချိုးအိမ်ထဲ ဝင်သော် ဤပြူတင်းပေါက်မှ ကြည့်လျှင် တကောက်တည်းကိုပင် နှစ်ယောက် ထင်တတ်၏။ မယုံလျှင် ဤရေချိုးအိမ်ထဲ ဝင်ကြည့်လော့။ ကျွန်ုပ် ဤပြူတင်းပေါက်မှ ကြည့်ပါအံ့" ဟု လှည့်စား၍ ဆို၏။ မင်းကြီးသည် အသိဉာဏ်နည်းသူဖြစ်၍ ထိုစကားကို ယုံပြီး ရေချိုး အိမ်ထဲ ဝင်လေ၏။

မိဖုရားလည်း ထိုပြူတင်းပေါက်မှကြည့်လျက် "အလွန်မိုက်မဲတဲ့ မင်းကြီး၊ အဘယ့်ကြောင့် ဆိတ်မနှင့်ပေါင်းသင်းဘိသနည်း" ဟု ဆို၏။ "ငါ ဤသို့ မပြုပါ"ဟု ဆိုသော်"ကျွန်ုပ်ကိုယ်တိုင် မြင်ရ၏။ သင့်စကားကို မယုံနိုင်"ဟု ဆို၏။မင်းကြီးသည်"အမှန်ပင် ဤရေချိုးအိမ်ထဲဝင်သော် တယောက်တည်း ပင် နှစ်ယောက်ထင်တတ်၏"ဟု ယုံသွား၏။ ထိုအခါ မိဖုရားသည်"ငါကား မင်းကြီးကို လှည့်စားမိပြီ။ မကောင်းမှုကို ပြုမိချေပြီ။ မင်းကြီးကိုလည်း စွပ်စွဲမိချေပြီ" ဟု နောင်တ ပူပန် အောက်မေ့ရှာ၏။ နောက် သူမသည် သေခါနီးအခါ၌ မင်းကြီးနှင့်အတူ ပြုခဲ့သည့် အသဒိသ အလှူကြီးကိုပင် ဝမ်းမြောက်ဝမ်းသာ မအောက်မေ့နိုင်ရှာဘဲ ထိုမကောင်းမှုကိုသာ အောက်မေ့လျက် စုတေသော် ငရဲ၌ ဖြစ်ရရှာ၏။ မင်းကြီးသည် မိဖုရားကြီး ကို လွန်စွာ ချစ်မြတ်နိုးသဖြင့် အလွန်အမင်း စိုးရိမ်သောကမီးတောက်လောင် ခံစားနေရ၏။

မင်းကြီးသည် မိဖုရား၏ အလောင်းကို သင်္ဂြိုဟ်ပြီးသော် "မိဖုရားကြီး ဖြစ်ရာအရပ်ကို မေးလျှောက်အံ့" ဟု ဘုရားရှင်ထံသွား၏။ ဘုရားရှင်လည်း မင်းကြီးမေးဘို့ သတိမရအောင် ပြုတော်မူ၏။ မင်းကြီးလည်း တရားနာပြီး နန်းတော်ပြန်ရောက်မှ သတိရ၏။ နောက်တနေ့၌ မေးလျှောက်ရန် သွားသော်လည်း ရှေးနည်းတူပင် ဘုရားရှင် တန်ခိုးကြောင့် မေးနေပြန်၏။ ဘုရားရှင်လည်း ခုနစ်ရက်လုံး မင်းကြီး သတိမရအောင် ပြုတော်မူ၏။ မိဖုရားလည်း ငရဲ၌ ခုနစ်ရက်သာ ခံရပြီး ရှစ်ရက်မြောက်၌ စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်၏။ ထိုနေ့၌ပင် မြတ်စွာဘုရားသည် နန်းတော်သို့ ကြွတော်မူ၏။ မင်းကြီးသည် ဘုရားရှင်အား ရထားတင်းကုပ်၌ နေတော်မူစေပြီး ဆွမ်းဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော် မြတ်စွာဘုရားသည် မင်းကြီးက မေးလျှောက်သဖြင့် "မလ္လိကာသည် တုသိတာနတ်ပြည်၌ ဖြစ်၏" ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးက "မလ္လိကာသည် တုသိတာနတ်ပြည်၌ မဖြစ်သော် အခြား ဘယ်မှာဖြစ်နိုင်ပါမည်နည်း ဘုရား။ မလ္လိကာသည် နေ့စဉ်နေ့တိုင်း အခါခပ်သိမ်း မြတ်စွာဘုရားအား နောက်နေ့လှူမည့် လှူဘွယ်ဝတ္ထုကိုသာ ကြံစည်စဉ်းစား၍ စီရင်လေ့ ရှိပါ၏။ မလ္လိကာ စုတေသည်မှ တပည့်တော်၏ ကိုယ်ခန္ဓာသည် ဘာကိုမျှ မလုပ်တတ်တော့ပါ ဘုရား" ဟု လျှောက်ထားရှာ၏။ မြတ်စွာဘုရားက "ဤသေခြင်းသဘောသည် သတ္တဝါအားလုံးအား မြဲသော သဘောဖြစ်၏။ သင်မင်းကြီး၏ အဖ, အဖိုးတို့ အသုံးပြုခဲ့သည့် ယခု စွန့်ပစ်ထားအပ်သော ရထားများကို ကြည့်လော့။ သစ်သားတုံးသည်ပင် ဆွေးမြေ့ခြင်းသို့ ရောက်ရသေး၏။ ဤခန္ဓာကိုယ်ကား အဘယ်မှာ ဆိုဘွယ် ရှိအံ့နည်း။ သူတော်ကောင်းတရား တခုတည်းမှာသာလျှင် အိုမင်းဆွေးမြေ့ ခြင်း မရှိ။ သတ္တဝါတို့မှာကား မအိုမင်း, မဆွေးမြေ့ခြင်းသဘော မရှိပေ" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမဟောတော်မူ၏။

၁၅၁။ "ရတနာတို့ဖြင့် အလွန် ဆန်းကြယ်သော မင်း၏ ရထားတို့သည် ဆွေးမြေ့ကြရကုန်၏။ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် ဆွေးမြေ့ အိုမင်းခြင်းသို့ ရောက်ရပေ၏။ သူတော်ကောင်းတို့၏ တရားတော်ကား ဆွေးမြေ့ခြင်းသို့ မရောက်ပေ။ ဤသို့ သူတော်ကောင်း တို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်း ဟောပြောကြ၏။"

## ၁၂၄။ လာဠုဒါယီ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'လာဠုဒါယီ' မထေရ်သည် မင်္ဂလာပြုကြသူတို့၏အိမ်သို့ ရောက်သွားလျှင် 'မင်္ဂလာတရား ဖော်သာအံ့'ဟု ကြံလျက် 'အမင်္ဂလာ' တရားကို ဟောမိပြီး 'အမင်္ဂလာ'ကိစ္စ ပြုသူတို့ အိမ်သို့ ရောက်သွားလျှင် 'အမင်္ဂလာတရားကို ဟောအံ့'ဟု ကြံလျက် 'မင်္ဂလာ'တရားကို ဟောမိ၏။ သို့သော်လည်း သူသည် "ငါကား မဆီမဆိုင်သော တရားကို ဟောမိချေ၏" ဟု မသိတတ်။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြသဖြင့် မြတ်စွာဘုရားက 'လာဠုဒါယီကဲ့သို့ အကြားအမြင် ဗဟုသုတနည်းသော သူသည် နွားနှင့်တူ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၅၂။ "အကြားအမြင် ဗဟုသုတ နည်းပါးသော ဤယောကျ်ားသည် အချည်းနှီး ကြီးပြင်း၏။ ထိုသူကား အသားတို့သာ တိုးပွားကုန်၏၊ ပညာမူကား မတိုးပွားချေ။"

## ၁၂၅။ ဘုရားရှင်၏ ဥဒါန်း

သဗ္ဗညု မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ နေတော်မူစဉ် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို ဖျက်ဆီး အောင်မြင်တော်မူ၍ ပထမယာမ်တွင် ရှေး၌ နေခဲ့ဘူးသည့် ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာအမှောင်တိုက်ကို ဖောက်ခွဲတော် မူသဖြင့်၎င်း၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု ဉာဏ်တော်ကို သုတ်သင်တော်မူသဖြင့်၎င်း၊ ပစ္ဆိမယာမ်တွင် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကို ချသွင်းသက်ဝင်စေတော်မူသဖြင့်၎င်း ထိုပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ၊ ပဋိလုံအားဖြင့် သုံးသပ်တော်မူလျက် အရုဏ်တက်သော အခါ၌ အရဟတ္တမဂ်ဉာဏ် အရင်းခံသော သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်းသိမြင်တော်မူပြီး ရှေးဘုရားတို့မံစွန့်လွှတ်သည့် ဝမ်းမြောက်သော ဥဒါန်းကို ကျူးရင့်တော် မူခဲ့၏။ နောင်အခါ၌ ရှင်အာနန္ဒာက မေးလျှောက်သဖြင့် ထိုဥဒါန်း နှစ်ဂါထာကို ဤသို့ ပြန်လည် ဟောကြားတော်မူ၏။

၁၅၃။ "အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်းသည် 'အို၊ နာ၊ သေမြဲ'ဆင်းရဲလှသော ကြောင့် ခန္ဓာအိမ်ကိုဆောက်လုပ်သူ 'တဏှာ'တည်းဟူသောလက်သမား ကို ရှာဖွေလာခဲ့သော ငါသည် ဘဝများစွာ သံသရာပတ်လုံး ဉာဏ် မရရှိသေး၍ ကျင်လည်ခဲ့ရလေပြီ။

၁၅၄။ "ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော အို တဏှာလက်သမား၊ ငါသည် သင့်ကို (ဉာဏ်မျက်စိဖြင့်) ယခု မြင်ရပြီ။ ငါ့အတွက် ခန္ဓာအိမ်ကို နောက်တဖန် သင် ဆောက်လုပ်ရတော့မည် မဟုတ်။ (ငါသည်) သင်၏ ကိလေသာတည်းဟူသော အခြင်အားလုံးကို ချိုးဖျက်ပြီးပြီ။ အဝိဇ္ဇာ တည်းဟူသော အိမ်အထွဋ်ကို ဖျက်ဆီးပြီးပြီ။ ငါ၏စိတ်သည် ပြုပြင် စီရင်ခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်လေပြီ။ တဏှာတို့၏ ကုန်ခန်းရာ အရဟတ္တဖိုလ်ကို ငါ ရပေပြီ။"

## ၁၂၆။ မဟာဓန သူဌေးသား

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ နေတော်မူစဉ်။

ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော 'မဟာဓန' သူဌေးကြီး၏ သားသည် ငယ်စဉ်တွင် ပညာမသင်ကြားဘဲ အရွယ်ရောက်သော် အလားတူ ပင် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးတဦး၏ ငယ်စဉ်က ပညာမသင် ခဲ့သော အရွယ်ရောက်သည့် သမီးတဦးနှင့် အိမ်ထောင်ပြု၏။ နောက်အဖို့၌ ထိုသူနှစ်ဦး၏ မိဘများ ကွယ်လွန်ကြသော် ကုဋေ တရာ့ခြောက်ဆယ်သော ဥစ္စာအားလုံးကို သူတို့ ရရှိပြီး သူဌေးကြီး ဖြစ်၏။ တနေ့သ၌ ထိုသူဌေးသား သည် မိမိကို ဖျက်ဆီးရန် အားထုတ်ကြသည့် သေသောက်ကြူးတို့ ထံမှ သေအရက်ကို သောက်မိရာမှ အရက်သမား သေသောက်ကြူးကြီး ဖြစ်၏။ အရက်သမားတို့သည် သူ့ကိုဝိုင်းအုံခြံရံလျက် သူ့ဥစ္စာကို မှီပြီး သောက်စား မူးယစ်ကြ၏။ ထိုသူဌေးသားသည် ငွေတရာ, နှစ်ရာဖြင့် သေရည်ကိုဝယ်ခိုင်း ပြီး ထိုအရက်သမားများနှင့်အတူ သောက်စား၏။

နောက် အစဉ်သဖြင့် သူသည် အနီး၌ ငွေပုံကြီးကို ထား၍ သေရည်ကို သောက်လျက် "ဤငွေဖြင့် ပန်းနံ့သာ စသည်တို့ကို ဝယ်ယူခဲ့လော့။ အဆို ကောင်းသူ, အက ကောင်းသူ, အတီးအမှုတ်ကောင်းသူတို့ အသီးသီးအား လည်း တထောင်တန်သည်, နှစ်ထောင်တန်သည် ပေးလော့"ဟု ဆို၍ အပျော် အပါးတို့ဖြင့်လည်း ငွေဖြုန်းပြန်၏။ ဤသို့ ဥစ္စာကို အရမ်းသုံးဖြုန်းသဖြင့်

မကြာမီပင်ဥစ္စာအားလုံး ကုန်ဆုံးသော် လယ်,အာရာမ်,ဥယျာဉ်,လှည်းစသည်တို့ကိုရင်း၊ နောက်ဆုံး အိုးခွက် စသော ဘဏ္ဍာ, အခင်း, အရုံ,နေရာထိုင်ရာတို့ကိုရင်း ရောင်းချစားရ၏။ နောက် ထိုသူဌေးသား အိုမင်းသော် နေအိမ်ကို ဝယ်ယူသူတို့သည် ထိုသူ လင်မယားကို အိမ်မှနှင်ထုတ်ကြ၏။ သူဌေးသားသည် မယားကို ခေါ်၍ သူတပါး၏ အိမ်နံရံကို အမှီပြုပြီး နေရလျက် ခွက်လက်စွဲကာ တောင်းစားရ၏။ တနေ့သ၌ ထိုသူဌေးသားသည် ဆွမ်းစားစရပ်၌ ရပ်လျက် ရဟန်းငယ် သာမဏေတို့ပေးသည့် စားကြွင်းခံယူနေသည်ကို ဘုရားရှင် မြင်၍ ပြုံးတော်မူ၏။

ရှင်အာနန္ဒာက မေးလျှောက်သော် မြတ်စွာဘုရားက "အာနန္ဒာ၊ ဤဗာရာဏသီမြို့၌ပင် အရက်သောက်ကာ ဥစ္စာဖြုန်းတီးပြီး ယခု လှည့်လည်တောင်းစားနေရသည့် မဟာဓနသူဌေးကြီး၏ သားဖြစ်သော ဤသူကိုကြည့်စမ်းလော့။ ဤသူဌေးသားသည် (၁) ပထမအရွယ်၌ စည်းစိမ်ဥစ္စာကိုထိန်းသိမ်းနိုင်ခဲ့သော် လူ့အဖြစ်၌ နေလျှင် ပထမ သူဌေးကြီးဖြစ်နိုင်၍ ရဟန်းပြုလျှင် ရဟန္တာဖြစ်ရာ၏။ သူ့မယားလည်း အနာဂါမ်ဖြစ်ရာ၏။ (၂) မဇ္ဈိမအရွယ်၌ ထိုသို့ဥစ္စာကိုစောင့်ရှောက်နိုင်ခဲ့သော် လူ့အဖြစ်နေလျှင်ဒုတိယသူဌေးဖြစ်နိုင်၍ ရဟန်းပြုလျှင် အနာဂါမ်ဖြစ်ရာ၏။ သူ့မယားလည်း သကဒါဂါမ်ဖြစ်ရာ၏။ (၃)ပစ္ဆိမအရွယ်၌ ဥစ္စာကို စောင့်ရှောက်နိုင်ခဲ့သော် လူ့အဖြစ်၌နေလျှင်တတိယသူဌေး ဖြစ်နိုင်၍ ရဟန်းပြုလျှင် သကဒါဂါမ်ဖြစ်ရာ၏။ သူ့မယားလည်း သောတာပန် ဖြစ်ရာ၏။ ယခုမူဤသူဌေးသားသည် လူ့စည်းစိမ်မှရင်း၊ မဂ်ဖိုလ်ကျေးဇူးမှရင်း ဆုတ်ယုတ်ခဲ့ခြင်း ဖြစ်ရရှာလေပြီ"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၅၅။ "(လူမိုက်တို့သည်) နုပျိုသောအရွယ်၌မြတ်သောအကျင့်ကို မကျင့်မိခဲ့ဘဲ ဥစ္စာကိုလည်း မရလိုက်သောကြောင့် ငါးများကုန်ခန်းသော ညွန်အိုင်၌အတောင်ယွင်းယိုကြိုးကြာအိုများကဲ့သို့ (ယခု)ကြံမှိုင်နေကြရကုန်၏။

၁၅၆။ "နုပျိုသောအရွယ်၌ မြတ်သောအကျင့်ကို မကျင့်မိခဲ့ဘဲ ဥစ္စာကိုလည်း မရလိုက်သောကြောင့် လေးမှလွတ်ပြီး၍ အရှိန်ကုန်သောမြားတို့ကဲ့သို့ (ရှေးက ခံစားရဘူးသည့်) ရှေးဖြစ်ဟောင်းတို့ကို အောက်မေ့ပြီး ညည်းတွားနေရလျက် သေရရှာကုန်၏။"

[redacted]

## [၁၂] အဋ္ဌဝဂ်

### ၁၂၇။ ဗောဓိမင်းသား

မြတ်စွာဘုရား 'ဘေသကဠ'မည်သော ပဲစင်းခုန်တော၌ နေတော်မူစဉ်။

ဗောဓိမင်းသားသည် မြေအပြင်၌ ဆင်တူမရှိသော ဆန်းကြယ်မှုံးကြွ နေသည့် 'ကောကနုဒ' မည်သော ပြာသာဒ်ကို ဆောက်လုပ်ပြီးသော် ပြာသာဒ်ပူဇော်ခြင်းကို ပြုလုပ်ရန် ဘုရားရှင်ကို ပင့်ဖိတ်၍ ပြာသာဒ်ထဲ၌ နံ့သာ လေးမျိုးတို့ဖြင့် လိမ်းကျံ၏။ နောက် သူသည် သား သမီး မရှိသဖြင့် "ငါသည် သား သမီးကို ရမည်ဖြစ်လျှင် ဘုရားရှင်သည် ဤပုဆိုး အခင်းကို နင်းတော်မူလတံ့"ဟုကြံ၍ တံခါးခုံမှစပြီး ပုဆိုး အခင်းကို ဖြန့်ခင်းထား၏။ သူသည် ကြွလာသော ဘုရားရှင်အား ပြာသာဒ်ထဲသို့ ဝင်ရန် သုံးကြိမ်တိုင် တောင်းပန် လျှောက်ကြားသော်လည်း မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို ကြည့်ရှုကာ မဝင်ဘဲ ရပ်နေတော်မူ၏။ ရှင်အာနန္ဒာသည် ဘုရားရှင် အခင်းပေါ် နင်းတော်မမူလိုသည်ကိုသိ၍ ဗောဓိမင်းသားအား အခင်းပုဆိုးများကို ရုပ်သိမ်းစေ၏။ ထိုအခါတွင်မှ မြတ်စွာဘုရားသည် ပြာသာဒ်ထဲသို့ ဝင်တော်မူ၏။

ဗောဓိမင်းသားသည် မြတ်စွာဘုရားအား ဆွမ်း, ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးနောက် အခင်း ပုဆိုးများအပေါ် နင်းတော်မမူသည့် အကြောင်းကို လျှောက်ထား၏။ မြတ်စွာဘုရားက "သင်သည် ဤသို့သော အကြံဖြင့် ပုဆိုးများကို ခင်းထားသည် မဟုတ်လော။ သင်သည် သား သမီးကို ရနိုင်မည် မဟုတ်သဖြင့် ငါဘုရား နင်းတော်မမူ"ဟုမိန့်တော်မူ၏။ "အဘယ့်ကြောင့် ပါနည်း"ဟု မေးလျှောက်သော် မြတ်စွာဘုရားက "ရှေးအခါက သင်တို့လင် မယားသည် သမုဒ္ဒရာထဲ၌ လှေပျက်၍ ပျဉ်ချပ်တခုကို စီးပြီး

ကျွန်းတကျွန်းသို့ ရောက်သွားခဲ့၏။ သင်တို့သည် စားစရာမတွေ့။ ဆာလောင်ကြသဖြင့် ငှက်ဥတို့ကိုဖုတ်ကင်စားကြ၏။ နောက် ငှက်ငယ်တို့ကိုဖမ်းယူစားကြ၏။ နောက် ပထမ အရွယ်ရှိ ငှက်များ, နောက် ဒုတိယ အရွယ်ရှိ ငှက်များ, နောက် ပစ္ဆိမ အရွယ်ရှိ ငှက်များကို စားကြ၏။ ထိုသို့စားစဉ်တခုသော အရွယ်၌လည်း သင်တို့နှစ်ဦးအနက် တဦးမျှ သတိမရခဲ့ပေ။ အကယ်၍ အရွယ်တခုခု၌ သတိရခဲ့ပါမူ ထိုအရွယ်၌ပင် သားသမီးကို ရလေရာ၏" ဟုမိန့်တော်မူ၏။ တဦးမျှ သတိမရခဲ့ပေ။ အကယ်၍ အရွယ်တခုခု၌ သတိရခဲ့ပါမူ ထိုအရွယ်၌ပင် သားသမီးကို ရလေရာ၏"ဟု မိန့်တော်မူ၏။

ထိုနောက် "မင်းသား၊ မိမိကိုယ်ကို ချစ်မြတ်နိုးသောသူသည် အရွယ်သုံးပါးလုံး၌ပင် မမေ့မလျော့ခြင်း သတိတရားဖြင့် မိမိကိုယ်ကို စောင့်ရှောက်အပ်၏။ အရွယ်သုံးပါးလုံး၌ မစောင့်ရှောက်နိုင်လျှင် အရွယ်တခုခု၌ပင် စောင့်ရှောက်အပ်သည် သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၁၅၇။ "မိမိကိုယ်ကို ချစ်မြတ်နိုးအပ်၏ဟု သိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာကျအောင် (အရွယ်သုံးပါး၌) မမေ့မလျော့ စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ (မိမိကိုယ်ကို) ကြိုးစားသုတ်သင်ရာ၏။"

ဤတရားကို ကြားနာပြီးသော် ဗောဓိမင်းသားသည် သောတာပန် ဖြစ်လေ၏။

## ၁၂၈။ ဥပနန္ဒ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တရားဟောကောင်းသော 'ဥပနန္ဒ' မထေရ်သည် အလိုနည်းခြင်းစသည်နှင့် စပ်သော တရားကို ဟောကြားသော် ရဟန်းများစွာတို့သည် သူ့အား သင်္ကန်းတို့ဖြင့် ပူဇော်ပြီး ဓုတင်တို့ကို ဆောက်တည်ကြ၏။ ထိုရဟန်းများစွန့်ပယ်သော ပရိက္ခရာတို့ကို ရှင်ဥပနန္ဒသည်ပင် သိမ်းယူ၏။ အခါတပါး၌ ဝါတွင်းကာလ နီးကပ်သော် ရှင်ဥပနန္ဒသည် ဇနပုဒ်သို့ သွား၏။ ကျောင်းတကျောင်းသို့ ရောက်သော် ထိုကျောင်းနေ ရဟန်းငယ်နှင့် သာမဏေတို့က

သူ့ကို 'တရားဟော ပုဂ္ဂိုလ်'ဟု ချစ်မြတ်နိုးသဖြင့် "ဤကျောင်း၌ ဝါကပ်တော်မူပါ"ဟု လျှောက်ထားကြ၏။ ဥပနန္ဒက"ဤကျောင်း၌ ဝါဆိုသင်္ကန်း ဘယ်လောက်ရသနည်း"ဟု မေး၍ "တပါးတထည် ရပါ၏"ဟု လျှောက်သော် ဥပနန္ဒသည် ထိုကျောင်း၌ ဘိနပ်ကို ထားခဲ့၍ တခြားကျောင်းသို့ သွားပြန်၏။ ထိုကျောင်း၌"တပါး နှစ်ထည်ရပါ၏"ဟု ဆိုကြသော် သူသည် တောင်ဝှေးကို ထားခဲ့ပြီး နောက်တကျောင်းသို့သွားပြန်၏။ ထိုကျောင်း၌ "တပါး သုံးထည်ရပါ၏" ဟုဆိုကြသော် ထိုကျောင်း၌ ရေဗူးကို ထားခဲ့ပြီး နောက်တကျောင်းသို့ သွားပြန်၏။

ထိုကျောင်း၌ "လေးထည် ရပါ၏"ဟု ဆိုသော် ဥပနန္ဒက "ငါ ဤကျောင်း၌ နေတော့အံ့"ဟု ဆို၍ ဝါကပ်ပြီး ရဟန်းရှင် လူတို့အား တရားဟောလေသော် အဝတ်, အထည်, သင်္ကန်းများစွာ ရရှိ၏။ ဝါကျွတ်သော် သူသည် သူ့ပစ္စည်းထားခဲ့သည့် ကျောင်းများသို့လည်း "ငါသည် ပရိက္ခရာကို ထားခဲ့သဖြင့် ဝါဆိုသင်္ကန်းကို ရထိုက်၏။ သင်တို့ပို့လာလော့"ဟု စကားပို့လိုက်၏။ ထိုကျောင်းများမှ ပို့လာသည့် ဝါဆို သင်္ကန်းများနှင့်တကွ သင်္ကန်း အဝတ် အထည် မြောက်မြားစွာကို လှည်းပေါ် အပြည့်တင်၍ ထွက်ခွာသွား၏။ ခရီးအကြား၌ 'အဝတ်နှစ်ထည်နှင့် ကမ္ဗလာ တထည် ရ၍ အဝေမတွဲကြသော ရဟန်းငယ်နှစ်ပါးကို တွေ့မြင်သော် ထိုရဟန်းငယ်တို့က အဝေခိုင်းသဖြင့် ဥပနန္ဒက ထိုရဟန်းငယ်နှစ်ပါးအား တပါး တထည်စီပေးပြီး"ဤကမ္ဗလာကား တရားဆုံးဖြတ်သူ သုံးဆောင်ထိုက်၏"ဟု ဆိုပြီး အဖိုးများစွာထိုက်သည့် ကမ္ဗလာကို ယူကာ ဖဲ့သွား၏။

ထိုရဟန်းငယ်နှစ်ပါးသည် နှလုံး မသာမယာဖြင့် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ သူ တပါးကို ဆုံးမသော သူမည်သည် ရှေးဦးစွာ မိမိကိုယ်ကို ဆုံးမပြီး ကျင့်ဆောင်ရာ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၅၈။ "မိမိကိုယ်ကိုသာ ရှေးဦးစွာ သင့်လျော်သောအကျင့်၌ တည်စေရာ၏။
ထိုနောက်မှ သူတပါးကို ဆုံးမရာ၏။ ပညာရှိသည် (သူတပါးတို့၏
ကဲ့ရဲ့ခြင်းတို့ဖြင့်)မညစ်နွမ်းစေရာ။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်နှစ်ပါးသည် သောတာပန် ဖြစ်ကြလေ၏။

## ၁၂၉။ ပဓာနိက တိဿ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'ပဓာနိကတိဿ'မထေရ်သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူပြီး ရဟန်းငါးရာတို့ကိုခေါ်လျက် တောသို့ဝါကပ်လေသော် "သင်တို့သည်မမေ့မလျော့ ရဟန်းတရားကို အားထုတ်ကြလော့"ဟု ဆုံးမပြီးမိမိမူကား သွား၍ တုံးလုံးလှဲကာ အိပ်၏။ ထိုရဟန်းတို့သည် ပဌမယာမ်၌ စင်္ကြံသွားပြီး မဇ္ဈိမယာမ်၌ ကျောင်းသို့ သွား၍ ဝင်ကြ၏။ ထိုအခါ တိဿမထေရ်သည် နိုးလာ၍ ထိုရဟန်းများထံ သွားပြီး "သင်တို့တုံးလုံးလှဲကာ အိပ်စက်ရန် လာကြသလော။အမြန်ထွက်၍ တရားအားထုတ်ကြလော့"ဟုပြောဆိုပြီး မိမိနေရာသို့ သွား၍ အိပ်ပြန်၏။ တပါးသော ရဟန်းတို့သည် မဇ္ဈိမယာမ်တွင် ကျောင်းအပြင်၌ စင်္ကြံသွားပြီး ပစ္ဆိမယာမ်၌ ကျောင်းထဲ ဝင်ကြ၏။ တိဿမထေရ်လည်း တဖန်နိုးလာ၍ သွားပြီး ရဟန်းတို့ကို ကျောင်းမှ နှင်ထုတ်၍ မိမိနေရာသို့ တဖန်ပြန်သွားကာ တဖန်အိပ်၏။

ထိုမထေရ်သည် အခါခပ်သိမ်း ဤသို့ ပြုလေသော် ရဟန်းတို့သည် ငိုက်မျဉ်းကြသဖြင့် သရဇ္ဈာယ်ခြင်းကိုဂင်း၊ ကမ္မဋ္ဌာန်းကိုဂင်း နှလုံးမသွင်းနိုင်ကြကုန်။ စိတ်တည်ငြိမ်မှုကိုလည်း မရကုန်။ ထိုရဟန်းတို့သည် "ငါတို့ဆရာကား အလွန်ပင် လုံ့လရှိပေ၏။ စုံစမ်းကြအံ့"ဟု စုံစမ်းကြသော် ထိုဆရာ၏ အမူအရာကို မြင်လျှင် "ငါတို့ ပျက်စီးကြပြီ။ ငါတို့ဆရာသည် အချည်းနှီးသာ မြည်တွန်ဘိ၏"ဟု ဆိုကြ၏။ သူတို့သည် ငိုက်မြဉ်းခြင်းဖြင့် ပင်ပန်းကြရကား တပါးမျှ တရားထူးကိုမရပေ။ ဝါကျွတ်သော် သူတို့သည် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ထားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ သူတပါးကို ဆုံးမလိုသော သူမည်သည် ရှေးဦးစွာ မိမိကို ကောင်းစွာဆုံးမ ယဉ်ကျေးအောင် ဆုံးမရာ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၅၉။ "သူတပါးကို ဆုံးမသည့် နည်းအတိုင်း မိမိကိုယ်တိုင် ပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ (သူတပါးကို) ဆုံးမရာ၏။ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရန် ခဲယဉ်းလှဘိတကား။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ရဟန္တာ ဖြစ်ကြလေ၏။

## ၁၃၀။ ကုမာရကဿပ၏ မိခင်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးတဦးသည် လင်ကိုပန်ကြား၍ ရဟန်းပြုရာ မသိသဖြင့် ဒေဝဒတ်၏ အသင်းအပင်းဖြစ်သော ရဟန်းမတို့ ထံ၌ ရဟန်းပြုမိ၏။ ထိုရဟန်းမသည်လူ့ဝဘုက ကိုယ်ဝန်ပါလာသည်ကိုမသိခဲ့ပေ။ ကိုယ်ဝန်ပေါ်လာသော် သူမကို ရဟန်းမတို့က ဒေဝဒတ်ထံ ခေါ်သွားကြ၏။ ဒေဝဒတ်က "ဤရဟန်းမကို လူထွက်စေရမည်"ဟု ဆို၏။ ထိုရဟန်းမက "တပည့်တော်မသည် ရှင်ဒေဝဒတ်ကို ရည်မှန်းပြီး ရဟန်းပြုသည် မဟုတ်ပါ။ တပည့်တော်မကို ဇေတဝန်ကျောင်း ဘုရားရှင်ထံသို့ ပို့ဆောင်ကြပါ" ဟု ဆိုသဖြင့် သူမကို ဘုရားရှင်ထံ ပို့ဆောင်ပေးကြ၏။ မြတ်စွာဘုရားသည် "ဤကိုယ်ဝန်ကား လူဖြစ်စဉ်က ပါလာခဲ့၏"ဟု သိသော်လည်း သူတပါးတို့ ကဲ့ရဲ့ခြင်းမှ လွတ်စေရန် ကောသလမင်းကြီး, အနာထပိဏ်သူဌေး, ဝိသာခါဒါယိကာမကြီး စသည်တို့ကို ခေါ်စေပြီး ဥပါလိမထေရ်အား "ဤအမှုကို ပရိသတ်အလယ်၌ ရှင်းလင်းချေလော့"ဟု စေလွှတ်တော်မူ၏။

မထေရ်သည် ကောသလမင်းကြီးရှေ့သို့ ဝိသာခါကို ခေါ်စေပြီး ထိုရဟန်းမ၏ ကိုယ်ဝန်ကာလကို တွက်ချက် ဆုံးဖြတ်ခိုင်း၏။ ဝိသာခါသည် ကန့်လန့်ကာ အတွင်း၌ ထိုရဟန်းမကို ခေါ်ပြီး ကိုယ်ဝန်ကို စမ်းသပ်၍ ရဟန်းပြုသည့်ရက်နှင့် စိစစ်တွက်ချက်သော် "ဤရဟန်းမငယ်သည် လူဖြစ်စဉ်က ကိုယ်ဝန်ရ၏"ဟု ဆုံးဖြတ်လျှောက်ကြားသဖြင့် ဥပါလိက ပရိသတ်အလယ်၌ ထိုရဟန်းမငယ် သီလစင်ကြယ်ကြောင်း ဆုံးဖြတ်လေ၏။ နောက် ထိုရဟန်းမငယ်သည် ဘုန်းအာနုဘော် ကြီးမားသည့် သားကို ဖွားမြင်၏။ ထိုသားကို မင်းကြီးက မွေးစားပြီး 'ကုမာရကဿပ'ဟု အမည်ပေး၏။ ထိုသားသည် ခုနစ်နှစ် အရွယ်ရောက်သော် မိမိ၏ အမိရင်းမှာ ရဟန်းမဖြစ်ကြောင်း သိလျှင် ဘုရားရှင်ထံ၌ သာမဏေပြု၏။ သူသည် ပဥ္စင်းဖြစ်သော် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ဝင်ပြီး ဇွဲလုံ့လဖြင့် တရားအားထုတ်လျှင် မကြာမီ ရဟန္တာ ဖြစ်၏။ သူသည် တော၌ပင် ဆဲ့နှစ်နှစ်လုံး နေ၏။

မိခင်ထေရီမသည် ဆဲ့နှစ်နှစ်လုံး သားနှင့် ကွေကွင်းရ၍ စိတ်ဆင်းရဲနေရှာ၏။ တနေ့သ၌ သူမသည် သားမထေရ်ကိုမြင်၍ လိုက်ဆွဲသော် သားက မိခင်၏ 'အကျိုးတရား'ကို ရှေ့ရှုပြီး ခက်ထန်စွာ ပြောလိုက်၏။ မိခင်သည် ထိုစကားကိုကြားရသဖြင့် သား၌ ချစ်ခင်မှုကို ဖြတ်လိုက်လျှင်ပင် ရဟန္တာဖြစ်၏။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသည့် ဘုရားရှင်အား "ဒေဝဒတ်သည် ဤကဲ့သို့ ပါရမီရှင်များ ဖြစ်ကြသော သားအမိ နှစ်ဦးကို ဖျက်ဆီးဘိ၏။ ဘုရားရှင်ကား ထိုသူနှစ်ဦး၏ ကိုးကွယ်ရာ ဖြစ်တော်မူ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ယခုသာမဟုတ်၊ ရှေးဘဝ သမင်ဖြစ်စဉ်ကလည်း ငါသမင် မင်းသည် ထိုသားအမိ သမင်နှစ်ဦး၏ ကိုးကွယ်ရာ ဖြစ်ခဲ့ဘူး၏" မိန့်တော်မူ၏။

နောက် အမိထေရီမသည် သား၌ချစ်ခြင်းကို ဖြတ်သဖြင့် ရဟန္တာဖြစ်ရကြောင်းကို ထင်စွာပြတော်မူလျက် "ရဟန်းတို့၊ မိမိ၌ တည်ရှိပြည့်စုံသော နတ်ပြည်လားခြင်း, မဂ်ဖိုလ်ရခြင်းတို့သည် သူတပါးအတွက် မဖြစ်နိုင်။ ထို့ကြောင့် မိမိသည်သာ မိမိ၏ ကိုးကွယ်ရာဖြစ်၏။ မိမိအတွက် သူတပါးက ဘာမျှ လုပ်မပေးနိုင်"ဟုမိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၀။ "မိမိသည်သာ မိမိ၏ ကိုးကွယ်မှီခိုရာဖြစ်၏။ မိမိမှတပါး အဘယ်သူသည် မိမိ၏ ကိုးကွယ်မှီခိုရာ ဖြစ်နိုင်အံ့နည်း။ မိမိသည်သာ (မိမိကိုယ်ကို) ယဉ်ကျေးအောင် ဆုံးမသဖြင့် ရခဲရောက်ခဲသည့် 'အရဟတ္တဖိုလ်' တည်းဟူသော မှီခိုရာကို ရနိုင်၏။"

## ၁၃၁။ မဟာကာလ ဥပါသကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'မဟာကာလ'မည်သော ဥပါသကာသည် ဥပုသ်နေ့တနေ့၌ ဥပုသ်သုံး၍ ကျောင်းတော်သို့သွားပြီး တညလုံး တရားကို နာကြားနေ၏။ ထိုည၌ ခိုးသူတို့သည် အိမ်တအိမ်ကို ဖောက်၍ ဥစ္စာထုပ်များကိုယူသော် အိမ်ရှင်များနိုး၍ ထွက်လိုက်ကြသဖြင့် ဖရိုဖရဲ ထွက်ပြေးကြ၏။ ခိုးသူ တဦးသည် ကျောင်းတော်သို့သွားသည့် လမ်းအတိုင်း ပြေးလျက် နံနက်စောစော တရားနာပြီးပြန်လာကာ ရေကန်ဓာမ်းနား၌ မျက်နှာသစ်နေသည့် ထိုဥပါသကာ

ရှေ့၌ ဥစ္စာထုပ်ကို ထားခဲ့ပြီး ထွက်ပြေး၏။ ဥစ္စာရှင်တို့ ရောက်လာကြပြီး ထိုဥပါသကာကို "သင်တား ဥစ္စာထုပ်ကို ခိုးယူလာပြီးမှ တရားနာ လာသူ အလား သွားလာဘိ၏"ဟုဆိုလျက် ထောင်းထု ရိုက်သတ်ကာ စွန့်ပစ်ထား ခဲ့ကြ၏။ နံနက်စောစော ထိုရေကန်သို့ ရေသွားခပ်ကြသည့် ရဟန်းငယ် နှင့် သာမဏေတို့ အလောင်းကို မြင်ကြရလျှင် ဘုရားရှင်ထံသွား၍ "ကျောင်း တော်၌ တညလုံး တရားနာပြီး ပြန်သွားသော ဒါယကာသည် မလျောက် ပတ်သည့် သေခြင်းကို ရရှာဘိ၏"ဟု လျှောက်ကြားကြ၏။

ထိုအခါ မြတ်စွာဘုရားက "ကာလမည်သော ဒါယကာသည် ဤဘဝ၌ ပြုသော ကောင်းမှုကံနှင့် မလျောက်ပတ်သည့် သေခြင်းကို ရသည်ကားမှန် ၏။ သို့ရာတွင် ရှေးဘဝက သူပြုခဲ့သည့် မကောင်းမှု ကံနှင့်သော်ကား လျောက်ပတ်သည့် သေခြင်းကိုသာ ရအပ်ပေ၏။ ရှေးဘဝ၌ သူသည် တော အုပ်ဝ၌ အမှုထမ်းရသော မင်းမှုထမ်း ဖြစ်စဉ်က သူတပါး မယားကို ချစ် ကြိုက်သဖြင့် လင်ကို ရိုက်နှက်သတ်ခြင်း မကောင်းမှုကံကို ပြုခဲ့၏"ဟု မိန့် တော်မူ၏။ ထို့နောက် "ရဟန်းတို့၊ ဤသို့လျှင် ဤသတ္တဝါတို့ကို မိမိပြု သော မကောင်းမှု ကံကသာလျှင် အပါယ်လေးပါးသို့ ကျရောက်စေလျက် နှိပ်စက်ဖျက်ဆီးဘိ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော် မူ၏။

၁၆၁။ "ကျောက်မှဖြစ်သော စိန်သည် မိမိဖြစ်ရာ ထိုကျောက်ကိုပင် ထွင်း ဖောက် ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော, မိမိမှဖြစ်သော, မိမိကြောင့် ဖြစ်သော မကောင်းမှုကံသည် မိမိဖြစ်ရာ ပညာမဲ့သော လူမိုက်ကို နှိပ်စက်ဖျက်ဆီး၏။"

## ၁၃၂။ ဒေဝဒတ် ရဟန်း

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသည့် ဘုရားရှင်အား "သီလမရှိသည့် ဒေဝဒတ်သည် တဏှာလောဘကြောင့် အဇာတသတ် မင်း အား မိမိကိုယ်ကို ကြည်ညိုအောင်လုပ်၍ လာဘ်ပူဇော်သက္ကာ များစွာကို ဖြစ်စေလျက် ဖခင် ဗိမ္ဗိသာရ မင်းကြီးကို သတ်ခိုင်းဘိ၏။ ကိုယ်တိုင်လည်း

ဘုရားရှင်ကိုသတ်ရန် အမျိုးမျိုး ကြိုးစားဘိ၏”ဟု လျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့၊ ယခုသာ မဟုတ်သေး။ ရှေးကလည်း ဒေဝဒတ်သည် ငါ့အားသတ်ရန် အမျိုးမျိုး အားထုတ်ခဲ့ဘူး၏” မိန့်တော်မူ၍ ‘ကုရုင်္ဂမိဂဇာတ်’ စသည်တို့ကို ဟောကြားတော်မူ၏။ ထို့နောက် “ရဟန်းတို့၊ သီလမရှိသော ပုဂ္ဂိုလ်ကို ထိုသူ၌ စွဲကပ်တည်ရှိသော မကောင်းမှုကံ အမျိုးမျိုးကို ကျူးလွန်စေသည့် တဏှာကပင် ငရဲစသည် အပါယ်လေးဘုံသို့ ပစ်ချဘိ၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၂။ “မာလောနွယ်သည် မိမိမှီရာ အင်ကြင်းပင်ကြီးကို လွှမ်းမိုးရစ်ပတ် ဖျက်ဆီးသကဲ့သို့ သီလမရှိခြင်း တည်းဟူသော အစဉ်မပြတ် စွဲကပ်တည်ရှိသည့် တဏှာသည် ထိုပုဂ္ဂိုလ်ကို လွှမ်းမိုးရစ်ပတ် ဖျက်ဆီး၏။ ရန်သူက အလိုရှိသလို ပြုသည့်အတိုင်းပင် ထိုတဏှာ လွှမ်းမိုးခံရသောသူသည် မိမိကိုယ်ကိုပင် ပျက်စီးအောင် ပြုလုပ်၏။”

## ၁၃၃။ ဒေဝဒတ် သံဃာသင်းခွဲခြင်း

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ သံဃာသင်းခွဲခြင်းကို ပြုတော့မည့် ရှင်ဒေဝဒတ်သည် ဆွမ်းခံလှည့်လည်နေသော ရှင်အာနန္ဒာ မထေရ်ကို မြင်လျှင် သွား၍ “ငါ့ရှင်အာနန္ဒာ၊ ယနေ့မှစပြီး ငါသည် မြတ်စွာဘုရားနှင့် သူ့နောက်လိုက် ရဟန်းအပေါင်းကို ကြဉ်၍ ဥပုသ်ကံ၊ သံဃာ့ကံကို သီးခြားပြုတော့အံ့”ဟုအလိုလိုက်ပြောဆို၏။ ရှင်အာနန္ဒာသည် ဘုရားရှင်ထံသွား၍ ထိုဒေဝဒတ်စကားနှင့်တကွ “ရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲပါလိမ့်မည်ဘုရား”ဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားသည် “သူတော်ကောင်းသည် ကောင်းမှုကို ပြုလွယ်၍ မကောင်းမှုကို ပြုခဲ၏။ သူယုတ်မာသည် မကောင်းမှုကို ပြုလွယ်၍ ကောင်းမှုကို ပြုခဲ၏”ဟု ဥဒါန်း ကျူးရင့်တော်မူ၏။ ထို့နောက် “အာနန္ဒာ၊ မိမိအတွက် အကျိုးမရှိသော အမှုကို ပြုရန် လွယ်ကူ၏။ အကျိုးရှိသော အမှုကိုကား ပြုလုပ်ရန် ခဲယဉ်း၏” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၃။ “အပြစ်မကင်း၊ မကောင်းသော၊မိမိအတွက် အကျိုးလည်း မရှိသော အမှုတို့ကို ပြုလုပ်ရန် လွယ်ကူ၏။ အပြစ်ကင်း၍ ကောင်းသော၊ အကျိုးလည်း ရှိသော အမှုကိုမူ ပြုလုပ်ရန် အလွန်ခဲယဉ်းလှ၏။”

## ၁၃၄။ ကာလ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ဒါယိကာမကြီးတဦးသည် 'ကာလ' မထေရ်ကို သားကဲ့သို့ လုပ်ကျွေး၏။ တနေ့သ၌ သူမသည် အိမ်နီးချင်းတို့ထံမှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ကြားရသဖြင့် ဘုရားရှင်ထံ သွား၍ တရားနာလိုကြောင်း ပန်ကြားရာ ကာလမထေရ်က မိမိကို အကြည်ညို နည်းသွားမည်ကို စိုးရိမ်သောကြောင့် "ဘုရားရှင်ထံ မသွားနှင့်" ဟု တားမြစ်၏။ ဤသို့ သုံးကြိမ်တိုင် ပန်ကြားသည်ကို ထိုမထေရ်က တားမြစ်သဖြင့် သူမသည်တနေ့သ၌ နံနက်စောစော သမီးအား မထေရ်ကို လုပ်ကျွေး ပြုစုရန် မှာကြားပြီး ဘုရားရှင်ထံ သွား၍ တရားနာ၏။ ကာလမထေရ်သည် အိမ်သို့ ဆွမ်းလာစားသော် ထိုအကြောင်းကို ကြားသဖြင့် "ယခု ဒါယိကာမကြီးသည် ငါ့အပေါ် သဒ္ဓါတရား ပျက်ချေပြီ" ဟု လျင်စွာသွားပြီး တရားနာနေသည့် ဒါယိကာမကြီးကို မြင်လျှင် ဘုရားရှင်အား "ဤမိန်းမသည် ဉာဏ်ထိုင်းလှပြီး သိမ်မွေ့သော တရားကို မသိနိုင်သဖြင့် ဒါန, သီလကြောင်းတို့ကိုသာ ဟောတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထိုရဟန်း၏ ယုတ်မာသော စိတ်အလိုကို သိတော်မူသဖြင့် "ရဟန်း၊ သင်သည် ပညာ မရှိသဖြင့် ယုတ်မာသော အယူကိုမှီလျက် ဘုရားရှင်တို့၏ အဆုံးအမကို တားမြစ်ဘိ၏။ မိမိကိုယ်ကို သတ်ရန်သာ အားထုတ်ဘိ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၄။ "ပညာမဲ့သူသည် ယုတ်မာသော မိစ္ဆာအယူကို အမှီပြု၍ ပူဇော်အထူးကိုခံထိုက်ကုန်သော၊ တရားသဖြင့် အသက်မွေးကုန်သော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမကို တားမြစ်၏။ ဝါးသီးတို့သည် ဝါးပင်ကို သတ်ရန်သာ သီးကြသကဲ့သို့ ထိုသူ၏ မိစ္ဆာအယူသည် မိမိကိုယ်ကို သတ်ရန်သာဖြစ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုဒါယိကာမကြီးသည် သောတာပန် ဖြစ်လေ၏။

## ၁၃၅။ စူဠကာလ ဥပါသကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မဟာကာလ ဝတ္ထု(၁၃၁)အတိုင်း။ ။အခိုးခံရသော ဥစ္စာရှင်တို့သည် တညလုံး ကျောင်းတော်၌ တရားနာပြီး နံနက်စောစော ပြန်လာသော 'စူဠကာလ ဥပါသကာ' ရှေ့၌ ဥစ္စာထုပ်ကို တွေ့မြင်ရ၍ သူ့ကို ရိုက်နှက်ကြ၏။ ထိုအခါ ရေခပ်လာသော ကျွန်မတို့က တွေ့မြင်လျှင် "ဤသူသည် ဤအမှုမျိုးကို မလုပ်တတ်ပါ" ဟု ပြောဆို၍စူဠကာလကို လွှတ်စေကုန်၏။ စူဠကာလက ထိုအကြောင်းကို လာရောက်လျှောက်ထားသဖြင့် မြတ်စွာဘုရားက "သင်သည် ထိုကျွန်မများကြောင့်ရင်း၊ မိမိ မခိုးခြင်းကြောင့်ရင်း အသက်ချမ်းသာရာ ရပေ၏။ ဤသတ္တဝါတို့သည် မကောင်းမှုကံကို ပြုကြသဖြင့် ငရဲ စသည်တို့သို့ ကျရောက်ကုန်၏။ ကုသိုလ်ကိုပြု၍လည်း နတ်ပြည်၊ နိဗ္ဗာန်သို့ ရောက်ရကုန်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၅။ "မကောင်းမှုကို မိမိ ပြုခဲ့လျှင် မိမိသည်ပင် (မကောင်းကျိုးဖြင့်) ညစ်နွမ်းရ၏။ မကောင်းမှုကို မိမိ မပြုခဲ့လျှင် မိမိသည်ပင် (ကောင်းကျိုးဖြင့်) စင်ကြယ်၏။ စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာ ဖြစ်၏။ သူတဦးသည် အခြားသော သူကို မညစ်နွမ်းရအောင် မသုတ်သင်နိုင်။"

ဤတရားကို ကြားနာပြီးသော် စူဠကာလသည် သောတာပန် ဖြစ်လေ၏။

## ၁၃၆။ အတ္တဒတ္ထ မထေရ်

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူစဉ်။

"ရဟန်းတို့၊ ငါသည် နောက် လေးလ ကြာလျှင် ပရိနိဗ္ဗာန်စံတော်မူအံ့" ဟု မြတ်စွာဘုရားက မိန့်တော်မူသော် ပုထုဇဉ် ရဟန်းတို့သည် ထိပ်လန့်

ကုန်လျက် ဘုရားရှင်ထံမှ မခွာဘဲ "ငါတို့ ဘယ်သို့ ပြုရပါကုန်အံ့နည်း"ဟု တိုင်ပင် ပြောဆိုကာ လှည့်လည်ကုန်၏။ အတ္တဒတ္ထ မထေရ်ကား "ငါသည် ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ပင် ရဟန္တာဖြစ်အောင် အားထုတ်အံ့"ဟု ကြံ၍ တပါးတည်း သီးခြားနေကာ တရားအားထုတ်၏။ သူ့ကို တခြား ရဟန်းတို့က ဘုရားရှင်ထံ ခေါ်သွားပြီး "ဤရဟန်းသည် ဘုရားရှင်ကို မချစ် မြတ်နိုးသဖြင့် ဆိတ်ငြိမ်ရာ၌ တပါးတည်း နေပါ၏" ဟု လျှောက်ထား ကြ၏။

ထိုမထေရ်က "ဤသို့သော ရည်ရွယ်ချက်ဖြင့် တရား အားထုတ်နေ ပါ၏"ဟု လျှောက်သော် မြတ်စွာဘုရားက သူ့အား ကောင်းချီးပေးလျက် "ရဟန်းတို့၊ ငါဘုရားကို ချစ်မြတ်နိုးသော ရဟန်းသည် အတ္တဒတ္ထ မထေရ် ကဲ့သို့ ဖြစ်သင့်၏။ နံ့သာစသည်တို့ဖြင့် ပူဇော်ကြသူတို့သည် ငါဘုရားကို ပူဇော်ကြသည် မမည်။ လောကုတ္တရာ အကျင့်မြတ်ကို ကျင့်ခြင်းဖြင့်သာ ငါဘုရားကို ပူဇော်ကြသည် မည်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၆။ "သူတပါးအတွက် ပြုသင့်သည့် များစွာသော အကျိုး စီးပွားကြောင့်
မိမိ၏ အကျိုးစီးပွားကို မဆုတ်ယုတ်စေရာ၊ မိမိ၏ အကျိုးစီးပွားကို
သိ၍ မိမိ၏ အကျိုးစီးပွားကို တိုးပွားအောင် အားထုတ်ရာ၏။"

ဤတရားကို ကြားနာပြီးသော် အတ္တဒတ္ထ မထေရ်သည် ရဟန္တာဖြစ် လေ၏။

# [၁၃] လောကဝဂ်

## ၁၃၇။ ရဟန်းငယ်တပါး

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူစဉ်။

မထေရ်တပါးသည် ရဟန်းငယ်တပါးနှင့်အတူ ဝိသာခါအိမ်သို့ သွား၍ ယာဂုသောက်ပြီး ရဟန်းငယ်ကိုနေခဲ့စေ၍ အိမ်တအိမ်သို့ သွား၏။ ထိုအခါ ဝိသာခါ၏ မြေးမငယ်သည် ထိုရဟန်းငယ်အတွက် ရေစစ်စဉ် ရေအိုးကြီး ထဲ၌ မိမိ၏ မျက်နှာရိပ်ကို မြင်၍ ရယ်၏။ ရဟန်းငယ်လည်း သူငယ်မကို ကြည့်၍ ရယ်သော် ထိုသူငယ်မက "ဦးခေါင်းပြတ်က ရယ်ဘိ၏" ဟု ဆိုလိုက်၏။ ရဟန်းငယ်ကလည်း "နင်သာ ဦးခေါင်းပြတ်၊ နင့်အဖေ, နင့်အမေတို့ လည်း ဦးခေါင်းပြတ်" ဟု ဆဲ၏။ ထိုအခါ သူငယ်မသည် ငိုပြီး အဖွားကို သွားပြော၏။ ဝိသာခါသည် လာ၍ "အမျက်မထွက်ပါလင့်၊ အရှင်ဘုရား သည် ဆံပင်ပြတ်, ခြေသဲလက်သဲပြတ်, ဖြစ်ပြီး၊ အပြတ်ပြတ် ဖြတ်ထားသည့် သင်္ကန်းကို ဝတ်ရုံလျက် အနားပြတ်သည့် သပိတ်ကို ကိုင်ကာ ဆွမ်းခံသူ ဖြစ်သဖြင့် ဤသူငယ်မ ပြောသည်မှာ အပြစ်မဟုတ်ပါ" ဟု လျှောက်၏။ ရဟန်းငယ်က "မှန်ပါ၏။ ငါ့ကို ဦးခေါင်းပြတ်ဟု ဆဲသည်မှာ သင့်သလော" ဟု ဆို၏။

ဝိသာခါသည် ထိုရဟန်းငယ်နှင့် မြေးမနှစ်ဦးကို နားလည် ကြေအေး အောင် မတတ်နိုင်ပေ။ ထိုခဏ၌ မထေရ်ကြီး ပြန်လာပြီး ထိုအကြောင်းကို ကြားသိ၍ ဝိသာခါပြောသည့်အတိုင်း ပြောဆို ဆုံးမသော်လည်း ထိုရဟန်း ငယ်သည် ရှေးနည်းတူပင် ဆိုပြန်၏။ ထိုခဏ၌ မြတ်စွာဘုရား ကြွလာ၍ ဝိသာခါ ထံမှ ထိုအကြောင်းကို ကြားသိတော်မူသော် ထိုရဟန်းငယ် သောတာပန်ဖြစ်လတံ့သည်ကို မြင်တော်မူသဖြင့် "ဝိသာခါ၊ သင့်မြေးငယ်

သည့် ငါ့တပည့်များကို ဦးခေါင်းပြတ်ဟု ဆဲသင့်သလော”ဟု မိန့်တော်မူလျှင် ထိုရဟန်းငယ်သည် ထတဲ့ပြီး ရှိခိုးလျက်“ဤပြဿနာကို ဘုရားရှင်သာ သိတော်မူ၏။ တပည့်တော်၏ဆရာနှင့်ဝိသာခါတို့ မသိကြပါ”ဟု လျှောက်၏။ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းငယ်၏ စိတ်ကျေနပ် ကြည်လင်မှုကို သိတော်မူသဖြင့် “ချစ်သား၊ ကာမဂုဏ်ကို အကြောင်းပြု၍ ရယ်ခြင်းသည် ယုတ်ညံ့၏။ ယုတ်ညံ့သည့် သဘောကို မမှီဝဲသင့်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူပြန်၏။

၁၆၇။ “ယုတ်ညံ့သည့်ကာမဂုဏ်တရားကို မမှီဝဲရာ။ မေ့လျော့ခြင်းနှင့် မပေါင်းသင်းရာ။ မှားသော မိစ္ဆာအယူကို မယူရာ။ လောကကြီးပွားရေးအတွက် မဖြစ်ရာ။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်သည် သောတာပန် ဖြစ်လေ၏။

## ၁၃၈။ သုဒ္ဓေါဒန မင်းကြီး

မြတ်စွာဘုရား နိဂြောဓာရုံ၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် ပဌမ ဦးဆုံး ကပိလဝတ်ပြည်သို့ ကြွသွား၍ နိဂြောဓာရုံကျောင်းတော်သို့ ရောက်တော်မူလျှင် ဆွေတော်မျိုးတော်တို့၏ မာန်မာနကို ချိုးဖျက်ရန် ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းကာ စင်္ကြံကြွတော်မူလျက် တရားဟောတော်မူ၏။ ထိုအခါမှ သုဒ္ဓေါဒနမင်းကြီး စသော ဆွေတော်မျိုးတော်တို့ ရှိခိုးကြကုန်၏။ မြတ်စွာဘုရားသည် ထိုဆွေတော်မျိုးတော် အစည်းအဝေး၌ ပေါက္ခရဝဿမည်သော (စိုလိုသူမှ စိုစေသည့်) မိုးကို ရွာစေတော်မူ၏။ လူတို့က ထိုမိုးကို ချီးမွမ်းပြောဆိုကြသော် မြတ်စွာဘုရားက “ယခုသာ မဟုတ်သေး။ ရှေးကလည်း ငါသည် ဆွေတော်မျိုးတော်စုဝေးရာ၌ ပေါက္ခရဝဿမိုးကို ရွာစေဘူး၏” ဟု မိန့်တော်မူ၍ ‘ဝေဿန္တရာဇာတ်’ကို ဟောတော်မူ၏။ တရားနာပြီးသော် ဆွေတော်မျိုးတော် တဦးတယောက်ကမျှ ဘုရားရှင်ကို ဆွမ်းမပင့်ဘဲ ဖွဲ့သွားကြ၏။ သုဒ္ဓေါဒနမင်းကြီးလည်း “ငါ့သားသည် ငါ့အိမ်မလာဘဲ အဘယ်အရပ်သို့

သွားအံ့နည်း”ဟု ဆွမ်းမဖိတ်ဘဲ ပြန်သွားပြီး နန်းတော်၌ ရဟန်းနှစ်သောင်း အတွက်ပါ ဆွမ်းစီရင်လေ၏။

နောက်တနေ့ မြတ်စွာဘုရားသည် ရှေးဘုရားရှင်တို့ ပြုခဲ့လေ့ရှိသည့် အတိုင်း ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံလှည့်လည်တော်မူ၏။ ယသော်ဓရာသည် ပြာသာဒ်မှ မြတ်စွာဘုရား ဆွမ်းခံနေသည်ကို မြင်လျှင် သုဒ္ဓေါဒန မင်းကြီးထံ သွားပြော၏။ မင်းကြီးသည် ပုဆိုးကိုပင် ကောင်းစွာ မဝတ်နိုင်ဘဲ အမြန်ပြေးသွား၍ ဘုရားရှင်ကို ရှိခိုးလျက် “သားတော်ဘုရား၊ အဘယ့်ကြောင့် ဒါယကာကြီးကို ဤသို့ ဆွမ်းခံခြင်းဖြင့် အရှက်ခွဲဘိသနည်း”စသည်ဖြင့် လျှောက်ထား၏။ မြတ်စွာဘုရားက “ငါဘုရားသည် ဒါယကာကြီးကို အရှက်ရစေသည် မဟုတ်။ မိမိ၏ အနွယ်ထုံးစံအတိုင်း ကျင့်ရပေ၏။ ဤဆွမ်းခံ၍ အသက်မွေးသော အနွယ်သည် ငါဘုရားကဲ့သို့သော ဘုရားရှင်တို့၏ အနွယ်ဖြစ်၏”ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၆၈။ “ဆွမ်းခံဝတ်၌ မမေ့မလျော့ရာ။ ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏။ တရားကိုကျင့်သောသူသည် ဤလောက၌၎င်း၊ တမလွန်လောက၌၎င်း ချမ်းသာစွာ နေရ၏။”

၁၆၉။ “သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌၎င်း၊ တမလွန်လောက၌၎င်း ချမ်းသာစွာ နေရ၏။

ဤတရားကို ကြားနာပြီးသော် ခမည်းတော်မင်းကြီးသည် သောတာပန် ဖြစ်လေ၏။

## ၁၃၉။ ရဟန်းငါးရာ (ဝိပဿနာပွားသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူပြီး တောသို့သွား၍ တရားအားထုတ်ကြရာ ရဟန္တာ မဖြစ်နိုင်ကြသဖြင့် ကမ္မဋ္ဌာန်းအထူးကို တဖန်နာယူရန် ဘုရားရှင်ထံသို့ သွားကြ၏။ သူတို့သည် ခရီးအကြား၌ တံလျှပ်ပမာ ကမ္မဋ္ဌာန်းကို ပွားများလျက် လာကြ၏။ ကျောင်းဝင်းသို့ ရောက်

သော ခဏ၌ လေနှင့်တကွ မိုးကြီးရွာချသဖြင့် ကျောင်းမုခ်တို့၌ ရပ်လျက် ရေပွက် ရေမြှုပ်တို့ကို မြင်ကြရလျှင် "ဤကိုယ်လည်း ဖြစ်ပြီးလျှင် ပျက်စီး တတ်သဖြင့် ရေပွက်နှင့် တူသည်သာတည်း" ဟု အာရုံကို ယူကြ၏။ မြတ်စွာ ဘုရားသည် ဂန္ဓကုဋိ၌ နေလျက်ပင် ထိုရဟန်းတို့နှင့်အတူ စကားပြောဘိ သကဲ့သို့ ရောင်ခြည်တော်ကို လွှတ်၍ ပျံ့နှံ့စေလျက် ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၀။ "ဖြစ်ပြီးပျက်တတ်သောရေပွက်ကို ရှုမြင်သကဲ့သို့၎င်း၊ ထင်တိုင်းမဟုတ် သော တံလျှပ်ကို ရှုမြင်သကဲ့သို့၎င်း၊ ထို့အတူ ခန္ဓာငါးပါး တည်းဟူ သောလောကကို (ဖြစ်ပြီး ပျက်တတ်၊ ထင်တိုင်း မဟုတ်ဟု) ရှုမြင် သောသူကို သေမင်းသည် မမြင်နိုင်။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်း ငါးရာတို့ ရဟန္တာ ဖြစ်ကြ လေ၏။

## ၁၄၀။ အဘယမင်းသား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

သန္တတိအမတ်ကြီးဝတ္ထုအတိုင်းပင်။ ။အဘယမင်းသားသည် ပစ္စန္တရစ် ကို ငြိမ်းအေးစေသောကြောင့် ဗိမ္ဗိသာရမင်းကြီး ချီးမြှောက် သနားသော မင်းစည်းစိမ်ကို ခုနစ်ရက်ခံစားပြီး ဥယျာဉ်ထဲ၌ ကပြသီဆိုသည့် ကချေသည်မ လေးသင်ခုန်းဖြတ်၍ လဲကျသေဆုံးသည်ကိုမြင်ရလျှင် အလွန် ထိတ်လန့်တုန်လှုပ် ၏။သူသည် ဘုရားရှင်ထံ သွား၍"တပည့်တော်၏စိုးရိမ်ခြင်းကို ငြိမ်းစေတော် မူပါ ဘုရား"ဟု လျှောက်၏။မြတ်စွာဘုရားသည် သူ့အား နှစ်သိမ့်စေပြီး "မင်းသား၊ အစမထင် သံသရာ၌ ဤမိန်းမ ဤနည်းဖြင့် သေသောအခါ၌ ငိုကြွေးခဲ့ရသော သင်မင်းသား၏ မျက်ရည်တို့သည် အတိုင်းအရှည် ပမာဏ မရှိခဲ့လေပြီ။ ဤခန္ဓာကိုယ်သည် မသိကြသော လူမိုက်တို့၏ နစ်မြုပ်ရာအရပ် ဖြစ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၁။ "ရတနာတို့ဖြင့် အဆန်းတကြယ် စီခြယ်ထားသော မင်း၏ရထားနှင့် တူလှသည့်ဤခန္ဓာငါးပါး တည်းဟူသော လောကကို လာလှည့်ရှုကြည့် စမ်းလော့။ ယင်းလောက၌ မိုက်မဲသူတို့ နစ်မြုပ်ကုန်၏။ ပညာရှိတို့ကား ကပ်ငြိတွယ်တာမှု မရှိပေ။"

## ၁၄၁။ သမ္ဗဟုလနမထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

နေ့စဉ် အချိန်ရှိသရွေ့ လှည့်လည် တံမြက်လှည်းသော သမ္ဗဟုလနမထေရ်သည် ဖိုလ်ချမ်းသာဖြင့် ငြိမ်သက်စွာနေသော ရှင်ရေဝတမထေရ်ထံ သွား၍ "သင်ကား အလွန်ပျင်းရိဘိ၏။ လူတို့ လှူသည့် ဆွမ်းကို စားပြီး ထိုင်နေဘိ၏။ တခုသောအရပ်ကို တံမြက်လှည်းသင့်သည် မဟုတ်လော"ဟု ဆို၏။ သူ့အား ရှင်ရေဝတမထေရ်က "ငါ့ရှင်၊ ရဟန်းမည်သည် အချိန်ရှိသရွေ့ တံမြက်လှည်းကာ မလှည့်လည်သင့်။ နံနက်စောစော တံမြက်လှည်း၍ ဆွမ်းခံသွားပြီးသော် နေ့သန့်ရာ၊ညဉ့်သန့်ရာအရပ်၌ နေလျက်'သုံးဆဲ့နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်း'ကို သရဇ္ဈာယ်လျက် ခန္ဓာကိုယ်၌ ကုန်ခြင်း၊ပျက်ခြင်းကို ထင်ထင်မြင်မြင် ရှုဆင်ခြင်ပြီးမှ ညနေအခါ ထ၍ တံမြက်လှည်းသင့်၏"ဟု ဆုံးမ၏။ ထိုမထေရ်သည် ရှင်ရေဝတ၏ အဆုံးအမ၌ တည်၍ မကြာမီပင် ရဟန္တာဖြစ်၏။

ထိုထိုအရပ်၌ အမှိုက်တို့ များပြားသော် ရဟန်းတို့က ထိုသမ္ဗဟုလနမထေရ်အား "အဘယ့်ကြောင့် တံမြက် မလှည်းသနည်း"ဟု ဆိုကြ၏။ "တပည့်တော် မေ့မေ့လျော့လျော့ ဖြစ်စဉ်ကသာ ဤသို့ တံမြက်လှည်းနေခြင်းကို ပြုမိ၏။ ယခု မမေ့မလျော့သူ ဖြစ်ပါပြီ"ဟု ဆိုသော် ရဟန်းတို့သည် ဘုရားရှင်ထံ သွား၍"သမ္ဗဟုလနမထေရ်သည် ဤသို့ဆို၍ သူ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောကြားပါ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ဟုတ်ပေ၏။ ယခု သမ္ဗဟုလနမထေရ်သည် အရဟတ္တဖိုလ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေသောကြောင့် တံမြက်မလှည်းပေ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၂။ "ရှေးက 'တံမြက်လှည်းကာ' ကုသိုလ်၌ မေ့လျော့နေခဲ့ပြီး နောင်၌ မဂ်ဖိုလ်ချမ်းသာဖြင့် မမေ့မလျော့သော သူသည် 'တိမ်တိုက်မှ လွတ်သော လကဲ့သို့' ဤလောကကို ထွန်းလင်းစေ၏။"

## ၁၄၂။ အင်္ဂုလိမာလ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အင်္ဂုလိမာလမထေရ်သည် ရှေးက လူပေါင်းများစွာကို သတ်ဖြတ်ခဲ့ပြီး နောက် ဘုရားရှင်ထံ၌ ရဟန်းပြု၍ ရဟန္တာ ဖြစ်၏။ နောက် ထိုမထေရ် ပရိနိဗ္ဗာန်စံဝင်သော် ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသည့် ဘုရားရှင် အား "အင်္ဂုလိမာလသည် ဘယ်ဘုံဘဝ၌ ဖြစ်ပါလေသနည်း"ဟု မေးလျှောက် ကြ၏။ မြတ်စွာဘုရားက "ငါ့သားတော်သည် ပရိနိဗ္ဗာန် ပြုလေပြီ"ဟု မိန့်တော်မူသော် "ဤမျှလောက် လူတို့ကို သတ်ဖြတ်ခဲ့ပါလျက် ပရိနိဗ္ဗာန် ပြုခြင်းဖြစ်နိုင်ပါသလော"ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်း တို့၊ အင်္ဂုလိမာလသည် ရှေး၌ မိတ်ဆွေကောင်းကို မရခဲ့သောကြောင့် ဤမျှလောက် မကောင်းမှုတို့ကို ပြုမိခဲ့ရ၏။ နောင်၌ကား မိတ်ဆွေကောင်း အထောက်အပံ့ကို ရသောကြောင့် မမေ့မလျော့သူ ဖြစ်လာခဲ့၏။ ထို့ကြောင့် သူ၏ မကောင်းမှုကံကို ကုသိုလ်ကံက ပိတ်ပင်ခဲ့လေပြီ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၃။ "မိမိပြုခဲ့သော မကောင်းမှုကံကို (အရဟတ္တမဂ်) ကုသိုလ်ဖြင့် ဖုံးလွှမ်း ဖျက်ဆီးသော သူသည် 'တိမ်တိုက်မှ လွတ်သော လကဲ့သို့' ဤလောက ကို ထွန်းလင်းစေ၏။"

## ၁၄၃။ ရက္ကန်းသည်မကလေး

မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ နေတော်မူစဉ်။

တနေ့သ၌ အာဠဝီပြည်သားတို့သည် အာဠဝီပြည်သို့ ကြွရောက်လာသော ဘုရားရှင်အား ဆွမ်းပင့်ဖိတ်၍ အလှူပေးကြ၏။ မြတ်စွာဘုရားသည် ဆွမ်း ဘုဉ်းပေးပြီးသော် 'မရဏာနုဿတိကမ္မဋ္ဌာန်း'ကို ပွားများပုံ အချက်ခြောက်ခု ကို ဟောကြားတော်မူ၍ "ဒါယကာတို့၊ သေခြင်းမရဏာနုဿတိ ကမ္မဋ္ဌာန်း ကို မပွားများ သူတို့သည် နောင်အခါ၌ ထိတ်လန့်ခြင်းသို့ ရောက်၍

ကြောက်လန့်ဘွယ်အသံကို ယောင်ယမ်းမြည်တမ်းလျက် သေရကုန်၏”စသည်ဖြင့် ထိုကမ္မဋ္ဌာန်း ပွားများခြင်း၏ အကျိုးများကို ဟောကြားတော်မူ၏။ ထိုတရားကို ကြားနာပြီးသော်လည်း လူတို့သည် ထိုကမ္မဋ္ဌာန်းကို မပွားများဘဲ မိမိတို့ကိစ္စများကိုသာ လုပ်ကိုင်ကုန်၏။ တဆဲ့ခြောက်နှစ်အရွယ်ရှိ ရက္ကန်းသည်မကလေးသည်ကား ထိုတရားကို လွန်စွာ နှစ်သက်သဖြင့် နေ့ရောညဉ့်ပါ ထိုကမ္မဋ္ဌာန်းကိုသာ ပွားများ၏။ ဘုရားရှင်လည်း ထိုပြည်မှ ထွက်ခွာ၍ ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။ ထိုရက္ကန်းသည်မလေးသည် ထိုကမ္မဋ္ဌာန်းကို သုံးနှစ်ပတ်လုံး ပွားများ၏။

ထိုအခါ တနေ့သ၌ နံနက်စောစော ဘုရားရှင်သည် လောကကို ကြည့်ရှုသော် ထိုရက္ကန်းသည်မလေး သောတာပန် ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ရဟန်းငါးရာ ခြံရံလျက် ယူဇနာသုံးဆယ်ဝေးသည့် ထိုအာဠဝီ ပြည်သို့ ကြွတော်မူ၏။ လူတို့က ဆွမ်းပင့်ဖိတ်၍ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် ထိုရက္ကန်းသည်မလေးအား ပြဿနာလေးခုကို မေး၍ ဖြေခိုင်းတော်မူ၏။ (၁) “သင် ဘယ်အရပ်မှ လာခဲ့သနည်း။ မသိပါဘုရား။ (၂)အဘယ်အရပ်သို့ သွားမည်နည်း။ မသိပါဘုရား။ (၃) မသိလေသလော။ သိပါသည်ဘုရား။(၄)သိ၏လော။ မသိပါဘုရား” ဤအမေးအဖြေအဓိပ္ပာယ်ကို လူတို့က နားမလည်ကြသဖြင့် ရက္ကန်းသည်မကလေးကို “မဟုတ်မဟတ်၊ ပြောချင်တိုင်း ပြောဘိ၏”ဟု ကဲ့ရဲ့ကြ၏။ နောက် ဘုရားရှင်က “အဘယ့်ကြောင့် ဤသို့ ဖြေဘိသနည်း”ဟု မေးတော်မူ၍ ထိုရက္ကန်းသည်မကလေးက အကြောင်းခြင်းရာများနှင့် တကွ ပြဿနာလေးခု အသီးသီးကို ဖြေဆို၏။

မြတ်စွာဘုရားသည် ထိုသူငယ်မအား ပြဿနာတခုကို ဖြေဆိုတိုင်း၌ ကောင်းချီးပေးတော် မူပြီးနောက် “ဒါယကာတို့၊ သင်တို့သည် ဤသူငယ်မ ဆိုသည့် ဤမျှလောက်သော စကားကိုမျှ မသိကြဘဲ သက်သက် ကဲ့ရဲ့ကြဘိ၏။ ပညာမျက်စိ မရှိသော သူတို့သည် ကန်းကုန်သည်သာတည်း။ ပညာမျက်စိ ရှိကြသူတို့သာ မျက်စိအမြင် ရှိသူတို့ ဖြစ်ကုန်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၄။ “ဤလူအပေါင်းသည် ပညာမျက်စိ မရှိ, အကန်းအတိသာ ဖြစ်၏။ ဤလောက၌ လူအနည်းငယ်သာ(အနိစ္စသဘောအားဖြင့်) ရှုမြင်နိုင်၏။ ပိုက်ကွန်မှ လွတ်သောငှက်သည် နည်းပါးသကဲ့သို့ လူအနည်းငယ်မျှသာ နတ်ရွာ, နိဗ္ဗာန်သို့ ရောက်၏။”

ဤတရားကို ကြားနာပြီးသော် ထိုရက္ကန်းသည်မလေးသည် သောတာပန် ဖြစ်လေ၏။

## ၁၄၄။ ရဟန်း သုံးကျိပ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်ထံ လာရောက် ဆည်းကပ်ကြသဖြင့် ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ် ပြုနေသော ရှင်အာနန္ဒာသည် အလုပ်ကို ရပ်ထားပြီး တံခါးမှုခ်၌ ရပ်ကာ စောင့်ဆိုင်းနေ၏။ ထိုရဟန်းတို့သည် ဘုရားရှင်ဟောသည့် တရားစကားကို ကြားနာရသောကြောင့် အားလုံး ရဟန္တာဖြစ်ကြပြီး ကောင်းကင်ဖြင့် ပျံ၍ ကြွသွားကြ၏။ ရှင်အာနန္ဒာသည် ကြာမြင့်၍ ဝင်လာသော် ထိုရဟန်းတို့ကို မမြင်၍ မေးလျှောက်၏။ မြတ်စွာဘုရားက "အာနန္ဒာ၊ ထိုရဟန်းတို့သည် ငါဘုရားထံ၌ တရားကို ကြားနာရ၍ ရဟန္တာများ ဖြစ်သွားကြသည့် ခဏ၌ပင် ကောင်းကင်ဖြင့် ပြန်သွားကြ၏။ အာနန္ဒာ၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ကောင်းစွာ လေ့လာပွားများကြသော သူတို့သည် ဟင်္သာကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားနိုင်ကြ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၅။ "ဟင်္သာတို့သည် နေမင်းသွားရာ ကောင်းကင်ခရီး၌ သွားကုန်၏။
(ဣဒ္ဓိပါဒ်လေးပါး ပွားများကြသော) တန်ခိုးရှင်တို့သည် ကောင်း
ကင်၌ သွားကုန်၏။ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့် တကွသော
မာရ်မင်းကို အောင်၍ လောကမှ ထွက်မြောက်ကုန်၏။"

## ၁၄၅။ စိဉ္စမာဏ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် အမြိုက်တရားကို အမြဲမပြတ် ဟောတော်မူ၍ မရေမတွက်နိုင်သော နတ်လူအပေါင်းတို့ အရိယာပုဂ္ဂိုလ်များ ဖြစ်ကြသော် တိတ္ထိတို့မှာ လာဘ်ပူဇော်သက္ကာ လွန်စွာဆုတ်ယုတ်ပြီး တောင်းရမ်း၍ပင် မရကုန်။ ထိုအခါ တိတ္ထိတို့သည် တိုင်ပင်ကြပြီး မိမိတို့ကို ကိုးကွယ်သည့် နတ်သမီးကဲ့သို့

အရောင်တဖိတ်ဖိတ်နှင့် အလှန်လှပသော ‘စိဉ္စမာဏဝိကာ’အမည်ရှိ အမျိုးသမီးအား “သင်သည် ငါတို့ချမ်းသာခြင်းကို အလိုရှိလျှင် မိမိကိုယ်ကို အစွဲပြု၍ ရဟန်းဂေါတမအား ဂုဏ်ကျေးဇူးမဲ့ခြင်းကို ပြု၍ လာဘ်ပူဇော်သက္ကာကို ဖျက်ဆီးလော့”ဟု ဆိုကြ၏။ စိဉ္စမာဏလည်း ဝန်ခံ၍ ပြန်သွား၏။ သူမသည် ညနေချိန်၌ ပန်းနံ့သာစသည် စွဲကိုင်၍ ဇေတဝန်ကျောင်းဆီသို့ ရှေးရှုသွား၏။ ဘုရားရှင်ထံ၌ တရားနာပြီး ပြန်လာကြသည့် လူတို့က “ဤအချိန်၌ ဘယ်ကို သွားမည်နည်း”ဟု မေးကြသော် “ငါသွားရာ အရပ်ဖြင့် သင်တို့အား ဘာအကျိုးရှိအံ့နည်း”ဟု ဆို၏။

သူမသည် ဇေတဝန်ကျောင်းအနီးရှိ တိတ္ထိတို့ကျောင်းသို့ သွားပြီး နံနက်စောစော မြို့သို့ပြန်လာ၏။ နံနက်စောစော ဘုရားရှင်အား ဖူးမျှော်ပူဇော်ရန်သွားကြသူတို့က “သင် အဘယ်အရပ်၌ နေသနည်း”ဟု မေးကြသော် “ငါနေရာအရပ်ဖြင့် သင်တို့အား အဘယ် အကျိုးရှိအံ့နည်း”ဟု ဆို၏။ နောက်လခွဲကြာသော် လူတို့က ရှေးနည်းတူ မေးကြသော် သူမက “ဇေတဝန်ကျောင်း၌ ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိထဲတွင် နေ၏”ဟု ဆို၏။ သုံးလေးလကြာသော် သူမသည် ပုဆိုးကြမ်းတို့ဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်ပြီး အပေါ်က အဝတ်နီကို ခြုံကာ ကိုယ်ဝန်ဆောင်အသွင်ကို ပြ၍ “ရဟန်းဂေါတမဖြင့် ငါကိုယ်ဝန်ရ၏”ဟု ပြောဆိုလျက် လူမိုက်တို့ကို ယုံကြည်စေ၏။ ရှစ်လ ကိုးလကြာသော် သူမသည် ဝမ်းဗိုက်၌ ဝိုင်းစန်းသော သစ်သားကို ဖွဲ့ချည်၍ အပေါ်က ခြုံထည်ကို ခြုံလျက် လက်ဖမိုး, ခြေဖမိုးတို့ကို အသားမို့မို့တက်အောင် ရိုက်နှက်ပြီး ပင်ပန်းနွမ်းနယ်လေဟန်ဖြင့် ညချမ်းအခါ ဇေတဝန်ကျောင်းသို့ သွား၏။

သူမသည် ပလ္လင်ပေါ်၌ လူတို့အား တရားဟောနေသည့် ဘုရားရှင်ရှေ့သို့ သွားပြီးရပ်လျက် “ရဟန်းကြီး၊ သင်ကား လူအပေါင်းအား တရားဟောနေဘိ၏။ ကျွန်ုပ်ကား သင့်ကို စွဲ၍ ကိုယ်ဝန်ရပြီး ယခု ကိုယ်ဝန်ရင့်လေပြီ။ ကျွန်ုပ်အတွက် သားဖွားမှုကိစ္စကို လုပ်ပေးရမှန်း မသိ။ သင်သည် ပျော်မွေ့ခြင်းတခုကိုသာ သိ၏”ဟု စွပ်စွဲပြောဆို၏။ မြတ်စွာဘုရားသည် တရားကို ရပ်ထားပြီး “နှမ၊ သင်ပြောသောစကား မှန်သည်, မမှန်သည်ကို ငါနှင့် သင်သာ သိ၏”ဟု မိန့်တော်မူသော် သူမက “ဟုတ်ပေ၏။ သင်နှင့် ကျုပ်သာ သိသောအရာကို အဘယ်သူတို့ သိနိုင်ကြမည်နည်း”ဟု ဆို၏။ ထိုခဏ၌ သိကြားမင်းသည် ထိုအကြောင်းကို သိမြင်၍ နတ်သားလေးဦးနှင့်အတူ ကျောင်းသို့ သွား၏။ နတ်သားတို့သည် ကြွက်ငယ်ယောင် ဖန်ဆင်းကြပြီး

သူမ၏ သစ်သားဝန်း၌ ချည်ထားသည့် ကြိုးများကို တပြိုင်တည်း ကိုက်ဖြတ်ကြ၏။ သစ်သားဝန်းသည် ပြုတ်ကျပြီး သူမ၏ ခြေဖမိုးပေါ်ကျသဖြင့် ခြေဖျားနှစ်ဖက်တို့ ကျိုးကုန်၏။

ထိုအခါ လူတို့သည် "ဟယ် သူယုတ်မ၊ ဘုရားရှင်ကို စွပ်စွဲဆဲရေးဘိ၏" ဟု သူမ ဦးခေါင်းပေါ် တံတွေးများ ထွေးချ၍ ခြိမ်းခြောက်ပြီး နှင်ထုတ်ကြ၏။ သူမသည် ဘုရားရှင် မြင်လောက်ရာ အရပ်ကိုလွန်လျှင်ပင် မြေမျိုခံရပြီး အဝီစိမှ မီးလျှံတို့နှင့်အတူ အဝီစိသို့ ကျသွား၏။ ထိုအခါ တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာ ပို၍ ဆုတ်ယုတ်သွားလေ၏။ နောက်တနေ့ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသည့် ဘုရားရှင်အား "စိဉ္စမာဏသည် အတုမရှိ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ဘုရားရှင်ကို မဟုတ်မဟတ် စွပ်စွဲဆဲရေးသောကြောင့် ကြီးစွာ ပျက်စီးရရှာလေ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ မှန်သောစကားကို စွန့်၍ မမှန်သောစကား၌ တည်လျက် တမလွန်လောကကို ပယ်ကြသော သူတို့အား မပြုနိုင်သော မကောင်းမှုမည်သည် မရှိ" ဟုမိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၆။ "သစ္စာတရားတခုကို လွန်၍, မုသားစကားကို ဆိုလေ့ရှိသော၊ တမလွန်လောကကို စွန့်ပယ်သော သတ္တဝါအား မပြုနိုင်သော မကောင်းမှုမည်သည် မရှိ။"

## ၁၄၆။ အသဒိသဒါန အလှူကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသလမင်းကြီးနှင့် ပြည်သူပြည်သားတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းတို့အား အပြိုင်အဆိုင် တလှည့်စီ သူ့ထက်ငါ တိုးတိုးပြီး အလှူကြီးပေးကြရာ ဘယ်ဘက်ကမှ အနိုင်မရပေ။ မင်းကြီးသည် ပြည်သူတို့ကို မနိုင်သဖြင့် စိတ်ပျက်ကာ ကြံမှိုင်နေ၏။

ထိုအခါ မလ္လိကာ မိဖုရားကြီးက "သင်မင်းကြီး မပူနှင့်။ ဤပြည်သူတို့ကို နိုင်အောင် အတုမရှိသော အသဒိသ အလှူကြီးကို ကျွန်ုပ် ကောင်းစွာ စီရင်ပေးပါမည်။ မင်းကြီး၊ ကြီးကျယ်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေပါလော့။ ထီးဖြူငါးရာတို့ကို ပြုပါစေလော့။ ထိုထီးဖြူအသီးသီးကို ဆင်ငါးရာ

တို့ တကောင်စီ ကိုင်ဆောင်လျက် ရဟန်းငါးရာ အသီးသီး အပေါ်၌ ထီးကို ဆောင်းပေးလျက် တည်ကုန်လတံ့။ နီမြန်းသော လှေ့ရှင်စီး, ဆယ် စီးကို ပြုလုပ်စေပြီး မဏ္ဍပ်အလယ်၌ ထားပါလော့။ နှစ်ပါး နှစ်ပါးသော ရဟန်းများ အကြား၌ တဦးတဦးသော မင်းသမီးတို့ကနံ့သာတို့ကို ကျိတ် သွေးကုန်ရလတံ့။ တဦးတဦးသော မင်းသမီးတို့က နှစ်ပါး နှစ်ပါးသော ရဟန်းတို့ကို ယပ်ခပ်ပေးနေကြကုန်လတံ့။ ကျန် မင်းသမီးတို့က သွေးပြီး တိုင်းသော နံ့သာတို့ကို ယူ၍ လှေ့များထဲ၌ ထည့်ကြပြီး တချို့က ကြာညို စည်းများကို ကိုင်၍ မွှေနှောက်ကာ အနံ့ကို သင်းပျံ့ လှိုင်စေကုန်လတံ့။ ပြည်သူတို့မှာ မင်းသမီး, ထီးဖြူ, ဆင်တို့ မရှိသဖြင့် ဤသို့ပြုက သူတို့ကို နိုင်လတံ့”ဟု ဆို၏။

မင်းကြီးသည် ဤသို့ စီရင်သော် ယဉ်ပါးသည့် ဆင်ငါးရာ မပြည့်ဘဲ တစီးလိုနေ၏။ ကျန်သော ဆင်တို့ကား ဆင်ကြမ်း ဆင်ပျက်တို့ ဖြစ်နေ၏။ မင်းကြီး မလုပ်တတ်သဖြင့် မိဖုရားကြီးက “ဆင်ကြမ်းတကောင်ကို အင်္ဂုလိ မာလ မထေရ်ထံ၌ ထားလော့” ဟု ဆို၏။ ထိုဆင်ကြမ်းသည် ထိုမထေရ် နား၌ ရပ်တည်ရလျှင် အမြီးကို ပေါင်ကြားထဲသွင်း၍ နားနှစ်ဖက် တို့ကို ချပြီး မျက်စိတို့ကို စုံမှိတ်ကာ မတုန်မလှုပ် ရပ်နေလေ၏။ မင်းကြီးသည် ဘုရားအမှူးရှိ ရဟန်းအပေါင်းအား ဆွမ်းလုပ်ကျွေးပြီး ဘုရားရှင်ကို ရှိခိုး၍ “ဤမဏ္ဍပ်၌ ထားရှိသော ဥစ္စာ အားလုံးကို ရှင်တော်ဘုရားအားလှူပါ၏”ဟု လျှောက်၏။ ထိုအခါ မင်းကြီး၏ အမတ်နှစ်ဦး အနက် ‘ဇုဏှ’ အမတ်သည် ထိုအလှူကြီးကို နှစ်သက် ဝမ်းမြောက်ပြီး ‘ကာလ’ အမတ်ကမူ “အော် မင်းကြီးသည် ဥစ္စာကို ဖြုန်းတီးလေစွ တကား။ တရက်တည်းဖြင့် ဆယ့်ရှစ် ကုဋေသော ဥစ္စာ ကုန်ခန်းသွားလေပြီ။ ဤရဟန်းတို့သည် ဤအလှူကို သုံးဆောင်ပြီး ကျောင်းသို့သွား၍ အိပ်ကုန်လတံ့”ဟု ကြံလေ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာတရား ဟောမည် ပြုစဉ် ပရိသတ် စင်ကြယ်မှုရှိ,မရှိ ဆင်ခြင်သော် ထိုကာလ အမတ်၏ အကြံကို သိတော်မူသဖြင့် “ငါဘုရားသည် မင်းကြီး၏ အလှူဒါနနှင့် ထိုက်တန်သည့် တရားကို ဟောကြားလျှင် ကာလအမတ်၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲလတံ့”ဟု သိမြင်တော်မူ၏။ ကာလအမတ်ကို သနားသဖြင့် မင်းကြီးအား တဂါထာမျှသာ ဟောတော်မူပြီး နေရာမှ ထ၍ ကျောင်းသို့ ကြွတော်မူ၏။ ထိုအခါ မင်းကြီးသည် စိတ်မချမ်းမသာ ဖြစ်ကာ “ငါသည် လျှောက်အပ် သော အလှူ, အပ်သော ဥစ္စာ ဘဏ္ဍာကို မလှူမိသည် ဖြစ်လတံ့။ဤသို့သော

အသဒိသ အလှူကြီး၌ အလှူနှင့် သင့်တော်သည့် တရားတော်ကို ဘုရားရှင် ဟောတော်မူသင့်၏” ဟု ကြံစည်လျက် ကျောင်းသို့ သွား၍ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထား၏။

မြတ်စွာဘုရားက “ဒကာတော်သည် ဘုရားရှင် တဆူမှာ တကြိမ်သာ ပေးလှူခွင့် ရှိသည့် ဤအသဒိသ အလှူကြီးကို လှူခွင့် ရပေ၏။ ကာလ အမတ်၏ ဤသို့သော အကြံအစည်ကြောင့် သူ့အား သနား၍ ဤမျှသာ တရားဟောရ၏”ဟု ရှင်းလင်း မိန့်ကြားတော်မူ၏။ ထိုအခါ မင်းကြီးသည် ကာလအမတ်အား “သင် ဤသို့ ကြံမိသလော” ဟု မေး၏။ “မှန်ပါ၏”ဟု လျှောက်သော် “သင့်ဥစ္စာကို မယူဘဲ၊ ငါသည် ငါ့သား မယားတို့နှင့်တကွ ငါ့ဥစ္စာကို ပေးလှူရာ၌ သင်သည် အဘယ်ကြောင့် ငြူစူဘိသနည်း။ သင် သွားလော့။ ငါပေးပြီး စည်းစိမ်ဥစ္စာကိုယူ၍ ငါ့တိုင်းပြည်မှ ထွက်သွား လော့”ဟု နှင်ထုတ်၏။ ထိုအခါ မြတ်စွာဘုရားက“မင်းကြီး၊ သူမိုက်တို့ မည်သည် သူတပါး၏အလှူကိုနှစ်သက်ဝမ်းမြောက်ခြင်း မပြုနိုင်သဖြင့် ဒုဂ္ဂတိ ဘဝသို့သာ လားစရာ ရှိကုန်၏။ ပညာရှိတို့သည်ကား သူတပါး၏ အလှူကို သော်လည်းနှစ်သက်ဝမ်းမြောက်၍ နတ်ပြည်သို့သာ လားစရာရှိကုန်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၇။ “နှမြောဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကုန်။ လူမိုက်တို့ သည် အလှူဒါနကို မချီးမွမ်းနိုင်ကုန်။ ပညာရှိတို့သည်သာ အလှူဒါန ကို ဝမ်းမြောက်နိုင်၏။ ထိုသူသည် ထို ဝမ်းမြောက်မှု ကြောင့်ပင် တမလွန်ဘဝ၌ ချမ်းသာရပေ၏။”

ဤတရားကို ကြားနာပြီးသော် ဇုဏှ အမတ်သည် သောတာပန် ဖြစ် လေ၏။

## ၁၄၇။ ကာလ သတို့သား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

‘ကာလ’ သတို့သားသည် ဖခင် အနာထပိဏ်သူဌေးကြီးက “ဘုရားရှင်ထံ သွားရန်, အိမ်သို့ကြွလာသည့်အခါ ဘုရားရှင်ကို ဖူးမြင်၍ တရားကို ကြားနာ ရန်, သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရန်” အကြိမ်ကြိမ် ဆုံးမပြောဆို

သော်လည်း မပြုသည်သာတည်း။ ထိုအခါ ဖခင်က ထိုသား အပါယ်၄ရဲ ကျရောက်မည့်အရေးကို စဉ်းစားမိသဖြင့် "ဥစ္စာဖြင့် သားကို ဖြားယောင်းအံ့"ဟု သားကိုခေါ်၍ "ချစ်သား၊ ဥပုသ်စောင့်ပြီး ကျောင်းသို့သွား၍ တရားနာပြီးမှ ပြန်လာလျှင် သင့်အား ငွေတရာပေးအံ့" ဟုဆို၏။ ကာလသည် ငွေကို လိုချင်သဖြင့် ဥပုသ်ဆောက်တည်ပြီး ကျောင်းသို့ သွား၏။ တရားကိုကား မနာဘဲ တနေရာ၌ အိပ်ပြီး နံနက်စောစော အိမ်ပြန်၏။ ဖခင်က "ဥပုသ်စောင့်သည့် ငါ့သားအတွက် ယာဂု စသည် ယူခဲ့လော့"ဟု ယူခိုင်းပြီးပေး၏။ ကာလသည် ယာဂုမသုံးဆောင်ဘဲ ငွေတရာကိုသာတောင်းနေ၏။ ဖခင်က ငွေတရာပေးပြီးမှ ယာဂုစသည်ကို စားသုံး၏။

နောက်တနေ့ နံနက်တွင် ဖခင်က "ချစ်သား၊ ဘုရားရှင်ရှေ့၌ တည်နေလျက် တရားတပိုဒ်ကို သင်ကြားမှတ်ယူခဲ့ပြီး ပြန်လာလျှင် ငွေတထောင်ပေးမည်"ဟု ဆို၏။ ကာလသည် ငွေကို လိုချင်သဖြင့် ကျောင်းသို့သွား၍ ဘုရားရှင်ရှေ့၌ တည်နေလျက် "တရားတပိုဒ်ကို သင်ကြားမှတ်ယူပြီး ပြန်ပြေးအံ့"ဟု နာကြား၏။ ထိုအခါ မြတ်စွာဘုရားက တရားတပိုဒ်ကို ကာလ မမှတ်မိနိုင်အောင် ပြုတော်မူ၏။ ကာလသည် ထိုအပိုဒ်ကို ထပ်ခါတလဲလဲ နာယူမှတ်သားနေစဉ်ပင် သောတာပန် ဖြစ်၏။ သူသည် နောက်တနေ့နံနက် ဘုရား အမှူးရှိသော ရဟန်းသံဃာနှင့်တကွ အိမ်သို့ဝင်ရောက်သော် "ယနေ့ ဘုရားရှင်ရှေ့၌ ငွေတို့ကို ငါ့အား ဖခင်က မပေးမူ ကောင်းလေစွ။ ငွေအတွက်ကြောင့် ငါ ဥပုသ်စောင့်သည်ကို မသိအောင် ဖုံးထားလျှင် ကောင်းလေစွ" ဟု ကြံနေ၏။ သူဌေးကြီးသည် ဘုရား အမှူးရှိသော ရဟန်းသံဃာအား ယာဂုဆွမ်း စသည်ကို ကပ်လှူစေပြီး သားအား ပေးစေ၏။ ကာလသည် ဆိတ်ဆိတ်နေကာ ယာဂုစသည်ကို သုံးဆောင်၏။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် သူဌေးကြီးသည် သားရှေ့၌ ငွေတထောင်ထုပ်ကို ထား၍ "ဥပုသ်ဆောက်တည်ပြီး ကျောင်းသို့သွား၍ တရားနာသည့်အတွက် ဤငွေတထောင်ကို ယူလော့"ဟုဆို၏။ "ဤငွေကို မယူချင်ပါ"ဟု ဆိုသော် "ချစ်သား၊ ယူသာယူပါ"ဟု ဆိုသော်လည်း မယူဘဲ သာနေ၏။ သူဌေးကြီးက မြတ်စွာဘုရားအား "ယနေ့ တပည့်တော်၏ သား၏အမူအရာသည် ရှေးကနှင့်မတူ အလွန်နှစ်သက်ဘွယ် ရှိလှပါသည်" ဟုလျှောက်ပြီး သားကို ငွေပေးပြီး ဥပုသ် စောင့်ခိုင်းသည့်အကြောင်း လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "သူဌေးကြီး၊ယနေ့ သင့်သား

သန္တာန်၌ စကြ၀တေးမင်း စည်းစိမ်, နတ်ဗြဟ္မာစည်းစိမ်ထက် အဆ များစွာ မြင့်မြတ်သည့် သောတာပတ္တိဖိုလ်ဟူသော ဥစ္စာမြတ် တည်ရှိလေပြီး”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၇၈။ “မြေပြင်အားလုံး၌ ဧကရာဇ် စကြ၀တေးမင်း ဖြစ်ရခြင်း၊ နတ်ပြည်, ဗြဟ္မာပြည်သို့ ရောက်ရခြင်း၊ တလောကလုံးကို အစိုးရခြင်းထက် သောတာပတ္တိ ဖိုလ်သည်သာ (အပါယ်တံခါး ပိတ်သဖြင့်) သာလွန် မြင့်မြတ်လှပေ၏။

# [၁၄] ဗုဒ္ဓ ဝဂ်

## ၁၄၈။ မာန်နတ်သမီး သုံးဦး

မြတ်စွာဘုရား သာဝတ္ထိပြည်ကို အမှီပြု၍ နေတော်မူစဉ်။

မြတ်စွာဘုရားသည် တနေ့သ၌ နံနက်စောစော လောကကို ကြည့်ရှုအောင် ကုရုတိုင်း 'မာဂဏ္ဍိယ' အမည်ရှိပုဏ္ဏားလင်မယားနှစ်ဦး အနာဂါမ်ဖြစ်လတံ့သည်ကို မြင်တော်မူသဖြင့် ထိုပုဏ္ဏားကြီး ရွာအပြင်၌ မီးလုပ်ကျွေးရာ အရပ်သို့ ကြွတော်မူ၏။ ပုဏ္ဏားကြီးသည် ဘုရားရှင်ကို မြင်လျှင် "ငါ့သမီးနှင့် ထိုက်တန်သည့် ယောကျ်ားမြတ်ကို တွေ့ရပေပြီ"ဟုဆို၍ ဘုရားရှင်အား ခေတ္တ စောင့်ဆိုင်း နေစေပြီး အိမ်ပြန်၍ မယားနှင့်တကွ 'မာဂဏ္ဍိယ' မည်သော သမီးပျိုကို ခေါ်ဆောင်လာ၏။

ထိုအခါ မြတ်စွာဘုရားက "ငါဘုရားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်ပြီးသော် အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် ဆိတ်ကျောင်း ညောင်ပင်ရင်း၌ နေတော်မူစဉ် မာရ်နတ်၏ သမီး သုံးဦးလာပြီး အရွယ်အမျိုးမျိုး, အမူအရာ အမျိုးမျိုးကို ပြ၍ ခုနစ်ကြိမ်တိုင် စာမဂုဏ်ဖြင့် ဖြားယောင်း သွေးဆောင်ခဲ့၏။ ငါဘုရားသည် ထိုနတ်သမီးတို့ကို စိတ်တော်ဖြင့်ပင် သိမှတ်တော် မမူဘဲ နိဗ္ဗာန်မြတ်၌ နှလုံးသွင်းလျက်သာ နေတော် မူခဲ့၏။ ထိုနတ်သမီးတို့ မပြန်ဘဲ နေကြသော် 'သင်တို့သွားကြလော့။ ဤသို့ ဖြားယောင်းပုံ အမျိုးမျိုးကို ရာဂကင်းသည့် ဘုရား, ရဟန္တာတို့ ရှေ့၌ မပြုသင့်။ အချည်းနှီးသာ။ ရာဂကင်းပြီးသော ဘုရားရှင်ကို အဘယ်သို့လျှင် သင်တို့ အလိုသို့ လိုက်ပါအောင် ဆွဲဆောင်နိုင်မည်နည်း''ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူခဲ့၏။

၁၇၉။ "အောင်အပ်ပြီးသော ကိလေသာကို တဖန် အောင်ဘွယ်မရှိတော့သော၊ လောက၌ အောင်အပ်ပြီးသည့် ကိလေသာ တစုံတရာမျှ အစဉ်လိုက်ခြင်း မရှိတော့သော၊အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရရှိတော်မူပြီးသော၊ရာဂစသည့် လမ်းကြောင်းမရှိတော့ပေသော မြတ်စွာဘုရားကို အဘယ် ခရီးလမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

၁၈၀။ "တစုံတခုသော ဘဝသို့ ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ - ကပ်ငြိတတ်သည့် တဏှာအလျှဉ်းမရှိပေသော၊အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ် ရှိတော်မူသော၊ ရာဂ စသည့် လမ်းခရီး မရှိတော့ပေသောမြတ်စွာဘုရားကိုအဘယ်ခရီးလမ်းကြောင်းဖြင့်သင်တို့ခေါ်ဆောင်နိုင်ကုန်အံ့နည်း။"

ဤသို့ ပြန်လည် ဟောကြားပြီးနောက် "ပုဏ္ဏားကြီး၊ ငါဘုရားသည် ရှေးအခါ၌ ဤနတ်သမီးသုံးဦးကို မြင်ရ၍လည်း ကာမဂုဏ်စိတ်ဆန္ဒ အလျှဉ်းမဖြစ်ခဲ့လေပြီ။ သင့်သမီးကိုကား မစင်အပုပ်တို့ဖြင့် အလုံးစုံ ပြည့်နေ၏။ အပြင်၌ ဆန်းကြယ်စွာ ပြုလုပ်ထားသော မစင်အိုးနှင့် တူလှပေ၏။ နောက်ဆုံး စကားအားဖြင့် ငါ့ခြေသည် မစင်ဖြင့် လူးနေငြားအံ့လည်း ငါ့ခြေဖြင့် သင့်သမီး၏ ကိုယ်ကိုမထိလို"ဟု ဟောတော်မူသော် ထိုပုဏ္ဏားလင်မယားတို့ အနာဂါမ် ဖြစ်ကြလေ၏။ သမီးကမူ ဘုရားရှင်၏ စကားကို နာကျည်းသဖြင့် "ငါ လင်ကောင်းရလျှင် ရဟန်းဂေါတမအား အကျိုးမဲ့ကို လုပ်အံ့"ဟု ရန်ငြိုးဖွဲ့လေသတည်း။

## ၁၄၉။ နတ်ပြည်မှ ဆင်းတော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ တိတ္ထိတို့ကို နှိမ်နင်းရန် ကောင်းဇာင်၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူပြီး စင်္ကြံကြွတော်မူလျက်'ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာ'ကို ပြတော်မူပြီး တာဝတိံသာ နတ်ပြည်သို့ နှစ်လှမ်းသုံးဖဝါးဖြင့်ကြွတော်မူ၏။ နတ်ပြည်၌ဝါကပ်၍ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာပေါ်၌ ဒုကုဋ္ဌသက်နန်းကို ဖြန့်ခင်းထိုင်တော်မူလျက် မယ်တော် မိနတ်သား အမှူးရှိသော နတ်ဗြဟ္မာအပေါင်းအား 'အဘိဓမ္မာပိဋကတ်' တရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။ ဤသို့ ဟောကြားရာတွင် မြတ်စွာဘုရားသည် လူ့ပြည်ရှိ အချိန်ကာလအလျောက် ကျင့်သုံးနေ

ကျ အတိုင်း ကျင့်သုံးတော်မူ၏။ ဆွမ်းခံချိန်ရောက်လျှင် နိမ္မိတ ဘုရားတဆူကို ဖန်ဆင်း၍ တရားဆက်ဟောစေတော်မူပြီး ကိုယ်တော်တိုင်မူ မြောက်ကျွန်းသို့ ကြွ၍ ဆွမ်းခံတော်မူ၏။

သာဝတ္တိပြည်မှယူဇနာသုံးဆယ်ဝေးသည့် သင်္ကဿနဂိုရ်မြို့၌ ဝါကပ်သောရှင်သာရိပုတ္တရာသည် ထိုအရပ်သို့ သွား၍ ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ပြုစု၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် "သာရိပုတ္တရာ၊ ယနေ့ငါဘုရားသည် ဤမျှလောက်သော အဘိဓမ္မာတရားကို ဟောအပ်ပြီ။ သင်သည် သင့်တပည့် ရဟန်းတို့အား ပို့ချလော့"ဟု မိန့်တော်မူပြီး နတ်ပြည်သို့ ကြွကာ နိမ္မိတဘုရား ဟောသည့်နေရာမှ စ၍ ကိုယ်တော်တိုင် ဆက်ဟောတော်မူ၏။ ရှင်သာရိပုတ္တရာသည် မိမိ၏တပည့် ရဟန်းငါးရာအား ဘုရားရှင် မိန့်သည့်အတိုင်း အဘိဓမ္မာတရားကို ပို့ချ၏။ ဤသို့ နေ့စဉ်ပြုသော် ဘုရားရှင်နတ်ပြည်၌ နေတော်မူစဉ်ပင် ထိုရဟန်းငါးရာတို့သည်ပင် အဘိဓမ္မာခုနစ်ကျမ်းလုံးကို ဆောင်နိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်လာကုန်၏။ သီတင်းကျွတ်လမပြည့်မီ ခုနစ်ရက်အလို၌ ဘုရားရှင် နတ်ပြည်မှ ဆင်းအလာကို တန်ခိုးပြရာ နေရာ၌ စောင့်ဆိုင်းနေကြသည့် လူတို့က တောင်းပန်သဖြင့် ရှင်မောဂ္ဂလ္လာန်သည် တာဝတိံသာရှိဘုရားရှင်ထံ ကြွ၍ 'ဆင်းမည့်နေ့နှင့် နေရာ' ကိုမေးလျှောက်၏။

မြတ်စွာဘုရားက "သီတင်းကျွတ်လပြည့်နေ့၌ သင့်နောင်တော် ရှင်သာရိပုတ္တရာ ဝါကပ်ရာ သင်္ကဿနဂိုရ်ပြည် မြို့တံခါး၌ ဆင်းတော်မူအံ့" ဟု မိန့်တော်မူ၏။ ရှင်မောဂ္ဂလ္လာန်သည် ပြန်လာ၍ လူထုပရိသတ်အား ထိုအကြောင်းကို ပြောကြား၏။ ဝါကျွတ်သော် မြတ်စွာဘုရားက "လူ့ပြည်သို့ ဆင်းတော်မူအံ့"ဟု မိန့်တော်မူသဖြင့် သိကြားမင်းသည် "ရွှေ၊ ပတ္တမြား၊ ငွေ" ဖြင့် အသီးသီးပြီးသော စောင်းတန်းသုံးသွယ်ကို မြင့်မိုရ်တောင်ထိပ်မှ သင်္ကဿနဂိုရ် မြို့တံခါးအထိ ဖန်ဆင်းလေ၏။လက်ျာဘက်ရှိ ရွှေစောင်းတန်းသည် နတ်တို့အတွက်၊လက်ဝဲဘက်က ငွေစောင်းတန်းကား ဗြဟ္မာမင်းကြီးများ အတွက်၊ အလယ်ရှိ ပတ္တမြားစောင်းတန်းကား ဘုရားရှင်အတွက် ဖြစ်၏။ မြတ်စွာဘုရားသည် မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူပြီး ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူလျက် ထက်၊ အောက်၊ ဘေးပတ်လည် အရပ်ဆယ်မျက်နှာကို ကြည့်တော်မူသော် အထက်ဗြဟ္မာပြည်၊ အောက်အဝီစိ၊ ဘေးပတ်လည်ရှိ စကြဝဠာတသိန်းတို့သို့တိုးယိုပေါက်ဟင်းလင်း ဖြစ်သွားသဖြင့်နတ်လူတို့သည် အချင်းချင်း မြင်ရကုန်၏။

မြတ်စွာဘုရားသည် ရောင်ခြည် ခြောက်သွယ်တို့ကို လွှတ်လျက် နတ်၊ ဗြဟ္မာများ အခြံအရံဖြင့် ဆင်းသက်တော်မူ၏။ ဤသို့သော ဘုရားရှင်၏

အသရေ၃တော်ကို မြင်ရလျှင် လူ့ပြည်ရှိ လူတို့သည် တဦးမျှ ဘုရားအဖြစ်ကို မတောင့်တသူ မရှိပေ။ ဘုရားရှင်သည် သင်္ကဿနဂိုရ်မြို့ တံခါးသို့ ရောက်သော် ရှင်သာရိပုတ္တရာသည် ကြွလာ၍ ဘုရားရှင်ကို ရှိခိုးလျက် "ဤမျှ လောက် ထွန်းတောက်သည့် အသရေတို့ဖြင့် တင့်တယ်ပေသော ဘုရားရှင် ကို တပည့်တော် ရှေးက မြင်လည်း မမြင်စဘူး၊ ကြားလည်း မကြားစဘူး ပါဘုရား"ဟု စသည်ဖြင့် မိမိ၏ နှစ်သက်ခြင်းကို ပြုပြီးလျှင် "ယနေ့ နတ်၊ လူ အစုံသည် ရှင်တော်ဘုရားအား ချစ်မြတ်နိုးကုန်ပါ၏။ တောင့်တကုန်ပါ၏ ဘုရား"ဟု လျှောက်ထား၏။ မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ၊ ဤသို့သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့ကို နတ်၊ လူတို့ ချစ်မြတ်နိုးကုန်သည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၈၁။ "သမထ,ဝိပဿနာစျာန်နှစ်ပါး၌လေ့ကျက်အားထုတ်ကုန်သော၊ကာမ ဂုဏ်မှ ထွက်မြောက်မှု,ကိလေသာ ငြိမ်းမှု၌ မွေ့လျော်ကုန်သော၊သစ္စာ လေးပါး တို့ကို ကောင်းစွာသိမြင်၍ အစဉ်အမြဲ သတိရှိပေကုန်သော ပညာရှိတို့ကို နတ်ပြဟ္မာတို့ပင် ချစ်မြတ်နိုးပေကုန်၏။"

ဤတရားကို ကြားနာပြီးသော် ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ငါးရာ တို့သည် ရဟန္တာ ဖြစ်ကြပြီး မရေမတွက်နိုင်သော သတ္တဝါတို့လည်း သစ္စာ လေးပါးကို သိမြင်ကြလေ၏။

## ၁၅၀။ ဧရကပတ္တ နဂါးမင်း

မြတ်စွာဘုရား ဗာရာဏသီပြည်ကို အမှီပြု၍ နေတော်မူစဉ်။

ကဿပဘုရားလက်ထက်က ရဟန်းတပါးသည် အနှစ် နှစ်သောင်းပတ်လုံး တော၌နေကာ တရားအားထုတ်သူ ဖြစ်သော်လည်း တနေ့သ၌ ဂင်္ဂါမြစ် ထဲ၌ လှေဖြင့် ခရီးသွားရာ ပြိတ်မြက်ချုံမှ ပြိတ်ရွက် ဆွဲကိုင်မိ၍ လှေအဟုန် ဖြင့် ပြတ်သွားသည်ကို အာပတ် မဖြေခဲ့ရဘဲ သေခါနီးတွင် ထိုအပြစ်ကို အောက်မေ့ကာ သေလွန်သော် 'ဧရကပတ္တ'မည်သော နဂါးမင်း ဖြစ်လေ ၏။ သူသည် မိမိခန္ဓာကိုယ်ကို ကြည့်ရှုပြီး "ငါသည် နှစ်ပေါင်းများစွာ ရဟန်းတရား အားထုတ်ပါလျက် နဂါး ဖြစ်ရ၏"ဟု နှလုံး မသာမယာ

ဖြစ်၏။ နောက် သူသည် သမီးတဦးကို ရသော် လူ့ပြည်၌ ဘုရားပွင့်ကြောင်း စုံစမ်းလိုသဖြင့် သမီးအား သီချင်းတပုဒ်ကို သင်ပေးပြီး "ဤသီချင်း၏ အဖြေသီချင်းကို ပေးနိုင်သူအား ဤသမီးကို ပေးအံ့"ဟုဆို၍ တလ နှစ်ကြိမ် ဂင်္ဂါမြစ်လယ် ရေအပြင်၌ ပါးပျဉ်းကြီးကို ဖြန့်မိုးလျက် ထိုသမီးကို ပါးပျဉ်းပေါ်တင်၍ ထိုသီချင်းတပုဒ်ကို သီဆိုလျက် က,စေ၏။ လူတို့သည် ထိုနဂါးမငယ်ကို ရလိုသဖြင့် မိမိ၏ ပညာစွမ်းဖြင့် အဖြေသီချင်းများကိုပြုလျက် သီဆိုကြ၏။

နဂါးမင်းသည် လိုချင်သည့် အဖြေကို မရဘဲ ဘုရားနှစ်ဆူ ကြားကာလ ကုန်လွန်လေ၏။ ဂေါတမဘုရားရှင် ပွင့်သော် တနေ့သ၌ နံနက်စောစော လောကကိုကြည့်လျှင် 'ဥတ္တရ'မည်သော လုလင် သောတာပန် ဖြစ်လတံ့သည်ကိုရှင်း၊ သူ့ကို အကြောင်းပြု၍ ဧရကပတ္တ နဂါးမင်း လာရောက်မည်ကိုရှင်း မြင်တော်မူ၍ ဗာရာဏသီပြည်မှ မနီးမဝေးသော ကုက္ကိုပင် ခုနစ်ပင်ရှိရာသို့ ကြွတော်မူပြီး နဂါးမငယ် သီချင်းဆိုရာအရပ်သို့ သွားမည့် 'ဥတ္တရ' လုလင်ကိုမြင်၍ ခေါ်တော်မူလျက် "နဂါးမငယ်က ရှေးဦးစွာ ဤအမေး သီချင်းမျိုးကိုသီဆိုလျှင် ဤအဖြေသီချင်းကို သီဆိုလော့။ နောက် ဒုတိယ အမေးသီချင်းကို သီဆိုသော် ဤအဖြေသီချင်းကို သီဆိုလော့"ဟု မိန့်တော်မူ၍ သီချင်း နှစ်ပုဒ်ကို သင်ပေးတော်မူ၏။ ဥတ္တရ လုလင်သည် ထိုသီချင်းနှစ်ပုဒ်ကို သင်ယူပြီးလျှင်ပင် သောတာပန် ဖြစ်လေ၏။ သူသည် ထိုနဂါးမငယ် သီဆိုရာသို့သွား၍ လူများကြားမှ တိုးဝှေ့သွားပြီး ဘုရားရှင် သင်ပေးသည့် နည်းအတိုင်း အဖြေသီချင်းများကို ဆိုပြလေ၏။

ထိုအဖြေသီချင်းများကို ကြားရလျှင် ဧရကပတ္တ နဂါးမင်းသည် "လောက၌ဘုရားပွင့်လေပြီ"ဟု နှစ်သက်ဝမ်းမြောက်လျက် ဥတ္တရ လုလင်နှင့် အတူ ဘုရားရှင်ထံ သွားလေ၏။ သူသည် မိမိ၏ ဖြစ်အင်ကို လျှောက်ကြားသော် မြတ်စွာဘုရားက "နဂါးမင်းကြီး၊ လူ့အဖြစ်သည် ရခဲလှ၏။ သူတော်ကောင်းတရားကိုနာကြားရခြင်းလည်း ရခဲလှ၏။ ဘုရားပွင့်ရာ ကာလ လည်းရခဲလှ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၈၂။ "လူ့အဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှည်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည် ခဲယဉ်း၏။"

ဤတရားကို ကြားနာရသော်လည်း နဂါးမင်းသည် သောတာပန် ဖြစ်နိုင်ပါလျက် အဟိတ်တိရစ္ဆာန် ဖြစ်နေ၍ သောတာပန် မဖြစ်ရရှာပေ။

## ၁၅၁။ အာနန္ဒာ၏ ဥပုသ်အမေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်အာနန္ဒာသည် တနေ့သ၌ နေသန့်ရာ အရပ်တွင်နေလျက် "မြတ်စွာဘုရားသည် ရှေးရှေး ဘုရားရှင်တို့အကြောင်း များစွာ ဟောကြားသော်လည်း ထိုဘုရားရှင်တို့ပြုသည့် ဥပုသ် (ဩဝါဒပါတိမောက်)ကိုကား ဟောကြားတော် မမူသေး။ ထိုဘုရားရှင်တို့ပြုသည့် ဥပုသ်သည် (ငါတို့ ဘုရားပြုသည့်) ဤဥပုသ်ပင်လော။ တပါးသော ဥပုသ်ဖြစ်သလော"ဟု ကြံစည်မိ၍ ဘုရားရှင်ထံသွားပြီး ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ထိုရှေး ဘုရားရှင်တို့ပြုသည့် ဥပုသ်ဖြစ်သော အဆုံးအမ ဂါထာတို့သည် ဤဂါထာတို့ပင်တည်း"ဟု မိန့်တော်မူပြီး ထိုဂါထာ သုံးခုကို ဟောကြားတော်မူ၏။

၁၈၃။ "မကောင်းမှု ဟူသမျှကို မပြုရာ။ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤကား (အလုံးစုံသော) ဘုရားရှင်တို့၏ အဆုံးအမတော် ပေတည်း။

၁၈၄။ "တိတိက္ခာ ဟု အမည်ရသော သည်းခံမှု ခန္တီသည် မြတ်သော အကျင့်ဖြစ်၏။ နိဗ္ဗာန်သည် အလွန်မြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ သူတပါးကို သတ်ဖြတ်သောသူသည် ရဟန်းမဟုတ်။ သူတပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်။

၁၈၅။ "သူတပါးကို မစွပ်စွဲ မကဲ့ရဲ့ရာ၊ မညှဉ်းဆဲရာ။ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ရာ၏။ ဆွမ်းစားရာ၌ အတိုင်းအရှည်ကို သိရာ၏။ ဆိတ်ငြိမ်ရာ ကျောင်း၊ အိပ်ရာ၊ နေရာ၌ နေထိုင်ရာ၏။ သမာပတ်ရှစ်ပါးဟူသော အဓိစိတ္တ သိက္ခာကို ပွားများ အားထုတ်ရာ၏။ ဤကား (အလုံးစုံသော)ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။"

## ၁၅၂။ ရဟန်းငယ်တပါး (ငြီးငွေ့သူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငယ်တပါးသည် မိမိ၏ဥပဇ္ဈာယ် ဆရာက "ဤမည်သော အရပ်သို့ သွား၍ ပါဠိကို သင်ယူချေလော့"ဟု စေခိုင်းသဖြင့် ထိုအရပ်သို့ သွားလေ၏။ ထိုအခါ ထိုရဟန်း၏ ဖခင်သည် အနာရောဂါရ၍ သားရဟန်းကို ဖူးခွင့်မရသဖြင့် သားရဟန်းကို တမ်းတမြည်တမ်း ယောင်ယမ်းလျက် သေခါနီးသော် "ဤငွေတရာကို သားရဟန်း သပိတ်သင်္ကန်းများ ဝယ်နိုင်ရန် လှူလော့"ဟု ဆို၍ ညီလက်ထဲ ထည့်ပေးခဲ့ပြီး သေသွား၏။ ထိုဖခင်၏ ညီသည် ထိုရဟန်းငယ် ရောက်လာသော် ငိုကြွေးလျက် ထိုအကြောင်းကို အလုံးစုံ လျှောက်ထား၏။ ထိုရဟန်းငယ်သည် ပေးသည့် ငွေတရာကို "အလိုမရှိပါ"ဟု ငြင်းပယ်ပြီး နောက်မှ "လူထွက်ပြီး ဤငွေတရာဖြင့် အသက်မွေးတော့အံ့"ဟု ကြံလျက် သာသနာ၌ မမွေ့မလျော်သဖြင့် ပိန်ချုံးကာ အသားအရေ ဖျော့တော့လေ၏။ ဥပဇ္ဈာယ်ဆရာတို့က ဘုရားရှင်ထံ ခေါ်ဆောင်သွားသော် ထိုရဟန်းငယ်က "လူထွက်ပြီး ငွေတရာဖြင့် အသက်မွေးလိုပုံ"ကို လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရားက "သင့် ငွေတရာသည် အသုံးအဆောင် ပစ္စည်းများ, လယ်လုပ်ကိုင်ရန်အတွက် နွားထမ်းပိုး, ထွန်တုံး, ပေါက်တူး, ပဲကွပ်ပုဆိန်, မျိုးစပါးများ ဝယ်ရန်ပင် မလောက်ပေ။ ဤငွေတရာဖြင့် တောင့်တခြင်း တဏှာလောဘကို အဘယ်သို့ ပြည့်စေနိုင်အံ့နည်း။ ငွေတရာ မဆိုထားဘိ ရှေးအခါက စကြဝတေး မင်းကြီးသည်ပင် နတ်ပြည်၌ သိကြားမင်း သုံးဆယ့်ခြောက်ဆက်တိုင် နတ်စည်းစိမ်ကို ခံစားရသော်လည်း တဏှာလောဘကို ပြည့်စေရန် မတတ်နိုင်ဘဲ သေရရှာလေ၏"ဟု 'မန္ဓာတုဇာတ်'ကို ဟောကြားတော်မူပြီးနောက် နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၁၈၆။ "အသပြာမိုး ရွာသွန်းပေးသဖြင့်လည်း ကာမတို့၌ ရောင့်ရဲတင်းတိမ်မှု မရှိ။ ကာမတို့သည် သာယာဘွယ် မရှိကုန်။ ဆင်းရဲကုန်ဟု (သိမြင်၍) ပညာရှိသော-

၁၈၇ ။ "မြတ်စွာဘုရား၏ တပည့်သာဝကသည် နတ်၌ဖြစ်သော ကာမတို့၌ပင် မမွေ့လျော်ချေ။ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်ပေ၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်သည် သောတာပန် ဖြစ်လေ၏။

## ၁၅၃။ အင်္ဂဒတ္တ ပုဏ္ဏား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပသေနဒီကောသလ မင်းကြီး၏ ဖခင် မဟာကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်သော 'အင်္ဂဒတ္တ'ပုဏ္ဏားကြီးသည် ထိုမင်းကြီးနတ်ရွာစံသည့် နောက်တွင်(မြတ်စွာဘုရား မပွင့်မီ) မိမိ၏ ပစ္စည်းဥစ္စာတို့ကို ခုနစ်ရက်လုံး စွန့်ကြဲလှူဒါန်းပြီး ရသေ့ ရဟန်းပြု၍ နေ၏။ အင်္ဂဒတ္တသည် အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်းတို့ အကြား၌ နဂါးမင်းကြီးတဦး အုပ်စိုးသည့် သဲပုံကြီးအနီးတွင် နေထိုင်လျက် တပည့် ရသေ့တသောင်းတို့အားရင်း၊ ထိုတိုင်း သုံးတိုင်းမှ လူတို့အားရင်း "တော, တောင်, အာရာမ်, သစ်ပင်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြလော့။ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းသည် ဝဋ်ဆင်းရဲအားလုံးမှ ကင်းလွတ်ကုန်လတံ့"ဟု အဆုံးအမကို ပေးလေ၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီး ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တနေ့သ၌ နံနက်စောစော လောကကို ကြည့်သော် ထိုအင်္ဂဒတ္တနှင့်တကွ ရသေ့တသောင်းလုံး ရဟန္တာများ ဖြစ်ကြလတံ့သည်ကို မြင်တော်မူ၏။ ညနေချိန်တွင် ရှင်မောဂ္ဂလ္လာန်အား "ချစ်သား၊ သင်သည် အင်္ဂဒတ္တပုဏ္ဏားကြီးကို သွား၍ ဆုံးမနှင့်လော့။ ငါဘုရားသည် နောက်မှ လိုက်ခဲ့တော်မူအံ့"ဟု မိန့်တော်မူ၏။ ရှင်မောဂ္ဂလ္လာန်သည် သွား၍ အင်္ဂဒတ္တပုဏ္ဏားကြီးထံမှ ထိုသဲပုံကြီးတွင် တညတာနေခွင့်ကို အဖန်တလဲလဲ ပြောဆို တောင်းခံပြီး ထိုကြမ်းတမ်းလှသည့် နဂါးမင်းကြီးကိုတန်ခိုးဖြင့် အခိုးလျှံများကို လွှတ်ကာ တိုက်ခိုက်၍ မာန်မာန ကင်း၍ယဉ်ကျေးအောင် ဆုံးမလေ၏။ နဂါးမင်းသည် သဲပုံကြီးကို အခွေတို့ဖြင့် ရစ်ပတ်လျက် ပါးပျဉ်းကြီးကို ဖန်ဆင်းပြီး ရှင်မောဂ္ဂလ္လာန်ပေါ်၌ ဆောင်းပေးကာ နေ၏။ ရသေ့အပေါင်းသည် ရဟန်း သေ,မသေ ကြည့်ရှုရန် နံနက်စောစော လာ၍ မထေရ်ကို ဤသို့ မြင်ကြရလျှင် လက်အုပ်ချီလျက် ချီးမွမ်းပြောဆိုနေကုန်၏။

ထိုခဏ၌ပင် မြတ်စွာဘုရား ကြွလာတော်မူ၏။ ရှင်မောဂ္ဂလ္လာန်သည် ဘုရားရှင်ကို မြင်လျှင် နေရာမှ ထ၍ ရှိခိုးလျက် "ငါ့ကား အတုမရှိသော ဤဘုရားသခင်၏ တပည့်တည်း"ဟု ရသေ့တို့အား ပြောဆိုလေ၏။ ဘုရားရှင်

## ၁၅၆။ ကဿပ ဘုရား၏ ရွှေစေတီ

မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူစဉ်။

မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် သာဝတ္ထိပြည်မှ ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွတော်မူရာ ခရီးအကြား၌ 'တောဒေယျ' ပုဏ္ဏားရွာအနီးရှိ နတ်ကွန်းနေရာ တခုသို့ ရောက်တော် မူ၏။ ဘုရားရှင်သည် ရှင်အာနန္ဒာအား မနီးမဝေး၌ လယ်ထွန်နေသည့် ပုဏ္ဏားတဦးကို ခေါ်စေတော်မူ၏။ ထိုပုဏ္ဏားသည် လာ၍ ဘုရားရှင်ကို ရှိမခိုးဘဲ ထိုနတ်ကွန်းနေရာကိုသာ ရှိခိုးလျက် ရပ်နေ၏။ မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ သင်သည် ဤစေတီနေရာကို ရှိခိုး၍ ကောင်းသော အမှုကို ပြုပေ၏" ဟု ပုဏ္ဏားကြီးကို ရွှင်လန်းနှစ်သက်စေပြီး ကဿပဘုရား၏ တယူဇနာအမြင့်ရှိ ရွှေစေတီနှင့် အခြားသော စေတီတဆူကို တန်ခိုးတော်ဖြင့် ယုတ်ဆောင်၍ ကောင်းကင်၌ ဖန်ဆင်းထားတော်မူပြီး၊ ထိုပုဏ္ဏားကြီးနှင့်တကွ လူများစွာတို့အား ပြကာ ဖူးမျှော်စေ၏။ ထိုနောက် ပုဏ္ဏားကြီးအား "ကိုယ်တော် ဓာတ်တော်စသော သရီရ စေတီတော်, ရုပ်ပွား ဆင်းတု ဟူသော ဥဒ္ဒိဿ စေတီတော်, သင်္ကန်းစသည့် ပရိက္ခရာနှင့်တကွ ဗောဓိပင်စသော ပရိဘောဂ စေတီတော်" ဟူ၍ စေတီတော် သုံးမျိုးအကြောင်းကို ဟောပြတော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၁၉၅။ "ပူဇော်ထိုက်ကုန်သော၊ 'တဏှာ, မာန, ဒိဋ္ဌိ' ဟူသော သံသရာ နယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးကုန်သော၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို လွန်မြောက်ပြီး ကုန်သော (သက်တော်ထင်ရှားရှိ) ဘုရားရှင်များ, (ပစ္စေက ဗုဒ္ဓါများ) ဘုရားတပည့် သာဝကများကို ပူဇော်သော ပုဂ္ဂိုလ်၏ရင်း၊

၁၉၆။ "ကိလေသာ ငြိမ်းအေး နိဗ္ဗာန်သို့ စံဝင်ပြီးကုန်သော၊ ဘဝဘေးရန် တစုံတရာ မရှိတော့ကုန်သော ထိုသို့သော ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာ သာဝကတို့ကို ပူဇော်သော သူ၏ရင်း ကောင်းမှုကို 'ဤကောင်းမှုသည် ဤမျှအကျိုးရှိ၏' ဟူ၍ တစုံတယောက်သော သူသည်လည်း ရေတွက်ရန် မစွမ်းနိုင်ပေ။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားကြီးသည် သောတာပန် ဖြစ်လေ၏။ ခုနစ်ရက်လုံး ကောင်းကင်၌ တည်နေသည့် ထိုရွှေစေတီတော်ကြီးကို လူများစွာတို့ ခုနစ်ရက်လုံး ပူဇော်ကြလေ၏။

## [၁၅] သုခဝဂ်

### ၁၅၇။ ဆွေမျိုးတို့၏ ခိုက်ရန်ငြိမ်းခြင်း

မြတ်စွာဘုရား ဘဂ္ဂတိုင်းတို့၌ နေတော်မူစဉ်။

ကပိလဝတ်ပြည်နှင့်ကောလိယပြည်တို့၌ နေထိုင်ကြသော သာကီနွယ်ဘွား လယ်သမားတို့သည် နယုန်လ၌ မိမိတို့၏ ကောက်ပင်များ ညှိုးနွမ်းကုန်သဖြင့် နှစ်ပြည်ထောင်အကြားရှိ ရောဟိနီမြစ်မှ သူ့ဘက်၊ ကိုယ့်ဘက် ရေယူဆောင်လိုခြင်းနှင့်ပတ်သက်ပြီး အချင်းချင်း 'အမျိုးယုတ်' စသည်တို့ဖြင့် ဆဲဆိုပုတ်ခတ် ခိုက်ရန်ဖြစ်ကြ၏။ ထိုနှစ်ဖက်သော လယ်သမားတို့သည် သွား၍ မိမိ မိမိတို့၏ အမှုစီရင် အမတ်များအား တိုင်ပင်ကြ၏။ အမတ်တို့လည်း မင်းဆွေမင်းမျိုးတို့အား ပြောကြားကြ၏။ နှစ်ဖက်သော သာကီဝင်မင်းမျိုးတို့သည် ရေအတွက် စစ်ခင်းရန် စစ်ရေးပြလျက် ထွက်လာကြ၏။ မြတ်စွာဘုရားလည်း ထိုနေ့နံနက်စောစော လောကကို ကြည့်သော် ထိုအကြောင်းကို သိမြင်တော်မူ၍ ကောင်းကင်ဖြင့် တပါးတည်း ကြွကာ မြစ်၏အလယ် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ ဆွေတော် မျိုးတော်တို့သည် ဘုရားရှင်ကို မြင်ကြလျှင် လက်နက်များကို စွန့်၍ ရှိခိုးနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက "သင်တို့သည် အဖိုးအနည်းငယ် ထိုက်သည့် ရေအတွက်ကြောင့် အတိုင်းမသိ အဖိုးထိုက်သည့် မိမိတို့ကို ဖျက်ဆီးရန် မသင့်လျော်ပေစွ။ ဤသို့ အဘယ့်ကြောင့် ပြုကြကုန်ဘိသနည်း။ ငါဘုရား မရှိလျှင် ယနေ့ သွေးသည် မြစ်ကဲ့သို့ စီးရလေပြီ။ သင်တို့သည် ရန်ငါးပါး ရှိလျက် နေကြဘိ၏။ ငါဘုရားကား ရန်မရှိဘဲ နေတော်မူ၏။ သင်တို့သည် ကိလေသာအနာရှိကုန်လျက် နေကြဘိ၏။ ငါဘုရားကား ကိလေသာ အနာ

မရှိဘဲ နေတော်မူ၏။ သင်တို့သည် ကာမဂုဏ်အတွက် ကြောင့်ကြစိုက်လျက် နေကြဘိ၏။ ငါဘုရားကား ကြောင့်ကြမရှိဘဲ နေတော်မူ၏”ဟု မိန့်တော်မူပြီး သုံးဂါထာဖြင့် ဤသို့ ဆိုးမတော်မူ၏။

၁၉၇။ “ငါတို့သည် ရန်ငါးပါး ရှိကုန်သော လူတို့အလယ်၌ ရန်မရှိကြဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ရန်ငါးပါး ရှိကုန်သော လူတို့ အလယ်၌ ရန်မရှိကြဘဲ ငါတို့နေနိုင်ကုန်၏။

၁၉၈။ “ငါတို့သည် ကိလေသာ နှိပ်စက်ခံရကုန်သောလူတို့အလယ်၌ကိလေသာ အနှိပ်စက် မခံကြရဘဲ အလွန် ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ကိလေသာ အနှိပ်စက်ခံရကုန်သော လူတို့အလယ်၌ ကိလေသာ အနှိပ် စက်မခံကြရဘဲ ငါတို့ နေနိုင်ကုန်၏။

၁၉၉။ “ငါတို့သည် ကာမဂုဏ်အတွက် လွန်စွာ ကြောင့်ကြ အားထုတ်ကုန် သော လူတို့အလယ်၌ ကာမဂုဏ်အတွက် ကြောင့်ကြ အားထုတ်ခြင်း မရှိကြဘဲ အလွန် ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ကာမဂုဏ် အတွက် လွန်စွာ ကြောင့်ကြ အားထုတ်ကုန်သော လူတို့ အလယ်၌ ကာမဂုဏ်အတွက် ကြောင့်ကြအားထုတ်ခြင်း မရှိကြဘဲ ငါတို့နေနိုင် ကုန်၏။

ဤတရားကို ကြားနာပြီးသော် လူများစွာတို့ သောတာပန် ဖြစ်ကြ လေ၏။

## ၁၅၈။ မာရ်နတ်

မြတ်စွာဘုရား ပဉ္စသာလမြို့ ပုဏ္ဏားရွာ၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် သတို့သမီးငါးရာတို့ သောတာပန်ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ထိုရွာကို အမှီပြုလျက် နေတော်မူ၏။ ထိုသတို့သမီးသည် တခု သော နက္ခတ်သဘင်ပွဲနေ့၌ မြစ်သို့ ရေသွားချိုးပြီး တန်ဆာများဆင်လျက် ရွာဆီသို့ သွားကြသော် မြတ်စွာဘုရားလည်း ထိုရွာသို့ ဝင်၍ ဆွမ်းခံတော် မူ၏။ ထိုအခါ မာရ်နတ်သည် ရွာသားအားလုံး၏ ကိုယ်၌ ပူးဝင်ကာ ဆွမ်း တဇွန်းမျှ မလှူအောင် ပြုလေ၏။ ဘုရားရှင်လည်း ဆွမ်းတဇွန်းမျှ မရဘဲ ပြန်ကြွသော် မာရ်နတ်သည် ရွာတံခါး၌ “ရှင်ရဟန်း၊ဆွမ်းရပါ၏လော”ဟု

လျှောက်ဆိုလျှင် မြတ်စွာဘုရားက "မာရ်နတ်ယုတ်၊ သင်သည် ငါဘုရား ဆွမ်းမရအောင် ပြုဘိ၏"ဟု မိန့်တော်မူ၏။ ထိုခဏ၌ ထိုသတို့သမီးငါးရာတို့ ရောက်လာကြပြီး ဘုရားရှင်ကို ရှိခိုးလျက် နေကြသော် မာရ်နတ်က "မြတ်စွာ ဘုရား ဆွမ်းမရသဖြင့် ဆာလောင်၍ ဆင်းရဲနေပြီလော"ဟု လျှောက်၏။ ဘုရားရှင်က "မာရ်နတ်ယုတ်၊ ငါတို့သည် ယနေ့ ဆွမ်းမရသော်လည်း မဟာဗြဟ္မာကြီးများကဲ့သို့ ပီတိ တည်းဟူသော ချမ်းသာခြင်းဖြင့် နေနိုင် ကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၀။ "ငါတို့သည် စိုးရိမ်ကြောင့်ကြမှု တစုံတရာ မရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ အာဘဿရာ ဗြဟ္မာမင်းကြီးများ ကဲ့သို့ ပီတိ တည်းဟူသော အစာရှိကြ၍ နေနိုင်ကုန်၏။"

ဤတရားကို ကြားနာပြီးသော် ထိုသတို့သမီးငါးရာတို့ သောတာပန် ဖြစ်ကြလေ၏။

## ၁၅၉။ ကောသလမင်း စစ်ရှုံးခြင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကောသလမင်းကြီးသည် ကာသိကရွာကို မှီ၍ တူဖြစ်သူ အဇာတသတ် မင်းနှင့် စစ်ထိုး၍ သုံးကြိမ်တိုင် စစ်ရှုံးသော် "ငါသည် ပါးစပ်၌ နို့ရည် မစင်သေးသည့် သူငယ်ကိုတောင်မှ မနိုင်နိုင်။ ငါအသက်ရှင်နေ၍ အဘယ် အကျိုးရှိအံ့နည်း" ဟု အစာမစားဘဲ ညောင်စောင်းပေါ်၌ အိပ်လေ၏။ ထိုအကြောင်းသည် တမြို့လုံး ပျံ့နှံ့သွား၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ နိုင်သောသူလည်း ရန်ပွား၏။ ရှုံးသောသူလည်း နှလုံးမသာမယာ ဆင်းရဲစွာ အိပ်ရ၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၁။ "နိုင်သောသူသည် ရန်ကို ပွားစေ၏။ ရှုံးသောသူသည် ဆင်းရဲစွာ နေရ အိပ်ရ၏။ ကိလေသာ ငြိမ်းပြီးသောသူ (ရဟန္တာ)သည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာ နေရ အိပ်ရ၏။"

## ၁၆၀။ သတို့သမီးငယ် တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သတို့သမီးငယ်တဦးအား ထိမ်းမြားသောနေ့တွင် မိဘတို့သည် ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းကို အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကျွေးကြ၏။ သတို့သားသည် ဆွမ်းကျွေးရာတွင် ပြုဘွယ်ကိစ္စများကို ပြုလျက်၊ လှုပ်ရှားသွားလာနေသည့် သတို့သမီးကို ရပ်ကြည့်လျက် ကိလေသာ ထကြွလာပြီး အဝိဇ္ဇာမှောင် ဖုံးလွှမ်းနေသဖြင့် ဘုရားရှင်၊ မဟာသာဝကကြီးတို့ကိုပင် မလုပ်ကျွေးနိုင်ရှာဘဲ လက်ကိုဆန့်တန်းကာ "ဇနီးသည်ကို ဆွဲကိုင်လိုက်အံ့"ဟု ကြံမိ၏။ မြတ်စွာဘုရားသည် သူ့အကြံကို သိတော်မူ၍ သူ့အား ထိုသတို့သမီးကို မမြင်နိုင်အောင် တန်ခိုးဖြင့် ဖုံးကွယ်တော်မူ၏။ သူသည် သတို့သမီးကို မမြင်ရသော် ဘုရားရှင်ကို ဖူးမျှော်ကာနေ၏။ ထိုအခါ မြတ်စွာဘုရားက "ရာဂမီးနှင့်တူသော မီးသည်မရှိ။ ဒေါသအပြစ်နှင့်တူသော အပြစ်သည် မရှိ။ ခန္ဓာဝန်ကို သယ်ဆောင်ရသည့် ဆင်းရဲခြင်းနှင့် တူသော ဆင်းရဲခြင်းသည် မရှိ။ နိဗ္ဗာန် ချမ်းသာနှင့်တူသော ချမ်းသာခြင်း သည်မရှိ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၂။ "ရာဂနှင့်တူသော မီးသည် မရှိ။ ဒေါသနှင့်တူသော အပြစ်သည်
မရှိ။ အမြဲရွက်ဆောင်ရသည့် ခန္ဓာကိုယ်နှင့်တူသော ဆင်းရဲခြင်းသည်
မရှိ။ နိဗ္ဗာန်နှင့်တူသော ချမ်းသာခြင်းသည် မရှိ။"

ဤတရားကို ကြားနာပြီးသော် ထိုလင်မယား နှစ်ဦး သောတာပန်ဖြစ်ကြလေ၏။

## ၁၆၁။ နွားကျောင်းသား တဦး

မြတ်စွာဘုရား အာဠဝီပြည်၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် တနေ့သ၌ နံနက်စောစော လောကကို ကြည့်သော် အာဠဝီပြည်၌ နွားကျောင်းသား ဆင်းရဲသားတဦး သောတာပန် ဖြစ်

လတံ့သည်ကို မြင်တော်မူ၍ ရဟန်းငါးရာ ခြံရံလျက် ယုဇနာ ၃၀ သုံးဆယ် ဝေးသည့် အာဠဝီပြည်သို့ ကြွတော်မူ၏။ အာဠဝီ ပြည်သားတို့သည် ဘုရားရှင်နှင့်တကွ ရဟန်း အပေါင်းအား နောက်တနေ့နံနက် ဆွမ်းပင့်ဖိတ်၍ ကျွေးမွေးကြ၏။ ထိုနွားကျောင်းသားလည်း ဘုရားရှင်၏ တရားကို နာလိုသော်လည်း ထိုနေ့နံနက် နွားတကောင် ပျောက်သွားသဖြင့် "နွားကို ရှာပြီးမှ တရားနာအံ့"ဟု တောသို့သွား၍ နွားကို ရှာနေ၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် အနုမောဒနာ မဟောသေးဘဲ ထိုနွားကျောင်းသား အလာကို ဆိုင်းငံ့နေတော်မူ၏။ နွားကျောင်းသားလည်း တောထဲ၌ နေ့လယ်မှ နွားကိုတွေ့၍ နွားအုပ်ထဲ ထည့်သွင်းပြီး ဆာဆာလောင်လောင်ဖြင့် ဘုရားရှင်ထံ တောက်လျှောက်သွား၏။ ဘုရားရှင်သည် လူတို့ကို "ဤနွားကျောင်းသားအား ထမင်းကို ပေးလော့"ဟု မိန့်တော်မူ၏။

နွားကျောင်းသားလည်း စားသောက်ပြီး ဆာလောင်မှုငြိမ်းကာ စိတ်တည်ကြည်မှုကိုရသော် မြတ်စွာဘုရားသည် အစဉ်အတိုင်းဖြစ်သောစကားကို ဟောတော်မူ၏။ တရားပြီးဆုံးသော် ထိုနွားကျောင်းသားသည် သောတာပန်ဖြစ်၏။ မြတ်စွာဘုရားလည်း အနုမောဒနာပြုပြီး ဖဲကြွတော်မူ၏။ ခရီးသွားနေစဉ်ပင် ရဟန်းတို့က "မြတ်စွာဘုရားကား ယနေ့ ရှေးကနှင့်မတူ။ ထိုလူအား မြင်မြင်ချင်း ယာဂု စသည်တို့ကို ပေးစေဘိ၏"ဟု ကဲ့ရဲ့ကြ၏။ မြတ်စွာဘုရားသည် ထိုစကားကို ကြားသိတော်မူသော် "ငါဘုရားသည် ဤသူကြောင့်သာ ဤခရီးဝေးကြီးကို ကြွလာခဲ့ရ၏။ နွားကျောင်းသားသည် တော၌ပျောက်သည့် နွားကို လှည့်လည် ရှာဖွေရ၏။ ဆာလောင်နေသူသည် တရားတော်ကို ထိုးထွင်း၍ မသိနိုင်သဖြင့် ဤသို့ပြုတော်မူရ၏။ မွတ်သိပ်ဆာလောင်ခြင်းနှင့်တူသည့် အနာရောဂါ မရှိ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၃။ "ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်အကဲဆုံးသော အနာရောဂါမည်၏။ ခန္ဓာငါးပါး သင်္ခါရ တရားတို့သည် အလွန်အကဲဆုံးသော ဆင်းရဲတို့ မည်ကုန်၏။ နိဗ္ဗာန်သည် အလွန်အကဲဆုံးသော ချမ်းသာမည်၏။ ပညာရှိသည် ဤသို့ ဟုတ်တိုင်းမှန်စွာ သိ၍ (နိဗ္ဗာန်ကို မျက်မှောက်ပြု၏။)"

## ၁၆၂။ ကောသလမင်းကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ ခနေတော်မူစဉ်။

တနေ့သ၌ ကောသလမင်းကြီးသည် စားနေကျအတိုင်း ဆန်တစိတ်ချက် ထမင်းနှင့်တကွ ညီမျှသော အမဲဟင်းလျာဖြင့် နံနက်စာ စားပြီး ဘုရားရှင်ထံသွား၍ တရားနာရာ ထမင်းကြောင့် ငိုက်မျဉ်းကာ ထိုမှဤမှ လူးလဲနေရှာ၏။ မြတ်စွာဘုရားက "မင်းကြီး၊ အလွန်များစွာ စားခြင်းသည် ဤသို့ ဆင်းရဲရတတ်၏။ အတိုင်းအရှည်ဖြင့် စားသောသူသည် ချမ်းသာစွာ နေရ၏"ဟု မိန့်တော်မူ၏။ မင်းကြီးသည် နောက်နေ့မှစ၍ ထမင်းတလုပ်စာ လျှော့လျှော့ စားသွားသဖြင့် နောက်ဆုံး တစလယ်ချက် ထမင်းဖြင့် နေနိုင်လာ၍ ကိုယ်ခန္ဓာ ပိန်သွားကာ ပေါ့ပါး ကျန်းမာ, ချမ်းသာစွာ နေရလေ၏။ တနေ့သ၌ သူသည် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကိုလျှောက်ထား၏။ မြတ်စွာဘုရားက "မင်းကြီး၊ အနာရောဂါ မရှိခြင်းသည် မြတ်သောလာဘ်မည်။ ရသမျှပစ္စည်းဖြင့် ရောင့်ရဲခြင်းနှင့်တူသော ဥစ္စာ၊ ချစ်ကျွမ်းဝင်ခြင်းနှင့်တူသော ဆွေမျိုး၊ နိဗ္ဗာန်နှင့်တူသော ချမ်းသာမည်သည် မရှိ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၄။ "အနာရောဂါ ကင်းခြင်းသည် အမြတ်ဆုံးလာဘ်တည်း။ ရောင့်ရဲ ကျေနပ်မှုသည် အမြတ်ဆုံးဥစ္စာတည်း။ ချစ်ကျွမ်းဝင်ခြင်းသည် အမြတ်ဆုံးဆွေမျိုးတည်း။ နိဗ္ဗာန်သည် အမြတ်ဆုံး ချမ်းသာတည်း။"

## ၁၆၃။ တိဿ မထေရ်

မြတ်စွာဘုရား ဝေသာလီပြည်၌ နေတော်မူစဉ်။

"ရဟန်းတို့၊ ငါဘုရားသည် ဤနေ့မှစ၍ လေးလလွန်လျှင် ပရိနိဗ္ဗာန် စံတော်မူအံ့"ဟု ဘုရားရှင် မိန့်တော်မူသော် ပုထုဇဉ် ရဟန်းတို့သည် ငိုကြွေး ကုန်လျက် "ငါတို့ ဘယ်သို့ ပြုကြရပါကုန်အံ့နည်း"ဟု တိုင်ပင်ကာ ဘုရား

ရှင်ကို မစွန့်ခွာဘဲ သွားလာကုန်၏။ ထိုအခါ တိဿမထေရ်သည် “ငါကား ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ရဟန္တာဖြစ်အောင် တရား အားထုတ်အံ့”ဟု ဆိတ်ငြိမ်ရာ၌ တပါးတည်းတရားအားထုတ်ကာနေ၏။ ထိုရဟန်းတို့က သူ့ကို ဘုရားရှင်ထံ ခေါ်သွားကြပြီး “ဤတိဿ ရဟန်းသည် ဘုရားရှင် အပေါ် ချစ်မြတ်နိုးခြင်း မရှိပါ”ဟု အလုံးစုံ လျှောက်ကြ၏။ တိဿမထေရ်ထံမှ အကြောင်းစုံကို ကြားတော်မူလျှင် မြတ်စွာဘုရားက “ရဟန်းတို့၊ ငါဘုရား၌ ချစ်မြတ်နိုးသောသူသည် တိဿ ရဟန်းကဲ့သို့ ဖြစ်ကြလော့။ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကြသော်လည်း ငါဘုရားကို ပူဇော်ကြသည် မမည်။ လောကုတ္တရာ တရားကိုးပါးနှင့် လျော်သည့်အကျင့်ကို ကျင့်သူတို့သာ ငါဘုရားကို ပူဇော်ကြသည် မည်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၅။ “တရားတည်းဟူသော နှစ်သိမ့်မှု ပီတိအရသာကို သောက်ရသောသူသည် ဆိတ်ငြိမ်ရာ၌ တဦးတည်း နေခြင်းဖြင့် ရသော တရားအရသာကိုရင်း၊ ကိလေသာ အပူငြိမ်းရာ နိဗ္ဗာန်၏ အရသာကိုရင်း သောက်ရသောကြောင့် ရာဂ စသော အပူကင်း၍ မကောင်းမှုမှလည်း ကင်းလေ၏။”

ဤတရားကို ကြားနာပြီးသော် ထိုတိဿ မထေရ်သည် ရဟန္တာ ဖြစ်လေ၏။

## ၁၉၄။ သိကြားမင်း ဘုရားရှင်အား လုပ်ကျွေးခြင်း

မြတ်စွာဘုရား ဝေဠုဝန်ရွာ၌ နေတော်မူစဉ်။

အာယုသင်္ခါရ လွှတ်တော်မူသော် ဘုရားရှင်အား သွေးသွန်သောအနာရောဂါဖြစ်သည်ကိုသိရလျှင်၊ သိကြားမင်းသည်လာ၍ လက်များဖြင့် ခြေတော်တို့ကို ဆုပ်နယ်ကာ နေ၏။ မြတ်စွာဘုရားက “သိကြားမင်း၊ နတ်တို့အဖို့ လူတို့၏ အနံ့သည် ယူဇနာ တရာမှ နေ၍ လည်၌ ဆွဲထားသည့် အကောင်ပုပ်ကဲ့သို့ ဖြစ်၏။ သင်သွားလော့။ ငါ့အား ပြုစုမည့် ရဟန်းများ ရှိကုန်၏”ဟု မိန့်တော်မူ၏။ သိကြားမင်းက “တပည့်တော်သည် ယူဇနာ ၈၄၀၀၀ ဖြင့် သည့် မြင့်မိုရ်တောင်ထိပ်၌ နေလျက် ရှင်တော်ဘုရား၏ သီလတည်းဟူသော

အနံ့ကို နမ်းရှူရပါသဖြင့် ရောက်လာပါသည်။ တပည့်တော်သာ လုပ်ကျွေးပါမည်”ဟု လျှောက်ထားပြီး ဘုရားရှင်၏ အညစ်အကြေး အိုးကို သူတပါးအား လက်ဖြင့်ပင် ထိခွင့်မပေးဘဲ နံ့သာအိုးကဲ့သို့ ဦးခေါင်းပေါ်တင်၍ မျက်နှာရှုံ့တွန့်ခြင်းကိုမျှ မပြုဘဲ ထုတ်ဆောင်၏။ ဤသို့ ပြုစုသုတ်သင်ပြီး ဘုရားရှင် ချမ်းချမ်းသာသာ ရှိမှသာ ပြန်သွား၏။

ရဟန်းတို့က ထိုအကြောင်းကို တအံ့တသြ ပြောဆိုကြ၏။ မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူလျှင် “ရဟန်းတို့၊ သိကြားမင်းသည် ငါဘုရားအား ဤသို့ ချစ်မြတ်နိုးသည်မှာ အံ့သြဘွယ် မရှိ။ ဤသိကြားမင်းသည် ငါဘုရားကို မှီ၍ သိကြားအိုဘဝမှ စုတေပြီး သောတာပန်ဖြစ်ကာ သိကြားပျို ဘဝသစ်ကို ရခဲ့ရပေပြီ။ သိကြားမင်းဘဝမှ စုတေရတော့မည်ကို ကြောက်နေသော ထိုသကြားအိုကြီးသည် ပဉ္စသိခ နတ်သားကို ရှေ့က သွားစေပြီး ငါဘုရားထံ ရောက်လာသော် ငါဘုရား၏ တရားကို ကြားနာရဖြင့် ထိုင်လျက်ပင် သောတာပန် ဖြစ်ကာ တဖန် နုပျိုသော သိကြားမင်းဘဝသစ်ကို ရခဲ့ပေ၏”ဟု မိန့်တော်မူ၏။ ထိုနောက် “ရဟန်းတို့၊ အရိယာပုဂ္ဂိုလ်တို့အား ဖူးမြင်ရခြင်းသည် ချမ်းသာ၏။ ထိုအရိယာတို့နှင့်အတူ နေထိုင်ရခြင်းလည်း ချမ်းသာ၏။ မလိမ္မာသော သူမိုက်တို့နှင့် အတူနေရခြင်းကား အလွန်ဆင်းရဲလှ၏”ဟု မိန့်တော်မူပြီး သုံးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၆။ “အရိယာ သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်း၏။ သူတော်ကောင်းတို့နှင့်အတူ နေရခြင်းသည် အစဉ် ချမ်းသာ၏။ လူမိုက်တို့ကို မတွေ့ရခြင်းသည် အမြဲ ချမ်းသာ၏။

၂၀၇။ “လူမိုက်နှင့်အတူ ပေါင်းဖော် လှည့်လည်သော သူသည် ကာလရှည်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ‘ရန်သူနှင့် အတူနေရသကဲ့သို့’ အမြဲ ဆင်းရဲရ၏။ ပညာရှိနှင့် အတူနေရခြင်းသည် ‘ဆွေမျိုးများနှင့် အတူနေရဘိသကဲ့သို့’ ချမ်းသာ၏။

၂၀၈။ “ထို့ကြောင့် တည်ကြည်ခြင်း, အသိပညာ, ဗဟုသုတတို့လည်း ရှိသော၊ မဂ်ဖိုလ်တည်းဟူသော ဝန်ကိုလည်း ဆောင်လေ့ရှိသော၊ သီလအကျင့်, ဓုတင် အကျင့်လည်းရှိသော၊ ကိလေသာတို့မှ ကင်းဝေးသည်လည်း ဖြစ်သော ထိုကဲ့သို့သော ပညာရှိ သူတော်ကောင်းကို ‘လမင်းသည် နက္ခတ်တို့ သွားရာလမ်းကို ချဉ်းကပ်သကဲ့သို့’ မှီဝဲဆည်းကပ်ရာ၏။”

## [ ၁၆ ] ပိယ ဝဂ်

### ၁၆၅။ မိ,ဘ,သား ရဟန်းသုံးပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ သားရဟန်းပြုသဖြင့် မိဘတို့ပါ ရဟန်းပြုကြ၏။ ထို မိ, ဘ,သား ရဟန်းသုံးဦးတို့သည် တခြားစီ မနေနိုင်၍ ရဟန်းတို့၏ကျောင်း၌ ဖြစ်စေ, ရဟန်းမတို့၏ ကျောင်း၌ဖြစ်စေ တပေါင်းတည်းသာ စကားပြောလျက် နေကြသဖြင့် ရဟန်း, ရဟန်းမတို့အား အနှောက်အယှက် ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားသိလျှင် ထိုရဟန်းသုံးဦးကို ခေါ်၍ မေးမြန်းတော်မူပြီး "ရဟန်းပြုသည့်အခါမှ စ၍ ဤသို့ တပေါင်းတည်းနေရန် မသင့်။ ချစ်အပ်သော သတ္တဝါ, သင်္ခါရတို့ကို မမြင်ရခြင်းသည်၎င်း၊ မချစ်အပ်သော သတ္တဝါ,သင်္ခါရတို့ကို မြင်ရခြင်းသည်၎င်း ဆင်းရဲခြင်းသာ ဖြစ်၏။ ထို့ကြောင့် သတ္တဝါတို့၌၎င်း၊ ဝတ္ထု သင်္ခါရတို့၌၎င်း ချစ်ခြင်း, မချစ်ခြင်း နှစ်မျိုးကို ပြုရန် မသင့်"ဟု မိန့်တော်မူလျက် သုံးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၀၉။ "မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက်၊ အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ အကျိုးစီးပွားကို စွန့်ပြီး ချစ်ဘွယ်အာရုံ ကာမဂုဏ်ကို စွဲမက်သောသူသည် ကိုယ်တိုင် ကျင့်ကြံ အားထုတ်သောသူ(ရဟန်း) တို့၏ အကျိုးစီးပွား(လာဘ်လာဘ)ကို လိုလားတောင့်တ၏။

၂၁၀။ "ချစ်သောသူတို့နှင့် မပေါင်းဖော်သင့်။ မချစ်သောသူတို့နှင့် မည်သည့်အခါမျှ မပေါင်းဖော်သင့်။ ချစ်သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏။ မချစ်သောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁။ "ထို့ကြောင့်(လူဖြစ်စေ၊ ဝတ္ထုဖြစ်စေ) တစုံတရာ ချစ်ခင်စွဲလမ်းခြင်းကို မပြုရာ။ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာ။ ချစ်ခြင်း, မုန်းခြင်း မရှိသော သူတို့အား အနှောင်အဖွဲ့ 'ဂန္ထ' တရားတို့ မရှိကုန်။"

ဤတရားကို ကြားနာပြီးသော် ထိုသူသုံးဦးသည် တခြားစီ ခွဲခွာ၍ မနေနိုင်သဖြင့် လူထွက်သွားကြလေ၏။

## ၁၆၆။ သူကြွယ်တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ သူကြွယ်တဦးသည် သားသေဆုံး၍ ပူဆွေးသောကရောက်လျက် သုသာန်သို့သာ သွားရောက် ငိုကြွေးနေ၏။ မြတ်စွာဘုရားသည် နံနက်စောစော လောကကို ကြည့်ရှုသော် 'ထိုသူကြွယ် သောတာပန် ဖြစ်လတံ့' သည်ကို မြင်တော်မူ၍ နောက်ပါ ရဟန်းတပါးကို ခေါ်ပြီး ထိုသူကြွယ်အိမ်သို့ ကြွတော်မူ၏။ ဘုရားရှင်သည် သူကြွယ်ခင်းပေးသည့် နေရာ၌ ထိုင်တော်မူပြီး "ဒါယကာ၊ သင်သည် ဆင်းရဲဒုက္ခ ရရှိနေသလော" ဟု မေးတော်မူ၏။ သူကြွယ်က 'သားသေခြင်းကြောင့် ဖြစ်သော ဆင်းရဲကို လျှောက်ကြား' သော် မြတ်စွာဘုရားက "ဤသေခြင်းမည်သည် တနေရာတည်း၌ တဦးတည်းမှာသာ ဖြစ်သည်မဟုတ်။ ဘဝရှိသရွေ့ သတ္တဝါအားလုံးမှာ ဖြစ်ရသည်သာတည်း။ သေခြင်းသဘောရှိသည့် သတ္တဝါ, သင်္ခါရဟူသမျှ သေရချေ၏ တကားဟု 'မရဏာနုဿတိ' ကမ္မဋ္ဌာန်းကို ပွားများရာ၏။ 'ချစ်လှစွာသော သားသေလေစွ တကား' ဟု မကြံစည်လင့်။ မစိုးရိမ်လင့်။ စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်းသည် ချစ်ခြင်းကိုသာ မှီ၍ ဖြစ်တတ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁၂။ "ချစ်ခင်မှုကြောင့် စိုးရိမ်မှု ဖြစ်၏။ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်၏။ ချစ်ခင်မှု ကင်းလွတ်သောသူအား စိုးရိမ်မှု, ကြောက်ရွံ့မှု အဘယ်မှာ ရှိတော့အံ့နည်း။"

ဤတရားကို ကြားနာပြီးသော် ထိုသူကြွယ်သည် သောတာပန် ဖြစ်လေ၏။

## ၁၆၇။ ဝိသာခါ ကျောင်းအမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဝိသာခါသည် 'သုဒတ္တာ'မည်သော မြေးမ သေဆုံးသဖြင့် နှလုံး မသာ မယာဖြစ်ကာ မျက်ရည်စို့ရွှဲ ငိုကြွေးလျက် စိုးရိမ်သောကကို မခံနိုင်သဖြင့် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ဝိသာခါ၊ သာဝတ္ထိပြည်ကြီး၌ နေ့စဉ် လူများစွာ သေကြသည် မဟုတ်လော။ သင်သည် ထိုသေသူများကို သင့်မြေးကဲ့သို့ သဘောထားလျှင် နေ့ညမပြတ် ဤသို့ ငိုကြွေးမြည်တမ်းကာ လှည့်လည်နေရမည် မဟုတ်လော။ မြေးသေ၍ စိုးရိမ်မှု မဖြစ်လင့်။ စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်းသည် ချစ်ခင်မြတ်နိုးခြင်း 'တဏှာပေမ'ကြောင့်သာ ဖြစ်တတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁၃။ "ချစ်ခင်မြတ်နိုးမှုကြောင့် စိုးရိမ်မှု ဖြစ်၏။ ချစ်ခင်မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှု ဖြစ်၏။ ချစ်ခင်မြတ်နိုးမှုမှ ကင်းလွတ်သောသူအား စိုးရိမ်မှု, ကြောက်ရွံ့မှု အဘယ်မှာ ရှိတော့အံ့နည်း။"

## ၁၆၈။ လိစ္ဆဝီ မင်းသားများ

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူစဉ်။

တခုသော ပွဲသဘင်နေ့၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ဝေသာလီမြို့ထဲသို့ ဆွမ်းခံကြွသော် တန်ဆာများဆင်ယင်လျက် ဥယျာဉ်သို့ အပျော်အပါးထွက်ကြသည့် လိစ္ဆဝီမင်းသားတို့ကို မြင်တော်မူလျှင် "ရဟန်းတို့၊ တာဝတိံသာနတ်တို့ကို မမြင်ဘူးကြသူတို့သည် ဤလိစ္ဆဝီမင်းသားတို့ကို ကြည့်ရှုလော့"ဟု လိစ္ဆဝီမင်းသားတို့၏ လှပတင့်တယ်ခြင်းကို ချီးမွမ်းတော်မူပြီး မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုလိစ္ဆဝီမင်းသားတို့သည် ဥယျာဉ်ထဲ၌ ခေါ်လာခဲ့သည့် ပြည့်တန်ဆာမတဦးကို သူ့ထက်ငါ လိုချင်မှု, ငြူစူမှုကြောင့် အချင်းချင်း ရိုက်ပုတ်ကြသဖြင့် သွေးချောင်းစီးကြသော် ညောင်

စောင်းဖြင့် ယူ၍ ထမ်းလာကြကုန်၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးပြီး၍ မြို့မှ ထွက်လာ၏။ ရဟန်းတို့က "မိန်းမတဦးကြောင့် ဤမင်းသားတို့ ပျက်စီးကြပါ၏"ဟု လျှောက်သဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ စိုးရိမ်မှု, ကြောက်ရွံ့မှုသည် မွေ့လျော်ခြင်းကို မှီ၍ ဖြစ်တတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁၄။ "မွေ့လျော်မှုကြောင့် စိုးရိမ်မှု ဖြစ်၏။ မွေ့လျော်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်၏။ မွေ့လျော်မှုမှ ကင်းလွတ်သောသူအား စိုးရိမ်မှု, ကြောက်ရွံ့မှု အဘယ်မှာ ရှိတော့အံ့နည်း။"

## ၁၄၉။ အနိတ္ထိဂန္ဓ သတို့သား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ 'အနိတ္ထိဂန္ဓ'မည်သော သတို့သားသည် မိမိ၏ မယားလောင်းအဖြစ် မဒ္ဒတိုင်း သာဂလပြည်မှ ယာဉ်ဖြင့် ယူဆောင်လာသော အလွန်လှပ နူးညံ့လှသည့် သတို့သမီးလမ်းတွင် ယာဉ်တောက်၍ ရုတ်တရက် သေဆုံးသွားကြောင်းကြားသိသော် အလွန်အမင်း နှလုံးမသာမယာ ပူဆွေးသောက ရောက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် အနိတ္ထိဂန္ဓသတို့သား သောတာပန် ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ထိုသူ့အိမ်သို့ ကြွ၏။ သူ့မိဘတို့က ကပ်လှူသည့်ဆွမ်းကို ဘုန်းပေးပြီးသော် မြတ်စွာဘုရားသည် အိမ်ထဲ၌ ငိုကြွေးနေသည့်ထိုသတို့သားကို ခေါ်စေတော်မူ၍ "အဘယ့်ကြောင့် လွန်စွာစိုးရိမ်သောကဖြစ်နေဘိသနည်း"ဟု မေးတော်မူ၏။ သူက အကြောင်းစုံကို လျှောက်ကြားသော် မြတ်စွာဘုရားက "သတို့သား၊ ဝတ္ထုကာမကိုမှီ၍ လွန်စွာစိုးရိမ်ခြင်းဖြစ်တတ်၏။ စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်းသည် ဝတ္ထုကာမ, ကိလေသာကာမကို မှီ၍ ဖြစ်တတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁၅။ "ကာမကြောင့် စိုးရိမ်မှု ဖြစ်ရ၏။ ကာမကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏။ ကာမမှ ကင်းလွတ်သောသူအား စိုးရိမ်မှု, ကြောက်ရွံ့မှု အဘယ်မှာ ရှိတော့အံ့နည်း။"

ဤတရားကိုကြားနာပြီးသော် အနိတ္ထိဂန္ဓ သတို့သားသည် သောတာပန် ဖြစ်လေ၏။

## ၁၇၀။ ပုဏ္ဏား တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ မိစ္ဆာအယူရှိ လယ်သမားပုဏ္ဏားတဦး သောတာပန်ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ထိုပုဏ္ဏား လယ်စတင် ထွန်ယက်စိုက်ပျိုးချိန်မှစ၍ လယ်ဘွန်ရာသို့ မပြတ်သွားပြီး "ပုဏ္ဏား၊ အဘယ်ကို ပြုလုပ်သနည်း"ဟု မေးတော်မူလျက် ရင်းနှီးအောင် ပြုတော်မူ၏။ မကြာမီပင် ထိုပုဏ္ဏားသည် မြတ်စွာဘုရားကို ချစ်ခင်မြတ်နိုးလာသဖြင့် "ရှင်ဂေါတမ၊ သင်ကား ကျွန်ုပ် လယ်စတင် ထွန်ယက်စိုက်ပျိုးသည့်မှစ၍ လာခဲ့ပေ၏။ ကျွန်ုပ်၏ ကောက်ပင်သည် အကယ်၍ အောင်မြင်လျှင် သင့်အားခွဲဝေးပေးအံ့၊ မပေးဘဲမစားအံ့။ ယနေ့မှစ၍ သင်သည် ကျွန်ုပ်၏ မိတ်ဆွေတည်း"ဟု ရင်းနှီးစွာလျှောက်၏။ ဘုရားရှင် ကြိုတင်သိတော်မူသည့်အတိုင်းပင် ထိုပုဏ္ဏားကောက်ရိတ်သိမ်းမည့်နေ့ မတိုင်မီညက မိုးကြီးရွာသွန်းသဖြင့် ကောက်ပင်အားလုံး ရေထဲမျောပါသွား၏။

ထိုပုဏ္ဏားသည် "ငါ့အဆွေအား ကောက်စပါးခွဲဝေပေးပြီးမှ စားအံ့ဟု ငါကတိပြုခဲ့၏။ ယခုမူ ငါ့အလိုမပြည့်လေပြီ"ဟု စိုးရိမ်သောက ရောက်လျက် အိမ်တွင် အိပ်နေလေ၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ အခန်းထဲ၌ အိပ်နေသည့် ထိုပုဏ္ဏားကို ခေါ်စေ၏။ ထိုပုဏ္ဏားက စိတ်မချမ်းမသာ ဖြစ်ရပုံအလုံးစုံကို လျှောက်ကြားသော် မြတ်စွာဘုရားက "ပုဏ္ဏား၊ သင်ကား အဘယ်အရာကြောင့် စိုးရိမ်ခြင်းဖြစ်သည်ကို မသိချေ။ ငါကား သိပေ၏။ စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လတ်သော် ခြောက်ဒွါရ၌ ဖြစ်သော 'တဏှာ'ကို မှီ၍ ဖြစ်တတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁၆။ "တဏှာကြောင့် စိုးရိမ်မှု ဖြစ်ရ၏။ တဏှာကြောင့် ကြောက်ရွံ့မှု ဖြစ်၏။ တဏှာမှ ကင်းလွတ်သောသူအား စိုးရိမ်မှု, ကြောက်ရွံ့မှု အဘယ်မှာ ရှိတော့အံ့နည်း"။

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၁၇၁။ သူငယ်ငါးရာ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သော ပွဲသဘင်နေ့၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံကြွသော် သူငယ်ငါးရာတို့ မုန့်တောင်းများကိုထမ်းလျက် မြို့မှ ဥယျာဉ်သို့သွားကြသည်ကို မြင်တော်မူ၏။ ထိုသူငယ်တို့သည် ဘုရားရှင်ကို ရှိခိုးပြီး မုန့်အနည်းငယ်မျှ မလှူဘဲ ဖဲသွားကြ၏။ သူတို့သွားကြသော် မြတ်စွာဘုရားက "ရဟန်းတို့၊ ယနေ့ သင်တို့သည် ထိုသူငယ်တို့၏ မုန့်များကို စားကြရလတံ့။ မုန့်ရှင်ဖြစ်သော ရဟန်းသည် နောက်မှလိုက်ပါလာ၏။ ထိုမုန့်များကို သုံးဆောင်ပြီးမှ ကြွသင့်၏"ဟု မိန့်တော်မူပြီး သစ်ပင်တပင်၏ အရိပ်ထဲ၌ နေတော်မူ၏။ ထိုသူငယ်တို့သည် နောက်မှကြွလာသည့် ရှင်မဟာ ကဿပ မထေရ်ကို မြင်ရလျှင် ချစ်မြတ်နိုးကြသဖြင့် မုန့်တောင်းများကို ချပြီး မထေရ်အား ရှိခိုးလျက် တောင်းနှင့်တကွ မုန့်အားလုံးကို လှူကြ၏။

ထိုအခါ မထေရ်က "ငါတို့ဆရာ မြတ်စွာဘုရားသည်ရဟန်းတို့နှင့်တကွ သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ သင်တို့၏ မုန့်ကိုယူသွား၍ ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းအား လှူကြလော့"ဟု ဆို၏။ သူငယ်တို့သည် သွား၍ လှူကြ၏။ ထိုနေရာ၌ပင် မုန့်များကို ဘုရားရှင်နှင့် ရဟန်းတို့ သုံးဆောင်ကြပြီးသော် ထိုသူငယ်တို့ ရေကို ဆက်ကပ်ကြ၏။ ရဟန်းတို့က "ဤသူငယ်တို့သည် မျက်နှာလိုက်၍ လှူကြဘိ၏"ဟု ကဲ့ရဲ့ကြသည်ကို မြတ်စွာဘုရားကြားတော်မူလျှင် "ရဟန်းတို့၊ ငါ့သားတော် ကဿပနှင့် တူသည့် ရဟန်းကို နတ်လူတို့ ချစ်မြတ်နိုးကုန်၏။ ထိုရဟန်းအား ပစ္စည်းလေးပါးဖြင့် ပူဇော်ကြသည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၁၇။ "အကျင့်သီလ, မဂ်ဖိုလ်ဉာဏ်အမြင်နှင့် ပြည့်စုံသော၊ လောကုတ္တရာ တရား၌ တည်၍ အမှန်တရားကိုလည်းဆိုလေ့ရှိသော၊ မိမိပြုဘွယ်အကျင့် ကိစ္စကို ပြုကျင့်လေ့ရှိသော ထိုပုဂ္ဂိုလ်မျိုးကို လူအပေါင်းသည် ချစ်မြတ် နိုးပေ၏။"

ဤတရားကိုကြားနာပြီးသော် ထိုသူငယ်ငါးရာတို့ သောတာပန် ဖြစ်ကြလေ၏။

## ၁၇၂။ အနာဂါမိ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ တပည့်ရဟန်းများက "အရှင်ဘုရား၊ တရားထူးကို ရရှိပါသလော"ဟု မေးလျှောက်သော် ဆရာမထေရ်သည် အနာဂါမိ ပုဂ္ဂိုလ်သာ ဖြစ်၍ "အနာဂါမိဖိုလ်ကို လူတို့ပင် ရကြ၏။ ရဟန္တာဖြစ်မှသာ ထိုရဟန်းတို့နှင့် စကားပြောအံ့"ဟု ရှက်သဖြင့် ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေ၏။ နောက် ထိုမထေရ် ပျံလွန်သော် သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်၌ ဖြစ်၏။ သူ၏ ထိုတပည့် ရဟန်းတို့သည် ငိုကြွေးမြည်တမ်းကာ ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ထားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ သင်တို့ဆရာသည် အနာဂါမိဖြစ်ပြီး ယခု သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်၌ ဖြစ်လေပြီ။ လူတို့ပင် ရနိုင်သည့် အနာဂါမိ ဖိုလ်မျှကိုသာ သူရရှိသေး၍ ရှက်သဖြင့် မပြောဘဲ နေခြင်းဖြစ်၏။ သင်တို့ဆရာသည် ယခု ကာမ တဆယ့်တစ်ဘုံ၌ ဖွဲ့ယှက်ခြင်းကင်းသည့် စိတ်ကိုရပေပြီ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်၏။

၂၁၈။ "နိဗ္ဗာန်ရောက်လိုသည့် စိတ်ဆန္ဒပြင်းပြသော ရဟန်းသည် နိဗ္ဗာန်သို့ စိတ်ဖြင့် တွေ့ထိရောက်ရှိသူ ဖြစ်လျှင် ကာမတဆယ့်တစ်ဘုံ၌ ကပ်ငြိသည့်စိတ် မရှိတော့သဖြင့် ထိုရဟန်းကို 'အထက် အကနိဋ္ဌဗြဟ္မာ့ဘုံသို့ အစဉ်သဖြင့် သွားမည့်သူ'ဟု ဆိုအပ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၁၇၃။ နန္ဒိယ ဥပါသကာ

မြတ်စွာဘုရား မိဂဒါဝုန်တော၌ နေတော်မူစဉ်။

ဗာရာဏသီပြည်၌ သဒ္ဓါတရားတက်သန်သော 'နန္ဒိယ'အမည်ရှိ သူကြွယ်သည် တနေ့သ၌ ဘုရားရှင်ဟောသည့် ကျောင်းလှူခြင်း၌ ရရှိသော အကျိုး

များကို နာရ၍ ဣသိပတန မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ တိုက်ခန်း လေးဆယ့်, အထွတ်ပြာသာဒ်ဖြင့် တန်ဆာ ဆင်ထားသော ကျောင်းကို ညောင်စောင်းစသည် ပရိဘောဂများနှင့်တကွ ပြုလုပ်လှူဒါန်း၏။ ဘုရားရှင် လက်တော်၌ အလှူရေစက်ကို ချလိုက်သည်နှင့် တပြိုင်နက် သူ့အတွက် တာဝတိံသာနတ်ပြည်တွင် ရတနာခုနစ်ပါးဖြင့် ပြီးသော နတ်ဗိမာန်ကြီး နတ်သမီးများနှင့်တကွ ပေါ်ပေါက်လေ၏။ တနေ့သ၌ တာဝတိံသာသို့ ကြွသော ရှင်မောဂ္ဂလ္လာန်သည် ထိုဗိမာန်အနီးသို့ရောက်သွား၍ "ဤပြာသာဒ် သည် ဘယ်သူ့အတွက် ပေါ်ပေါက်သနည်း" ဟု မေး၏။ ထိုနတ်သမီးတို့က "ဣသိပတနအရပ်၌ ဘုရားရှင်အား ကျောင်းကို ဆောက်လုပ်လှူဒါန်းသော နန္ဒိယသူကြွယ်အတွက် ဤဗိမာန် ပေါက်ပါ၏။ သူ ရောက်မလာသေး၍ တပည့်တော်တို့ ပျင်းရိလှပါသဖြင့် နန္ဒိယအား နတ်ပြည်သို့ အမြန်ရောက် အောင် မိန့်တော်မူပေးပါ" ဟု လျှောက်ကြ၏။

ရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်မှ ဆင်းလာပြီး ဘုရားရှင်ထံ သွား၍ "လူ့ပြည်၌ ရှိနေတုန်းပင် ကောင်းမှုပြုသော သူတို့အတွက် နတ်ပြည်၌ နတ်စည်းစိမ် ဖြစ်နှင့်ကောင်းပါသလော" ဟု မေးလျှောက်၏။ မြတ်စွာဘုရား က "သင်သည် နတ်ပြည်၌ နန္ဒိယအတွက် နတ်စည်းစိမ်ကို မြင်ခဲ့ရပြီမဟုတ် လော။ အဘယ့်ကြောင့် ငါဘုရားကို မေးဘိသနည်း။ နတ်တို့သည် လူ့ပြည် ၌ ကုသိုလ်ပြုကြသော သူတို့အား 'အဝေးရောက်နေသည့် ဆွေမျိုး သားချင်းကဲ့သို့' မြန်မြန် ရောက်လာသည်ကို အလိုရှိကြဘိ၏။ ထိုသူတို့ နတ်ပြည်မှ စုတေသော် နတ်တို့က သူ့ထက်ငါ ခရီးဦးကြိုပြုလျက် လွန်စွာ ဝမ်းမြောက်ကုန်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော် မူ၏။

၂၁၉။ "ကြာမြင့်စွာ ကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်သော
ပုဂ္ဂိုလ်ကို(မြင်လျှင်) ဆွေမျိုး,မိတ်ဆွေများ, ချစ်ကျွမ်းဝင်သူများက
'ပြန်ရောက်လာပြီ'ဟု နှစ်သက် ဝမ်းမြောက်ကုန်၏။

၂၂၀။ "ထို့အတူပင် ဤဘဝ၌ ကုသိုလ်ပြုပြီးသော သူ့ကို ဤလောကမှ
တမလွန်ဘဝသို့ ရောက်လေသော် 'ပြန်ရောက်လာသည့် ဆွေမျိုးကို
ချစ်သော ဆွေမျိုးတို့က ဝမ်းမြောက်စွာ ကြိုဆိုကြသကဲ့သို့' ထိုသူ၏
ကောင်းမှုတို့က ဝမ်းမြောက်စွာ ကြိုဆိုကြကုန်၏။"

# [၁၇] ကောဓဝဂ်

## ၁၇၄။ ရောဟိနီ မင်းသမီး

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ အနုရုဒ္ဓါသည် ကပိလဝတ်ပြည်သို့ ကြွ၍ ကျောင်းသို့ သွားကာ နေ၏။ မထေရ်၏ ဆွေမျိုးတို့သည် ကျောင်းသို့ ရောက်လာကြ၏။ မထေရ်၏ နှမဖြစ်သူ 'ရောဟိနီ'သည်ကား အရေ၌ဖြစ်သော ရောဂါကြောင့် ရှက်သဖြင့် မရောက်လာပေ။ မထေရ်သည် 'ရောဟိနီ' ကို ခေါ်စေပြီး "သင်သည် မိမိဝတ်ဆင်ထားသည့် တန်ဆာကို ရောင်းချ၍ ဆွမ်းစားစရပ်ကို ဆောက်လုပ်လှူလော့"ဟု မိန့်ဆိုပြီး ဆွေမျိုးတို့အား သစ် စသည်တို့ကို ယူဆောင်စေ၏။ ရောဟိနီသည် တန်ဆာကို ရောင်းချ၍ ငွေတသောင်း ရရှိ၏။ မထေရ်သည် နှစ်ထပ်ရှိ ဆွမ်းစားစရပ် ဆောက်ခြင်းကို စီရင်လျက် ရောဟိနီအား "သင်သည် ဆွမ်းစားစရပ်ဆောက်စဉ် ပျဉ်ခင်းပြီးသည်မှစ၍နေ့စဉ် စရပ်အောက်၌ မပြတ် တံမြက်လှည်း၍ နေရာတို့ကို ခင်းလော့။ သောက်ရေအိုးတို့ကို မပြတ်တည်လော့" ဟု ဆို၏။ သူမသည် မထေရ်ဆိုတိုင်း ပြု၏။ ရဟန်းတို့သည်စရပ်အောက်၌ မပြတ် နေထိုင်ကြ၏။ စရပ်ဆောက်ပြီးသော် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား စရပ်၌ ဆွမ်းပင့်ကျွေး၏။

ရောဟိနီကား အနာဖြင့် ရှက်၍ မလာပေ။ ဘုရားရှင်သည် သူမကို ခေါ်စေပြီး "ရောဟိနီ၊ သင်သည် ရှေးဘဝ မိဖုရားဖြစ်စဉ်က မင်းကြီး၏ ကချေသည်မကို ရန်ငြိုးထားပြီး သူမ မသိအောင် သူမ၏ အဝတ်အစား, ခြုံထည်, အိပ်ရာတို့၌ ခွေးလေးသီးမှုန့်များကို ကြဲချသည့်ပြင် ကချေသည်မကို ပြက်ရယ်ပြုသလိုနှင့် ကိုယ်ပေါ်၌လည်း ကြဲဖြန့်၏။ ကချေသည်မသည် ခဏချင်း ယားယံကာ ကိုယ်၌ ယားနာဖုံများ ဖြစ်လာသဖြင့် အိပ်ရာသို့

သွားအိပ်ရာ အိပ်ရာ၌လည်း ထိုခွေးလေးသီးမှုန့်တို့ကြောင့် ပြင်းပြသော ဝေဒနာကို ရရှာ၏။ ဤသို့ အမျက်ဒေါသကို မှီ၍ ယခု သင့်မှာ ဤရောဂါ ရပေ၏”ဟု ရောဟိနီ၏ ရှေးမကောင်းမှုကံကို ဟောပြတော်မူ၏။ ထိုနောက် “အနည်းငယ်မျှသော အမျက်ထွက်ခြင်း, ငြူစူခြင်းကိုမျှ ပြုရန်မသင့်” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၂၁။ “အမျက်ဒေါသကို စွန့်ပယ်ရာ၏။ မာနကို စွန့်ပယ်ရာ၏။ သံယောဇဉ်
အားလုံးကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ တွယ်တာ ကပ်ငြိခြင်းမရှိရာ။
ကြောင့်ကြမရှိသောသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်နိုင်ကုန်။”

ဤတရားကို ကြားနာပြီးသော် ရောဟိနီသည် သောတာပန် ဖြစ်သည့် အပြင် ရောဂါပျောက်ကင်း၍ ကိုယ်သည် ရွှေအဆင်းနှင့် ပြည့်စုံလေ၏။

## ၁၇၅။ ရဟန်း တပါး

မြတ်စွာဘုရား အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ နေတော်မူစဉ်။

အာဠဝီတိုင်းသား ရဟန်းတပါးသည် မိမိအတွက် ကျောင်းဆောက်ရန် သစ်ပင်တပင်ကို ခုတ်ဖြတ်ရန် အားထုတ်သော် ထိုသစ်ပင်၌နေသည့် နတ်သား သည် သားငယ်ကို ချီကာ ရပ်လျက် “အရှင်ဘုရား၊ ဤဗိမာန်ကို မဖျက်ဆီး ပါလင့်။ သားငယ်ကို ပိုက်ချီလျက် နေစရာမရှိ၍ သွားလာလှည့်လည်ရန် မတတ်နိုင်ပါဘုရား” ဟု လျှောက်၏။ ထိုရဟန်းက နားမထောင်သော် ထိုနတ်သည် “ဤသားငယ်ကို မြင်လျှင် ရှောင်ကြဉ်လတံ့” ဟု ကြံ၍ သားငယ်ကို သစ်ကိုင်း၌ထား၏။ ထိုရဟန်းလည်း မြှောက်ချီသည့် ပုဆိန်ကို မထိန်းနိုင်သဖြင့် နတ်သူငယ်၏ လက်မောင်းကို ဖြတ်မိလေ၏။ နတ်သည် ပြင်းစွာ အမျက်ထွက်သဖြင့် ရဟန်းကို ပုတ်သတ်ရန် လက်နှစ်ဖက်ကို မြှောက်ချီပြီးမှ “ငါသည် ဤသီလ ရှိသော ရဟန်းကိုသတ်မိလျှင် ငရဲလားရ ပေအံ့။ တခြားနတ်တို့လည်း ငါကဲ့သို့ ပြုလုပ်ကုန်ရာ၏။ဤရဟန်းမှာ အရှင် သခင်ရှိပေ၏”ဟု ကြံမိသဖြင့် လက်တို့ကို ချ၍ ငိုကြွေးလျက် ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက “နတ်မင်း၊ ကောင်းပေစွ, ကောင်းပေစွ။ သင်သည် ကောင်းသောအမှုကို ပြုပေ၏။ ပြေးနေသော ရထားကို ရပ်တန့်

နိုင်သကဲ့သို့ ဤသို့ ထွက်သော ဒေါသကို ရပ်တန့်နိုင်ပေ၏”ဟု ကောင်းချီး ပေးတော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော် မူ၏။

၂၂၂။ “လျင်စွာ ပြေးနေသည့် ရထားနှင့်တူသော၊ ပြင်းစွာ ထွက်ပေါ်သည့် အမျက်ဒေါသကို တားမြစ်နိုင်သော သူကို ‘လိမ္မာသော (စိတ်) ရထား ထိန်း’ဟု ငါဘုရား ဟောတော်မူ၏။ ဤစိတ်ထိန်းနိုင်သူမှ တပါးသော သာမန်ရထားထိန်းသည်ကား ရထားကြိုးကိုင်သူမျှသာ ဖြစ်၏။”

ဤတရားကို ကြားနာပြီးသော် ထိုနတ်သည် သောတာပန် ဖြစ်လေ၏။ သူသည် ဂန္ဓကုဋိတိုက်အနီးရှိ နတ်မရှိတော့သော သစ်ပင်တပင်ကို ဘုရားရှင်က ပေးသနား၍ ရရှိသဖြင့် ဘုန်းတန်ခိုးရှိန်ဝါ ကြီးမားလေ၏။

## ၁၇၆။ ဥတ္တရာ ဥပါသိကာမ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်၌ ‘သုမန’သူဌေးကြီးကို အမှီပြု၍ လယ်ထွန်ခြင်း အမှုဖြင့် အခစားလုပ်၍ အသက်မွေးရရှာသော ‘ပုဏ္ဏ’ အမည်ရှိ သူဆင်းရဲနှင့် မယားတို့သည် တနေ့သ၌ “ခုနစ်ရက်လုံး နိရောဓသမာပတ် ဝင်စားရာမှ ထပြီး ချီးမြှောက်ရန် ဆွမ်းအတွက် ကြွလာသော” ရှင်သာရိပုတ္တရာအား ဆွမ်းကို လှူဒါန်းသည့် ကောင်းမှုကြောင့် ထိုနေ့၌ပင် ထွန်သည့် လယ်မြေတခုလုံး ရွှေသားပကတိ ဖြစ်သွားသည့်ပြင် မင်းကြီးပေးသည့် အိမ်ဆောက်ရာမြေကို တူးဆွလျှင်လည်း ထိုမြေနေရာနှင့်အပြည့် ရွှေအိုးများကို ရရှိသဖြင့် တမဟုတ်ချင်း သူဌေးကြီးရာထူးကို ရလေ၏။ ထိုအခါ ပုဏ္ဏသူဌေးနှင့် မယားတို့သည် သမီး ဥတ္တရာနှင့်အတူ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ခုနစ်ရက်လုံး ဆွမ်းကျွေးကာ အလှူကြီး ပေး၏။ အလှူပေးပြီးသည့် အဆုံး၌ ဘုရားရှင်ဟောကြားသည့် တရားကို နာပြီးသော် သုံးဦးလုံး သောတာပန် ဖြစ်ကြလေ၏။

နောက် ရာဇဂြိုဟ် သူဌေးကြီးသည် မိမိသားအတွက် ပုဏ္ဏသူဌေးထံ လာ၍ သမီးကို အဖန်တလဲလဲ တောင်းခံသဖြင့် ဥတ္တရာသည် ရာဇဂြိုဟ်သူဌေးကြီး အိမ်သို့ လိုက်ပါသွားရပြီး သူဌေးသားနှင့် လက်ထပ် လိုက်ရ၏။ ထိုသူဌေးသားသည် မိစ္ဆာအယူရှိသဖြင့် ဥတ္တရာသည် ဘုရားအမှူးရှိသော

ရဟန်းအပေါင်းအား လှူဒါန်းခွင့် မရသည်မှာ ဝါတွင်းသုံးလတွင် နှစ်လခဲ့ ကုန်သွားခဲ့ပေ၏။ ထိုအခါ ဥတ္တရာသည်ဖခင်ထံသို့ "ဖခင်၊ သမီးကို ဤနှောင် အိမ်ကြီးသို့ အဘယ်ကြောင့် ထည့်သွင်းထားလေသနည်း။ ရဟန်းသံဃာကို မမြင်ရ၊ မလှူရ ဖြစ်နေလေပြီ"ဟု သတင်း ပို့လိုက်၏။ ဖခင်က သမီးထံ ငွေတသောင်းငါးထောင် ပို့လိုက်၏။ ဥတ္တရာသည် ရာဇဂြိုဟ်ပြည်၌ တည တထောင်ပေးမှ ပျော်ပါးနိုင်သည့် "သိရိမာ"မည်သော ပြည့်တန်ဆာမကို ခေါ်စေပြီး 'သူငယ်ချင်း၊ ဤငွေတို့ကို ယူ၍ ဆဲ့ငါးရက်လုံး ညီး၏မိတ်ဆွေ ဤသူဌေးသားကို လုပ်ကျွေးပြုစုပါ"ဟု ဆို၏။ သိရိမာလည်း သဘောတူ၏။ သူဌေးသားလည်း သိရိမာကို အလွန်တပ်မက်၍ ဥတ္တရာအား ကုသိုလ်ပြုခွင့် ပေးလေ၏။

ဥတ္တရာသည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကိုမိမိတို့အိမ်သို့ ဆဲ့ငါး ရက်တိုင် ဆွမ်းဘုဉ်းပေးကြရန် ပင့်ဖိတ်ပြီး အိမ်၌ ဆွမ်းကျွေးရန် စဖိုအိမ်ထဲ၌ ချွေးတလုံးလုံးနှင့် လုပ်ကိုင်နေ၏။ လင်သူဌေးသားသည် လေသာပြူတင်းမှ စဖိုအိမ်၌ ချွေးတလုံးလုံးနှင့် လုပ်ကိုင်နေသည့် ဥတ္တရာကိုမြင်လျှင် "ဥတ္တရာ ကား အလွန်မိုက်မဲလေစွ။ စည်းစိမ်ကို မခံစားဘဲ ကတုံးရဟန်းတို့ကို လုပ်ကျွေး ရန် သွားလာလုပ်ကိုင်နေဘိ၏"ဟု ရယ်လျက် ဖဲသွား၏။ သူဌေးသားရယ်သည် ကို မြင်သော သိရိမာသည် ထိုပြူတင်းမှ ကြည့်လျက် ဥတ္တရာ လုပ်ကိုင် နေသည်ကို မြင်လျှင် မိမိကိုယ်ကို သူဌေးသား၏ မယားဟု ထင်မှတ်နေ သဖြင့် "သူဌေးသားသည် ဥတ္တရာနှင့် အကျွမ်းတဝင် ပေါင်းဖော်ခြင်းကို ကေန်ပြုရာ၏။ သူမကို သတ်အံ့"ဟု ရန်ငြိုးဖွဲ့ကာ ပြာသာဒ်မှ ဆင်းသွား လေ၏။

သိရိမာသည် စဖိုအိမ်ထဲဝင်၍ မုံ့ကြော်ရာ၌ ကျိုက်ကျိုက်ဆူသည့် ထော ပတ်ဆီကို ယောက်ချိုဖြင့် ခပ်ယူ၍ဥတ္တရာဆီသို့ သွား၏။ ဥတ္တရာသည် သိရိမာ ကို မြင်လျှင် သိသဖြင့် "သိရိမာကြောင့် ငါကုသိုလ် ပြုရ၏။ ငါ့အပေါ် အလွန်ကျေးဇူးများ၏။ သူမအပေါ် ငါအမျက်မထွက်လျှင် ဤထောပတ် သည် ငါ့ကို မပူလောင်စေသတည်း"ဟု သိရိမာကို မေတ္တာဖြင့် ပျံ့နှံ့စေ ၏။ ဥတ္တရာအပေါ် သိရိမာ လောင်းချသည့် ထိုထောပတ်ဆီသည် ရေအေး ကဲ့သို့ ဖြစ်၏။ "ဤထောပတ်အေး၏"ဟု နောက်တခါ ထောပတ်ကို တဖန် ယူလာသော် သိရိမာကို ဥတ္တရာ၏ ကျွန်မတို့က လက်ခြေတို့ဖြင့် ရိုက်နှက် ကန်ကျောက်ကာ မြေ၌ လဲစေ၏။ ဥတ္တရာက တားသော်လည်း မရပေ။ ထိုအခါ သိရိမာသည်"ဥတ္တရာကား သူဌေးသား၏မယားဖြစ်သည်"ကို သတိ

ရပြီး ဥတ္တရာ ခြေရင်း၌ ဝပ်ကာ သည်းခံရန် တောင်းပန်၏။ ဥတ္တရာက "ငါ့ဖခင် ဘုရားရှင် သည်းခံလျှင် ငါသည်းခံအံ့"ဟု ဆို၏။

ထိုအခါ သိရိမာသည် မိမိအိမ်သို့ သွား၍ အခြံအရံ မိန်းမ ငါးရာတို့အား ဘုရားရှင်နှင့် သံဃာအတွက် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ချက်ပြုတ်စေပြီး နောက်တနေ့နံနက် ဥတ္တရာအိမ်သို့ ယူဆောင်လာ၏။ ဆွမ်းကျွေးခြင်းကိစ္စပြီးသော် သိရိမာသည် ဘုရားရှင်၏ ခြေရင်း၌ ဝပ်လျက် နေရှာ၏။ ဘုရားရှင်က မေးသော် သိရိမာက အဖြစ်အပျက် အလုံးစုံကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "ချစ်သမီးဥတ္တရာ၊ ကောင်းပေစွ၊ ကောင်းပေစွ။ ဤသို့ အမျက်ဒေါသကို အောင်ခြင်းငှာ သင့်လျော်ပေ၏။ အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်အပ်ပေ၏။ ဆဲရေးသူကို မဆဲခြင်းဖြင့်ရင်း၊ နှမြောသူကို ပေးကမ်းခြင်းဖြင့်ရင်း၊ လိမ်ပြောသူကို အမှန်စကားပြောကြားခြင်းဖြင့်ရင်း အောင်အပ်ပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၂၃။ "အမျက်ထွက်သူကို အမျက်မထွက်ခြင်း 'မေတ္တာတရား'ဖြင့် အောင်ရာ၏။ စိတ်သဘော မကောင်းသူကို စိတ်သဘော ကောင်းခြင်းဖြင့် အောင်ရာ၏။ နှမြောဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောဆိုသူကို အဟုတ်အမှန်ပြောခြင်းဖြင့် အောင်ရာ၏။"

ဤတရားကို ကြားနာပြီးသော် သိရိမာသည် သောတာပန်ဖြစ်လေ၏။

## ၁၇၇။ မောဂ္ဂလ္လာန် မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီရာ တန်ခိုးကြီးသော နတ်တဦး၏ ဗိမာန်သို့ ရောက်လျှင် "ဘယ်ကောင်းမှုကို ပြု၍ ဤကြီးကျယ်လှသည့်နတ်စည်းစိမ်ကို ရဘိသနည်း"ဟုမေးသော် "တပည့်တော် မလှူခဲ့ဘူးပါ။ သက်သက်မှန်သော စကားမျှကိုသာ ကောင်းစွာ စောင့်ရှောက်ခဲ့ဘူးပါ၏"ဟု လျှောက်၏။ နောက်ဗိမာန်တခုသို့ ကြွ၍ နတ်သမီးတို့ကို မေးမြန်းရာ တဦးက "တပည့်တော်မလှူဘူးပါ။ လင်က ရိုက်နှက်လျှင် မိမိကိုယ်ကို ဆုံးမပြီး ဒေါသကို ထိန်းချုပ်ကာ ငြိမ်ခံခဲ့ပါ၏"ဟု လျှောက်ပြီး

ကျန်နတ်သမီး အသီးသီးတို့က "ရဟန်းတပါးအား ကြံတချောင်းသာ, တည်သီးတလုံးသာ, သခွားသီးတလုံးသာ, ဖက်ထရော်သီးတလုံးသာ, သစ်မြစ်တဆုပ်သာ လှူခဲ့ဘူးကြောင်း" ဤသို့ စသည် မိမိပြုခဲ့ဘူးသည့် ကုသိုလ်အနည်းငယ်ကိုသာ လျှောက်ကြားပြီး "ဤအလှူ အနည်းငယ်မျှဖြင့် တပည့်တော်မတို့ ဤနတ်စည်းစိမ်ကို ရပါသည်"ဟု အသီးသီး လျှောက်ကြ၏။

ထိုအခါ မထေရ်သည် ပြန်လာ၍ ဘုရားရှင်ထံသွားပြီး "မြတ်စွာဘုရား၊ မှန်သောစကားကို ဆိုကာမျှဖြင့်၊ အမျက်ဒေါသကို ချုပ်တည်းကာမျှဖြင့်၊ တည်သီးတလုံးစသည် အလွန်နည်းပါးသည့် ဝတ္ထုကို ပေးလှူကာမျှဖြင့် နတ်စည်းစိမ်ချမ်းသာကို ရနိုင်ပါသလော"ဟု လျှောက်ကြား၏။ မြတ်စွာဘုရားက "ချစ်သား၊ အဘယ့်ကြောင့် ငါဘုရားကို မေးလျှောက်ဘိသနည်း။ သင့်အား နတ်တို့က လျှောက်ကြားပြီး မဟုတ်လော။ ဤကဲ့သို့ပင် အနည်းငယ်မျှသော ကုသိုလ်မှုတို့ကို ပြုခြင်းကြောင့် နတ်ပြည်သို့ ရောက်နိုင်သည်သာ ဖြစ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၂၄။ "မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုပင် ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ကြောင့် နတ်ပြည်သို့ ရောက်ရ၏။"

## ၁၇၈။ ဘုရားရှင်၏ ဖခင်ပုဏ္ဏား

မြတ်စွာဘုရား သာကေတမြို့ကို မှီ၍ အဉ္ဇန(အဉ္စုန)တော၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် သာကေတမြို့ ထဲသို့ ဆွမ်းခံဝင်သော် ပုဏ္ဏားအိုကြီးတဦးသည် ဘုရားရှင်ကိုမြင်လျှင် ခြေတော်တို့၌ ဝပ်ပြီး မြဲစွာကိုင်ထားလျက် "ချစ်သား၊ သားတို့မည်သည် မိဘတို့ကို အိုသောကာလ၌ လုပ်ကျွေးသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ဤမျှ ကြာမြင့်စွာ ငါတို့အား ကိုယ်ကိုမျှ မပြသနည်း။ သင့်အမိကို မြင်ခွင့်ပေးရန်လာလှည့်"ဟု ဘုရားရှင်ကို အိမ်သို့ ပင့်သွား၏။ မြတ်စွာဘုရားသည် ခင်းထားသည့် နေရာ၌ သံဃာများနှင့်တကွ နေတော်မူသော် ပုဏ္ဏေးမကြီးသည် လာ၍ ခြေတော်ရင်း၌ ဝပ်လျက် ပုဏ္ဏားကြီး ပြောသည့်အတိုင်း ပြောဆို ငိုကြွေးပြီး သား သမီးတို့ကိုလည်း "လာလှည့်၊ အစ်ကိုကြီးကို

ရှိခိုးကြလော့”ဟုဆို၍ ရှိခိုးစေ၏။ ထိုပုဏ္ဏားအို လင်မယားတို့သည် မြတ်စွာဘုရားအား ထိုမြို့၌ နေသရွေ့ အိမ်၌ ရဟန်းအပေါင်းနှင့် တကွ ဆွမ်းဖြင့် လုပ်ကျွေး၏။ သူတို့နှစ်ဦးသည် မကြာမီပင် မြတ်စွာဘုရား၏ တရားကို ကြားနာရသဖြင့် အနာဂါမ် ဖြစ်ကြ၏။

ရဟန်းတို့သည် တရားသဘင်၌ ထိုအကြောင်းကို ပြောဆိုကြသော် မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူလျှင် “ရဟန်းတို့၊ ထိုသူနှစ်ဦးသည် မိမိ၏ သားကိုသာ ‘သား’ဟု ဆိုကုန်၏။ ငါဘုရားသည် ဘဝ ထောင့်ငါးရာစီ ဤပုဏ္ဏား, ပုဏ္ဏေးမ အသီးသီး၏ သားဖြစ်ခဲ့ဘူး၏”ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် သုံးလပတ်လုံး ထိုပုဏ္ဏား, ပုဏ္ဏေးမကြီး လင်မယားကို မှီ၍နေတော်မူ၏။ ထိုသူနှစ်ဦးလည်း ရဟန္တာ ဖြစ်ကြ၍ ပရိနိဗ္ဗာန် ပြုကြပြီး သူတို့၏ အလောင်းများကို သုသာန်သို့ ထုတ်ဆောင်သော် ဘုရားရှင်လည်း ရဟန်းငါးရာ ခြံရံလျက် သုသာန်သို့ ကြွတော်မူ၏။ ရဟန်းတို့သည် ထိုသူ နှစ်ဦး၏ ပရိနိဗ္ဗာန် ပြုကြသည်ကို မသိကြသဖြင့် “ဤသူ နှစ်ဦးသည် အဘယ်ဘုံဘဝ၌ ဖြစ်ကြပါသနည်း”ဟု လျှောက်ကြားကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ ဤသို့သော အသေခမ္ပနိ ရဟန္တာတို့မှာ လားစရာ မရှိကုန်။ နိဗ္ဗာန်သို့ ရောက်ကြလေပြီ”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၂၅။ “သူတပါးတို့ကို မညှဉ်းဆဲတတ်, ကာယဒွါရ စသည်တို့ဖြင့် အမြဲ စောင့်စည်းတတ်ကုန်သော ‘အသေခမုနိ’ ရဟန္တာ ပုဂ္ဂိုလ်တို့သည် စိုးရိမ်ခြင်းကင်းရာ, သေခြင်းကင်းရာ ဖြစ်သော နိဗ္ဗာန်သို့ရောက်ကုန်၏။”

## ၁၇၉။ ပုဏ္ဏာ ကျွန်မ

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ်။

ရာဇဂြိုဟ် သူဌေးကြီး၏ ပုဏ္ဏာမည်သော ကျွန်မသည် တနေ့သော ည အခါ၌ မီးထွန်းတာ သူဌေးကြီး၏ စပါးများကို ထောင်းနေ၏။ ပင်ပန်း၍ အပန်းဖြေနေစဉ် “ရှင်ဒဗ္ဗ မထေရ်သည် မိမိ၏လက်ချောင်းကို မီးတိုင်အဖြစ် ဖန်ဆင်းလျက် တရားနာပြီး မိမိတို့ကျောင်းသို့ ပြန်ကြသည့် ရဟန်းတို့အား

ရှေ့မှ ရှေ့မှနေ၍ လမ်းပြလျက် သွားနေသည်" ကို မြင်လျှင် "ငါကား ဆင်းရဲသည်ဖြစ်၍ ဤအချိန်၌ပင် မအိပ်ရသေး။ အရှင်ကောင်းတို့ကား အဘယ့်ကြောင့် မကျိန်းစက်ကြသေးသနည်း။ ရဟန်းတပါး မကျန်းမာခြင်း, သို့မဟုတ် မြွေအန္တရာယ်ရှိခြင်း ဖြစ်ပေမည်''ဟု ကြံစည်၏။ သူမသည် နံနက်စောစော ဆန်ကွဲကိုယူ၍ ရေဖြင့်ဆွတ်လျက် မုံ့လုပ်၍ ဖုတ်ပြီး ခါး ပိုက်ရင်ခွင်ထဲထည့်လျက် "ရေဆိပ်သို့ သွားစားအံ့"ဟု ရေခပ်အိုးကိုယူကာ ရေဆိပ်သို့ သွား၏။

သူမသည် မြို့တွင်းသို့ ဆွမ်းခံကြွသော မြတ်စွာဘုရား အနီးသို့ ရောက် လာသည်ကိုမြင်လျှင် ရှိခိုးလျက် "ဤကြမ်းတမ်းသည့် မုံ့ကို ခံယူတော်မူပြီး တပည့်တော်မအား ချီးမြှောက်တော်မူပါ"ဟု လျှောက်ပြီး မုံ့ကို လှူ၏။ "ငါ့မုံ့ကို သုံးဆောင်မည် မဟုတ်"ဟု ပုဏ္ဏာ ကြံစည်သည်ကို ဘုရားရှင် သိတော်မူသဖြင့် အာနန္ဒာအား ထိုမြို့ပြင် နေရာမှာပင် အခင်းကို ခင်းစေ ပြီး ထိုင်တော်မူကာ မုံ့ကို ဘုဥ်းပေးတော်မူ၏။ ပုဏ္ဏာလည်း ကြည့်လျက် သာ ရပ်နေ၏။ မြတ်စွာဘုရား မုံ့ဆွမ်းဘုဥ်းပေးပြီးသော် ပုဏ္ဏာကို ခေါ်၍ ရှေးက သူမ စဉ်းစားခဲ့သည့် အကြံကို မိန့်တော်မူပြီး "ပုဏ္ဏာ၊ သင်သည် ထိုမျှကာလပတ်လုံး ဆင်းရဲဒုက္ခ နှိပ်စက်ခြင်းကြောင့် မအိပ်နိုင်။ ငါဘုရား ၏ တပည့်သား သာဝကတို့ကား အခါခပ်သိမ်း နိုးကြားခြင်းကို လေ့လာ အားထုတ်ကြသဖြင့် မအိပ်နိုင်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟော တော်မူ၏။

၂၂၆။ "အခါခပ်သိမ်း နိုးကြား တကြွကုန်သော၊ နေ့ညပတ်လုံး သိက္ခာ
သုံးပါးကို ကျင့်ကုန်သော၊ နိဗ္ဗာန်သို့ စိတ်ညွတ်ကုန်သော ပုဂ္ဂိုလ်တို့
အား အာသဝေါတရားတို့ ချုပ်ငြိမ်းကွယ်ပျောက်ကုန်၏။"

ဤတရားကို ကြားနာပြီးသော် ပုဏ္ဏာသည် သောတာပန် ဖြစ်လေ၏။

## ၁၇၀။ အတုလ ဥပါသကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်တွင် 'အတုလ'မည်သော ဥပါသကာသည် တနေ့သ၌ ဥပါသကာငါးရာခြံရံလျက် တရားနာရန် ရှင်ရေဝတ မထေရ်ထံ သွား၏။ ရှင်ရေဝတသည် ခြင်္သေ့မင်းကဲ့သို့ တပါးတည်း နေခြင်း၌ မွေ့လျော်လေ့

ရှိသဖြင့် တရားစကား မဟောဘဲနေ၏။ ထိုဥပါသကာသည် အမျက်ထွက်၍ ရှင်သာရိပုတ္တရာထံသွား၏။ မထေရ်က သူ့အား လာခြင်း၏ အကြောင်းကို မေးပြီး နက်နဲသည့် အဘိဓမ္မာတရား များစွာကို ဟော၏။ ထိုဥပါသကာသည် "တရားကို နက်နက်နဲနဲ အများချည်းဟော၏"ဟု အမျက်ထွက်ပြီး ရှင်အာနန္ဒာထံ သွားပြန်၏။ ရှင်အာနန္ဒာကလည်း သူ့အား လာခြင်း၏ အကြောင်းကို မေးမြန်းပြီး အလွန်လွယ်သည့် တရား အနည်းငယ်မျှကို ဟော၏။ ထိုအခါလည်း ထိုဥပါသကာသည် အမျက်ထွက်၍ ဘုရားရှင်ထံ သွားပြီး "တပည့်တော်သည် တရားနာလို၍ လာခဲ့ပါ၏။ ဤမည် ဤမည်သော မထေရ်သုံးပါးက ဤသို့ ဤသို့ ပြုကြသည်ကို မနှစ်သက်၍ လာခဲ့ပါ၏ ဘုရား"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "ဒါယကာ၊ ထိုကဲ့ရဲ့ခြင်းသည် ရှေးအခါမှစ၍ အလေ့အထ ဖြစ်လာခဲ့၏။ ဆိတ်ဆိတ်နေသူကိုရင်း၊ များများပြောသူကိုရင်း၊ နဲနဲပြောသူကိုရင်း ကဲ့ရဲ့စမြဲတည်း။ ကဲ့ရဲ့ခြင်းကိုချည့် ခံရသူသည်ရင်း၊ ချီးမွမ်းခြင်းကိုချည့် ခံရသူသည်ရင်း ဤလောက၌ မရှိ။ ရှင်ဘုရင်မှစ၍ မြတ်စွာဘုရားကိုပင် တချို့က ကဲ့ရဲ့ကြ၍ တချို့က ချီးမွမ်းကြ၏။ အန္ဓဗာလ လူကန်း လူမိုက်တို့၏ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းကား ပမာဏမဟုတ်။ ပညာရှိသူ၏ ကဲ့ရဲ့ခြင်းသည် ကဲ့ရဲ့ခြင်း အမှန်ဖြစ်၏။ ချီးမွမ်းခြင်းသည်လည်း ချီးမွမ်းခြင်း အမှန်ဖြစ်၏"ဟု မိန့်တော်မူပြီး လေးဂါထာဖြင့် ဤသို့ ဆုံးမဟောတော်မူ၏။

၂၂၇။ "အို အတုလ၊ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှ ဖြစ်သကဲ့သို့ မဟုတ်ပေ။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြ၏။ များများပြောသူကိုလည်း ကဲ့ရဲ့ကြ၏။ နဲနဲပြောသူကိုလည်း ကဲ့ရဲ့ကြ၏။ လောက၌ အကဲ့ရဲ့လွတ်သောသူ မရှိပေ။

၂၂၈။ "လုံး၀ အကဲ့ရဲ့ချည့် ခံရသော ပုဂ္ဂိုလ်၊ လုံး၀ အချီးမွမ်းချည့် ခံရသော ပုဂ္ဂိုလ်မည်သည် ရှေးကလည်း မရှိခဲ့စဘူး၊ နောင်လည်း ရှိမည်မဟုတ်။ ယခုလည်း မရှိ။

၂၂၉။ "မကျိုးမပြတ်သည့် အကျင့်သိက္ခာရှိသော၊ ပညာဂုဏ်, သီလဂုဏ်, သမာဓိဂုဏ်နှင့် ပြည့်စုံသော၊ ထက်မြက်သည့် ပညာနှင့် ပြည့်စုံသော အကြင်ပုဂ္ဂိုလ်ကို ပညာရှိတို့သည် ဟုတ်တိုင်းမှန်စွာ သိ၍ နေ့စဉ်နေ့တိုင်း ချီးမွမ်းခဲ့ပါမူ—

၂၃၀။ "ဧမ္ဗုရာဇ် ရွှေစင်နိက္ခနှင့်တူသော ထိုပုဂ္ဂိုလ်ကို အဘယ်သူသည် ကဲ့ရဲ့
သင့်သနည်း၊ ထိုပုဂ္ဂိုလ်ကို နတ်တို့လည်း ချီးမွမ်းကြ၏။ ဗြဟ္မာမင်း
လည်း ချီးမွမ်း၏။"

ဤတရားကို ကြားနာပြီးသော် ဥပါသကာ ငါးရာတို့ သောတာပန် ဖြစ်
ကြလေ၏။

## ၁၈၁။ ဆဗ္ဗဂ္ဂီ ရဟန်းများ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် လက်နှစ်ဖက်ဖြင့် တောင်ဝှေးကို ကိုင်လျက် သစ်သားခုံဖိနပ်ကို စီးပြီး ကျောက်ဖျာပေါ်၌ စင်္ကြံသွားကြရာ မြတ်စွာဘုရားသည် ထိုခုံဖိနပ်သံကို ကြား၍ ရှင်အာနန္ဒာအား မေးတော်မူပြီး သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထို့နောက် "ရဟန်းမည်သည် ကိုယ်နှုတ် စသည်တို့ကို စောင့်ထိန်းသင့်၏"ဟု မိန့်တော်မူပြီး လေးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၃၁။ "ကာယ ဒုစရိုက်ကို စောင့်ရှောက်ရာ၏။ ကာယဒ္ဒါရဖြင့် (ဒုစရိုက် ဝင်
ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏။ ကာယဒုစရိုက်ကို ပယ်စွန့်၍
ကာယသုစရိုက်ကို ကျင့်ရာ၏။

၂၃၂။ "ဝစီဒုစရိုက်ကို စောင့်ရှောက်ရာ၏။ ဝစီဒ္ဒါရဖြင့် (ဒုစရိုက် ဝင်ရောက်
လာမှုကို) တားမြစ်ပိတ်ပင်ရာ၏။ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်
ကို ကျင့်ရာ၏။

၂၃၃။ "မနောဒုစရိုက်ကို စောင့်ရှောက်ရာ၏။ မနောဒ္ဒါရဖြင့်(ဒုစရိုက် ဝင်
ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏။ မနောဒုစရိုက်ကို ပယ်၍
မနောသုစရိုက်ကို ကျင့်ရာ၏။

၂၃၄။ "ကာယဒ္ဒါရဖြင့် ဒုစရိုက်ဝင်ရောက်လာမှုကို ပိတ်ပင်ကြသော၊ ဝစီဒ္ဒါရ
ဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို ပိတ်ပင်ကြသော၊ မနောဒ္ဒါရဖြင့်
ဒုစရိုက် ဝင်ရောက်လာမှုကို ပိတ်ပင်ကြသော ပညာရှိတို့သည်ကား
ကောင်းစွာ လုံခြုံအောင် တားမြစ်ပိတ်ပင်သူတို့ မည်ကုန်၏။"

# [၁၈] မလ ဝဂ်

## ၁၈၂။ နွားသတ်သမား၏ သား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ နွားသတ်သမားတဦးသည် ငါးဆယ့်ငါးနှစ်တိုင် နေ့စဉ် နွားများကို သတ်၍ အသားကို ရောင်းချပြီး မိမိလည်း သားမယားနှင့်အတူ အမဲသားနှင့်ထမင်း စားလေ့ ရှိ၏။ ရဟန်းသံဃာအား အနည်းငယ်မျှ လှူဘူးသည် မရှိ။ တနေ့သ၌ သူသည် အိမ်၌ ချက်ရန် မယားအား ပေးထားခဲ့သည့် အမဲသားတုံးကို သူ ရေချိုးသွားခိုက် သူ့မိတ်ဆွေတဦးက အတင်း ဝယ်ယူသွားသဖြင့် သူသည် အမဲသားမပါဘဲ ထမင်းစားလေ့ မရှိရကား ဓားကို ယူသွားပြီး အိမ်နောက်ဖေး၌ ရပ်နေသည့် နွား၏လျှာကို ဖြတ်ယူလာ၏။ ထိုနွားလျှာကို ဖုတ်ကင်, လှီးပိုင်း၍ ထိုင်ကာ ထမင်းလုပ်ကို စားပြီး နွားလျှာတပိုင်းကို ပါးစပ်ထဲ ထည့်လျှင်ပင် သူ့လျှာသည် ပြတ်၍ ထမင်း ခွက်ထဲ ကျ၏။ ကံတူအကျိုး ဖြစ်ပေါ်လာပြီ။ သူသည် ထိုနွားကဲ့သို့ ပါးစပ်မှ သွေးများ ယိုစီးကာ အိမ်ထဲ၌ ဒူးတုပ်လျက် လှည့်လည်သွားလာ အော်ဟစ် မြည်တမ်းရရှာ၏။ ထိုဘေးမျိုး သင့်မှာစိုး၍ မိခင်က နှင်သဖြင့် သားဖြစ်သူသည် တက္ကသိုလ်သို့ ထွက်ပြေး၏။ ထိုနွားသတ်သမားလည်း ထိုသို့ သွားလာ မြည်တမ်းလျက် သေသော် အဝီစိငရဲ၌ ဖြစ်လေ၏။

ထိုနွားသတ်သမား၏ သားသည် တက္ကသိုလ်၌ ရွှေပန်းထိမ်အတတ်ကို သင်ယူ၍ ထူးချွန်စွာတတ်မြောက်သဖြင့် ဆရာ့သမီးနှင့် အိမ်ထောင်ကျကာ သားသမီးများ ထွန်းကား၏။ နောက် ထိုသားများ အရွယ်ရောက်၍ ပညာသင်ကြားပြီးသော် သာဝတ္ထိပြည်သို့ လာ၍ အိမ်ထောင်ပြုကာ နေကြ၏။ ထိုသားတို့ကား သဒ္ဓါတရားနှင့် ပြည့်စုံကြပြီး ဖခင်မူကား တက္ကသိုလ်ပြည်၌

ကောင်းမှု တစုံတရာ မပြုခဲ့ဘဲ အိုခြင်းသို့ ရောက်ခဲ့ပေပြီ။ ထိုအခါ သားတို့သည် ဖခင်အိုအတွက် ရည်စူး၍ ဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းအား အိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်းကျွေးသော် "ဤဇီဝဘတ်(အသက်ရှင်သူအတွက် ရည်စူးလှူသော အလှူ)ကို ဤဖခင်အိုအတွက် လှူဒါန်းပါ၏။ ဖခင်အတွက် အနုမောဒနာ ပြုတော်မူပါဘုရား"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက ထိုဖခင်အိုအား "ဒါယကာ၊ သင်ကား အသက်ကြီးရင့်လေပြီ။ သင့်မှာ တမလွန်ဘဝအတွက် ကုသိုလ်ရိက္ခာထုပ် မရှိသေး။ မိမိ၏ ထောက်တည်ရာကို ပြုလော့"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၂၃၅။ "ဒါယကာ၊ သင်သည် ယခု ဖျော့တော့သော ဖက်ရွက်ကဲ့သို့ ဖြစ်ရလေပြီ။ သေမင်း၏ တမန်တို့သည် သင့်အနီး၌ တည်နေကြပြီ။ သင်သည် ဆုတ်ယုတ်ပျက်စီးခြင်းအစ(ဘဝအဆုံး)၌ တည်နေလေပြီ။ သင့်မှာ နောင်ဘဝ ရိက္ခာလည်း မရှိသေးချေ။

၂၃၆။ "ထို သင်သည် မိမိ၏ မှီရာ ကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့။ လျင်စွာ အားထုတ်လော့။ ပညာရှိ ဖြစ်လော့၊ ကိလေသာ အညစ်အကြေးကို ထုတ်ပယ်၍ ကိလေသာ မရှိပါမူ 'သုဒ္ဓါဝါသဘုံ'ဟူသော အရိယာဘုံသို့ ရောက်ရပေလတ္တံ့။"

ဤတရားကို ကြားနာပြီးသော် ထိုနွားသတ်သမား၏ သား(ဖခင်အို)သည် သောတာပန် ဖြစ်လေ၏။ သူ့သားတို့လည်း နောက်တနေ့ ဖခင်အတွက် ဆွမ်းကျွေးပြန်၏။ ထိုအခါလည်း မြတ်စွာဘုရားသည် ထိုဖခင်အိုအား နှစ်ဂါထာဖြင့် ဟောတော်မူပြန်၏။

၂၃၇။ "ဒါယကာ၊ သင်သည် အရွယ်လွန်ချေပြီ။ သေမင်းထံသို့ သွားချိန်ရောက်ပေပြီ။ သင့်မှာ ခရီးအကြား၌ ရပ်နားနေခွင့် မရှိပြီ။ သင့်မှာ နောင်ဘဝ ရိက္ခာလည်း မရှိသေးချေ။

၂၃၈။ "ထို သင်သည် မိမိ၏ မှီရာ ကျွန်းနှင့်တူသော ကောင်းမှုတို့ကို ပြုလော့။ လျင်စွာ အားထုတ်လော့။ ပညာရှိဖြစ်လော့။ ကိလေသာ အညစ်အကြေးကို ထုတ်ပယ်၍ ကိလေသာမရှိပါမူ တဖန် ပဋိသန္ဓေနေခြင်း, အိုခြင်းသို့ မရောက်ရလတ္တံ့။"

ဤတရားကို ကြားနာပြီးသော် ထိုနွားသတ်သမားသည် အနာဂါမ် ဖြစ်လေ၏။

## ၁၈၃။ ပုဏ္ဏားတဦး (စရပ်ဆောက်သူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏားတဦးသည် တနေ့သ၌ နံနက်စောစော အိမ်မှထွက်၍ ရဟန်းတို့ သင်္ကန်းရုံရာအရပ်၌ သင်္ကန်းရုံနေသည်ကို ကြည့်နေ၏။ ထိုအခါ ရဟန်းတပါး သင်္ကန်းရုံစဉ် သင်္ကန်းစွန်းသည် မြက်ပင်များကို ထိသဖြင့် ဆီးနှင်းပေါက်တို့ဖြင့် စိုစွတ်သည်ကိုမြင်လျှင် သူသည် နောက်တနေ့၌ ပေါက်တူးယူလာပြီး ထိုအရပ်၌ တလင်းဝန်းမျှ အကျယ် မြက်တို့ကိုပေါက်၍ သုတ်သင်၏။ နောက်တနေ့သူသည် ထိုအရပ်သို့သွား၍ သင်္ကန်းရုံသော ရဟန်းတပါး၏ သင်္ကန်းစွန်းမြေ၌ကျ၍ မြေမှုန့်တို့ဖြင့် လူးသည်ကို မြင်ရသဖြင့် ထိုအရပ်၌သဲကိုဆောင်ယူကာ ကြဲဖြန့်၏။ နောက်တနေ့ သူသည် သင်္ကန်းရုံသော ရဟန်းတို့ နေပူကြောင့် ချွေးဒီးဒီး ကျသည်ကိုမြင်လျှင် ထိုအရပ်၌ မဏ္ဍပ်ဆောက်ပြန်၏။ တဖန် နောက်တနေ့၌ အဆက်မပြတ် မိုးရွာနေသဖြင့် သင်္ကန်းရုံသည့် ရဟန်းတို့ မိုးစိုးကြသည်ကို မြင်ပြန်လျှင် သူသည်အခိုင်အခံ့ စရပ်တခုကိုဆောက်၏။

ဆောက်ပြီးလျှင် သူသည် ဘုရားအမှူး ရှိသော ရဟန်း အပေါင်းအား ထိုစရပ်သို့ ပင့်ဖိတ်၍ ဆွမ်းကျွေးပြီးသော် ဘုရားရှင်အား "တပည့်တော်သည် ဤအရပ်၌ ရပ်၍ သင်္ကန်းရုံသော ရဟန်းတို့ကို ကြည့်ရှုလျက် ဤသို့ ဤသို့မြင်၍ ဤအမှု ဤအမှုကို ပြုခဲ့ပါ၏"ဟု အစမှစ၍ အလုံးစုံကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ပုဏ္ဏား၊ ပညာရှိသော သူတို့မည်သည် ခဏခဏ ကုသိုလ်အနည်းငယ်ကို ပြုလုပ်ကြလျက် အစဉ်သဖြင့် မိမိတို့၏ အကုသိုလ်အညစ်အကြေးကို ထုတ်ပယ်ကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၃၉။ "ပန်းထိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တပြည်းပြည်း ထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိ၏ ကိလေသာ အညစ်အကြေးကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း ထုတ်ပစ်လေ၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၁၈၄။ တိဿ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်သား 'တိဿ' မည်သော မထေရ်သည် တနေ့သ၌ အလှန် သိမ်မွေ့နုနယ်ချောမွေ့သည့် သင်္ကန်းကို ရရှိရာ အလွန်ပင် နှစ်သက်စုံမက်ပြီး "နက်ဖြန်ဝတ်ရုံအံ့"ဟု ထိုသင်္ကန်းကိုခေါက်၍ သိမ်းထား၏။ သူသည်နံနက်က စားသည့်အစာကို မကြေစေနိုင်သဖြင့် ညအခါတွင် စုတေသော် ထိုသင်္ကန်း၌ သန်းဖြစ်၏။ ထိုရဟန်းမှာ အလုပ်အကျွေး ရဟန်း, သာမဏေ မရှိသဖြင့် ထို သင်္ကန်းသည် သံဃာ့ထံသို့သာ ရောက်၏။ ရဟန်းတို့သည် ထိုသင်္ကန်းကို "ဝေယူကြအံ့"ဟု ထုတ်ယူသော် ထိုသန်းသည် "ငါ့ဥစ္စာကို ဤရဟန်းတို့ လုယက်ဖျက်ဆီးကြ၏"ဟု မြည်တမ်းလျက် ထိုမှ ဤမှ ပြေးသွား၏။ မြတ်စွာ ဘုရားသည်ဂန္ဓကုဋိ၌နေလျက်ပင်ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ထိုအသံကိုကြား တော်မူ၍ "အာနန္ဒာ၊ တိဿရဟန်း၏ သင်္ကန်းကို ခုနစ်ရက်ကျော်လွန်မှ ဝေယူစေလော့"ဟု ထိုရဟန်းများထံ စေလွှတ်ပြောကြားစေ၏။ ခုနစ်ရက် မြောက်နေ့၌ ထိုသန်းသည် စုတေပြီး တုသိတာနတ်ပြည်၌ ဖြစ်၏။

ရဟန်းတို့သည် ရှစ်ရက်မြောက်နေ့၌ ထိုသင်္ကန်းကို ဝေယူပြီးနောက် "မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဤတိဿ၏ သင်္ကန်းကို ခုနစ်ရက် ထားစေဘိသနည်း"ဟု ပြောဆိုကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ကြွလာ၍ ထိုရဟန်းတို့အား ထိုစကား အကြောင်းကို မေးမြန်းပြီး တိဿရဟန်း၏ ဖြစ်အင် အလုံးစုံကို မိန့်တော်မူ၏။ ထိုနောက် "ရဟန်းတို့၊ တဏှာမည်သည် ဝန်လေးလှ၏။ သံမှ ဖြစ်သည့် သံချေးသည် သံကိုသာ စား၍ဖျက်ဆီး၏။ ဤအတူ ဤတဏှာသည် ဤသတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ဖြစ်၍ ဤသတ္တဝါတို့ကို ငရဲစသည်သို့ ရောက်အောင် ပျက်စီးစေ၏"ဟု မိန့်တော် မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄၀။ "သံချေးသည် သံမှပင် ဖြစ်ပေါ်၍ ထိုသံမှပင် ထပြီးထိုသံကိုစားပစ်
သကဲ့သို့ ဤအတူပစ္စည်းလေးပါးကို မဆင်ခြင်ဘဲ သုံးဆောင်သော
သူကို ထိုမိမိ၏မကောင်းမှုကံတို့က အပါယ်ဒုဂ္ဂတိ ဘဝသို့ ယူဆောင်
သွားကုန်၏။"

## ၁၇၅။ လာဠုဒါယီ မထေရ်

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ အရိယာ လူပုဂ္ဂိုလ်တို့သည် နေ့စဉ် ကျောင်းတော်သို့ သွား၍ တရားနာပြီး ပြန်ကြသည့်အခါ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြ၏။ ဥဒါယီ မထေရ်သည် ထိုစကားကို ကြားလျှင် "သင်တို့သည် ငါ့တရားကို ကြားနာရလျှင်လည်း ဤသို့ မပြောဘဲ နေနိုင်ကြမည် မဟုတ်" ဟု ပြောဆို၏။ ထိုသူတို့သည် ဥဒါယီ မထေရ်ကို ဓမ္မကထိက ထင်မှတ်ပြီး တနေ့သ၌ တရားဟောရန် လျှောက်ကြ၏။ ဥဒါယီသည် တရားဟော ပလ္လင်၌ ယပ်ကို ကိုင်၍ တုန်လှုပ်လျက် တပုဒ်တပါဒမျှသော တရားကိုလည်း ဟောစရာ မမြင်သောကြောင့် "နောက်မှ ဟောအံ့။ ယခု တခြား ဓမ္မကထိက တပါးကို တရားဟောစေဦးလော့" ဟု ဆို၏။ ထိုသူတို့လည်း ဓမ္မကထိက မထေရ် တပါးကို ဟောကြားစေပြီး ဥဒါယီအား တရားဟောရန် ပန်ကြား၏။

ဥဒါယီလည်း ရှေးနည်းတူပင် သုံးကြိမ်တိုင် ပြုသော် ထိုလူတို့က "အမိုက်ကြီး၊ အဂ္ဂသာဝက နှစ်ပါး၏ ဂုဏ်ကျေးဇူးကို ဆိုသော် ဤသို့ ဤသို့ ဆိုဘိ၏။ ယခုအဘယ့်ကြောင့် မဟောနိုင်ဘိသနည်း" ဟု ခြိမ်းခြောက်လျက် ထွက်ပြေးသော ဥဒါယီကို နောက်ကလိုက်ကြ၏။ ဥဒါယီသည် ထွက်ပြေးစဉ်ပင် အိမ်သာတခုထဲ လိမ့်ကျသွား၏။ ရဟန်းတို့က တရား သဘင်သို့ ကြွလာသော ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ လာဠုဒါယီသည် တရားအနည်းငယ်မျှကိုသာ သင်ယူဘူး၏။ ရွတ်ဆိုသရဇ္ဈာယ်ခြင်းကိုမူ မပြု။ ပရိယတ် အားလုံးကို သင်ယူပြီး၊ မရွတ်ဆိုမသရဇ္ဈာယ်သော သူသည် ထိုသင်ယူသည့် ပရိယတ်၏အညစ်အကြေးသာ ဖြစ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄၁။ "စာပေကျမ်းဂန်တို့သည် မရွတ်ဖတ်, မသရဇ္ဈာယ်ခြင်းလျှင် ပျက်စီးကြောင်း အညစ်အကြေး ရှိကုန်၏။ အိမ်တို့သည် ဂရုတစိုက် မပြုပြင်ခြင်းလျှင် ပျက်စီးကြောင်း အညစ်အကြေး ရှိကုန်၏။ ပျင်းရိခြင်းသည် လှပသော အဆင်း၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏။ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ ပျက်စီးကြောင်း အညစ်အကြေး မည်၏။"

## ၁၇၆။ အမျိုးသား တဦး

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အမျိုးကောင်းသားတဦးသည် မိမိ၏ မယား လင်ငယ်နေသည့်အတွက် ရှက်သဖြင့် သူတပါးတို့အား မျက်နှာမပြရဲပေ။ ဘုရားရှင်ထံသို့လည်း နှစ်ရက် သုံးရက် မသွားဘဲ နေ၏။ ထိုနောက် သွား၍ ဘုရားရှင်က "အဘယ့်ကြောင့် မလာသနည်း" ဟု မေးတော်မူသော် သူက ထိုအကြောင်းကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ဒါယကာ၊ မိန်းမတို့မည်သည် မြစ် စသည် တို့နှင့် တူကုန်သဖြင့် ပညာရှိတို့သည် ထိုမိန်းမတို့၌ အမျက်မထွက်ဘဲ လျစ်လျူရှုတတ်၏။ စင်စစ် မိန်းမအား လင်ငယ်နေခြင်းသည် ပျက်စီး ကြောင်း အညစ်အကြေးဖြစ်၏။ အလှူပေးသူအား နှမြော ဝန်တိုခြင်းသည် အညစ်အကြေး ဖြစ်၏။ သတ္တဝါတို့အား အကုသိုလ်ကံသည် အညစ်အကြေး ဖြစ်၏။ အဝိဇ္ဇာကား အညစ်အကြေးအားလုံးတို့ထက် အလွန်ကဲဆုံးသော အညစ်အကြေးဖြစ်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄၂။ "(လင်ကို) လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏။ နှမြောဝန်တိုခြင်းသည် ပေးလှူသူ၏ ပျက်စီး ကြောင်း အညစ်အကြေးမည်၏။ အကုသိုလ်တရားတို့သည် ဤဘဝ၌ ၎င်း၊ နောင်ဘဝ၌၎င်း ပျက်စီးကြောင်း အညစ်အကြေးတို့ မည်ကုန်၏။

၂၄၃။ "ထိုအညစ်အကြေးတို့ထက် လွန်ကဲသည့် အညစ်အကြေး ဖြစ်သော အဝိဇ္ဇာသည်ကား အလွန်ကဲဆုံးသော အညစ်အကြေးမည်၏။ ရဟန်း တို့သည် ဤအဝိဇ္ဇာအညစ်အကြေးကို ပယ်သတ်၍ အညစ်အကြေးမရှိ ဖြစ်ကုန်လော့"

## ၁၇၇။ စူဠသာရိ ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'စူဠသာရိ' မည်သော ရဟန်းသည် တနေ့သ၌ ဆေးကု၍ ရသော မွန်မြတ်သည့် ဘောဇဉ်ကို ယူလာရာ ခရီးအကြား၌ ရှင်သာရိပုတ္တရာကို

မြင်၍ ထိုအကြောင်းကို လျှောက်ထားကာ ထိုဆွမ်းကို ဘုဉ်းပေးရန် ပန်ကြား၏။ ရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေကာ ဖဲကြွသွား၏။ ရဟန်းတို့က သွားပြီး လျှောက်ကြားသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ အရှက်မရှိသော ရဟန်းမည်သည်ကား ကိုယ်နှုတ်နှလုံး ကြမ်းကြုတ်၏။ ကျီးနှင့်တူပြီး တရားနှင့် မလျော်သော ရှာမှီးခြင်း၌ ရပ်တည်၍ ချမ်းသာစွာ အသက်မွေးရပေ၏။ အရှက် အကြောက် ရှိသော ရဟန်းတို့ကား ဆင်းရဲငြိုငြင်စွာ အသက်မွေးရပေ၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄၄။ "အရှက် (အကြောက်) မရှိသော သူသည် 'ရဲတင်းသည့် ကျီးကဲ့သို့ မူသဖြင့်ရင်း၊ သူတပါးဂုဏ်ကို ဖျက်ဆီးသဖြင့်ရင်း၊ သူတပါးပြုသည်ကို မိမိပြုသကဲ့သို့ ပြသဖြင့်ရင်း၊ (ကိုယ်နှုတ်နှလုံး) ကြမ်းကြုတ်သဖြင့်ရင်း၊ ညစ်ညူးသော အကျင့်ဖြင့်ရင်း' အသက်မွေးသောကြောင့် အသက်မွေးရ လွယ်ကူ၏။

၂၄၅။ "အရှက်(အကြောက်)ရှိသောသူသည် 'အမြဲ စင်ကြယ်မှုကို ရှာသဖြင့်ရင်း၊ မတွန့်တိုသဖြင့်ရင်း၊ မကြမ်းကြုတ်သဖြင့်ရင်း၊ စင်ကြယ်သော အသက်မွေးမှုဖြင့်ရင်း၊ သင့်မသင့်ကို မြော်မြင်သဖြင့်ရင်း' အသက်မွေးသောကြောင့် အသက်မွေးရ ခဲယဉ်း၏။"

## ၁၈၈။ ဥပါသကာ ငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သီတင်းသည် ဥပါသကာ ငါးရာတို့တွင် အချို့အချို့သည် ငါးပါးသီလ အနက် တခုတခုသော သိက္ခာပုဒ်ကိုသာ စောင့်ရှောက်ကြပြီး "ငါသည် စောင့်နိုင်ခဲ့သော အကျင့်သီလကို စောင့်ရှောက်၏" ဟု အချင်းချင်းပြောဆို ငြင်းခုန်ကြလျက် ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "ဒါယကာတို့၊ သီလတခုကိုပင် မကျိုးပြတ်အောင် စောင့်ရှောက်အပ်၏။ ထိုသီလအားလုံးသည် စောင့်နိုင်ခဲ့သည့် သီလတို့သာ တည်း" ဟု မိန့်တော်မူပြီး သုံးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄၆။ "လောက၌ အကြင်ပုဂ္ဂိုလ်သည် သူ့အသက်ကို သတ်၏။ မဟုတ်မမှန်သောစကားကိုမူလည်း ပြောဆို၏။ ပိုင်ရှင် မပေးသောသူ့ဥစ္စာကိုလည်း ခိုးယူ၏။ သူ့ဘာ ါး မယားကိုမူ လည်း သွားလာလွန်ကျူး၏။

၂၄၇။ ''သေရည်သေရက် သောက်ခြင်းကိုလည်း အားထုတ်၏။ ထိုပုဂ္ဂိုလ်သည် ဤဘဝ၌ပင် မိမိ၏ ဥစ္စာရင်း (အရင်းအမြစ်) ကို တူးဖြိုဖျက်ဆီး၏။

၂၄၈။ ''အိုယောကျ်ား၊ ဤသို့ သိလော့။ ကိုယ်နှုတ်နှလုံး မစောင့်စည်းခြင်းတို့သည် မကောင်း၊ယုတ်မာသည့် တရားများ ဖြစ်ကုန်၏။ လောဘနှင့် ဒေါသတို့သည် သင့်ကို ကြာမြင့်စွာ ဆင်းရဲစေရန် မနှိပ်စက် စေကုန်လင့်။''

ဤတရားကို ကြားနာပြီးသော် ထိုဥပါသကာ ငါးရာတို့ သောတာပန်ဖြစ်ကြလေ၏။

## ၁၀၉။ တိဿ ရဟန်းငယ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'တိဿ' မည်သော ရဟန်းငယ်သည် ကောသလ မင်းကြီး, အနာထပိဏ်, ဝိသာခါ စသော ပုဂ္ဂိုလ်ကြီးများ၏ အလှူတို့ကို ကဲ့ရဲ့ပြောဆိုပြီး မိမိ၏ ဆွေမျိုးများနှင့် ပတ်သက်၍မူ ''ငါ့တို့ဆွေမျိုးများ အိမ်ကား လာလာသမျှ ရဟန်းတို့၏ ရေတွင်းသဘွယ် ဖြစ်၏။အံ့ဩဘွယ် ရှိပေ၏'' စသည်ဖြင့် ချီးမွမ်းပြောဆိုလေ့ရှိ၏။ ထိုစကားကို ကြားကြသည့် ရဟန်းတို့သည် စုံစမ်းလိုသဖြင့် ထိုတိဿ ရဟန်းအား သူ့ဆွေမျိုးများ နေရာအရပ်ကို မေးပြီး ထိုအရပ်သို့ ရဟန်းငယ်တို့ကို လွှတ်လိုက်၏။ ထိုအရပ်၌ တိဿရဟန်း၏ ဆွေမျိုးတို့ကား ဆင်းရဲ နွမ်းနယ်ပြီး ချမ်းသာကြွယ်ဝသူ မရှိကြသည်ကို တွေ့မြင်ရသဖြင့် ပြန်လာကြပြီး ထိုရဟန်းတို့အား ပြောပြကြ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားသဖြင့် မြတ်စွာဘုရားက''ရဟန်းတို့၊လူတို့သည် တခြားရဟန်းတို့အား ပေးလှူ၍ မိမိအား မပေးလှူသဖြင့် မျက်နှာ မသာယာသော ရဟန်းသည် ဈာန်,ဝိပဿနာ,မဂ်ဖိုလ်ကို မရနိုင်'' ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၄၉။ ''လူအပေါင်းသည် သဒ္ဓါသည့်အလျောက်၊ နှစ်သက် ကြည်ညိုသည့်အလျောက် တခြားသူ (ရဟန်း) တို့အား စားဘွယ် သောက်ဘွယ်

စသည်ကို ပေးလှူရာ၌ မျက်နှာမသာယာသော သူသည် နေ့အခါ၌ရင်း၊ ညအခါ၌ရင်း စိတ်တည်ကြည်မှု 'သမာဓိ' ကို မရနိုင်။

၂၅၀။ "ဤမျက်နှာ မသာယာမှု သဘောကို အကြွင်းမဲ့ ဖြတ်၍ အမြစ်ပြတ် ပယ်နုတ်ပြီးသောသူသည် နေ့အခါ၌ရင်း၊ ညအခါ၌ရင်း စိတ်တည်ကြည်မှု 'သမာဓိ' ကို ရပေ၏။"

## ၁၉၀။ ဥပါသကာ ငါးဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဥပါသကာ ငါးဦးတို့သည် တရားနာလို၍ဘုရားရှင်ထံ သွားပြီး တရားတော်ကို ကြားနာနေစဉ် တဦးသည် ထိုင်လျက်အိပ်၏။ တဦးသည် မြေ၌ လက်ချောင်းဖြင့် ရေးခြစ်နေ၏။ တဦးသည် သစ်ပင်တပင်ကို ကိုင်လှုပ်နေ၏။ တဦးသည် ကောင်းကင်ကို မော့ကြည့်နေ၏။ တဦးကား ရိုသေစွာ ကြားနာနေ၏။ ထိုအခါ အနီး၌ ယပ်ခပ်ပေးနေသည့် ရှင်အာနန္ဒာသည် ထိုသူ ငါးဦးတို့၏ အမူအရာ အသီးသီးကို မြင်လျှင် "ဘုရားရှင်သည် မိုးကြီးရွာသကဲ့သို့ တရားဟောတော်မူသော်လည်း ဤသူ ငါးဦး အသီးသီးကား ဤသို့ ဤသို့ ပြုလုပ်ကာ နေပါ၏"ဟု လျှောက်၏။

မြတ်စွာဘုရားက "အာနန္ဒာ၊ ဤသူ ငါးဦးသည် ရှေးဘဝက အလေ့အကျင့်များကို မပယ်ဖျောက်နိုင်ကြ၍ ဤသို့ ပြုနေခြင်းဖြစ်၏။ (၁) အိပ်ပျော်နေသူကား ရှေးက ဘဝငါးရာလုံး၌ မြွေမျိုး၌ဖြစ်၍ အခွေတို့၌ ခေါင်းချလျက် အိပ်ကာနေခဲ့ဘူး၏။ (၂) မြေ၌ လက်ချောင်းဖြင့် ရေးခြစ်နေသူကား ရှေးက ဘဝငါးရာလုံး တီခကောင်မျိုး၌ဖြစ်၍ မြေကိုတူးတာ နေခဲ့ဘူး၏။ (၃) သစ်ပင်ကို ကိုင်လှုပ်နေသူကား ရှေးက ဘဝငါးရာလုံး မျောက်မျိုး၌ ဖြစ်ခဲ့ဘူး၏။ (၄) ကောင်းကင်သို့မော့ကြည့်နေသူကား ရှေးက ဘဝငါးရာလုံး နက္ခတ်ပညာရှင် ဖြစ်ခဲ့ဘူး၏။ (၅) ရိုသေစွာ တရားနာသူကား ရှေးက ဘဝငါးရာလုံး ဗေဒင်သုံးပုံ ပါရဂူ ဖြစ်ခဲ့ဘူး၏"ဟု မိန့်တော်မူ၏။

ထိုအခါအာနန္ဒာက "ဘုရားရှင်၏ တရားတော်သည် အလွန်တရာနာချင်စဖွယ်ကောင်းသော တရားမဟုတ်ပါလော"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "အာနန္ဒာ၊ တရားတော်မည်သည် နာချင်စရာ ကောင်းသည်

မဟုတ်။ ဆင်းရဲပင်ပန်းစွာ နာယူအပ်သည့်အရာ ဖြစ်၏။ ဘုရား, တရား, သံဃာ ဟူသော စကားကို ဤသတ္တဝါတို့သည် ကမ္ဘာကုဋေ သိန်းပေါင်းများစွာမှာလည်း မကြားခဲ့စဘူး။ ကြားဘူးလေ့မရှိ။ ထို့ကြောင့် ဤတရားတော်ကို ကြားနာရန် မတတ်နိုင်ကုန်။ အစမထင် သံသရာ၌ ဤသတ္တဝါတို့သည် မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားဖျင်းတို့ကိုသာ ကြားနာ လာခဲ့ရကုန်၏။ ထို့ကြောင့် သေရည်သောက်ရာ, ပျော်ရွှင်ရာ, ကစားရာ စသည်တို့၌ သီဆိုကခုန်ကာ သွားလာလှည့်လည်နိုင်ကုန်၏။ တရားတော်ကို ကြားနာရန်ကား မတတ်နိုင်ကုန်"ဟု မိန့်တော်မူ၏။

"အဘယ်တရားကို အမှီပြု၍ ထိုသူတို့သည် တရားကို နာကြားရန် မတတ်နိုင်ကြပါသနည်း"ဟုမေးလျှောက်သော် မြတ်စွာဘုရားက "အာနန္ဒာ၊ ရာဂကိုမှီ၍, ဒေါသကိုမှီ၍, မောဟကိုမှီ၍, တဏှာကိုမှီ၍ မတတ်နိုင်ကြကုန်။ သတ္တဝါတို့ကို ပြာပါမကျန်အောင် လောင်စေတတ်သဖြင့် ရာဂမီးနှင့်တူသည့် မီးသည် မရှိ။ နေ ခုနစ်စင်း ထွက်ပေါ်၍ ဤကမ္ဘာလောကကို ဘာမျှမကျန်အောင် လောင်စေသော်လည်း ရံခါသာလောင်၏။ ရာဂမီးကား အခါခပ်သိမ်းလောင်၏။ မလောင်သည့် ကာလ မရှိ။ ထို့ကြောင့် ရာဂနှင့်တူသည့်မီး၊ ဒေါသနှင့်တူသည့် ဖမ်းစားတတ်သူ၊ မောဟနှင့်တူသည့် ပိုက်ကွန်၊ တဏှာနှင့်တူသည့် မြစ် မရှိပေ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၁။ "ရာဂနှင့်တူသော မီးသည် မရှိ။ ဒေါသနှင့်တူသော ဖမ်းစားတတ်သူသည်မရှိ။ မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ။ တဏှာနှင့် တူသော မြစ်သည် မရှိ။"

ဤတရားကို ကြားနာပြီးသော် ကောင်းစွာ တရားနာသူ ဥပါသကာ တဦးသာ သောတာပန် ဖြစ်လေ၏။

## ၁၉၁။ မေဏ္ဍက သူဌေးကြီး

မြတ်စွာဘုရား ဘဒ္ဒိယမြို့ကို မှီ၍ မြလေးတော၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် အင်္ဂတိုင်း, ဥတ္တရတိုင်းတို့၌ ဒေသစာရီ ကြွချီတော်မူသော် "မေဏ္ဍက သူဌေးကြီး၊ စန္ဒပဒုမာ မည်သော သူဌေးကတော်၊ သားဖြစ်သူ ဓနဉ္စယသူဌေး၊ သုမနဒေဝီ မည်သော ချွေးမ၊ ဝိသာခါ မည်

သော မြေးမ၊ ပုဏ္ဏာ မည်သော ကျွန်မ” ဤသို့ ငါးဦးတို့ သောတာပန် ဖြစ်ကြလတံ့သည်ကို မြင်တော်မူသဖြင့် ဘဒ္ဒိယမြို့သို့ကြွ၍ ဤမြလေးတော၌ နေတော်မူ၏။ မေဏ္ဍကသူဌေးကြီးကား အံ့မခန်းမျှ ချမ်းသာကြွယ်ဝ၏။ သူ့အိမ်နောက်ဖေးရှိ ရှစ်ပယ်မျှသော အရပ်၌ နွားလားလောက် ကြီးသော ရွှေအတိပြီးသည့် ဆိတ်ရုပ်တို့ ကျောချင်းထိကာ အပြည့်အနှက် မြေကို ဖောက်၍ အလိုလိုပေါက်လာကုန်၏။ ထိုဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ချည်ထွေး ချည်ခင်များ၊ အဝတ်အထည်များ၊ ထောပတ်ဆီပျားစသည် ရွှေငွေစသည် သုံးမကုန်အောင် အလိုလို ပါရှိပြီး လိုလျှင်ယူသုံးရုံပင် ဖြစ်၏။ ထိုကြောင့်, မေဏ္ဍက(ဆိတ်)သူဌေးကြီး’ဟု ခေါ်တွင်ခြင်း ဖြစ်၏။

သူ၏ရှေးကံ။ ။သူသည် ဝိပဿိဘုရားအား ရတနာ ခုနစ်ပါးဖြင့်ပြီးသော ဂန္ဓကုဋိတိုက်နှင့် ဓမ္မသာလာ စရပ်ကို ဆောက်လုပ်၍ အတွင်း၌ ဆိတ်ရုပ်များ ခံထားသော တရားဟောပလ္လင်နှင့် ခြေတော်ချရာခုံကို ပြုလုပ်လှူဒါန်းပြီး လေးလ ပတ်လုံး ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းအားအလှူကြီးကို ပေးလှူခဲ့၏။ နောက် ဤဘဒ္ဒကပ် ကမ္ဘာမှာလည်း ဗာရာဏသီ သူဌေးကြီး ဖြစ်စဉ်က ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်ရာတွင် နောက်ဆုံးစားရမဲ့ သောက်ရမဲ့ ဖြစ်နေချိန်၌ မိသားစု ငါးဦးအတွက် ချက်ထားသည့် တစလယ်ချက် ထမင်းကို စားမည်ပြုစဉ် ဆွမ်းခံကြွလာသည့် ပစ္စေကဗုဒ္ဓါတပါးအား “ငါတို့လှူပြီး မစားဘဲ သေကြအံ့”ဟု အတုမရှိသော စေတနာဖြင့် ထမင်းအကုန် လှူဒါန်းလိုက်၏။ ထိုစေတနာကြောင့် ထိုနေ့မှာပင် ထမင်းအိုး၌ ထမင်းပြည့်မြဲဖြစ်သည့်ပြင် စပါးကျီတို့၌ စပါးအပြည့်ရှိလာရ ငတ်နေသည့် ပြည်သူတို့အား စေတနာ ဗလဝဖြင့် ပေးကမ်းခဲ့၏။

သူဌေးကြီးနှင့်တကွ မိသားစု ငါးဦးတို့သည် မြတ်စွာဘုရား ကြွလာကြောင်းကြားလျှင် ဘုရားရှင်ထံသွားပြီး ခရီးဦးကြိုပြု၍ ရှိခိုးကာ နေ၏။ သူဌေးကြီးသည် မိသားစုနှင့်တကွ ဘုရားရှင်၏ တရားတော်ကို ကြားနာပြီး သောတာပန်ဖြစ်သော် “တပည့်တော်သည် ဘုရားရှင်ကို သွားမကြိုရန် တိတ္ထိတို့တာ တားမြစ်ခဲ့ကြသော်လည်း မနာယူခဲ့ပါ”ဟု လျှောက်ထား၏။ မြတ်စွာဘုရားက “သူဌေးကြီး၊ ဤသတ္တဝါတို့မည်သည် ကြီးကျယ် မြားမြောင်သော်လည်း မိမိ၏ အကျိုးအပြစ်ကို မမြင်နိုင်ကုန်။ သူတပါးတို့၏ အပြစ်ကိုမူ မထင်ရှားသော်လည်း ထင်ရှားအောင်ပြု၍ ထိုထိုအရပ်၌ လွှင့်တတ်ကြကုန်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၂။ "သူတပါးတို့၏ အပြစ်ကို မြင်လွယ်၏။ မိမိ၏အပြစ်ကိုမူ မြင်နိုင်ခဲ၏။
ထိုသူသည် သူတပါးတို့၏အပြစ်များကို 'ဖွဲကို ပစ်လွှင့်သကဲ့သို့' လွှင့်၏။
ကောက်ကျစ်သော မုဆိုးသည် ကိုယ်ကို (သစ်ရွက် စသည်ဖြင့်) ဖုံးအုပ်
သကဲ့သို့ မိမိ၏အပြစ်ကိုမူ ဖုံးအုပ်လေ၏။"

## ၁၉၂။ ဥဇ္ဈာနသညီ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သူတပါးကို ကဲ့ရဲ့လေ့ရှိသော 'ဥဇ္ဈာနသညီ' မထေရ်သည် "ဤသူသည် ဤသို့ ဝတ်ဘိ၏။ ဤသို့ရုံဘိ၏"ဟု ကဲ့ရဲ့ရှုတ်ချလျက် ရဟန်းတို့၏ ချွတ်ယွင်းချက်ကိုသာ ရှာဖွေကာ သွားလာလေ့ရှိ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ ကောင်းစေလို၍ ဤသို့ ပြောဆို ဆုံးမတတ်သော ရဟန်းဖြစ်မူ အပြစ်မတင်ထိုက်။ သက်သက် ကဲ့ရဲ့လိုသဖြင့် သူတပါးတို့၏ ချွတ်ယွင်းချက်ကို အမြဲမပြတ်ရှာပြီး ပြောဆို၍သာ သွားလာလေ့ရှိသော ရဟန်းမှုကား ဈာန် စသော တရားထူး တခုမျှ မဖြစ်နိုင်လတံ့။ သက်သက် အာသဝေါတရားတို့သာ တိုးပွားကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၃။ "သူတပါးတို့၏ အပြစ်ကိုအစဉ်ရှု၍ အမြဲမပြတ် ကဲ့ရဲ့တတ်သော သူအား
အာသဝေါတို့သည် တိုးပွားကုန်၏။ထိုသူသည် အာသဝေါကင်းခြင်းမှ
အလွန် ဝေးကွာ၏။"

## ၁၉၃။ သုဘဒ္ဒ ပရိဗိုဇ်

မြတ်စွာဘုရား ကုသိနာရုံပြည်ဝယ် မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန်ပြုရန် ညောင်စောင်းပေါ်တွင် လျောင်းနေတော်မူစဉ်။

သုဘဒ္ဒပရိဗိုဇ်သည် "ငါကား ပြဿနာသုံးရပ်တို့၌ မိမိ၏ ယုံမှားခြင်းကို အသက်ကြီးသည့် ပရိဗိုဇ်ရဟန်းတို့ကို မေးမြန်းပြီးလျက် ရဟန်းဂေါတမကိုကား 'ငယ်သေး၏'ဟု မှတ်၍ မမေးမိခဲ့။ ယခု ရဟန်းဂေါတမသည်

ပရိနိဗ္ဗာန်ပြုတော့မည်။ သူ့အား မမေးလိုက်မိလျှင် နောင်အခါ ငါနှလုံး မသာမယာ ဖြစ်ရာ၏’ဟု ကြံလျက် ဘုရားရှင်ထံ ချဉ်းကပ်လာ၏။ ရှင်အာနန္ဒာ တားမြစ်သော် မြတ်စွာဘုရားက “မတားမြစ်လင့်၊ ငါဘုရားကို ပြဿနာ မေးပါစေ”ဟု မိန့်တော်မူ၏။ သုဘဒ္ဒသည် ကန့်လန့်ကာအတွင်းသို့ ဝင်၍ အောက်၌ ထိုင်လျက် “အို ဂေါတမ၊ ကောင်းကင်၌ ခြေရာမည်သည် ရှိပါသလော။ ဤသာသနာတော်မှ အပ၌ ရဟန်းမည်သည် ရှိပါသလော။ မြဲသည့် သင်္ခါရတို့မည်သည် ရှိကုန်သလော”ဟု ပြဿနာသုံးရပ်ကို မေး၏။ မြတ်စွာဘုရားက ခြေရာ စသည်တို့ မရှိကြောင်းကို နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၄။ “ကောင်းကင်၌ ခြေရာ မရှိ။ သာသနာပြင်ပ၌ မဂ်ဖိုလ်ရ ရဟန်း မရှိ။ သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော (တဏှာ,မာန,ဒိဋ္ဌိ) တရားသုံးပါး၌မွေ့လျော်ကုန်၏။ ဘုရားရှင်တို့သည် သံသရာချဲ့ထွင်တတ်သော တရားမှ ကင်းကုန်၏။

၂၅၅။ “ကောင်းကင်၌ ခြေရာမရှိ။ သာသနာပြင်ပ၌ မဂ်ဖိုလ်ရ ရဟန်း မရှိ။ မြဲသည့် သင်္ခါရတရားတို့ မရှိကုန်။ ဘုရားရှင်အား(တဏှာ,မာန,ဒိဋ္ဌိ တို့ကြောင့်) တုန်လှုပ်ခြင်း မရှိ။”

ဤတရားကို ကြားနာပြီးသော် သုဘဒ္ဒပရိဗိုဇ်သည် အနာဂါမ် ဖြစ်ပြီး ရဟန်းပြုလေ၏။ သူကား ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် နောက်ဆုံး ရဟန်း ဖြစ်သတည်း။

## [၁၉] ဓမ္မဋ္ဌဝဂ်

### ၁၉၄။ တရားသူကြီး အမတ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းတို့သည် ဆွမ်းခံအပြီး ပြန်လာစဉ် မိုးရွာ၍ တရားရုံးထဲ ဝင်နားရာ တံစိုးလက်ဆောင်စားပြီး မတရားသဖြင့် တရားဆုံးဖြတ်ကြသည့် အမတ်တို့ကို မြင်တွေ့ရ၍ ဘုရားရှင်ထံ ရောက်သော် ထိုအကြောင်းကို လျှောက်ကြားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ချစ်ခြင်း စသည် အဂတိသို့ လိုက်ပြီး မှားယွင်းစွာ ပြောဆို၍ တရားဆုံးဖြတ်သူတို့သည် တရား၌တည်သောသူတို့ မမည်ကုန်။ အပြစ်ကို ဉာဏ်ဖြင့် စိစစ်၍ အပြစ်အားလျော်စွာ ဟုတ်တိုင်းမှန်စွာ ပြောဆိုပြီး ဆုံးဖြတ်ကြသော သူတို့သာ 'တရား၌တည်သူ' (ဓမ္မဋ္ဌ) မည်ကုန်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၆။ "ဆုံးဖြတ်အပ်သော အကြောင်းအရာကို မှားယွင်းစွာ ပြောဆို၍ ဆုံးဖြတ်ခြင်းကြောင့် တရား၌ တည်သောသူမဖြစ်ပေ။ အကြင်ပညာရှိသည် ဟုတ်မှန်သည့်အကြောင်း,မဟုတ်မမှန်သည့် အကြောင်း နှစ်ပါးစုံကို စိစစ် ဆုံးဖြတ်၍—

၂၅၇။ "မမှားမယွင်း တရားနှင့်လျော်ညီစွာ သူတပါးတို့ကို အနိုင်အရှုံး ဆုံးဖြတ်၏။ တရားကို စောင့်ထိန်းသော ထိုပညာရှိကိုသာ တရား၌ တည်သောသူ ဟူ၍ ဆိုအပ်၏။"

## ၁၉၅။ ဆဗ္ဗဂ္ဂီ ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျောင်း၌ရင်း, ရွာ၌ရင်း, ဆွမ်းစားစရပ်၌ နှောက်ယှက် ရှုပ်ထွေးပြုလုပ်လျက် သွားလာကြ၏။ တနေ့သ၌ သူတို့သည် ဆွမ်းစားစရပ်၌ ရဟန်းငယ်,သာမဏေတို့အား "ငါတို့သာပညာရှိကုန်၏"ဟု ဆိုပြီး ကျော၌ ဆွဲငင်၍ အမှိုက်များကို လောင်းချလျက် ဆွမ်းစားစရပ်ကို ရှုပ်ထွေးအောင် ပြုလုပ်ကုန်၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ စကားများများ ပြောပြီး သူတပါးတို့ ကိုဆယ် ညှဉ်းဆဲတတ်သောသူကို ပညာရှိဟု ငါဘုရားမဆို။ ဘေးမရှိ, ရန်မရှိ။ ဘေးရန်ကင်းအောင် ပြုတတ်သူကိုသာ ပညာရှိဟု ငါဘုရားဆို၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၈။ "ဤရွေ့ ဤမျှလောက် စကားများစွာပြောဆိုသော သူသည် ထိုသို့ ပြောခြင်းကြောင့် ပညာရှိ မဖြစ်။ ဘေးမရှိ,ရန်မလာ။ ဘေးကင်းအောင် ပြုတတ်သော သူကို 'ပညာရှိ'ဟု ဆိုအပ်၏။"

## ၁၉၆။ ဧကုဒါန ရဟန္တာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တောအုပ်တခု၌ နေသော 'ဧကုဒါန' အမည်ရသည့် ရဟန္တာတပါးသည် ဥဒါန်းဂါထာတပုဒ် (ဧကုဒါန)မျှကိုသာ လေ့ကျက်ကာ ရွတ်ဆိုလေ့ရှိ၏။ ထိုမထေရ်သည် ဥပုသ်နေ့တိုင်း ကိုယ်တိုင်ပင် တရားနာရန် ကြွေးကြော်ပြီး ထိုဂါထာတပုဒ်မျှကိုသာ ရွတ်ဆိုလေ့ရှိ၏။ ရွတ်ဆိုပြီးသည့်ခဏ၌ တောစောင့် နတ်တို့သည် တခဲနက် ပဲ့တင်ထပ်စေလျက် ကောင်းချီးပေးသံ ပြုကြ၏။ နောက် ဥပုသ်နေ့ တနေ့တွင် ရဟန်းငါးရာစီ ခြံရံလျက် ကြွလာကြသော ပိဋကသုံးပုံဆောင် မထေရ်နှစ်ပါးကို ထိုရဟန္တာကတရားဟောရန် တောင်းပန်

၏။ ''ဤတောအရပ်၌ တရားနာလိုသူများ ရှိပါသလော''ဟု မေးကြသော် ''တရားနာလိုသူတို့ ရှိကြပါ၏။ တရားဟောပြီးလျှင် တောစောင့်နတ်တို့သည် တခဲနက် ကောင်းချီးပေးသံ ပြုကြပါ၏'' ဟု လျှောက်၏။ ထိုအခါ ပိဋကပါရဂူ မထေရ်နှစ်ပါးတို့က တပါးပြီး တပါး နည်းတမျိုးစီဖြင့် တရားများစွာ ဟောကြားပြီးသော် နတ်တဦးကမျှ ကောင်းချီး မပေးကြချေ။

''ကောင်းချီးသံ ဘယ်မှာနည်း''ဟု မေးကြသော် ထိုရဟန္တာက ''တပါးသော နေ့များ၌ ကောင်းချီးသံဖြင့် တတောလုံး ပဲ့တင်ထပ်နေပါ၏။ ယနေ့ ဤသို့ဖြစ်ရခြင်းကား အဘယ့်ကြောင့်ဟု မသိပါဘုရား''ဟု လျှောက်၏။ ''ဒါဖြင့် ငါ့ရှင် တရားဟောလော့''ဟု ဆိုကြသဖြင့် ထိုရဟန္တာမထေရ်သည် တရားဟောနေရာ၌ ယပ်ကို ကိုင်ကာ ထိုဂါထာတခုကိုသာ ရွတ်ဆို၏။ ထိုခဏ၌ နတ်တို့သည် သည်းစွာသော အသံဖြင့် တခဲနက် ကောင်းချီးပေးကြ၏။ ထိုအခါ အခြံအရံ ရဟန်းတို့က ''ဤတောအုပ်နေ နတ်တို့သည် မျက်နှာလိုက်ကြဘိ၏'' စသည်ဖြင့် ကဲ့ရဲ့ကြပြီး ကျောင်းပြန်ရောက်သော် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားကြ၏။ မြတ်စွာဘုရားက ''ရဟန်းတို့၊ များစွာ သင်ယူ ဟောကြားသော ရဟန်းကို ဓမ္မဓရ (တရားဆောင်) ဟု ငါဘုရား မဆို၊ တဂါထာမျှ သင်ယူ တတ်မြောက်ပြီး သစ္စာလေးပါး တရားများကို ထိုးထွင်းသိသော ရဟန်းသည်သာ 'ဓမ္မဓရ' မည်၏'' ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၅၉။ ''ဤရွေ့ဤမျှလောက်များစွာ တရားဟောပြောတတ်သော သူသည် တရားဆောင်သူ 'ဓမ္မဓရ'မဖြစ်မမည်။အနည်းငယ်မျှကိုသာ နာကြားရပြီး သစ္စာလေးပါး တရားကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍ သစ္စာလေးပါးတရားကို မမေ့မလျော့သော သူသည်သာ စင်စစ်တရားဆောင်သူ 'ဓမ္မဓရ'မည်ပေ၏။''

## ၁၉၇။ ဘဒ္ဒိယ မထေရ် (ပုက္ကသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ တောမှ ရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်ထံ လာဖူးသော် ဘုရားရှင်အား ဖူးမြင်ပြီး ထွက်လာသော 'လကုဏ္ဍက (ပုက္ကသူ) ဘဒ္ဒိယ' မထေရ်ကို တွေ့မြင်လျက် ဘုရားရှင် ရှေ့တော်မှောက်သို့ ဝင်ရောက်ကြ၏။

မြတ်စွာဘုရားသည် ထိုရဟန်းသုံးဆယ်တို့ ရဟန္တာ ဖြစ်ကြလတ်သည်ကို မြင်တော်မူ၍ “ငါဘုရားထံမှ ဖဲကြသွားသော မထေရ်တပါးကို မြင်ကြသလော” ဟု မေးတော်မူ၏။ “မမြင်ကြပါ၊ အလွန်ငယ်လှသည့် သာမဏေ တပါးကိုသာ မြင်ကြပါသည်” ဟု လျှောက်ကြသော် မြတ်စွာဘုရားက “ရဟန်းတို့၊ ထိုသူကား သာမဏေ မဟုတ်၊ မထေရ်ကြီးတပါး ဖြစ်၏။ ငါဘုရားသည် အသက်ကြီးသူ ဖြစ်၍ မထေရ်ကြီး နေရာ၌ နေကာမျှဖြင့် မထေရ်ကြီးဟု ငါဘုရား ဟောတော်မမူ။သစ္စာတရားတို့ကို ထိုးထွင်းသိသဖြင့် လူအပေါင်းအား ညှဉ်းဆဲခြင်း မရှိသော ပုဂ္ဂိုလ်သည်သာ မထေရ်ကြီး မည်၏”ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၆၀။ “ဦးခေါင်း ဖွေးဖွေးဖြူကာမျှဖြင့် ထိုရဟန်းသည် မထေရ် မမည်။ ထိုရဟန်း၏ အရွယ်ရင့်အိုမှုကို အချည်းနှီးအကျိုးမဲ့သော ‘ရင့်အိုမှု’ ဟု ဆိုအပ်၏။

၂၆၁။ “သစ္စာလေးပါး၊ လောကုတ္တရာတရား၊ မညှဉ်းဆဲခြင်း၊ သီလစောင့်စည်းခြင်း၊ ဣန္ဒြေကို ဆုံးမခြင်းတို့တည်ရှိသော၊ ကိလေသာ ထွေးအန်ပြီးသည့် ပညာရှိကိုသာ စင်စစ်‘မထေရ်ကြီး’ဟု ခေါ်ဆိုအပ်၏။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန်း သုံးကျိပ်တို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၁၉၈။ ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ပဉ္စင်းငယ်၊ သာမဏေတို့သည် မိမိတို့ ဆရာသမားများအား ဘက်န်းဆိုးပေးခြင်း စသည် အမှုကြီးငယ် လုပ်ကိုင် ပေးနေကြသည်တို့ကို မြင်၍ မနာလို ငြူစူကြသော ရဟန်းအချို့သည်“ဤရဟန်းငယ်၊သာမဏေတို့ သူတပါးထံ၌ သင်ယူပြီးသော်လည်း ငါတို့ထံ၌ နည်းနာ နိဿယကို ခံယူကြစေရန် ဘုရားရှင်အား ပန်ကြားကုန်အံ့။ ဤသို့ ပြုလျှင် ငါတို့အား အခြံအရံ လာဘ်လာဘ ပေါများခပအံ့” ဟု ကြံ၍ ဘုရားရှင်ထံ သွားပြီး ထိုသို့ တောင်းပန် လျှောက်ကြားကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စိတ် ယုတ်မာကို သိမြင်တော်မူ၍ “ရဟန်းတို့၊ စကား ပြောတတ် ကာမျှဖြင့်

သင်တို့ကို ကောင်းသောသဘော ရှိသူများဟု ငါဘုရား မဆို၊ မနာလိုငြူစူစိတ်စသည့် အကုသိုလ် တရားများကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးသော ပုဂ္ဂိုလ်ကိုသာ ကောင်းသော သဘောရှိသူ ဖြစ်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၆၂။ "ငြူစူတတ်, ဝန်တိုတတ်, ကောက်ကျစ်တတ်သော ပုဂ္ဂိုလ်သည် စကားကို ပြောဆိုတတ်ကာမျှဖြင့်၎င်း၊ ရုပ်အဆင်း နှစ်သက်စဖွယ် လှပကာမျှဖြင့်၎င်း ကောင်းမြတ်သော သဘောရှိသူ မဖြစ်။

၂၆၃။ "ဤငြူစူခြင်း စသော အကုသိုလ်အပေါင်းကို (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ပယ်ဖြတ်၍ အမြစ်ပြတ်ပယ်နုတ်ပြီးသော၊ ကိလေသာအပြစ်ထွေးအန်ပြီးသည့် ပညာရှိကိုသာ ကောင်းမြတ်သော သဘောရှိသူဟူ၍ ဆိုအပ်၏။"

## ၁၉၉။ ဟတ္ထက ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'ဟတ္ထက' မည်သော ရဟန်းသည် ဝါဒမတူ တိတ္ထိတို့ထံသို့ "သင်တို့သည် ဤမည်သော အချိန်၌ ဤမည်သော အရပ်သို့ လာကြလော့။ အယူဝါဒနှီးနှော ပြောဆိုကြအံ့" ဟု စကားစေလွှတ် ချိန်းချက် ပြောဆိုပြီး ထိုနေရာသို့ သွားနှင့်၍ "ကြည့်ကြလော။ တိတ္ထိတို့သည် ငါ့ကို ကြောက်သဖြင့် မလာဝံ့ကုန်။ သူတို့ရှုံးလေပြီ" စသော စကားများကို ဆိုလျက် စင်္ကြံသွားလေ့ရှိ၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်မေးတော်မူ၍ "ရဟန်း၊ အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း။ ဤသို့ ချွတ်ယွင်းသော စကားကို ပြောဆိုသူသည် ခေါင်းတုံး ပြုခြင်းစသည်မျှဖြင့် သမဏမည်သော ရဟန်း မဖြစ်နိုင်သေး။ ငယ်ငယ်ကြီးကြီး အကုသိုလ် ဟူသမျှကို ငြိမ်းစေပြီးသော ရဟန်းသည်သာ 'သမဏ' မည်သော ရဟန်းဖြစ်ပေ၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၂၆၄။ "ခေါင်းတုံးကာမျှဖြင့် ရဟန်းမည်သည်မဖြစ်သေး။ သီလ,ဓုတင် အကျင့်မရှိသော ချွတ်ယွင်းသော စကားကိုလည်း ပြောတတ်သော၊ လိုချင်

မက်မောမှုနှင့် ပြည့်စုံသော သူသည် အဘယ်မှာ ရဟန်း ဟုတ်နိုင်အံ့နည်း။

၂၆၅။ "ငယ်ငယ်ကြီးကြီး အလုံးစုံသော အကုသိုလ်တို့ကို ငြိမ်းစေသော သူသည် အကုသိုလ်တို့ကို ငြိမ်းစေသောကြောင့်သာ 'ရဟန်း' ဟူ၍ ခေါ်ဆိုအပ်၏။"

## ၂၀၀။ ပုဏ္ဏားတဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏားတဦးသည် မိစ္ဆာအယူ၌ ရဟန်းပြု၍ ဆွမ်းခံလှည့်လည်စဉ် "ရဟန်းဂေါတမသည် ဆွမ်းခံလှည့်၍ အသက်မွေးသူကို 'ဘိက္ခု' ဟု ဆို၏။ ငါ့ကိုလည်း 'ဘိက္ခု' ဟု ခေါ်ဆိုသင့်၏" ဟု ကြံ၍ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ထား၏။ မြတ်စွာဘုရားက "ပုဏ္ဏား၊ ဆွမ်းခံဆာမျှဖြင့် 'ဘိက္ခု' ဟူ၍ ငါဘုရား မဆို။ တရားနှင့်မညီ၊ မှားယွင်းသောအကျင့်ကို ကျင့်သောသူသည် 'ဘိက္ခု' မည်သူ မဟုတ်။ သင်္ခါရတရားတို့၌ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ ကျင့်သော ပုဂ္ဂိုလ်သည်သာ 'ဘိက္ခု' မည်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၆၆။ "သူတပါးတို့ထံ တောင်းစားသော သူသည် ထိုသို့ တောင်းစားကာမျှဖြင့် ရဟန်းမည်သည် မဖြစ်။ တရားနှင့်မညီ၊ မှားယွင်းသော အကျင့်ကိုယူ၍ ကျင့်သောသူသည် ထိုသို့အကျင့် ကျင့်ကာမျှဖြင့် ရဟန်းမည်သည် မဖြစ်။

၂၆၇။ "ဤသာသနာတော်၌ ကောင်းမှု မကောင်းမှုကို မဂ်ဉာဏ်ဖြင့် ပယ်နုတ်ပြီး၍ မြတ်သော အကျင့်ကို ကျင့်သုံးသော ခန္ဓာငါးပါး ဟူသော လောကကို ဉာဏ်ဖြင့် ဆင်ခြင်၍ ကျင့်သော ပုဂ္ဂိုလ်ကိုသာ စင်စစ် 'ရဟန်း' ဟု ဆိုအပ်၏။"

## ၂၀၃။ တိတ္ထိများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တိတ္ထိတို့သည် စားသောက်ရာ အရပ်၌ လူတို့အား "ဘေးကင်းပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ" စသည်ဖြင့် မင်္ဂလာစကားကို ပြောကြား၍ ဖဲသွားကြ၏။ ပထမ ဗောဓိ (ဝါတော် ၂၀)အတွင်း၌ ဘုရားရှင်က ထိုသို့ပြုရန် ခွင့်ပြုခြင်း မရှိသေး၍ ရဟန်းတို့သည် လူတို့အား ထိုသို့သော မင်္ဂလာစကား မပြောကြားဘဲ ဖဲသွားကြသဖြင့် လူတို့က တိတ္ထိတို့နှင့် နှိုင်းယှဉ်ပြီး ရဟန်းတို့ကို ကဲ့ရဲ့ကြ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ ဤနေ့မှ စ၍ ဆွမ်းစားစရပ် စသည်တို့၌ အလိုရှိတိုင်း တရားဟောပြောခြင်းကို ပြုလုပ်ကြလော့" ဟု ခွင့်ပြုတော်မူ၏။ ရဟန်းတို့က ထိုသို့ ပြုလုပ်ကြသော် လူတို့သည် နှစ်သက် မြတ်နိုးကြသဖြင့် ပင့်ဖိတ်ပြီး များစွာလှူဒါန်းကြ၏။

ထိုအခါ တိတ္ထိတို့က "ငါတို့သည် ဆိတ်ဆိတ်နေခြင်း 'မုနိ' အကျင့်ကို ကျင့်ကြကုန်၏။ ရဟန်း ဂေါတမ၏ တပည့်ရဟန်းတို့ကား ဆွမ်းစားစရပ် စသည်တို့၌ စကားများစွာ ပြောဆိုကာ သွားလာကြဘိ၏" ဟု ကဲ့ရဲ့ကြကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားသိတော်မူလျှင် "ရဟန်းတို့၊ အချို့သော သူတို့သည် မသိသဖြင့်ရှင်း၊ ကြောက်ရွံ့၍ မပြောဆိုဝံ့သဖြင့်ရှင်း၊ နက်နဲသည့် အကြောင်းအရာကို သူတပါး မသိစေနှင့်ဟု ဝန်တိုသဖြင့်ရှင်း ဆိတ်ဆိတ်နေတတ်ကြကုန်၏။ ထို့ကြောင့်ပင် ဆိတ်ဆိတ်နေကာမျှဖြင့် 'မုနိ' မည်သူ မဟုတ်သေး။ မကောင်းမှုကို ငြိမ်းအေးစေသော ကြောင့်သာ'မုနိ' မည်သူ ဖြစ်၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၆၈။ "အသိပညာ မရှိ၍ မတွေဝေနေသော သူသည် ဆိတ်ဆိတ်နေကာမျှဖြင့် 'မုနိ'မမည်။ချိန်ခွင်ကိုကိုင်၍ ချိန်စက်သကဲ့သို့ မြတ်သောတရားကိုယူ၍-

၂၆၉။ "မကောင်းမှုတို့ကို ရှောင်ကြဉ်သော ပညာရှိသည် ထိုအကြောင်း ကြောင့်ပင် 'မုနိ' မည်၏။ အဇ္ဈတ္တ, ဗဟိဒ္ဓ ခန္ဓာနှစ်ပါးကို သိမြင်သော သူသည် ထိုသို့ သိခြင်းကြောင့်ပင်'မုနိ'ဟု ဆိုအပ်၏။"

## ၂၀၂။ အရိယာ တံငါသည်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ မြတ်စွာဘုရားသည် 'အရိယာ'မည်သော တံငါသည် သောတာပန် ဖြစ်လတံ့သည်ကို မြင်တော်မူ၍ သာဝတ္ထိပြည်အနီးရှိ ရွာသို့ ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံပြီး ပြန်ကြွလာသော် ငါးများနေသည့် ထိုတံငါသည်ထံသို့ ကြွရောက်တော်မူ၏။ တံငါသည်သည် ငါးများတံကို စွန့်ပစ်၍ ရပ်နေသော် မြတ်စွာဘုရားက "ဒါယကာ၊ သင့်အမည်ကား အဘယ်နည်း" ဟု မေးတော်မူ၏။ ထိုတံငါသည်က "အရိယာ မည်ပါ၏"ဟု လျှောက်သော် မြတ်စွာဘုရားက "ဒါယကာ၊သူ့အသက်ကို သတ်လေ့ ရှိသော သူတို့သည် 'အရိယာ'မည်သူတို့ မဟုတ်ကုန်။ အရိယာတို့မည်သည် သတ္တဝါတို့အားမညှဉ်းမသတ်ဖြစ်ကုန်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၀။ "သတ္တဝါတို့ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းကြောင့် 'အရိယာ'မည်သည် မဖြစ်။ သတ္တဝါ အားလုံးကို မညှဉ်းဆဲ မနှိပ်စက်ခြင်း ကြောင့်သာ 'အရိယာ'ဟု ဆိုအပ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုတံငါသည် သောတာပန် ဖြစ်လေ၏။

## ၂၀၃။ ရဟန်းများ (သီလ စသည်ရှိသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သီလ စသည်တို့နှင့် ပြည့်စုံသော ရဟန်းတို့တွင် အချို့အချို့သည် "ငါတို့ သီလရှိကြ၏။ ငါတို့ ဓုတင်ဆောင်များ ဖြစ်ကြ၏။ ငါတို့ အကြားအမြင်များကုန်၏။ ငါတို့ ဈာန်ရ ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ငါတို့ အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ငါတို့ အလိုရှိလျှင် အရဟတ္တဖိုလ်ကို လွယ်ကူစွာ ရနိုင်ကြပြီ"ဟု ကြံမိကြလျက် တနေ့သ၌ ဘုရားရှင်ထံ သွားကြ၏။ ဘုရားရှင်က "သင်တို့ ရဟန်းကိစ္စ ပြီးကြပြီလော"ဟု မေးသော် ထိုရဟန်းတို့က "အလိုရှိ

လျှင် အရဟတ္တဖိုလ်ကို လွယ်ကူစွာ ရနိုင်သည့် အခြေအနေတွင်ရှိကြောင်း" အလုံးစုံကို လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန်းမည်သည် သီလရှိသူ စသည် ဖြစ်ကာမျှဖြင့်၊ အနာဂါမ် ဖြစ်ကာမျှဖြင့် ငါတို့အား ဝဋ်ဆင်းရဲ နည်းလေပြီ ဟု မပြောဆိုသင့်။ အာသဝေါ မကုန်သေးသမျှ ထာဝရ ချမ်းသာခြင်းသို့ ငါရောက်ပြီဟု မမှတ်လင့်"ဟု မိန့်တော်မူပြီး ထိုရဟန်းအသီးသီးကို ရည်ညွှန်းလျက် နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၁။ "သီလအကျင့် ရှိကာမျှဖြင့်ရင်း၊ အကြားအမြင် များကာမျှဖြင့် ရင်း၊ တည်ကြည်မှု သမာဓိရကာမျှဖြင့်ရင်း၊ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်ရင်း။

၂၇၂။ "ပုထုဇဉ်တို့ မမှီဝဲ မခံစားနိုင်သည့် အနာဂါမိဖိုလ်ချမ်းသာကို ငါရပေပြီ ဟူ၍ရင်း ရဟန်းသည် ရဟန္တာအဖြစ်သို့ မရောက်သေးမူ အေးအေးဆေးဆေး ရပ်နားမနေလင့်။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် ရဟန္တာဖြစ်ကြလေ၏။

# [၂၀] မဂ္ဂဝဂ်

## ၂၀၄။ ရဟန်း ငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် ရဟန်းငါးရာ ခြံရံလျက် ဇနပုဒ်သို့ ဒေသစာရီ ကြွချီတော် မူပြီး ပြန်ကြွလာ၏။ ထိုရဟန်းငါးရာတို့သည် ဆွမ်းစားစရပ်၌ နေထိုင်ကြလျက် မိမိတို့ သွားလာခဲ့သော လမ်းခရီးနှင့် ပတ်သက်ပြီး "ဤမည်သောလမ်းကား ညီညွတ်၏။ ဤမည်သောလမ်းကား ကျောက်စရစ်တို့ဖြင့် မညီမညွတ်ရှိ၏"စသည်ဖြင့် ပြောဆိုနေကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ ရဟန္တာ ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ထိုရဟန်းများထံကြွကာ ထိုအကြောင်းကို မေးမြန်းတော်မူ၏။ ထိုနောက် "ရဟန်းတို့၊ ဤလမ်းခရီးသည် ပြင်ပ လမ်းခရီးဖြစ်၏။ ရဟန်းမည်သည် အရိယာ ပုဂ္ဂိုလ်တို့ သွားရာလမ်းခရီး၌ ပြုအပ်သော အမှုကိုပြုသင့်၏။ ဤသို့ ပြုသော ရဟန်းသည် ဝဋ်ဆင်းရဲအားလုံးမှ လွတ်မြောက်နိုင်၏"ဟု မိန့်တော်မူပြီး လေးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၃။ "လမ်းခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော 'မဂ်' လမ်းခရီးသည် အမြတ်ဆုံးဖြစ်၏။ သစ္စာတရားတို့တွင် အရိယ သစ္စာလေးပါးတို့သည် အမြတ်ဆုံးဖြစ်ကြ၏။ တရားတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏။ ခြေနှစ်ချောင်းရှိ လူ သတ္တဝါတို့တွင် ဉာဏ်မျက်စိ ငါးပါးရှိသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။

၂၇၄။ "မဂ်ဖိုလ်ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက် ဤအင်္ဂါရှစ်ပါးရှိ 'မဂ်' လမ်းခရီးသည် လမ်းခရီးမှန် ဖြစ်၏။ ဤမဂ်လမ်းခရီးမှ တပါး တခြား လမ်းခရီး မရှိပေ။ ထို့ကြောင့် သင်တို့သည် ဤလမ်းခရီးမှန်ကိုသာ

သွားကြ၊ ကျင့်ကြကုန်လော့။ ဤလမ်းခရီးမှန်သည် မာရ်နတ်မမြင်နိုင်သော လမ်းခရီးတည်း။

၂၇၅။ "သင်တို့သည် ဤ'မဂ်'လမ်းခရီးကို သွားကြ ကျင့်ကြကုန်သော် ဆင်းရဲအဆုံးကို ပြုရကုန်လတ္တံ့။ ငါသည် ရာဂ စသော ဆူးငြောင့်ကို နုတ်ပယ်နိုင်သည့် လမ်းမှန်ကို ကိုယ်တိုင်သိပြီး၍ သင်တို့အား ဤ'မဂ်' လမ်းခရီးကို ဟောကြား ညွှန်ကြားအပ်ပြီ။

၂၇၆။ "သင်တို့ကိုယ်တိုင် လုံ့လကြိုးကုတ် အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့ကား လမ်းမှန်ကို ညွှန်ပြသူများသာဖြစ်ကုန်၏။ ညွှန်ကြားပြသတိုင်း ကျင့်ကြ၍ ကိလေသာ လောင်မြိုက်ကုန်သော သူတို့သည် မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကုန်လတ္တံ့။"

ဤတရားကို ကြားနာပြီးသော်၊ ထိုရဟန်းတို့ ရဟန္တာဖြစ်ကြ၏။

[ဘုရားရှင်၏ စက္ခုငါးပါး—ဗုဒ္ဓစက္ခု၊ ဓမ္မစက္ခု၊ သမန္တစက္ခု၊ ဒိဗ္ဗစက္ခု၊ ဉာဏစက္ခု]

## ၂၀၅။ အနိစ္စ လက္ခဏာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူပြီး တောသို့ သွား၍ တရားအားထုတ်ရာ ရဟန္တာ မဖြစ်နိုင်ကြသဖြင့် ပြန်လာကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် သင့်လျော်သည့် ကမ္မဋ္ဌာန်းကို ဆင်ခြင်တော်မူလျှင် "ဤရဟန်းတို့သည် ကဿပဘုရားလက်ထက်က နှစ်ပေါင်းများစွာ အနိစ္စလက္ခဏာ၌ လေ့လာအားထုတ်ခဲ့ကြသည်"ကို မြင်တော်မူသဖြင့် "ရဟန်းတို့၊ ဘဝသုံးပါး၌ရှိသော သင်္ခါရတရား အားလုံးတို့သည် ဖြစ်ပြီးလျှင် ပျက်စီးတတ်သဖြင့် အနိစ္စသာလျှင် ဖြစ်ကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၇။ "ရုပ်နာမ် ဓမ္မ သင်္ခါရ အားလုံးတို့သည် အမြဲ မရှိကုန်ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်း သည်ပင် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်အတွက် လမ်းကြောင်း ဖြစ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၂၀၆။ ဒုက္ခ လက္ခဏာ

ရှေးဝတ္ထုအတိုင်း။ ။မြတ်စွာဘုရားသည် ရှေးက ဒုက္ခလက္ခဏာ၌ အဖန် တလဲလဲ လေ့ကျက်ခဲ့ဘူးကုန်သော ရဟန်းတို့အား "ရဟန်းတို့၊ ခန္ဓာအားလုံး တို့သည်လည်း အဖန်ဟလဲလဲ နှိပ်စက်ခြင်း သဘောကြောင့် ဒုက္ခအတိ မည်ကြ သည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၈။ "ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့သည် ဆင်းရဲကုန်၏ဟု ဝိပဿနာ ဉာဏ်ဖြင့် ရှုမြင်နိုင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤ ငြီးငွေ့ခြင်းသည်ပင် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်အတွက် လမ်း ကြောင်း ဖြစ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြ လေ၏။

## ၂၀၇။ အနတ္တ လက္ခဏာ

ရှေးဝတ္ထုအတိုင်းပင်။ ။မြတ်စွာဘုရားသည် ရှေးက အနတ္တ လက္ခဏာ၌ အဖန်တလဲလဲ လေ့ကျက်ခဲ့ဘူးကုန်သော ရဟန်းတို့အား "ရဟန်းတို့၊ ခန္ဓာ အားလုံးသည်လည်း မိမိအလိုသို့မလိုက်ခြင်းသဘောကြောင့် အနတ္တ မည်ကုန် သည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၉ "ခန္ဓာငါးပါး တရား အားလုံးတို့သည် (အလိုသို့ မလိုက်ကြသဖြင့်) အတ္တမဟုတ်၊ အနတ္တတို့သာ ဖြစ်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင် နိုင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ပင် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်အတွက် လမ်းကြောင်း ဖြစ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

## ၂၀၈။ တိဿ ရှဟန်း (အပျင်းထူသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ အမျိုးသားငါးရာတို့သည် ဘုရားရှင်ထံ၌ ရဟန်းပြုကြပြီး ကမ္မဋ္ဌာန်းကို ယူ၍ တရားအားထုတ်ရန် တောသို့ သွားကြသော် 'တိဿ'မည်သော ရဟန်းတပါးကား ကျောင်း၌ နေရစ်ခဲ့၏။ တောသို့သွား၍ တရားအားထုတ်ကြသော ရဟန်းတို့သည် မကြာမီ ရဟန္တာဖြစ်ကြ၍ ဘုရားရှင်ကို ဖူးမြင်ရန် လာကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် အလွန် နှစ်သက်ဝမ်းမြောက်စွာ စကားပြောတော်မူ၏။ ထိုအခါ ကျောင်း နေရစ်ခဲ့သည့် 'တိဿ'ရဟန်းသည် "ဤရဟန်းတို့နှင့် နှစ်သက်ဝမ်းမြောက်စွာ ပြောတော်မူသော မြတ်စွာဘုရား၏ ခံတွင်းတော်သည် မဆန့်လောက်အောင် ဖြစ်၏။ ငါကား မဂ်ဖိုလ်မရသေး၍ ငါနှင့်အတူ စကားပြောတော်မမူ။ ယနေ့ပင် ရဟန္တာဖြစ်အောင် အားထုတ်၍ ဘုရားရှင်အား ငါနှင့် စကားပြောဟော စေအံ့"ဟု ကြံပြီး တညလုံး စင်္ကြံသွား၍ ကမ္မဋ္ဌာန်း စီးဖြန်း တရားအားထုတ်သော် ငိုက်မျဉ်းသဖြင့် စင်္ကြံဦးရှိ ကျောက်ဖျာပေါ်၌ လဲကျ၍ ပေါင်ကျိုးလေ၏။

ထိုရဟန်းသည် သည်းစွာအော်ဟစ်သော် သူ၏ အဖော်ရဟန်းတို့သည် သူ့အသံကို မှတ်မိ၍ ဆီမီးများဖြင့် ထွက်လာပြီး ပြုစုကြစဉ်ပင် မိုးလင်းလေ၏။ မြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွလာပြီး အဖြစ်အပျက်ကို မြင်တော်မူသော် "ရဟန်းတို့၊ ထကြွလုံ့လ ပြုသင့်သော ကာလ၌ ပျင်းရိသဖြင့် ထကြွလုံ့လ မပြုသောသူသည် ဈာန်စသည့် တရားထူးကို မရနိုင်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၈၀။ "ပျိုမြစ်နုထွား ခွန်အားနှင့် ပြည့်စုံပါသော်လည်း ထကြွလုံ့လပြုသင့်သော ကာလ၌ ထကြွလုံ့လမပြုဘဲ ပျင်းရိနေသော၊ မှားယွင်းသည့် စိတ်အကြံများ ရှိသည့် လူပျင်းကြီးသည် ပညာဖြင့်သာ ရယူနိုင်သော အရိယာမဂ်ကို မရနိုင်ချေ။"

## ၂၀၉။ ဝက်ပြိတ္တာ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆွမ်းခံရန် ဆင်းလာသော် ဝက်ပြိတ္တာတဦးကို မြင်၍ ပြုံး၏။ ရှင်လက္ခဏက မေးသော် "ဘုရားရှင်ထံရောက်မှ မေးလော့"ဟု ဆို၍ ရွာ၌ ဆွမ်းခံပြီး ဘုရားရှင်ထံ သွား၏။ ဘုရားရှင်ရှေ့၌ ရှင်လက္ခဏက မေးသော် ရှင်မောဂ္ဂလ္လာန်က "ငါ့ရှင်၊ ငါသည် သုံးဂါဝုတ်မျှ ရှိသော ဝက်ပြိတ္တာတဦးကို မြင်ရ၏။ ကိုယ်သည် လူ့ကိုယ်နှင့် တူပြီး ဦးခေါင်းကား ဝက်ဦးခေါင်း ဖြစ်၏။ ပါးစပ်ထဲ၌ အမြီးပေါက်ပြီး ပိုးလောက်တို့ ထွက်ကျယိုစီးနေ၏။ ဤသတ္တဝါမျိုးကို ရှေးက မမြင်ဘူး၍ ပြုံးမိ၏"ဟု ဆို၏။ ထိုအခါ မြတ်စွာဘုရားက "ငါဘုရားသည် ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်စဉ်ကပင် ထိုသတ္တဝါကို မြင်တော်မူ၏။ ငါဘုရား ဟော၍ မယုံကြသော သူတို့သည် အကျိုးစီးပွား ပျက်စီးရာ၏ဟု သနားသဖြင့် မဟောခဲ့။ ယခု မောဂ္ဂလ္လာန် သက်သေရမှ ဟောရပေအံ့"ဟု မိန့်တော်မူ၏။

ထို့နောက် ထိုဝက်ပြိတ္တာ၏ ရှေးမကောင်းမှုကံနှင့် ပတ်သက်၍ "ကဿပ ဘုရားလက်ထက်က ဓမ္မကထိက ရဟန်းတပါးသည် အလွန် ချစ်ခင်ညီညွတ်စွာ နေထိုင်ကြသည့် မထေရ်နှစ်ပါး၏ ကျောင်းသို့ ရောက်သွား၏။ သူသည် လူတို့အား တရားဟော၍ လာဘ်လာဘ ပေါများသော် 'ဤမထေရ်နှစ်ပါးကို ထွက်ပြေးစေပြီး ငါတပါးတည်း နေအံ့'ဟူသော အကြံဆိုးဖြင့် ထိုမထေရ် နှစ်ပါးအား ကွဲပြဲအောင် အမျိုးမျိုး အဖန်တလဲလဲ ဂုံးချော ရန်တိုက်စကား ပြောကြားသဖြင့် ထိုမထေရ်နှစ်ပါး ရန်ဖြစ်ပြီး တခြားစီ ထွက်သွားကြလေ၏။ ထိုဓမ္မကထိကသည် ထိုမကောင်းမှုကံကြောင့် ဘုရားနှစ်ဆူကြား ကာလပတ်လုံး အဝီစိငရဲ၌ ကျက်ပြီး ထိုကံအကျိုးအကြွင်းအားဖြင့် ဤသို့ ဝက်ပြိတ္တာ ဖြစ်ရရှာပေ၏"ဟု ဟောကြားတော်မူ၏။ ထို့နောက်မှ "ရဟန်းမည်သည် ကိုယ်နှုတ်နှလုံး ငြိမ်သက်သည့်သဘော ရှိရာ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၇၁။ "နှုတ်ဖြင့် ဒုစရိုက်မှုမဖြစ်အောင် စောင့်ရှောက်ရာ၏။ စိတ်ဖြင့်ဒုစရိုက်မှုမဖြစ်အောင် ကောင်းစွာ စောင့်ရှောက်ရာ၏။ ကိုယ်ဖြင့်လည်းမကောင်းမှုကို မပြုရာ။ ဤအကုသိုလ်ကမ္မပထတရား သုံးပါးကို သုတ်သင်ရာ၏။ (ဤသို့သုတ်သင်၍) ဘုရားရှင်စသည် သူတော်စင် ဟောကြားသည့် မဂ်လမ်းခရီးကို ပြီးစေရာ၏။"

## ၂၁၀။ ပေါဋ္ဌိလ ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပိဋကတ်သုံးပုံ တတ်မြောက်ပြီး ရဟန်းငါးရာတို့အား စာပေပို့ချပေးနေသော 'ပေါဋ္ဌိလ'ရဟန်းသည် "ငါ ပိဋကတ်သုံးပုံ တတ်မြောက်၏"ဟု မာန်မာန ထောင်လွှား၏။ မြတ်စွာဘုရားသည် သူ၏ မာန်ကို ချိုးနှိမ်ရန် လာခစားသောအခါ "အသုံးမကျသော ပေါဋ္ဌိလ၊ လာလော့"ဟု ၎င်း၊ ပြန်သွားသော အခါ၌လည်း "အသုံးမကျသော ပေါဋ္ဌိလ၊ ထသွားရှာပြီ"ဟု၎င်း မိန့်တော်မူလေ့ ရှိ၏။ ထိုအခါ ပေါဋ္ဌိလသည် "ငါ့အား စျာန်စသည် တရားထူးမရှိခြင်းကြောင့် ဘုရားရှင်က ဤသို့ ဆိုဘိ၏"ဟု ကြံစည်၍ ရဟန်းတပါးကိုမျှ အသိမပေးဘဲ တိတ်တိတ်ကလေး ထွက်သွားရာ ယူဇနာ တရာ့နှစ်ဆယ်ဝေးသည့် ရဟန္တာသုံးဆယ် နေသည့် တောကျောင်းသို့ ရောက်သွား၏။ သူသည် မထေရ်ကြီးကို ရှိခိုးလျက် "တပည့်တော်၏ မှီခိုရာ ဖြစ်တော်မူပါ" ဟု ကျိုးနွံစွာ လျှောက်၏။ မထေရ်ကြီးကလည်း သူ၏မာန ကျိုးနွံစေရန် ဒုတိယ မထေရ်ထံသို့ လွှတ်လိုက်၏။

ဒုတိယမထေရ်လည်း ထို့အတူ လက်မခံဘဲအဆင့်ဆင့်လွှတ်သော် နောက်ဆုံး ခုနစ်နှစ်သား ရဟန္တာ သာမဏေထံ ရောက်သွား၏။ သူသည် ရိုသေကျိုးနွံစွာ ရှိခိုးပြီး အဖန်တလဲလဲ တောင်းပန်မှုထိုသာမဏေက လက်ခံ၏။ ပေါဋ္ဌိလမထေရ်သည် ထိုသာမဏေပြုခိုင်းသည့်အတိုင်း မနောဒွါရမှတပါး ကျန်ငါးဒွါရ၌ ဖြစ်သော အာရုံတို့ကို ပိတ်၍ မနောဒွါရ၌ ပြုအပ်သောအမှုကို ပြုလျက်ကိုယ်ခန္ဓာ၌ ဉာဏ်ကို ချသွင်း၍ ရဟန်းတရားကို အားထုတ်၏။ မြတ်စွာဘုရားသည် ပေါဋ္ဌိလ၏ စိတ်ဉာဏ်အခြေအနေကို ကျောင်းတော်မှပင် ကြည့်ရှုတော်မူ၍ "ဤရဟန်း အား မြေကြီးထုနှင့်တူစွာ ကြီးမားသောပညာဖြင့် မိမိ

ကိုယ်ကို တည်တံ့စေရန် သင့်လျော်၏”ဟု ကြံတော်မူပြီး ဂါထာဖြင့် ဤသို့ ဟောကြားတော်မူ၏။

၂၀၂။“ကမ္မဋ္ဌာန်းအာရုံ၌ နှလုံးသွင်းအားထုတ်မှုကြောင့် ပညာသည် ဖြစ်ပေါ်
ကြီးပွား၏။ ကမ္မဋ္ဌာန်းအာရုံ၌ နှလုံးသွင်းအားထုတ်မှု မရှိခြင်းကြောင့်
ပညာကုန်ခန်းခြင်းဖြစ်၏။ ပညာဖြစ်ပွားခြင်း, ပညာဆုတ်ယုတ်ခြင်း
တို့၏ ဤလမ်းနှစ်သွယ်ကို သိမြင်ပြီးသော် ပညာတိုးပွားအောင် မိမိ
ကိုယ်ကို ဘာဝနာ၌ သိမ်းသွင်းထားရာ၏။”

ဤတရားကိုကြားနာပြီးသော် ပေါဋ္ဌိလ မထေရ်သည် ရဟန္တာဖြစ်လေ၏။

## ၂၁၁။ ရဟန်းအိုကြီး ငါးပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်မှ သက်ကြီးအို မိတ်ဆွေ ငါးဦးတို့သည် ရဟန်းပြုကြပြီး ကျောင်းတခုဆောက်၍ တပေါင်းတည်း နေကြ၏။ သူတို့သည် မိမိတို့၏ သားမယားအိမ်သို့ သွား၍ ဆွမ်းဘုဉ်းပေးလေ့ရှိ၏။ ၎င်းတို့အနက် သက်ကြီးအို ရဟန်းတပါး၏ မယားဟောင်း ‘မဓုရပါစိကာ’ အမည်ရှိ ဒါယိကာမကြီး တဦးသည် ထိုသက်ကြီးအို ငါးပါးတို့အား ကောင်းစွာ လုပ်ကျွေးသဖြင့် ထိုသက်ကြီးအို ငါးပါးလုံး ထိုဒါယိကာမကြီး အိမ်၌သာ ဆွမ်းဘုဉ်းပေးကြ၏။ တနေ့သ၌ ထိုဒါယိကာမကြီး ရောဂါတခုဖြင့် ရုတ်တရက် သေဆုံးသော် ထိုရဟန်းအိုကြီး ငါးပါးသည် အချင်းချင်း လည်ပင်းဖက်လျက် ထိုဒါယိကာမကြီး၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော် ပြောကြားကာ အော်ကြီးဟစ်ကျယ် ငိုကြွေး မြည်တမ်းကြ၏။ ထိုအကြောင်းကို ရဟန်းတို့ ကြားကြသဖြင့် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား လျှောက်ကြားကြ၏။

မြတ်စွာဘုရားသည် ထိုရဟန်းအိုကြီးငါးပါးကို ခေါ်စေ၍ “ရဟန်းတို့၊ ရာဂ, ဒေါသ, မောဟဟူသော တောကိုမှီ၍ သင်တို့သည် ဤသို့သော ဆင်းရဲကို ရပေ၏။ ထိုတောကို ခုတ်ထွင်သင့်၏။ ဤသို့ ခုတ်ထွင်သော် ဆင်းရဲခြင်း ကင်းကြပေလတံ့”ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမတော်မူ၏။

၂၀၃။ "တဏှာကိလေသာ တည်းဟူသော တောကိုခုတ်ဖြတ်ကြလော့။ ပြက တေ့သစ်ပင်ကို မခုတ်ဖြတ်ကြလင့်။ တဏှာကိလေသာ တောမှ ဇာတိ စသည့် ဘေးသည် ဖြစ်ပေ၏။ တဏှာကိလေသာ တည်းဟူသော တောကြီးတောငယ်ကိုခုတ်၍ တဏှာကိလေသာ ကင်းသည် ဖြစ်ကုန် လော့။

၂၀၄။ "နို့မကွာသေးသော နွားငယ်သည် အမိနွားမ၌ ကပ်ငြိသော စိတ်ရှိ သကဲ့သို့ ယောကျ်ားအား မိန်းမတို့အပေါ်၌ အနည်းငယ်မျှသော တဏှာကိလေသာတော မပြတ်သေးသမျှ ထိုယောကျ်ားသည်ထိုမိန်းမ တို့အပေါ်၌ ကပ်ငြိသည့် စိတ်ဖြစ်သည်သာတည်း။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းအို ငါးပါးတို့ သောတာပန် ဖြစ်ကြလေ၏။

## ၂၁၂။ ရွှေပန်းထိမ်သည် ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

နုပျိုလှပသော ရွှေပန်းထိမ်သည်၏ သားတဦးသည် ရှင်သာရိပုတ္တရာထံ ရဟန်းပြုပြီး မထေရ်ပေးသော အသုဘကမ္မဋ္ဌာန်းကိုယူ၍ တောသို့ သွားကာ ဝါတွင်းသုံးလလုံး တရားအားထုတ်လည်း စိတ်မကြည်မသာ မတည်ငြိမ် သဖြင့် တရားထူးကို မရပေ။ သူသည် တဖန်ပြန်လာပြီး မထေရ်ပေးသည့် အသုဘကမ္မဋ္ဌာန်းအထူးကိုယူ၍ တရား အားထုတ်သော်လည်း တရားထူး မရ ဖြစ်လေ၏။ သူသည်ပြန်လာ၍ မထေရ်ပေးသည့် ဥပမာနှင့် တကွသော အသုဘကမ္မဋ္ဌာန်းကို ယူပြီး အားထုတ်သော်လည်း တရားထူးမရ ဖြစ်၍ ပြန် လာ၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် "ငါကား ဤရဟန်း၏ အလို အဇ္ဈာသယကို မသိ။ ဤအသုဘ ကမ္မဋ္ဌာန်းသည် ဤရဟန်းနှင့် မသင့်လျော် သည် ဖြစ်လတံ့"ဟုကြံ၍ ထိုရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီး အကြောင်းစုံကို လျှောက်ကြား၏။

ပုဂ္ဂိုလ်သတ္တဝါတို့၏ အလို, အတွင်းသဘောကို သိနိုင်သည့် 'အာသယာ နုသယဉာဏ်'ကား သဗ္ဗညု ဘုရားရှင်တို့၏ အရာသာတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် ရွှေပန်းထိမ် လုပ်ခဲ့ဘူးသော ထိုရဟန်းငယ်၏ ရှေးဘဝ များကို ဆင်ခြင်သော် "ဤရဟန်းငယ်သည် ရှေးဘဝ ငါးရာတိုင် ရွှေပန်း

ထိမ်သည် ဖြစ်ခဲ့သည်ကို" မြင်တော်မူသဖြင့် "တင့်တယ်လှပသည့် ကမ္ဗဋ္ဌာန်းသာ ဤရဟန်းနှင့် သင့်လျော်၏"ဟု ကြံတော်မူ၏။ သို့ဖြစ်၍ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် လှည်းဘီးမျှလောက် ရွှေပဒုမာကြာပန်းကြီးကို ဖန်ဆင်း၍ ထိုရဟန်းငယ်အားပေးပြီး "ဤကြာပန်းကို ယူ၍ ကျောင်းအစွန် သဲပုံပေါ် တင်ထားပြီး ကမ္မဋ္ဌာန်းရှုလော့"ဟု မိန့်တော်မူ၏။ ထိုရဟန်းငယ်သည် ထိုအတိုင်းပြုသော် နှစ်သက်ခြင်း ပီတိဖြစ်၍ စိတ်ကြည်လင်မှုကို ရသဖြင့် တဖြည်းဖြည်း စတုတ္ထဈာန်အထိ ရလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုပဒုမာကြာပန်းကို ညနေချိန်၌ တဖြည်းဖြည်း ညှိုးသွားအောင် ဖန်ဆင်းတော်မူ၏။ ထိုရဟန်းငယ်သည် ကြာပန်းတဖြည်းဖြည်း ညှိုးနွမ်းမည်းပုပ်လာသည်ကို မြင်သော် လက္ခဏာရေးသုံးပါး သဘောကို ထင်ရှား သိမြင်လာ၏။ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေလျက်ပင် ရောင်ခြည်တော်ကိုလွှတ်၍ ရှေ့၌တည်ရှိနေသကဲ့သို့ ထင်စွာပြုလျက် ထိုရဟန်းအား တဏှာပယ်ခွာစေရန် ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၈၅။ "တန်ဆောင်းမုန်းလရာသီ၌ ပွင့်သော ကုမုဒြာ ကြာပန်းကို လက်ဖြင့် ချိုးဖြတ်သကဲ့သို့ မိမိ၏ချစ်ခြင်းတဏှာကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်လော့။ ဘုရားရှင်သည် (တဏှာကင်းရာ) နိဗ္ဗာန်ကို ဟောတော်မူ၏။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကိုသာ ပွားများလေလော့။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်သည် ရဟန္တာ ဖြစ်လေ၏။

## ၂၁၃။ မဟာဓန ကုန်သည်ကြီး

မြတ်စွာဘုရား ဇေတဝန်းကျောင်း၌ နေတော်မူစဉ်။

ဗာရာဏသီပြည်မှ 'မဟာဓန'မည်သော ကုန်သည်ကြီးသည် အဝတ်ပုဆိုးတို့ကို လှည်းငါးရာဖြင့် အပြည့်တင်ပြီး ရောင်းချရန် သာဝတ္ထိပြည်သို့ လာ၍ မြစ်တမ်းနား၌ လှည်းတို့ကို ဖြုတ်ပြီးနေ၏။ သူသည် "ငါကား အဝေးမှ လာရသဖြင့် ဤနေရာ၌ တနှစ်မျှနေလျက် ဤအဝတ် ပုဆိုးတို့ကို ရောင်းချရပေလတံ့"ဟု ကြံစည်၏။ ထိုအခါ ဆွမ်းခံကြွလာသော မြတ်စွာဘုရားသည် ထိုကုန်သည်ကြီး၏ စိတ်အကြံနှင့် ခုနစ်ရက်အတွင်း သေလတံ့

သည်ကို မြင်တော်မူသဖြင့် အာနန္ဒာကို လွှတ်၍ ထိုကုန်သည်ကြီးအား ထို အကြောင်းကို ပြောကြားစေ၏။ ကုန်သည်ကြီးသည် အလွန် ထိတ်လန့် သည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ခုနစ်ရက်လုံး အလှူ ကြီးကိုပေးလှူ၏။ အလှူ၏ အဆုံး၌ မြတ်စွာဘုရားက "ဒါယကာ၊ ပညာ ရှိမည်သည် ဤအရပ်၌ ဤကာလ၌ နေပေတော့အံ့။ ဤမည်သော အမှု ကို ပြုပေတော့အံ့ဟု မကြံစည်သင့်။ မိမိ၏ အသက်အန္တရာယ်ကိုသာ ကြံစည် သင့်လှ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၈၆။ "ဤအရပ်၌ မိုးရာသီပတ်လုံး ငါနေမည်။ ဤအရပ်၌ ဆောင်းရာသီ,
နွေရာသီတို့ပတ်လုံး ငါနေမည်ဟူ၍လူမိုက်သည် အထူးအထွေကြံစည်၏။
(ဘယ်အခါ ဘယ်အရပ်၌ငါသေမည်ဟု) မိမိ၏အသက်. အန္တရာယ်ကို
မူကား မသိရှာပေ။"

ဤတရားကို ကြားနာပြီးသော် ထိုကုန်သည်ကြီးသည် သောတာပန် ဖြစ် လေ၏။ သူသည် ဘုရားရှင်အား လိုက်ပို့ပြီး ပြန်လာသော် ဦးခေါင်းနာ ဖြင့် ရုတ်တရက်သေ၍ နတ်ပြည်၌ ဖြစ်လေ၏။

## ၂၁၄။ ကိသာဂေါတမီ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကိသာဂေါတမီ ဝတ္ထု (၉၃) အတိုင်း။ ။ထိုအခါ မြတ်စွာဘုရားသည် "ချစ်သမီး ဂေါတမီ၊ သင်သည်သာ သင့်သားသေသည်ဟု မှတ်ထင်ဘိ၏။ ဤသေခြင်းသဘောသည် သတ္တဝါ အားလုံးအား မြဲသော သဘောဖြစ်၏။ သေမင်းသည် သတ္တဝါ အားလုံးကို သူတို့အလို မပြည့်မီပင် 'မြစ်ရေအယဉ် ကြီးကဲ့သို့' ဆွဲငင် ဆောင်ယူလျက် အပါယ် တည်းဟူသော သမုဒ္ဒရာ ထဲသို့ ပစ်ထည့် ချဘိ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော် မူ၏။

၂၈၇။ "သားသမီး ကျွဲနွားဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့နေသော၊ မရသေး
သည်ကို တောင့်တ, ရပြီးသည်ကို တွယ်တာကပ်ငြိစိတ် ရှိသော လူကို
'ရေအယဉ်ကြီးက အိပ်ပျော်နေသည့် ရွာသားအပေါင်းကို ယူဆောင်
သွားသကဲ့သို့' သေမင်းက ယူဆောင်သွားလေ၏။"

ဤတရားကို ကြားနာပြီးသော် ကိသာဂေါတမီသည် သောတာပန် ဖြစ်လေ၏။

## ၂၁၅။ ပဋာစာရီ ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပဋာစာရီဝတ္ထု (၉၂) အတိုင်း။ ။ထိုအခါ မြတ်စွာဘုရားသည် "ချစ်သမီး ပဋာစာရီ၊ သား သမီး စသည်တို့သည် တမလွန်ဘဝသို့ သွားသောသူ၏ ကိုးကွယ်အားထား စောင့်ရှောက်ရာ မဖြစ်နိုင်။ ထို့ကြောင့် ထင်ရှားရှိငြားလည်း ထိုသား သမီး စသူတို့သည် မရှိကြသည်သာ ဖြစ်၏။ ပညာရှိသည်ကား သီလကို သုတ်သင်၍ မိမိနိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကိုသာ သုတ်သင်သင့်ပေ၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၈၈။ "သေမင်းနှိပ်စက်ခံရသောသူမှာ မှီခိုအားထားရာအတွက် သားသမီးတို့ မရှိကုန်။ မိဘတို့လည်း မရှိကုန်။ ဆွေမျိုး, မိတ်ဆွေတို့လည်း မရှိကုန်။ ဆွေမျိုးများထဲ၌ စောင့်ရှောက်နိုင်မည့်သူ မရှိပေ။

၂၈၉။ "ပညာရှိသည် ဤအကြောင်းကိုသိ၍ သီလကို စောင့်စည်းလျက်နိဗ္ဗာန်ရောက်ကြောင်း အင်္ဂါရှစ်ပါးရှိ မဂ်လမ်းကို လျင်မြန်စွာ သုတ်သင်ရာ၏။"

ဤတရားကို ကြားနာပြီးသော် ပဋာစာရီသည် သောတာပန် ဖြစ်လေ၏။

# [၂၁] ပကိဏ္ဏကဝဂ်

## ၂၁၆။ ဘုရားရှင်၏ ရှေကံ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ဝေသာလီပြည်တွင် "ငတ်မွတ်ခြင်းဘေး, အနာရောဂါဘေး, ဘီလူးဘေး"ဟူသော ဘေးကြီး ကပ်ကြီးသုံးပါး ဖြစ်ပေါ်သဖြင့် လူအမြောက်အမြား သေကြေ ပျက်စီးကြ၏။ ထိုအခါ မင်းကြီးနှင့်တကွ ဝေသာလီပြည် လိစ္ဆဝီ မင်းသားတို့သည် ဗိမ္ဗိသာရမင်း, ဘုရားရှင်တို့နှင့် ရင်းနှီးမှုရှိသော 'မဟာလိ' လိစ္ဆဝီမင်းနှင့် ပုရောဟိတ်၏ သားနှစ်ဦးအား ဘုရားရှင်ကို ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ လက်ဆောင်များနှင့်တကွ စေလွှတ်ကြ၏။ ထိုသူနှစ်ဦးသည် သွားပြီး ဗိမ္ဗိသာရ မင်းကြီးအားလက်ဆောင်များဆက်သ၍ အကြောင်းစုံကို လျှောက်ကြား၏။ နောက် ဘုရားရှင်ထံ သွား၍ ထိုအကြောင်းနှင့်တကွ ဝေသာလီပြည်သို့ ကြွတော်မူပါရန် လျှောက်ထားကြ၏။ မြတ်စွာဘုရားသည် အကျိုးများစွာ ရှိမည်ကို သိမြင်သဖြင့် ဝေသာလီပြည်သို့ ကြွရန် ဝန်ခံတော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ကို ခေတ္တ ဆိုင်းငံ့စေပြီး ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်အကြား ငါးယူဇနာ ရှိသော ခရီးလမ်းမြေကို ညီညာအောင်ပြုစေ၍ တယူဇနာတိုင်း၌ ကျောင်းတခုစီကို ဆောက်စေပြီးမှ ဘုရားရှင်အား ကြွတော်မူစေ၏။ မြတ်စွာဘုရား ရဟန်းငါးရာနှင့်တကွ ကြွသော် မင်းကြီးကိုယ်တိုင် မင်းပရိသတ်နှင့်တကွ လိုက်ပါ၍ တလမ်းလုံး ပန်းတို့ကို ကြဲဖြန့်စေလျက် တံခွန် ကုက္ကား ငှက်ပျော်ပင်တို့ကို စိုက်စေပြီး ဘုရားရှင်အပေါ် ထီးဖြူနှစ်စင်း, ရဟန်းတပါးစီအပေါ် ထီးဖြူတလက်စီ

ဆောင်းစေလျက် ပန်းနံ့သာတို့ဖြင့် ပူဇော်၏။ မင်းကြီးသည် တယူဇနာ ရောက်တိုင်း ကျောင်းတော်၌ သီတင်းသုံးစေ၍ အလှူကြီးကို ပေး၏။ ငါးရက်ဖြင့် ဂင်္ဂါမြစ်နားသို့ ရောက်သော် ဘုရားရှင်ကို ကြိုဆိုရန် လိစ္ဆဝီမင်းတို့ထံ အကြောင်းကြားလေ၏။ လိစ္ဆဝီမင်းတို့လည်း ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်အကြား သုံးယူဇနာခရီးကို မြေညီအောင်ပြု၍ ဗိမ္ဗိသာရမင်းကြီးထက် နှစ်ဆ တိုး၍ ကြီးကျယ် ခမ်းနားစွာ စီရင်ပြီး ကြိုဆိုရန် မြစ်သို့ လာကြ၏။

ဗိမ္ဗိသာရမင်းကြီးသည် လှေနှစ်စင်းကို ပူးတွဲ၍ အပေါ်၌ မဏ္ဍပ်ကြီး ဆောက်ပြီး ခမ်းနားစွာ ခင်းကျင်း၍ ဘုရားရှင်နှင့် ရဟန်းတို့အား သီတင်းသုံးစေလျက် ရေထဲသို့ လည်ပင်းအထိဆင်းပြီး "မြတ်စွာဘုရား ပြန်ကြွလာသည် အထိ ဤ၌စောင့်နေပါမည် ဘုရား"ဟု လျှောက်၍ လှေကို လွှတ်လိုက်၏။ ထိုလှေသည် မြစ်ထဲ တယူဇနာမျှ သွားပြီးသော် ဝေသာလီပြည်နယ်ထဲသို့ ရောက်၏။ လိစ္ဆဝီမင်းတို့သည် လည်ပင်းအထိ ရေထဲဆင်း၍ လှေကို ကမ်းနားသို့ ယူဆောင်ကြပြီး ဘုရားရှင်အား လှေတော်မှ ပင့်ဆောင်ကြ၏။ မြတ်စွာဘုရားသည် ကမ်းပေါ်၌ ခြေတော်ချလျှင်ပင် ပေါက္ခရဝဿမိုးကြီး ရွာသွန်း၍ နေရာအရပ် အလုံးစုံ၌ ပုဆစ်ဒူး, ခါးမျှအထိ ရေတို့ စီးကုန်သဖြင့် အကောင်ပုပ်တို့ အားလုံး ရေထဲ မျောပါသွားကြပြီး မြေသည်ထက်ဝန်းကျင် သန့်ရှင်းသွားလေ၏။ လိစ္ဆဝီမင်းတို့သည် တယူဇနာ ရောက်တိုင်း ဘုရားရှင်အား ကျောင်း၌ သီတင်းသုံးစေလျက် နှစ်ဆတက်၍ ကြီးစွာ ပူဇော်တာ အလှူကြီးကို ပေးကြ၏။ သုံးရက်ဖြင့် ဝေသာလီပြည်သို့ ရောက်၏။

ထိုအခါ သိကြားမင်းသည် နတ်အပေါင်း ခြံရံလျက် ရောက်လာ၏။ ဘီလူးတို့သည် ထွက်ခွာရှောင်ပြေးကြရ၏။ မြတ်စွာဘုရားသည် ညနေအခါ မြို့တံခါး၀၌ ရပ်တော်မူလျက် ရှင်အာနန္ဒာအား "ချစ်သား၊ ရတနသုတ်ပရိတ်တော်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့်တကွ လှည့်လည်လျက် မြို့၏တံတိုင်း သုံးခုတို့အကြား၌ ပရိတ်အရံအတားကို ပြုချေလော့"ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာသည် ဘုရားရှင် ဟောအပ်သော ရတနသုတ်ပရိတ်တော်ကို သင်ယူပြီး မြို့တွင်းသို့ ဝင်၍ ညဉ့်သုံးယာမ်ပတ်လုံး တံတိုင်းသုံးခုတို့၏အကြား၌ ရတနသုတ်ပရိတ်တော်ကို ရွတ်ကာ လှည့်လည်၏။ ထိုသို့ ရွတ်စဉ်ပင် အနာရောဂါဖြင့် လဲနေကြသော လူတို့သည် ရောဂါကင်းပျောက်၍ ထလာကြပြီး ရှင်အာနန္ဒာကို ခြံရံ လိုက်ပါကုန်၏။ လိစ္ဆဝီမင်းသားတို့သည် မြို့လယ်ရှိ မင်းကွန်းကို နံ့သာမျိုးစုံဖြင့် လိမ်းကျံ၍ ဘုရားရှင်ကို ပင့်ဆောင်ကြ၏။

မြတ်စွာဘုရားသည် ရဟန်းအပေါင်း၊ လိစ္ဆဝီမင်းအပေါင်း ခြံရံလျက် မင်းကွန်း၌ သီတင်းသုံးနေတော်မူ၏။ ရှင်အာနန္ဒာလည်း ထိုရောဂါကင်း ပျောက်ပြီးသူများ ခြံရံလျက်ကြွလာပြီး ဘုရားရှင်ကို ရှိခိုးကာနေ၏။ဘုရားရှင် လည်း ထိုရတနသုတ်ပရိတ်တော်ကိုပင် ဟောကြားတော်မူ၏။ အသိန်းမက သော ပုဂ္ဂိုလ်တို့ သစ္စာလေးပါးကို ထိုးထွင်း သိမြင်ကုန်၏။မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ထိုရတနသုတ်ပရိတ်တော်ကိုပင် ဟောကြားတော်မူပြီးသော် ဘေးအားလုံး ငြိမ်းအေးသွား၏။ ထိုအခါ ဝေသာလီပြည်မှ ထွက်ခွာရန် မိန့်ကြားသော် လိစ္ဆဝီမင်းတို့သည် အလွန် ဝမ်းမြောက်ကြပြီး ဘုရားရှင် အား နှစ်ဆတက်၍ ပူဇော်ကာ လိုက်ပို့ကြသော် သုံးရက်ဖြင့် ဂင်္ဂါမြစ်နား သို့ ရောက်လေ၏။ ဂင်္ဂါမြစ်မှ နဂါးမင်းတို့သည် ရွှေ, ငွေ, ပတ္တမြားဖြင့် ပြီးကုန်သော လှေကြီးတို့ကို ဖန်ဆင်း၍ ကြီးကျယ်ခမ်းနားစွာ ခင်းကျင်းပြီး အသီးသီးက ဘုရားရှင်အား "တပည့်တော် တပည့်တော်၏ လှေပေါ်တက် ၍ ချီးမြှောက်ပါရန်" လျှောက်[ထ]ားး၏။

ဘုမ္မစိုးနတ်တို့မှ စ၍ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် နတ်ဗြဟ္မာအားလုံး တို့လည်း လာရောက်ကြပြီး ဘုရားရှင်ကို ပူဇော်ကြ၏။ နဂါး, နတ်, ဗြဟ္မာ တို့သည် တယူဇနာမျှ ကြီးမားသည့် ထီးတော်များကို ဖန်ဆင်းကြပြီး မြေ အပြင်မှ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ထီးအဆင့်ဆင့် စိုက်ထူ မိုးကာကြ ၏။ မြတ်စွာဘုရားသည် နဂါး စသည်တို့၏ အလိုကို သိတော်မူ၍ လှေတစင်းစီ၌ရင်း၊ ဘုမ္မစိုးနတ် စသည်တို့ နေရာများ၌ပင်း ရဟန်း ငါးရာစီ အခြံအရံ ရှိသော ဘုရားရှင် တဆူစီကို ဖန်ဆင်းတော်မူ၏။ စကြဝဠာ တတိုက်လုံးရှိ တခုတည်းသော တန်ဆာ ဆင်ခြင်း, အစည်းအရုံး, ပွဲလမ်းသဘင် ဖြစ်လတ်သော် မြတ်စွာဘုရားသည် နဂါးတို့အား ချီးမြှောက် တော်မူလို၍ နဂါးတို့၏ လှေတစင်းပေါ်သို့ တက်တော်မူ၏။ ရဟန်း ငါးရာတို့လည်း တပါး လှေတစင်းကျစီ တက်စီးကြ၏။ မြတ်စွာဘုရား သည် စကြဝဠာ တတိုက်လုံးရှိ နတ်အပေါင်းတို့၏ ပူဇော်ခြင်းကို ခံလျက် လှေငါးရာတို့ဖြင့် ဂင်္ဂါမြစ်ကို ကူးမြောက်တော်မူ၏။ ဗိမ္ဗိသာရ မင်းကြီးလည်း ခရီးဦးကြိုဆိုလျက် ဘုရားရှင်ကို လှေတော်မှ ပင့်ဆောင်ပြီး နှစ်ဆတက်၍ ပူဇော်လျက် ပင့်ဆောင်ရာ ငါးရက်ဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏။

နောက်တနေ့ ရဟန်းတို့သည် တရားသဘင်သို့ကြွလာသည့် ဘုရားရှင်အား "လူ, နဂါး, နတ်, ဗြဟ္မာ အပေါင်းတို့ ထိုမျှ ကြီးကျယ်စွာ ပူဇော်ကြသော

ဘုရားရှင်၏ ဘုန်းတန်ခိုးအာနုဘော် ကြီးမားပုံ” ကို လျှောက်ထားကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ ဤသို့ ပူဇော်ခြင်းကား ငါဘုရား၏အာနုဘော် ကြောင့် မဟုတ်။ စင်စစ် ရှေးက ငါဘုရားပြုခဲ့သော အနည်းငယ်မျှသော ကုသိုလ်၏ အာနုဘော်ကြောင့်ဖြစ်၏။ ငါဘုရားသည် ရှေးဘဝ ‘သင်္ခပဏ္ဍား’ ဖြစ်စဉ်က ပရိနိဗ္ဗာန်ပြုသွားသော သားဖြစ်သူ ပစ္စေကဗုဒ္ဓါ၏ စေတီရင်ပြင် ၌ မြက်တို့ကိုနုတ်, သဲဖြင့်ခင်း, ရေဖြင့်ဖြန်း, တောပန်းတို့ဖြင့် ပူဇော်, ပုဆိုးဖြင့် ကုက္ကားကိုတင်, စေတီပေါ်ထီးတင်ပူဇော်မှုပြုခဲ့၏။ ထိုမျှသော ကောင်းမှု အနည်းငယ်၏ အာနုဘော်ကြောင့် ဤမျှ ကြီးကျယ်စွာ အပူဇော်ခံရ၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၉၀။ “အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းသည် ကြီးကျယ်သော ချမ်းသာကိုရလိမ့်မည်ဟု မြင်ခဲ့မူ ကြီးကျယ်သော ချမ်းသာကိုမြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကိုစွန့်လွှတ်ရာ၏။”

## ၂၁၇။ မိန်းမ နှင့် ကြက်မ ရန်ငြိုး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည် အနီးရှိ ရွာတရွာမှ အမျိုးသမီးသည် ကြက်ဥအရသာကို တပ်မက်သဖြင့် ကြက်မတကောင်အုတိုင်းအုတိုင်း ကြက်ဥတို့ကို ယူ၍စား၏။ ကြက်မသည် ရန်ငြိုးဖွဲ့ပြီး “သူမ၏ သားငယ်များကို စားနိုင်သူဖြစ်ရပါလို၏” ဆုတောင်း၍ သေသော် ထိုအိမ်၌ပင် ကြောင်မ ဖြစ်၏။ ထိုအမျိုးသမီး လည်း သေသော် ထိုအိမ်၌ပင် ကြက်မဖြစ်၏။ ကြောင်မသည် ကြက်မ အုသော ကြက်ဥတို့ကို သုံးကြိမ်တိုင် စားသော် ကြောင်မသည် ရန်ငြိုးဖွဲ့၍ ဆုတောင်းပြီးသေသော် ကျားသစ်မ ဖြစ်၏။ ကြောင်မလည်း သေသော် သမင်မ ဖြစ်၏။ သစ်မသည် ထိုသမင်မ သားဖွားသော် သူမနှင့်တကွ သား များကို စားပစ်၏။ ဤသို့လျှင် ဘဝငါးရာလုံး၌ အချင်းချင်း စားကြကုန် လျက် အဆုံးတွင် တဦးကား ဘီလူးမ ဖြစ်၍ တဦးကား သာဝတ္ထိပြည်၌ အမျိုးသမီး ဖြစ်၏။

ထိုအခါ ကာဠိ ဘီလူးမဝတ္ထု(၄)အတိုင်း ဖြစ်၏။ မြတ်စွာဘုရားက ထိုသူနှစ်ဦးအား “ရန်သူသည် ရန်တုံ့မမူသဖြင့်သာ ငြိမ်းအေး၏။ ရန်တုံ့

မူသဖြင့် မငြိမ်းအေးနိုင်”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၂၉၁။ “သူတပါးအား ဆင်းရဲကိုဖြစ်စေခြင်းဖြင့် မိမိ၏ချမ်းသာကို အလိုရှိသောသူသည် ‘ရန်ရန်ချင်း ရောယှက်ခြင်းဖြင့် ရောနှောသည်ဖြစ်ရကား’ ရန်မှမလွတ်နိုင်။”

ဤတရားကို ကြားနာပြီးသော် ဘီလူးမသည် သရဏဂုံ၌ တည်၍ အမျိုးသမီးသည် သောတာပန် ဖြစ်ပြီး အချင်းချင်း ချစ်ခင်သွားကာ ရန်စတုံးလေ၏။

## ၂၁၈။ ဘဒ္ဒိယ ရဟန်းများ

မြတ်စွာဘုရား ဘဒ္ဒိယမြို့ကို မှီ၍ မြလေးတော၌ နေတော်မူစဉ်။

ဘဒ္ဒိယမြို့၌ နေကြသည့် ရဟန်းတို့သည် “မြက်၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ ဓနုန်း၊ ကမ္ဗလာ”စသည်တို့ဖြင့် ခြေနင်းများကို ပြု၍ တန်ဆာဆင်လျက် အသုံးပြုကြ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားသဖြင့် မြတ်စွာဘုရားသည် ထိုဘဒ္ဒိယမြို့နေ ရဟန်းတို့အား ကဲ့ရဲ့တော်မူပြီး “ရဟန်းတို့၊ သင်တို့သည် အရဟတ္တဖိုလ်ကိစ္စဖြင့် သာသနာသို့ ရောက်လာကုန်လျက် ခြေနင်းကိစ္စ၌သာ အားထုတ်ကုန်၏”ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမဟောတော်မူ၏။

၂၉၂။ “ပြုသင့်သော (ရဟန်းကိစ္စ)အမှုကို မပြုလုပ်ဘဲ စွန့်ပစ်၍ မပြုသင့်သော (ရဟန်းကိစ္စမဟုတ်သည့်) အမှုကိုမူ ပြုလုပ်၏။ မာနထောင်လွှားပြီး မေ့လျော့နေသူတို့အား အာသဝေါတရားတို့ တိုးပွားကုန်၏။

၂၉၃။ “ကိုယ်၌အဖန်တလဲလဲရှုခြင်း ကာယဂတာသတိကို အမြဲကောင်းစွာ အားထုတ်သော သူတို့သည် ပြုသင့်သည့်(ရဟန်းကိစ္စ)အမှုကို မပြတ်ပြုလုပ်ကြလျက် မပြုသင့်သော (ရဟန်းကိစ္စမဟုတ်သည့်)အမှုကို မပြုလုပ်ကုန်။ သတိရှိ၍ သမ္ပဇဉ် ဉာဏ်လေးပါးရှိကုန်သော သူတို့အား အာသဝေါတရားတို့ ချုပ်ငြိမ်းကုန်၏။”

ဤတရားကို ကြားနာပြီးသော် ရဟန်းတို့ ထိုရဟန္တာ ဖြစ်ကြလေ၏။

## ၂၁၉။ ဘဒ္ဒိယ မထေရ် (ပုက္ခသူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ အာဂန္တု ရဟန်းများစွာတို့သည် နေ့သန့်ရာ၌ နေတော်မူသော ဘုရားရှင်ထံ လာရောက်ဖူးမျှော်ကြစဉ် 'လကုဏ္ဍက'(ပုက္ခသူ) ဘဒ္ဒိယ မထေရ်သည် မနီးမဝေးမှ ကြွသွား၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ဤ မထေရ်ကို ကြည့်ရှုကြလော့။ သူသည် မိဘတို့ကိုသတ်ပြီး ဆင်းရဲကင်းသည် ဖြစ်၍ ကြွသွားဘိ၏"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် နားမလည်၍ အချင်းချင်းကိုကြည့်ပြီး "အဘယ့်ကြောင့် ဤစကားကို မိန့်တော်မူပါသနည်း" ဟု မေးလျှောက်ကြသဖြင့် မြတ်စွာဘုရားက နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၉၄။ "တဏှာဟူသောအမိ၊ မာနဟူသော အဖ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဟူသော မင်းနှစ်ပါးကိုသတ်ဖြတ်ပြီး၍ 'နန္ဒိရာဂ'ဟူသော အခွန်သိမ်း အမတ်နှင့်တကွ အာယတန ဆယ့်နှစ်ပါးဟူသော တိုင်းပြည်ကြီးကို လည်း ဖျက်ဆီးပြီးလျှင် ရဟန္တာပုဂ္ဂိုလ်သည် ဆင်းရဲခြင်းကင်းလျက် နိဗ္ဗာန်သို့ သွား၏။

၂၉၅။ "တဏှာဟူသောအမိ၊ မာနဟူသော အဖ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသော ပုဏ္ဏားနှစ်ဦးတို့ကို သတ်ပြီး၍ ကျားရဲရန်ရှိသည့် လမ်းခရီး ဟူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသည့်'နီဝရဏ' တရားငါးပါး အပေါင်းကို ဖျက်ဆီးပြီးလျှင် ရဟန္တာပုဂ္ဂိုလ်သည် ဆင်းရဲကင်းလျက် နိဗ္ဗာန်သို့သွား၏။"

ဤတရားကို ကြားနာပြီးသော် ထိုအာဂန္တု ရဟန်းတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၂၂၀။ ထင်းလှည်းသမား၏ သားငယ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်၌ထင်းလှည်းသမားတဦး၏ ကစားအရွယ်သားသူငယ်သည် ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော 'ဗုဒ္ဓါနုဿတိ'

ကမ္ဗဋ္ဌာန်းကို အမြဲ ဆင်ခြင်လေ့ကျက်မှု ပြု၏။ တနေ့သ၌ သူသည် ဖခင်နှင့် အတူ တောသို့ ထင်းခုတ်သွား၍ ညနေ ထင်းများ သယ်ဆောင်လာရာ သုသာန်အနီး၌ လှည်းဖြုတ်ကာ ထမင်းစား၏။ ထိုအခါ နွားများ မြို့ထဲ ဝင်သွား၍ ဖခင် မြို့ထဲလိုက်သွားပြီး နွားတို့ကို ပြန်ယူလာသော် မြို့တံခါး ပိတ်ပြီးဖြစ်၍ မထွက်နိုင်တော့ပေ။ ထို့ကြောင့် သားငယ်သည် မြို့ပြင်၌ လှည်းအောက်တွင် တယောက်တည်း အိပ်ရလေ၏။ ရာဇဂြိုဟ်ပြည်ကား ပြကတေ့အားဖြင့် ဘီလူးတို့ ပေါများ၏။ ထိုအခါ သုသာန်မှ ဘီလူးနှစ်ဦး လာပြီး တဦးက ထိုသူငယ်၏ ခြေတို့ကို ဆွဲငင်၏။ ထိုခဏ၌ သူငယ်သည် "နမောဗုဒ္ဓဿ=ဘုရားအား ရှိခိုးပါ၏"ဟု ဆိုလိုက်သဖြင့် ဘီလူးသည် ကြောက်လန့်ပြီး နောက်ဆုတ်သွားရ၏။

ထိုအခါ ဘီလူးတဦးသည် သူငယ်ကို စောင့်ရှောက်လျက်နေပြီး တဦးက ဗိမ္ဗိသာရမင်းကြီး၏ ပွဲတော်အုပ်ကို ဘောဇဉ်ဖြင့် အပြည့်ထည့်ယူလာ၍ ဘီလူး နှစ်ဦးသား ထိုသူငယ်ကို မိဘကဲ့သို့ ပြုစုကျွေးမွေးပြီးသော် တန်ခိုးဖြင့် မင်းကြီး သာ မြင်နိုင်အောင် ထိုအကြောင်းနှင့် ပတ်သက်၍ ပွဲတော်အုပ်၌ ရေးသား ကြ၏။ နောက်တနေ့ ပွဲတော်အုပ် ပျောက်သဖြင့် မင်းကြီးက ရှာခိုင်းသော် ထိုနေရာရှိ ထင်းပုံကြား၌ တွေ့ရ၍ ထိုသူငယ်ကို မင်းကြီးထံ ဖမ်းယူသွား၏။ မင်းကြီးသည် ထိုစာကိုမြင်၍ မေးသော် ထိုလူငယ်က "ကျွန်ုပ်အား မိဘတို့က လာရောက်ကျွေးမွေးပြီး စောင့်ရှောက်ကြသဖြင့် ကျွန်ုပ် အေးဆေးစွာ အိပ် လိုက်ပါ၏။ ဤမျှသာ သိပါ၏"ဟု လျှောက်၏။ ထိုအခါ မင်းကြီးသည် သူငယ်၏ မိဘတို့ကို ခေါ်စေပြီး ထိုသုံးဦးကို ဘုရားရှင်ထံ ခေါ်သွား၏။

မင်းကြီးက "ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော သတိသည်သာ စောင့်ရှောက်တတ်သော တရားဖြစ်ပါသလော။ တခြားစောင့် ရှောက်တတ်သည့် တရားများလည်း ရှိပါသေးသလော"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "မင်းကြီး၊ ဗုဒ္ဓါနုဿတိသည်သာ စောင့်ရှောက်တတ်သည် မဟုတ်။ တရားဂုဏ်ခြောက်ပါးကို ကောင်းစွာ ပွားများသော သူတို့အား တခြားစောင့်ရှောက်ဘွယ် မန္တန်များ မလိုပြီ"ဟု မိန့်တော်မူပြီး ခြောက်ဂါ ထာဖြင့် ဤသို့ ဟောတော်မူ၏။

၂၉၆။ "နေ့ရောညပါ အမြဲမပြတ်'ဘုရားဂုဏ်'ကို အာရုံပြု၍ဖြစ်သော သတိ ရှိကုန်သော ဂေါတမဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြား ပေကုန်၏။

၂၉၇။ "နေ့ရောညပါ အမြဲမပြတ် 'တရားဂုဏ်'ကို အာရုံပြု၍ဖြစ်သောသတိ ရှိကုန်သော....

၂၉၈။ "နေ့ရောညပါ အမြဲမပြတ်'သံဃာ့ဂုဏ်'ကို အာရုံပြု၍ဖြစ်သော သတိ ရှိကုန်သော....
၂၉၉။ "နေ့ရောညပါ အမြဲမပြတ်'သုံးဆယ့်နှစ်ကောဋ္ဌာသ' ကိုအာရုံပြု၍ ဖြစ်သော သတိရှိကုန်သော....
၃၀၀။ "နေ့ရောညပါ အမြဲမပြတ် မညှဉ်းဆဲမှု'ကရုဏာဘာဝနာ'ဖြင့် မွေ့လျော်စိတ် ရှိကုန်သော....
၃၀၁။ "နေ့ရောညပါအမြဲမပြတ် 'မေတ္တာဘာဝနာ'ဖြင့် မွေ့လျော်ကုန်သော ဂေါတမဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားပေကုန်၏။"

ဤတရားကို ကြားနာပြီးသော် ထိုသူငယ်၏ မိဘသုံးဦးလုံး သောတာပန် ဖြစ်ကြ၏။ နောက် သူတို့ ရဟန်းပြုကြသော် ရဟန္တာ ဖြစ်ကြလေ၏။

## ၂၂၁။ ဝဇ္ဇီတိုင်းသား ရဟန်း

မြတ်စွာဘုရား ဝေသာလီပြည်ကို မှီ၍ မဟာဝုန်တော၌ နေတော်မူစဉ်။

ဝဇ္ဇီတိုင်း ဝေသာလီပြည်၌ လိစ္ဆဝီမင်းသားတဦးသည် ရဟန်းပြုပြီး တော၌ တရားအားထုတ်ကာ နေ၏။ ထိုအခါ တနေ့သော တန်ဆောင်မုန်း လပြည့်နေ့၌ ဝေသာလီပြည်တွင် ကြီးကျယ်ခမ်းနားသည့် နက္ခတ်ပွဲသဘင်ကို ကျင်းပ၍ တညလုံး ပျော်မြူးကစားကြ၏။ ထိုရဟန်းသည် ညအခါ စင်္ကြံ သွားစဉ် စည်ကြီး, တူရိယာ, စောင်း စသည့်တို့၏ တီးမှုတ်သံကို ကြားရသော် လမင်းကြီးအောက်၌ ရပ်လျက် ခေါင်းပေါင်းတန်ဆာမပါ ခေါင်းတုံးပြောင် နှင့် တောထဲ၌ တဦးတည်းနေရသည်ကို အောက်မေ့ပြီး ပျင်းရိငြီးငွေ့သဖြင့် "ငါထက် ယုတ်ညံ့အောက်ကျသူ ဘယ်သူရှိအံ့နည်း"ဟု ငိုကြွေးမြည်တမ်း ရှာ၏။ ထိုခဏ၌ တောစောင့်နတ်က သူ့အား "ငရဲသားတို့သည် နတ်ပြည် ရောက်သူတို့အား မြတ်နိုးအားရ တောင့်တကြသကဲ့သို့ လူများစွာတို့သည် တော၌ တပါးတည်းနေသော သင်ရဟန်းအား မြတ်နိုးအားရ တောင့်တ ကြပါ၏"ဟု ဆို၍ ထိတ်လန့်သံဝေဂ ဖြစ်စေ၏။

ထိုရဟန်းသည် နောက်တနေ့နံနက် ဘုရားရှင်ထံသွား၍ ရှိခိုးကာနေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိပြီးဖြစ်၍ ဆင်းရဲခြင်းငါးပါးကို ပြလိုသဖြင့် ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၃၀၂။ "သာသနာ၌ ရဟန်းပြုနိုင်ခဲ၏။ ရဟန်းတရားကျင့်ခြင်း၌ မွေ့လျော်နိုင်ခဲ၏။ ဆင်းရဲစွာ နေရသော အိမ်၌ နေရခြင်းသည် ဆင်းရဲ၏။ သဘောမတူသူတို့နှင့်အတူ နေရခြင်းသည် ဆင်းရဲ၏။ သံသရာခရီး သွားရခြင်းသည် ဆင်းရဲသို့ အဖန်ဖန် ကျရောက်တတ်၏။ ထို့ကြောင့် သံသရာခရီးသည် မဖြစ်ရာ၊ ဆင်းရဲသို့ အဖန်ဖန် ကျရောက်သူမဖြစ်ရာ။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသည် ရဟန္တာ ဖြစ်လေ၏။

## ၂၂၂။ စိတ္တ သူကြွယ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

(ဝတ္ထုအမှတ် ၅၇ မှ အဆက်)။ ။ပစ္ဆိကာသဏ္ဍ မြို့၌ 'စိတ္တ'မည်သော သူကြွယ်သည် ဘုရားရှင်၏ တပည့်ရဟန်းများ ဟောကြားသည့် တရားများကို နာရ၍ အနာဂါမ် ဖြစ်လေသော် တနေ့သ၌ စားသောက်ဘွယ် လှူဘွယ်ပစ္စည်းများကို လှည်းငါးရာဖြင့် အပြည့်တင်ပြီး ပရိသတ် သုံးထောင် ခြံရံလျက် ယူဇနာ သုံးဆယ်ဝေးသည့် သာဝတ္ထိပြည်သို့ တရက် တယူဇနာကျ ဖြင့် သွားရာ တလဖြင့် သာဝတ္ထိပြည်သို့ ရောက်၏။ သူသည် ဇေတဝန်ကျောင်း အနီးသို့ရောက်သော် အမျိုးသမီးများအား နောက်မှ လိုက်ခဲ့ရန် ပြောကြား ပြီး ဥပါသကာ ငါးရာ ခြံရံလျက် သွား၏။ သူသည် ဘုရားရှင်၏ ခြေတော်တို့ ကို သက်ဖြင့် ကိုင်လျက် ရှိခိုးဦးချသည့် ခဏ၌ပင် ပန်းမိုးကြီး ရွာသွန်း၏။ သူသည် တလတိုင် ကျောင်းတော်၌ နေလျက် ဘုရားအမှူးရှိသော ရဟန်း အပေါင်းအား ဆွမ်းဖြင့် လုပ်ကျွေး၍ မိမိပရိသတ်တို့ကိုလည်း ကျွေးမွေး၏။ သူ သည်နတ်လူတို့ ဆောင်ယူ ပို့ဆက်လာသည့် လက်ဆောင်များဖြင့်သာ အလှူ ပေးရပြီး မိမိ၏လှည်းများ၌ ပါလာသည့် ပစ္စည်းတစုံတရာကို တနေ့မျှပင် ယူ သုံးရသည် မရှိပေ။

တလပြည့်သော် သူသည် ကျောင်းတော်ရှိ တိုက်ခန်းများ၌ မိမိယူလာ သည့် လှူဘွယ် ပစ္စည်းအားလုံးကို သွန်ချ စုပုံထည့်သွင်း၍ သံဃာအား လှူဒါန်းပြီးပြန်သွား၏။ ထိုအခါ နတ်လူတို့သည် သူကြွယ်၏လှည်းငါးရာတို့၌ ပစ္စည်းဥစ္စာ, ရတနာခုနစ်ပါးတို့ကို အပြည့်ထည့်ကြလေ၏။ စိတ္တသူကြွယ် ကား ဤမျှ လာဘ်လာဘ ပေါကြွယ်လှပေ၏။ ယင်းနှင့် ပတ်သက်၍

ရှင်အာနန္ဒာက ဘုရားရှင်အား "ဤစိတ္တသူကြွယ်မှာ ဘုရားရှင်ထံ ချဉ်းကပ်သည့် အခါ၌သာ ဤသို့လာဘ်ပူဇော် သက္ကာ များပြားမှု ဖြစ်လေသလော၊ တပါးအရပ်သို့ သွားသော အခါ၌လည်း ဤသို့ပင် ဖြစ်ပါသလော"ဟု လျှောက်၏။ မြတ်စွာဘုရားက "အာနန္ဒာ၊ ဤဒါယကာသည် သဒ္ဓါတရားရှိ၏။ ရတနာ သုံးပါး၌ ကြည်ညို၏။ မွေးကြိုင်သည့် သီလဂုဏ် ရှိ၏။ ဤသို့သော ပုဂ္ဂိုလ်အား ရောက်လေရာ အရပ်၌ ဤသို့ပင် လာဘ်ပူဇော် သက္ကာ ပေါများသည်သာ" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၀၃။ "သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသောသူသည် ရောက်လေရာ အရပ်တို့၌ အပူဇော်ခံရပေ၏။"

## ၂၂၃။ စူဠ သုဘဒ္ဒါ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဥဂ္ဂမြို့၌နေသော 'ဥဂ္ဂ' သူဌေးသည် ငယ်စဉ်က အနာထပိဏ် သူဌေးနှင့် ဆရာတဦးထံ၌ အတူပညာသင်ခဲ့ပြီး ချစ်ခင်သော မိတ်ဆွေတဦးဖြစ်၏။ သူက သူ့သားအတွက် သတို့သမီးကို ငယ်စဉ်က ကတိအရ လာတောင်းသဖြင့် အနာထပိဏ် သူဌေးသည် သမီး'သုဘဒ္ဒါ'ကို ပေးလိုက်၏။ ဥဂ္ဂသူဌေးသည် မိစ္ဆာအယူ ရှိသူဖြစ်၍ မင်္ဂလာအခါများ၌ အဝတ်မဝတ်သော တိတ္ထိတို့အား အိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်းကျွေး၏။ သူက လာဖူးရန် အခေါ်ခိုင်းသော် စူဠ သုဘဒ္ဒါသည် ရှက်သဖြင့်တိတ္ထိတို့ကို သွားမဖူးပေ။ ထိုအခါ သူဌေးကတော်သည် စူဠ သုဘဒ္ဒါထံမှ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့၏ ဂုဏ်ကျေးဇူးတို့ကို ကြားလျှင် "သင်တို့၏ ရဟန်းများကို ငါတို့အား ပြပါလော့။ ပင့်ဖိတ်၍ လှူဒါန်း ပူဇော်ပါလော့"ဟုဆို၏။ စူဠသုဘဒ္ဒါသည် လှူဘွယ်ဝတ္ထုများကို စီစဉ်ပြီးသော် ပြာသာဒ်ပေါ်တက်၍ ဇေတဝန်ကျောင်းသို့ ရှေးရှုကာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ဆင်ခြင်၍ ပန်းနံ့သာတို့ဖြင့် ပူဇော်၏။

ထိုနောက် "မြတ်စွာဘုရား၊ နက်ဖြန် ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့ကို တပည့်တော်မ ပင့်ဖိတ်ပါ၏။ ဤအမှတ်သညာဖြင့် သိတော်မူပါစေသတည်း"ဟု အဓိဋ္ဌာန်ပြီး မြတ်လေးပန်းရှစ်ဆုပ်ကို ကောင်းကင်သို့ ပစ်မြှောက် ကြဲဖြန့်၏။ ထိုပန်းတို့သည် သွား၍ :တရားဟောနေသော ဘုရား

ရှင်ပေါ် မျက်နှာကျက်၌ တည်လေ၏။ တရားပြီးဆုံး၍ အနာထပိဏ် သူဌေး က နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်သော် မြတ်စွာဘုရားက "ငါဘုရားသည် နက်ဖြန်အတွက် စူဠသုဘဒ္ဒါ၏ ဆွမ်းကို သည်းခံပြီးပြီ" ဟု မိန့်တော်မူ၏။ "စူဠ သုဘဒ္ဒါသည် ဤမှ ယူဇနာ တရာ့ နှစ်ဆယ်ဝေးသည့် ဥဂ္ဂမြို့၌ နေပါ၏"ဟု လျှောက်သော် မြတ်စွာဘုရားက "သူဌေးကြီး၊ အရပ်ဝေး၌နေကြသော်လည်း သူတော်ကောင်းတို့သည် ရှေးမျက်မှောက်၌ တည်သကဲ့သို့ ထင်ရှားပြုကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၀၄။ "ဟိမဝန္တာတောင်သည် အဝေး၌ တည်သော်လည်း ထင်ရှားသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင် နေကြသော်လည်း ထင်ရှား ကုန်၏။ ညအခါ၌ ပစ်လိုက်သည့် မြှားတို့သည် မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် အနီး၌ရှိနေကြသော်လည်း မထင်ရှားကုန်။"

နောက်တနေ့၌ ရဟန္တာ ငါးရာ ခြံရံအပ်သော မြတ်စွာဘုရားသည် သိကြားမင်း အမိန့်ဖြင့် ဝိသကြုံနတ်သား ဖန်ဆင်း ပေးလှူအပ်သော ပြာသာဒ်ငါးရာပေါ်သို့ တပါးစီ တက်တော်မူ၍ ဥဂ္ဂမြို့သို့ ကောင်းကင်ဖြင့် ကြွတော်မူ၏။ စူဠသုဘဒ္ဒါ ပြောသည့်အတိုင်း ဥဂ္ဂသူဌေးသည် အခြံအရံနှင့် တကွ ဘုရားရှင် ကြွလာမည့်လမ်းကို ကြည့်မျှော်လျက် မြင်လေသော် လွန်စွာ ကြည်နူးဝမ်းမြောက်ပြီး ကြီးစွာ ပူဇော်၏။ ဘုရားအမှူးရှိသော ရဟန္တာ ငါးရာအား ခုနစ်ရက်လုံး အလှူကြီး ပေးလှူလေ၏။

## ၂၂၄။ ဧကဝိဟာရိ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ ... တော်မူစဉ်။

'ဧကဝိဟာရိ' အမည်ရှိသော မထေရ် တပါးသည် အိပ်, နေ, ရပ်, သွား လေ့ရှိသဖြင့် ပရိသတ်အလယ်၌ အလွန်ထင်ရှား၏။ တနေ့သ၌ ရဟန်းတို့က ထိုမထေရ်အကြောင်း ကဲ့ရဲ့လျှောက်ကြားသဖြင့် မြတ်စွာဘုရားက ထိုမထေရ် အား 'ကောင်းလေစွ။ ကောင်းလေစွ'ဟု ကောင်းချီးပေးလျက် "ရဟန်း မည်သည် ဆိတ်ဆိတ်ငြိမ်ငြိမ် နေသောသူ ဖြစ်သင့်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၀၅။ "မပျင်းမရိဘဲ တယောက်တည်းနေ၊ တယောက်တည်းအိပ်၊ တယောက် တည်း ကျင့်ကြံသွားလာလျက် မိမိကိုယ်ကို ဆုံးမ၍ တယောက်တည်း နေရာ၏။"

# [၂၂] နိရယဝဂ်

## ၂၂၅။ သုန္ဒရီ ပရိဗိုဇ်မ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဘုရားရှင်၏ အရှိန်အဝါကြောင့် တိတ္ထိတို့သည် နေရောင်ထဲရှိ ပိုးစုန်းကြူးအလား မှေးမှိန်ကြပြီး လာဘ်ပူဇော်သက္ကာ မရကြသဖြင့် တိုင်ပင်ကြစဉ် လာရောက် ခစားသည့် 'သုန္ဒရီ' အမည်ရှိ ပရိဗိုဇ်မအား "သင်သည် အလွန် အဆင်းလှသူ ဖြစ်၍ ရဟန်းဂေါတမအား အကျော်စောမဲ့ ဖြစ်အောင် ပြုလော့" ဟု ဆိုကြ၏။ သုန္ဒရီသည် ဝန်ခံ၍ ညနေချိန် လူတို့ကျောင်း၌ တရားနာပြီး မြို့သို့ပြန်လာသောအခါ ကျောင်းသို့ ရှေးရှုသွား၏။ "သင် ဘယ် သွားမည်နည်း" ဟု လူတို့က မေးကြသော် "ရဟန်း ဂေါတမထံ သွားအံ့၊ ငါကား သူနှင့်အတူ ဂန္ဓကုဋိတိုက်ထဲ၌ နေ၏" ဟုဆိုပြီး ကျောင်းတော် အနီးရှိ တိတ္ထိတို့ကျောင်းသို့သွား၍ နေ၏။ နံနက်စောစော မြို့သို့ပြန်လာ၍ "ဘယ်က လာသနည်း" ဟု ကျောင်းတော်သွားသည့် လူတို့က မေးသော် "ငါသည် ဂန္ဓကုဋိတိုက်ထဲ၌ ရဟန်းဂေါတမနှင့်အတူ ကာမဂုဏ် မွေ့လျော်ပြီး ထွက်လာခဲ့ပြီ" ဟု ဆို၏။ သုန္ဒရီသည် ဤသို့ သုံးရက်ဆက် ပြုပြီးသော် ထိုတိတ္ထိတို့သည် အရက်သမားတို့အား ငွေပေးပြီး သုန္ဒရီကို သတ်ခိုင်း၍ ဂန္ဓကုဋိ အနီးရှိ ပန်းမှိုက်ပုံ ကြား၌ ပစ်ထားစေ၏။

ထိုအခါ ထိုတိတ္ထိတို့သည် "သုန္ဒရီပရိဗိုဇ်မကို မမြင်ကြရကုန်" ဟုအုတ်အုတ် ကျက်ကျက်ပြု၍ ကောသလမင်းကြီးအား ပြောကြားကုန်၏။ မင်းကြီးက "သင်တို့ ယုံမှားရာ၌ ရှာကြလော့" ဟု ခွင့်ပြုသဖြင့် သူတို့သည် ဇေတဝန် ကျောင်းသို့ သွားရှာ၍ ထိုနေရာမှ သုန္ဒရီအလောင်းကို ညောင်စောင်းပေါ်

ဝင်ပြီး မြို့သို့ ယူဆောင်လာကြ၏။ သူတို့သည် မင်းကြီးအား "ရဟန်းဂေါတမ၏ တပည့်တို့သည် ဆရာပြုသည့် မကောင်းမှုကို ဖုံးကွယ်ရန် သုန္ဒရီပရိဗိုဇ်မကို သတ်၍ ပန်းမှိုက်ပုံကြား၌ပစ်ထားကြ၏" ဟု ပြောကြားကုန်၏။ နောက် မင်းကြီးက "ထိုသို့ဖြစ်မူ မြို့ထဲ၌ လှည့်လည်ကြလော့" ဟု ဆိုသဖြင့် တိတ္ထိတို့သည် "ရဟန်းဂေါတမ၏ အမှုကို ကြည့်ကြလော့" စသည်ဖြင့် မြို့ထဲ၌ လှည့်လည် ပြောဆိုကြပြီး တဖန် နန်းတော်သို့ ပြန်လာကြ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားသဖြင့် မြတ်စွာဘုရားက "ချစ်သားတို့၊ လူတို့ကို ဤသို့ဆိုလော့" ဟု မိန့်တော်မူပြီး ပြန်ပြောရမည့် စကားကို ဂါထာဖြင့် ဤသို့ မိန့်တော်မူ၏။

၃၀၆။ "မဟုတ်မမှန် ပြောဆိုသော သူသည်၎င်း၊ မိမိပြုလျက် မပြုလုပ်ဟု ဆိုသောသူသည်၎င်း ငရဲသို့ ရောက်ရ၏။ ထိုသူနှစ်ဦးတို့သည် ယုတ်မာသည့် မကောင်းမှု ရှိကြသည် ဖြစ်၍ နောင်ဘဝ၌ ငရဲခံရချင်း တူမျှကုန်၏။"

မင်းကြီးက လူသတ်သမားများကို စုံစမ်း ရှာဖွေခိုင်းသဖြင့် မင်းချင်းတို့သည် စုံစမ်း၍ ထိုသေသောက်ကြူးတို့ကို ဖမ်းမိပြီး ခေါ်ဆောင်လာကြ၏။ မင်းကြီးက "ဘယ်သူက သတ်ခိုင်းသနည်း" ဟု မေးသော် "တိတ္ထိတို့က သတ်ခိုင်းပါ၏" ဟု လျှောက်ကြ၏။ ထိုအခါ မင်းကြီးသည် ထိုတိတ္ထိတို့ကို ခေါ်မေးပြီး ဟုတ်မှန်ကြောင်း ဝန်ခံသော် သူတို့အား "ငါတို့သည် ရဟန်းဂေါတမအား ကျေးဇူးမဲ့ ဖြစ်စေရန် သုန္ဒရီကို သတ်ခဲ့ကြ၏။ ရဟန်းဂေါတမ၏ တပည့်တို့မှာ အပြစ်မရှိပါ။ ငါတို့မှာသာ အပြစ်ရှိပါ၏ ဟု မြို့ထဲ၌ လှည့်လည် ပြောဆိုကြလော့" ဟု မိန့်ဆိုလေ၏။ ထိုတိတ္ထိတို့သည် ထိုသို့ ပြုကြသော် ဘုရားရှင်အား ပူဇော်သက္ကာ ဆထက်ထမ်းပိုး တိုးပွားလေ၏။

## ၂၂။ ဒုစရိုက်ကျိုး ခံရသူများ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာသော် ပြိတ္တာသည်တို့ကိုမြင်၍ ပြုံး၏။ ရှင်လက္ခဏကမေးသော် "ဘုရားရှင်ထံ

ရောက်မှ မေးလော့”ဟု ဆို၍ ဘုရားရှင်ထံသွား၏။ ဘုရားရှင်ထံ၌ ရှင်လက္ခဏ မေးသဖြင့် ရှင်မောဂ္ဂလ္လာန်က အရိုးစုပြိတ္တာ စသည်တို့ကို မြင်ခဲ့ရကြောင်း ပြောကြားပြီး “ငါ့ရှင်လက္ခဏ၊ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် ကောင်းကင်သို့ သွားသော သင်္ကန်းပရိက္ခရာနှင့်တကွ တကိုယ်လုံး ရဲရဲတောက် လောင်နေသည့် ရဟန်း ငါးပါးကို မြင်ရ၏”ဟု ပြောဆို၏။ မြတ်စွာဘုရားက “ထိုရဟန်းတို့သည် ကဿပဘုရား လက်ထက်က ယုတ်မာသည့် အကျင့်ကို ပြုကျင့်ခဲ့ကြသဖြင့် ငရဲ၌ကျက်ပြီး ထိုကံ အကျိုးအကြွင်း အားဖြင့် ဤသို့ ပြိတ္တာများ ဖြစ်ရကုန်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၀၇။ “သင်္ကန်းဖြင့် လည်ပင်းကို ရစ်ပတ်ကုန်လျက် ယုတ်မာသည့် သဘော ရှိကြ၍ ကိုယ်နှုတ်နှလုံး မစောင့်စည်းကုန်သော၊ များစွာသော ထိုသူ ယုတ်မာတို့သည် ယုတ်မာသည့် မကောင်းမှု ကံတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။”

## ၂၂၇။ ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းများ

မြတ်စွာဘုရား ဝေသာလီပြည်ကို မှီ၍ မဟာဝုန်တော၌ နေတော်မူစဉ်။

ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေကြသော ရဟန်းတို့သည် ‘ဝမ်း’ တည်းဟူသော အကြောင်းကြောင့် “ဈာန်မဂ်ဖိုလ်ကို မရရှိကြဘဲလျက် ရရှိကြောင်း” လူတို့အား ပြောကြားကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို များစွာ ကဲ့ရဲ့တော်မူလျက် (ပါရာဇိက) သိက္ခာပုဒ်ကို ပညတ်တော်မူပြီး ထိုရဟန်း တို့အား ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၀၈။ “သီလလည်းမရှိ၊ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းဘဲလျက် ပြည်သူတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကိုစားလျှင် ထိုဆွမ်းကို စားခြင်းထက် မီးလျှံကဲ့သို့ တောက်လောင်သော သံတွေခဲကိုစားခြင်း က ကောင်းမြတ်သေး၏။”

## ၂၂၈။ ခေမက သူဌေးသား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အနာထပိဏ်သူဌေးကြီး၏တူ 'ခေမက' အမည်ရှိ သူဌေးသားသည် အလွန် အဆင်းလှသဖြင့် သူ၏ ရှေးဆုတောင်းကြောင့် သူ့ကို မြင်လျှင် မိန်းမတို့သည် ရာဂစိတ် ထကြွပြီး မထိန်းနိုင်ကြပေ။ ခေမကလည်း သူတပါး မယားကို လွန်ကျူးလေ့ရှိ၏။ ညအခါ မင်းမှုထမ်းတို့က သူ့ကို သုံးကြိမ် တိုင် ဖမ်းဆီးမိ၏။ ကောသလမင်းကြီးကလည်း "အနာထပိဏ်သူဌေးကြီး၏ တူ"ဟူ၍ တခွန်းမျှ မဆိုပေ။ ထိုအခါ သူဌေးကြီးသည် တူကို ဘုရားရှင်ထံ ခေါ်သွားပြီး "ဤခေမက သူဌေးသားအား တရားဟော ဆုံးမတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် သူတပါး မယားအား ကျူးလွန် ပြစ်မှားခြင်း၏ အပြစ်များကို ဖော်ပြလျက် သူ့အား နှစ်ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၀၉။ "တရားလက်လွှတ်မေ့လျော့ပြီး သူတပါးမယားကို မှီဝဲသော သူသည် 'အကုသိုလ်ရခြင်း၊ အလိုရှိတိုင်း မအိပ်ရခြင်း၊ သူတပါး အကဲ့ရဲ့ခံရခြင်း၊ ငရဲလားခြင်း'ဟူသော ဆင်းရဲခြင်း အကြောင်းလေးပါးတို့သို့ ရောက်ရ၏။

၃၁၀။ "ထိုသူ့အား အကုသိုလ်ရခြင်းလည်းဖြစ်၏။ ယုတ်ညံ့သော အပါယ် လားရာ ဂတိလည်း ရှိ၏။ ကြောက်ကြောက် လန့်လန့်ရှိသော ယောကျ်ား၏ ကြောက်ကြောက် လန့်လန့်ရှိသောမိန်းမနှင့် မွေ့လျော် ပျော်ပါးရခြင်းသည်လည်း အနည်းငယ်မျှသာဖြစ်၏။ မင်းကလည်း ကြီးလေးသည့် အပြစ်ဒဏ်ကိုပေး၏။ ထို့ကြောင့် ယောကျ်ားသည် သူတပါးမယားကို မမှီဝဲမကျူးလွန်ရာ။"

ဤတရားကို ကြားနာပြီးသော် ခေမက သူဌေးသားသည် သောတာပန် ဖြစ်လေ၏။

## ၂၂၉။ ဒုဗ္ဗစရဟန်း (အပြောရခက်သူ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းတပါးသည် စေတနာ မပါဘဲ မြက်တပင်ကိုဖြတ်မိသဖြင့် ကုက္ကုစ္စ ဖြစ်၍ အခြားရဟန်းတပါးအား မိမိအပြစ်ကို ပြောကြားပြီး မေးမြန်း၏။ ထိုအမေးခံရသော ဒုဗ္ဗစရဟန်းသည် "ဤသို့ မြက်ကို ဖြတ်ခြင်းဖြင့် အပြစ် တစုံတရာမဖြစ်။ ဒေသနာကြားလျှင် အပြစ်လွတ်၏"ဟု ဆိုတဲ့ပြီး လက်နှစ် ဖက်ဖြင့် မြက်ကို ဆွဲနုတ်ပြလေ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက် ကြားသဖြင့် မြတ်စွာဘုရားသည် ထိုရဟန်းကို များစွာ ကဲ့ရဲ့တော်မူပြီး သုံး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၁၁။ "မကောင်းသဖြင့် ဆွဲကိုင်အပ်သော သမန်းမြက်သည် ဆွဲကိုင်သည့် လက်ကိုသာ ခွဲရှသကဲ့သို့ ရဟန်းကျင့်ဝတ်သည် မကောင်းသဖြင့် ကျင့်သုံးသော ရဟန်းကို ငရဲသို့ ဆွဲချ၏။

၃၁၂။ "ရှော့ရဲစွာ ပြုအပ်သော အမှုကိစ္စဟူသမျှသည်၎င်း၊ ညစ်နွမ်းသော အကျင့်သည်၎င်း၊ ယုံမှားစွာ အောက်မေ့အပ်သော ရဟန်းအကျင့် သည်၎င်း အကျိုး မများပေ။

၃၁၃။ "အမှုကိစ္စကို ပြုလုပ်သင့်လျှင် ထိုအမှုကိစ္စကို ကေန်ပြုရာ၏။ ထိုအမှုကိစ္စ ကို မြဲမြံစွာ အားထုတ်ရာ၏။ ရှော့ရဲစွာ ပြုအပ်သော ရဟန်းတရား သည် ကိလေသာမြူကိုထပ်၍ လောင်းထည့်ဖြန့်ကြဲတတ်၏။"

ဤတရားကို ကြားနာရ၍ ထိုဒုဗ္ဗစရဟန်းသည် သိက္ခာပုဒ် စောင့်စည်းပြီး နောင်တွင် ဝိပဿနာကို ပွားများသဖြင့် ရဟန္တာ ဖြစ်သွား၏။

## ၂၃၀။ မနာလိုသူ မိန်းမတဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

မိန်းမတဦးသည် မိမိလင် ပေါင်းသင်းအပ်တော အိမ်ကျွန်မကို မနာလို သဖြင့် သူမကို ကြိုးဖြင့် တုပ်ချည်ကာ နား, နှာခေါင်းတို့ကို လှီးဖြတ်ပြီး တိုက်ခန်းထဲ၌ ပိတ်ထား၍ လင်ကို "ကျောင်းသို့ တရားနာသွားကြစို့"ဟု

ဆိုကာ ခေါ်သွား၏။ ထိုအခါ ထိုမိန်းမ၏ ဆွေမျိုးတို့အိမ် ရောက်လာကြ၍ ထိုတိုက်ခန်းတံခါးကို ဖွင့်ကြ၏။ သူတို့က ကြိုးဖြေပေးပြီးသော် ထိုကျွန်မသည် ကျောင်းသို့ သွား၍ တရားနာပရိသတ် အလယ်၌ ရပ်လျက် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ငါ့အမှုကို သူတပါးတို့ မသိကြဟု မှတ်ပြီး ဒုစရိုက်မှုကို အနည်းငယ်မျှ မပြုအပ်။ ဒုစရိုက်မည်သည် ဖုံးထားသော်လည်း နောင်အခါ နောင်တ ပူပန်ခြင်းကို ဖြစ်စေတတ်၏။ သုစရိုက်ကိုမူ သူတပါး မသိသော်လည်း ပြုအပ်၏။ သုစရိုက်တရားသည် ဝမ်းမြောက်ခြင်းကိုသာ ဖြစ်စေတတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၁၄။ "မကောင်းမှုကို မပြုခြင်းသည် ကောင်းမြတ်၏။ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏။ ပြုပြီး၍ နောင်တ တဖန် မပူပန်ရသော ကောင်းမှုကို ပြုခြင်းသည်ကား ကောင်းမြတ်၏။"

ဤတရားကို ကြားနာပြီးသော် လင်မယားနှစ်ဦးသည် သောတာပန် ဖြစ်လေ၏။

## ၂၃၁။ ရဟန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ ခနေတော်မူစဉ်။

ရဟန်းများစွာတို့သည် ပစ္စန္တရစ်မြို့တခု၌ ဝါကပ်ကြသော် ဒါယကာတို့က လှူဒါန်းကြသဖြင့် ပထမလတွင် ချမ်းသာစွာ နေထိုင်ကြရ၏။ ဒုတိယလ၌မူ ထိုမြို့ကို ခိုးသူတို့ လာရောက် တိုက်ခိုက် ဖျက်ဆီးပြီး သံ့ပန်းတို့ကို ဖမ်းယူသွားကြ၏။ လူတို့သည် မြို့ကို ပြုပြင်ဆောက်လုပ် နေကြရ၍ ကောင်းစွာ မလုပ်ကျွေးနိုင်ကြသဖြင့် ထိုရဟန်းတို့သည် မချမ်းမသာ ဆင်းရဲစွာ နေထိုင်ကြရ၏။ ဝါကျွတ်သော် ထိုရဟန်းတို့သည် ဘုရားရှင်ထံ သွားဖူးမျှော်၍ ထိုအကြောင်းကို လျှောက်ထားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ သင်တို့သည် ထွေရာလေးပါး မကြံကြလင့်။ ချမ်းသာစွာနေရခြင်းကို အမြဲ ရနိုင်ခဲ၏။ လူတို့သည် မြို့ကို လုံခြုံစွာ စောင့်ရှောက်သင့်လှပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၁၅။ "တိုင်းပြည်အစွန်ဖြစ်သော မြို့ကိုအတွင်းအပြင်နှင့်တကွ လုံခြုံအောင်
ပြုလုပ်ကြသကဲ့သို့ ထို့အတူ မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်
ကြလော့။ သင်တို့အား ဘုရားပွင့်ရာ အခါကောင်းသည် မလွန်ပါစေ
လင့်။ အခါကောင်းကို လွန်သူတို့သည် ငရဲ၌ ကျရောက်နိုင်၍ စိုးရိမ်
ရကုန်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

## ၂၃၂။ နိဂဏ္ဌ တက္ကတွန်းများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းတို့သည် ဆွမ်းခွက်ကို ဖုံးလွှမ်းကာ လှည့်လည် လာကြသော နိဂဏ္ဌတက္ကတွန်းတို့ကို မြင်လျှင် "လုံးဝ အဖုံးအလွှမ်း မရှိကြသော တက္ကတွန်းတို့ထက် ရှေ့နံပါးကို ဖုံးလွှမ်းကြသည့် ဤနိဂဏ္ဌတက္ကတွန်းတို့က မြတ်သေး၏။ ထိုသူတို့ကား အရှက်ရှိကြသေး၏" ဟု ပြောဆိုကြ၏။ ထိုနိဂဏ္ဌတက္ကတွန်းတို့က "ငါတို့သည် အရှက်ကြောင့် ဖုံးလွှမ်းကြသည် မဟုတ်။ စင်စစ် အသက်ရှိကြသည့် မြေမှုန့်, မှု စသည်တို့ ငါတို့ ဆွမ်းခွက်များထဲ မကျပါစေနှင့် ဟူသော အကြောင်းကြောင့် ဤသို့ ဖုံးလွှမ်းကြ၏" ဟု အယူဝါဒအားဖြင့် ပြန်လည် ပြောဆိုကြ၏။ ထိုရဟန်းတို့က ထိုအကြောင်းကို ချဉ်းကပ် လျှောက်ကြသဖြင့် မြတ်စွာဘုရားက "ရဟန်းတို့၊ မရှက်အပ်သော ဆွမ်းခွက်ဖြင့် ရှက်၍၊ ရှက်အပ်သော အင်္ဂါကြီးငယ်ဖြင့် မရှက်တတ်သော သူသည် မကောင်းသော လားရာဂတိသာ ရှိကုန်၏" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၁၆။ "ရှက်ဘွယ်မဟုတ်သော ဆွမ်းခွက်၌ ရှက်တတ်ပြီး၊ ရှက်ဘွယ်ဖြစ်သော
အင်္ဂါကြီးငယ်၌ မရှက်တတ်ကြသော မိစ္ဆာအယူရှိကြသည့် သတ္တဝါ
တို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၇။ "ကြောက်ဘွယ်မဟုတ်သော ဆွမ်းခွက်၌ ကြောက်ဘွယ်ဟု ရှုလေ့ရှိ
ကြပြီး၊ ကြောက်ဘွယ်ဖြစ်သော အင်္ဂါကြီးငယ်၌ ကြောက်ဘွယ်
မဟုတ်ဟု ရှုလေ့ရှိကုန်သော မိစ္ဆာအယူရှိ သတ္တဝါတို့သည် ဒုဂ္ဂတိ
ဘဝသို့ ရောက်ရကုန်၏။"

ဤတရားကို ကြားနာရသော် ထိုတက္ကတွန်းတို့ ထိတ်လန့်ကြပြီး ရဟန်းပြု ကြလေ၏။

## ၂၃၃။ တဏှီ တပည့်များ

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူစဉ်။

တိတ္ထိတို့၏ ဒါယကာတို့သည် သမ္မာအယူရှိ ဒါယကာတို့၏ သားများနှင့် အတူ ကစားကြသော မိမိတို့၏ သားများအား အိမ်ပြန်လာကြသည့်အခါ "သင်တို့သည် သာကီဝင် ရဟန်းတို့ကို ရှိမခိုးအပ်ကုန်။ သူတို့ကျောင်းသို့ မသွားအပ်ကုန်"ဟု ကျိန်စာဆိုခိုင်းကြ၏။ တနေ့သ၌ ဇေတဝန်ကျောင်း၏ တံခါးမုခ်အနီးတွင် ကစားကြရာ ထိုတိတ္ထိတပည့်တို့၏ သားတို့သည် ရေငတ်ကြသဖြင့် သမ္မာအယူရှိ ဒါယကာ၏ သားကို "သင်သည် ဤကျောင်းသို့ သွား၍ ရေသောက်ပြီး ငါတို့ဘို့လည်း ရေယူခဲ့လော့"ဟု စေလွှတ်ကြ၏။ ထိုသူငယ်သည် ကျောင်းသို့ သွား၍ ဘုရားရှင်အား ရှိခိုး၍ ရေသောက်ပြီး ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ရေမှာလိုက်သည့် သူငယ်တို့ကို ဤကျောင်းသို့ စေလွှတ်လိုက်လော့"ဟု မိန့်တော်မူ၏။ ထိုသူငယ်တို့ ရေလာသောက်ကြသော် မြတ်စွာဘုရားက ခေါ်ပြီး သင့်လျော်သည့် တရားစကားကို ဟောကြား၍ သရဏဂုံ, သီလတို့၌ တည်စေတော်မူ၏။

ထိုသူငယ်တို့ အိမ်ပြန်ရောက်၍ ထိုအကြောင်းကို ပြောပြကြသဖြင့် သူတို့၏ မိဘတို့က "ငါတို့ ကားသား ဖောက်ပြန် ပျက်စီးသည့် အယူကို ယူလေပြီ"ဟု ငိုကြွေးမြည်တမ်းကြ၏။ လိမ္မာသည့် အိမ်နီးချင်းတို့က လာ၍ တရားပြောဟောကြသဖြင့် သူတို့သည် "ဤသားငယ်တို့ကို ရဟန်းဂေါတမအား အပ်နှင်းကြတော့အံ့"ဟု ဆွေမျိုးများနှင့်တကွ ကျောင်းသို့ ခေါ်သွားကြ၏။ မြတ်စွာဘုရားသည် ထိုသူတို့၏ စိတ်အလိုကို ကြည့်ရှု၍ နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၁၈။ "အပြစ်မရှိသော တရားမှန်၌ အပြစ်ရှိ၏ဟု အယူရှိကြပြီး၊ အပြစ်ရှိသော တရားမှား၌မူ အပြစ်မရှိဟု အယူရှိကြသော မိစ္ဆာအယူရှိ သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၉။ "အပြစ်ရှိတရားမှားကို အပြစ်ရှိ၏ဟုရင်း၊ အပြစ်မရှိတရားမှန်ကိုအပြစ်မရှိဟုရင်း သိမြင်ကြသဖြင့် သမ္မာအယူရှိ သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏။"

ဤတရားကို ကြားနာပြီးသော် ထိုသူအားလုံး သရဏဂုံ သုံးပါး၌ တည်ကြပြီး နောက် အဆင့်ဆင့် တရားကို ကြားနာရသော် သောတာပန် ဖြစ်ကြလေ၏။

## [၂၃] နာဂဝဂ်

### ၂၃၄။ ဘုရားရှင် အဓိကရဏ်း ငြိမ်းခြင်း

မြတ်စွာဘုရား ဃောသိတာရုံ ကျောင်း၌နေတော်မူစဉ်။

သာမာဝတီ ဝတ္ထု (၁၅) အတိုင်း။ ။ကောသမ္ဗီပြည် ဥတေနမင်း၏ မာဂဏ္ဍီ မိဖုရားသည် မိမိ၏ ကျေးကျွန်များနှင့် တကွ မိစ္ဆာအယူရှိ မြို့သူ မြို့သားတို့ကို တံစိုးလက်ဆောင်ပေးပြီး "မြို့တွင်း လမ်းမတို့၌ ဆွမ်းခံသော ရဟန်းဂေါတမအား နောက်က လိုက်၍ 'ခိုးသူ၊ မိုက်မဲသူ၊ တွေဝေသူ၊ ဝက်တတ်သူ၊ ကုလားအုပ်၊ မြည်း၊ ငရဲသား၊ တိရစ္ဆာန်၊ သုဂတိလားစရာ မရှိသူ၊ ဒုဂ္ဂတိ လားစရာမရှိသူ' ဟု ဆဲရေးခြင်း ဆယ်ပါးဖြင့် ဆဲရေးပြီး မြို့မှ ထွက်ပြေးစေကုန်လော့" ဟု စေခိုင်း၏။ ထိုသူတို့ "ထိုသို့ ဆဲရေးကြသော် ရှင်အာနန္ဒာက "ဤမြို့သူ မြို့သားတို့ ဆဲရေးကြ၏။ တခြားမြို့သို့ ဖဲသွားကြ ပါကုန်အံ့" ဟု လျှောက်လျှင် မြတ်စွာဘုရားက "အာနန္ဒာ၊ ထိုမြို့၌ လူတို့ ဆဲရေးကြပြန်သော် ဘယ်ကို သွားရကုန်အံ့နည်း" ဟု မေးတော်မူ၏။ "တခြား မြို့သို့ သွားပါကုန်အံ့" ဟု လျှောက်သော် ထိုမြို့၌လည်း လူတို့က ဆဲရေးကြ ပြန်သော် ဘယ်ကိုသွားရအံ့နည်း" ဟု မေးတော်မူ၏။

"တခြားမြို့သို့ သွားပါကုန်အံ့" လျှောက်ပြန်သော် "အာနန္ဒာ၊ ဤသို့ ပြုရန်မသင့်။ အဓိကရဏ်း ဖြစ်တိုင်း ပြောင်းရွှေ့နေလျှင် ဆုံးမည်မဟုတ်။ အဓိကရဏ်းကို ဖြစ်သော နေရာ၌ပင် ငြိမ်းစေပြီးမှ တခြားအရပ်သို့ သွား သင့်၏။ ငါဘုရားသည် စစ်မြေပြင်သို့ ဝင်သည့် ဆင်ပြောင်ကြီးနှင့်တူ၏။ ထိုဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှ လာသမျှသော မြားတို့ကို သည်းခံရန် တာဝန်ရှိသကဲ့သို့ ဒုဿီလ ပုဂ္ဂိုလ်တို့ ပြောဆိုသည့် စကားများကို

**သည်းခံရန် ငါဘုရား၏တာဝန်ပေတည်း" ဟု မိန့်တော်မူပြီး သုံးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။**

၃၂၀။ "ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှပစ်လွှင့်ကျရောက်သည့် မြှားကို သည်းခံသကဲ့သို့ ငါးဘုရားသည် လွန်ကျူးစော်ကားသည့် စကားကို သည်းခံတော်မူအံ့။ လောကီနယ်သား လူအများသည် သီလမရှိသည်သာတည်း။

၃၂၁။ "ယဉ်ကျေးပြီးသော ဆင်မြင်း စသည်တို့ကိုသာ လူစုဝေးရာ ပွဲသဘင်သို့ ဆောင်ယူကုန်၏။ ယဉ်ကျေးပြီးသောဆင်မြင်းစသည်တို့ကိုသာမင်းသည် တက်စီး၏။ လွန်ကျူးစော်ကားသည့် စကားကို သည်းခံနိုင်သော သူသည် ယဉ်ကျေးပြီးသူဖြစ်၍ လူတို့တွင် အမြတ်ဆုံးဖြစ်၏။

၃၂၂။ "အဿတိုရ်မြင်းများ၊ အာဇာနည်မြင်းများ၊ သိန္ဓောမြင်းများ၊ ကုဉ္ဇရမည်သော ဆင်ပြောင်ကြီးများသည် ယဉ်ကျေးကြမှသာလျှင် မြတ်ကုန်၏။ မဂ်လေးပါးဖြင့် ဆုံးမယဉ်ကျေးပြီးသော သူသည် ထိုဆင်ကောင်း, မြင်းကောင်းတို့ထက် လွန်မြတ်လှပေ၏။"

**ဤတရားစကားကို ကြားနာကြရသော် ထိုဆဲရေးသူ လူအားလုံးသည် ဘုရားရှင်ကို ကြည်ညိုသွားကြပြီး သောတာပန် စသည် ဖြစ်ကြလေ၏။**

## ၂၃၅။ ဆင်ဆရာ ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ဆင်ဆရာ ဖြစ်ဘူးသော ရဟန်းတပါးသည် 'အစိရဝတီ မြစ်ကမ်းနား၌ ဆင်တစီးကို ဆုံးမ မရဘဲ ရှိနေသော ဆင်ဆရာတဦး'ကို မြင်လျှင် ရဟန်းတို့အား "ဤမည်သော နေရာ၌ ထိုးလျှင် ဤဆင်သည် လျင်စွာ ယဉ်ကျေးအောင် ဆုံးမနိုင်လတံ့" ဟု ဆို၏။ ထိုဆင်ဆရာလည် ထိုစကားကို ကြား၍ ထိုအတိုင်းပြုသော် ထိုဆင်ကို ကောင်းစွာ ယဉ်ကျေးအောင်ဆုံးမနိုင်၏။ ရဟန်းတို့က ထိုအကြောင်းကို လာ၍ လျှောက်ကြသဖြင့် မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ "မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ရဟန်း၊ သင့်အား ဆင်စသည်တို့ကို ဆုံးမသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဤဆင်ယဉ် စသည်တို့ဖြင့် မရောက်ဘူးသော အရပ်သို့ သွားနိုင်သူ မရှိ။

ယဉ်ကျေးအောင် ဆုံးမပြီးသော မိမိကိုယ်ဖြင့်သာ မရောက်ဘူးသော အရပ်သို့ သွားနိုင်၏။ ထို့ကြောင့် မိမိကိုယ်ကိုသာ ဆုံးမလော့” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၂၃။ “ဤဆင်ယာဉ်, မြင်းယာဉ်တို့ဖြင့် မရောက်ဘူးသေးသော နိဗ္ဗာန်သို့ မရောက်နိုင်သည်သာ။ ကောင်းစွာ ဆုံးမပြီးသော မိမိကိုယ်ဖြင့်ရင်း၊ ဘာဝနာမဂ် ဆုံးမချက်ဖြင့်ရင်း ယဉ်ကျေးပြီးသော သူသည်သာ နိဗ္ဗာန် အရပ်သို့ မုချရောက်နိုင်၏။”

## ၂၃၆။ ပုဏ္ဏားအိုကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ဥစ္စာရှစ်သိန်း ကြွယ်ဝသော ပုဏ္ဏားအို တဦးသည် မိမိ၏ သား လေးယောက်တို့ အိမ်ထောင်ပြုကြသော် တယောက် တသိန်းစီ ပေးလိုက်၏။ နောက် မယားသေသော် ထိုသားတို့လာပြီး ခဖင်အား ခြေလက် ဆုပ်နယ်လျက် “ကျွန်ုပ်တို့ လုပ်ကျွေးကြပါအံ့။ ဖခင်အား ဥစ္စာဖြင့် ပြုဖွယ် မရှိပါ” ဟု မြူဆွယ် ပြောဆို၍ ခါးဝတ်ပုဆိုးမှတပါး အိမ်အသုံးအဆောင် ပစ္စည်းများနှင့်တကွ ကျန် ဥစ္စာ လေးသိန်းကို အညီအမျှ ခွဲပေးစေ၏။ ဖခင်ပုဏ္ဏားအိုသည် သားကြီးအိမ်သို့ သွားသော် နှစ်ရက် သုံးရက်သာ ကောင်းစွာ လုပ်ကျွေးပြီး နောက်တနေ့ သွားသော် ချွေးမက “သင့်ဖခင် သည် သားကြီးဟူ၍ တရာ့တထောင် ပိုပေးခဲ့သလော။ ကျန်သားများအိမ်သို့ သွားရာလမ်းကို မသိသလော”ဟု ဆို၏။ ပုဏ္ဏားကြီးသည် အမျက်ထွက်ကာ ဒုတိယ သားအိမ်သို့ သွား၏။ ရှေးနည်းတူပင် ချွေးမက ဆိုပြန်၏။ ဤသို့ စသည် စတုတ္ထ သားအိမ်မှ ချွေးမက ဆိုပြန်သဖြင့် သူသည် ခိုးကိုးရာ မမြင် သော် ခွက်ကိုင်,တောင်ဝှေးဆွဲလျက် ခိုကိုးရာ အဖြစ် ဘုရားရှင်ထံ သွား၏။

ပုဏ္ဏားကြီးက အကြောင်းစုံကို လျှောက်ကြားသော် မြတ်စွာဘုရားက “ပုဏ္ဏားကြီး၊ ဤဂါထာတို့ကို သင်ယူ၍ ပရိသတ်အလယ်၌ ရွတ်လော” ဟု မိန့်တော်မူပြီး “ငါ၏ သားမိုက် လေးဦးတို့သည် ဘီလူးအသွင် ဆောင် လျက် ပါးစပ်က ‘ဖေဖေ၊ ဖေဖေ’ ဟု ဆို၍ ဝမ်းတွင်း ကောက်ကျစ်ပြီး မယားများနှင့် တိုင်ပင်ကာ ငါ့ကို နှင်ထုတ်ကြသဖြင့် ငါတောင်းစားနေ

ရ၏။ ထိုသားတို့သည် ငါ့တောင်ဝှေးလောက်ပင် အသုံးမကျကုန်” စသည် အဓိပ္ပာယ်ပါရှိသော ဂါထာ ငါးခုကို သင်ပေးတော်မူ၏။ ပုဏ္ဏားကြီးသည် သွား၍ ပရိသတ်အလယ်၌ ရွတ်ဆိုလျှင် လူတို့သည် ‘ကျေးဇူးကန်းများ’ဟု အမျက်ထွက်ပြီး သတ်မည်ပြုကြ၍ ထိုသားတို့ ကြောက်လန့်သဖြင့် ဖခင်၏ ခြေရင်း၌ ဝပ်လျက် “ယနေ့မှစပြီး ဖခင်ကို ကောင်းစွာ လုပ်ကျွေးကြပါအံ့”ဟု ဝန်ခံကြ၏။ နောက် အိမ်သို့ ခေါ်သွား၍ မင်းတို့အား “ယနေ့မှစပြီး ငါတို့ ဖခင် အိုကို ကောင်းစွာ လုပ်ကျွေးကြလော့။ မေ့လျော့ကြလျှင် သင်တို့ကို ရိုက်သတ်အံ့”ဟု ကြိမ်းမောင်းပြီး ဖခင်အား ပုဆိုးတစုံစီနှင့် နေ့စဉ် ထမင်းတအုပ်စီပေးကြ၏။

ပုဏ္ဏားကြီးသည် မကြာမီ ဝဖြိုးလာပြီး “ဤစည်းစိမ်ကို ရဟန်းဂေါတမကြောင့် ရပေ၏”ဟု ဘုရားရှင်ထံ သွား၍ ပုဆိုးတစုံကို လှူပြီး “သားတို့က နေ့စဉ် ဝတ်ပြုသည့် ဆွမ်းအုပ်အနက် နှစ်ခုကိုအလှူခံတော်မူပါ” ဟု လျှောက်ထားလှူဒါန်း၏။ နောက် သားတို့ထံ သွား၍“ရဟန်းဂေါတမသည် ငါ့မိတ်ဆွေတည်း။ ထမင်းအုပ် နှစ်လုံး နေ့စဉ်လှူကြလော့”ဟု ဆို၏။ မြတ်စွာဘုရားသည် ထိုသားလေးဦး အသီးသီးထံ တနေ့စီ သွားသော် ထိုသားအသီးသီးက အိမ်သို့ပင်၍ ကောင်းစွာလုပ်ကျွေး၏။ တနေ့သ၌ သားကြီးက မင်္ဂလာမှု တခုပြုသော် ဘုရားရှင်နှင့်တကွ ရဟန်း အပေါင်းကို ပင့်ဖိတ်၍ နို့ဃနာ ဆွမ်းဖြင့် လုပ်ကျွေး၏။ ဆွမ်းဘဉ်းပေးပြီးသော် မြတ်စွာဘုရားက ထိုသား အဖ၊ ချွေးမ ကိုးဦးတို့အား “မိဘတို့ကို လုပ်ကျွေးခြင်းကား ရှေးပညာရှိတို့၏ အလေ့အကျင့်ဖြစ်၏”ဟု မိဘ လုပ်ကျွေးသော ဆင်မင်းအကြောင်း ‘မာတုပေါသက ဇာတ်’ ကို ဟောတော်မူပြီး ထိုဇာတ်လာ ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၂၄။ “ပြင်းထန်စွာအမှန်ယစ်၍ တားမြစ် နှိမ်နင်းနိုင်ခဲသော‘ဓနပါလ’အမည်ရှိ ဆင်ပြောင်ကြီးသည် (မင်း၏) ဖမ်းဆီး ချုပ်နှောင်ခြင်း ခံရသဖြင့် အစာမစားချေ။ ဆင်ပြောင်ကြီးသည် မိခင်နှင့်အတူနေရာ ဆင်နေ တောကိုသာ အမြဲ အောက်မေ့နေ၏။”

ဤသို့ တရားကို ကြားနာပြီးသော် ထိုသူ ကိုးဦးလုံး သောတာပန်ဖြစ်ကြလေ၏။

## ၂၃၇။ ကောသလ မင်းကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ကောသလ မင်းကြီးသည် နေ့စဉ် စားနေကျအတိုင်း ဆန်တစိတ်ချက်နှင့်တကွ အမဲ ဟင်းလျာ များ ကို စားသုံးပြီး ထမင်း ယစ်မှု မပျောက်သေးမီ ဘုရားရှင်ထံ သွားလေရာ ငိုက်မျဉ်းလျက် ဖြောင့်တန်းစွာ မအိပ်နိုင်ဘဲ လူးကာ လိမ့်ကာ နေရရှာသဖြင့် "ထမင်းစားပြီးသည်မှစ၍ ဤသို့ ကြီးစွာ ဆင်းရဲရပါ၏"ဟု လျှောက်၏။ မြတ်စွာဘုရားက "မင်းကြီး၊ အလွန်အကြူးများစွာ စားသော သူအား ဤသို့ ဆင်းရဲရတတ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၃၂၅။ "အစားကြီးသော သူသည် 'အစာကျွေး၍ မွေးထားအပ်သော ဝက်ကြီးကဲ့သို့' ငိုက်မျဉ်းလျက် လူးကာလိမ့်ကာ နေရ အိပ်စက်ချပြီး ပညာ နုံ့သူ ဖြစ်၍ အဖန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေ နေရ၏။"

ဤတရားကို ကြားနာ၍ မင်းကြီးသည်နှစ်သက်သဖြင့် နေ့စဉ်ထမင်းတလုပ် လျှော့လျှော့ စားသွားသော် နောက်ဆုံး တစလယ်ချက် ထမင်းဖြင့် တင်းတိမ်ကာ ကိုယ်ပေါ့ပါးပြီး ချမ်းသာစွာ နေနိုင်လေ၏။

## ၂၃၈။ သာနု သာမဏေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဒါယိကာမကြီး တဦး၏ တဦးတည်းသော သားဖြစ်သူ 'သာနု'သာမဏေသည် တနေ့သ၌ ရဟန်းများက တိုက်တွန်း၍ ပလ္လင်ပေါ်တက်ကာ တရားစာပါဠိများကို အသံကျယ်စွာဖြင့် ရွတ်ဆိုပြီး ဆင်းသက်သော် "ဤပါဠိရွတ်ဆိုရာ၌ ရအပ်သော ကုသိုလ်အဖို့ကို ငါ့မိခင်ဖခင်တို့အား ပေးဝေပါ၏" ဟု အမျှပေးဝေ၏။ ထိုအခါ နတ်များနှင့်အတူ တရားနာနေသော ရှေးဘဝက

ထိုသာမဏေ၏ မိခင်ဖြစ်ဘူးသည့် ဘီလူးမသည် "ချစ်သား၊ ဝမ်းမြောက်ပါ၏။ သာဓုခေါ်ပါ၏" ဟု ဆို၏။ တရားနာ နတ်တို့သည် သာမဏေကို ရိုသေမြတ်နိုးကြသဖြင့် ထိုဘီလူးမကို "သာနု၏ မိခင်" ဟု လေးစားကြ၏။ နတ်နှင့်ဘီလူး အတူစည်းဝေးကြသည့် သဘင်၌ ထိုဘီလူးမအား နေရာဦး, ရေဦး,ထမင်းဦးကို ပေးကြ၏။ တန်ခိုးကြီးနတ်တို့လည်း သူမကို မြင်လျှင် လမ်းခရီးမှ ဖယ်ပေးကြ၏။ နေရာမှ ထကြ၏။

သာနု သာမဏေသည် အရွယ်ရောက်လာသော် သာသနာ၌ မပျော်,ငြီးငွေ့လာသဖြင့် မိခင်ထံ သွားပြီး လူထွက်ရန် ပုဆိုးကို တောင်း၏။မိခင်ကြီးက လူ့ဘဝ၏ ဆင်းရဲပုံ အမျိုးမျိုးကို ပြောပြ နားချပါသော်လည်း မရသဖြင့် "ကိုရင်အား ပုဆိုးကို ပေးပါမည်" ဟု ဆို၍ ယာဂု ခဲဘွယ်ကို ဆက်ကပ်ပြီး ဆွမ်းအတွက် ချက်ရန် ဆန်ဆေးနေ၏။ ထိုအခါ ထိုဘီလူးမသည် ဆင်ခြင်၍ ထိုအကြောင်း သိလျှင် "ငါသည် တန်ခိုးကြီးနတ်များ အလယ်၌ အရှက်ရတော့မည်"ဟု သွားတဲ့ပြီး၊ သာမဏေ၏ ကိုယ်၌ ပူးဝင်၍ လည်ကိုနောက်ပြန်လှည့်ပြီး တံတွေးယိုစီးစေကာ ကြမ်းပြင်ပေါ်၌ လဲကျစေ၏။ မိခင်ကြီးသည် ပြေးလာ၍ ပွေ့ဖက် ငိုကြွေး မြည်တမ်း၏။ လူများစွာတို့ လာကြပြီး ဗလိနတ်စာ ကျွေးခြင်း စသည်ကို ပြုကြ၏။ထိုအခါ ဘီလူးမသည် များစွာသော စကားတို့ကို ပြောကြား၍ "ဤသာမဏေသည် လူထွက်လိုခြင်း မကောင်းမှုကံကြောင့် ထွက်ပြေးသော်လည်း ဆင်းရဲတို့မှ မလွတ်နိုင်"ဟု ဆို၍ သာမဏကို လွှတ်လိုက်၏။

ထိုအခါ သာမဏေသည် ထလာပြီး လူအပေါင်းခြံရံလျက် မိခင်ကြီး မျက်ရည်ယိုစီး ငိုကြွေးမြည်တမ်းနေသည်ကို မြင်၍ဖြစ်ပုံကိုခမေး၏။မိခင်ကြီးက ဖြစ်ပုံကို ပြောပြပြီး "ကာမဂုဏ်တို့ကို စွန့်ပြီးမှ တဖန် လူပြန်ထွက်သောသူသည် အသက်ရှင်နေသော်လည်း သေသူမည်၏" စသည်ဖြင့်လူ့ဘောင်၌ နေခြင်း၏ အပြစ်မျိုးစုံ ဆင်းရဲပုံ အလုံးစုံကို ပြောကြား၏။ ထိုအခါမှ သာမဏေသည် "ငါ လူမထွက်တော့ပြီ" ဟု ဆို၍ မိခင်ကြီးလှူသည့် သင်္ကန်း သုံးထည်ကို ယူသွားပြီး ပဉ္စင်းအဖြစ်ကို ခံယူ၏။ထိုနောက် မြတ်စွာဘုရားသည် သာနု ရဟန်းအား စိတ်ကို နှိပ်ကွပ်ခြင်း၌ အားထုတ်စေလိုသဖြင့် "ချစ်သား၊ အထူးထူးသော အာရုံတို့၌ ကာလရှည် လှည့်လည် ကျက်စားတတ်သော ဤစိတ်ကို မနှိပ်ကွပ်သောသူအား ချမ်းသာခြင်း မဖြစ်နိုင်။ အမုန်ယစ်သော ဆင်ပြောင်ကို ချွန်းဖြင့် နှိပ်ကွပ်သကဲ့သို့ စိတ်ကို နှိပ်ကွပ်ခြင်း၌ အားထုတ်အပ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၂၆။ "ဤစိတ်သည် ရှေးအခါက အလိုရှိတိုင်းသော ကိလေသာအကြောင်း
ဖြင့် အလိုရှိတိုင်း အာရုံ၌ ချမ်းသာစွာ လှည့်လည်ကာ ကျက်စားခဲ့
လေပြီ။ ချွန်းကိုင်သော ဆင်ဆရာသည် အမုန်ယစ်သော ဆင်ကို
နှိပ်ကွပ်သကဲ့သို့ ငါသည် ယခု ထိုစိတ်ကို သင့်တင့်စွာ နှလုံးသွင်းခြင်း
ဖြင့် နှိပ်ကွပ်ပေးအံ့၊ (ဟု ကြံစည်၍ အားထုတ်ရာ)၏။"

ဤတရားကို ကြားနာပြီးသော် သာနု မထေရ်သည် သစ္စာ လေးပါးကို
ထိုးထွင်း သိပြီး နောင်တွင် ပိဋကသုံးပုံဆောင် ရဟန္တာမထေရ် ဖြစ်လေ၏။

## ၂၃၉။ ပါဝေယျက ဆင်

ပြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

နုပျိုစဉ်က အလွန် ခွန်အားဗလ ကောင်းသော 'ပါဝေယျက' အမည်ရှိ
ဆင်သည် အိုခြင်းဇရာ ထောင်းလေသော် အိုင်ကြီးတခုသို့ သက်ဆင်းရာတွင်
ညွန်ထဲ ကျွံနစ်ပြီး ပြန်မတက်နိုင်ရှာပေ။ လူတို့ထံမှ ထိုအကြောင်းကို ကြား
သဖြင့် ကောသလမင်းကြီးက ဆင်ဆရာအား "ထိုဆင်ကို ညွန်မှထုတ်လော့"
ဟု ဆို၏။ ဆင်ဆရာသည် သွား၍ ထိုအရပ်၌ စစ်ပွဲဦးကို ပြပြီးစစ်ပွဲစည်ကြီးကို
တီးခတ်စေ၏။ ထိုအခါ ထိုဆင်သည် မာန်မာနတက်ကြွလာပြီး အဟုန်ဖြင့်
ထသော် ကုန်းပေါ်၌ တည်လေ၏။ ထိုအကြောင်းကို ရဟန်းတို့က လာ၍
လျှောက်ကြားသော် မြတ်စွာဘုရားက "ရဟန်းတို့၊ ထိုဆင်သည် ပြကတေ
ညွန်၌ နစ်မြုပ်နေသည်မှ မိမိကိုယ်ကို ထုတ်ဆောင်နိုင်သေး၏။ ကိလေသာ
ညွန်၌ နစ်မြုပ်နေကြသော သင်ချစ်သားတို့သည် ထိုကိလေသာညွန်မှ
မိမိကိုယ်ကို ထုတ်ဆောင်ကြကုန်လော့"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့
ဟောတော်မူ၏။

၃၂၇။ "မမေ့မလျော့ခြင်း အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့။ မိမိစိတ်
ကို စောင့်ရှောက်ကြလော့။ ညွန်၌နစ်သော ဆင်သည် မိမိကိုယ်ကို
ညွန်မှ ထုတ်ဆောင်သကဲ့သို့ ကိလေသာ ညွန်ပျောင်းမှ မိမိကိုယ်ကို
ထုတ်ဆောင်ကြလော့။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြ
လေ၏။

## ၂၄၀။ ရဟန်းငါးရာ

မြတ်စွာဘုရား ပါလိလေယျက ဆင်မင်း၏တောအုပ်၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် မိမိ၏ အဆုံးအမကို ရဟန်းတို့ မနာခံသဖြင့် ပါလိလေယျကဆင်မင်းနေရာ တောအုပ်သို့ ကြွသွား၍ ဝါတွင်းသုံးလလုံး ထိုဆင်မင်း၏ လုပ်ကျွေးပြုစုခြင်းကို ခံယူတော်မူလျက် တပါးတည်း နေတော်မူ၏။ ဝါကျွတ်သော် ရှင်အာနန္ဒာသည် ဘုရားရှင်ကို ဖူးမြင်ရန် လာကြသည့် ရဟန်းငါးရာတို့ကို ခေါ်သွား၍ ထိုတောအုပ်သို့ ရောက်သော် ထိုရဟန်းတို့ကို အပ၌ ထားခဲ့ပြီး တပါးတည်း ဘုရားရှင်ထံ သွား၏။ မြတ်စွာဘုရားက အခေါ်ခိုင်း၍ အာနန္ဒာသည် ယိုရဟန်းငါးရာတို့ကို သွားခေါ်လာ၏။ ထိုရဟန်းတို့သည် ဘုရားရှင်ကို ရှိခိုးလျက် "ရှင်တော်ဘုရားသည် ပြုစုမည့်သူ မရှိဘဲ တပါးတည်း ဆင်းရဲစွာ နေရသည် ထင်ပါ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ပါလိလေယျဆင်မင်းသည် ငါဘုရားအား အလုံးစုံ ပြုစုပေး၏။ ဤသို့သော မိတ်ဆွေကောင်းကို ရသော် အတူတကွ နေသင့်၏။ မရသော် တပါးတည်း နေရသည်ကမြတ်၏" ဟု မိန့်တော်မူပြီး သုံးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၂၈။ "ရင့်သောပညာရှိပြီး အတူကျင့်ဖော်ဖြစ်သော၊ ကောင်းစွာ နေထိုင်လေ့ ရှိ၍ တည်ကြည်မြဲမြံ ပညာဉာဏ်လည်း ရှိပေသော မိတ်ဆွေကောင်းကို ရခဲ့ပါလျှင် ထိုမိတ်ဆွေကောင်းနှင့် အတူတကွ ဘေးရန်အားလုံးကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာဖြင့် ကျင့်ကြံ နေထိုင်ရာ၏။

၃၂၉။ "ရင့်သော ပညာရှိပြီး အတူကျင့်ဖော်ဖြစ်သော၊ ကောင်းစွာနေထိုင်လေ့ ရှိ၍ တည်ကြည်မြဲမြံ ပညာဉာဏ် ရှိသော မိတ်ဆွေကောင်းကို မရခဲ့ပါလျှင် 'မင်းသည် အောင်ပြီးသော နိုင်ငံကို စွန့်ခွာ၍ ထွက်သွားသကဲ့သို့ရင်း၊ မာတင်္ဂဆင်မင်းသည် တော၌ တကောင်တည်း လှည့်လည် နေထိုင်သကဲ့သို့ရင်း' တယောက်တည်းသာ ကျင့်ကြံ နေထိုင်ရာ၏။

၃၃၀။ "တယောက်တည်းသာ နေထိုင် ကျင့်ကြံခြင်းသည် မြတ်၏။ လူမိုက်၌ ပေါင်းသင်းအပ်သည့် မိတ်ကောင်း အဖြစ်မျိုး မရှိ။ မာတင်ဆင်မင်း သည် တော၌ တကောင်းတည်း ကြောင့်ကြမဲ့ လှည့်လည်နေထိုင်သကဲ့သို့ တယောက်တည်း ကြောင့်ကြမဲ့ ကျင့်ကြံနေထိုင်ရာ၏။ မကောင်းမှုတို့ကို မပြုရာ။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြ လေ၏။

## ၂၄၁။ မာရ်နတ်

မြတ်စွာဘုရား ဟိမဝန္တာအရပ်ဝယ် တောကျောင်း၌ နေတော်မူစဉ်။

ထိုအခါ မင်းပြုကြသော မင်းဆိုးတို့၏ နှိပ်စက် ညှဉ်းပန်းခြင်းခံရသော လူတို့ကို ဘုရားရှင်မြင်တော်မူလျှင် "မညှဉ်းဆဲထိုက်သော သူတို့ကို မညှဉ်းဆဲဘဲ တရားသဖြင့် မင်းပြုစေရန် တတ်နိုင်တောင်းအံ့လော" ဟု ကြံတော်မူ၏။ ထိုအခါ မာရ်နတ်သည် ဘုရားရှင်၏ အကြံကို သိ၍ "ရဟန်းဂေါတမသည် မင်းပြုလိုသည် ဖြစ်လတံ့။ မင်းပြုခြင်းသည် မေ့လျော့ခြင်း၏ အကြောင်း ဖြစ်၏။ သူ့အား မင်းပြုအောင် အားထုတ်စေအံ့"ဟု ကြံ၍ လာပြီး "မြတ်စွာ ဘုရားသည် မညှဉ်းဆဲထိုက်သောသူကို မညှဉ်းဆဲဘဲ တရားသဖြင့် မင်းပြုပါ စေသတည်း။ ရှင်တော်ဘုရားသည် ဣဒ္ဓိပါဒ်တို့ကို ပွားများပြီးဖြစ်သဖြင့် ဟိမဝန္တာတောင်ကြီးကို ရွှေဟု နှလုံးသွင်းလျှင် ရွှေအတိဖြစ်ရာ၏။ ကျွန်ုပ် သည်လည်း ထိုရွှေဖြင့် ပြုသင့်သည်ကို ပြုလုပ်ပါမည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "ဤတတောင်လုံးသော ရွှေကို ပေးသော် လည်း လူတဦးအတွက်ပင် မလုံလောက်။ တဘူမက ဝဋ္ဋဒုက္ခကို မြင်ပြီး သူသည် ကာမဂုဏ် ငါးပါး၌ အဘယ်သို့ စိတ်ညွတ်နိုင်အံ့နည်း။ ကာမ စသည် ကပ်ငြိတတ်သည့် တရားကိုသာ ပယ်ဖျောက်ရန် ကျင့်ရာ၏" ဟု မိန့်ဆိုလျက် မာရ်နတ်အား ထိတ်လန့်စေပြီး "မာရ်နတ်ယုတ်၊ သင်၏ အဆုံးအမတား တခြား၊ ငါဘုရား၏ အဆုံးအမကား တခြားတည်း။ သင် နှင့်အတူ ဓမ္မအားဖြင့် နှီးနှောဘွယ်မရှိ။ ငါဘုရားကား ဤသို့ ဆုံးမတော် မူ၏"ဟု သုံးဂါထာဖြင့် ဟောတော်မူ၏။

၃၃၁။ "အရေးကိစ္စ ပေါ်ပေါက်လာသော် မိတ်ဆွေကောင်းများ ရှိခြင်းသည် ချမ်းသာ၏။ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ အသက်ကုန်ခါနီး၌ ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။ ဝဋ်ဆင်းရဲ အလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

၃၃၂။ "လောက၌ အမိကို လုပ်ကျွေးခြင်းသည်ချမ်းသာ၏။ အဖကိုလုပ်ကျွေး ခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို လုပ်ကျွေးခြင်းသည် ချမ်းသာ၏။ ထို့ပြင် မကောင်းမှုကို ပယ်ပြီးသော ဘုရား ရဟန္တာတို့ကို လုပ်ကျွေးခြင်းသည် ချမ်းသာ၏။

၃၃၃။ "အကျင့်သီလသည် အိုသည့်အထိ ချမ်းသာ၏။ သဒ္ဓါတရား တည်မြဲ ခြင်းသည် ချမ်းသာ၏။ အသိပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။"

# [၂၄] တဏှာဝဂ်

## ၂၄၂။ ကပိလ ရွှေငါးကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကဿပဘုရားလက်ထက်၌ 'ကပိလ' မည်သော ပိဋကသုံးပုံဆောင် ရဟန်း တပါးသည် "ငါသာ ပိဋကတ် တဖက်ကမ်းခတ် တတ်မြောက်၏"ဟု မာန် ယစ်ပြီး လာဘ်လာဘ ပေါများသည်ကို မှီ၍လည်း တဏှာ ပွားများ၏။ "ငါ အလွန် ပညာကြီး၏"ဟု မာနထောင်လျက် တခြား ရဟန်းတို့ပြောကြ သည့် 'အပ်သော အမှုကို မအပ်ဟုရင်း၊ မအပ်သော အမှုကို အပ်၏ဟုရင်း' ပြောဆိုလေ့ ရှိကြ၏။ သီလချစ်မြတ်နိုးသည့် ရဟန်းတို့က ဤသို့ မပြုရန်ပြော သော် သူက "ငါ့ရှင်တို့ ဘယ်လောက် သိကြသနည်း" ဟု ရှုတ်ချပြောလေ့ ရှိ၏။ သူ့ကို ရဟန်းကောင်းတို့က စွန့်ပစ်ပြီး ရဟန်းယုတ်တို့ ခြံရံကုန်၏။ တခါ ဥပုသ်နေ့၌ ပါတိမောက် ရွတ်ဆိုရာတွင် သူက "ငါ့ရှင်တို့၊ သုတ်, အဘိဓမ္မာ, ဝိနည်းသည် မရှိ။ ပါတိမောက် ကြားရသဖြင့်ရင်း၊ မကြားရ သဖြင့်ရင်း အကျိုးမရှိ" ဟု ဆို၍ ထသွား၏။ ဤသို့ သူသည် ပရိယတ္တိ သာသနာကို ဆုတ်ယုတ်စေ၏။ ထိုမကောင်းမှုကံကြောင့် သူသည် သေသော် အဝီစိငရဲ၌ ဘုရားနှစ်ဆူကြား ကာလတိုင် ကျက်ပြီးသော် အစိရဝတီမြစ်ထဲ ၌ ငါးကြီး ဖြစ်၏။

ထို 'ကပိလ' ငါးကြီးသည် ရွှေအဆင်း ရှိပြီး ပါးစပ်နံ့မူ ပုပ်စော်နံ၏။ တနေ့သ၌ ကွန်ပစ်တံငါတို့သည် ထိုငါးကို ရ၍ မသတ်ဘဲ ကောသလမင်း ကြီးထံ ယူသွား၏။ မင်းကြီးက ထိုငါးကြီးကို လှေဖြင့် ဘုရားရှင်ထံ ယူ သွား၏။ ငါးကြီး ပါးစပ်ဟလျှင်ပင် တကျောင်းလုံး အပုပ်နံ့ လှိုင်၏။

မင်းကြီးက "ဤငါးသည် အဘယ့်ကြောင့် ရွှေအဆင်းရှိ၍ ပါးစပ်နံ့ပုပ်ရပါသနည်း"ဟု လျှောက်၏။ မြတ်စွာဘုရားက "ဤငါးသည် ကဿပဘုရားလက်ထက်၌ ပိဋကသုံးပုံဆောင် ရဟန်းဖြစ်စဉ်က စာပေပို့ချပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ဟောပြောခဲ့သဖြင့် ရွှေအဆင်းရှိ၏။ လောဘ, မာန ကြောင့် ရဟန်းကောင်းတို့ကို ဆဲရေး၍ သာသနာကို ဆုတ်ယုတ်အောင် ပြုလုပ်ခဲ့သဖြင့် ငရဲကျခဲ့ရသည့်အပြင် ယခု ပါးစပ်နံ့လည်း ပုပ်ရပေ၏"ဟု မိန့်တော်မူပြီးနောက် ငါးကြီးအား "ယခု သင်သည် ဘယ်ကို သွားရအံ့နည်း"ဟု မေးတော်မူ၏။ ငါးကြီးသည် "အဝီစိငရဲသို့သာ သွားရပါဦးမည်" ဟု လျှောက်ပြီး လှေကို ဦးခေါင်းဖြင့် ပုတ်ခတ်၍ သေသော် အဝီစိငရဲ၌ ဖြစ်ပြန်လေ၏။

လူများစွာတို့က ထိတ်လန့်ကြသော် မြတ်စွာဘုရားက "တရားကိုကျင့်ခြင်း၊ ကောင်းမွန်စွာ သီတင်းသုံးနေထိုင်ခြင်းတို့ တပေါင်းတည်းဖြစ်သော် အလွန်ကောင်းမြတ်၏" ဟု မိန့်တော်မူပြီး လေးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၃၄။ "မမေ့မလျော့ ပြုကျင့်သော သတ္တဝါအား တဏှာသည် 'မာလောနွယ်' ကဲ့သို့ တိုးပွား၏။ သစ်သီးကို အလိုရှိသော မျောက်သည် တော၌ တပင်မှ တပင်သို့ ခုန်လွှား ပြေးသွားသကဲ့သို့ ထိုတဏှာ တိုးပွားသော သူသည် တဘဝမှ တဘဝသို့ ပြေးသွားရ၏။

၃၃၅။ "ဗြိတ်မြက်သည် မိုးရေကြောင့် ကြီးပွားသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာ ညှဉ်းဆဲခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့ တိုးပွားကုန်၏။

၃၃၆။ "ရေပေါက်သည် ကြာရွက်မှလျှောကျသကဲ့သို့ လောက၌ အလွန်စွန့်နိုင်ခဲ၍ ယုတ်မာသော ဤတဏှာကို နှိပ်စက်နိုင်သော ပုဂ္ဂိုလ်မှ စိုးရိမ်ကြောင့်ကြမှုတို့ လျှောကျကုန်၏။

၃၃၇။ "ထို့ကြောင့် ဤအရပ်၌ စုဝေးရောက်လာကြသည့် သင်တို့အား ကောင်းသော စကားကို ငါဘုရား ဟောအံ့။ ပန်းရင်းမြက်ကို အလိုရှိသော သူသည် ဗြိတ်မြက်ကို တူးရသကဲ့သို့ (နိဗ္ဗာန်ကို အလိုရှိသူသည်) တဏှာ၏ အမြစ်ရင်းကို တူးပစ်ကြလော့။ ရေအယဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီး စေနှင့်။"

## ၂၄၃။ ဝက်မကလေး

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ထဲ၌ ဆွမ်းခံကြွစဉ် ဝက်မငယ်တကောင်ကို မြင်၍ ပြုံးတော်မူ၏။ ရှင်အာနန္ဒာက မေးလျှောက်သဖြင့် မြတ်စွာဘုရားက "အာနန္ဒာ၊ ဤဝက်မငယ်ကား ရှေးကုသိုလ်ကံကြောင့် ဗြဟ္မာ့ပြည်၌ ဖြစ်ခဲ့ရပြီး ထိုမှ စုတေ၍ ယခု ဝက်မဖြစ်ရပြန်၏။ ဘဝတဏှာ၏ ဆိုးဝါးသော အပြစ်ကို ကြည့်စမ်းလော့" ဟု မိန့်တော်မူပြီး ခြောက်ဂါထာဖြင့် ဤသို့ ဘဝတဏှာ ဆိုးဝါးပုံကို လမ်းပေါ် ရပ်လျက်ပင် ဟောတော်မူ၏။

၃၃၈။ "ရေသောက်မြစ်သည် အဖျက်အဆီး ဘေးမရှိသဖြင့် ခိုင်မြဲနေသည် ရှိသော်၊ သစ်ပင်သည် ပင်စည်ခုတ်ဖြတ်ပစ်သော်လည်း တဖန်ပင် ပေါက်ရောက် ကြီးပွားပြန်သကဲ့သို့ ထို့အတူ ကိန်းဝပ်နေသည့် တဏှာကို အရဟတ္တမဂ်ဖြင့် မဖြတ် မနုတ်ပယ်အပ်သေးသော် ဤသံသရာ ဝဋ်ဆင်းရဲသည် အဖန်တလဲလဲ ဖြစ်၏။

၃၃၉။ "အကြင်သူအား နှစ်သက်ဘွယ်အာရုံများသို့ စီးဆင်းသည့် သုံးဆဲ့ခြောက်ပါးသော အယဉ်(အာယတန)တို့နှင့် ပြည့်စုံသောတဏှာသည် ပြင်းထန်အားကြီး၏။ ထိုအမြင်မှားသော သူကို ရာဂကိုမှီ၍ ဖြစ်သော မှောက်မှားသည့် အကြံအစည်တို့က ဆောင်ယူသွားကုန်၏။

၃၄၀။ "တဏှာ ရေအယဉ်တို့သည် အာရုံအားလုံးထဲသို့ စီးဝင်ကုန်၏။ ရစ်ပတ်တတ်သော တဏှာနွယ်သည် ခြောက်ဒွါရ၌ ဖြစ်၍ အာရုံခြောက်ပါး၌ တည်နေ၏။ ထို 'တဏှာ'ပေါ်ပေါက်လာသည်ကို မြင်လျှင် ယင်း၏ အမြစ်ကို အရဟတ္တမဂ်ဖြင့် ဖြတ်ကြလော့။

၃၄၁။ "တဏှာ့သားဖြစ်သူ သတ္တဝါတို့အား မပြတ် စီးဝင်နေကြသည့်'တဏှာစေး'ဖြင့် လိမ်းကျံထားအပ်ကုန်သော ဝမ်းမြောက် ရွှင်လန်းခြင်းတို့ ဖြစ်ကုန်၏။ ထိုသတ္တဝါတို့သည် သာယာမှုကို မှီကြပြီး လောကီချမ်းသာကို ရှာမှီးကြသည် ဖြစ်၍ ပဋိသန္ဓေ နေခြင်း၊ အိုခြင်း (သေခြင်း)သို့ မုချ ကပ်ရောက်ရကုန်၏။

၃၄၂။ "တဏှာဖြင့် ရှေ့က ခေါ်ဆောင်သွားအပ်သော သတ္တဝါတို့သည် 'ကျော့ကွင်း၌ မိသော ယုန်သူငယ်ကဲ့သို့' ကြောက်လန့် နေရကုန်၏။

သံယောဇဉ်အစေးဖြင့် ကပ်ငြိကုန်သော သတ္တဝါတို့သည် ကာလကြာမြင့်စွာ အဖန်တလဲလဲ ဝဋ်ဆင်းရဲသို့ ရောက်ရကုန်၏။

၃၄၃။ ''တဏှာဖြင့် ရှေ့က ခေါ်ဆောင်သွားအပ်သော သတ္တဝါတို့သည် 'ကျော့ကွင်း၌ မိသော ယုန်သူငယ်ကဲ့သို့' ကြောက်လန့်နေရကုန်၏။ ထို့ကြောင့် မိမိ၏ ရာဂကင်းခြင်းကို တောင့်တသောသူသည် တဏှာကို ပယ်ဖျောက်ရာ၏။''

## ၂၄၄။ ရဟန်းလူထွက်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်မဟာကဿပ၏ တပည့်ရဟန်းတပါးသည် စျာန် လေးပါးကို ရပါလျက် မိမိ၏ ဦးရီးဖြစ်သူ ရွှေပန်းထိမ်သည်အိမ်၌ မိန်းမ၏ အင်္ဂါဇာတ်ကို မြင်ရသဖြင့် တပ်မက်စိတ်ဖြစ်၍ လူထွက်သွား၏။ သူသည် မိတ်ဆွေယုတ်တို့နှင့် ပေါင်းပြီး ခိုးသူ အလုပ်ဖြင့် အသက်မွေး၏။ တနေ့သ၌ သူ့ကို ဖမ်းမိ၍ ချည်နှောင်ကာ လမ်းတလျှောက် ရိုက်နှက်လျက် သတ်ရန် သုသာန်သို့ခေါ်ဆောင်သွားကြ၏။ ဆွမ်းခံကြွနေသော ရှင်မဟာ ကဿပသည် သူ့ကိုမြင်လျှင် ''ရှေးက သင်လေ့ကျက်ခဲ့ဘူးသော ကမ္မဋ္ဌာန်းကို တဖန် နှလုံးသွင်းလော့''ဟု မိန့်ကြား၏။ ထိုအခါ သူသည် သတိရလာ၍ တဖန် စျာန်လေးပါးကို ဖြစ်စေ၏။ သုသာန်၌ လူတို့က လက်နက်များဖြင့် သတ်မည်ပြုသော် သူလုံးဝ တုန်လှုပ် ကြောက်လန့်ခြင်း မရှိသည်ကို တွေ့မြင်ရသဖြင့် မင်းကြီးအား လျှောက်ကြားကြ၏။ မင်းကြီးသည် ''ခိုးသူကို လွှတ်လိုက်''ဟု ဆိုပြီး ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားသည် ထိုခိုးသူထံ ရောင်ခြည်တော်လွှတ်လျက် ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၃၄၄။ ''အကြင်သူသည်'လူ့အဖြစ်၌ နေခြင်း'ဟူသော တောကိုစွန့်၍'အကျင့်'တည်းဟူသော တောသို့ သက်ဝင်ခဲ့၏။ တဏှာတောမှ လွတ်ပြီးသူဖြစ်လျက် ထိုတဏှာတောသို့ပင် ပြေးဝင်ပြန်၏။ ထိုပုဂ္ဂိုလ်ကို လာကြည့်ကြလော့။ အိမ်ယာထောင်မှု အနှောင်အဖွဲ့မှ လွတ်ပြီးလျှင် အိမ်ယာထောင်မှု အနှောင်အဖွဲ့ကိုသာ ပြေးဝင်၏။''

ဤတရားကို ကြားနာပြီးသော် ထိုခိုးသူသည် သောတာပန်ဖြစ်၍တောင်းကင်ဖြင့် ဘုရားရှင်ထံသွားပြီး ရဟန်းပြုသည့် ခဏ၌ပင် ရဟန္တာ ဖြစ်လေ၏။

## ၂၄၅။ ဗန္ဓနာဂါရ(နှောင်အိမ်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ဇနပုဒ်တွင်နေသော ရဟန်း သုံးဆယ်တို့သည် သာဝတ္ထိမြို့ထဲ၌ ဆွမ်းခံသော် မင်းကြီး အမိန့်ဖြင့် ဖမ်းမိသည့် ခိုးသူတို့အား ခြေတို့၌ သံခြေကျဉ်းခတ်, ခြေလက်တို့၌ ကြိုးတို့ဖြင့် ချည်နှောင်ပြီး နှောင်အိမ်ထဲ သွင်းကြသည်ကို မြင်ကြ၏။ သူတို့သည် ညနေအခါ၌ ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို လျှောက်ကြားပြီး "ဤနှောင်ဖွဲ့ခြင်းတို့ထက် မြဲမြံ ခိုင်မြဲလှသော တခြားနှောင်ဖွဲ့ခြင်းမျိုး ရှိပါဦးမည်လော"ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက "ဤနှောင်ဖွဲ့ခြင်းတို့ကား မပြောပလောက်ပေ။ ဥစ္စာစပါး, သားမယား စသည်တို့၌ တပ်မက်ခြင်း, 'တဏှာ' ဟုဆို အပ်သော ဤကိလေသာ အနှောင်အဖွဲ့သည် ထိုထိပ်နှောင်ခြင်း စသည်တို့ထက် အဆအရာ အထောင်, အသိန်းမက အလွန်ခိုင်မြဲလှပေ၏။ သို့ပင် ဖြတ်နိုင်ခဲသော်လည်း ထိုသား, မယား, ကိလေသာ အနှောင်အဖွဲ့ကို ရှေးပညာရှိတို့ ဖြတ်၍ တောထွက် ရဟန်းပြုခဲ့ပေ၏"ဟု 'ဗန္ဓနာဂါရဇာတ်'ကို ဟောတော်မူပြီး ထိုဇာတ်လာနှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၄၅။ "သံဖြင့် ပြုလုပ်သော သံခြေကျဉ်းအဖွဲ့၊ သစ်သားဖြင့် ပြုလုပ်သော ထိပ်တုံးအဖွဲ့၊ မြက်လျှော်ဖြင့် ပြုလုပ်သော နှောင်ကြိုးအဖွဲ့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကုန်။ ပတ္တမြား နားဒောင်း စသည် ရတနာတို့၌ လွန်စွာ နှစ်သက်ခြင်း၊ သားသမီး မယားတို့၌ ငဲ့ကွက်ခြင်း တဏှာ-

၃၄၆။ "ဤအနှောင်အဖွဲ့မျိုးကိုသာ ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကုန်၏။ ရှေ့ရှုဟန် ရှိသော်လည်း လွတ်နိုင်ခဲသော၊ ယုတ်နိမ့်သည့် အပါယ်သို့ ဆွဲငင်ယူတတ်သည့် ဤတဏှာ ကိလေသာ တည်းဟူသော အနှောင်အဖွဲ့ကို ပညာရှိတို့ ရှုန်းဖြတ်၍ မငဲ့ကွက်ဘဲ ကာမဂုဏ်ချမ်းသာကို စွန့်ပြီး တောထွက်ကုန်၏။"

## ၂၄၆။ ခေမာ ထေရီမ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ဗိမ္ဗိသာရ မင်းကြီးသည် ရုပ်အဆင်း မာန်ယစ်သည့် ခေမာ မိဖုရားကြီး အား ဘုရားရှင်ထံ သွားရောက်စေလိုသဖြင့် ဝေဠုဝန် ဥယျာဉ်ကြီး၏ တင့်တယ်ခမ်းနားပုံကို သီချင်းများ ရေးစေ၍ သီဆိုစေ၏။ မိဖုရားကြီးသည် ထိုသီချင်းကို ကြားရလျှင် ထိုဥယျာဉ်သို့ သွား၏။ မြတ်စွာဘုရားသည် ခေမာ မိဖုရား လာသည်ကို သိတော်မူ၍ ပရိသတ်တို့အား တရားဟောလျက်ပင် "ထန်းရွက်ယပ်ကိုကိုင်၍ ကိုယ်တော်နား၌ ထိုင်လျက် ယပ်ခပ်ပေးနေသော အလွန်အဆင်းလှသည့် တဆဲ့ခြောက် နှစ်အရွယ် မိန်းမပျိုတဦး"ကို ဖန်ဆင်းထားတော်မူ၏။ ခေမာ မိဖုရားသည် ဝင်လာချင်းပင်ထိုမိန်းမကို မြင်ရသော် "ငါ့အဆင်းသည် ဤမိန်းမပျို အဆင်း၏ ဆဲ့ခြောက်ပုံ တပုံမျှ မရှိ"ဟု တရားတော်ကို နှလုံးမသွင်းနိုင်ဘဲ ထိုမိန်းမပျိုကိုသာ မြတ်နိုးစွာ ကြည့်ရှုနေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရူပနန္ဒာ ထေရီမ ဝတ္ထု (၁၂၂) လာ အတိုင်း တဆင့်ပြီးတဆင့် အရွယ်ပြောင်းစေလျက် နောက်ဆုံး အရိုးမျှသာ ကြွင်းကျန်သည်ကို ပြတော်မူ၏။

ခေမာသည် ထိုပြောင်းလဲဖောက်ပြန်ခြင်းကို မြင်ရလျှင် "ဤမျှလှပသည့် အဆင်းသော်မှ ခဏချင်းဖြင့် ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်ဘိသေး၏။ ဤအဆင်း၌ အနှစ်သာရ မရှိစွတကား"ဟု ကြံစည်လေ၏။ ထိုအကြံအစည်ကို သိတော်မူ၍ မြတ်စွာဘုရားက "ခေမာ မိဖုရား၊ သင်သည် ဤအဆင်း၌ အနှစ်သာရရှိ၏ဟု ထင်မှတ်ဘိ၏။ ယခု ထိုမိန်းမ၏ အဆင်း၌ အနှစ်သာရ မရှိသည်ကို ကြည့်ရှုလော့"ဟု ဟောကြားတော်မူလျှင် ခေမာမိဖုရားသည် သောတာပန် ဖြစ်လေ၏။ ထိုနောက် "ခေမာမိဖုရား၊ ဤသတ္တဝါတို့သည် ရာဂဖြင့် တပ်မက်ခြင်း ရှိကုန်၏။ ဒေါသဖြင့် ပြစ်မှားခြင်း ရှိကုန်၏။ မောဟဖြင့် တွေဝေခြင်း ရှိကုန်၏။ မိမိ၏ 'တဏှာ' တည်းဟူသော ရေအယဉ်ကို လွတ်မြောက်ရန် မတတ်နိုင်ရှာကုန်။ ထိုတဏှာ ရေအယဉ်၌သာ ကပ်ငြိနေကုန်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၄၇။ "ပင့်ကူသည် မိမိပြုသည့် ပင့်ကူပိုက်ကွန်ထဲသို့ အစဉ်ကျ၍ နေဘိသကဲ့သို့ ရာဂဖြင့် ပြင်းစွာ တပ်မက်ကုန်သော သတ္တဝါတို့သည် မိမိတို့ပြုသည့် တဏှာအယဉ်သို့ ကျရောက်ကုန်၏။ ပညာရှိတို့သည် ဤတဏှာကိုပင် ဖြတ်၍ မငဲ့မကွက် မတွယ်တာကြဘဲ ဝဋ္ဋဆင်းရဲ အလုံးစုံကို စွန့်ပယ်၍ သွားကုန်၏။"

ဤတရားကို ကြားနာပြီးသော် ခေမာ မိဖုရားသည် ရဟန္တာ ဖြစ်၍ ရဟန်းမ ပြုလေ၏။

## ၂၄၇။ ဥဂ္ဂသေန သူဌေးသား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

နယ်လှည့် ကချေသည်မ ငါးရာတို့သည် ရာဇဂြိုဟ်ပြည်သို့ ရောက်လာပြီး ဗိမ္ဗိသာရမင်းကြီး၏ ရှေ့တော်၌ ခုနစ်ရက်တိုင် ပွဲလမ်းသဘင် ကျင်းပ က,ပြကြ၏။ ထိုအခါ ဂျွမ်းသမားး၏သမီး ကချေသည်မ တဦးသည် ထောင်ထားသည့် ဝါးလုံးပေါ်သို့တက်၍ အပေါ်၌လည်လျက် ကလည်း က,၏။ သီလည်း သီဆို၏။ ထိုအခါ ဥဂ္ဂသေန သူဌေးသားသည် ထိုကချေသည်မကို တန်းတန်းစွဲ တပ်မက်၍ "ဤကချေသည်မကို မရလျှင် သေအံ့"ဟု ပူဆာသဖြင့် မိဘတို့က ပေးစားလိုက်ရ၏။ သူသည် ရွာ နိဂုံး စသည်တို့၌ လှည့်လည် က,ပြရသည့် ထိုကချေသည်မ နောက်သို့ လိုက်သွားရ၏။ သား တယောက် ရသော် ထိုကချေသည်မက "လှည်းစောင့်သမား၏သား၊ ဥစ္စာ ဝန်ထုပ်ထမ်းသမား၏သား၊ ဘာမျှမတတ် မသိသူ၏သား"ဟုဆိုကာ ကလေးကို ချော့၏။ ဥဂ္ဂသေနသည် ဤသို့ မိမိအလုပ်ကို ဖော်ပြ၍ စောင်းချိတ် ပြောသည်ကို ကြားလျှင် ယောက္ခမထံ၌ တနှစ်တိုင် အတတ်ကို သင်ယူပြီး မယားကို စွန့်၍ ရွာနိဂုံး စသည်တို့၌ လှည့်လည်ကာ အတတ်ကိုပြ၏။

နောက် ရာဇဂြိုဟ်ပြည်သို့ ရောက်လာ၍ "ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ ဥဂ္ဂသေန သူဌေးသားသည် အတတ်ပညာကို က,ပြလတံ့"ဟု ကြေးကြော်စေ၏။ ခုနစ်ရက်မြောက်နေ့၌ ဥဂ္ဂသေနသည် အတောင် ခြောက်ဆယ်ရှိသော ဝါးတိုင်ထိပ်သို့တက်၍ ရပ်၏။ ထိုနေ့ နံနက်စောစော ဘုရားရှင်သည် လောကကို ကြည့်ရှု၍ ဥဂ္ဂသေန ရဟန္တာ ဖြစ်လတံ့ သည်ကို မြင်တော်မူသဖြင့် ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ ဥဂ္ဂသေန

သည် လူတို့အား လက်ချောင်းအမှတ်ကိုပေး၍ အုတ်အုတ်ကျက်ကျက် ကြွေးကြော်စေပြီး ကောင်းကင်၌ ခုနစ်ကြိမ် လှည့်ကာ ထိုဝါးလုံးထိပ်ဖျား၌ ပြန်ကျ၏။ ထိုခဏ၌ ဘုရားရှင်သည် ပရိသတ်တို့အား သူ့ကိုမကြည့်ဘဲ ကိုယ်တော်ကိုသာ ကြည့်ရှုစေအောင် ပြုတော်မူ၏။ ဥဂ္ဂသေနသည် ထိုအခြင်းအရာကို မြင်လျှင် ဝါးလုံးထိပ်၌ ကြံ့မှိုင်ကာ ရပ်နေ၏။ ထိုအခါ မြတ်စွာဘုရားက "ဥဂ္ဂသေန၊ ပညာရှိမည်သည် ခန္ဓာကိုယ်၌ တွယ်တာခြင်း တဏှာကို ပယ်စွန့်ပြီး တဖန် ပဋိသန္ဓေနေခြင်း စသည်တို့မှ လွတ်မြောက်အောင် ပြုသင့်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၄၈။ "ရှေးအတိတ်ခန္ဓာ၌ တွယ်တာခြင်း တဏှာကို စွန့်လော့၊ နောက်
အနာဂတ်ခန္ဓာ၌ တွယ်တာခြင်း တဏှာကို စွန့်လော့။ အလယ်ဖြစ်သော
ပစ္စုပ္ပန်ခန္ဓာ၌ တွယ်တာခြင်းတဏှာကို စွန့်လော့။ ဘဝသုံးပါး၏ဘဖက်
ကမ်းရောက်သူ ဖြစ်ပြီး ထိုခန္ဓာအားလုံး၌ တဏှာလွတ်ကင်းသည့်စိတ်
ရှိသည်ဖြစ်၍ တဖန် ပဋိသန္ဓေနေခြင်း, အိုခြင်းသို့ မရောက်ရလတံ့"။

ဤတရားကို ကြားနာပြီးသော် ဥဂ္ဂသေနသည် ဝါးလုံးထိပ်ဖျား၌ ရပ်လျက်ပင် ရဟန္တာဖြစ်၍ ဆင်းလာပြီး ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။

## ၂၄၈။ စူဠဓနုဂ္ဂဟ လေးသမား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငယ်တပါးသည် တနေ့သ၌ မြို့တွင်းရှိ ဆွမ်းစားစရပ်၌ ရေကို မရသဖြင့် ရေအတွက် အိမ်တအိမ်သို့ သွား၏။ ထိုအိမ်၌ သတို့သမီးတဦးသည် ထိုရဟန်းငယ်ကို မြင်မြင်ချင်း ချစ်ကြိုက်သဖြင့် "သောက်ရေလိုလျှင် ဤအိမ်သို့သာ ကြွပါဘုရား"ဟု လျှောက်၍ ရေဆက်ကပ်၏။ ထိုရဟန်းငယ်လည်း ထိုအခါမှစ၍ ရေမရသော အခါတိုင်း ထိုအိမ်သို့သာ သွား၏။ ကာလကြာသော် တနေ့သ၌ ထိုသတို့သမီးသည် ထိုရဟန်းငယ်ကို အိမ်ထဲ၌ ထိုင်နေစေ၍ ဆွမ်းကပ်ပြီး အနီး၌ပင် ထိုင်လျက် "ဤအိမ်၌ ဘာမျှ လိုလေသေး မရှိပါ။ တပည့်တော်မမှာ စိမံတတ်သည့် ယောကျ်ားတဦးသာ လိုနေပါ၏"ဟု လျှောက်၏။ ထိုရဟန်းငယ်သည် ထိုစကားဖြင့် ကပ်ငြိ၍ သာသနာ၌ ငြီးငွေ့လာပြီး ပိန်ချုံးလေ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ကြားရလျှင်

ထိုရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီး ထိုအကြောင်းကို လျှောက်ထား ကြ၏။

မြတ်စွာဘုရားက "ချစ်သား၊ ထိုမိန်းမ ဤသို့ ပြောဆို ပြုလုပ်ခြင်းကား အံ့ဩစရာ မဟုတ်သေး။ ထိုမိန်းမသည် ရှေးက ဇမ္ဗူဒိပ်၌ အမြတ်ဆုံး လေး သမား ပညာရှိကို ရပါလျက် ခဏမျှ တွေ့မြင်ရသော ယောကျ်ားတဦးကို ချစ်ကြိုက်သဖြင့် ထိုမိမိ၏ ပညာရှိလင်ကို သတ်စေခဲ့ဘူးလေပြီ"ဟု 'စူဠဓနုဂ္ဂဟ ပဏ္ဍိတဇာတ်'ကို ဟောတော်မူ၏။ ထို့နောက် "ချစ်သား၊ ထိုမိန်းမကို ကို အကြောင်းပြု၍ ဖြစ်သော ဘဝတဏှာကို ဖြတ်၍ နေချေလော့"ဟု ဆုံးမ မိန့်ကြားပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၃၄၉။ "ကာမဝိတက်များ နှိပ်စက်ခြင်း ခံရပြီး၊ ပြင်းထန်သည့် ရာဂရှိ၍ အာရုံများကို 'တင့်တယ်လှ၏'ဟု ရှုလေ့ရှိသော သတ္တဝါအား 'တဏှာ' သည် လွန်စွာ တိုးပွား၏။ ဤသို့သော သူသည် တဏှာ, ကိလေသာ အနှောင်အဖွဲ့ကို ခိုင်မြဲအောင် ပြု၏။

၃၅၀။ "မိစ္ဆာဝိတက် စသည်တို့ကို ငြိမ်းစေခြင်း၌ မွေ့လျော်သော၊ သတိ တရားရှိ၍ 'မတင့်တယ်'ဟု အသုဘအာရုံကို အမြဲ ပွားများလေ့ရှိသော ပုဂ္ဂိုလ်သည် ဘဝတဏှာ လွတ်ကင်းခြင်းကို ပြုနိုင်လတံ့။ ကိလေသာ မာရ်၏ အနှောင်အဖွဲ့ကို ဖြတ်နိုင်လတံ့။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငယ်သည် သောတာပန် ဖြစ် လေ၏။

## ၂၄၉။ မာရ်နတ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တညသ၌ မထေရ်များစွာတို့ အချိန်မဲ့ရောက်လာ၍ ကျောင်းထဲသို့ အိပ် ရန် ဝင်လာကြသော် ရှစ်နှစ်အရွယ် ရဟန္တာဖြစ်သူ သားတော် 'ရာဟုလာ' သည် ဘုရားရှင်၏ ဂန္ဓကုဋိတိုက်အဝမုခ်၌ကျိန်းစက်၏။ ထိုအခါ မာရ်နတ်သည် ဘုရားရှင်ကို တနည်းအားဖြင့် နှိပ်စက်လိုသဖြင့် ဆင်ပြောင်ကြီးကို ဖန်ဆင်း၍ လာပြီး နှာမောင်းဖြင့် ရှင်ရာဟုလာ၏ ဦးခေါင်းကို ရစ်ပတ်ကာ ပြင်းစွာ အော်မြည်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေလျက်ပင် မာရ်နတ်

အကြောင်းကို သိ၍ "ဟယ် မာဂ်ရုန်တုတ်၊ သင်ကဲ့သို့သောသူ တထောင်သည်ပင် ငါဘုရား၏ သားတော်ကို ကြောက်လန့်အောင် မလုပ်နိုင်။ သားတော်သည် ထိတ်လန့်ခြင်းမရှိ။ တဏှာကင်းပြီး ဖြစ်၏။ ကြီးသော လုံ့လ၊ မြတ်သော ပညာ ရှိ၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၅၁။ "အရဟတ္တဖိုလ် ဟူသောရဟန်းကိစ္စ ပြီးဆုံး၍ ထိတ်လန့်ခြင်းမရှိသော၊ တဏှာကင်းပြီး ကိလေသာ မရှိသော၊ ဘဝသုံးပါးသို့ လားစေကြောင်း ရာဂ စသည့် ဆူးငြောင့်တို့ကို နုတ်ပယ်ပြီးသော ပုဂ္ဂိုလ်အား ဤဘဝ ခန္ဓာကိုယ်သည် နောက်ဆုံး ဖြစ်၏။

၃၅၂။ "အကြင်သူသည် တဏှာကင်း၏။ ခန္ဓာ စသည်တို့၌ စွဲလမ်းခြင်း မရှိ၊ ပဋိသမ္ဘိဒါလေးပါး၌ ကျွမ်းကျင်၏။ အက္ခရာတို့၏ အစုအပေါင်းကိုရင်း၊ ရှေ့နောက်အက္ခရာတို့ကိုရင်းသိ၏။ထိုနောက်ဆုံးဘဝခန္ဓာကိုယ် ရှိသော သူကို 'မြတ်သော ပညာရှိ၊ မြတ်သော ယောကျာ်း' ဟူ၍ ခေါ်ဆိုအပ်၏။"

ဤတရားစကားကို ကြားလျှင် မာဂ်ရုန်တုတ်သည် "ရဟန်း ဂေါတမ သိလေပြီ"ဟု ထိုနေရာ၌ပင် ကွယ်ပျောက်လေ၏။

## ၂၅၀။ ဥပက တက္ကတွန်း

ဓမ္မစကြာတရား ဟောရန် ကြွသွားတော်မူသော မြတ်စွာဘုရားကို 'ဥပက' မည်သော တက္ကတွန်းမြင်လျှင် "ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့ကား ကြည်လင်လှ၏။ အရေအဆင်း သန့်ရှင်းဖြူစင်လှ၏။ ပြိုးပြိုးပြက်ပြက် အရောင်ရှိ၏။ သင့်ဆရာကား အဘယ်သူနည်း"ဟု မေး၏။ မြတ်စွာဘုရားက "ငါ့မှာ ဆရာမရှိ" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ဟောတော်မူ၏။

၃၅၃။ "ငါသည် တေဘူမက တရားအားလုံးကို နှိမ်နင်းပြီး ဖြစ်၏။ တရားအလုံးစုံကို သိ၏။ တေဘူမကတရားတို့၌ ကပ်ငြိတွယ်တာခြင်း မရှိ။ တေဘူမက တရားအားလုံးကို စွန့်ပယ်ပြီး ဖြစ်၏။ တဏှာကုန်ရာ အရဟတ္တဖိုလ်၌ တဏှာကင်းသည့်စိတ်ရှိ၏။ ကိုယ်တိုင် သစ္စာလေးပါး တရားကိုသိပြီးဖြစ်၍ အဘယ်သူ့ကို 'ငါ၏ဆရာ'ဟု ညွှန်ပြရအံ့နည်း။"

ဤတရားစကားကို ကြားလျှင် ဥပကသည် 'ဟုတ်ပေရာ၏'ဟု ခေါင်းညိတ်ကာ ဖဲသွားလေ၏။

## ၂၅၁။ သိကြားမင်း၏ အမေးလေးထွေ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ တာဝတိံသာနတ်တို့၏ သဘင်တွင် "အလှူတို့တွင် အဘယ်အလှူသည် အမြတ်ဆုံးနည်း။ အရသာတို့တွင် အဘယ်အရသာသည် အမြတ်ဆုံးနည်း။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် အမြတ်ဆုံးနည်း။ တဏှာကုန်ခြင်းကိုသာ အဘယ့်ကြောင့် အမြတ်ဆုံးဟု ဆိုအပ်သနည်း" ဟူသော ပြဿနာလေးခု ဖြစ်ပေါ်၏။ တာဝတိံသာ၌ နတ်တဦးမျှ မဖြေနိုင်။ စကြဝဠာ တိုက်တသောင်းအတွင်း မည်သည့်နတ်မျှ မဖြေနိုင်။ ထိုအခါ သိကြားမင်းသည် ထိုနတ်တို့ကို ဘုရားရှင်ထံ ခေါ်သွားပြီး ထိုပြဿနာလေးခုကို မေးလျှောက်၏။ မြတ်စွာဘုရားက "သိကြားမင်း၊ အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။ အရသာအားလုံးတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏။ မွေ့လျော်ခြင်း အားလုံးတို့တွင် တရား၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏။ တဏှာကုန်ခြင်းသည် အရဟတ္တဖိုလ်သို့ ရောက်စေသောကြောင့် အမြတ်ဆုံးဖြစ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၅၄။ "တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။ တရားအရသာသည်
အရသာအားလုံးကို အောင်နိုင်၏။ တရား၌ မွေ့လျော်ခြင်းသည်
မွေ့လျော်ခြင်း အားလုံးကို အောင်နိုင်၏။ တဏှာကုန်ရာ အရဟတ္တဖိုလ်
သည် ဆင်းရဲ အလုံးစုံကို အောင်နိုင်၏။"

ဤတရားကို ကြားနာပြီးသော် သိကြားမင်းက "အမြတ်ဆုံး အလှူဖြစ်သည့် တရားအလှူကို ပေးလှူရာ၌ တပည့်တော်တို့အား ကုသိုလ်အဖို့ကို အဘယ့်ကြောင့် မပေးဝေဘဲ နေခဲ့ကြပါသနည်း။ ဤနေ့မှစ၍ ရဟန်းသံဃာအပေါင်းတို့ တရားဟောကြားပြီးသော် ကုသိုလ်အဖို့ကို တပည့်တော်တို့အား ပေးဝေစေတော်မူပါဘုရား" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို စုဝေးစေ၍ "တရားဟောပြီးလျှင် သတ္တဝါ အားလုံးအား ကုသိုလ်အဖို့ကို ပေးဝေကြလော့" ဟု မိန့်တော်မူ၏။

## ၂၅၂။ အပုတ္တက သူဌေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သားသမီးမရှိ၍ 'အပုတ္တက'ဟု အမည်ရသော သူဌေးကြီးသည် ဥစ္စာစည်းစိမ် အလွန်ကြွယ်ဝချမ်းသာသော်လည်း ကောင်းမွန်သည့် ခဲဘွယ်ဘောဇဉ်, အဝတ်အထည်စသည့် သူ့အသုံးအဆောင်တို့ကို သုံးဆောင်လိုစိတ်အလျဉ်းမရှိဘဲ ညံ့ဖျင်းသည့် အစားအစာ, အဝတ်အထည် စသည်တို့ကိုသာ သုံးဆောင်လေ၏။ ရဟန်းစသည်တို့အားလည်း အနည်းငယ်မျှ မပေးလှူ။ သူသည် တနေ့သ၌ သေသော် သားသမီးစသည် အမွေခံပုဂ္ဂိုလ် မရှိ၍ သူ့ဥစ္စာအားလုံးကို ကောသလမင်းကြီးက သိမ်းယူရလေ၏။ မင်းကြီးသည် ထိုဥစ္စာတို့ကို သိမ်းယူပြီးနောက် ဘုရားရှင်ထံ သွား၍ ထိုအကြောင်းနှင့် တကွ ထိုသူဌေး၏ ရှေးကံကို မေးလျှောက်၏။

မြတ်စွာဘုရားက "ထိုသူဌေးကြီးသည် ရှေးဘဝက မိမိအိမ်သို့ ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတပါးကို မြင်လျှင် 'ဆွမ်းလှူလိုက်ကြ'ဟု ဆိုပြီး ထွက်သွား၏။ နောက် သူပြန်ရောက်လာ၍ ပစ္စေကဗုဒ္ဓါအား သူဌေးကတော်က ကောင်းမွန်သည့် ဆွမ်းလှူလိုက်သည်ကို တွေ့မြင်ရလျှင် 'ဤရဟန်းကား ငါ့ထမင်းကို စားပြီး အိပ်လတံ့။ ငါ့ကျေးကျွန်တို့ကို ကျွေးရလျှင်ကား ခိုင်းရသေး၏'ဟု နှလုံးမသာမယာ ဖြစ်၏။ ထို့ပြင် သူသည် သူ့အစ်ကိုသေသော် သူ့သားကိုသတ်ပြီး သူ့ဥစ္စာအားလုံး သိမ်းပိုက်ခဲ့၏။ ဤသို့လျှင် ထိုသူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခိုင်းသဖြင့် စည်းစိမ်ဥစ္စာ ကြွယ်ဝခြင်းဖြစ်၏။ ထိုသို့ ပြောဆိုကာ နှလုံးမသာမယာ ဖြစ်သဖြင့် ထိုစည်းစိမ်ဥစ္စာတို့ကို သုံးဆောင်ခံစားလိုစိတ် မရှိခြင်း ဖြစ်၏။ အစ်ကို၏သားကို သတ်ခဲ့သဖြင့် ငရဲကျပြီးနောက် ခုနစ်ဘဝတိုင် သားသမီး မရခြင်း ဖြစ်၏။ ထိုသူဌေးကြီးမှာ ကောင်းမှုကံလည်း ကုန်ပြီ။ ကောင်းမှုအသစ်ကိုလည်း မပြုလုပ်ပေ"ဟု မိန့်တော်မူ၏။

နောက် မင်းကြီးက "ဤသူဌေးကြီးသည် ဘုရားရှင်အား အနီး၌ နေတော်မူပါလျက် မပေးလှူသဖြင့် ဝန်လေးသည့် အမှုကို ပြုပေ၏"ဟု လျှောက်သော် မြတ်စွာဘုရားက "မှန်၏၊ မင်းကြီး။ ပညာမရှိသူတို့ကား ဥစ္စာတို့ကို ရသော်

လည်း နိဗ္ဗာန်ကို မရှာကုန်။ သူတို့အား ဥစ္စာကို မှီ၍ ဖြစ်သော တဏှာက ကာလရှည်စွာ နေ့ညပတ်လုံး သတ်ဖြတ်ဖျက်ဆီးပေ၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၅၅။ “စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏။ နိဗ္ဗာန်ကိုရှာမှီး သူတို့ကိုမူ မဖျက်ဆီးကုန်။ ပညာမဲ့သူတို့သည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်း တဏှာဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီးတတ်၏။”

## ၂၅၃။ အင်္ကုရနတ်သား

မြတ်စွာဘုရား တာဝတိံသာ၌ အဘိဓမ္မာတရားကို ဟောတော်မူစဉ်။

တာဝတိံသာ နတ်ပြည်၌ ‘ဣန္ဒက’ နတ်သားသည် ရှေးဘဝက ဆွမ်းခံကြွသော ရှင်အနုရုဒ္ဓါအား ဆွမ်းအနည်းငယ် လှူဒါန်းသည့် ကောင်းမှုကံ အနည်းငယ်ကြောင့် တာဝတိံသာ၌ ကြီးကျယ်သော နတ်စည်းစိမ်ကို ရပေ၏။ ‘အင်္ကုရ’ နတ်သားသည်ကား သာသနာပအခါ၌ ရှေးက နှစ်ပေါင်းများစွာ လူအပေါင်းအား ဥစ္စာ မြောက်မြားစွာ စွန့်ကြဲပေးလှူခဲ့သော်လည်း ဣန္ဒကနတ်လောက် ကြီးကျယ်သည့် နတ်စည်းစိမ်ကို မရရှိပေ။ တာဝတိံသာ၌ အဘိဓမ္မာ တရား ဟောတော်မူသော မြတ်စွာဘုရားသည် အင်္ကုရနတ်သားအား “နတ်သား၊အလှူကို ရွေးချယ် စိစစ်ပြီး ပေးလှူသင့်၏။ ဤသို့ လှူသော အလှူသည် ‘မြေဩဇာကောင်းသည့် လယ်တို့၌ စိုက်ပျိုးသည့် မျိုးစေ့ကဲ့သို့’ အကျိုးကြီးမားဖြစ်ထွန်း၏။ သင်ကား ထိုသို့မပြုခဲ့ဘိ။ ထို့ကြောင့် သင့်အလှူသည် အကျိုးများစွာ မပေး”ဟု မိန့်တော်မူပြီး လေးဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၅၆။ “လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါအပေါင်းကို ‘ရာဂ’ သည် ဖျက်ဆီး၏။ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူသော အလှူသည် အကျိုးကြီး၏။

၃၅၇။ “လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါအပေါင်းကို ‘ဒေါသ’ သည် ဖျက်ဆီး၏။ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်တို့၌ ပေးသော အလှူသည် အကျိုးကြီး၏။

၃၅၇။ "လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါတို့ကို '**မောဟ**'သည် ဖျက်ဆီး၏။ ထို့ကြောင့် မောဟကင်းသောပုဂ္ဂိုလ်တို့၌ ပေးသောအလှူသည် အကျိုးကြီး၏။

၃၅၉။ "လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါတို့ကို '**အလိုရမက်**'သည် ဖျက်ဆီး၏။ ထို့ကြောင့် အလိုရမက်ကင်းသော ပုဂ္ဂိုလ်တို့၌ ပေးသောအလှူသည် အကျိုးကြီး၏။"

ဤတရားကို ကြားနာပြီးသော် ဣန္ဒကနှင့် အင်္ကုရနတ်သားတို့ သောတာပန် ဖြစ်ကြလေ၏။

# [၂၅] ဘိက္ခုဝဂ်

## ၂၅၄။ ရဟန်း ငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငါးရာတို့သည် တပါးတပါးလျှင် စက္ခု ဒွါရ စသော ငါးဒွါရတို့တွင် ဒွါရတခုစီကိုသာ စောင့်ရှောက်နိုင်ပြီး ငါသည် စောင့်ရှောက်နိုင်ခဲ့သည့် ဒွါရကို စောင့်၏"ဟု အသီးသီး ပြောဆို၍ ငြင်းခုံကြလျက် ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို လျှောက်ထားကြပြီး "အဘယ်သူသည် စောင့်ရှောက်နိုင်ခဲ့သောဒွါရကို စောင့်ရှောက်ပါသနည်း"ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ထိုစက္ခုဒွါရ စသည် အားလုံးပင် စောင့်ရှောက်နိုင်ခဲ့သည့် ဒွါရတို့သာ ဖြစ်ကြ၏။ သို့ရာတွင် စင်စစ်မူ ရဟန်းမည်သည် ဒွါရအားလုံးကို စောင့်ရှောက်အပ်ကုန်၏။ ထိုဒွါရအားလုံးကို စောင့်ရှောက်ကြသည့် သူတို့သာ ဝဋ်ဆင်းရဲ အလုံးစုံမှ လွတ်ကြ၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၆၀။ "အကုသိုလ်မဖြစ်စေရန် **စက္ခုဒွါရ**၌ စောင့်စည်း ပိတ်ဆို့ခြင်းသည် ကောင်း၏။ **သောတဒွါရ**၌စောင့်စည်းပိတ်ဆို့ခြင်းသည် ကောင်း၏။ **ဃာနဒွါရ**၌ စောင့်စည်းပိတ်ဆို့ခြင်းသည် ကောင်း၏။ **ဇိဝှါဒွါရ**၌ စောင့်စည်းပိတ်ဆို့ခြင်းသည် ကောင်း၏။

၃၆၁။ "**ကာယဒွါရ**၌ စောင့်စည်းပိတ်ဆို့ခြင်းသည်ကောင်း၏။ **ဝစီဒွါရ**၌ စောင့်စည်းပိတ်ဆို့ခြင်းသည် ကောင်း၏။ **မနောဒွါရ**၌ စောင့်စည်း ပိတ်ဆို့ခြင်းသည် ကောင်း၏။ ဒွါရအားလုံး၌ စောင့်စည်းပိတ်ဆို့ခြင်း သည်(အတိုင်းထက်အလွန်) ကောင်း၏။ ဒွါရအားလုံး၌ စောင့်စည်း ပိတ်ဆို့နိုင်သော ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်ကင်းနိုင်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းငါးပါးတို့ သောတာပန် ဖြစ်ကြလေ၏။

## ၂၅၅။ ဟင်္သာသတ်သော ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကျောက်စရစ်ပစ် အတတ်၌ ကျွမ်းကျင်သော ရဟန်းတပါးသည် အဖော်ရဟန်းတပါးနှင့်အတူ အစိရဝတီမြစ်ကမ်းနား၌ ရေချိုးပြီး နေပူစာတွင် ထိုင်နေစဉ် ဟင်္သာနှစ်ကောင် ပျံလာသည်ကို မြင်လျှင် ကျောက်စရစ်ကိုကောက်ကာ "ဟင်္သာတကောင်ကို ပစ်ချအံ့"ဟု ပြောပြောဆိုဆိုနှင့် ထက်သောကျောက်စရစ်ကို ဟင်္သာနောက်ပိုင်းသို့ ပစ်လိုက်၏။ ထိုဟင်္သာသည်ကျောက်စရစ်သံကို ကြား၍ လှည့်ကြည့်သော် တဖန် လုံးသော ကျောက်စရစ်ကို ပစ်လိုက်၏။ ထိုကျောက်စရစ်သည် မျက်စိတဖက်၌ ဖောက်၍ တခြားမျက်စိတဖက်ဖြင့် ထွက်သွား၏။ထိုဟင်္သာသည် မြည်တမ်းကာ ထိုရဟန်း၏ခြေရင်း၌ပင် ကျရှာလေ၏။ ထိုထိုအရပ်၌ တည်ရှိကြသည့် ရဟန်းတို့သည် မြင်၍ ထိုရဟန်းကို ဘုရားရှင်ထံ ခေါ်သွားပြီး ထိုအကြောင်းကို လျှောက်ကြားကြ၏။

မြတ်စွာဘုရားက "ရဟန်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သည့် ဤသာသနာ၌ ရဟန်းပြုသည် ဖြစ်ပါလျက် အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း။ ရှေးပညာရှိတို့သည် ဘုရားမပွင့်မီ လူ့ဘဝ၌ နေလျက်ပင် အကျင့်သီလတို့ကို စောင့်ထိန်းကြသေး၏"ဟုရှေးအတိတ်အကြောင်း 'ဂရုဓမ္မဇာတ်' ကို အကျယ် ဟောတော်မူ၏။ ထိုနောက် "ရဟန်းမည်သည် လက်ခြေတို့ဖြင့် စောင့်စည်းခြင်း ရှိရာ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၃၆၂။ "အကြင်သူသည် လက်ကိုစောင့်စည်း၏။ ခြေကို စောင့်စည်း။ နှုတ်ကို စောင့်စည်း၏။ တကိုယ်လုံးကို စောင့်စည်း၏။ ကမ္မဋ္ဌာန်း စီးဖြန်းမှု၌ မွေ့လျော်၏။ တည်ကြည်သောစိတ် ရှိ၏။ တယောက်တည်း နေလေ့ရှိ၏။ မိမိရသော တရားဖြင့် အလွန်နှစ်သက်သည့် စိတ် ရှိ၏။ ထိုကဲ့သို့သော သူကို 'ရဟန်း'ဟူ၍ ဆိုကုန်၏။"

## ၂၅၆။ ကောကာလိက ရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

'ကောကာလိက' ရဟန်းသည် အဂ္ဂသာဝကနှစ်ပါးကို ဆဲရေးသဖြင့် မြေမျိုခံရပြီး ပဒုမငရဲ၌ ဖြစ်လေသော် ရဟန်းတို့သည် တရားသဘင်သို့ ကြွလာတော်မူသည့် ဘုရားရှင်အား "ကောကာလိကသည် မိမိ၏ ပါးစပ် နှုတ်ကို အမှီပြု၍ ပျက်စီးရရှာ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန်းမည်သည် နှုတ်စောင့်စည်းခြင်း ရှိရာ၏။ ကောင်းသောအကျင့် ရှိရာ၏ မပျံ့မလွင့် ငြိမ်သက်သော စိတ်ရှိရာ၏"ဟု မိန့်တော်ပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၆၃။ "အကြင်ရဟန်းသည် နှုတ်ကို စောင့်စည်း၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ ရှိ၏။ မပျံ့မလွင့်၊ ငြိမ်သက်သော စိတ်ရှိ၏။ အနက် အဓိပ္ပာယ်ကိုရင်း၊ ပါဠိကိုရင်း ရှင်းပြတတ်၏။ ထိုရဟန်းပြောဆိုသော စကားသည် ချိုမြိန်သာယာ၏။"

## ၂၅၇။ ဓမ္မာရာမ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဘုရားရှင်က "ဤနေ့မှ လေးလရှိသော် ငါဘုရား ပရိနိဗ္ဗာန် စံတော်မူအံ့"ဟု မိန့်တော်မူလျှင် ပုထုဇဉ် ရဟန်းတို့သည် ဘုရားရှင်ထံမှ မခွာကြဘဲ၊ "ငါတို့ အဘယ်သို့ ပြုကြရပါကုန်အံ့နည်း"ဟု အစုဖွဲ့၍ ပြောဆိုသွားလာကြ၏။ 'ဓမ္မာရာမ' မည်သော မထေရ်သည်ကား "ငါသည် ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ် ရဟန္တာဖြစ်အောင် တရားအားအားထုတ်အံ့"ဟု တပါးတည်းနေလျက် တရားအားထုတ်၏။ ရဟန်းတို့သည် ထိုရဟန်းကို ဘုရားရှင်ထံ ခေါ်သွားပြီး "ဤရဟန်းသည် ဘုရားရှင်အား ချစ်မြတ်နိုးခြင်း မရှိ"ဟု ထိုရဟန်းပြုမူပုံကို လျှောက်ထားကြ၏။ မြတ်စွာဘုရားသည်

ထိုမထေရ် လျှောက်ထားသည့်စကားကို ကြားတော်မူလျှင် "ကောင်းလေစွ၊ ကောင်းလေစွ။ ငါဘုရား၌ ချစ်မြတ်နိုးသော ရဟန်းသည်ဓမ္မာရာမ မထေရ်ကဲ့သို့ ဖြစ်ရာ၏။ ငါဘုရားအား ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြသူတို့သည် ငါဘုရားအား ပူဇော်ကြသည် မမည်။ လောကုတ္တရာ တရား ကိုးပါးနှင့် လျော်သောအကျင့်ကို ကျင့်သောသူတို့သာ ငါဘုရားကို ပူဇော်ကြသည် မည်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၆၄။ "တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန် ကြံစည်နှလုံးသွင်းသော၊ တရားကို အဖန်ဖန် အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။"

ဤတရားကို ကြားနာပြီးသော် ဓမ္မာရာမ မထေရ် ရဟန္တာ ဖြစ်လေ၏။

## ၂၅၈။ ဂိုဏ်းတပါးနှင့် ဆက်ဆံရသော ရဟန်း

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းတပါးသည် ဒေဝဒတ်၏ ဂိုဏ်းဝင် ရဟန်းတပါးနှင့် အတူ သွားလာ ပေါင်းသင်း၍ဒေဝဒတ်နေရာအရပ်၌ နှစ်ရက် သုံးရက်နေလျက် ဒေဝဒတ်၏ လာဘ်လာဘကို သုံးပြီးမှ ကျောင်းသို့ ပြန်လာ၏။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားသဖြင့် မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်စေပြီး မေးမြန်းတော်မူ၏။ "တပည့်တော်သည် ဒေဝဒတ်၏ နေရာ၌ နှစ်ရက် သုံးရက် နေမိသော်လည်း သူ၏ အယူကို မယူပါဘုရား"ဟု လျှောက်သော် မြတ်စွာဘုရားက "သင်သည်သူ့ အယူကို မယူသော်လည်း ယူဘိသကဲ့သို့ သွားလာပြုကျင့်၏။ ရဟန်းမည်သည် မိမိ၏ လာဘ်လာဘဖြင့်သာ ရောင့်ရဲနိုင်သူ ဖြစ်ရာ၏။ သူတပါး၏ လာဘ်ကို တောင့်တသော ရဟန်းသည် ဈာန်, ဝိပဿနာ, မဂ်ဖိုလ် တခုတလေမျှ မရနိုင်။ မိမိ၏ လာဘ်ဖြင့် ရောင့်ရဲနိုင်သော ရဟန်းအားသာ ဈာန် စသည်တို့ ဖြစ်နိုင်ကုန်၏"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဆုံးမဟောကြားတော်မူ၏။

၃၆၅။ "မိမိရသော လာဘ်ကို မထီမဲ့မြင် မအောက်မေ့ရာ။ သူတပါးတို့၏ လာဘ်ကို တောင့်တလျက် မကျင့်ရာ။ သူတပါးတို့၏ လာဘ်ကို တောင့်တသော ရဟန်းသည် စိတ်တည်ကြည်မှု 'သမာဓိ'ကို မရနိုင်။

၃၆၆။ "ရဟန်းသည် လာဘ်နည်းသော်လည်း မိမိ၏ လာဘ်ကို မထီမဲ့မြင် မအောက်မေ့လျှင်၊ စင်ကြယ်သည့် အသက်မွေးမှုရှိ၍ မပျင်းမရိ လုံ့လ ရှိသော ထိုရဟန်းကို နတ်တို့က ချီးမွမ်းကုန်၏။"

## ၂၅၉။ ပဉ္စဂ္ဂ ဒါယကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူ၏။

ပုဏ္ဏားကြီးတဦးသည် စပါးရိတ်သိမ်းသည်မှစ၍ ပန်းကန်ထဲ ထမင်း ရောက်သည့် ကာလအထိအဦးအဖျား ငါးမျိုးကို ပေးလှူလေ့ရှိသဖြင့် 'ပဉ္စဂ္ဂ' ဒါယကာဟု တွင်၏။ သူသည် ပန်းကန်ထဲ ထမင်းရောက်သော် သူတပါး အား မပေးကမ်းဘဲ စားသည်မရှိ။ တနေ့သ၌ မြတ်စွာဘုရားသည် ထိုပုဏ္ဏား ကြီး လင်မယားတို့ အနာဂါမ် ဖြစ်လတံ့သည်ကို မြင်တော်မူသဖြင့် ထို ပုဏ္ဏားကြီးအိမ်သို့ ကြွ၍ တံခါး၌ ဆွမ်းရပ်တော်မူ၏။ ပုဏ္ဏားကြီးကား တံခါးအနီး၌ အိမ်ထဲ မျက်နှာမူ၍ ထမင်းစားနေသဖြင့် ဘုရားရှင်ကို မမြင်။ ပုဏ္ဏေးမကား ပုဏ္ဏားကြီးကို ထမင်းကျွေးနေစဉ် ဘုရားရှင်ကို မြင်ရသော် "ပုဏ္ဏားကြီးက ထမင်းဦးလှူလျှင် ငါထမင်း ပြန်ချက်ရမည်ဟု" ကြံ၍ ပုဏ္ဏားကြီး နောက်ကရပ်လျက် တဖြည်းဖြည်း ဘုရားရှင်နားအထိ နောက် ဆုတ်သွားပြီး "ကန်တော့ဆွမ်းပါဘုရား"ဟု တိုးတိုးလျှောက်၏။ မြတ်စွာ ဘုရားက "ငါမကြွလတံ့"ဟု ဦးခေါင်းကို လှုပ်တော်မူ၏။ ဘုရားရှင် ဤသို့ပြုလျှင် ပြကတေ့ မတည်နိုင်ရကား ပုဏ္ဏေးမသည် ပြင်းစွာရယ်လေ၏။

ပုဏ္ဏားကြီးသည် နောက်လှည့်ကြည့်၍ ဘုရားရှင်ကိုမြင်လျှင် "ရှင်မသည် ငါ့ကို ဖျက်ဆီးဘိ၏"ဟုဆို၍ တဝက်စားပြီးသော ထမင်းခွက်ကို ယူလာပြီး "မြတ်စွာဘုရား၊ တဝက်စားပြီးသော ဤထမင်းကို အလှူခံလတံ့လော"ဟု လျှောက်၏။ မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ ထမင်းဦး ဖြစ်ဖြစ်၊ တဝက်စား ပြီး ထမင်းဖြစ်ဖြစ်၊ နောက်ဆုံး ထမင်းဆုပ်ဖြစ်ဖြစ် ငါဘုရားအား လျှောက် ပတ်သည်သာတည်း"ဟု မိန့်တော်မူ၏။ ပုဏ္ဏားကြီးသည် ထိုစကားဖြင့် များ စွာ အံ့ဩနှစ်သက်လှသဖြင့် "ဘိက္ခုဟူသည် ဘယ်မျှ အတိုင်းအတာဖြင့် ဘိက္ခု ဖြစ်ပါသနည်း"ဟု မေး၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏားကြီး လင်

မယားတို့ ရှေးက ရုပ်နာမ် စကားကို ကြားနာခဲ့ဘူးသည်ကို ဆင်ခြင် သိမြင်တော်မူ၍ "ပုဏ္ဏားကြီး၊ နာမ်၌ရှင်း, ရုပ်၌ရှင်း မတပ်မက်, မကပ်ငြိသောသူသည် ဘိက္ခု မည်၏"ဟုမိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၆၇။ "နာမ်ရုပ်၌ငါ, ငါ၏ ဥစ္စာဟု မြတ်နိုးစွဲလမ်းခြင်း မရှိသော၊ ထိုနာမ် ရုပ် ပျက်စီးသော်လည်း စိုးရိမ်ခြင်း မရှိသော ပုဂ္ဂိုလ်ကို 'ဘိက္ခု' အစစ်ဟူ၍ ဆိုအပ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားကြီး လင်မယားနှစ်ဦး အနာဂါမ် ဖြစ်ကြလေ၏။

## ၂၆၀။ ရဟန်း ကိုးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အဝန္တိတိုင်း 'ကုလဃရ'မြို့၌ အလွန် ချမ်းသာကြွယ်ဝသည့် ဒါယိကာမကြီး တဦးသည် ဇေတဝန်ကျောင်းရှိ ဘုရားရှင်ထံမှ ပြန်လာသော 'သောဏ' အမည်ရှိ သားရဟန်းကို အကြောင်းပြု၍ အလှူကြီးပေးပြီး မဏ္ဍပ်ကြီး ဆောက်လျက် တရားပွဲ ပြုလုပ်၏။သူမသည် ညအခါ အိမ်၌ ကျွန်မတဦးတည်းကိုသာ အစောင့်ထားခဲ့၍ အခြွေအရံအားလုံးကို တရားဟော မဏ္ဍပ်သို့ ခေါ်သွားပြီး ပလ္လင်ပေါ်၌ တရားဟောနေသော သားရဟန်း၏ တရားကို စူးစိုက်စွာ နာကြားနေ၏။ ထိုအခါ ခိုးသူ ကိုးရာတို့သည် ထိုဒါယိကာမကြီး အိမ်ထဲသို့ ဝင်ရောက်ကြသော် ခိုးသူကြီးအား "သင်သည် ထိုအိမ်ရှင် မိန်းမကြီးထံ၌ နေပြီးခိုးသူများအိမ်၌ဝင်ကြောင်းကြား၍ ပြန်လာလျှင်လမ်း၌ ခုတ်သတ်လော့"ဟု စေလွှတ်လိုက်၏။ ခိုးသူကြီးလည်း သွား၍ တရားနာနေသည့် ဒါယိကာမကြီး ဘေး၌ ထိုင်နေ၏။ ခိုးသူတို့သည် မီးထွန်း၍ အသပြာ တိုက်ကို ဖွင့်ကြ၏။ အိမ်စောင့် ကျွန်မသည် ဒါယိကာမကြီးထံ ပြေးသွား၍ ထိုအကြောင်းကို ပြောကြား၏။ ဒါယိကာမကြီးက "ခိုးသူတို့ အသပြာကို ယူကြပစေ။ ငါ့သားတရား နာနေသည်ကို မနှောက်ယှက်လင့်။ အိမ်ပြန်"ဟု ပြန်လွှတ်လိုက်၏။

ထိုကျွန်မသည် ပြန်လာ၍ ထိုခိုးသူတို့ ငွေတိုက် ဖွင့်နေကြသည်ကိုမြင်လျှင် တဖန်သွား၍ ထိုအကြောင်းကို ပြောကြားသော် ဒါယိကာမကြီးက ရှေး

နည်းတူ ဆို၍ ကျွန်မကို ပြန်လွှတ်လိုက်၏။ ထိုကျွန်မလည်း ပြန်လာ၍ ခိုးသူတို့ ရှေတိုက်ဖောက်နေကြသည်ကို မြင်လျှင် တဖန်သွား၍ ထိုအကြောင်းကိုပြော ပြန်၏။ ထိုအခါ ဒါယိကာမကြီးက "ဟယ်ကျွန်မ၊ ခိုးသူတို့ အလိုရှိရာ ယူကြ ပစေဟု သင့်ကို အိမ်ပြန်လွှတ်လျက် သားတရား နာ နေသည့် ငါ့ထံခဏခဏ လာရောက် နှောက်ယှက်ဘိ၏။ ငါ့စကားကို နားမထောင်။ နောက်တခါ ပြန်လာလျှင် သိရအံ့" ဟု ကြိမ်းမောင်း လွှတ်လေ၏။ ထိုစကားအလုံးစုံကို ကြားရသော ထိုခိုးသူကြီးသည် "ဤသို့သော မိန်းမကြီး၏ ဥစ္စာကို ခိုးယူ ကြသော သူတို့အား မိုးကြိုးကျ၍ ဦးခေါင်းကို ခွဲရာ၏" ဟု အောက်မေ့ လျက် ထိုခိုးသူတို့ထံ သွား၍ ယူပြီး ဥစ္စာအားလုံးကို ပြန်ထားစေပြီး ခိုးသူ အားလုံးကို ခေါ်လာကာ ထိုဒါယိကာမကြီး အနီးမှာပင် ထိုင်နေကြ၏။

သောဏ မထေရ်သည် တညလုံး တရားဟောပြီး မိုးလင်း၍ တရားပလ္လင်မှ ဆင်း၏။ ထိုအခါ ခိုးသူကြီးသည် ထိုဒါယိကာမကြီး၏ ခြေရင်း၌ ဝပ်လျက် သည်းခံရန် တောင်းပန်ပြီး ထိုအကြောင်းအရာ အလုံးစုံကို ပြောကြား၏။ ကျန်ခိုးသူ အားလုံးတို့လည်း အလားတူ တောင်းပန်ကြ၏။ တောင်းပန် ပြီးသော် ထိုခိုးသူ ကိုးရာလုံး သောဏမထေရ်ထံ၌ ရဟန်းပြုကြ၏။ ထိုရဟန်း ကိုးရာတို့သည် မထေရ်ထံမှ ကမ္မဋ္ဌာန်းအသီးသီးကို ယူပြီး တောင်ထိပ်တခု ပေါ်တက်၍ ထိုထိုသစ်ပင်၏ အရိပ်အောက်၌ ထိုင်လျက် တရားအားထုတ် ကြ၏။ ဘုရားရှင်သည် ယူဇနာ ၁၂၀ ခ၀းသည့် ဇေတဝန်ကျောင်း၌ နေ လျက်ပင် ထိုရဟန်းတို့ကို ကြည့်တော်မူ၍ ထိုရဟန်းတို့၏ စရိုက်အားဖြင့် တရားဒေသနာတော်ကို ပိုင်းခြားတော်မူပြီး ရောင်ခြည်တော်ကို လွှတ်လျက် ရှေ့မှောက်၌ ထိုင်ကာ ဟောနေဘိ အလား ကိုးဂါထာဖြင့် ဤသို့ဟောကြား တော်မူ၏။

၃၆၈။ "မေတ္တာ ကမ္မဋ္ဌာန်းကို စီးဖြန်း၍ နေလေ့ရှိသော၊ ဘုရားသာသနာ၌ ကြည်ညိုသော ရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော၊ ငြိမ်သက်၍ လွန်စွာချမ်းသာသော နိဗ္ဗာန်ကို ရနိုင်၏။

၃၆၉။ "ရဟန်း၊ ဤခန္ဓာကိုယ်လှေကြီးမှ မိစ္ဆာဝိတက်ဟူသော ရေကို ပက် ထုတ်လော့။ ထိုသို့ ပက်ထုတ်လျှင် သင်၏ ခန္ဓာကိုယ် လှေကြီးသည် လျင်စွာသွားလတံ့။ ရာဂ, ဒေါသတို့ကို ပယ်ဖြတ်ပြီးနောက် နိဗ္ဗာန်သို့ ရောက်လတံ့။

၃၇၀။ "အောက် သံယောဇဉ်ငါးပါးကို ဖြတ်ရာ၏။ အထက် သံယောဇဉ် ငါးပါးကို စွန့်ရာ၏။ သဒ္ဓါစသော တရားငါးပါးကို လွန်စွာပွားများ ရာ၏။ လောဘစသည် ငြိတွယ်ခြင်းတရား ငါးပါးတို့ကို လွန်မြောက် သော ရဟန်းကို 'သံသရာ ဝဲဩဃကို လွန်မြောက်ပြီးသူ' ဟု ဆိုအပ်၏။

၃၇၁။ "ရဟန်း ၊ ကမ္မဋ္ဌာန်းကိုရှုလော့။ မမေ့မလျော့လင့်။ သင့်၏စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်စေလင့်။ မေ့လျော့၍ သံတွေခဲလို မမျိုလင့်။ ငရဲ၌ လောင်သည်ရှိသော် 'ဤလောင်ခြင်းကား ဆင်းရဲလေစွ' ဟု မငိုကြွေးလင့်။

၃၇၂။ "ပညာမရှိသူအား (ဈာန်) သမာဓိ မရှိ။ သမာဓိ မရှိသူအား ဝိပဿနာ ပညာ မရှိ။ (ဈာန်) သမာဓိနှင့် ဝိပဿနာ ပညာ ရှိသော သူသည် စင်စစ် နိဗ္ဗာန်အနီး၌ တည်ရှိ၏။

၃၇၃။ "ဆိတ်ငြိမ်ရာ အရပ်သို့ ဝင်ရောက်၍ ငြိမ်သက်သည့်စိတ် ရှိသော၊ ကောင်းစွာတရားကို ရှုမှတ်သော ရဟန်းအား လူတို့နှင့် မဆိုက်တန်သော တရား၌ မွေ့လျော်ခြင်း ဖြစ်၏။

၃၇၄။ "ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်ဆင်ခြင်သည့် အခါတိုင်း နှစ်သက်မှု 'ပီတိ' နှင့် ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ကို ရ၏။ ထိုနှစ်သက်, ဝမ်းမြောက်မှုသည် တရားမှန်သိသော ပညာရှိတို့၏ အမြိုက်နိဗ္ဗာန်ပေတည်း။

၃၇၅။ "ဤသာသနာတော်၌ ပညာရှိသော ရဟန်းမှာ 'ဣန္ဒြေတို့ကို စောင့်ထိန်းမှု၊ အာဇီဝ, ပစ္စယ နှစ်ပါး၌ ရောင့်ရဲမှု၊ ပါတိမောက္ခ သီလ၌ စောင့်စည်းမှု' တို့သည် ရှိ၏။ ဤသီလ လေးပါး စင်ကြယ်ခြင်း (စတုပါရိသုဒ္ဓိ) သည် ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်၌ အဦးအစ ဖြစ်၏။

၃၇၆။ "စင်ကြယ်သော အသက်မွေးခြင်းရှိ၍ မပျင်းမရိသော မိတ်ဆွေကောင်းတို့ကို သည်းကပ်လော့။ (အာမိသ၊ ဓမ္မ) ပဋိသန္ထာရ နှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ရာ၏။ သီလကျင့်ဝတ်၌ လိမ္မာသောသူ ဖြစ်ရာ၏။ ထိုသို့ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ဝမ်းမြောက်ခြင်းများသောသူသည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရပေလတံ့။"

ဤတရားဂါထာ ကိုးခုအနက် တဂါထာ,တဂါထာ နာရပြီးတိုင်း ဤရဟန်း ကိုးရာအနက် တရာ,တရာသည် ရဟန္တာ ဖြစ်ကြလေ၏။ သူတို့အားလုံး ကောင်းကင်ဖြင့် ဘုရားရှင်ထံ သွားကြလေ၏။

## ၂၆၁။ ရဟန်း ငါးရာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူပြီး တော၌ ရဟန်းတရားကို အားထုတ်ကြသော် 'နံနက်စောစော ပွင့်ကြသည့် မုလေးပန်းတို့ ညနေအခါ အညှာမှ ကြွေကျသည်' တို့ကို မြင်လျှင် "သင်တို့ အညှာများမှ

မကြွကျမီ ငါတို့သည် ရာဂစသည်တို့မှ ကင်းလွတ်အောင် ပြုကြကုန်အံ့”ဟု လုံ့လပြုကြ၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေလျက်ပင် ထိုရဟန်းတို့သို့ ရောင်ခြည်တော်တို့ကို စေလွှတ် ပျံ့နှံ့စေပြီး “ရဟန်းတို့၊ ရဟန်းမည်သည် အညာမှ လွတ်၍ ကြွေကျသော ပန်းနှင့်တူစွာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရန် လုံ့လ ပြုအပ်သည်သာ” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၇၇။ “ရဟန်းတို့၊ မုလေးပန်းပင်သည် ရင့်ရော်ညှိုးနွမ်းကုန်သော ပန်းပွင့် တို့ကို စွန့်လွှတ်ဘိသကဲ့သို့ ဤအတူ ရာဂကိုလည်း၊ ဒေါသကိုလည်းစွန့်လွှတ် ကြကုန်လော့။”

ဤတရားကို ကြားနာပြီးသော် ထိုရဟန္တာ ငါးရာတို့ ရဟန္တာဖြစ်ကြ လေ၏။

## ၂၆၂။ သန္တကာယ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ခြင်္သေ့တို့မည်သည်တနေ့မှ အာစရာပြီးလျှင် ဂူအောင်း၍ ခုနစ်ရက်လုံး မလှုပ်မယှက် အိပ်ကြလေ့ရှိ၏။ ‘သန္တကာယ’ မထေရ်သည် ခြင်္သေ့ဘဝမှ လာသူ ဖြစ်၍ ကိုယ်လက်လှုပ်ရှားခြင်း မရှိဘဲ အလွန်ငြိမ်သက် တည်ကြည်စွာ နေလေ့ရှိ၏။ ထိုမထေရ်အကြောင်း ရဟန်းတို့က ကဲ့ရဲ့ လျှောက်ကြသဖြင့် မြတ်စွာဘုရားက “ရဟန်းတို့၊ ရဟန်းမည်သည် သန္တကာယ မထေရ် ကဲ့သို့ ကိုယ်စသည်ငြိမ်သက်ခြင်း ရှိရာ၏” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၇၈။ “ငြိမ်သက်သော ကိုယ်၊ ငြိမ်သက်သောနှုတ်၊ ငြိမ်သက်သောစိတ် ရှိ၍ အလွန်လျှင် တည်ကြည်ငြိမ်သက်ထသော၊ လောကီစည်းစိမ်စသည်ကို ထွေးအန်ပြီးသော ရဟန်းကို ‘ရာဂစသည် ငြိမ်းအေးသော ရဟန်း’ ဟူ၍ ဆိုအပ်၏။”

ဤတရားကို ကြားနာပြီးသော် သန္တကာယ မထေရ်သည် ရဟန္တာဖြစ် လေ၏။

## ၂၆၃။ နင်္ဂလ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

"ပုဆိုးနွမ်းပိုင်းကို ဝတ်၍ ထွန်တုံး (နင်္ဂလ) ကို ထမ်းလျက် လယ်ထွန်သွားသော၊ သူတပါးတို့ထံ၌ အခစားလုပ်ရသည့် ဆင်းရဲသား" တဦးကို ရဟန်းတပါးသည် မြင်၍ "ရဟန်း ပြုမလား" ဟု မေးပြီး ပုဆိုးနွမ်းနှင့် ထွန်တုံးကို သစ်ပင်တပင်ပေါ် တင်ထားစေခဲ့၍ ကိုယ်တိုင် ရေချိုးပေးကာ ရဟန်းပြုပေး၏။ ထိုရဟန်းသည်'နင်္ဂလ'မထေရ်ဟု တွင်၏။နင်္ဂလမထေရ်သည် ကောင်းစွာ စားသောက်နေထိုင်ရ၍ မကြာမီ ဝဖြိုးလာ၏။ ထိုအခါ သူသည် သာသနာ၌ငြီးငွေ့လာပြီး "လူထွက်အံ့" ဟု ထိုပုဆိုးပိုင်း ထွန်တုံးများကို သွား၍ ကြည့်လျက် မိမိကိုယ်ကို "အရှက် မရှိသူ။ ဤပုဆိုးနွမ်းပိုင်းကိုဝတ်၍ လူထွက်ပြီး အခစားအမှုလုပ်ကာ အသက်မွေးလိုဘိသေး၏"ဟု ဆုံးမသဖြင့် ငြီးငွေ့စိတ် ပျောက်လျှင် ပြန်လာ၏။ နောက် နှစ်ရက် သုံးရက် ကြာလျှင် တဖန်ငြီးငွေ့လာ၍ရှေးနည်းတူ ပြုပြီး ပြန်လာ၏။ ငြီးငွေ့လာတိုင်း ဤသို့ ပြုလုပ်၏။ ရဟန်းတို့က"သင်အဘယ့်ကြောင့် ဤအရပ်သို့ သွားသနည်း"ဟု မေးသော် "ဆရာ့ထံသွားရပါ၏"ဟု ဆိုလျက် ဤသို့ မိမိကိုယ်ကို ဆုံးမသော် မကြာမီ ရဟန္တာ ဖြစ်လေ၏။

ထိုအခါ ရဟန်းတို့က "သင်ဆရာထံ မသွားတော့ဘူးလား"ဟု ပြက်ရယ်ပြုကြသော် သူက "ရှေးက ဆရာနှင့် ဆက်ဆံခြင်းရှိ၍ သွားခဲ့ရပါ၏။ ယခုမူ ဤသို့သော ဆက်ဆံခြင်း ကင်းပြတ်ပြီး ဖြစ်၍ မသွားတော့ပါ"ဟု ဆို၏။ ထိုရဟန်းတို့သည် ဘုရားရှင်ထံ သွား၍ "ဤနင်္ဂလမထေရ်သည် ဤသို့ ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောပါ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ မှန်ပေ၏။ ငါ့သားတော် နင်္ဂလသည် မိမိကိုယ်တိုင်ပင် မိမိကိုယ်ကို အပြစ်တင်၍ ဆုံးမခြင်းကြောင့် ရဟန်းကိစ္စ ပြီးဆုံးလေပြီ" ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၇၉။ "ရဟန်း၊ မိမိကိုယ်တိုင် ပြစ်တင်ဆခါကြောလော့။ မိမိကိုယ်တိုင်စစ်ဆေးလေလော့။ သတိတရားရှိသော ထိုသင်သည် မိမိကိုယ်ကိုမိမိကိုယ်တိုင်လုံခြုံအောင် စောင့်ရှောက်သည်ဖြင့်၍ ချမ်းသာစွာ နေရလတံ့။

၃၈၀။ "မိမိသည်သာ မိမိ၏ ကိုးကွယ်မှီခိုရာ ဖြစ်၏။ မိမိသည်သာ မိမိ၏ လည်းလျှောင်းရာ, လားရာဂတိ ဖြစ်၏။ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်း မြင်းကိုစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်လေလော့။"

## ၂၆၄။ ဝက္ကလိ မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ 'ဝက္ကလိ'မည်သော ပုဏ္ဏားသည် ဆွမ်းခံကြွလာသော ဘုရားရှင်၏ တင့်တယ်လှပသည့် ကိုယ်တော်ကို ဖူးမြင်ရလျှင်ကြည့်၍ အား မရနိုင်သဖြင့် အမြဲမပြတ် ဖူးမြင်နိုင်ရန် ဘုရားရှင်ထံ၌ရဟန်းပြု၏။ ရဟန်း ပြုပြီးသော် သူသည် ကမ္မဋ္ဌာန်း စီးဖြန်းခြင်း စသည်ကို မပြုဘဲ ဘုရားရှင် ကို ဖူးမျှော်လျက်သာ သွားလာ၏။ မြတ်စွာဘုရားသည် ဝက္ကလိ ရဟန်း၏ ဉာဏ်ရင့်ကျက်ခြင်းကို ဆိုင်းငံ့တော်မူလျက် စကား တစုံတရာမျှ မိန့်တော် မမူ။ ဝက္ကလိ ဉာဏ်ရင့်သန်လာသော် မြတ်စွာဘုရားက "ဝက္ကလိ၊ ဤ ပုပ် သောကိုယ်ကို ဖူးမြင်ခြင်းဖြင့် သင့်အား အဘယ် အကျိုး ရှိအံ့နည်း။ တရားကို မြင့်သောသူသည်သာ ငါဘုရားကို ဖူးမြင်သည် မည်၏။ တရားကို မမြင်သောသူသည် ငါဘုရားကို ဖူးမြင်ရသည် မမည်"ဟု ဆုံးမတော်မူ၏။ သို့သော်လည်း ဝက္ကလိသည် ဘုရားရှင်အား ဖူးမြင်ခြင်းကို စွန့်၍ အရပ်တပါး သို့ ဖဲခွာ မသွားနိုင်ပေ။

ထိုအခါ မြတ်စွာဘုရားသည် "ဝက္ကလိကား ထိတ်လန့်ခြင်း မရဘဲ မကျွတ်လတံ့"ဟု ဝါဆိုခါနီးသော် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူပြီး ဝါ ကပ်သော နေ့၌ "ဝက္ကလိ၊ ဖဲသွားလော့။ ဝက္ကလိ ဖဲသွားလော့"ဟု နှင်ထုတ် တော် မူ၏။ ဤသို့ ဘုရားရှင် မိန့်တော်မူလျှင် ရဟန်းတို့မှာ လွန်ဆန်ခွင့် မရသဖြင့် ဝက္ကလိသည် "ငါကား ဘုရားရှင်ထံ၌ နေခွင့်မရလျှင် အသက် ရှင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟု ဂိဇ္ဈကုဋ်တောင်ထိပ်သို့ ခုန်ချသေ ရန် တက်သွား၏။ မြတ်စွာဘုရားသည် ဝက္ကလိ၏ စိတ်ပင်ပန်းဆင်းရဲခြင်း ကို သိတော်မူ၍ "ဤရဟန်းသည် သက်သာရာ မရလျှင် မဂ်ဖိုလ်ရမည့် အခွင့်ကို လွတ်သွားချေရာ၏"ဟု ကိုယ်တော်ကို ပြရန် ရောင်ခြည်တော်ကို လွှတ်လျက် ဝက္ကလိ၏ စိုးရိမ်ခြင်းကို ပယ်ဖျောက်တော် မူ၏။ ထိုနောက်မှ

ဝက္ကလိအား အားကြီးသည့်နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေရန် ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၁။ "များစွာနှစ်သက်ဝမ်းမြောက်ခြင်းရှိ၍ ဘုရားရှင်၏ သာသနာတော်၌ ကြည်ညိုမြတ်နိုးသောရဟန်းသည်သင်္ခါရတို့ငြိမ်းရာ,ငြိမ်းအေးချမ်းမြေ့သော နိဗ္ဗာန်ကိုရရာ၏။"

ထို့နောက် ဝက္ကလိဆီသို့ လက်တော်ကို ဆန့်တန်းလျက် "ဝက္ကလိ၊ လာလော့။ မစိုးရိမ်လင့်။ ငါဘုရားကို ဖူးမြင်လေလော့။ ငါဘုရားသည် သင့်ကိုကိုလေသာ ညွန်ပျောင်းမှ ထုတ်ဆောင်တော်မူအံ့" စသည်ဖြင့် ဟောတော်မူ၏။ ဝက္ကလိသည် "ဘုရားရှင်ကို ငါဖူးမြင်ရလေပြီ"ဟု အားကြီးစွာ နှစ်သက်ဝမ်းမြောက်လျက် သွားစရာလမ်းကို မမြင်သောကြောင့် ဘုရားရှင် ရှေ့မှောက်ဆီသို့ ပျံတက်ခုန်သော် ကောင်းကင်၌ပင် ဘုရားရှင်၏ ဂါထာကို ဆင်ခြင်လျက် ပီတိကို ခွာလျှင် ရဟန္တာဖြစ်သွားပြီး ဘုရားရှင်ရှေ့မှောက်သို့ သက်ဆင်းကျလာလေ၏။ [ တခြားပုဂ္ဂိုလ်တို့ကိုကား သဒ္ဓါတရား တိုးတက်အောင် ပြုရ၏။ ဝက္ကလိကိုမူ သဒ္ဓါတရား လျော့ပါးသွားအောင် ပြုရ၏။ ထို့ကြောင့် ဝက္ကလိသည် သဒ္ဓါလွန်သော သူတို့တွင် အမြတ်ဆုံး 'ဧတဒဂ်'ကို ရလေ၏။]

## ၂၆၅။ သုမန သာမဏေ

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူစဉ်။

ရှင်အနုရုဒ္ဓါသည် ဟိမဝန္တာအရပ် တောကျောင်း၌နေစဉ် ဝမ်း၌လေရောဂါဖြစ်ပေါ်၍ တပည့်ဖြစ်သူ 'သုမန'အမည်ရှိ ခုနစ်နှစ်သား ရဟန္တာသာမဏေအား အနောတတ္တအိုင်မှရေကို သွားခပ်ခိုင်း၏။ သုမန သာမဏေသည် ကောင်းကင်ဖြင့် ယူဇနာငါးရာဝေးသော ထိုအိုင်သို့ သွား၍ ရေမပေးလိုသော အိုင်စောင့် နဂါးမင်းကို တန်ခိုးဖြင့် နှိမ်နင်းပြီး ရေကို ယူဆောင်လာ၏။ မထေရ်သည် ထိုရေကို သောက်ရ၍ လေနာပျောက်၏။ နောက် သာမဏေကို ခေါ်၍ ဝိသာခါ၏ ပြာသာဒ်၌ ရောက်ရှိနေတော်မူသော ဘုရားရှင်ထံသို့ ကြွ၏။ ရဟန်းတို့သည် မထေရ်ကို ကြိုဆိုကြ၏။ ရဟန်းငယ်, သာမဏေများစာ

'သုမန' သာမဏေကို ဦးခေါင်း, နားရွက်, လက်မောင်းတို့၌ ကိုင်ဆွဲကာ "သာမဏေလေး၊ အသို့နည်း။ ပျင်းရိငြီးငွေ့သလော"ဟု ကျီဆယ် ပြောဆိုကြ၏။ ထိုအခါ မြတ်စွာဘုရားသည် "ဤသာမဏေ၏ ဂုဏ်ကျေးဇူးကို ထင်ရှားစေအံ့"ဟု ကြံ၍ ရှင်အာနန္ဒာအား "ငါဘုရားသည် အနေ့ာတတ္တအိုင်မှ ရေဖြင့် ခြေဆေးလို၏။ သာမဏေတို့အား ရေအိုးကိုပေး၍ ရေကို ဆောင်ခိုင်းလော့"ဟု မိန့်တော်မူ၏။

ရှင်အာနန္ဒာသည် ပုဗ္ဗာရုံကျောင်းတော်ကြီး၌ ရှိသော သာမဏေငါးရာတို့ကို စုဝေးစေပြီး တပါးပြီးတပါး ထိုရေကို သွားယူခိုင်းလေသော် အားလုံးကပင် မစွမ်းနိုင်ကြောင်း ပြောကြ၏။ နောက်ဆုံး 'သုမန'သာမဏေလေးကို ခိုင်း၏။ သုမန သာမဏေသည် ဝိသာခါထံမှ ရောမ ရွှေအိုးကြီးကို နခမ်း၌ ကိုင်၍ ယူတည့်ပြီး ကောင်းကင်ဖြင့် သွား၍ အနေ့ာတတ္တအိုင်မှ ရေကို ယူဆောင်လာ၏။ ရဟန်းတို့သည် ညနေအခါ တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "သုမန သာမဏေ၏ တန်ခိုးကြီးမားပုံ"ကို အံ့ဩစွာဖြင့် လျှောက်ထားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါဘုရား၏ သာသနာတော်၌ ငယ်သူဖြစ်သော်လည်း ကောင်းစွာကျင့်လျှင် ဤသို့သော တန်ခိုးအာနုဘော်ကို ရနိုင်သည်သာ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၂။ "ဘုရားရှင် သာသနာတော်၌ ကြိုးစားအားထုတ်သော ရဟန်းသည်
စင်စစ် ငယ်ငယ်ငယ်သော်လည်း 'တိမ်တိုက်မှလွတ်သော လမင်းကဲ့သို့'
ဤလောကကို ထွန်းလင်းစေနိုင်၏။"

# [ ၂၆ ] ဗြာဟ္မဏ ဝဂ်

## ၂၆၆။ ရဟန္တာ အလွန်ကြည်ညိုသူ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ပုဏ္ဏားတဦးသည် နေ့စဉ် ရဟန်း ဆယ့်ခြောက်ပါးကို အိမ်ပင့်ပြီး ဆွမ်းကပ်လေ့ရှိရာ ရဟန်းများကြွလာလျှင် "ရဟန္တာဖြစ်သော အရှင်တောင်းတို့ ကြွတော်မူကြပါဘုရား"ဟု ဆို၍ ခရီးဦးကြို ပြုလေ့ရှိ၏။ ထိုရဟန်းတို့တွင် ပုထုဇဉ်ရဟန်းတို့သည် "ဤပုဏ္ဏားကား ငါတို့ကို ရဟန္တာဟု ထင်မှတ်လေပြီ"ဟုရင်း၊ ရဟန္တာတို့ကလည်း "ဤပုဏ္ဏားကား ငါတို့ ရဟန္တာဖြစ်သည်ကို သိပေပြီ"ဟုရင်း စိတ်၌ မနှစ်မျို့သဖြင့် နောက်တနေ့ မကြွကြတော့ပေ။ ထိုအခါ ထိုပုဏ္ဏားသည် စိတ်မချမ်းမသာ ဖြစ်ကာ ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ခေါ်မေး၍ အကြောင်းစုံကို ကြားရလျှင် "လူတို့က ကြည်ညို၍ ဤသို့ ခေါ်ဆိုခြင်း၌ သင်တို့မှာ သာယာမှု မရှိကြသဖြင့် အပြစ်အာပတ် မရှိ။ စင်စစ် ဤပုဏ္ဏားကား ရဟန္တာတို့၌ အတိုင်းထက်အလွန် ကြည်ညိုဘိ၏။ ထို့ကြောင့် သင်ချစ်သားတို့ တဏှာကိုပယ်၍ အရဟတ္တဖိုလ်သို့ ရောက်သင့်လှပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၃။ "အိုသူတော်ကောင်း၊ ဥဿာဟနှင့်ယှဉ်သော လုံ့လကိုပြု၍ တဏှာဟူသော အယဉ်ကိုဖြတ်လော့။ ကာမတို့ကို ပယ်လော့။ သင်္ခါရတရားတို့၏ ကုန်ရာကို သိပြီးသော် သင်သည် နိဗ္ဗာန်ကိုသိသောသူ ဖြစ်ပေပြီ။"

 

## ၂၆၇။ ရဟန်းသုံးကျိပ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းသုံးကျိပ်တို့ လာ၍ ဘုရားရှင်ကို ရှိခိုးကာ နေကြစဉ် ရှင်သာရိပုတ္တရာသည် ထိုရဟန်းများ ရဟန္တာ ဖြစ်ကြလတံ့သည်ကို မြင်၍ ဘုရားရှင်ထံ ချဉ်းကပ်ကာ "တရားနှစ်ပါးဟူသည် အဘယ်ပါနည်း"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "သာရိပုတ္တရာ၊ သမထနှင့် ဝိပဿနာကို တရားနှစ်ပါးဟု ဆိုအပ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၄။ "သူတော်ကောင်းသည် သမထ, ဝိပဿနာဟူသော တရားနှစ်ပါးတို့၌ အသိဉာဏ် အပြီးအဆုံးသို့ ရောက်လေသောအခါ တရားကိုသိသော ထိုသူအား သံယောဇဉ်အားလုံးတို့သည် ချုပ်ငြိမ်းကုန်၏။"

ဤတရားကို ကြားနာပြီးသော် ထိုရဟန်းသုံးကျိပ်တို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၂၆၈။ မာရ်နတ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ မာရ်နတ်သည် လူယောကျ်ားအသွင်ဖြင့် လာ၍ "ဘုရားရှင်သည် 'ပါရံ ပါရံ'ဟု ဆိုတော်မူ၏။ ဤ 'ပါရ'မည်သော တရားကား အဘယ်ပါနည်း"ဟု မေးလျှောက်၏။ မြတ်စွာဘုရားသည် မာရ်နတ်ဖြစ်ကြောင်း သိတော်မူ၍ "မာရ်နတ်ယုတ်၊ သင့်အား ပါရဖြင့်ရင်း၊ အပါရဖြင့်ရင်း အဘယ်အကျိုးရှိအံ့နည်း။ ထိုပါရမည်သော တရားသို့ ရဟန္တာပုဂ္ဂိုလ်တို့သာ ရောက်နိုင်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၅။ "အကြင်ပုဂ္ဂိုလ်အား အတွင်းအာယတန ခြောက်ပါးဟူသော ဤဘက်ကမ်းသည်ရင်း၊ အပြင်အာယတန ခြောက်ပါးဟူသော ထိုဘက်ကမ်းသည်ရင်း၊ ဤဘက်ကမ်း, ထိုဘက်ကမ်း နှစ်ပါးလုံးသည်ရင်း၊ မရှိ။ ထိုကိလေသာ ပူပန်ခြင်းကင်း၍ ကိလေသာနှင့် မစပ်ယှက်သော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂၆၉။ ပုဏ္ဏားတဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ပုဏ္ဏားတဦးသည် မြတ်စွာဘုရားကား မိမိ၏ တပည့်များကို 'ဗြာဟ္မဏ'ဟု မိန့်ဆိုတော်မူ၏။ ငါလည်း ဇာတ်အားဖြင့် 'ဗြာဟ္မဏ'ပုဏ္ဏား ဖြစ်၍ ငါ့ကိုလည်း ဤသို့ ခေါ်သင့်သလော" ဟု ကြံပြီး ဘုရားရှင့်ထံသွား၍ ထိုအကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားက "ပုဏ္ဏား၊ ဇာတ်အနွယ် မျှဖြင့် 'ဗြာဟ္မဏ'ဟု ငါဘုရား မဆို။ ရဟန္တာဖြစ်ပြီးသူကိုသာ 'ဗြာဟ္မဏ' ဟု ငါဘုရားဆို၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူလေ၏။

၃၈၆။ "အနိစ္စစသော လက္ခဏာကိုရှုပြီး ကိလေသာမြူ ကင်းပျောက်၍ တကိုယ်တည်း နေလေ့ရှိသော၊ ရဟန်းကိစ္စပြီးစီး၍ အာသဝေါ ကင်းကာ အရဟတ္တဖိုလ်မြတ်သို့ ရောက်သော ပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါ ဘုရားဟော၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၂၇၀။ အာနန္ဒာ မထေရ်

မြတ်စွာဘုရား ဝိသာခါ၏ ပြာသာဒ်၌ နေတော်မူစဉ်။

သီတင်းကျွတ်လပြည့် နေ့တနေ့၌ ညအခါ ကောသလမင်းကြီးသည် တန်ဆာများကို ဆင်ယင်လျက် ဇေတဝန်ကျောင်းသို့ လာ၏။ ထိုခဏ၌ ပရိသတ်အစွန်တွင် ဈာန်ဝင်စားနေသော ကာဠုဒါယီမထေရ်၏ ကိုယ်သည် ရွှေအဆင်းကဲ့သို့ တောက်ပ၏။ ထိုခဏ၌ လမင်းထွက်၍ နေမင်းကွယ်ပျောက်၏။ ရှင်အာနန္ဒာသည် ထိုပုဂ္ဂိုလ်နှစ်ဦးနှင့် နေလတို့၏ အရောင်များကိုရင်း၊ ဘုရားရှင်၏ ကိုယ်တော်ရောင်ကိုရင်း ကြည့်ရှုသော် ဘုရားရှင်သည် ထိုအရောင် လေးမျိုးကို လွှမ်း၍သာ တင့်တယ်တော်မူသည်ကို မြင်လေ၏။ သူသည်

ဘုရားရှင်အား ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက ဂါထာဖြင့် ဤသို့ မိန့်တော်မူ၏။

၃၈၇။ "(အာနန္ဒာ) နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏။ လမင်းသည် ညအခါ၌သာ တင့်တယ်၏။ မင်းသည် မင်းမြောက်တန်ဆာ ဆင်မှသာ တင့်တယ်၏။ ရဟန္တာသည် ဈာန်ဝင်စားမှသာ တင့်တယ်၏။ ဘုရားရှင်သည်ကား (သီလ၊ ဂုဏ်၊ ပညာ၊ ကောင်းမှု တရားဟူသော) တန်ခိုး ငါးပါးဖြင့် နေ့ည ပတ်လုံး တင့်တယ်၏။"

## ၂၇၁။ ပုဏ္ဏားရဟန်း တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏားတဦးသည် သာသနာပဖြစ်သော ရဟန်းအဖြစ်ဖြင့် ရဟန်းပြုပြီး "ရဟန်းဂေါတမသည် မိမိ၏ တပည့်ရဟန်းများကို 'ပဗ္ဗဇိတရဟန်း'ဟု ခေါ်ဆိုလေ့ရှိ၏။ ငါလည်း ရဟန်းပြုသူဖြစ်၏။ ငါ့ကိုလည်း ဤသို့ ခေါ်ဆိုသင့်၏"ဟု ကြံပြီး ဘုရားရှင်ထံ သွား၍ ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ဤမျှဖြင့် 'ပဗ္ဗဇိတရဟန်း'ဟု ငါဘုရားမဆို။ ကိလေသာ အညစ်အကြေးတို့ကို ပယ်ဖျက် သုတ်သင်တတ်သောကြောင့် 'ပဗ္ဗဇိတ' မည်သောသူ ဖြစ်၏" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၈။ "မကောင်းမှုကို ပယ်ပြီးဖြစ်သောကြောင့် 'ဗြာဟ္မဏ'ဟု ခေါ်ဆိုအပ်၏။ မကောင်းမှုကို ငြိမ်းစေတတ်သောကြောင့် 'သမဏ'ဟု ခေါ်ဆိုအပ်၏။ မိမိ၏ ကိလေသာ အညစ်အကြေးတို့ကို ထုတ်ပယ်တတ်သောကြောင့် 'ပဗ္ဗဇိတ'ဟု ခေါ်ဆိုအပ်၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၂၇၂။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

လူတို့သည် "ငါတို့အရှင်မြတ်၊ ရှင်သာရိပုတ္တရာကား သည်းခံခြင်းတရားနှင့် အလွန်ပြည့်စုံ၏။ သူတပါးတို့ ဆဲရေးကြသော်၎င်း၊ ပုတ်ခတ်ကြသော်

ရှင်း အမျက်ဒေါသ အနည်းငယ်မျှပင် မရှိ”ဟု ချီးမွမ်း ပြောဆိုကြ၏။ ထိုအခါ မိစ္ဆာ အယူရှိ ပုဏ္ဏားတဦးက “သင်တို့၏ မထေရ်ကို ငါအမျက် ထွက်အောင် ပြုအံ့”ဟုဆို၍ ထိုခဏ၌ ဆွမ်းခံကြွလာသော ရှင်သာရိပုတ္တရာကို မြင်လျှင် သွားတွဲ၍ ကျော၌ လက်ဖြင့် ပြင်းစွာ ပုတ်ခတ်၏။ မထေရ်သည် “ဤသို့ပြုသူကား အဘယ်သူနည်း”ဟုပင် မကြည့်ဘဲ ကြွသွား၏။ ထိုအခါ ထိုပုဏ္ဏားသည် တကိုယ်လုံး ပူလောင်လာသဖြင့် သွား၍ မထေရ်၏ခြေရင်း၌ ဝပ်လျက် “တပည့်တော်အား သည်းခံပါ” ဟု တောင်းပန်၍ လက်ဖြင့် ပုတ်ခတ်မိကြောင်း လျှောက်ထား၏။ “တပည့်တော်အား သည်းခံပါလျှင် တပည့်တော်အိမ်၌ ဆွမ်းကို အလှူခံတော်မူပါ” ဟု အိမ်သို့ ပင့်သွား၍ ဆွမ်း ဖြင့် လုပ်ကျွေး၏။ ထိုအကြောင်းကို သိသော ရဟန်းတို့သည် တရားသဘင် သို့ ကြွလာသော ဘုရားရှင်အား “ရှင်သာရိပုတ္တရာသည် မိမိအား ပုတ်ခတ် သည့် ပုဏ္ဏားအိမ်၌ပင် ဆွမ်းကို ခံယူ၏။ ထိုပုဏ္ဏားသည် တခြား ရဟန်းတို့ကို နောင် ကေန် ပုတ်ခတ်ပေတော့မည်”ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ လူဖြစ်သော ဗြာဟ္မဏပုဏ္ဏားသည်သာ အမျက်ဒေါသ ပယ်ပြီး သော ရဟန္တာဗြာဟ္မဏအစစ်ဖြစ်သူကို ပုတ်ခတ်ပေမည်”ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၈၉။ “ရဟန္တာ ဗြာဟ္မဏကို မပုတ်ခတ်ရာ။ ပုတ်ခတ်ခံရသော ရဟန္တာ ဗြာဟ္မဏသည် ထိုပုတ်ခတ်သူအား အမျက်မထွက်ရာ။ ရဟန္တာဗြာဟ္မဏ အား ပုတ်ခတ်သူကို စက်ဆုပ်ဘွယ် ရှိ၏။ ပုတ်ခတ်သော သူအား အမျက်ထွက်သော သူကိုလည်း ပုတ်ခတ်သူထက် လွန်စွာစက်ဆုပ် ဘွယ်ရှိ၏(ဟု ငါဘုရားဟော၏)။

၃၉၀။ “ဒေါသစိတ်အကြိုက် အမျက်ထွက်ခြင်းတို့မှ မတားမြစ်နိုင်ခြင်းသည် ရဟန္တာ ဗြာဟ္မဏအတွက် အနည်းငယ်မျှပင် ကောင်းမြတ်သည် မဟုတ်။ အကြင်အကြင် ဝတ္ထုမှ အမျက်ထွက်သော စိတ်သည်ဆုတ်နစ် ၏။ ထိုထိုဝတ္ထုမှ ဝဋ်ဆင်းရဲသည် ငြိမ်သည်သာတည်း။”

## ၂၇၃။ မဟာပဇာပတိဂေါတမီ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အခါတပါး၌ ရဟန်းမတို့သည် “မဟာပဇာပတိဂေါတမီထေရီမအား ဥပဇ္ဈာယ်ဆရာတို့ဖြင့် ရဟန်းပြုခဲ့သည် မဟုတ်။ မိမိလက်ဖြင့်သာ သင်္ကန်းတို့ ကို ဝတ်ရုံ၍ ရဟန်းပြုခဲ့၏”ဟု ကြံပြီး ဂေါတမီထေရီမနှင့်အတူ ဥပုသ်

ပဝါရဏာ မပြုကြကုန်။ ထိုရဟန်းမတို့က လာရောက် လျှောက်ကြားကြ သဖြင့် မြတ်စွာဘုရားက "ဂေါတမီအား ဂရုဓမ်တရားရှစ်ပါးကို ငါဘုရား ပေးအပ်ခဲ့လေပြီ။ ငါဘုရားသာလျှင် ဂေါတမီ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်တို့၌ တစုံတရာ ယုံမှားသံသယ မရှိအပ်" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၉၁။ "ကိုယ်နှုတ်စိတ် တခုခုဖြင့် မကောင်းမှုပြုခြင်း မရှိသော၊ ကိုယ်နှုတ် စိတ် သုံးဌာနတို့ဖြင့် စောင့်ရှောက်ခြင်း ရှိပြီးသော ပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၇၄။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရှင်သာရိပုတ္တရာ မထေရ်သည် ရှင်အဿဇိမထေရ်၏ တရားကိုနာရ၍ သောတာပန် ဖြစ်ခဲ့ရသဖြင့် ထိုအခါမှစ၍ ထိုမထေရ်ရှိ၏ဟု ကြားရသော ထိုအရပ်မျက်နှာသို့ လက်အုပ်ချီလျက် ထိုအရပ်သို့သာ ဦးခေါင်းထား၍ ကျိန်းစက်တော်မူ၏။ ရဟန်းတို့သည် "ရှင်သာရိပုတ္တရာကား ယနေ့အထိ မိစ္ဆာ အယူကိုမစွန့်သေးဘဲ အရပ်မျက်နှာတို့ကို ရှိခိုးနေဘိသေး၏"ဟု ဆို၍ဘုရားရှင် ထံသွားပြီး ထိုအကြောင်းကို လျှောက်ကြ၏။ မြတ်စွာဘုရားသည် ရှင်သာရိ ပုတ္တရာကို ခေါ်မေးတော် မူပြီးသော် "ရဟန်းတို့၊ရှင်သာရိပုတ္တရာသည် အရပ် မျက်နှာတို့ကို ရှိခိုးသည် မဟုတ်။ မိမိ၏ ကျေးဇူးရှင် ဆရာ ဖြစ်ခဲ့ဘူးသူ အဿဇိမထေရ်ကိုသာရည်မှန်းပြီး ရှိခိုးခြင်းဖြစ်၏။ အကြင်ဆရာကိုမှီ၍ တရား တော်ကို သိ၏။ ထိုဆရာကို ရိုသေစွာ ရှိခိုးအပ်သည်သာ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၉၂။ "အကြင်ဆရာထံမှ ဘုရားရှင် ဟောကြားအပ်သော တရားတော်ကို သိရငြားအံ့- 'ပုဏ္ဏားသည် မီးကိုပူဇော်သကဲ့သို့' ထိုဆရာကို ရိုသေစွာ ရှိခိုးရာ၏။"

## ၂၇၅။ ဆံကျစ်ထုံး ပုဏ္ဏား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဆံကျစ်ထုံးသောပုဏ္ဏားတဦးသည် "ငါသည် ပုဏ္ဏားမျိုး၌ ဖြစ်၏။ ရဟန်းဂေါတမသည် မိမိ၏ တပည့်ရဟန်းများကို 'ဗြာဟ္မဏ'ဟု ခေါ်ဆိုခဲ့လျှင် ငါ့ကိုလည်း ထိုသို့ ခေါ်သင့်၏"ဟု ကြံ၍ ဘုရားရှင်ထံသွားပြီး ထိုအကြောင်းကို လျှောက်ထား၏။ မြတ်စွာဘုရားက "ပုဏ္ဏား၊ ဆံကျစ်ထုံးကာမျှဖြင့် အမျိုးအနွယ်မျှဖြင့် 'ဗြာဟ္မဏ'ဟု ငါဘုရားမဟော။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သောသူကိုသာ'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၉၃ "ဆံကျစ်ထုံးခြင်းတို့ဖြင့်ရင်း၊ အနွယ်အားဖြင့်ရင်း၊ ဗြာဟ္မဏမည်သည်
မဖြစ်။ ထိုးထွင်းသိသော သစ္စာဉာဏ်နှင့် လောကုတ္တရာတရား ကိုးပါး
ရှိသူသာ စင်ကြယ်သူလည်း ဖြစ်၏။ ဗြာဟ္မဏလည်း ဖြစ်၏။"

## ၂၇၆။ ကောက်ကျစ်သော ပုဏ္ဏား

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏားတဦးသည် မြို့တံခါးအနီးရှိ ရေခတက်ပင်ပေါ်တက်၍ သစ်ကိုင်းကို ခြေနှစ်ဖက်ဖြင့် ချိတ်ဆွဲပြီး ဦးခေါင်းဇောက်ထိုး တွဲလျားချလျက် "ငါ့အား နွားတရာ၊ အသပြာများ၊ ကျေးကျွန် တဦးကို မေးကြလော့။ မပေးခဲ့လျှင် ဤ ရေခတက်ပင်မှကျ၍ ငါသေသော် ဤမြို့သည် ပျက်စီးလတံ့"ဟု ဆို၏။ ရဟန်းတို့သည် ဆွမ်းခံသွားစဉ်ရင်း၊ ပြန်ထွက်လာစဉ်ရင်း၊ ထိုပုဏ္ဏားကိုမြင်ကြ၏။ မြို့နေ လူတို့သည် ထိုပုဏ္ဏား၏ စကားဖြင့် ကြောက်လန့်ကြပြီး သူ့အားဆင်းစေ၍ သူပြောသည့် အရာများကို ပေးကြ၏။ ယင်းတို့ကိုယူ၍ ထိုပုဏ္ဏားသည် ကျောင်းအနီးဖြင့် သွား၏။ ရဟန်းတို့သည် "သင်တောင့်တတိုင်း ရခဲ့ပြီလော"ဟု မေးကြ၍ "ရခဲ့ပါ၏"ဟုဆိုလျှင် ဘုရားရှင်ထံ

သွား၍ ထိုအကြောင်းကို လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ဤပုဏ္ဏားသည် ယခုသာ လူမိုက်တို့ကို လှည့်စားနိုင်၏။ ရှေးကမူ ပညာရှိတို့ကို လှည့်စား၍ မရခဲ့""ဟု သူရသေ့ ဖြစ်စဉ်က ဘုရားလောင်း ဖွတ်မင်းကို လှည့်စား၍ မရခဲ့ကြောင်း 'ဂေါဓရာဇ ဇာတ်'ကို ဟောတော်မူပြီး ထိုဖွတ်မင်း ပြောသည့် ဂါထာဖြင့်ပင် ဤသို့ ဟောတော်မူ၏။

၃၉၄။ "ပညာမရှိသော ရသေ့၊ သင့်အား ဆံကျစ်ထုံးတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း။ သစ်နက်ရေအဝတ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင့်ကိုယ်တွင်းသည် ကိလေသာ တောခြုံရှိနေလျက် အပြင် ကိုယ်ခန္ဓာကိုသာ သုတ်သင် သန့်ရှင်းဘိ၏။"

## ၂၄၄။ ကိသာဂေါတမီ ထေရီမ

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ်။

သိကြားမင်းသည် နတ်ပရိသတ်နှင့်တကွ ဘုရားရှင်ထံ လာရောက်ခစားစဉ် ကိသာ ဂေါတမီ ထေရီမသည် ဘုရားရှင်ထံ ဖူးမြင်ရန် ကောင်းကင်ဖြင့် လာရာ သိကြားမင်းကိုမြင်၍ပြန်လှည့်သွား၏။ သိကြားမင်းက "ပြန်လှည့်သွားသော ရဟန်းမကားအဘယ်သူပါနည်း"ဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားက "ကိသာ ဂေါတမီမည်သော ငါ့သမီးတော် ရဟန်းမတည်း။ ပံ့သုကူ သင်္ကန်းဆောင်ကြသည့် ရဟန်းမတို့တွင် အမြတ်ဆုံး 'တေဒဂ်'ပုဂ္ဂိုလ်ဖြစ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၉၅။ "ပံသုကူသင်္ကန်းကို ဝတ်လေ့ရှိသော၊ ကြုံလှီပြီး အကြောပြိုင်းပြိုင်း ထသော၊ တယောက်တည်း တောထဲ၌ ဈာန်ဝင်စားလေ့ ရှိသော ထိုပုဂ္ဂိုလ်မျိုးကို 'ဗြာဟ္မဏ'ဟု ငါးဘုရားဟော၏။"

## ၂၄၈။ ပုဏ္ဏား တဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏားတဦးသည် "ရဟန်းဂေါတမကား မိမိ၏ တပည့်သာဝကများကို "ဗြာဟ္မဏ"ဟုခေါ်ဆို၏။ ပုဏ္ဏားမျိုး၌ ဖြစ်သည့် ငါ့ကိုလည်း ဤသို့ ခေါ်ဆို

လင့်၏" ဟုကြံ၍ ဘုရားရှင်ထံ သွားပြီး ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက "ပုဏ္ဏားမျိုး၌ ဖြစ်ကာမျှဖြင့် 'ဗြာဟ္မဏ'ဟု ငါဘုရားမဆို။ ရာဂစသော ကြောင့်ကြမှု မရှိ, ဥပါဒါန် စွဲလမ်းခြင်း မရှိသောသူကိုသာ 'ဗြာဟ္မဏ'ဟု ငါဘုရားဆို၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟော တော်မူ၏။

၃၉၆။ "ပုဏ္ဏားမျိုး၌ ဖြစ်၍ ပုဏ္ဏေးမဝမ်း၌ဖြစ်သော ပုဏ္ဏားကို'ဗြာဟ္မဏ'ဟု ငါဘုရားမဟော။ ထိုသူသည် ရာဂစသော ကြောင့်ကြမှုများရှိနေမူ 'ဘောဝါဒီ' (အိုအချင်း–ဟု ခေါ်လေ့ရှိသူ) မည်သော ပုဏ္ဏားမျိုး သာ ဖြစ်၏။ ရာဂစသော ကြောင့်ကြမှု မရှိ, ဥပါဒါန်စွဲလမ်းခြင်း မရှိသော ပုဂ္ဂိုလ်ကိုသာ 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၂၇၉။ ဥဂ္ဂသေန သူဌေးသား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဥဂ္ဂသေန သူဌေးသား (၂၄၇)၏ အဆက်။ ။ကျွမ်းသမား ဥဂ္ဂသေန သူဌေးသားသည် ဘုရားရှင်၏ တရားကို နာရလျှင် ဝါးလုံးထိပ်ဖျား၌ ရပ် လျက်ပင်ရဟန္တာဖြစ်၍ ဝါးလုံးထိပ်မှဆင်းလာပြီး ဘုရားရှင်ထံ၌ ရဟန်းပြု၏။ ထိုအခါ တနေ့သ၌ ရဟန်းတို့က ဥဂ္ဂသေနံ မထေရ်အား "သင်သည် အတောင် ခြောက်ဆယ်ရှိ ဝါးလုံးထိပ်ဖျားမှ ဆင်းသက်သော သင့်အား ကြောက်ခြင်း မဖြစ်သလော"ဟု မေးကြ၏။ "မကြောက်ပါ"ဟု ဆိုသော် ထိုရဟန်းတို့သည် ဘုရားရှင်ထံသွား၍ "ဥဂ္ဂသေနသည် ဤသို့ဆို၍ ရဟန္တာ ဖြစ်ကြောင်း မဟုတ်မမှန် ပြောကြားပါ၏"ဟု လျှောက်ထားကြ၏။ မြတ်စွာ ဘုရားက "ရဟန်းတို့၊ ငါ့သားတော် ဥဂ္ဂသေနကဲ့သို့သော သံယောဇဉ် ဖြတ် ပြီးသူတို့သည် ကြောက်စိတ်မရှိကုန်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၃၉၇။ "သံယောဇဉ်အားလုံးကို ဖြတ်ပြီး၍ ကြောက်လန့်ခြင်းမရှိသော၊ ရာဂ စသည့် ကပ်ငြိခြင်းကို လွန်မြောက်ပြီး ကိလေသာနှင့် စပ်ယှဉ်ခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂၈၀။ ပုဏ္ဏား နှစ်ဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

နွားတကောင်စီရှိသော ပုဏ္ဏားနှစ်ယောက်တို့သည် "ငါ့နွားက အားကောင်း၏"ဟု အသီးသီးဆို၍ ငြင်းခုန်ကြပြီး အစိရဝတီ မြစ်ကမ်းနားသို့ သွား၍ သဲအပြည့် တင်ထားသည့် လှည်းတခုစီကို မိမိတို့၏ နွားအား ရုန်းခိုင်းစေသော် ကြိုးသာပြတ်၍ လှည်းကားမရွေ့ ဖြစ်လေ၏။ ထိုအခြင်းအရာကို မြင်ကြသည့် ရဟန်းတို့က လာ၍ လျှောက်ကြားကြသော် မြတ်စွာဘုရားက "ရဟန်းတို့၊ အပဖြစ်သော ပြကတေ့ကြိုးတို့ကို လူတိုင်း ဖြတ်နိုင်၏။ ရဟန်းမည်သည် ကိုယ်တွင်းရှိ အမျက်ဒေါသဟူသော နှောင်ကြိုး, တဏှာဟူသော လွန်ကြိုးကို ဖြတ်သင့်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူ၏။

၃၉၈။ "ဒေါသတည်းဟူသော နှောင်ကြိုး၊ တဏှာတည်းဟူသောလွန်ကြိုး၊ ကိလေသာအတွင်းခံတန်နှင့်တကွသောမိစ္ဆာဒိဋ္ဌိ(ခြောက်ဆယ့်နှစ်ပါး) တည်းဟူသော လှည်းကို ဖြတ်တောက်ဖျက်ဆီးပြီး၍ အဝိဇ္ဇာဟူသော မင်းတုန်းကို နုတ်ပယ်ပြီးသော၊ သစ္စာလေးပါးကို သိပြီးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

ဤတရားကို ကြားနာပြီးသော် ရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

## ၂၈၁။ ဘာရဒွါဇ ပုဏ္ဏား (ဆဲတတ်သူ)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ချေဆတ်ခြင်း, ချွတ်ချော်ခြင်း ဖြစ်သည့် အခါတိုင်း "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ဥဒါန်း ကျူးရင့်လေ့ရှိသော 'ဓနဉ္စာနီ' အမည်ရှိသော သောတာပန် ပုဏ္ဏေးမသည် တနေ့သ၌ အိမ်တွင် ပုဏ္ဏားတို့အား ထမင်းကျွေးရာတွင် ချွတ်ချော်၍ထိုဥဒါန်းကို ကျူးသော် လင်

ပုဏ္ဏားကြီးက "ဤသူယုတ်မသည်ဦးပြည်းရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏။ သင့်ဆရာအပေါ်၌ အယူဝါဒကို တင်ပြအံ့"ဟု ဘုရားရှင်ထံသွားပြီး "အို ရဟန်းဂေါတမ၊ အဘယ်ကို သတ်ဖြတ်သဖြင့် ချမ်းသာစွာ နေရသနည်း၊ မစိုးရိမ်ရသနည်း၊ အဘယ် တရားတခု သတ်ဖြတ်ခြင်းကို နှစ်သက်သနည်း"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ အမျက်ဒေါသကို သတ်ဖြတ်သဖြင့် ချမ်းသာစွာ နေရ၏။ မစိုးရိမ်ရ။ အမျက်ဒေါသ သတ်ခြင်းကို ဘုရား ရဟန္တာတို့ ချီးမွမ်းကုန်၏"ဟု မိန့်တော်မူ၏။ ဤတရားကို ကြားနာရလျှင် ထိုပုဏ္ဏားကြီးသည် ဘုရားရှင်၌ ကြည်ညိုလှသဖြင့်ရဟန်းပြု၍ ရဟန္တာဖြစ်သွားလေ၏။

ထိုအခါ ဆဲရေးတတ်သဖြင့် "အက္ကောသက"ဟု ဝိသေသ ပါရှိသော "ဘာရဒွါဇ" အမည်ရှိ ပုဏ္ဏားသည် မိမိ၏ အစ်ကို ရဟန်းပြုသည်ကို အမျက်ထွက်သဖြင့် သွား၍ ဘုရားရှင်ကို ယုတ်မာ ကြမ်းကြုတ်သည့် စကားတို့ဖြင့် ဆဲဆို၏။ မြတ်စွာဘုရားက "ပုဏ္ဏား၊ သင်သည် သင့်ထံရောက်လာသည့် ဧည့်သည်အား စားဖွယ်ကို ပေးသည် ဆိုပါစို့။ ဧည့်သည်က လက်မခံလျှင် ထိုစားဘွယ်သည် ဘယ်သူ့ထံ ရောက်ဘိသနည်း"ဟု မေးတော်မူ၏။ "ထိုစားဘွယ်သည် ကျွန်ုပ်ထံသို့သာ ရောက်ရပါ၏"ဟု လျှောက်သော် "ထို့အတူပင် သင်သည် ဆဲရေးခြင်းကို ငါတို့ လက်မခံကြသဖြင့် သင်၏ ဆဲရေးခြင်းသည် သင့်ထံသို့သာ ရောက်လေတော့၏"ဟု မိန့်တော်မူ၏။ ဤတရား စကားကို ကြားရလျှင် ထိုပုဏ္ဏားသည် ဘုရားရှင်၌ ကြည်ညိုလှသဖြင့် ရဟန်းပြု၍ ရဟန္တာ ဖြစ်သွားလေ၏။ ထိုနောက် သူ့ညီငယ် ပုဏ္ဏား နှစ်ဦးတို့လည်း အလားတူလာ၍ ဆဲရေးကြရာ ဘုရားရှင်၏ တရားကို နာရလျှင် နှစ်သက်လှသဖြင့် ရဟန်းပြု၍ ရဟန္တာ ဖြစ်သွားကြ၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကား အံ့ဘွယ်ရှိပေကုန်၏။ ပုဏ္ဏားညီနောင် လေးဦးတို့ လာဆဲကြသော်လည်း ဘုရားရှင်သည် တခွန်းမျှ ပြန်ပြောတော်မမူဘဲ ထိုသူ လေးဦး၏ မှီခိုရာသာ ဖြစ်တော်မူပါပေ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါဘုရားသည် သည်းခံခြင်းနှင့် ပြည့်စုံသောကြောင့် ပြစ်မှားသော သူတို့၌ မပြစ်မှားဘဲ လူများစွာတို့၏ မှီခိုရာ ဖြစ်သည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ဟောတော်မူ၏။

၃၉၉။ "အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း, ပုတ်ခတ်ညှဥ်းဆဲခြင်း, နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ဘဲ သည်းခံ၏။ သည်းခံခြင်းခွန်အားနှင့် သည်းခံခြင်း ခွန်အားဟူသော စစ်သည်ရှိသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၀၂။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ထိုအခါ ရှင်သာရိပုတ္တရာသည် ရဟန်းငါးရာ ခြံရံလျက် 'နာလက'ရွာ၌ ဆွမ်းခံသော် မယ်တော်၏ အိမ်တံခါးသို့ ရောက်သွား၏။ မယ်တော်သည် သား မထေရ်နှင့်တကွ ရဟန်းတို့ကို အိမ်ထဲသို့ ပင့်ပြီး သားအား ဆွမ်းကပ်လျက် "အို၊ စားကြွင်း စားကျန် စားသမား၊ သင်သည် ဥစ္စာကုဋေ ရှစ်ဆယ်ကို စွန့်ပယ်၍ ရဟန်းပြုပြီး ငါတို့ကို ဖျက်ဆီးဘိ၏။ ယခု စားလော့"ဟု ဆိုမြည်ဆဲရေး၏။ ရဟန်းတို့အား ဆွမ်းကပ်သော် "သင်တို့သည် ငါ့သားကို မိမိတို့၏ အလုပ်အကျွေးငယ်အဖြစ် ပြုဘိ၏။ ယခု စားကြလော့"ဟု ဆိုမြည်၏။ ရှင်သာရိ ပုတ္တရာသည် တခွန်းမျှ မပြောဘဲ ဆွမ်းကိုယူ၍ ကျောင်းသို့သာ ကြွသွား၏။ ထိုရဟန်းတို့သည် ညနေ တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ရှင်သာရိပုတ္တရာအား မယ်တော်က ဤသို့ ဤသို့ သဲဆိုသော် အမျက်ဒေါသ အနည်းငယ်မျှပင် မဖြစ်ပါ"ဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန္တာတို့ မည်သည် အမျက်ထွက်ခြင်း မရှိကြသည်သာတည်း"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၀။ "အမျက်လည်း မထွက်၊ ဓုတင်အကျင့်လည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ တဏှာများခြင်းလည်း မရှိ။ ဣန္ဒြေတို့ကိုလည်း ဆုံးမပြီး၍ နောက်ဆုံး ဘဝလျှင် ခန္ဓာကိုယ်ရှိသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။

## ၂၀၃။ ဥပ္ပလဝဏ် ထေရီမ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ဥပ္ပလဝဏ်ထေရီမ ဝတ္ထု (၅၄)၏အဆက်။ ။နန္ဒလုလင်တာ ဥပ္ပလဝဏ် ထေရီမအား ဗလက္ကာရ ပြုကျင့်သည်နှင့် ပတ်သက်၍ တနေ့သ၌ ရဟန်းတို့

သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ရဟန္တာတို့လည်း အသွားအသွေးဖြင့်စိုနေသည့် ခန္ဓာကိုယ်ရှိကြသဖြင့် ကာမဂုဏ်၏အရသာကို အဘယ့်ကြောင့် မသာယာဘဲ ရှိပါကုန်အံ့နည်း"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန္တာတို့သည် ကာမဂုဏ် ချမ်းသာကို မသာယာကြကုန်။ ကာမဂုဏ်ကို မမှီဝဲကြကုန်။ ပဒုမာ ကြာရွက်၌ ကျသော ရေပေါက်သည် မလိမ်းကျံဘဲ လျှောကျသွားသကဲ့သို့ ရဟန္တာတို့၏ စိတ်၌ ဝတ္ထု, ကာမကိလေသာ ကာမ နှစ်မျိုးလုံးလိမ်းကျံကပ်ငြိခြင်းမရှိ။ မတည်တံ့နိုင်ကုန်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၁။ "ကြာရွက်ပေါ်၌ ရေမတင်သကဲ့သို့ငြား၊ ဆောက်ဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ငြား ကာမဂုဏ်တို့၌ မလိမ်းကျံ မကပ်ငြိသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂၇၄။ ပုဏ္ဏားတဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏားတဦး၏ ကျွန်တယောက်သည် ထွက်ပြေး၍ ရဟန်းပြုသဖြင့် ရဟန္တာ ဖြစ်၏။ တနေ့သ၌ ထိုပုဏ္ဏားသည် ဘုရားရှင်နှင့်အတူ ဆွမ်းခံကြွသော ထိုကျွန်ရဟန်းကို မြင်လျှင် သင်္ကန်းကို မြဲစွာ ဆွဲကိုင်၏။ မြတ်စွာဘုရားသည် ပြန်လှည့်၍ အကြောင်းကို မေးမြန်းတော်မူပြီး "ပုဏ္ဏား၊ ဤရဟန်းသည် ခန္ဓာဝန် ချပြီးလေပြီ"ဟု မိန့်တော်မူ၏။ ထိုပုဏ္ဏားသည် 'ရဟန္တာ'ဟု မှတ်သားလျက် "ဤအတိုင်း မှန်ပါသလော"ဟုမေးလျှောက်သော် မြတ်စွာဘုရားက "ပုဏ္ဏား၊ မှန်ပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၂။ "အကြင်ရဟန်းသည် ဤဘဝ၌ပင် မိမိဆင်းရဲ၏ ကုန်ရာနိဗ္ဗာန်ကို သိ၏။ ခန္ဓာဝန်ချအပ်ပြီး၍ ကိလေသာနှင့် စပ်ယှဉ်ခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

## ၂၀၅။ ခေမာထေရီမ

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ်။

တညသ၌ သိကြားမင်းသည် နတ်ပရိသတ်နှင့်အတူ ဘုရားရှင်ထံလာ၍ ခစားနေစဉ် ခေမာထေရီ ရဟန္တာမသည် ကောင်းကင်ဖြင့် ဘုရားရှင်ထံ လာသော် သိကြားမင်းကို မြင်၍ ရှိခိုးပြီး ပြန်သွား၏။ သိကြားမင်းက "ဤ ရဟန်းမကား အဘယ်သူပါနည်း"ဟု မေးလျှောက်သော် မြတ်စွာဘုရားက "ငါဘုရား၏ သမီးတော် ထေရီမတည်း။ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာလှ၏"မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၃။ "နက်နဲသည့် ပညာ, ထက်မြက်သည့် ပညာရှိသော၊ လမ်းမှန်ဟုတ်သည်
မဟုတ်သည်၌ လိမ္မာ၍ မြတ်သော၊ အရဟတ္တ ဖိုလ်သို့ ရောက်ပြီး
သော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂၀၆။ တိဿမထေရ် (လိုဏ်ဂူနေ)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တိဿမထေရ်သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူပြီး တခုသော တောင်ဝှမ်း၌ လိုဏ်တခုကို တွေ့မြင်၍ "ဤလိုဏ်၌ ဝါတွင်းသုံးလနေအံ့"ဟု ဝင်ရောက်နေထိုင်၏။ နောက်တနေ့ အနီးရှိ ရွာသို့ ဆွမ်းခံဝင်သော် ဒါယိကာမကြီး တဦးက သူ့ကို သားကဲ့သို့ချစ်၍ ထိုနေ့မှစပြီး ဆွမ်းဖြင့် အမြဲလုပ်ကျွေး၏။ ထိုအခါ ထိုလိုဏ်ဂူနေ နတ်သည် မထေရ်လာရောက်နေထိုင်၍ လိုဏ်ထဲ၌လည်း အတူမနေဝံ့။ တခြားနေရာ၌လည်း နေစရာ မမြင်၍ "ဤရဟန်းကား ရဟန်းပြုသည်မှစ၍ အလွန်ပင် သီလ စင်ကြယ်သဖြင့် သူ့အား ထွက်သွားပါလော့ဟု နှင်ရန်မသင့်။ တစုံတရာ အပြစ်ရှာ၍ ထွက်သွားစေအံ့"ဟုကြံလျက် ထိုဒါယိကာမကြီး၏ သားငယ်၌ ပူးဝင်ကာ လည်

ကို နောက်ပြန်လှည့်, မျက်လုံးတို့ကို ပြူးထွက်စေ၏။ ဒါယိကာမကြီးက ငိုကြွေးမြည်တမ်းသော် ထိုနတ်သားက "သင့်ဆရာ မထေရ်၏ ခြေဆေးရေကို ယူ၍ သားဦးခေါင်းပေါ် လောင်းလော့"ဟု ဆိုလေ၏။

နောက်တနေ့ မထေရ် ကြွလာလျှင် ဒါယိကာမကြီးသည် နတ်ဆိုတိုင်း ပြုသော် ထိုခဏ၌ပင် ထိုနတ်သည် သူငယ်ကိုလွှတ်၍ လိုဏ်ဂူတံခါး၀၌ သွားနေလေ၏။ မထေရ်ဆွမ်းစားပြီး ပြန်လာသော် ထိုနတ်က "ဆေးသမားကြီး၊ ဤလိုဏ်ဂူထဲ မဝင်ပါလင့်။ ငါကား ဤလိုဏ်ဂူနေ နတ်တည်း"ဟု ဆို၏။ မထေရ်သည် ရဟန်းပြုသည်မှ စ၍ မိမိသီလကို ဆင်ခြင်၍ သီလ အလွန် စင်ကြယ်သည်ကို မြင်လျှင် "ငါဆေးကုဘူးသည် မမြင်ပါ"ဟုဆို၏၊ နတ်က "ယနေ့နံနက်ပင် သင်၏ ခြေဆေးရေကို ဘိလူးဖမ်းစားသည့် သူငယ်၏ ဦးခေါင်းပေါ်လောင်း၍ ရောဂါ ကင်းပျောက်စေခဲ့သည် မဟုတ်လော" ဟု ဆို၏။ ထိုစကားကိုကြားလျှင် မထေရ်သည် "ငါ့သီလကား အလွန် အထူး စင်ကြယ်လေစွ။ နတ်သည်ပင် ငါ့သီလ၌ အမည်းအနက် တကွက်မျှ မမြင်လေစွ"ဟု အားကြီးသော နှစ်သက်ခြင်း ပီတိဖြစ်ပြီး ထိုနေရာ၌ ရပ်လျက်ပင် ထိုပီတိကို စွန့်ခွာကာ ကမ္မဋ္ဌာန် ရှုသဖြင့် ရဟန္တာ ဖြစ်လေ၏။

ထိုအခါ မထေရ်က "ဤ၌သီလရှိသော ငါ နေအံ့။ သင်ထွက်လေလော့" ဟုဆိုပြီး ထိုလိုဏ်၌ ဝါကျွတ်သည်အထိနေပြီးဘုရားရှင်ထံသွား၏။ သူသည် ရဟန်းတို့အား ထိုအဖြစ်အပျက်ကို ပြောပြသော် "နတ်က ဤသို့ ပြုသည့် အခါ သင်အမျက်ထွက်သလော"ဟု မေးကြ၏။ "အမျက်မထွက်ပါ"ဟု ဆိုသော် ထိုရဟန်းတို့သည် ဘုရားရှင်ထံသွား၍ "ဤတိဿမထေရ်သည် ဤသို့ ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောပါ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော် တိဿ အမျက်မထွက်ခြင်း မှန်ပေ၏။ သူတပါးတို့နှင့် ဆက်ဆံစရာ မရှိတော့ပြီ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်၏။

၄၀၄။ "လူတို့နှင့်ရင်း၊ ရဟန်းတို့နှင့်ရင်း၊ လူရဟန်း နှစ်မျိုးလုံးနှင့်ရင်း တွယ်တာဆက်ဆံခြင်း မရှိသော၊ ကာမဂုဏ်တည်ရာသို့ ဆက်ဆံခြင်းမရှိသော၊အလိုနည်းပါးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၇။ ရဟန်းတပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရဟန်းတပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူပြီး တော၌ တရားအားထုတ်၍ ရဟန္တာဖြစ်သော် ဘုရားရှင်အား မိမိရသည့် ဂုဏ်ကျေးဇူးကို ပြောကြားရန် တောမှ ထွက်ခွာလာ၏။ ထိုအခါ ရွာတရွာ၌ မိန်းမတဦးသည် လင်နှင့် ရန်ဖြစ်ပြီးလင်မရှိခိုက် အိမ်မှ ဆင်းသွားသော် ခရီးအကြား၌ ထိုမထေရ်ကို မြင်လျှင်နောက်မှ အစဉ်လိုက်လေ၏။ လင်သည် ပြန်လာ၍ မယားကို မမြင်သဖြင့်"မိဘထံ သွားသည်ဖြစ်မည်"ဟု အစဉ်လိုက်၍ မထေရ်ကိုမြင်သော်"ဤရဟန်းသည် ဤမိန်းမကို ခေါ်ယူသွားသည်ဖြစ်လတံ့"ဟု ခြိမ်းချောက်မောင်းမဲ၏။ မယားက တောင်းပန်သော်လည်း သူသည် မယား၌ ဖြစ်သော ဒေါသရန်ငြိုးဖြင့် မထေရ်ကို ထောင်းသတ်ပုတ်ခတ်ပြီး မယားကို အိမ်ပြန်ခေါ်သွား၏။ ကျောင်းရောက်သော် ကိုယ်လက် ဆုပ်နယ်ပေးသည့် ရဟန်းတို့သည် တကိုယ်လုံး၌ ဒဏ်ရာ အဖုများကို မြင်၍ မေးသဖြင့် ထိုမထေရ်က အလုံးစုံကိုပြောပြ၏။

"ထိုထောင်းသတ်သည့် ယောကျ်ားအား အမျက်မထွက်သလော"ဟုမေးကြသော် မထေရ်က "ငါ့အား အမျက်ဒေါသ မဖြစ်ပါ" ဟု ဆို၏။ ထိုအခါ ထိုရဟန်းတို့သည် ဘုရားရှင်ထံ သွား၍"ဤရဟန်းသည် ဤသို့ ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောဆိုပါ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ရဟန္တာတို့မည်သည် တုတ်လက်နက်ကို ပယ်ချထားပြီး ဖြစ်ကုန်၏။ ပုတ်ခတ်ခံရသော်လည်း အမျက် မထွက်ကုန်" ဟု ထိုမထေရ် မဟန္တာဖြစ်ကြောင်း မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၅။ "အကြင်သူသည် ထိတ်လန့်ခြင်း ရှိကြသော ပုဂ္ဂိုလ်တို့၌၎င်း၊ မကြောက်
မလန့် တည်တံ့သော ရဟန္တာ ပုဂ္ဂိုလ်တို့၌၎င်း တုတ်လက်နက်ကို
ပယ်ချပြီးဖြစ်၍ မိမိလည်း မသတ်မည့်ဦးဆဲ၊ သူတပါကိုလည်း မသတ်
မညှဉ်းဆဲစေ ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂ဂဂ။ သာမဏေ လေးပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ပုဏ္ဏေးမတဦးသည် ရဟန်းလေးပါးအတွက် ဆွမ်းကို စီရင်ပြီး ပုဏ္ဏား ကြီးအား ကျောင်းသို့ စေလွှတ်၍ "ဗြာဟ္မဏ ဖြစ်သော ပုဂ္ဂိုလ်ကြီး လေးဦးကို ညွှန်ပြစေ၍ ပင့်ဆောင်ခဲ့လော့" ဟု ဆို၏။ ပုဏ္ဏားကြီးသည် သွား၍ ထိုသို့ လျှောက်ဆိုပြီး ရအပ်သော "သံကိစ္စ၊ ပဏ္ဍိတ၊ သောပါက၊ ရေဝတ" မည်သောခုနှစ်နှစ်သား ရဟန္တာသာမဏေလေးပါးကို အိမ်သို့ ပင့်လာ၏။ပုဏ္ဏေးမသည် ထိုသာမဏေတို့ကို မြင်လျှင် "ငါ့မြေးလောက်မဏာ ငယ်လှသည့်သူငယ် လေးဦးကို ခေါ်လာဘိ၏" ဟု အမျက်ထွက်၍ ထိုသာမဏေတို့အား ခင်းထားသည့် မြင့်မြတ်သော နေရာများ၌ မထားဘဲ နိမ့်သောနေရာတို့၌ ထိုင်နေစေ၏။နောက် သူမက စေခိုင်းသဖြင့် ပုဏ္ဏားကြီးသည် ကျောင်းသို့သွားရာ ရှင်သာရိ ပုတ္တရာကို တွေ့မြင်၍ ပင့်လာ၏။ မထေရ်သည် ထိုသာမဏေတို့ကို မြင်၍ မေးပြီး "ဆွမ်းမရသေးကြောင်း" ကြားရလျှင် ဆွမ်းကို မခံယူဘဲ ဖဲသွား၏။ တဖန် ပင့်ခိုင်း၍ ထိုပုဏ္ဏားကြီးသည် သွား၍ ရှင်မောဂ္ဂလ္လာန်ကို ပင့်လာ၏။ တဖန်ပင့်ခိုင်း၍ ပုဏ္ဏားကြီးသည် သွား၍ ရှင်မောဂ္ဂလ္လာန်ကို ပင့်လာ၏။ မထေရ်လည်း ရှေးနည်းတူပင် မေး၍ ဖဲသွား၏။

သာမဏေတို့ကား အချိန်ကြာမြင့်၍ ဆာမွတ်ကြလေ၏။ ထိုအခါသိကြား မင်းသည် ထိုအကြောင်းကို မြင်၍ ပုဏ္ဏားအိုကြီး အသွင်ဖြင့် လာ၏။ ထို ပုဏ္ဏေးမကြီးက ဧမ်းသာအားရစွာဖြင့် အိမ်ထဲခေါ်ပြီး မြင့်မြတ်သည့် နေရာ ပေါ်၌ ထိုင်ခိုင်း၏။ ပုဏ္ဏားအိုကြီးကား သာမဏေတို့ကို အလွန်ရိုသေစွာ ရှိခိုးပြီး မြေကြီးပေါ်၌ ထိုင်နေ၏။ပုဏ္ဏားလင်မယားတို့ကဆွဲထုတ်သော်လည်း မတတ်နိုင်ပေ။ထိုအခါ သိကြား ပုဏ္ဏားအိုကြီးသည် မိမိသိကြားဖြစ်ကြောင်း ပြောပြမှ ပုဏ္ဏေးမသည် ထိုသူ ငါးဦးလုံးအား ဘောဇဉ်တို့ကို ပေးလေ၏။ ထိုသူ ငါးဦးလုံး ဆွမ်းကို ယူ၍ အိမ်ကို ဖောက်ထွက်ပြီး ကောင်းကင်ဖြင့် သွားကြ၏။ သာမဏေတို့သည် ရဟန်းများအား ထိုအကြောင်းကို ပြောပြသော် ရဟန်းတို့က "သင်တို့ ထိုပုဏ္ဏားလင်မယားအား အမျက်မထွက်ကြသလော" ဟု မေးကြ၏။ "အမျက်မထွက်ကြပါ" ဟု ဆိုသော် ထိုရဟန်းတို့

သည် ဘုရားရှင်ထံ သွား၍ “ဤသာမဏေတို့သည် ဤသို့ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောဆိုကြပါ၏” ဟု လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့၊ ရဟန္တာတို့မည်သည် ဆန့်ကျင်ဖက်ပြုသူတို့နှင့်လည်း ဆန့်ကျင်ဖက် မပြုကုန်” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်၏။

၄၀၆။ “ရန်ငြိုးဖြင့် ဆန့်ကျင်ဘက်ပြုသော သူတို့၌ တုံ့ပြန် ဆန့်ကျင်ခြင်း မရှိပေသော၊မိမိ၌ လက်နက်ဖြင့် ဒဏ်ပြုကြသော သူတို့၌ ရန်တုံ့ မမူ၊ ရန်ငြိမ်းပြီးပေသော၊ ငါ, ငါ့ဥစ္စာဟု စွဲလမ်းကြသော သူတို့၌ စွဲလမ်းခြင်း မရှိပေသော ထိုပုဂ္ဂိုလ်ကို ‘ဗြာဟ္မဏ’ ဟုငါဘုရားဟော၏။”

## ၂၇၉။ မဟာပန် မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား “မဟာပန် မထေရ်သည်ရဟန္တာဖြစ်ပါလျက် ဉာဏ်ထိုင်းလှသည့် ညီ စူဠပန်မထေကို နှင်ထုတ်ခဲ့သဖြင့် ရဟန္တာတို့မှာ အမျက်ထွက်ခြင်း ရှိကြသေးသည် ထင်ပါ၏”ဟု လျှောက်ကြား၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ ရဟန္တာတို့မှာ ရာဂစသော ကိလေသာတို့ မရှိကုန်။ ငါ့သားတော် မဟာပန်သည် အကျိုးစီးပွားနှင့် အကြောင်းတရားကို ရှေ့ရှုပြီး ဤသို့ ပြုခြင်းဖြစ်၏”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၇။ “မုန်ညင်းစေ့သည် ပွတ်ဆောက်ဖျား၌ မတည်နိုင်ဘဲ လျှောကျသကဲ့သို့ စွဲမက်မှု‘ရာဂ’၊ အမျက်ထွက်မှု ‘ဒေါသ’၊ ထောင်လွှားမှု ‘မာန’၊ သူတပါး၏ ဂုဏ်ကျေးဇူးကို ဖျက်ဆီးမှု ‘မက္ခ’တရားတို့ လျှောကျ ကင်းရှင်းပြီးသော ထိုပုဂ္ဂိုလ်ကို ‘ဗြာဟ္မဏ’ဟု ငါဘုရားဟော၏။”

## ၂၈၀။ ပိလိန္ဒဝစ္ဆ မထေရ်

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ပိလိန္ဒဝစ္ဆမထေရ်သည် လူတို့ကိုလည်း၊ရဟန်းတို့ကိုလည်း“သူယုတ်မာ လာဦးလော့၊ သူယုတ်မာသွားဦးလော့” စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုလေ၏။

ရဟန်းတို့က ထိုအကြောင်းကို လျှောက်ကြားသဖြင့် မြတ်စွာဘုရားသည် ထိုမှထေရ်ကို ခေါ်မေးတော်မူပြီး မထေရ်၏ ရှေးဘဝများကို ဆင်ခြင်တော်မူလျက် "ရဟန်းတို့၊ ဝစ္ဆမထေရ်သည် ရှေးက ဘဝငါးရာတိုင်တိုင် ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့၍ 'သူယုတ်မာ' ဟု ခေါ်ဆိုလေ့ရှိခဲ့သဖြင့်ရဟန်းတို့ကို 'သူယုတ်မာ'ဟု ခေါ်ဆိုခြင်းကားထိခိုက်စေလိုသော ဒေါသစိတ်ရှိ၍မဟုတ်၊ ရှေးဘဝငါးရာက ပြုခဲ့သည့် အလေ့အထများကြောင့် ဖြစ်၏။ ရဟန္တာမည်သည် သူတပါးကို ထိခိုက်စေသည့် အစွမ်းဖြင့် ကြမ်းတမ်း ခက်ထန်ခြင်း မရှိ။ ရှေးက လေ့ကျက်ဘူးသည့် အစွမ်းဖြင့်သာ ငါ့သားတော် ပိလိန္ဒဝစ္ဆသည် ဤသို့ ပြောဆိုလေ့ရှိ၏ "ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၈။ "တစုံတယောက်ကိုမျှ အမျက်ဒေါသဖြင့် မထိခိုက် မငြိစွန်းသော၊ နူးညံ့ ပြေပြစ်၍ အနက်ဒေ မိပ္ပာယ် ပေါ်လွင်စေသော မှန်သော စကားကိုပြောဆိုရာ၏။ ဤသို့ ပြောဆိုသောသူကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၉၁။ မထေရ်တပါး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ မိစ္ဆာအယူရှိသော ပုဏ္ဏားတဦးသည် တနေ့သ၌ ကိုယ်နံ့စွဲမည်စိုး၍ အပေါ်ရုံပုဆိုးကို ပယ်ပြီး ဝင်းပြင်တနေရာ၌ ထားကာ အိမ်တံခါးအပြင်ဘက် ကြည့်လျက်နေ၏။ ထိုအခါ ရဟန္တာတပါးသည် ဆွမ်းစားပြီး ကျောင်းသို့လာစဉ် ထိုပုဆိုးကိုမြင်၍ ထိုမှ ဤမှ ကြည့်သော် တစုံတယောက်ကိုမျှ မမြင်သဖြင့် "ဤပုဆိုးသည် အရှင်မရှိ"ဟု ပံ့သုကူအမှတ်ဖြင့် ကောက်ယူလိုက်၏။ ထိုပုဏ္ဏားသည် မြင်၍ ဆဲဆိုလာပြီး "ဦးပြည်းရဟန်း၊ သင်သည် ငါ့ပုဆိုးကို ခိုးဘိ၏"ဟု ပြောဆိုကာ ပုဆိုးကို ယူသွား၏။ ထိုမထေရ်သည် ကျောင်းသို့ ရောက်၍ ပြောပြသဖြင့် ရဟန်းတို့က "ထိုပုဆိုး ရှည်သလော၊ တိုသလော"ဟု ပြက်ရယ်ပြုကြ၏။ မထေရ်က "ရှည်သည်ဖြစ်စေ၊ တိုသည် ဖြစ်စေ ငါ့မှာ ထိုပုဆိုး၌ နှစ်သက်တွယ်တာခြင်း မရှိပါ"ဟု ဆိုသော် ထို ရဟန်းတို့သည် ဘုရားရှင်ထံသွား၍ "ဤရဟန်းသည် ဤသို့ ဆို၍ ရဟန္တာ ဖြစ်ကြောင်း မဟုတ်မမှန် ပြောကြားပါ၏"ဟု လျှောက်ကြ၏။

မြတ်စွာဘုရားက "ရဟန်းတို့၊ ဤရဟန်းသည် အဟုတ်အမှန်ကို ဆိုပေ၏။ ရဟန္တာတို့ မည်သည် သူတပါး၏ ဥစ္စာကို မယူကုန်"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၀၉။ "လောက၌ ပိုင်ရှင် မပေးသော ဥစ္စာကို 'ရှည်သည် ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊မကောင်းသည်ဖြစ်စေ' မခိုးယူသော ပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂၉၂။ သာရိပုတ္တရာ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ရှင်သာရိပုတ္တရာသည် ရဟန်းငါးရာ ခြံရံလျက် ဇနပုဒ်၌ ကျောင်းတကျောင်းသို့ သွားပြီး ဝါကပ်၏။ ဝါကျွတ်သော် ဝါဆိုသင်္ကန်းများ မရောက်မီပင် "ပဉ္စင်းငယ်များ, သာမဏေများအတွက် လူတို့က ဝါဆိုသင်္ကန်းများ ယူလာသော် ငါ့ထံသို့ ပို့လိုက်ကြလော့"ဟု မှာထားခဲ့ပြီး ဘုရားရှင်ထံ သွား၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ရှင်သာရိပုတ္တရာကား ယခုတိုင်ပင် သင်္ကန်းစသည့် ဝတ္ထုပစ္စည်း၌ တပ်မက်ခြင်းတဏှာ ရှိသေး၏"ဟု ထိုအကြောင်းနှင့်တကွ လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော် သာရိပုတ္တရာမှာ တပ်မက်ခြင်းတဏှာ မရှိပြီ။ လူတို့အား ကောင်းမှုမှ မဆုတ်ယုတ်ပါစေလင့်၊ ပဉ္စင်းငယ်, သာမဏေတို့အားလည်း တရားနှင့် လျော်ညီသောလာဘ်မှ မဆုတ်ယုတ်ပါစေလင့်ဟု နှလုံးပြု၍သာ ဤသို့ ဆို၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၀။ "ဤလောက၌၎င်း၊တမလွန်လောက၌၎င်း၊ တပ်မက်ခြင်းတဏှာ မရှိသော၊ မက်မောမှု 'အာသာ'ကင်း၍ ကိလေသာနှင့် စပ်ယှဉ်သော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။"

## ၂၉၃။ မောဂ္ဂလ္လာန် မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာရိပုတ္တရာ မထေရ် (၂၉၂) အတိုင်း။ ။မြတ်စွာဘုရားသည် ရှင်မောဂ္ဂလ္လာန်မှာ တပ်မက်ခြင်းတဏှာ ကင်းပြီးကြောင်း မိန့်တော်မူ၍ ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၁။ "ကပ်ငြိ တွယ်တာခြင်း တဏှာမျာ်း မရှိသော၊ တရားမှန်ကိုသိ၍ တွေးတော ယုံမှားခြင်း မရှိသော အမြိုက်နိဗ္ဗာန်သို့ ရောက်သော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရားဟော၏။

## ၂၉၄။ ရေဝတ သာမဏေ (ရွာတောနေ)

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူစဉ်။

ရေဝတ သာမဏေ(၇၉)အတိုင်း။ ။တနေ့သ၌ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ရှင်ရေဝတကား လာဘ်ပေါများလှ၏။ ဘုန်းကံကြီးလှ၏။ သူသည် ရွာတော၌ တပါးတည်းနေလျက် ရဟန်းငါးရာအတွက် ပြာသာဒ်ကျောင်း ငါးရာ ပြုထားပေ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော် ရေဝတအား ကောင်းမှုလည်း မရှိ၊ မကောင်းမှုလည်း မရှိ။ ကောင်းမှု၊ မကောင်းမှု နှစ်ပါးလုံးကို ပယ်ရှားပြီးပြီ"ဟု ရေဝတ သာမဏေ ရဟန္တာဖြစ်ကြောင်း မိန့်ကြားတော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၂။ "ဤလောက၌ ကုသိုလ်ကိုင်း၊ အကုသိုလ်ကိုရင်း၊ ကုသိုလ်အကုသိုလ် နှစ်မျိုးလုံးကိုရင်း စွန့်ပယ်ပြီး၍ ကပ်ငြိတတ်သော တဏှာကို လွန်မြောက်သော၊ စိုးရိမ်ခြင်းမရှိ၊ ကိလေသာမြူမှုလည်း ကင်းရှင်း၍ စင်ကြယ်ပြီးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၉၅။ စန္ဒာဘာ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်။

ရှေးဘ၀က ပရိနိဗ္ဗာန်ပြုတော်မူသော ကဿပဘုရားရှင်၏ ရွှေစေတီ၏ ဝမ်းပိုက်၌ စန္ဒကူးနံ့သာဖြင့် လဝန်းသဏ္ဌာန် ပြုလုပ်ပူဇော်ခဲ့သော ကောင်းမှုကြောင့် ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏားမျိုးတွင်ဖြစ်သော သူငယ်မှာ မွေးစကပင် ချက်အဝန်းမှ လဝန်းသဏ္ဌာန် ထွန်းလင်းသည့်အရောင် ထွက်ပေ၏။ ထို့ကြောင့် 'စန္ဒာဘာ'ဟု တွင်၏။ ပုဏ္ဏားတို့သည် ထိုသူငယ်ကို ယာဉ်ပေါ်တင်၍ လှည့်ပတ်သွားလာ ငွေရှာကြ၏။ လူတို့သည် တရာ, တထောင် ပေးမှ ထိုပုဏ္ဏားငယ်၏ ကိုယ်ကို ထိခွင့်ရကြ၏။ ဤသို့ လှည့်လည်၍ သာဝတ္ထိပြည်သို့ ရောက်လာသော် မြို့နှင့် ဇေတဝန်ကျောင်း အကြား၌ နေရာကို ယူကြ၏။ သူတို့သည် ဘုရားရှင်ထံ တရားနာသွားကြသည့် အရိယာလူပုဂ္ဂိုလ်တို့ကို မြင်လျှင် မေးမြန်းပြီး "ထိုဘုရားထံသို့ သွားတရားနာ၍ အကျိုးမရှိ။ ဤစန္ဒာနှင့်တူသော တန်ခိုးအာနုဘော်ကြီးသူ မရှိ။ သူ၏ကိုယ်ကို တွေ့ထိရသူတို့သည် စည်းစိမ်ချမ်းသာကိုရကြ၏။ လာကြည့်ကြလော့"ဟုဖိတ်ခေါ်ကြ၏။ အရိယာတို့က "ငါတို့ ဘုရားရှင်သာ အတုမရှိ တန်ခိုးကြီး၏"ဟု ဆိုကြ၏။

ထိုအခါ ထိုပုဏ္ဏားတို့သည် စန္ဒာဘာကို ဘုရားရှင်နှင့် ယှဉ်ပြိုင်ရန် ကျောင်းတော်သို့ ခေါ်ဆောင်လာကြ၏။ စန္ဒာဘာသည် ဘုရားရှင်ရှေ့မှောက်ရောက်သော် အရောင်မထွက်, ကျီးပမာ မည်းနက်သွား၏။ အပြင်တနေရာသို့ ထွက်လေသော် စန္ဒာဘာသည် နဂိုအတိုင်း ထွန်းလင်းပြီး တဖန် ဘုရားရှင်ရှေ့ ရောက်လာသော် အရောင်မထွက်, မည်းနက်သွားပြန်၏။ ထိုအခါ စန္ဒာဘာက ဘုရားရှင်အား "ကျွန်ုပ်၏ အရောင်ကို ကွယ်ပျောက်စေတတ်သော မန္တန်ကို ပေးသနားပါ ဘုရား"ဟု လျှောက်၏။ "ရဟန်းမဟုတ်သူအား ပေး၍မရ"ဟု မိန့်တော်မူသဖြင့် စန္ဒာဘာသည် ထိုပုဏ္ဏားတို့အား ကျောင်းပြင်၌ စောင့်ဆိုင်းနေစေပြီး ရဟန်းပြု၍ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို သင်ယူရွတ်ဖတ် စီးဖြန်းသော် နှစ်ရက်သုံးရက်အတွင်း ရဟန္တာဖြစ်၏။ စောင့်နေသည့် ထိုပုဏ္ဏားတို့က "သင် မန္တန် ရပြီလော"ဟု လာမေးကြသော် စန္ဒာဘာ မထေရ်က "သင်တို့ သွားကြလော့။ ငါကား မသွားစကောင်းသော သဘောရှိပေပြီ"ဟု ဆိုလေ၏။

ထိုစကားကို ကြားလျှင် ရဟန်းတို့သည် ဘုရားရှင်ထံ သွား၍ "စန္ဒာဘမထေရ်သည် ဤသို့ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောကြားပါ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော် စန္ဒာဘသည် အာသဝေါ ကုန်လေပြီ။ အဟုတ်အမှန်ကိုသာ ဆိုပေ၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၃။ "အညစ်အကြေး ကင်းစင်သော လမင်းကဲ့သို့ ကိလေသာမရှိ၊ စင်ကြယ်သော၊ ကိလေသာနောက်ကျုခြင်းကင်း၍ စိတ်အထူး ကြည်လင်သော၊ ဘဝသုံးပါး၌ တပ်မက်မှုတဏှာ ကုန်ခန်းလေပြီးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၉၆။ သီဝလိ မထေရ်

မြတ်စွာဘုရား 'ကုဏ္ဍကောလိယ' မြို့ကိုမှီ၍ 'ကုဏ္ဍဓာန'တော၌ နေတော်မူစဉ်။

'သုပ္ပဝါသာ'မည်သော ကောလိယ မင်းသမီးသည် ခုနစ်နှစ် ကိုယ်ဝန်ဆောင်ရပြီး ခုနစ်ရက်လုံး မီးဖွားရန် ပြင်းထန်သည့် ဝေဒနာများ ခံစားရသဖြင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်များကို အဖန်ဖန်အောက်မေ့လျက် လင်ကို ဘုရားရှင်ထံ စေလွှတ်၍ "ဘုရားရှင်အား ကျွန်ုပ်၏ စကားဖြင့် ရှိခိုးပါကြောင်း လျှောက်ထားပါလော့"ဟု ဆို၏။ လင်သည် သွား၍ ထိုအတိုင်း လျှောက်သော် မြတ်စွာဘုရားက "သုပ္ပဝါသာသည် ချမ်းသာစေသတည်း။ သားကောင်းရတနာကို ချမ်းသာစွာ ဖွားမြင်စေသတည်း"ဟု မိန့်တော်မူ၏။ ထိုခဏ၌ပင် သုပ္ပဝါသာသည် ချမ်းသာစွာ သားကောင်းရတနာကို ဖွားမြင်သဖြင့် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ပင့်ဖိတ်၍ ခုနစ်ရက်လုံး အလှူပေး၏။ သားလည်း ဖွားသည့်နေ့မှစ၍ ရဟန်းများအား ရေကို စစ်၍ ဆက်ကပ်၏။ နောက် ထိုသူငယ်သည် ရဟန်းပြုသော် မိမိဦးခေါင်းမှ ဆံများရိတ်ပြီးသည့် အဆုံး၌ပင် ရဟန္တာ ဖြစ်၏။ "သီဝလိ"ဟု တွင်ပြီး လာဘ်ပေါများသည့် ရဟန်းတို့တွင် အမြတ်ဆုံး 'ဧတဒဂ်'ရလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်သို့ ကြွလာသော ဘုရားရှင်အား "ဤသို့ ရဟန္တာဖြစ်မည့်သူ ဖြစ်လျက် အမိဝမ်းတွင်း၌ ဤမျှလောက်သော ဆင်းရဲကို ခံခဲ့ရပြီး ယခု ဆင်းရဲအလုံးစုံမှ ကင်းလွတ်လေပြီ"ဟု လျှောက်ကြ

၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ သိဝလိသည် ရှေး၌ မင်းသားဖြစ်စဉ်က ဖခင်ထီးနန်းကို ရန်သူမင်းထံမှ ပြန်ယူရာတွင် မိခင်အကြံပေးသည့်အတိုင်း မြို့ကို ခုနစ်ရက်လုံး ပိတ်ဆို့ပြီး လူအပေါင်းအား အစာရေစာ ပြတ်အောင် ပြုခဲ့သည့် မခကာင်းမှုကံကောင့် ဤသို့သော ဆင်းရဲကို ခံရပေ၏(အသာတရူပ ဇာတ်)။ ယခုမူ ထိုဆင်းရဲအလုံးစုံမှ လွတ်မြောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု လေပြီ” ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၄။ “အကြင်ပုဂ္ဂိုလ်သည်‘ရာဂ ဟူသော ဘေး,ကိလေသာ ဟူသော ခရီးခဲ, သံသရာဝဋ်ဆင်းရဲ, မောဟ အမိုက်မှောင်’ကို လွန်မြောက်ပြီး သြဃ လေးပါးကို ကူးမြောက်ပြီး၍ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက် ၏။ ဈာန်နှစ်ပါးဖြင့် ရှုလေ့ရှိ၏။ တဏှာကင်း၍ တွေးတောယုံမှားခြင်း မရှိ။ စွဲလမ်းခြင်း မရှိဘဲ, ကိလေသာ ငြိမ်းအေးပြီးလေပြီ ထိုပုဂ္ဂိုလ်ကို ‘ဗြာဟ္မဏ’ဟု ငါဘုရား ဟော၏။”

## ၂၉၇။ သုန္ဒရသမုဒ္ဒ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

သာဝတ္ထိပြည်၌ ‘သုန္ဒရသမုဒ္ဒ’ မည်သော သူဌေးသားသည် ဘုရား ရှင်ထံ ရဟန်းပြုပြီး သေးဆယ့်ငါးယူဇနာ ဝေးသည့် ရာဇဂြိုဟ်ပြည်သို့ ကြွ၍ ဈာန်တရား ပွားများလျက်နေ၏။ ထိုအခါ တနေ့သ၌ သာဝတ္ထိပြည် တွင် ပွဲသဘင်ဖြစ်သော် မထေရ်၏ မိဘတို့သည် “ငါ့သားကား ဤပျော်ရွှင်ပွဲ ကို မရရှာဘိ”ဟု မြည်တမ်းငိုကြွေးကြရှာ၏။ ထိုအခါ ပြည့်တန်ဆာမတဦး ရောက်လာ၍ အကြောင်းစုံကို မေးပြီးသော် “ကျွန်ုပ်သည် သင်တို့သားကို အကာယ်၍ လူထွက်စေနိုင်လျှင် ကျွန်ုမသား ဘယ်သို့ ကျေးဇူးဆပ်မည်နည်း” ဟု မေး၏။ “သင့်အား ဤအမျိုး၏ ဥစ္စာ စည်းစိမ်ရှင် ပြုကုန်အံ့”ဟု ဆိုသော် သူမသည် ဥစ္စာကို တောင်းယူ၍ အခြွေအရံများဖြင့် ရာဇဂြိုဟ် ပြည်သို့သွားကာ ထိုမထေရ်၏ ဆွမ်းခံရာလမ်း၌ ရှိသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကိုယူပြီး နံနက်စောစောကပင်ကောင်းမွန်သည့်ဆွမ်းကို စီမံထား၏။ မထေရ် ကြွလာသော် သူမသည် အိမ်သို့ပင့်၍ ဆွမ်းကိုလှူ၏။ နှစ်ရက် သုံး ရက်ကြာလျှင် “ဤအိမ်၌သာ ဆွမ်းစားပါလော့”ဟု အိမ်ဦး၌ ဆွမ်း ကပ်၏။

နောက် နှစ်ရက် သုံးရက်ကြာလျှင် သူမသည် ကလေး သူငယ်တို့အား ငွေပေးပြီး မထေရ် ကြွလာသည့်အခါ အိမ်ရှေ့၌ ဖုံ့များ ထ,အောင် ကစားစေ၏။ မထေရ် ကြွလာသော် “သူငယ်တို့ ကစား၍ မြူမှုန့်များ ထ,ပါ၏။ အိမ်ထဲ၌သာ ဆွမ်းစားပါလော”ဟုဆို၍ အိမ်ထဲ၌ ဆွမ်းကပ်၏။ နောက် နှစ်ရက် သုံးရက်ကြာလျှင် ထိုသူငယ်များအား ငွေပေးပြီး အိမ်နား၌ ဆူညံ့အော်ဟစ်စေ၏။ မထေရ် ကြွလာသော် သူမက “သူငယ်တို့ အသံဖြင့် ဆူညံလှပါ၏။ ပြာသာဒ်ပေါ်တက်၍ ဆွမ်းစားပါလော့”ဟု ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်သို့ ရှေ့က ကြွစေပြီး နောက်က လိုက်လျက် ရောက်သော် တံခါးများကို ပိတ်လိုက်၏။ တရားအားထုတ်သည့် မထေရ်ပင် ဖြစ်သော်လည်း ရသတဏှာဖြင့် နှောင်ဖွဲ့ခံရသဖြင့် ထိုမိန်းမဆိုတိုင်း ပြုရှာလေ၏။ ထိုမိန်းမသည် မထေရ်ကို ထိုင်စေပြီး မိန်းမတို့၏ မာယာ လေးဆယ် အမူအရာကို ပြ၍၎င်၊ မိန်းမတို့၏ တင့်တယ်စံပယ်ခြင်းဖြင့်၎င်း သွေးဆောင် ဖြားယောင်း၏။

နောက် မထေရ်ရှေ့၌ရပ်လျက် “အရှင်ဘုရား၊ သင်သည် ကျွန်ုပ်၏ နုပျို စိတ်ထွား လင်ယောကျ်ားဖြစ်ပါလော့။ ကျွန်ုပ်လည်း အရှင်၏ ကြင်ယာ သက်ထား ချစ်မယား ဖြစ်ပါအံ့။ ကာမဂုဏ် ခံစားပြီး၍ အိုမင်းမစွမ်း ရှိသောအခါမှ မောင်က ရှေ့ကသွား မယ်ကား နောက်ကလိုက်၊ တစိုက်စိုက်ဖြင့်၊ အမြိုက်စခန်း၊ နိဗ္ဗာန်လှမ်းရအောင် ရဟန်းပြုကြပါစို့လား ဘုရား” ဟုသီဆိုလေ၏။ ထိုအခါမှ မထေရ်သည် “ငါမဆင်ခြင်၍ ဤဝန်လေးသည့် အမှုကို ပြုမိလေစွ”ဟု ကြီးစွာထိတ်လန့်လေ၏။ ထိုခဏ၌ မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား “ချစ်သား၊ ရာဇဂြိုဟ်ပြည်တွင် ဘုံခုနစ်ဆင့် ပေါ်၌ သုန္ဒရသမုဒ္ဒ မထေရ်နှင့် ပြည့်တန်ဆာတို့ စစ်ထိုးနေဘိ၏။ မထေရ်နိုင်ပြီး ထိုမိန်းမ ရှုံးလတံ့”ဟု မိန့်တော်မူ၏။ နောက် ဘုရားရှင်သည် မထေရ်ထံ ရောင်ခြည်တော်ကို လွှတ်၍ ပျံ့နှံ့စေလျက် “ချစ်သား၊ ဝတ္ထု, ကိလေသာ နှစ်ဖြာ ကာမတို့ကို မငဲ့မကွက် စွန့်ပယ်လေလော့”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၅။ “ဤလောက၌ ကာမဂုဏ်နှစ်မျိုးလုံးကို စွန့်ပယ်ပြီး အိမ်ရာမထောင်ဘဲ
ရဟန်းပြုပေသော၊ ကာမဂုဏ်နှင့် ဘဝနှစ်ပါးစုံ ကုန်ပြီးထသော
ထိုပုဂ္ဂိုလ်ကို ‘ဗြာဟ္မဏ’ဟု ငါဘုရား ဟော၏။”

ဤတရားကို ကြားနာပြီးသော် ထိုမထေရ်သည် ရဟန္တာဖြစ်၍ အမိုးကို ဖောက်ထွက်ပြီး ကောင်းကင်ဖြင့် ဘုရားရှင်ထံ တောက်လျှောက် ကြွလေ၏။

## ၂၉၈။ ဇမ္ဗုလ မထေရ်(သူဌေး)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ပရိနိဗ္ဗာန် စံတော်မူသော ကဿပ ဘုရားရှင်၏ ရွှေစေတီတော်ကို တည်ဆောက်ရာ၌ လူတို့အား လိုက်လံ ဆော်ဩသော ရဟန္တာမထေရ် တပါးသည် ရွှေပန်းထိမ်သည် တဦး၏ အိမ်သို့ ရောက်သွား၏။ ရွှေပန်းထိမ်သည် သည် မယားနှင့် ရန်ဖြစ်နေခိုက်ဖြစ်၍ "အရှင်ဘုရား၏ ဘုရားကို ရေထဲ ပစ်၍ ကြွတော်မူလော့"ဟု ဆိုလိုက်၏။ နောက် မယားက "ငါ့ကိုအမျက် ထွက်လျှင် ငါ့ကိုသာ ဆဲဆိုရိုက်နှက်သင့်လျက် ဘုရားရှင်ကို ပြစ်မှားဘို့၏" ဟု ဆိုမှ သူသည် ထိတ်လန့်သတိရပြီး ရွှေပန်းပွင့်များဖြင့်ပြည့်သော ရွှေပန်းအိုး သုံးလုံးကို ပူလုပ်ပြီး ဓာတ်တော်များ ကိန်းဝပ်ရာ ဌာပနာတိုက်ထဲ၌ ထည့်သွင်း လှူဒါန်းလေ၏။ ထိုပန်းထိမ်သည် လူ့ပြည် နတ်ပြည် တို့၌ ဖြစ်လျက် ဂေါတမ ဘုရားလက်ထက်တွင် ဗာရာဏသီပြည်၌ အာကာပျံ ဝိဇ္ဇာဓိုရ် တဦးနှင့် တိတ်တဆိတ် ပေါင်းခဲ့၍ ကိုယ်ဝန်ရသော် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်၌ မိဘတို့ ထားအပ်သော သူဌေးသမီး၏ ဝမ်း၌ဖြစ်၏။

သူဌေးသမီးသည် ဖွားမြင်သော သားငယ်ကို ရေအိုးထဲ ထည့်ပြီး မြစ်ထဲ မျှောလိုက်၏။ (အရှင်ဘုရား၏ ဘုရားကို ရေထဲ ပစ်ချသွားပါလော ဟူသော ဝစီကံ၏ အကျိုး။) ဒ်မျိုးသမီး တဦးသည် မြစ်ထဲ ရေချိုးစဉ် ထိုအိုးကို ရ၍ သူငယ်ကို 'ဇမ္ဗုလ'ဟု အမည်ပေးပြီး မွေးမြူ၏။ နောက် သူမသည် သွားနိုင်သည့် အရွယ်တွင် ထိုသူငယ်ကို သူမ ကိုးကွယ်သည့် ရှင်မဟာကစ္စည်း မထေရ်အား သာမဏေပြုရန် အပ်နှံ၏။ မထေရ်သည် သူငယ်၏ လောကီ ဘုန်းကံ ခံစားရဦးမည့်သူ ဖြစ်သည်ကိုမြင်၍ တက္ကသိုလ်ပြည်သို့ သွားကာ မိမိ၏ ဒါယကာ ကုန်သည်တဦးထံ၌ အပ်နှံ၏။ သူငယ်သည် အရွယ်ရောက်၍ ထိုကုန်သည်၏သမီးနှင့် အိမ်ထောင်ကျ၏။ လက်ထပ်ပြီး အသစ်ဆောက် ပေးသော အိမ်သို တက်သည့်ခဏ၌ပင် အိမ်နောက်ဖေး၌ မြေကို ဖောက်ခွဲပြီး အတောင် ရှစ်ဆယ်ရှိ ရွှေတောင်ကြီးပေါက်ကာ သူဌေးကြီး ဖြစ်လေ၏။ သူသည် သား သုံးဦးကိုရပြီး ဘုရားရှင်ထံ၌ ရဟန်းပြုသော် နှစ်ရက် သုံးရက်အတွင်း ရဟန္တာ ဖြစ်လေ၏။

တနေ့သ၌ ဘုရားရှင်သည် ဇင္ဂိလမထေရ် အပါအဝင် ရဟန်းငါးရာ ခြံရံလျက် ဆွမ်းခံကြွသော် ဇင္ဂိလ၏ သားများ အိမ်တံခါးသို့ ရောက်သွား၏။ ဇင္ဂိလ၏ သားတို့သည် ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား ဆဲ့ငါး ရက်လုံး ဆွမ်းကပ် အလှူကြီး ပေးကြ၏။ နောက်တနေ့သ၌ ရဟန်းတို့က "ငါ့ရှင် ဇင္ဂိလ၊ အတောင်ရှစ်ဆယ်ရှိသော ရွှေတောင်ကြီးနှင့် သားတို့၌ တပ်မက်ခြင်း တဏှာ သင့်မှာ ယခုတိုင် ရှိသေးသလော"ဟု မေးကြ၏။ "မရှိပါ"ဟု ဆိုသော် ထိုရဟန်းတို့သည် ဘုရားရှင်ထံသွားပြီး "ဇင္ဂိလ မထေရ်သည် ဤသို့ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောကြားပါ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော် ဇင္ဂိလမှာ တပ်မက်ခြင်းတဏှာ, ထောင်လွှားခြင်း မာန်မာန အလျဉ်း မရှိတော့ပေ"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၆။ "ဤလောက၌ တပ်မက်ခြင်းတဏှာကို ပယ်၍ အိမ်ရာ မထောင်ဘဲ ရဟန်းပြုသော၊ တပ်မက်ခြင်းတဏှာနှင့် ဘဝကုန်ခန်းပြီးသောထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

## ၂၆၉။ ဇောတိက မထေရ် (သူဌေး)

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရှေးအခါက သူကြွယ်တဦးသည် မိမိကြံခင်းမှ အရည်ပြည့်သော ကြံကြီး နှစ်ချောင်းကို ယူလာစဉ် ကြွလာသော ပစ္စေကဗုဒ္ဓါအား ကြံတချောင်းဖြင့် ကြံရည် တသပိတ်အပြည့် လှူ၏။ပစ္စေကဗုဒ္ဓါသည် ထိုနေရာ၌ပင် သုံးဆောင်၏။ နောက် ကြံတချောင်းဖြင့် ကြံရည် တသပိတ်အပြည့်ထပ်လှူပြန်၏။ ဤ ကောင်းမှုကြောင့် သူသည် နက်ပြည်၌ ဖြစ်၏။ နောက် ဝိပဿီဘုရား လက်ထက်၌ သူကြွယ်ဖြစ်၍ ဘုရားရှင်အတွက် ရတနာဖြင့်ပြီးသော ဂန္ဓကုဋိတိုက်ကို ဆောက်လုပ် လှူဒါန်း၏။ ဂန္ဓကုဋိထဲ၌ ဘုရားရှင်၏ ခြေတော်ရင်းတွင် အဖိုးအနဂ္ဃ ထိုက်သည့် သခွားသီးခန့်ကြီးသည့် ပတ္တမြားလုံးကို ထားကာ လှူဒါန်း၏။ ထိုပတ္တမြားလုံး အခိုးခံရသော် "ငါမပေးဘဲ မည်သူမျှ မယူနိုင်စေသတည်း"ဟုဆုတောင်းပြီး ကုသိုလ်များကိုပြုလေ၏။သူသည် ဂေါတမ ဘုရားရှင် လက်ထက်၌ ရာဇဂြိုဟ်ပြည်တွင် သူဌေးကြီးတဦးအိမ်၌ ဖြစ်၍ သူ

ဖွားသည့်နေ့၌ တိုင်းပြည် အတွင်းရှိ လက်နက်ဟူသမျှ တောက်ပသဖြင့် သူ့အား 'ဇောတိက'ဟု အမည်ပေး၏။

ဇောတိက အရွယ်ရောက်၍သူ့အတွက် အိမ်ဆောက်ရန် ဖခင် သူဌေးကြီး ကမြေကို သုတ်သင် ရှင်းစေပြီးသော် သိကြားမင်းလာ၍ ထိုမြေ၌ရတနာ ခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကြီးကို တန်ခိုးဖြင့်မြေမှ ပေါက်စေ၏။ တံတိုင်း ခုနစ်ထပ်ရှိ၏။ ထိုတံတိုင်း ခုနစ်ခု၏ မုခ်အသီးသီး၌ နတ်ဘီးလူးတဦးစီးစောင့်၏။ တံတိုင်းခုနစ်ခုအသီးသီး၏အစွန်အဖျား၌ ပဒေသာပင်ပေါက်ကုန်၏။ ပြာသာဒ်၏ ထောင့်လေးခုတို့၌ တဂါဝုတ်ရှိ ရွှေအိုးကြီးလေးလုံး ပေါက်ကြ၏။ ဇောတိကနှင့်အတူ ကောင်းမှု ပြုဘက်ဖြစ်သည့် မြောက်ကျွန်းမှ အမျိုးသမီးကို နတ်တို့က ယူဆောင်ပေး၏။ မြောက်ကျွန်းသူမှာ ဆန်တစလယ်နှင့် ပတ္တမြားခုံလောက် သုံးခုပါလာ၏။ ထိုခုံလောက်ပေါ်တွင်ထမင်း, ဟင်းအိုးတည်လျှင် အလိုလိုကျက်၏။ဆန်တစလယ်ကား မည်မျှသုံးသုံး လျော့သည်မရှိ ပြည့်မြဲဖြစ်၏။ သူတို့ ဇနီးမောင်နှံသည် တသက်လုံး ထိုဆန်တစလယ် ထမင်းကိုသာ သုံးဆောင်၏။ သူတို့သည် ဆီမီးကို မသုံး။ ပတ္တမြား အလင်းရောင်ဖြင့်သာ နေကြ၏။

ဇောတိကသည် သူ့ထံလာကြည့်ကြသောလူတိုင်းအား မြောက်ကျွန်းဆန်ထမင်းဖြင့် ကျွေးမွေး၍ ပဒေသာပင်တို့မှ အဝတ်အထည်များ, ရွှေအိုးကြီးလေးလုံးမှ ရွှေရတနာများကို အလောက်အငပေးကမ်း၏။ နောက် ဗိမ္ဗိသာရမင်းကြီးသည် အခြွေအရံများနှင့်တကွ လာပြီး သားငယ် အဇာတသတ်ကို လက်ချောင်း၌ ဆွဲလက် အံ့မခန်းသော ပြာသာဒ်ကို လှည့်လည်ကြည့်ရှုသော် သားငယ် အဇာတသတ်က "ငါသာ ရှင်ဘုရင်ဖြစ်လျှင် ဇောတိကအား ဤပြာသာဒ်၌ နေခွင့်မပေးအံ့"ဟု ကြံ၏။ မင်းကြီးသည် မြောက်ကျွန်းဆန်ထမင်းနှင့်တကွ အရသာရှိ စားဘွယ်တို့ကို စားသောက်ပြီး သူဌေးကတော်ကို ကြည့်လို၍ ခေါ်ခိုင်း၏။ သူဌေးကတော်သည် မင်းကြီးအနီး၌ နေလျက် ယပ်ခပ်ပေးသော် မင်းကြီးကိုယ်မှ ချွေးနံ့၊ ချေးနံ့ အခိုးအငွေ့များဟပ်သဖြင့် မခံနိုင်၍ မျက်ရည်ကျ၏။ ဇောတိကသည် မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြားပြီး "နောင် ပတ္တမြားအရောင်ဖြင့် နေတော်မူပါ"ဟု အဖိုးအနဂ္ဃထိုက်သည့် သခွားသီးခန့်ရှိ ပတ္တမြားကြီးကို ပေးလိုက်၏။

အဇာတသတ်သည် ဖခင်မင်းကြီးကို သတ်ပြီး မင်းဖြစ်သော် "ဇောတိက၏ ပြာသာဒ်ကို တိုက်၍ လုယူအံ့"ဟု စစ်သည်များစွာဖြင့် သွားသော်

ပတ္တမြားတံတိုင်း၌ စစ်သည်များနှင့်တကွ မိမိ၏ အရိပ်ကိုမြင်လျှင်“ဇောတိက သည် စစ်မက်ဗိုလ်ပါ များစွာနှင့် တိုက်ခိုက်ရန် ထွက်လာပြီ”ဟု ထင်မှတ်ပြီး မကပ်ဝံ့ပေ။နောက် ပထမတံခါးမုခ်၌စောင့်သည့်နတ်ဘီလူးက အဇာတသတ် နှင့် စစ်သည်အပေါင်းကို နောက်က ထက်ကြပ်လိုက်၍ တိုက်ခိုက်လေ၏။

အဇာတသတ်သည် ဝေဠုဝန် ကျောင်းသို့သာ ထွက်ပြေးရ၏။ သူသည် ဘုရားရှင်ထံ၌ တရားနာနေသော ဇောတိကကို မြင်လျှင် “သင်သည် စစ်သည်တို့ကို စေလွှတ်၍ ငါနှင့် စစ်ထိုးခိုင်းပြီးမှ ယခု တရားနာလေဟန် ပြုဘိ၏”ဟု ဆို၏။ ဇောတိကသည် “မင်းကြီးကား ငါ့ပြာသာဒ်ကို လုယူရန် သွားပြီး တိုက်ခိုက်၏”ဟု သိသဖြင့် “မင်းကြီး၊ ကျွန်ုပ်၏ဥစ္စာကို ကျွန်ုပ်မပေး လျှင် မရနိုင်”ဟု ဆိုလျက် လက်ဆယ်ချောင်းမှ လက်စွပ်နှစ်ဆယ်ကို ချွတ်ယူ ခိုင်း၏။

မင်းကြီးသည် ချွေးပြန်အောင် ချွတ်ယူ၍မရသော် ဇောတိကက မင်းကြီး အား ပုဆိုးကို ဖြန့်စေပြီး အပေါ်၌ လက်ဆယ်ချောင်းကို ထောင်စိုက်လိုက် လျှင် ထိုလက်စွပ်တို့ အလိုလို ကျကုန်၏။ ထိုအခါ ဇောတိကသည် မင်းကြီး အား ပန်ကြား၍ ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။ ထိုခဏ၌ပင် သူ၏ စည်းစိမ် ချမ်းသာ အားလုံး ကွယ်ပျောက်၏။ မယားကိုလည်း နတ်တို့က မြောက်ကျွန်း သို့ ပြန်ပို့လိုက်ကြ၏။ ဇောတိကသည် ရဟန်းပြုပြီး မကြာမီပင် ရဟန္တာဖြစ်၏။ တနေ့သ၌ ရဟန်းတို့က “ငါ့ရှင် ဇောတိက၊ သင့်ပြာသာဒ်၊ သင့်စည်းစိမ်၊ သင့်မယားတို့၌ တပ်မက်ခြင်းတဏှာ သင့်မှာ ရှိသလော”ဟု မေးကြ၏။ “မရှိပါ”ဟု ဆိုသော် ထိုရဟန်းတို့သည် ဘုရားရှင်ထံ သွား၍ “ဇောတိက မထေရ်သည် ဤသို့ ဆိုကာ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောပါ၏” ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက “ရဟန်းတို့၊ ငါ့သားတော် ဇောတိက သည် အဟုတ်အမှန်ကိုသာ ပြောဆိုဘိ၏။ သူ့မှာ တဏှာမရှိတော့ပေ”ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၇။ “ဤလောက၌ တပ်မက်ခြင်း တဏှာကို ပယ်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြုသော၊တပ်မက်ခြင်းတဏှာနှင့်ဘဝကုန်ခန်းပြီးသော ထိုပုဂ္ဂိုလ် ကို ‘ဗြာဟ္မဏ’ဟု ငါဘုရား ဟော၏။”

## ၃၀၀။ ကချေသည်မ၏ သား

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ကချေသည်မတဦး၏သားသည် ကချေသည်အမှုဖြင့် ကပြလျက် လှည့်လည်စဉ် ဘုရားရှင်၏တရားကို နာရ၍ ရဟန်းပြုသော် ရဟန္တာ ဖြစ်၏။ ဘုရားရှင်သည် ထိုမထေရ်အပါအဝင် ရဟန်းများခြံရံလျက် ဆွမ်းခံစဉ်၊ ရဟန်းတို့သည် ကချေသည်မသားတဦး ကပြ ကစားနေသည်ကို မြင်ရလျှင် ထိုမထေရ်အား "ငါ့ရှင်၊ ဤကစားခြင်း၌ နှစ်သက်ခြင်း ရှိသေးသလော" ဟု မေးကြ၏။ "မရှိပါ" ဟု ဆိုသော် ထိုရဟန်းတို့က ဘုရားရှင်အား "ဤမထေရ်သည် ဤသို့ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောဆိုပါ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော်သည် 'ယောဂ' တရားအားလုံးကို လွန်မြောက်လေပြီ" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၇။ "လူ၌ဖြစ်သော ကာမဂုဏ်ငါးပါး (ယောဂ) ကို စွန့်ပယ်၍ နတ်၌ဖြစ်သော ကာမဂုဏ်ကို လွန်မြောက်ပြီးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ' ဟု ငါဘုရား ဟော၏။"

## ၃၀၁။ ကချေသည်မ၏ သား

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရှေးဝတ္ထု (၃၀၀) အတိုင်း။ ။ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော်သည် မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းတို့ကို စွန့်ပယ်၍ တည်လေပြီ" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၁၈။ "ကာမဂုဏ်၌ မွေ့လျော်ခြင်းကိုရင်း၊ တော၌ မမွေ့လျော်ခြင်းကိုရင်း ပယ်စွန့်၍ ငြိမ်းအေးပြီးသော 'ဥပဓိ' တရား လေးပါး ကင်း၍ လောကအလုံးစုံကို နှိမ်နင်းကာ တည်သော၊ လုံ့လရဲရင့်ခြင်း ရှိသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ' ဟု ငါဘုရား ဟော၏။"

## ၁၀၂။ ဝင်္ဂီသ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်၌ 'ဝင်္ဂီသ'မည်သော ပုဏ္ဏားတဦးသည် သေသောလူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ "ဤသူ ဤသူသည် ငရဲ၌ဖြစ်၏၊ တိရစ္ဆာန်၌ ဖြစ်၏၊ ပြိတ္တာဘုံ၌ ဖြစ်၏၊ လူ့ပြည်၌ဖြစ်၏၊ နတ်ပြည်၌ ဖြစ်၏" ဟု သိ၏။ ပုဏ္ဏားတို့သည် ထိုဝင်္ဂီသကို ယူဆောင်လျက် ဇနပုဒ်သို့ လှည့်လည်ကာ ထိုပညာကို ပြစေသော် လူတို့သည် မိမိတို့၏ သေသူ ဆွေမျိုးများ ဖြစ်ရာကို ငွေတဆယ်၊ နှစ်ဆယ်၊ တရာစသည် ပေး၍ မေးကြ၏။ ဤသို့ လှည့်လည်၍ သာဝတ္ထိပြည်သို့ရောက်လာ၍ဇေတဝန်ကျောင်းအနီး၌ နေရာကိုယူကြ၏။သူတို့သည် ဘုရားရှင်ထံ တရားနာ သွားကြမည့် လူတို့ကို ဝင်္ဂီသ၏ အတတ်ပညာ အကြောင်း ပြောပြ၍ လာမေးရန် ဖိတ်ခေါ်ကြ၏။ ထိုလူတို့က "ငါတို့ ဘုရားရှင်ကား အတုမရှိ ဉာဏ်တော် ရှိပေ၏" ဟု ဆိုကြသော် ထိုပုဏ္ဏားတို့သည် ဘုရားရှင်နှင့် ယှဉ်ပြိုင်ရန် ဝင်္ဂီသကို ဇေတဝန်ကျောင်းသို့ ခေါ်သွားကြ၏။ ဘုရားရှင်သည် ထိုအကြောင်းကို သိမြင်၍ "ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ရဟန္တာ"ပုဂ္ဂိုလ် ငါးဦးတို့၏ ဦးခေါင်းခွံတို့ကို ယူဆောင်စေပြီး အစဉ် အစဉ်အတိုင်း ထားတော်မူ၏။

ထိုပုဏ္ဏားတို့ရောက်လာကြသော် မြတ်စွာဘုရားသည် ဝင်္ဂီသအား ထိုဦးခေါင်းခွံ ငါးခု အသီးသီးကို အစဉ်အတိုင်း တီးခေါက်စေ၍ သေသူ အသီးသီးဖြစ်ရာကို ပြောဆိုစေ၏။ ရှေး ဦးခေါင်းခွံ လေးခုကို အသီးသီး တီးခေါက်၍ သေသူ၏ ဖြစ်ရာကို ပြောကြားတိုင်း ဘုရားရှင်က ဝင်္ဂီသအား ကောင်းချီး ပေးတော်မူ၏။ နောက်ဆုံး ရဟန္တာ၏ ဦးခေါင်းခွံကို ခေါက်၍ မေးသော် ဝင်္ဂီသသည် ဖြစ်ရာအရပ်ကို မသိတော့ပေ။ မြတ်စွာဘုရားက "ဝင်္ဂီသ၊ သင်မသိသလော။ ငါဘုရား သိ၏"ဟုမိန့်တော်မူ၏။ "ဤမန္တန်ကို တပည့်တော်အား ပေးသနားပါ"ဟု ဝင်္ဂီသက လျှောက်သော် "ရဟန်း မဟုတ်သူအား ပေးရန် မတတ်ကောင်း"ဟု မိန့်တော်မူ၏။ ဝင်္ဂီသသည် ပုဏ္ဏားတို့ကို ကျောင်းပြင်၌ ဆိုင်းငံ့နေစေပြီး မန္တန် သင်ယူရန် ဘုရားရှင်ထံ၌ ရဟန်းပြု၍သုံးဆယ့် နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းသော် နှစ်ရက် သုံးရက်အတွင်း ရဟန္တာ ဖြစ်လေ၏။

ထိုအခါ ပုဏ္ဏားတို့က"သင် မန္တန်သင်ပြီးပြီလော"ဟု မေးသော် ဝင်္ဂီသ မထေရ်က"သင်တို့ သွားကြလော့။ ငါသွားခြင်းငှာ မထိုက်ပြီ"ဟု ဆို၍ နှင်လေ၏။ ရဟန်းတို့သည် ထိုစကားကိုကြားလျှင် ဘုရားရှင်ထံသွား၍ "ဝင်္ဂီသ မထေရ်သည် ဤသို့ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောဆိုပါ၏"ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက"ငါ့သားတော် ဝင်္ဂီသသည်စုတိ၊ ပဋိသန္ဓေ၌ လိမ္မာသောသူ ဖြစ်လေပြီ"ဟု မိန့်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၂၀။ "သတ္တဝါတို့၏ သေခြင်း၊ ပဋိသန္ဓေ နေခြင်းကို အလုံးစုံ အားဖြင့် သိသော၊ တွယ်တာကပ်ငြိခြင်း မရှိသော၊ တရားကို ကောင်းစွာသိပြီး၍ သစ္စာလေးပါးကို သိပြီးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ'ဟု ငါဘုရား ဟော၏။

၄၂၁။ "အကြင်ပုဂ္ဂိုလ်၏လားရာဂတိကို နတ်၊ ဂန္ဓဗ္ဗနတ်၊ လူတို့သည် မသိကုန်။ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်လေပြီးသော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ' ဟု ငါဘုရား ဟော၏။"

## ၃၀၃။ ဓမ္မဒိန္နာ ထေရီမ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်။

ရာဇဂြိုဟ်ပြည်၌ 'ဝိသာခ' မည်သော ဒါယကာသည် ဘုရားရှင်၏တရားကို အကြိမ်ကြိမ်နာရ၍ အနာဂါမ်ဖြစ်လေသော် မိမိမယား 'ဓမ္မဒိန္နာ' အား "ဤအိမ်ရှိ ဥစ္စာအားလုံးကို လက်ခံသိမ်းပိုက်ပါလော့။ ယနေ့မှ စ၍ ငါသည် အမှု တစုံတရာကို မစီရင်တော့အံ့"ဟု ဆို၏။ ဓမ္မဒိန္နာက "အရှင်တို့ စွန့်ပစ်အပ်သော တံတွေးပေါက်ကို အဘယ်သူသည် လက်ခံသိမ်းပိုက် နိုင်အံ့နည်း"ဟု ဆို၍ ခွင့်တောင်းပြီး ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။ နောက် ရဟန်းမတို့နှင့်အတူ ဇနပုဒ်သို့ သွားရောက် နေထိုင်လျက် မကြာမီပင် ရဟန္တာ ဖြစ်သော် ရာဇဂြိုဟ်သို့ ပြန်လာ၏။ ဝိသာခသည် ထိုအကြောင်းကို ကြားလျှင် လာ၍ ဓမ္မဒိန္နာအားပြဿနာတို့ကို မေး၏။ အနာဂါမိ မဂ်အထိ အောက်မဂ် သုံးပါးကို အစဉ်အတိုင်း မေးမြန်းပြီး နောက် အရဟတ္တမဂ် အကြောင်းကို ဆက်၍မေးသော် ဓမ္မဒိန္နာက ဖြေကြားပြီး "ဒါယကာ၊ပြဿနာကား သင့်

အတိုင်း အတာထက် လွန်သွားပြီ။ အလိုရှိလျှင် ဘုရားရှင်ထံ သွားမေးလော့" ဟု ဆို၏။

ဝိသာခသည် သွား၍ မေးသော် မြတ်စွာဘုရားက "ငါ့သမီးတော် ဓမ္မဒိန္နာက ဤပြဿနာကို ကောင်းစွာဖြေကြားပြီးပြီ။ ငါဘုရားဖြေကြားလျှင်လည်းဤအတိုင်း ဖြေဆိုရာ၏" ဟု ဓမ္မဒိန္နာ ရဟန္တာဖြစ်ကြောင်း မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၂၂။ "အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာတို့၌ ကြောင့်ကြမှု မရှိသော၊ ကြောင့်ကြမှုမရှိ, စွဲလမ်းမှုကင်းစင်သော ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ' ဟု ငါဘုရား ဟော၏။"

## ၃၀၄။ အင်္ဂုလိမာလ မထေရ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

အသဒိသဒါန (၁၄၆)အတိုင်း။ ။ထိုအခါ ရဟန်းတို့က "ငါ့ရှင်အင်္ဂုလိမာလ၊ ထိုဆင်ကြမ်း ဆင်ဆိုးကြီးကို မြင်ရသော် သင်မကြောက်သလော" ဟု မေးကြ၏။ "မကြောက်ပါ" ဟုဆိုသော် ထိုရဟန်းတို့သည် ဘုရားရှင်အား "အင်္ဂုလိမာလသည် ဤသို့ဆို၍ ရဟန္တာဖြစ်ကြောင်း မဟုတ်မမှန် ပြောဆိုပါ၏" ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက "ရဟန်းတို့၊ မှန်ပေ၏။ ငါ့သားတော်နှင့် တူသော ရဟန်းတို့သည် မကြောက်ကုန်" ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၂၃။ "မကြောက်မရွံ့သည့် နွားလားဥသဘနှင့် တူသော၊ မြင့်မြတ်၍ လုံ့လရှိသော၊ သီလစသည့် ကျေးဇူးကို ရှာမှီးလေ့ရှိပြီး မာရ်သုံးပါးကို အောင်ပြီးသော၊ တဏှာကင်း၍ ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးသော သစ္စာလေးပါးကို သိမြင်သည့် ထိုပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ' ဟု ငါဘုရား ဟော၏။"

## ၃၀၅။ ဒေဝဟိတ ပုဏ္ဏား

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်။

တနေ့သ၌ ဘုရားရှင်သည် လေနာရောဂါစွဲကပ်သဖြင့် 'ဥပဝါဏ' မထေရ်အား 'ဒေဝဟိတ' ပုဏ္ဏားကြီးထံ စေလွှတ်၍ ရေနွေး ယူဆောင်ခိုင်း၏။ မထေရ်သည် သွား၍ ထိုအကြောင်းကို ပြောပြပြီး ရေနွေးတောင်းခံသော် ထိုပုဏ္ဏားကြီးသည် "ငါကား အရတော်ပေစွ"ဟု အလွန်နှစ်သက်ဝမ်းမြောက်ပြီး ရေနွေးကျိုး၍ တင်လဲနှင့်တကွ ယောကျ်ားတဦးကို ထမ်းခိုင်းကာ မထေရ်အား လှူလေ၏။ မထေရ်သည် ဘုရားရှင်အား ရေနွေးဖြင့် ရေချိုးပေးပြီး ရေနွေးနှင့် တင်လဲကို မွှေနှောက်ကာ တင်လဲရေကို ဆက်ကပ်၏။ ဘုရားရှင်အား လေနာရောဂါ ခဏချင်း သက်သာလေ၏။ ထိုအခါ ပုဏ္ဏားကြီးသည် လာ၍ "အဘယ်ပုဂ္ဂိုလ်အား လှူသော အလှူသည် အကျိုးကြီးမြတ်ပါသနည်း"ဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ မကောင်းမှုကို ပယ်ပြီးသော ပုဂ္ဂိုလ်အားလှူသော အလှူသည် အကျိုးကြီးမြတ်၏"ဟု မိန့်တော်မူပြီး ဂါထာဖြင့် ဤသို့ ဟောတော်မူ၏။

၄၂၄။ "အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို သိ၏။ နတ်ပြည်၊
ပြဟ္မာ့ပြည်၊ ငရဲပြည်ကိုလည်း မြင်၏။ ဇာတိကုန်ရာ အရဟတ္တဖိုလ်သို့
ရောက်၏။ ထူးသောဉာဏ်ဖြင့် သိ၍ နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်း
ဖြစ်၏။ ကိလေသာအလုံးစုံ ကုန်းကြောင်းအကျင့်ကို ကျင့်သုံးပြီးဖြစ်၏။
ထိုပုဂ္ဂိုလ်ကို 'ပြာဟ္မဏ'ဟု ငါဘုရား ဟော၏။"

ဤတရားကို ကြားနာပြီးသော် ထိုပုဏ္ဏားကြီးသည် သရဏဂုံ သုံးပါး၌ တည်၍ သီတင်းသည် ဥပါသကာ ဖြစ်လေ၏။

ဤတွင် ဓမ္မပဒ ဝတ္ထုတော် ပြီး၏။

* ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦးနှင့်တကွ မြွေခွေး၊ ဝံပုလွေ၊ ကျား၊ ခြသေ့စသော တောတွင်းပျော်တို့၏ စိတ်ဝင်စားဖွယ်ဇာတ်လမ်းများ။

* မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်နှင့်တကွ အလုပ်သမား၊ လယ်သမား၊ မင်းသမီး၊ ကချေသည်စသော မြို့ရွာ၊ နိဂုံး၊ ဇနပုဒ်၌ နေထိုင်သူတို့၏ ထူးခြားသည့် ဖြစ်ရပ်ဇာတ်လမ်းများ။

* ထိုထိုဇာတ်လမ်းများမှ စား, ဝတ်, နေ လောက စီးပွားရေး၊ ကိုယ်စိတ်ချမ်းသာရေး၊ တမလွန် ကောင်းစားရေးများအတွက် ယူတတ်သူများ အဖို့ ရနိုင်သည့် အဖိုးတန် သင်ခန်းစာများပါရှိသော–

* လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် မြန်မာတိုင်းရင်းသားတို့၏ ဘိုးဘွား စဉ်ဆက်က လက်စွဲပြုခဲ့သော ဗုဒ္ဓဖြစ်တော်စဉ် ငါးရာ့ ငါးဆယ်ဇာတ်နိပါတ်များကို အစမှ အဆုံးတိုင်အောင် အကျဉ်းချုံး၍ လွယ်ကူ ရှင်းလင်းစွာ ဖတ်ရှုနိုင်ရန် မြန်မာစကားပြေ ခေတ်အရေး ခေတ်စကားပြေများဖြင့် သီကုံးဖွဲ့ဆိုထားသည့်–

# ဇာတ်တော် ငါးရာ့ငါးဆယ်

## ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ–လန်ဒန်)

* ကလေးများအား အပျင်းပြေ ပုံပြောရန် ဖြစ်စေ၊ လိမ္မာရေးခြားရှိရန် အတွက် ဖြစ်စေ၊ လူရည်ချွန် လူရည်မွန်ကောင်း ဖြစ်ရန်အတွက် ဖြစ်စေ သားစဉ်မြေးဆက် အမွေပေးခဲ့ရမည့် အဖိုးတန် လက်ရွေးစင်စာအုပ်ကောင်းတအုပ် ဖြစ်သည်။

**နှလုံးလှ စာပေ၏ ဒုတိယအကြိမ် ပြင်ဆင် ဖြည့်စွက်ချက်ဖြင့် ခမ်းခမ်းနားနား ထွက်လာပါမည်။**

# ဓမ္မပဒ

- ယနေ့ ကျွန်ုပ်တို့သည် ဘာကို အလိုရှိနေကြသနည်း။ ဘယ်အရာကို ရှာဖွေနေကြသနည်း။ အဘယ့်ကြောင့် ရှာဖွေနေကြသနည်း။ ရှာဖွေတိုင်း အလိုရှိသလောက် ရရှိပြီလား။ ရရှိရန် မြော်လင့်ချက်ကော ရှိပြီလား။ ကျွန်ုပ်တို့ အလိုရှိသည့် အရာကို လိုချင်သလောက် အပြည့်အစုံ ရရှိနိုင်သည့် ရှာဖွေနည်းကိုကော သိထားပြီလား။ မသိသေးလျှင် သိအောင် မည်သို့မည်ပုံ လုပ်ဆောင်ရမည်နည်း။ ဤမေးခွန်းများသည် လူတိုင်း လူတိုင်းနှင့် အကျုံးဝင်လေ၏။

- ဤမေးခွန်းများအတွက် အဖြေမှန် အဖြေကောင်းကို လွယ်လွယ်ကူကူ ပေးနိုင်သည်ကား ဓမ္မပဒ ပေတည်း။

- အာရှ ဥရောပ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဓမ္မပဒကို ဘာသာပြန်၍ လေ့လာ ဆည်းပူးခဲ့ကြသည်မှာ အဘယ့်ကြောင့်များနည်း။ ဓမ္မပဒကို ဖတ်ရှုလေ့လာမိသဖြင့် အခြားဘာသာဝင်အဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းကြသည်မှာ ဘာ့ကြောင့်များနည်း။ ဤမျှ ထူးခြား၍ ကျေးဇူးများလှသော ဓမ္မပဒသည် ကျွန်ုပ်တို့၏ လက်ဝယ်သို့ ရောက်ရှိလာပြီ ဖြစ်၏။ အဘိုးအနဂ္ဃ ထိုက်တန်သည့် လောက လမ်းညွှန် ဓမ္မပဒ လမ်းညွှန် တည်းဟူသော လက်ဆောင်မွန်ကို ခွင့်သာခိုက်မှာ မရယူလိုက်လျှင် ကျွန်ုပ်တို့ အဆုံးရှုံးကြီး ဆုံးရှုံးရချေမည်။

- ဗုဒ္ဓဘာသာဆိုတာ ဘာလဲ၊ ဗုဒ္ဓဘာသာ၏ ဆွဲနှစ်သာရသည် ဘာလဲဆိုသည်ကို ကွဲကွဲပြားပြား သိလိုသော်၊ ထို့ပြင် မိမိ၏ ပတ်ဝန်းကျင်ကို ဗုဒ္ဓ နည်းကျ လမ်းညွှန်နည်းပြ ပြုလုပ်လိုသော် ဤဓမ္မပဒကျမ်းစာသည် ကျွန်ုပ်တို့၏ အားထားရာ ဖြစ်ပေသည်။ ကျွန်ုပ်တို့အတွက် ကြက်သရေ တိုးပွားစေမည့် လက်ဆောင်ကောင်းလည်း ဖြစ်ပေသည်။